ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(ဒ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်

မြန်မာဘာသာပြန်

အစောင် ၂၄

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

ခန်း	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၄]
စူရာဟ်ရုမ်ရ်
'ရုမ်ရ်' အုပ်စုများ ကဏ္ဍ

၃၉ း ၃၂ မှ ၃၉ း ၃၅ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂
၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃

၃၉ း ၃၆ မှ ၃၉ း ၄၁ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅
၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇
၅။ သံဝေဂရယူဖွယ်ရာနှင့် ဆုံးမမှု နာခံဖွယ်ရာများအကြောင်း ၇

၃၉ း ၄၂ မှ ၃၉ း ၄၅ အထိ

၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉
၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁

၃၉ း ၄၆ မှ ၃၉ း ၅၂ အထိ

၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄
၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇
၁၀။ ဒိုအာတောင်းဆု လက်ခံမှု ရရှိစေရန် ၁၇
ဆွဟာဗာကြီးများ၏ကွဲလွဲမှုနှင့်စပ်လျဉ်း၍ အရေးကြီးသောလမ်းညွှန်ချက်တစ်ခု ၁၈

၃၉ း ၅၃ မှ ၃၉ း ၆၁ အထိ

၁၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁
၁၂။ သိမှတ်ဖွယ်ရာများနှင် ဓမ္မသတ်များ ၂၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

၃၉ း ၆၂ မှ ၃၉ း ၆၇ အထိ

၁၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇
၁၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၉

၃၉ း ၆၈ မှ ၃၉ း ၇၅ အထိ

၁၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၃
၁၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၆

ဗူရောဟ်မုအ်မင်န်
အဲမာန်ယုံကြည်သူများကဏ္ဍ

၄၀ း ၁ မှ ၄၀ း ၉ အထိ

၁၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၀
၁၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၃
၁၉။ ဗူရောဟ်မုအ်မင်န်၏ထူးခြားချက်များနှင့် အကျိုးကျေးဇူးစသည်များအကြောင်း... ၄၃
၂၀။ ဒုက္ခတိုင်းမှ ကာကွယ်မှု ရရှိစေရန် ၄၄
၂၁။ ရန်သူများမှ အကာအကွယ် ၄၄
၂၂။ ထူးဆန်းသော ဖြစ်ရပ်တစ်ခုအကြောင်း ၄၄
၂၃။ စာရိတ္တပြုပြင်မှုဆိုင်ရာတွင် ဤအာယသ်တော်၏ ထိရောက်စူးရှမှုနှင့် ပြုပြင်လိုသူများအတွက် ဟဇရသ်အုမရ် ﷺ သခင်၏ ကြီးမားသော ဆုံးမလမ်းညွှန်ချက် ၄၅
၂၄။ သတိပေးနှိုးဆော်ချက် ၄၇

၄၀ း ၁၀ မှ ၄၀ း ၁၂ အထိ

၂၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၀

၄၀ း ၁၃ မှ ၄၀ း ၂၂ အထိ

၂၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၅
၂၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၄၀ း ၂၃ မှ ၄၀ း ၄၆ အထိ	
၂၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၆
၂၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၇၄
၃၀။	ဖိရ်အောင်နံမျိုးနွယ်စုမှ မုအ်မင်နံတစ်ဦးအကြောင်း	၇၄
၃၁။	‘ကဗရ်အဇားဗ်’ အကြောင်း	၈၀
	၄၀ း ၄၇ မှ ၄၀ း ၅၀ အထိ	
၃၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၁
	၄၀ း ၅၁ မှ ၄၀ း ၆၀ အထိ	
၃၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၅
၃၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၈၈
၃၅။	စစ်မှန်သော ဆုမွန်ဒိုအာနှင့် ယင်း၏ အကျိုးကျေးဇူးများ၊ အဆင့်အတန်းများ၊ လက်သင့်ခံမည့် စည်းကမ်းချက်များအကြောင်း	၉၀
၃၆။	ဒိုအာတောင်းခံခြင်း၏ ထွတ်မြတ်မှုအကျိုးများ	၉၂
၃၇။	ဒိုအာဆုမွန်ကို လက်သင့်ခံမည့် ကတိတော်အကြောင်း	၉၄
၃၈။	ဒိုအာလက်ခံမှုရရှိစေရန် စည်းကမ်းချက်များ	၉၄
	၄၀ း ၆၁ မှ ၄၀ း ၆၈ အထိ	
၃၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၇
၄၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၉
	၄၀ း ၆၉ မှ ၄၀ း ၇၈ အထိ	
၄၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၂
၄၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၅
	၄၀ း ၇၉ မှ ၄၀ း ၈၅ အထိ	
၄၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၉
၄၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၀

စူရာဟ်ဟာမီမ်စဂ်ျဒဟ်
ဟာမီမ်စဂ်ျဒဟ်ကဏ္ဍ

၄၁ း ၁ မှ ၄၁ း ၈ အထိ

၄၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၃
၄၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၅
၄၇။ တမန်တော်မြတ် ﷺ ထံတော်ပါးသို့ 'မက္ကာဟ်' မြို့ရှိ ကာဖိရ်များဘက်မှ လျှောက်ထားမှုတစ်ခု ၁၁၆
၄၈။ သွေဖည်သူများ၏ ငြင်းပယ်ခြင်းနှင့် လှောင်ပြောင်ခြင်းအပေါ် စေတမန်ဆန်သော အဖြေပေးချက် ၁၂၀
၄၉။ ကာဖိရ်များသည် အီမာန်၏ အခက်အလက် 'အမလ်' ကျင့်ဆောင်မှုများအား
၅၀။ ကျင့်ဆောင်ရန် အမိန့်ပညတ်ခြင်း ခံရပါ၏လော။ ၁၂၃

၄၁ း ၉ မှ ၄၁ း ၁၂ အထိ

၅၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၅
၅၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၇
၅၃။ မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းရာ၌ အစဉ်လိုက်နှင့် ဖန်ဆင်းသည့် ရက်များ သတ်မှတ်ခြင်း ၁၂၈

၄၁ း ၁၃ မှ ၄၁ း ၂၅ အထိ

၅၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၀
၅၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၃
၅၆။ 'ဟာရှရ်' ကွင်းပြင်တွင်လူသား၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကသက်သေပေးခြင်း ၁၄၆

၄၁ း ၂၆ မှ ၄၁ း ၂၉ အထိ

၅၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၈
၅၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၉
၅၉။ ကျမ်းတော်မြတ်ကုရ်အာန် ဖတ်ရွတ်နေသည့်အချိန်တွင် တိတ်ဆိတ်စွာနားထောင်ရန်မှာ 'ဝါဂျိဗ်' တာဝန်ဖြစ်ပြီး တိတ်ဆိတ်စွာ မနေခြင်းသည် ကာဖိရ်များ၏ ဓိဇစရိုက်ဖြစ်ခြင်း ၁၄၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၄၁ း ၃၀ မှ ၄၁ း ၃၆ အထိ	
၆၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၁
၆၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၃
၆၂။	'အစ်သေကာမသ်' (မြဲမြံစွာ ရပ်တည်ခြင်း) ၏ အဓိပ္ပာယ်	၁၅၄
	၄၁ း ၃၇ မှ ၄၁ း ၃၉ အထိ	
၆၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၈
၆၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၀
၆၅။	'အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ 'စဂ်ျဒဟ်'ပြုဦးချခြင်းမပိုင်.....	၁၆၀
	၄၁ း ၄၀ မှ ၄၁ း ၄၆ အထိ	
၆၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၄
၆၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၇
၆၈။	'ကုဖွ်ရ်'၏ သီးသန့်အမျိုးအစားတစ်ခုဖြစ်သော 'အိလ်ဟားဒ်'၏ အလိုသဘော နှင့် ပညတ်ချက်များ	၁၆၇
၆၉။	မှားယွင်းမှုတစ်ခုအား ချေပခြင်း	၁၆၉
၇၀။	ယခုမျက်မှောက်ခေတ်တွင် 'ကုဖွ်ရ်'နှင့် 'အိလ်ဟားဒ်'များ ပေါ်ပေါက်လာပုံ	၁၇၀

ပါရာ [၂၄]

စူရာဟ်ဇုမရ်
'ဇုမရ်' အုပ်စုများ ကဏ္ဍ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

فَمَنۡ اَظۡلَمُ مِمَّنۡ كَذَبَ عَلَى اللّٰهِ وَكَذَّبَ بِالصِّدۡقِ
اِذۡ جَآءَهٗ ؕ اَلَيۡسَ فِىۡ جَهَنَّمَ مَثۡوًى لِّلۡكٰفِرِيۡنَ ﴿۳۲﴾

၃၉ : ၃၂ ။ ။ စင်စစ် အကြင်သူထက်ပို၍ မတရားသောသူသည် မည်သူရှိမည်နည်း၊ ထိုသူသည် အလ္လာဟ်အသျှင်မြတ် အပေါ်၌ မုသားစကားကို ပြောဆိုခဲ့၏။ ထို့ပြင် အမှန်တရားသည် ၎င်း၏ထံသို့ ရောက်ရှိ၍ လာလေသောအခါ ၎င်းသည် ယင်းအမှန်တရားကို မဟုတ်မမှန်ဟူ၍ပင် ငြင်းပယ်ခဲ့၏။ ထို(ကဲ့သို့သော) ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ နေရာထိုင်ခင်းမှာ 'ဂျဟန္နမ်' ငရဲဘုံ၌ပင် ရှိသည် မဟုတ်လော။

وَالَّذِىۡ جَآءَ بِالصِّدۡقِ وَصَدَّقَ بِهٖۤ اُولٰٓـئِكَ هُمُ الۡمُتَّقُوۡنَ ﴿۳۳﴾

၃၉ : ၃၃ ။ ။ သို့ရာတွင် အကြင်သူသည် အမှန်တရားကို ဆောင်ယူခဲ့၏။ ထို့ပြင် ယင်းအမှန်တရားကို ဟုတ်မှန်ကြောင်း ယုံကြည်ထောက်ခံခဲ့၏။ ထိုသူတို့ပင်လျှင် 'မွတ်သကီ' ပြစ်မှုများမှ ကြဉ်ရှောင်ကြကုန်သော သူတော်ကောင်းများ ဖြစ်ကြကုန်၏။

لَهُمۡ مَّا يَشَآءُوۡنَ عِنۡدَ رَبِّهِمۡ ؕ ذٰلِكَ جَزٰٓؤُا الۡمُحۡسِنِيۡنَ ﴿۳۴﴾

၃၉ : ၃၄ ။ ။ ၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် ၎င်းတို့ အလိုရှိသမျှတို့သည် ရှိကြကုန်၏။ ဤသည် အကောင်းပြုသူ တို့၏ အကျိုးပင် (ဖြစ်၏။)

لِيُكَفِّرَ اللّٰهُ عَنْهُمْ اَسْوَاَ الَّذِيْ عَمِلُوْا وَيَجْزِيَهُمْ اَجْرَهُمْ بِاَحْسَنِ الَّذِيْ كَانُوْا يَعْمَلُوْنَ ﴿٣٥﴾

၃၉ : ၃၅ ။ ။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့မှ ထိုသူတို့ ကျင့်မူခဲ့ကြကုန်သော အဆိုးများကို ပပျောက်စေသည့်အပြင်၊ ၎င်းတို့အား ၎င်းတို့ ကျင့်မူလေ့ ရှိခဲ့ကြသော အကောင်းများ၏အစားကို (အပြည့်အစုံ) ချီးမြှင့် ပေးသနားတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထိုပြဿနာ၊ ထိုအမှုအခင်းသည် ရုံးတော်၌ ရောက်ရှိလာသောအခါ ဤသို့ ဆုံးဖြတ်ချက်ချမှတ်လိမ့်မည်။ အကြောင်းမှာ လမ်းမှားလိုက်သူများကို 'ဂျဟန္နမ်'ငရဲဘုံ၌ ပြစ်ဒဏ်ကျခံစေကာ လမ်းမှန်သူများအား ကြီးမားသော အကျိုးရလဒ် ရရှိစေမည်။ ၎င်းနောက် ထင်ရှားသည်မှာ) ထိုသူထက် ပို၍ မမျှတ (၎င်းနောက် လမ်းလွဲ) သူ မည်သူရှိမည်နည်း။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ မုသား ပြောဆိုခဲ့သည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ အခြားဂုဏ်ပြိုင်များ ရှိသည်ဟု ပြောဆိုကြသည်။) ၎င်းနောက် မှန်ကန်သော စကားကို (ဆိုလိုသည်မှာ ကျမ်းမြတ်ကုရ်အာန်ကို) အကြင်ကျမ်းမြတ်သည် ၎င်းတို့ထံ (တမန်တော်မြတ် ﷺ မှတစ်ဆင့်) ရောက်ရှိခဲ့သည်။ ထိုကျမ်းမြတ်အား ငြင်းဆိုကြသည်။ (ဤကဲ့သို့သောသူသည် ကြီးမားသော 'ဇွာလင်မ်'ဖြစ်သည်မှာ ထင်ရှားနေပေသည်။ ထို 'ဇူလုမ်' ကြောင့် ကြီးမားသော 'အဇာဗ်'အပြစ်ဒဏ်အား ထိုက်တန်သူဖြစ်ကြောင်းလည်း ထင်ရှားလှပေသည်။ ၎င်းနောက် ကြီးမားသော ပြစ်ဒဏ်ဟူသည်မှာ 'ဂျဟန္နမ်' ပင် ဖြစ်သည်။ သို့ရှိရာ 'ကေယာမသ်'နေ့၌) ထို 'ဂျဟန္နမ်'တွင် ဤကဲ့သို့သော ကာဖိရ်များအတွက် နေရာစခန်းမရှိဘဲ နေပါမည်လော။ (ဤဆုံးဖြတ်ချက်သည် လမ်းမှားသူများအတွက် ဖြစ်သည်။) ၎င်းနောက် (ထိုသူများနှင့် ဆန့်ကျင်ဘက်) အကြင်သူတို့သည် မှန်ကန်သော စကားအား (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ (သို့) တမန်တော် ﷺ ၏ ဘက်တော်မှ လူတို့ထံသို့) ယူဆောင်လာကြသည်၊ ၎င်းနောက် (ထိုသူတို့ကိုယ်တိုင်လည်း) ထိုစကားကို မှန်ကန်ကြောင်း လက်ခံကြသည်။ (ဆိုလိုသည်မှာ ၎င်းတို့သည် မှန်ကန်သည်ဟု လက်ခံသူများဖြစ်သည့်အပြင် မှန်ကန်မှုကို ထောက်ခံသူများလည်း ဖြစ်ကြသည်။ ပထမပုဂ္ဂိုလ်တို့သည် မုသားစကားဟု ထင်မြင်သူများ ဖြစ်သည့်အပြင် လိမ်လည်မှုကို ထောက်ခံသူများလည်း ဖြစ်ကြသကဲ့သို့ပင် ဖြစ်သည်။) ဤသူတို့သည် ရှောင်ကြဉ်မှုတရား ထားရှိသူများ ဖြစ်ကြသည်။ (၎င်းတို့နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်မှာ) ၎င်းတို့အလိုရှိသမျှ အရာအားလုံးသည် မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်ဝယ် အသင့်ရှိနေလိမ့်မည်။ ဤသည် မွန်မြတ်သူများအတွက် အစားပေးခြင်းပင် ဖြစ်သည်။ (၎င်းနောက် ဤအစားပေးခြင်းသည် ၎င်းတို့အတွက် အဘယ်ကြောင့် ရွေးချယ်ရသည်ဆိုသော်) သို့မှသာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မကောင်းမှုဒုစရိုက်များမှ ကင်းဝေးစေကာ ကောင်းမှုများအစား အကျိုးစဝါးဗ်များ ချီးမြှင့်နိုင်မည်ဖြစ်သည်။

အမိန့်ပွဲဝင်ရာများနှင့် မေးသတ်များ

اَلَّذِىْ جَآءَ بِالصِّدْقِ ၄င့် كَذَّبَ بِالصِّدْقِ

ဤစာသားများတွင် **صدق** ဟူသော စာသား၏ အလိုသဘောမှာ တမန်တော်မြတ် ﷺ ယူဆောင်လာသော ညွှန်ကြားချက်များဖြစ်သည်။ ထိုသွန်သင်ညွှန်ကြားချက်များသည် ကုရ်အာန်ဖြစ်စေ၊ ၎င်းပြင် ကုရ်အာန်ကျမ်းတော်မြတ်အပြင် အခြားသော သွန်သင်ညွှန်ကြား လမ်းညွှန်ထားသော ဟဒီးစ်တော်များ ဖြစ်စေ အားလုံးအကျုံးဝင်သည်။ ၎င်းနောက် ﺑﻪ **صَدَّقَ** ဟူသော စာသားတွင် ယင်းကို ထောက်ခံသော အီမာန်ရှင်များအားလုံး ပါဝင်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَلَيْسَ اللّٰهُ بِكَافٍ عَبْدَهٗ ۖ وَيُخَوِّفُوْنَكَ
بِالَّذِيْنَ مِنْ دُوْنِهٖ ۚ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ﴿٣٦﴾

၃၉ : ၃၆ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန် (နဗီတမန်တော်မုဟမ္မဒ်) အဖို့ လုံလောက်တော်မူသည် မဟုတ်ပါလော။ သို့ဖြစ်လင့်ကစား(အို၊ နဗီတမန်တော်) ၎င်းတို့သည် အသင့်အား အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားသော (မုရှ်ရစ်က်တို့၏ ကိုးကွယ်ရာ) သူတို့ဖြင့် ခြိမ်းခြောက်၍ နေကြကုန်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြင်သူအား လမ်းမှား၌ပင် ရှိစေတော်မူပါလျှင် ထိုသူအား တရားလမ်းမှန်သို့ ပို့ဆောင်မည်ဖြစ်သောသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိတော့ပြီ။

وَمَنْ يَّهْدِ اللّٰهُ فَمَا لَهٗ مِنْ مُّضِلٍّ ۗ اَلَيْسَ اللّٰهُ بِعَزِيْزٍ ذِى انْتِقَامٍ ﴿٣٧﴾

၃၉ : ၃၇ ။ ။ ထိုနည်းတူစွာ အကြင်သူအား အလ္လာဟ်အသျှင်မြတ်သည် တရားလမ်းမှန်သို့ ပို့ပေးတော်မူပါလျှင် ထိုသူအား လမ်းမှားစေအံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ပြီ။ အလ္လာဟ်အသျှင်မြတ်သည် လွန်စွာနိုင်နင်း လွှမ်းမိုးတော်မူသောအသျှင်၊ လက်စားချေတော်မူသော အသျှင်၊ ဖြစ်တော်မူသည် မဟုတ်ပါလော။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ
وَالْاَرْضَ لَيَقُوْلُنَّ اللّٰهُ ۗ قُلْ اَفَرَءَيْتُمْ مَّا تَدْعُوْنَ
مِنْ دُوْنِ اللّٰهِ اِنْ اَرَادَنِيَ اللّٰهُ بِضُرٍّ هَلْ هُنَّ كٰشِفٰتُ

ضُرِّهِۦٓ أَوْ أَرَادَنِى بِرَحْمَةٍ هَلْ هُنَّ مُمْسِكَٰتُ رَحْمَتِهِۦ ۚ قُلْ
حَسْبِىَ ٱللَّهُ ۖ عَلَيْهِ يَتَوَكَّلُ ٱلْمُتَوَكِّلُونَ ﴿٣٨﴾

၃၉ : ၃၈ ။ ။ စင်စစ် (အို, နဗီတမန်တော်) အသင်သည် အကယ်၍ ထိုသူတို့အား မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း မည်သူ ဖန်ဆင်းခဲ့သနည်းဟု မေးမြန်းခဲ့ပါမူ၊ မလွဲဧကန် ၎င်းတို့က အလ္လာဟ်အသျှင်မြတ် (ဖန်ဆင်းတော်မူခဲ့သည်) ဟူ၍ပင် ပြော (ဆိုဖြေ) ကြားကြပေမည်။ အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) သို့ဖြစ်လျှင် အသင်တို့သည် (ငါ့အား) ပြောကြလေကုန်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ငါ့အား တစ်စုံတစ်ရာ ဘေးဒုက္ခပေးလိုတော်မူခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ်တသလျက် ရှိကြသည်တို့က ထိုအသျှင်မြတ် သက်ရောက်စေတော်မူသော ဘေးဒုက္ခကို ဖယ်ရှားပေးနိုင်ကြမည်လော။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် ငါ့အား ကရုဏာတစ်စုံတစ်ရာ ပြုလိုတော်မူခဲ့ပါလျှင် ၎င်းတို့သည် ထိုအသျှင်မြတ်၏ ကရုဏာတော်ကို တားဆီးနိုင်ကြမည်လော။ (အို, နဗီတမန်တော်၊) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) 'အလ္လာဟ်အသျှင်မြတ်သည်ပင် ငါ၏အဖို့ လုံလောက်တော်မူ၏။ ယုံပုံလွှဲအပ်သူတို့သည် (မိမိတို့၏ အမှုကိစ္စ အဝဝတို့ကို) ထိုအရှင်မြတ်အပေါ်၌ပင် ယုံပုံလွှဲအပ်ကြကုန်၏။'

قُلْ يَٰقَوْمِ ٱعْمَلُوا۟ عَلَىٰ مَكَانَتِكُمْ إِنِّى عَٰمِلٌ ۖ فَسَوْفَ تَعْلَمُونَ ﴿٣٩﴾

၃၉ : ၃၉ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် မိမိတို့၏ (လက်ရှိ) အခြေအနေအတိုင်းပင် (ဆက်လက်၍) ကျင့်မူလျက် ရှိကြလေကုန်။ ငါသည်လည်း (မိမိ လက်ရှိအခြေအနေအတိုင်း) ကျင့်မူလျက်ပင် ရှိနေမည်။ မကြာမြင့်မီပင် အသင်တို့သည် သိရှိကြပေမည်။

مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيمٌ ﴿٤٠﴾

၃၉ : ၄၀ ။ ။ (ဤပစ္စုပ္ပန်မျက်မှောက်တွင်) မည်သူ၏ထံသို့ ၎င်းအား ဂုဏ်ရည်သေးသိမ်စေသော ပြစ်ဒဏ် ရောက်ရှိလာ၍ (နောင်တမလွန်ဘဝတွင်) မည်သူ၏အပေါ်၌ ထာဝစဉ် တည်ရှိနေမည်ဖြစ်သော ပြစ်ဒဏ်သက်ရောက်မည်ကို (သိရှိကြပေလိမ့်မည်။)

فَلِنَفْسِهِۦ ۖ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا ۖ وَمَآ أَنتَ عَلَيْهِم بِوَكِيلٍ ﴿٤١﴾

၃၉ : ၄၁ ။ ။ (အို, နဗီတမန်တော်) ဧကန်အမှန် ငါအသျှင်မြတ်သည် အသင့်အပေါ် (ဤကုရ်အာန်) ကျမ်းတော်မြတ်ကို လူတို့အကျိုးငှာ တိကျမှန်ကန်စွာ ချပေးသနားတော်မူခဲ့၏။ သို့ဖြစ်ပေရာ မည်သူမဆို တရားလမ်းမှန်ကို ရယူခဲ့လျှင် (ယင်းတရားလမ်းမှန် ရရှိခြင်း၏ အကျိုးမှာ) ၎င်း၏အဖို့ ဖြစ်ပေမည်။ ထိုနည်းတူစွာ မည်သူမဆို လမ်းလွဲခဲ့မူ၊ (ယင်းလမ်းလွဲမှု၏ ဆုံးရှုံးမှုမှာလည်း) ထိုသူ၏အပေါ်၌သာလျှင် ကျရောက်ပေမည်။ စင်စစ် အသင်သည် ၎င်းတို့အပေါ်၌တာဝန် ရှိသူအဖြစ် (စေလွှတ်ခြင်းခံခဲ့ရသည်) မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဗန္ဒာဟ် (အထူးသဖြင့် မိုဟမ္မဒ် ﷺ) အား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မလုံလောက်ပါသလော။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ရန် လုံလောက်သည်ဆိုပါက မိမိ၏ အချစ်တော် အထူးဗန္ဒာဟ်အတွက် အဘယ်ကြောင့် မလုံလောက်ရမည်နည်း။) ၎င်းနောက် ဤသူတို့သည် (ဤသို့ အသိဉာဏ် ကင်းမဲ့ကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုအား မသိနားမလည်စွာဖြင့်) အသင်တမန်တော်အား ထို (အတုအယောင်ကိုးကွယ်ရာများ) နှင့် ခြိမ်းခြောက်ကြသည်။ ထိုအရာများအား အလ္လာဟ်အသျှင်မြတ်မှအပ (၎င်းတို့ ရွေးချယ်ကိုးကွယ်လျက်) ရှိကြသည်။ (အမှန်စင်စစ် ထိုအတုအယောင်များကိုယ်တိုင်ပင် အသက်ဝိဉာဉ် ကင်းမဲ့ကာ မတတ်စွမ်းနိုင်ကြပေ။ အကယ်၍ တတ်စွမ်းနိုင်မည်ဆိုလျှင်လည်း အလ္လာဟ်အသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ယှဉ်ပြိုင်ကာ မတတ်စွမ်းနိုင်သူများသာ ဖြစ်ကြမည်။) ၎င်းနောက် (စစ်မှန်သော စကားမှာ) အကြင်သူအား အလ္လာဟ်အသျှင်မြတ်က လမ်းလွဲစေလိုက်လျှင် ထိုသူအား မည်သူမျှ လမ်းပြနိုင်မည်မဟုတ်။ ၎င်းနောက် အကြင်သူအား အလ္လာဟ်အသျှင်မြတ်က လမ်းပြလိုက်ပါက ထိုသူအား မည်သူမှ လမ်းလွဲစေနိုင်မည်မဟုတ်။ (ရှေ့တွင် ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူသော 'ကုဒ်ရသ်'တန်ခိုးတော်များအကြောင်း တင်ပြကာ ၎င်းတို့၏ အသိဉာဏ်ကင်းမဲ့မှုကို ပေါ်လွင်စေသည်။)

အလ္လာဟ်အသျှင်မြတ်သည် (၎င်းတို့ထံ၌ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ ပြင်းထန်စွာ လက်စားချေနိုင်တော်မူသော အသျှင်မြတ် မဟုတ်လေသလော။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မတော်မူသော ဂုဏ်တော်သည်လည်း ပြီးပြည့်စုံမှု ရှိသည်။ ၎င်းနောက် အသျှင်မြတ်၏ ဗန္ဒာဟ်ကျေးကျွန်၏ စောင်မခြင်းအား ခံယူထိုက်မှုသည် လည်း ပြီးပြည့်စုံလျက်ရှိသည်။ ၎င်းနောက် အတုအယောင် ကိုးကွယ်ရာများ၏ တတ်စွမ်းနိုင်မှုများနှင့် ကူညီစောင်မမှုများသည်လည်း အစွမ်းမထက်နိုင်ကြောင်းမှာ ပေါ်လွင်နေပြီးနောက် အသင်တမန်တော်အား ထိုအရာများဖြင့် ခြိမ်းခြောက်ခြင်းသည် အသိဉာဏ်ကင်းမဲ့မှုမှအပ အခြားမရှိနိုင်ပေ။) ၎င်းနောက် (အံ့သြဖွယ်ရာကောင်းသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူသော 'ကုဒ်ရသ်'တန်ခိုးတော်များနှင့် ကူညီစောင်မတော်မူသည် ကိစ္စရပ်များကို ၎င်းတို့လည်း လက်ခံကြသည်။ ပမာဆိုရသော်) အကယ်၍ အသင်တမန်တော်သည် ၎င်းတို့အား မိုးနှင့် မြေကို မည်သူ ဖန်ဆင်းသနည်းဟု မေးမြန်းမည်ဆိုပါက အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းသည်ဟုသာ ပြောဆိုကြပေလိမ့်မည်။ (ထို့ကြောင့်) အသင်တမန်တော် (၎င်းတို့အား) ပြောကြားပါလေ။ အကြောင်းမှာ (အသင်တို့သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းသာလျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့ကြောင်း အသင်တို့ လက်ခံလျှင်) အသင်တို့ တင်ပြကြလော။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်မည်ဆိုပါက အသျှင်မြတ်မှအပ အသင်တို့ ကိုးကွယ်လျက်ရှိကြသော အခြားကိုးကွယ်ရာများ

သည် ထိုဒုက္ခမှ ကင်းဝေးစေနိုင်မည်လော။ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်က ကျွန်ုပ်အပေါ် တစ်စုံတစ်ရာ ချီးမြှင့်မည်ဆိုပါက ထိုကိုးကွယ်ရာများသည် ဤချီးမြှင့်မှုကို တားဆီးနိုင်မည်လော။ (ဆက်လက်၍ မိန့်တော်မူသည်မှာ တင်ပြပါ စကားရပ်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'ကုဒ်ရသ်'တန်ခိုးတော်သည် ပြီးပြည့်စုံတော်မူကြောင်း ပေါ်လွင်သွားပါက) အသင်တမန်တော် ပြောကြားပါလေ။ အကြောင်းမှာ (ငါကိုယ်တော်အတွက် အလ္လာဟ်အသျှင်မြတ်သည်ပင် လုံလောက်သည်မှာ ပေါ်လွင်သွားပြီး ဖြစ်သည်။) အားထားကြသူများသည် ထိုအသျှင်မြတ်ကိုသာ အားကိုးအားထားကြသည်။ (ထို့ကြောင့် ကျွန်ုပ်သည်လည်း ထိုအသျှင်မြတ်အပေါ်၌သာ အားကိုးအားထားမှု ပြုသည်။ ၎င်းနောက် အသင်တို့၏ အတိုက်အခံပြုမှုနှင့် ရန်ငြိုးထားမှုကိုလည်း မည်သို့မှ မမှုပေ။ ၎င်းနောက် ထိုသူတို့သည် ဤစကားရပ်များကို ကြားနာပြီးသည့်နောက်တွင်လည်း မိမိတို့၏ မှားယွင်းသော အယူအဆများအပေါ် မားမားမတ်မတ် ရပ်တည်နေကြသောကြောင့် ကိုယ်တော်မြတ် ﷺ အား နောက်ဆုံးအနေဖြင့် သွန်သင်ညွှန်ကြားတော်မူသည်မှာ) အသင်နဗီတမန်တော် (၎င်းတို့ကို) ပြောကြားပါလေ။

(အကယ်၍ ဤမျှ ပြောဆိုသည့်တိုင် အသင်တို့ လက်မခံခဲ့သော် အသင်တို့နှင့်သာ သက်ဆိုင်ပေသည်။) အသင်တို့လည်း မိမိတို့၏ လက်ရှိအခြေအနေအတိုင်း ကျင့်ဆောင်မှုပြုလော့။ ငါကိုယ်တော်သည်လည်း (မိမိပုံစံဖြင့်) ကျင့်ဆောင်မှု ပြုနေသည်။ (ဆိုလိုသည်မှာ အသင်တို့ မှားယွင်းသော နည်းလမ်းကို စွန့်လွှတ်ခဲ့ခြင်းမရှိရာ ငါကိုယ်တော်သည် မိမိ၏ မှန်ကန်သော နည်းလမ်းကို အဘယ်ကြောင့် စွန့်လွှတ်ရမည်နည်း။) သို့ရှိရာ အသင်တမန်တော် များမကြာမီ (လောက၌) မည်သူများအပေါ် သေးသိမ်စေမည့် 'အဇာဗ်'ကျရောက်လာမည်ကို သိရှိရပေမည်။ ထို့ပြင် (သေပြီးနောက်) ထိုသူများအပေါ် အမြဲတစေ 'အဇာဗ်'များ ကျရောက်နေမည်ဖြစ်သည်။ (သို့ရှိရာ ဒွန္နယာလောကတွင်မူ 'ဗဒရ်'စစ်ပွဲ၌ မွတ်စ္စလင်မ်များ၏ လက်များဖြင့် ၎င်းတို့အား အပြစ်ပေးခြင်း ခံခဲ့ရပြီး တမလွန်၌လည်း အမြဲတစေ 'အဇာဗ်'အပြစ်ဒဏ် ခံရမည်ဖြစ်သည်။ ဤအာယသ်တော်အထိ နဗီတမန်တော်မြတ် ﷺ ကို ဆန့်ကျင်သူများ၏ ရန်ကို စိုးရိမ်နေခြင်းမှ ဖြေသိမ့်ခဲ့သည်။ ရှေ့အာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ သည် အခြားသော ကာဖိရ်များနှင့် လူအများအပေါ် ချစ်စိတ်လွှမ်း၍ ၎င်းတို့၏ ငြင်းဆန်မှုဖြင့် ပူဆွေးသောက ရောက်နေခဲ့ရာ ဖြေသိမ့်ထားပေသည်။) ငါအလ္လာဟ်အသျှင်မြတ်သည် ဤ ကျမ်းဂန်ကို လူအများ (အကျိုးဖြစ်စေရန်အလို့ငှာ) အသင်ကိုယ်တော့်အပေါ် ချပေးသနားတော်မူခဲ့သည်။ ယင်းကျမ်းဂန်သည် အမှန်တရားတိုင်းကို ယူဆောင်လာပေသည်။ (သို့ရှိရာ အသင်တမန်တော်အတွက် ယင်းကျမ်းဂန်ကို ပို့ချရန်သာဖြစ်သည်။ တစ်ဖန်) အကြင်သူသည် လမ်းမှန်ကို လျှောက်လှမ်းပါမူ ၎င်းအတွက်သာ အကျိုး ဖြစ်ထွန်းပေမည်။ ထို့ပြင် အကြင်သူသည် လမ်းမှန်ကို စွန့်၍ လမ်းမှားကို ရောက်ရှိသွားသော် ၎င်း၏ လမ်းမှားခြင်းသည် ၎င်း၏ တာဝန်သာ ဖြစ်မည်။ ထို့ပြင် ၎င်းသူနှင့် ပတ်သက်ပြီး အသင်တမန်တော်အပေါ် (ဤကဲ့သို့) တာဝန်မရှိပေ။ (ဆိုလိုသည်မှာ ၎င်းသူ လမ်းမှားသွားခြင်းနှင့် ပတ်သက်ပြီး အသင်တမန်တော်ကို မေးမြန်းမည်မဟုတ်ရာ အသင် အဘယ်ကြောင့် ယင်းတို့၏ လမ်းမှားမှုနှင့် ပတ်သက်ပြီး သောကရောက်နေရသနည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

أَلَيْسَ اللّٰهُ بِكَافٍ عَبْدَهُ

ဤအာယဟသ်တော် ကျရောက်လာခြင်း၏ အကြောင်းခံမှာ ကာဖိရ်များသည် ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာများကို ခြိမ်းခြောက်လေ့ရှိသည်။ 'အဘယ်ကြောင့်ဆိုသော် အကယ်၍ အသင်တမန်တော်သည် ကျွန်ုပ်တို့ ကိုးကွယ်သည့် ရုပ်တုများနှင့် ပတ်သက်ပြီး မရိုမသေပြုခဲ့သည်ရှိသော် အလွန်ပင် ပြင်းထန်သည့် ဆိုးကျိုးသက်ရောက်မည်ဖြစ်ရာ အသင် လွတ်မြောက်နိုင်မဟုတ်ပေ။' ၎င်းတို့ကို အဖြေပေး မိန့်ဆိုထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိဗန္ဒာဟ်များအတွက် မလုံလောက်သလော'ဟု ဖြစ်သည်။

ထို့ကြောင့် အချို့အကျယ်ဖွင့်ပညာရှင်များက မိန့်ဆိုသည်မှာ ဤနေရာတွင် ဗန္ဒာဟ် ဟုဆိုရာ သီးသန့်ဗန္ဒာဟ်ဖြစ်သော ကိုယ်တော်မြတ် ﷺ ကိုသာ ဆိုလိုပေသည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် တွင်လည်း ယင်းကိုပင် ရေးသားခဲ့သည်။ ထို့ပြင် အချို့သော အကျယ်ဖွင့် ပညာရှင်များက 'ဗန္ဒာဟ်'၏ အလိုသဘောကို 'အများလူတန်းစားအားလုံး'ဟု ပြောဆိုကြသည်။ ဤအာယဟသ်တော်၏ အခြား 'ကေရာအသ်' (ဖတ်ရွတ်မှုပုံစံ) တွင် လာရှိထားသည့် **عِبَادَهُ** ဟူသော စာလုံးသည် ယင်းကို လေးနက်မှုဖြစ်စေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် 'ဗန္ဒာဟ်'တိုင်းအတွက် လုံလောက်သည်ဟူသော စာသားသည် ရှင်းလင်းသည်။

သံဝေဂရယူဖွယ်ရာနှင့် ဆုံးမမှု နာခံဖွယ်ရာများအကြောင်း

وَ يُخَوِّفُوْنَكَ بِالَّذِيْنَ مِنْ دُوْنِهِ

ဆိုလိုသည်မှာ ကာဖိရ်များသည် မိမိတို့ ကိုးကွယ်ဆည်းကပ်ကြသော ဘုရားတုများ၏ အမျက်ရှခြင်းမှ ကိုယ်တော်မြတ် ﷺ ကို ခြိမ်းခြောက်လေ့ရှိသည်။ ဤအာယဟသ်တော်ကို ဖတ်ရွတ်သောသူ အများစုသည် ၎င်းကို သီးသန့်အကြောင်းအရာတစ်ခုကို တင်ပြထားသည်ဟူ၍သာလည်းကောင်း၊ ကာဖိရ်များ၏ ခြိမ်းခြောက်ခြင်းနှင့် ကိုယ်တော်မြတ် ﷺ နှင့်သာ ပတ်သက်သည်ဟူ၍သာလည်းကောင်း ထင်မြင်ကာ ဖတ်သွားကြသည်။ သို့သော် ဤအာယဟသ်တော်တွင် ကျွန်ုပ်တို့အဖို့ မည်သည့်လမ်းညွှန်ချက် ရှိသည်ကို ဂရုမမူကြပေ။ သို့ရှိရာ ရှင်းလင်းနေသည့် အချက်မှာ အကြင်မည်သူမဆို မွတ်စ္စလင်မ်တစ်ဦးအား အသင်ဤ 'ဟရာမ်'လုပ်ငန်း (သို့) မကောင်းမှု အကုသိုလ် မပြုလုပ်လျှင် အသင်တို့ လိုလားသော ခေါင်းဆောင်သည် အသင့်အား စိတ်ဆိုးကာ ဒုက္ခပေးမည်ဖြစ်သည်ဟု ခြိမ်းခြောက်ခြင်းသည်လည်း ဤအာယဟသ်တော်၏ အမိန့်တွင် ပါဝင်ပေသည်။ ခြောက်သောသူနှင့် အခြောက်ခံရသူ နှစ်ဦးစလုံး မွတ်စ္စလင်မ်များဖြစ်လင့်ကစား ဤအမိန့်တွင် အကျုံးဝင်ပေသည်။ ထို့ပြင် ဤအချက်တွင် လူအများ နစ်မွန်းနေကြပေသည်။ အဘယ်ကြောင့်ဆိုသော် လောကတွင် ဤအချက်ကိုမူ များသောအားဖြင့် ဝန်ထမ်းအလုပ်သမားများ ကြုံတွေ့ရသည်။

(ဆိုလိုသည်မှာ အသျှင်မြတ်၏ အမိန့်တော်များကို ဖီဆန်ရန် အသင့်ဖြစ်ရမည်လော။ သို့မဟုတ် မိမိတို့၏ ခေါင်းဆောင်ပေးသော အပြစ်ဒဏ်ကို ခံယူရမည်လော။) ၎င်းတို့ကို ဤအာယသ်တော်က ညွှန်ကြားနေသည်မှာ အသင်တို့အဖို့ အလ္လာဟ်အသျှင်မြတ်သည် မလုံလောက်လေသလော။ အသင်သည် အသျှင်မြတ်အတွက် သာလျှင် သီးသန့် 'ဂိုနာဟ်' (အကုသိုလ်) ကျူးလွန်ရန် ရည်ရွယ်ခြင်းမှ ရှောင်ကြဉ်ခဲ့ပြီး အသျှင်မြတ်၏ အမိန့်တော်နှင့် ဆန့်ကျင်နေသည့် မည်သည့်ခေါင်းဆောင်ကိုမှ အရေးတယူ မပြုခဲ့ပေ။ သို့ရှိရာ အလ္လာဟ် အသျှင်မြတ်၏ အကူအညီသည် အသင်တို့နှင့်အတူ ရှိပေမည်။ အများဆုံး အလုပ်ပြုတ်ရုံမှလွဲ၍ ကြီးမားသော ဆုံးရှုံးမှုမရှိပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်၏ စားဝတ်နေရေးအတွက်မှု အခြားနည်းလမ်းကို စီစဉ်ပေးလိမ့်မည်ဖြစ်သည်။ ထို့ပြင် မွတ်စလင်မ်များအတွက်မူ ဤကဲ့သို့သော အလုပ်မျိုးကို စွန့်လွှတ်ရန် ကိုယ်တိုင် ကြိုးစားနေရမည်ဖြစ်ပြီး အခြားသင့်လျော်သည့် လုပ်ငန်းတစ်ခု ရှာဖွေ၍ ယင်းကို အမြန်ဆုံး စွန့်လွှတ်သင့်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اَللّٰهُ يَتَوَفَّى الْاَنْفُسَ حِيْنَ مَوْتِهَا وَالَّتِيْ لَمْ
تَمُتْ فِيْ مَنَامِهَا ۚ فَيُمْسِكُ الَّتِيْ قَضٰى عَلَيْهَا الْمَوْتَ وَ
يُرْسِلُ الْاُخْرٰٓى اِلٰٓى اَجَلٍ مُّسَمًّى ۗ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ
يَّتَفَكَّرُوْنَ ﴿٤٢﴾

၃၉ : ၄၂ ။ ။ အလ္လာဟ်အသျှင်မြတ်သည်ပင် (သေဆုံးရန် အချိန်ရောက်သော) အသက်ဇီဝိန်များကို ၎င်းတို့ သေဆုံးချိန်၌ နှုတ်သိမ်းတော်မူ၏။ ထိုနည်းတူစွာ သေဆုံးရန် အချိန်မရောက်သေးသော အသက်ဇီဝိန်များကိုလည်း ၎င်းတို့အိပ်စက်ရာ၌ (နှုတ်သိမ်းတော်မူ၏)။ ထို့နောက် သေဆုံးရန် စီရင်ဆုံးဖြတ်တော်မူ (ပြီးဖြစ်) သော အသက်ဇီဝိန်များကို ထိုအသျှင်မြတ်သည် တားဆီး၍ ထားတော်မူ၏။ သို့ရာတွင် ကျန်အသက်ဇီဝိန်တို့ကိုမူ ထိုအသျှင်မြတ်သည် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် လွှတ်ထားတော်မူ၏။ ဧကန်မလွဲ ဤသည်တွင် စဉ်းစားဆင်ခြင်ကြကုန်သော အမျိုးသားတို့အဖို့ သက်သေလက္ခဏာရပ်များသည် အမှန်ပင် ရှိကြပေသတည်း။

[လူတိုင်း၌ 'နဖ်စ်' နှစ်ခုရှိသည်။ (၁) (နဖ်စုလ်ဟယာတ်) ရှင်သန်စေသောအသက်၊ ၎င်းသည် သေဆုံးသည့်အခါ ဤအသက် သည် ထွက်ခွာသွားသည်။ ဤအသက် ထွက်ခွာသွားသည့်အခါ လူသည် သေကြေပျက်စီးသွားလေသည်။ (၂) (နဖ်စုလ်တာမ်ယီဇ်) ခွဲခြားသိမြင်စေသော ဝိညာဉ်၊ ဤဝိညာဉ်သည် လူအိပ်စက်နေချိန်တွင် လူနှင့် ကင်းကွာနေသည်။ အိပ်စက်ရာမှ နိုးထလာသော အခါ ဤဝိညာဉ်သည် ပြန်လည်ရောက်ရှိလာသည်။]

أَمِ اتَّخَذُوا مِن دُونِ اللَّهِ شُفَعَاءَ ۚ قُلْ
أَوَلَوْ كَانُوا لَا يَمْلِكُونَ شَيْئًا وَلَا يَعْقِلُونَ ﴿٤٣﴾

၃၉ : ၄၃ ။ ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အပြင် သူတစ်ပါးတို့အား ကြားဝင် အသနားခံပေးအံ့သောသူများ ပြုလုပ် သတ်မှတ်ခဲ့ကြလေသလော။ (အို၊ နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား ပြောဆို (မေးမြန်း) ပါလေ။ (အချင်းတို့) ၎င်းတို့သည် မည်သည့် တစ်စုံတစ်ရာကိုမျှ ပိုင်ဆိုင်ခြင်း မရှိကြသည့်အပြင် မည်သည့်တစ်စုံတစ်ရာကိုမျှ မသိနားမလည်ကြသော်လည်း (ကြားဝင် အသနားခံ၍ ပေးနိုင်ကြမည်လော။)

قُل لِّلَّهِ الشَّفَاعَةُ جَمِيعًا ۖ لَّهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۖ ثُمَّ إِلَيْهِ تُرْجَعُونَ ﴿٤٤﴾

၃၉ : ၄၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ကြားဝင် အသနားခံမှု အာဏာအလုံးစုံကား အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် လည်းကောင်း၊ ပထဝီမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်းကောင်း ထိုအသျှင်မြတ်၌သာ ရှိ၏။ ထို့နောက် အသင်တို့သည် ထိုအသျှင်မြတ်အထံတော်သို့သာလျှင် ပြန်ကြရပေမည်။

وَإِذَا ذُكِرَ اللَّهُ وَحْدَهُ اشْمَأَزَّتْ قُلُوبُ الَّذِينَ
لَا يُؤْمِنُونَ بِالْآخِرَةِ ۖ وَإِذَا ذُكِرَ الَّذِينَ مِن دُونِهِ إِذَا هُمْ يَسْتَبْشِرُونَ ﴿٤٥﴾

၃၉ : ၄၅ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ် တစ်ဆူတည်းသာလျှင် အောက်မေ့တသ သတိရခြင်းကို ခံရတော်မူသော အခါ 'အာခိရတ်'တမလွန်ဘဝကို သက်ဝင်ယုံကြည်ခြင်းမရှိကြသော (ကာဖိရ်၊ မုရှ်ရစ်က်ဖြစ်သည့်) သူတို့၏ စိတ်နှလုံးများ သည် စက်ဆုပ်ကြကုန်၏။ သို့ရာတွင် ထိုအသျှင်မြတ်မှတစ်ပါး အခြားသူများ (ဖြစ်သည့် အချည်းနှီးသော ကိုးကွယ်ရာများကို) အောက်မေ့တသ သတိရခြင်း ခံကြရသောအခါ၌မူကား ၎င်း (ကာဖိရ်မုရှ်ရစ်က်) တို့ သည် ရုတ်တရက် ဝမ်းမြောက်သွား ကြကုန်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သာလျှင် အသက်ဇီဝိန်ကို ရုပ်သိမ်းပါမူ (ဆိုလိုသည်မှာ လောကကြီးမှ အနားပေး) ပြုတော်မူသော အသျှင်မြတ်သည် ယင်းသတ္တဝါများကို (သေဆုံးချိန် ဆိုက်ရောက်လာသောအခါ) ၎င်းတို့၏ သေဆုံးချိန်၌ (သက်တမ်း လုံးဝ ကုန်ဆုံးချိန်အထိ ပြည့်ဝစေမည်ဖြစ်သည်။) ထို့ပြင် ယင်းသတ္တဝါများကိုလည်း အိပ်နေစဉ် သေခြင်းတရား မဆိုက်ရောက်ခဲ့ချေ။ (ဤကဲ့သို့ ဝိညာဉ်နားသွားခြင်းသည် ခြုံငုံ၍ မဟုတ်ဘဲ တစ်ဖက်မှကြည့်သော် အသက်ရှိနေသည်။ သို့သော် ဝီရိယအသိတရား မရှိပေ။ ထို့ပြင်

သေဆုံးနေသည့် ပုံစံတွင် အသက်မရှိသကဲ့သို့ ဝိရိယလည်း မရှိပေ။) ထို့ပြင် (ဤသို့ အနားပေးပြီးသည့်နောက်) ယင်းသတ္တဝါများကိုမူ ဝိညာဉ်သည် ခန္ဓာကိုယ်သို့ ပြန်မလာစေဘဲ) သေဆုံးရန် အမိန့် သတ်မှတ်ပြီးသောကြောင့် တားမြစ်ထားတော်မူသည်။ ထို့ပြင် ကျန်ရှိသတ္တဝါများကို (အိပ်စက်ခြင်းကြောင့် ဝိညာဉ် အနားပေးခဲ့ရာ ၎င်းတို့၏ သေဆုံးရန် အချိန်မကျရောက်သေးသည့်အတွက်) သတ်မှတ်ချိန်တစ်ခုထိတိုင် လွှတ်ကင်းမှု ပေးခဲ့သည်။ (ဆိုလိုသည်မှာ တစ်ဖန် ခန္ဓာကိုယ်အတွင်း ဝင်ရောက်ကာ ယခင် ကျင့်ဆောင်ခဲ့သည့်အတိုင်း ပြန်လည်ကျင့်ဆောင်စေခဲ့သည်။ ထို (အသျှင်မြတ်၏ လုပ်ဆောင် သုံးစွဲမှုများကိုမူ) အချက်တွင် စဉ်းစားသုံးသတ်တတ်သော လူများအဖို့ (အသျှင်မြတ်၏ ပြည့်ဝသော 'ကုဒ်ရသ်'တန်ခိုးတော်နှင့် အခြားသူ ရောစွက်ခြင်းမရှိဘဲ စကြဝဠာတစ်ခုလုံး၏ စီစဉ်နိုင်မှုများနှင့် ပတ်သက်ပြီး) အထောက်အထားများ ရှိသည်။ (ထိုအထောက်အထားများသည် အသျှင်မြတ်တစ်ပါးတည်း ရှိကြောင်း ညွှန်ပြနေသည်။) သို့ရှိရာ ('သောင်ဟီးဒ်'တရားနှင့် ပတ်သက်ပြီး ရှင်းလင်းသည့် အထောက်အထားများ ရှိပါလျက်) ယင်းသူများသည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူများကို (တုဖက်ကိုးကွယ်ရာများ) အဖြစ် ပြုလိုက်ကြကုန်ပြီလော။ (၎င်းရုပ်တုများသည်) ထိုသူများအား အသနားခံပေးရန်အတွက် ဖြစ်သည်။ (မုရှ်ရစ်က်များ မိမိတို့ကိုးကွယ်နေသည့် အရာများနှင့် စပ်လျဉ်း၍

هٰؤُلَآءِ شُفَعَآ ئُنَاعِنْدَ اللّٰهِ

ဟု ပြောဆိုသည့်အတိုင်း ဖြစ်သည်။) အသင်တမန်တော် ပြောကြားလိုက်ပါလေ။ ဧကန်စင်စစ် ဤ (အသင်တို့ ပြုလုပ်ထားသော အသနားခံပေးမည့် ရုပ်တု) အရာများတွင် မည်သည့်စွမ်းဆောင်နိုင်မှုမှ မရှိ။ ထို့ပြင် မည်သည့်အသိတရားမျှလည်း မရှိရာ (အသင်တို့အတွက် ဤအရာများလည်း အသနားခံပေးမည်ဟု အသင်တို့ ထင်မြင်နေသလော။ ထို့ပြင် အသနားခံပေးရန်အတွက် 'ပညာအသိတရားနှင့် ယင်းရုပ်တုများတွင် မရှိသည့် အရေးကြီး လိုအပ်သောစွမ်းရည်များ မရှိဘဲ အသနားမခံပေးနိုင်' ဟူသော အချက်ကိုပင် မသိကြလေသလော။ ဤနေရာတွင် အချို့မုရ်ရစ်က်များ ပြောဆိုနိုင်သည်မှာ ဤထုလုပ်ထားသော ဆင်းတုများကို ကျွန်ုပ်တို့ အဓိကထား ရည်ရွယ်သည်မဟုတ်။ ဤဆင်းတုများသည် 'ဂျင်န်'များ၊ ဖရစ်ရှ်သာဟ်များ၏ ပုံတူဖြစ်ပြီး ၎င်းတို့သည် အသက်ဝိညာဉ်ရှိသည်ဖြစ်ရာ ဤဘုရားများသည်လည်း အသိ၊ စွမ်းအင် ရှိသည်ဟု ပြောဆိုနိုင်သည်။ ထို့ကြောင့် ၎င်းတို့ကို အဖြေပေးရန် သင်ကြားမိန့်ဆိုနေသည်မှာ) အသင် တမန်တော် (ဤသို့တည်း) ပြောလိုက်ပါလေ။ အသနားခံခွင့်ဟူသရွေ့သည် အလ္လာဟ်အသျှင်မြတ်၏ အလို တော်၌သာ ရှိသည်။ (ထိုအသျှင်မြတ်၏ ခွင့်ပြုချက်မပါရှိဘဲ မည်သည့်ဖရစ်ရှ်သာဟ် (သို့) မည်သည့် လူပုဂ္ဂိုလ်မှ တစ်ဦးတစ်ယောက်နှင့် ပတ်သက်ပြီး အသနားခံပေးဝံ့မည်မဟုတ်ပေ။ ထို့ပြင် အသျှင်မြတ်ထံတော် အသနားခံပေးခွင့်ရရှိရန် စည်းကမ်းချက်နှစ်ခု ရှိသည်။ တစ်ခုမှာ အသနားခံပေးမည့်သူသည် အသျှင်မြတ်ထံ လက်ခံမှု ရရှိထားသူဖြစ်ရမည်။ ဒုတိယတစ်ချက်မှာ အသနားခံပေးခြင်းခံရသူမှာ ခွင့်လွှတ်ထိုက်သူ ဖြစ်ရမည်။ ယခု နားလည်သင့်သည့်အချက်မှာ မုရှ်ရစ်က်များသည် ရုပ်တုများကို အကြင်အရာများနှင့် ပုံတူ ထင်မြင်ကိုးကွယ်

နေခဲ့ရာ အကယ်၍ ၎င်းတို့သည် 'ဂျင်န်'များနှင့် ရှိက်သွာန်များ ဖြစ်နေပါမူ စည်းကမ်းချက်နှစ်ခုစလုံးနှင့် မကိုက်ညီတော့ပေ။ အသနားခံပေးမည့်သူကလည်း အသျှင်မြတ်ထံ လက်ခံမှု ရရှိထားသူများမဟုတ်ဘဲ မုရှ်ရစ်က်များသည်လည်း ခွင့်လွှတ်ထိုက်သူများ မဟုတ်ပေ။ ထို့ပြင် အကယ်၍ ထိုဆင်းတုများကို နဗီတမန်တော်များ၊ ဖရစ်ရှ်သာဟ်များ၏ ပုံစံဟု သတ်မှတ်လိုက်လျှင်လည်း အသနားခံပေးသူ၏ လက်ခံမှု ရှိခြင်းဟူသည့် စည်းကမ်းချက်ရှိသော်လည်း ဒုတိယစည်းကမ်းချက်များမရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုမုရှ်ရစ်က်များတွင် ခွင့်လွှတ်ထိုက်သည့် အချက်မရှိပေ။ ဆက်လက်၍ မိန့်ဆိုသည်မှာ အသျှင်မြတ်၏ ဂုဏ်ဒြပ်မှာ ဤသို့ ရှိသည်။)

မိုးကောင်းကင် မြေပထဝီ၏ စိုးပိုင်မှုအလုံးစုံသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်သည်။ တစ်ဖန် အသင်တို့သည် ထိုအသျှင်မြတ်ဘက်တော်သို့ လှည့်၍ သွားကြရမည်။ (ထို့ကြောင့် အရာရာကို စွန့်လွှတ်၍ ထိုအသျှင်မြတ်ကိုသာ ကြောက်ရွံ့ကြကုန်။ 'အေဗာဒသ်'ခဝပ်မှုပြုကြကုန်။) ထို့ပြင် (သောင်ဟီးဒ် တစ်ပါးတည်း တည်ရှိမှုနှင့် ပတ်သက်ပြီး ရှင်းလင်းသည့် အထောက်အထားများ ရှိလင့်ကစား မုရှ်ရစ်က်များ၏ အခြေအနေမှာ) မည်သည့်အခါ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကိုသာ တသပြောဆိုသည် ရှိသော် (ထိုအသျှင်မြတ်သည်သာလျှင် တုဖက်မှုအလုံးစုံမှ ကင်းစင်ပြီး လောကစကြဝဠာရှိ ဖြူ၊ မည်း အရာဟူသမျှကို ပိုင်ဆိုင်တော်မူပြီး လိုရာသုံးစွဲနိုင်တော်မူသော အသျှင်မြတ် ဖြစ်သည်ဟု ဆိုသောအခါ) ၎င်းတို့၏ စိတ်နှလုံးသည် ကျဉ်းကြပ်သွားကာ ၎င်းတို့သည် နောင်တမလွန်ကို မယုံကြည်သူများ ဖြစ်သည်။ ထို့ပြင် အသျှင်မြတ်၏ တသမှုမှအပ အခြားအရာများနှင့်ပတ်သက်ပြီး ပြောဆိုပါသော် (၎င်းတို့အကြောင်းကိုသာ ဖြစ်စေ (သို့) အသျှင်မြတ်၏ အကြောင်းနှင့် ရော၍ ၎င်းတို့အကြောင်းကိုလည်း ပြောကြားပါမူ) ၎င်းတို့သည် ထိုအချိန်၌ပင် ပျော်ရွှင်သွားကြပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

اَللهُ يَتَوَفَّى الْاَنْفُسَ حِيْنَ مَوْتِهَا وَالَّتِيْ لَمْ تَمُتْ فِيْ مَنَامِهَا

تَوَفِّيْ ၏ လုံးချင်း အဓိပ္ပာယ်ကောက်ယူလိုက်သော် 'ယူလိုက်ခြင်း၊ ရုတ်သိမ်းလိုက်ခြင်း' ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်က သက်ရှိတိုင်း၏ ဝိညာဉ်များသည် အချိန်တိုင်း အခြေအနေတိုင်းတွင် အလ္လာဟ်အသျှင်မြတ်၏ အုပ်ချုပ်မှုအောက်တွင် ရှိကြောင်း ပြသနေသည်။ ထိုအသျှင်မြတ် လိုလားသည့်အခါ ရုပ်သိမ်းစေနိုင်ပြီး ပြန်လည်သိမ်းဆည်းယူဆောင်နိုင်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ဤကဲ့သို့ ဝိညာဉ်အား စေခိုင်းနေခြင်းကိုမူ လူသားတိုင်း နေ့စဉ် တွေ့မြင်ခံစားနေရသည်။ မည်သို့ဆိုလျှင် အိပ်စက်သည့်အခါ ၎င်း၏ ဝိညာဉ်သည် တစ်နည်းအားဖြင့် ထိန်းချုပ် ရုပ်သိမ်းခံလိုက်ရသည်။ တစ်ဖန် နိုးကြားချိန်၌ ပြန်လည် ရရှိသွားပေသည်။ ထို့ပြင် တစ်ကြိမ်တစ်ခါ ဤကဲ့သို့လည်း ကြုံတွေ့ရမည်မှာ ထိန်းချုပ်ခြင်းခံရကာ ပြန်လည်မရှိတော့သည့် အခြေအနေမျိုးလည်း တွေ့ရှိရပေမည်။

မဇ္ဈိမဟာရီအကျယ်ဖွင့်ကျမ်းတွင် ဝိညာဉ်ရုပ်သိမ်းခြင်းဟူသည့် အလိုသဘောမှာ 'လူသား၏ ခန္ဓာကိုယ်နှင့် အဆက်အသွယ် ဖြတ်တောက်လိုက်ခြင်းဟူ၍ ဖြစ်သည်' ဟု ရေးသားထားသည်။ တစ်ခါတစ်ရံ အတွင်းအပြင် ဆက်သယ်မှု နှစ်ခုစလုံးကို လုံးဝ ဖြတ်တောက်လိုက်သည်ရှိရာ ယင်းကို သေခြင်းဟု ခေါ်ဆိုသည်။ ထို့ပြင် တစ်ခါတစ်ရံ ပြင်ပဆက်သွယ်မှုကိုသာ ဖြတ်တောက်ခဲ့ပြီး အတွင်းပိုင်းဆက်သွယ်မှုကို ချန်ထားခဲ့ရာ ထိုသို့ ပြုခြင်းဖြင့် ခံစားမှုအာရုံနှင့် လှုပ်ရှားမှုဟူသည့် အပြင်ပိုင်းအသက်ရှိသည့် လက္ခဏာများကိုသာ ဖြတ်တောက်စေခဲ့သည်။ ထို့ပြင် အတွင်းပိုင်းခန္ဓာနှင့် ဝိညာဉ် စပ်ဆက်မှုကို ထားရစ်ခဲ့သည်။ ထို့ကြောင့် လူသားသည် အသက်ရှူပြီး အသက်ရှင်နေခဲ့သည်။ ထို့ပြင် ဝိညာဉ်ကို လူသားလောကနှင့် ပုံတူသည့် လောကဘက်သို့ သွားရောက်လှည့်လည်နေစေပြီး ဤလောကမှ မေ့မျောလွတ်လပ်နေစေခဲ့သည့် အကြောင်းမှာ လူသားသည် ပြည့်ပြည့်ဝဝ နားနေနိုင်ရန်အတွက် ဖြစ်သည်။ ထို့ပြင် တစ်ခါတစ်ရံ ဤအတွင်းပိုင်း ဆက်နွယ်မှုကိုလည်း ဖြတ်တောက်လိုက်သည့်အတွက်ကြောင့် ခန္ဓာအသက် လုံးဝ ချုပ်ငြိမ်သွားပေသည်။

အထက်ပါအာယသ်တော်တွင် تَوَفِّي ဟူသော စာလုံး၏ အလိုသဘောမှာ အခြေအနေတိုင်းကို ဆိုလိုသည့်နည်းတူ အချို့အချို့များကို အတွက်ဟု အဓိပ္ပာယ်နှစ်မျိုးစလုံး ရသည်။ သေဆုံးခြင်းနှင့် ပတ်သက်ပြီး အထက်တွင် တင်ပြပြီးဖြစ်၏။ ယင်းနှင့် ပတ်သက်ပြီး ဟဇရသ်အလီ ﷺ သခင်၏ မိန့်ဆိုမှုသည် ထောက်ခံနေလေသည်။ ဟဇရသ်အလီ ﷺ သခင်မှ မိန့်ဆိုသည်မှာ အိပ်စက်သည့်အခါ လူသား၏ ဝိညာဉ်သည် ခန္ဓာကိုယ်မှ ထွက်ခွာသွားပေသည်။ သို့သော် ဝိညာဉ်ဆက်တစ်ခု ခန္ဓာအတွင်း ကျန်နေခဲ့သည့်အတွက်ကြောင့် ယင်းအသက်ရှင်နေခြင်း ဖြစ်သည်။ ထို့ပြင် ယင်းကျန်ရှိနေသည့် ဝိညာဉ်ဆက်၏ ဆက်သွယ်မှုကြောင့်သာ ထိုသူ အိပ်မက်မက်သည်။ တစ်ဖန် အကယ်၍ ဤမြင်မက်သော အိပ်မက်သည် ဝိညာဉ်လောကနှင့် ပုံတူလောကသို့ ရောက်နေစဉ် မြင်မက်ပါက ယင်းသည် မှန်ကန်သော အိပ်မက်ဖြစ်သည်။ ထို့ပြင် အကယ်၍ ပုံတူလောကမှ ခန္ဓာကိုယ်ဘက်သို့ ဝိညာဉ်ပြန်လာနေစဉ် မြင်မက်ပါမူ ယင်းမြင်မက်မှုတွင် ရှိုက်သွာန်၏ ပြုမူဆောင်ရွက်မှုများ ပါဝင်လာပြီး ထိုအိပ်မက်သည် မှန်ကန်သော အိပ်မက် မဖြစ်တော့ပေ။ ထို့နောက် မိန့်ဆိုသည်မှာ အိပ်နေစဉ် လူ့ခန္ဓာကိုယ်မှ ထွက်သွားသော ဝိညာဉ်မှာ နိုးကြားနေစဉ် မျက်စိတစ်မှိတ်ခန့်တွင် ပြန်လာနိုင်သည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

قُلِ اللّٰهُمَّ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ عٰلِمَ الْغَيْبِ وَالشَّهَادَةِ اَنْتَ تَحْكُمُ بَيْنَ عِبَادِكَ فِيْ مَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ۝٤٦

၃၉ း ၄၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ၊ အို၊ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော၊ အကွယ်၌ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားသည်ကိုလည်း

သိတော်မူသော အလ္လာဟ်အသျှင်မြတ်သည်၊ အသျှင်မြတ်သည်ပင် မိမိ ကျွန်တို့၏အကြားဝယ် ၎င်းတို့အချင်းချင်း သဘောကွဲလွဲလျက် ရှိခဲ့ကြကုန်သော အရေးကိစ္စတို့နှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်သည်။

وَلَوْ اَنَّ لِلَّذِيْنَ ظَلَمُوْا مَا فِى الْاَرْضِ
جَمِيْعًا وَّمِثْلَهٗ مَعَهٗ لَافْتَدَوْا بِهٖ مِنْ سُوْٓءِ الْعَذَابِ يَوْمَ
الْقِيٰمَةِ ۚ وَبَدَا لَهُمْ مِّنَ اللّٰهِ مَا لَمْ يَكُوْنُوْا يَحْتَسِبُوْنَ ﴿٤٧﴾

၃၉ : ၄၇ ။ ။ အမှန်စင်စစ် တွဲဖက် ယှဉ်ပြိုင်ကိုးကွယ်မှုကို ကျူးလွန်ခဲ့ကြကုန်သောသူတို့၌ ကမ္ဘာမြေဝယ် ရှိရှိသမျှသော ပစ္စည်းဥစ္စာ အလုံးစုံတို့အပြင် ၎င်းနှင့်အတူ ထိုမျှလောက် နောက်ထပ်ရှိကြားအံ့လည်း အမှန်ပင် ထိုသူတို့သည် ယင်းဥစ္စာပစ္စည်း (အလုံးစုံ) တို့ကို 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင် ဆိုးရွားပြင်းထန်လှသော ပြစ်ဒဏ်မှ လွတ်မြောက်ရန် လျော်ကြေးပေးကြမည်သာ။ ထို့ပြင် ၎င်းတို့ရှေ့ဝယ် ၎င်းတို့ မထင်မှတ်ခဲ့ကြသော အကြောင်းကိစ္စများသည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ထင်ရှားပေါ်လွင်လာခဲ့ပေမည်။

وَبَدَا لَهُمْ سَيِّاٰتُ مَا كَسَبُوْا وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٤٨﴾

၃၉ : ၄၈ ။ ။ ထို့ပြင် ၎င်းတို့ဆည်းပူးခဲ့ကြကုန်သော ပြစ်မှုဒုစရိုက်များ၏ အန္တရာယ်များလည်း ၎င်းတို့ရှေ့ဝယ် ပေါ်လွင်ထင်ရှားလာခဲ့ပေမည်။ ထို့ပြင် ၎င်းကို ပြက်ချော်သမှု ပြုလျှက်ရှိကြကုန်သော ပြစ်ဒဏ်သည်လည်း ၎င်းတို့အား ဝိုင်းဝန်းလျက် ရှိချေလိမ့်မည်။

فَاِذَا مَسَّ الْاِنْسَانَ ضُرٌّ دَعَانَا ۡ ثُمَّ اِذَا
خَوَّلْنٰهُ نِعْمَةً مِّنَّا ۙ قَالَ اِنَّمَآ اُوْتِيْتُهٗ عَلٰى عِلْمٍ ۭ بَلْ هِىَ فِتْنَةٌ
وَّلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿٤٩﴾

၃၉ : ၄၉ ။ ။ အမှန်စင်စစ် လူသား၌ ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့သောအခါ ထိုလူသားသည် ငါအသျှင်မြတ်အား ဟစ်ခေါ်တမ်းတ၏။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းအား မိမိ၏ ထံတော်မှ ကျေးဇူးတော် တစ်စုံတစ်ရာကို ချီးမြှင့်ပေးသနားတော်မူသောအခါ ထိုလူသားက 'ငါသည် ဤသည့် ကျေးဇူးတော်ကို (မိမိ၏) အကြံအစည်တစ်ခုကြောင့်သာလျှင် ရရှိခဲ့ခြင်းဖြစ်သည်' ဟု ပြောဆို၏။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ဤသည့် ကျေးဇူးတော်မှာကား စမ်းသပ်မှု တစ်ရပ်ပင် (ဖြစ်၏။) သို့ရာတွင် ထိုလူသားတို့အနက် အများဆုံးသော သူတို့မှာ သိရှိကြသည် မဟုတ်ပေ။

قَدْ قَالَهَا الَّذِيْنَ مِنْ قَبْلِهِمْ فَمَآ اَغْنٰى عَنْهُمْ مَّا كَانُوْا يَكْسِبُوْنَ ﴿٥٠﴾

၃၉ : ၅၀ ။ ။ ကေန်စင်စစ် ဤသည့်ပြောဆိုမှုကို ၎င်းတို့အလျင် ရှိခဲ့ကြသောသူများကလည်း ပြောဆိုခဲ့ကြဘူး၏။ သို့တစေလည်း ၎င်းတို့၏ ဆည်းပူးချက်တို့မှာ (ပြစ်ဒဏ်မှ ကာကွယ်ရန်) ၎င်းတို့အဖို့ အသုံးဝင်ခဲ့သည် မရှိပေ။

فَاَصَابَهُمْ سَيِّاٰتُ
مَا كَسَبُوْا ۭ وَالَّذِيْنَ ظَلَمُوْا مِنْ هٰٓؤُلَاۗءِ سَيُصِيْبُهُمْ سَيِّاٰتُ
مَا كَسَبُوْا ۙ وَمَا هُمْ بِمُعْجِزِيْنَ ۝

၃၉ း ၅၁ ။ ။ ထို့နောက် ၎င်းတို့၌ ၎င်းတို့ ဆည်းပူးချက်များ၏ ဆိုးရွားသော အန္တရာယ်များသည် သက်ရောက်ခဲ့လေ၏။ ထိုနည်းတူစွာ ဤ (လက်ရှိသွေဖည်ငြင်းပယ်) သူတို့အနက် မတရားကျူးလွန်ခဲ့ကြသော သူတို့အပေါ်၌လည်း မကြာမီ ၎င်းတို့ ဆည်းပူးချက်များ၏ အန္တရာယ်များသည် သက်ရောက်မည်ဖြစ်၏။ စင်စစ်မှာကား ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်အား) မစွမ်းဆောင်နိုင်အောင် ပြုစွမ်းနိုင်ကြသူများ မဟုတ်ပေ။

اَوَلَمْ يَعْلَمُوْٓا اَنَّ اللّٰهَ يَبْسُطُ
الرِّزْقَ لِمَنْ يَّشَاۗءُ وَيَقْدِرُ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ۝

၃၉ း ၅၂ ။ ။ ၎င်းတို့သည် သိရှိခဲ့ကြသည် မဟုတ်လော။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို တိုးပွားစေတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည်ပင် (မိမိ အလိုတော်ရှိတော်မူသောသူအား စားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူ၏။ မလွဲကေန် ဤသည်၌ မုအ်မင်န် သက်ဝင်ယုံကြည်ကြကုန်သော အမျိုးသားတို့အဖို့ သက်သေအထောက်အထားများ အမှန်ပင် ရှိကြပေသည်။ [ဆင်းရဲနွမ်းပါး၊ ချမ်းသာကြွယ်ဝမှုသည် အလ္လာဟ်အသျှင်မြတ်၏ စီရင်ဖန်တီးမှုပင် ဖြစ်၏။]

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော်သည် (၎င်းတို့၏ ရန်ငြိုး ပြင်းထန်မှုများကြောင့် ပူဆွေးသောကမရောက်လေနှင့်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ဤသို့ ဒိုအာ) တောင်းဆိုမှု ပြုလော့။ အို၊ အလ္လာဟ် အသျှင်မြတ်၊ အို၊ မိုးနှင့် မြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အတွင်းအပြင် အရာရာကို သိရှိတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည်သာလျှင် ('ကေယာမသ်' နေ့တွင်) မိမိဗန္ဒာဟ်များအကြား ထိုကိစ္စရပ်များနှင့် ပတ်သက်၍ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်သည်။ အကြင်ကိစ္စရပ်များတွင် ထိုဗန္ဒာဟ်များသည် အချင်းချင်း အငြင်းပွားလျက် ရှိကြသည်။ (ဆိုလိုသည်မှာ အသင်တမန်တော်သည် ထိုရန်သူများနှင့် ပတ်သက်၍ သောကမရောက်လေနှင့်။ သို့သာမက ၎င်းတို့၏ ပြဿနာများကို အလ္လာဟ်အသျှင်မြတ်ထံ အပ်နှင်းလိုက်လော့။ ထိုအသျှင်မြတ်ကိုယ်တော်တိုင် လက်တွေ့ကျကျ စီရင်ဆုံးဖြတ်တော်မူလိမ့်မည်။) ၎င်းနောက် (ထိုစီရင်ဆုံးဖြတ်သည့်အခါဝယ် ဖြစ်ပေါ်လာမည့် အခြေအနေမှာ) အကယ်၍ ညည်းပန်းနှိပ်စက်

မှု (ဆိုလိုသည်မှာ ရှရစ်က်နှင့် ကုဖွရ်) ပြုသူများထံတွင် ဒွန်နယာလောကတစ်ခုလုံး ပြည့်လျှံအောင် ဥစ္စာပစ္စည်းများ ရှိနေပြီး ထိုပစ္စည်းဥစ္စာများနှင့်အတူ ဆတိုး ပွားများနေကာ ၎င်းတို့သည် 'ကေယာမသ်'နေ့တွင် ပြင်းထန်သော 'အဇားဗ်'ပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် (မတွန့်တိုဘဲ) ထိုပစ္စည်းဥစ္စာများကို ပေးပါမူ လက်သင့်ခံလိမ့်မည်မဟုတ်။

(စူရာဟ် 'မာအေဒါဟ်'တွင် လာရှိသည့် အာယသ်တော် مَا تُقُبِّلَ مِنْهُمْ အတိုင်းပင် ဖြစ်သည်) ထို့နောက် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းတို့နှင့် ပတ်သက်ပြီး ဆက်ဆံမည့် ပုံသဏ္ဌာန်မှာ ယင်းအား ၎င်းတို့သည် မျှော်မှန်းနိုင်လိမ့်မည်မဟုတ်။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဦးစွာပထမ 'အာခေရသ်' တမလွန်ကို ငြင်းပယ်လက်မခံကြသူများဖြစ်သည်။ တစ်ဖန် ၎င်း'အာခေရသ်'တွင် ၎င်းတို့သည် ဂုဏ်သိက္ခာနှင့် ဥစ္စာဓနများ ရရှိကြလိမ့်မည်ဟု ကြွေးကြော်ထားကြသူများ ဖြစ်သည်။) ၎င်းနောက် (ထိုအချိန်တွင်) ၎င်းတို့သည် မိမိတို့၏ မကောင်းမှုဒုစရိုက်များ အားလုံးကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။ ၎င်းနောက် အကြင် 'အဇားဗ်'ပြစ်ဒဏ်နှင့်ပတ်သက်ပြီး လှောင်ပြောင်သရော်ခဲ့ကြသည်။ ထို 'အဇားဗ်'သည် ၎င်းတို့အား လာရောက်ဝန်းရံလိမ့်မည်။ (မုရှ်ရစ်ကတို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများအား တင်ပြခြင်းကို ပျော်ရွှင်လေ့ရှိကြပြီး အလ္လာဟ်အသျှင်မြတ်၏အကြောင်း တင်ပြခြင်းကို ရွံရှာမုန်းတီးလေ့ ရှိကြသည်။) တစ်ဖန် မည်သည့်အခါ ၎င်း (မုရှရစ်က်) သည် ဒုက္ခတစ်စုံတစ်ရာ ရောက်ရှိလာသော် (၎င်းတို့ရှေ့မှောက်တွင် တင်ပြလျက် ပျော်ရွှင်လေ့ရှိကြသော အရာများကို စွန့်လွှတ်ကာ) ငါအသျှင်မြတ်ကိုသာ တမ်းတလေ့ရှိကြသည်။ (စင်စစ် ယခင်က ငါအသျှင်မြတ်အား မုန်းတီးခဲ့ကြသည်။) တစ်ဖန် မည်သည့်အခါ ငါအသျှင်မြတ်သည် မိမိဘက်တော်မှ ၎င်းတို့အား 'နေ့အ်မသ်'စည်းစိမ်တစ်စုံတစ်ရာ ချီးမြှင့်လိုက်သည်ရှိသော် (၎င်းတို့ကိုယ်တိုင် ကြွေးကြော်တမ်းတမှုဖြင့် အထမြောက်ခဲ့သော ထို 'သောင်ဟီးဒ်'တရားမှာ မတည်မြဲတော့ပေ။ ထို 'နေ့အ်မသ်'တော်အား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ လာသည်ဟု မသတ်မှတ်ကြတော့ဘဲ ဤသို့) ပြောဆိုကြသည်မှာ ဤ 'နေ့အ်မသ်'သည် ကျွန်ုပ် (မိမိ၏) အမြော်အမြင်ဖြင့် ရရှိခြင်းဖြစ်သည်။

(ထို 'နေ့အ်မသ်' ရရှိမှုအား အသျှင်မြတ်ဘက်တော်မှ ရောက်ရှိလာသည်ဟု မသတ်မှတ်ကြတော့ဘဲ မိမိတို့၏ အမြော်အမြင်ဖြင့် ရရှိသော ရလဒ်ဟု မှတ်ယူကြသည်။ ထို့ကြောင့် 'သောင်ဟီးဒ်'တရားအပေါ် ရပ်တည်မှုမရှိကြတော့ဘဲ မိမိတို့၏ ရှေးရိုးစဉ်းလာ ရှရစ်က်လမ်းစဉ်ဘက်သို့ လှည့်ကာ အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများ၏ ခဝပ်မှုတွင် နစ်မွန်းသွားလေ့ ရှိကြသည်။ ရှေ့တွင် ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အဆိုဖြစ်သော اِنَّمَا وَتَيْنَه အား ငြင်းဆန်လျက် မိန့်တော်မူသည်မှာ 'နေ့အ်မသ်'ဟူသည် ၎င်းတို့၏ အမြော်အမြင်ဖြင့် ရရှိသော ရလဒ်မဟုတ်ပေ။) သို့သာမက ('နေ့အ်မသ်'သည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော အရာဖြစ်ပြီး ထိုအသျှင်မြတ်ဘက်တော်မှ 'အင်န်စာန်'လူသားတို့အား) စမ်းသပ်မှုတစ်ခုဖြစ်သည်။ (အကြောင်းမှာ ထို 'နေ့အ်မသ်'စည်းစိမ်တော်ကို ရရှိကာ ငါအသျှင်မြတ်အား မေ့လျော့သွားလေသလော။ ၎င်းနောက် ငြင်းဆန်နေသလော။ သို့မဟုတ် ငါအသျှင်မြတ်အား အမှတ်ရကာ ကျေးဇူးတင်

ရှိနေသလော’ ဆိုသည်ကို စမ်းစစ်ရန် ဖြစ်သည်။ ၄င်းနောက် ထိုစမ်းစစ်မှုအတွက် အချို့သော ‘နေ့အ်မသ်’ တော်များတွင် အကြောင်းခံများနှင့် ရှာဖွေသည့် ပုံသဏ္ဍာန်ကိုလည်း သတ်မှတ်ထားရှိသည်။ ဤသို့ဖြင့် သာပို၍ စမ်းစစ်မှု မည်တွင်သွားပေသည်။ အကြောင်းမှာ ‘လူသားသည် ထိုအပေါ်ယံ အကြောင်းခံအား အာရုံစိုက်နေသလော။ သို့မဟုတ် စစ်မှန်သည့် ဇစ်မြစ်အကြောင်းခံအား အာရုံထားလေသလော’ ဆိုသည်ကို စမ်းသပ်ရန်ဖြစ်သည်။)

သို့သော် မြောက်မြားစွာသော သူတို့သည် (ထိုစကားရပ်အား) သဘောမပေါက်ကြပေ။ (ထို့ကြောင့်ပင် ‘နေ့အ်မသ်’တော်များကို မိမိတို့၏ အမြော်အမြင်ရှိသော ရလဒ်ဟူ၍ သတ်မှတ်ကြသည်။ ၄င်းနောက် ရှုရစ်ကလုပ်ရပ်များတွင် နစ်မွန်းလေ့ရှိကြသည်။ ရှေ့တင် ဆက်လက်၍ ဆက်စပ်မှုတစ်ခုကို တင်ပြသည်မှာ) ဤစကားရပ်အား (အချို့သော) သူတို့သည်လည်း ပြောဆိုခဲ့ကြသည်။ အကြင်သူတို့သည် ၄င်းတို့ထက် အလျင် တည်ရှိခဲ့ကြသူများ ဖြစ်သည်။ (ဥပမာ- ကာရူးန်က ပြောဆိုခဲ့သည်မှာ-

اِنَّمَآ اُوْتِيْتُهٗ عَلٰى عِلْمٍ عِنْدِىْ

(သို့) ဖန်ဆင်းရှင်အား ငြင်းဆန်ခဲ့ကြသူများ ဖြစ်သည်။ ဥပမာ- နမ်ရူးဒ်နှင့် ဖိရ်အောင်န်ဘုရင်တို့ ဖြစ်သည်။ ၄င်းတို့သည်လည်း မည်သည့် ‘နေ့အ်မသ်’တော်ကိုမှ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ရရှိကြောင်း မသတ်မှတ်ကြသည်မှာ ထင်ရှားပေသည်။ သို့သာမက မရှာဖွေနိုင်သော အရာများ၊ မရွေးချယ်နိုင်သော အရာများနှင့် ပတ်သက်ပြီး ကံတရားနှင့် တိုက်ဆိုင်မှုဟု သတ်မှတ်ကာ ရှာဖွေနိုင်သော အရာများ၊ ရွေးချယ်နိုင်သော အရာများအား မိမိတို့၏ ပညာရပ်နှင့် မိမိတို့၏ အမြော်အမြင်ကြောင့်ဟုသာ သတ်မှတ်ယူဆလေ့ရှိကြသည်။) သို့ရှိရာ ၄င်းတို့၏ လုပ်ဆောင်ချက်များသည် ၄င်းတို့အတွက် မည်သို့မျှ အသုံးမဝင်ခဲ့ပေ။ (၄င်းနောက် ‘အဇာဗ်’အပြစ်ဒဏ်မှလည်း မတားမြစ်နိုင်ခဲ့ပေ။) တစ်ဖန် မတားမြစ်နိုင်သည့်အပြင် ‘အဇာဗ်’ အပြစ်ဒဏ်အား တွန်းလှန်နိုင်စွမ်းလည်း မရှိကြပေ။ သို့သာမက) ၄င်းတို့၏ မကောင်းမှုဒုစရိုက်ဟူသမျှသည် ၄င်းတို့အပေါ် ကျရောက်ခဲ့ပေသည်။ (ထို့နောက် ပြစ်ဒဏ်ကိုလည်း ခံကြရသည်။) ၄င်းနောက် (မျက်မှောက်ခေတ်၌ ရှိကြသူများသည် ဤသို့ မစဉ်းစားကြလေနှင့်။ အကြောင်းမှာ ဖြစ်ပျက်စရာဟူသမျှတို့သည် ရှေးယခင် ခေတ်လူသားများအပေါ် သက်ရောက်ခဲ့ပြီးဖြစ်သည်။ ထိုမျှမက) မျက်မှောက်ခေတ်လူသားများတွင်လည်း သူယုတ်မာတို့အပေါ် ၄င်းတို့၏ မကောင်းမှုဒုစရိုက်များနှင့် ပတ်သက်ပြီး ခံစားကြရမည်ဖြစ်သည်။ ၄င်းနောက် ထိုသူတို့သည် (အလ္လာဟ်အသျှင်မြတ်အား) ရှုံးနိမ့်စေနိုင်မည်မဟုတ်။ (ဤသို့ဖြင့် ‘ဗဒ္ဒရ်’စစ်ပွဲတွင် ပြင်းထန်သော ပြစ်ဒဏ်ကို ခံစားကြရသည်။ ရှေ့တွင် ဆက်လက်၍ ယင်းနှင့် ပတ်သက်ပြီး အထောက်အထားပေးကာ တင်ပြသည်မှာ အချို့သော အသိဉာဏ်ကင်းမဲ့သူများသည် ‘နေ့အ်မသ်’တော်များနှင့် ရိဇ်ဇိရိက္ခာများအား မိမိတို့၏ အမြော်အမြင်ဖြင့် ရရှိသည်ဟု သတ်မှတ်ယူဆကြပြီး) ထိုသူတို့သည် (အခြေအနေ အရပ်ရပ်အား စူးစမ်းလေ့လာကာ) မသိရှိကြလေသလော။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် မိမိနှစ်သက်သူအား ရိဇ်ဇိရိက္ခာ ပိုမိုချီးမြှင့်ကာ ထိုအသျှင်မြတ်သာလျှင် (မိမိအလိုရှိတော်မူသည့်အတိုင်း)

ကြပ်တည်းစေတော်မူသည်။ (ထိုချောင်လည်မှုနှင့် သတ်မှတ်စီမံမှု) တွင် (စူးစမ်းလေ့လာခြင်းဖြင့်) အီမာန်ရှင်များအတွက် (အဘယ်ကြောင့်ဆိုသော် ထိုအီမာန်ရှင်များသာလျှင် ဤစကားရပ်အား နားလည်သဘောပေါက်ကြသူများဖြစ်သည်။ စစ်မှန်သော အထောက်အထားများ) သက်သေလက္ခဏာများရှိသည်။ (အကြောင်းမှာ ချောင်လည်စေတော်မူသော အသျှင်၊ ကြပ်တည်းစေတော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်သည်။ မှန်ကန်သော အမြော်အမြင်နှင့် မမှန်ကန်သော အမြော်အမြင်ဟူသည် စစ်မှန်သော ဇစ်မြစ်အကြောင်းခံ မဟုတ်ပေ။ ထို့ကြောင့် အကြင်သူသည် ဤအထောက်အထားများကို နားလည်သဘောပေါက်ပါက ထိုသူသည် မိမိ၏ အမြော်အမြင်ကို သတ်မှတ် ရှေ့တန်းတင်မည် မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သာလျှင် 'နေအ်မသ်'တော်များ ချီးမြှင့်သော အသျှင်မြတ်ဟူ၍ မေ့လျော့မည်မဟုတ်ပေ။ ဤသို့မေ့လျော့ခြင်းသည် 'ရှရစ်ကဲ'လမ်းစဉ်တွင် နစ်မွန်းရန် အကြောင်းခံ ဖြစ်လိမ့်မည်။ သို့သာမက ထိုအမြင်မှန်ရသူတို့သည် အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းကို ကြွေးကြော်ကြသူ များဖြစ်ပြီး ဒုက္ခ၊ သုခဟူသမျှတို့တွင် ၎င်းတို့၏ အခြေအနေနှင့် ကြွေးကြော်မှုတို့သည် ဆန့်ကျင်နေမည် မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قُلِ اللّٰهُمَّ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ ﴿الاية﴾

ဆွဟီမွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဗ်ဒုရ်ရဟ်မာန် ဗင်န်အောင်ဖ် ﷺ သခင်၏ ဆင့်ပြန်ချက်လာရှိထားရာ ၎င်းက မိန့်ဆိုသည်မှာ ကျွန်ုပ်သည် မိခင်ကြီး အာအေရှာဟ် ﷺ သခင်မအား 'ကိုယ်တော်မြတ် ﷺ ၏ ညတွင် ဝတ်ပြုသော နမာဇ် (သဟ်ဂျုဒ်) ကို မည်သည့် (ဒိုအာ) အရာဖြင့် အစပြုတော်မူသနည်း'ဟု မေးလျှောက်ရာ မိခင်မွန်က 'ကိုယ်တော်မြတ် ﷺ သည် 'သဟ်ဂျုဒ်'နမာဇ်ဝတ်ပြုရန် ထသောအခါ အောက်ပါဒိုအာကို ရွတ်ဖတ်သည်'ဟု မိန့်ကြားတော်မူသည်။ ဒိုအာမှာ-

اَللّٰهُمَّ رَبَّ جِبْرَئِيْلَ وَمِيْكَائِيْلَ وَاِسْرَافِيْلَ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ عٰلِمَ الْغَيْبِ وَالشَّهَادَةِ اَنْتَ تَحْكُمُ بَيْنَ عِبَادِكَ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ، اِهْدِنِيْ لِمَا اخْتُلِفَ فِيْهِ مِنَ الْحَقِّ بِاِذْنِكَ اِنَّكَ تَهْدِيْ مَنْ تَشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ

ဒိုအာတောင်းဆု လက်ခံမှု ရရှိစေရန်

ဟဇရသ်စအီးဒ်ဗင်န်ဂျိဘိုင်ရ် (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ကျမ်းတော်မြတ်ကုရ်အာန်ရှိ အာယသ်တော်တစ်ပိုဒ်ကို သိရှိရသည်။ ယင်းအာယသ်တော်ကို ဖတ်ရွတ်၍ အကြင်မည်သူမဆို ဒိုအာပြုပါမူ ထိုတောင်းဆု ပြည့်ဝ၏။' တစ်ဖန် ဤအာယသ်တော်

اَللّٰهُمَّ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ

ကို တင်ပြထားလေသည်။ *[ကုရ်သုဗီးကျမ်း]*

وَبَدَا لَهُمْ مِّنَ اللّٰهِ مَالَمْ يَكُوْنُوْا يَحْتَسِبُوْنَ

ဟဇရသ်စွဖ်ယာန်စောင်ရီ (ရဟ) က ဤအာယသ်တော်ကို ဖတ်ရွတ်၍ မိန့်ဆိုသည်မှာ ပြစားသူများ အတွက် ပျက်စီးမှုသာ ရှိသည်။ ပြစားသူများအတွက် ပျက်စီးမှုသာ ရှိသည်။ ဤအာယသ်တော်သည် လောက၌ ကောင်းမှုများကို လူများအား ပြစားရန် ပြုလုပ်သောသူများနှင့်သာ ပတ်သက်သည်။ ထို့ပြင် လူများကလည်း ၎င်းကို သူတော်စင်ဟု မှတ်ယူနေကြသည်။ ဤကောင်းမှုကျင့်ကြံမှုသည် ၎င်းအဖို့ 'အာခိရသ်'တမလွန်တွင် လွတ်မြောက်ရန် အကြောင်းခံဖြစ်မည်ဟု ထင်မြင်နေရာ ၎င်းကိုယ်တိုင်လည်း ဖြားယောင်းခံနေရသည်။ သို့သော် စင်စစ် ၎င်း၏ ကျင့်ကြံမှုတွင် 'အိခ်လားစွ်' စိတ်စေတနာဖြူစင်မှု မပါရှိပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ဤသို့သော ကောင်းမှုကျင့်ကြံမှုနှင့် ပတ်သက် ပြီး မည်သည့်အကျိုးစဝါးဗ်မှ မရှိပေ။ ဤအတွက်ကြောင့်ပင် ထိုနေရာတွင် ၎င်း၏ ထင်မြင်ယူဆချက် နှင့် ဆန့်ကျင်ဘက် 'အဇားဗ်'အပြစ်ဒဏ်များ ခံရမည်ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ဆွဟာဗာကြီးများ၏ ကွဲလွဲမှုနှင့် စပ်လျဉ်း၍ အရေးကြီးသော လမ်းညွှန်ချက်တစ်ခု

ဟဇရသ်ရဘီအ်အိဗ်နေ့ခိုင်စမ် (ရဟ) သခင်အား ပုဂ္ဂိုလ်တစ်ဦးက ဟဇရသ်ဟုစိုင်န် ﷺ သခင်၏ 'ရှဟီးဒ်'ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းသောအခါ သခင်ကြီးက သက်ပြင်းချကာ ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူသည်။

قُلِ اللّٰهُمَّ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ عٰلِمَ الْغَيْبِ
وَالشَّهَادَةِ اَنْتَ تَحْكُمُ بَيْنَ عِبَادِكَ

ထို့နောက် မိန့်ဆိုသည်မှာ ဆွဟာဗာများအကြား ပေါ်ပေါက်ခဲ့သော အကွဲအလွဲတစ်ခုခုနှင့် ပတ်သက်ပြီး အသင်၏ စိတ်နှလုံးအတွင်း မရှင်းမလင်းဖြစ်ခဲ့သော် ဤအာယသ်တော်ကို ဖတ်ရွတ်ပါလေ။ ရှုးဟွလ်မအာနီ ကျမ်းရှင်က ဤအဆိုကို ဆင့်ပြန်ပြီး ဆက်လက်၍ မိန့်ဆိုထားသည်မှာ ဤသည် ကြီးမားသော ရီသေသမှု ကို သင်ကြားပေးသည့်အရာ ဖြစ်ခဲ့ရာ အမြဲ မှတ်သားထားသင့်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قُلْ يٰعِبَادِيَ الَّذِيْنَ اَسْرَفُوْا عَلٰٓى اَنْفُسِهِمْ
لَا تَقْنَطُوْا مِنْ رَّحْمَةِ اللّٰهِ ۭ اِنَّ اللّٰهَ يَغْفِرُ الذُّنُوْبَ جَمِيْعًا ۭ
اِنَّهٗ هُوَ الْغَفُوْرُ الرَّحِيْمُ ۝

၃၉ : ၅၃ ။ ။ (အို့, နဗီတမန်တော်) အသင်သည် (ငါအသျှင်မြတ်၏ ကိုယ်စား) ပြောကြားပါလေ။ အို့, မိမိတို့ အပေါ်၌ အလွန်အမင်း လွန်ကျူးခဲ့ကြကုန်သော ငါအသျှင်မြတ်၏ ကျွန်အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် မကင်းမဲ့ကြကုန်လင့်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုအလုံးစုံတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပေမည်။ စင်စစ်ဧကန် ထိုအသျှင်မြတ်သည်ပင် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင် ဖြစ်တော်မူ၏။

وَاَنِيْبُوْٓا اِلٰى رَبِّكُمْ وَاَسْلِمُوْا لَهٗ مِنْ
قَبْلِ اَنْ يَّاْتِيَكُمُ الْعَذَابُ ثُمَّ لَا تُنْصَرُوْنَ ۝

၃၉ : ၅၄ ။ ။ ၎င်းပြင် အသင်တို့သည် မိမိတို့ထံ ပြစ်ဒဏ်ဆိုက်ရောက်၍ မလာမီပင် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်ခြင်းကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာခြင်းကိုလည်းကောင်း၊ ပြုကြလေကုန်။ ထို (ပြစ်ဒဏ်ဆိုက်ရောက်၍ လာပြီး) နောက်တွင် အသင်တို့သည် (မည်သည့်) အကူအညီ (ကိုမျှ) ရရှိကြမည် မဟုတ်ပေ။

وَاتَّبِعُوْٓا اَحْسَنَ مَآ اُنْزِلَ اِلَيْكُمْ مِّنْ رَّبِّكُمْ مِّنْ قَبْلِ
اَنْ يَّاْتِيَكُمُ الْعَذَابُ بَغْتَةً وَّاَنْتُمْ لَا تَشْعُرُوْنَ ۝

၃၉ : ၅၅ ။ ။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့ထံ ပြစ်ဒဏ်သည် အသင်တို့မသိခိုက်၊ ရုတ်တရက် ဆိုက်ရောက်၍ မလာမီပင် မိမိတို့၏ အသျှင်မြတ်အထံတော်မှ မိမိတို့ထံ ထုတ်ပြန်တော်မူခြင်း ခံခဲ့ရလေသော အကောင်းဆုံး အမိန့်တော် (ကုရ်အာန်ကျမ်းတော်မြတ်) ကို လိုက်နာ (ကျင့်သုံး) ကြလေကုန်။

اَنْ تَقُوْلَ نَفْسٌ يّٰحَسْرَتٰى عَلٰى
مَا فَرَّطْتُّ فِيْ جَنْۢبِ اللّٰهِ وَاِنْ كُنْتُ لَمِنَ السّٰخِرِيْنَ ۝

၃၉ : ၅၆ ။ ။ (ဤသည့်အမိန့်တော်ကို ထုတ်ပြန်တော်မူခြင်းမှာ) မည်သူတစ်ဦးတစ်ယောက်မျှပင် 'သြော်- ငါသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာခြင်းနှင့်စပ်လျဉ်း၍ ပျက်ကွက်လစ်ဟင်း ပေါ့ဆခဲ့သောကြောင့် ဝမ်းနည်းရလေခြင်း' ဟူ၍ မပြောဆိုနိုင်ရန်လည်းကောင်း။

أَوْ تَقُولَ لَوْ أَنَّ اللَّهَ هَدَانِي لَكُنتُ مِنَ الْمُتَّقِينَ ٥٧

၃၉ : ၅၇ ။ ။ သို့တည်းမဟုတ် (မည်သူမဆို) 'ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ငါ့အား အကယ်၍သာ တရားလမ်းမှန်သို့ ပို့ပေးတော်မူခဲ့ပါလျှင် ငါသည် 'မွတ္တကီ' ဖြစ်မှုများမှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အနက် အမှန်ပင် အပါအဝင်ဖြစ်ခဲ့ပေမည်' ဟူ၍ မပြောဆိုနိုင်ရန်လည်းကောင်း။

أَوْ تَقُولَ حِينَ تَرَى الْعَذَابَ لَوْ أَنَّ لِي كَرَّةً فَأَكُونَ مِنَ الْمُحْسِنِينَ ٥٨

၃၉ : ၅၈ ။ ။ သို့တည်းမဟုတ် (မည်သူမဆို) ပြစ်ဒဏ်ကို တွေ့မြင်လေသောအချိန်အခါ၌ 'ဧကန်မလွဲ ငါသည် အကယ်၍သာ (ကမ္ဘာလောကသို့) တစ်ဖန် ပြန်၍ သွားနိုင်လျှင် ကောင်းလေစွ။ သို့ဖြစ်ခဲ့လျှင် ငါသည် သူတော်ကောင်းတို့အနက် အပါအဝင်ဖြစ်ပေမည်' ဟူ၍ မပြောဆိုနိုင်ရန်လည်းကောင်း၊ (ထုတ်ပြန်တော်မူခြင်းဖြစ်၏၊)

بَلَىٰ قَدْ جَاءَتْكَ آيَاتِي فَكَذَّبْتَ بِهَا وَاسْتَكْبَرْتَ وَكُنتَ مِنَ الْكَافِرِينَ ٥٩

၃၉ : ၅၉ ။ ။ အဘယ်ကြောင့် မဟုတ်သနည်း။ ငါအသျှင်မြတ်၏ အမိန့်အာယတ်တော်များသည် အသင့်ထံသို့ ဧကန်မလွဲ ရောက်ရှိလာခဲ့ပေသည်။ သို့ရာတွင် အသင်သည် ယင်းအမိန့်အာယတ်တော်များကို မဟုတ်မမှန် ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ပေသည်။ ထို့ပြင် အသင်သည် မာန်မာနထောင်လွှားခဲ့ပေသည်။ ထို့ပြင် အသင်သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့တွင် အပါအဝင် ဖြစ်ခဲ့ပေသတည်း။

وَيَوْمَ الْقِيَامَةِ تَرَى الَّذِينَ كَذَبُوا عَلَى اللَّهِ وُجُوهُهُم
مُّسْوَدَّةٌ ۚ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْمُتَكَبِّرِينَ ٦٠

၃၉ : ၆၀ ။ ။ စင်စစ်သော်ကား (အို၊ နဗီတမန်တော်၊) အသင်သည် 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင် အလ္လာဟ်အသျှင်မြတ်အပေါ်၌ မုသားပြောဆို စွပ်စွဲခဲ့ကြကုန်သော သူတို့အား၊ ၎င်းတို့၏ မျက်နှာတို့မှာ မည်း၍ နေကြသည်ကို တွေ့မြင်ပေမည်။ မာန်မာန ထောင်လွှားကြသော သူတို့၏ နေထိုင်ရာဌာနသည် 'ဂျဟန္နမ်' ငရဲဘုံ၌ ရှိသည်မဟုတ်လော။

وَيُنَجِّي اللَّهُ الَّذِينَ اتَّقَوْا بِمَفَازَتِهِمْ لَا يَمَسُّهُمُ السُّوءُ وَلَا هُمْ يَحْزَنُونَ ٦١

၃၉ : ၆၁ ။ ။ ၎င်းပြင် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော 'မွတ္တကီ' သူတော်စင်တို့ကိုမူကား အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အောင်မြင်မှုနှင့်တကွ လွတ်မြောက်စေတော်မူပေမည်။ ၎င်းတို့တွင် ဘေးဒုက္ခသည်လည်း ဆိုက်ရောက်မည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော် (ထိုမေးမြန်းသူများကို ငါအသျှင်မြတ်ဘက်တော်မှ အဖြေပေးသည့်အနေဖြင့်) ပြောကြားပါလေ။ အို၊ ငါအသျှင်၏ ဗန္ဒာဟ်အပေါင်းတို့ ('ကုဖ္ဖရ်'နှင့် 'ရှရစ်က်'ပြု၍) မိမိတို့အပေါ် ဘောင်ကျော်မှုများ ဖြစ်ခဲ့ပါမူ အလ္လာဟ်အသျှင်မြတ်၏ အသနားတော်မှ မက်မကင်းကြလေနှင့်။ (ထို့ပြင် ဤသို့ မတွေးလေနှင့်။ အဘယ်ကြောင့်ဆိုသော် အီမာန်သက်ဝင်ယုံကြည်လာပြီးသည့်နောက် ကျူးလွန်မိခဲ့သော 'ကုဖ္ဖရ်'၊ 'ရှရစ်က်'များနှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းခြင်း ခံရမည်။ စင်စစ်တွင် ဤသို့ မဟုတ်ရုံသာမက) ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် (အစ္စလာမ်သက်ဝင်ယုံကြည်ခြင်း၏ 'ဗရ်ကာသ်' မင်္ဂလာဖြင့်) 'ဂိုနာဟ်'(ပြုလုပ်ပြီးခဲ့သော) အကုသိုလ် ဟူသရွေ့ ('ကုဖ္ဖရ်'နှင့် 'ရှရစ်က်'ပင် ဖြစ်ပါစေ) ခွင့်လွှတ်ပလပ်ပေးမည်။ စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင် ဖြစ်တော်မူပြီး၊ အလွန်တရာ သနားငဲ့ညာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့ပြင် (ယင်းကဲ့သို့ ခွင့်လွှတ်မှု ရရှိစေရန် စည်းကမ်းချက်နှင့်အညီ 'ကုဖ္ဖရ်'မှ 'သောင်ဗာဟ်'ပြုကာ အစ္စလာမ် သက်ဝင်လာ ရမည်ဖြစ်သည်။ ထို့ကြောင့်) အသင်တို့ ('ကုဖ္ဖရ်'လုပ်ခြင်းမှ 'သောင်ဗာဟ်' ပြုရန်အတွက်) မိမိ အသျှင်မြတ်ဘက်တော်သို့ လှည့်ပြန်ကြကုန်။ ထို့ပြင် (အစ္စလာမ်သက်ဝင်ရာတွင်) ထိုအသျှင်မြတ်၏ အမိန့်ကို နာခံလိုက်နာကြကုန်။ အသင်တို့အပေါ် (အစ္စလာမ်သက်ဝင်ခြင်း မရှိသေးသောကြောင့် အသျှင်မြတ်ဘက်တော်မှ 'အဇာဗ်'ပြစ်ဒဏ် မကျရောက်မီအလျင် အသင်တို့ နာခံလိုက်နာကြကုန်။ (ထို့နောက်) တစ်ဖန် (ထိုကဲ့သို့ 'အဇားဗ်'ကျရောက်ချိန်တွင် မည်သည့်ဘက်မှ) အသင့်အား မည်သည့်အကူအညီမှ ပေးနိုင်မည် မဟုတ်။ (ဆိုလိုသည်မှာ အစ္စလာမ်သက်ဝင်လာခြင်းကြောင့် 'ကုဖ္ဖရ်၊ 'ရှရစ်က်'များအားလုံး ခွင့်လွှတ်ခံ လိုက်ရသည့်နည်းတူ အစ္စလာမ်သက်ဝင်မှု မရှိသည့်အချိန်၌ ကျရောက်လာမည့် 'အဇားဗ်'များကို မည်သူမျှ ပယ်ဖျက်ပေးနိုင်မည် မဟုတ်ပေ။)

ထို့ပြင် (အစ္စလာမ်သက်ဝင်ခြင်း မရှိသည့်အတွက်ကြောင့် ဤသို့ ဖြစ်မည်ဟုဆိုလျှင်) အသင်တို့ (အနေနှင့် လုပ်သင့်သည်မှာ) မိမိအသျှင်မြတ်ဘက်တော်မှ သက်မှတ်မိန့်ခြွေလိုက်သော ကောင်းမှုဟူသရွေ့ တို့အပေါ် လိုက်နာကျင့်ကြံကြလေကုန်။ အသင်တို့အပေါ် ရုတ်တရက် 'အဇားဗ်'အပြစ်ဒဏ်များ မကျရောက်မီ အလျင် (အသင်တို့ ကျင့်ကြံထားသင့်သည်။ ယင်းကို) အသင်တို့ တွေးမိမည်မဟုတ်ပေ။ (လွန်လေပြီး သော အကြောင်းအရာများအရ အာယသ်တော်ရှိ 'အဇားဗ်'ဟူသည်မှာ 'အာခေရသ်'၏ 'အဇားဗ်'ကို ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် ရုတ်တရက်ဟု ပြောဆိုရခြင်းမှာ ပထမ 'စူရ်'တံပိုး မှုတ်လိုက်သောအခါ ဝိညာဉ်များအားလုံး မေ့မျောသွားမည်ဖြစ်ပြီး၊ ဒုတိယ 'စူရ်'တံပိုးမှုတ်ပြီးသည့်နောက် 'အဇားဗ်'ကျရောက်မှု သည် ရုတ်တရက်ဖြစ်မည့်အတွက်ကြောင့် ဖြစ်သည်။ (သို့မဟုတ်) မည်သို့ 'အဇားဗ်'ကျရောက်မည်ကို 'အဇားဗ်'မကျမီက မသိရှိခဲ့ဘဲ ထိုသို့ တွေးပင် မတွေးခဲ့ရာ အတွေးအမြင်နှင့် ဆန့်ကျင်ဘက် ရင်ဆိုင်လိုက် ရခြင်းကိုပင် 'ရုတ်တရက်'ဟု မိန့်ဆိုလိုက်ခြင်း ဖြစ်မည်။ ထို့ပြင် ဤကဲ့သို့ အသျှင်မြတ်ဘက်တော်သို့

ဦးလှည့်ရန် အစ္စလာမ်သာသနာအား နာခံကျင့်သုံးရန် မိန့်ဆိုနေခြင်းမှာ) တစ်ချိန်တစ်ခါ (မနက်ဖန် 'ကေယာမသ်' နေ့၌) တစ်ဦးတစ်ယောက်က ပြောဆိုလိမ့်မည်မှာ 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ကျွန်ုပ်၏ အားနည်းချက်များအပေါ် ဝမ်းနည်းမိသည်။' (ဆိုလိုသည်မှာ ထိုအသျှင်မြတ်၏ အမိန့်နာခံရာတွင် ကျွန်ုပ်ဘက်မှ လျော့နည်းခဲ့သည်။) ထို့ပြင် ကျွန်ုပ်သည် အသျှင်မြတ်၏ ပညတ်ချက်များကို ပျက်ရယ်ပြုခဲ့သည်။ သို့မဟုတ် တစ်ဦးဦးက ဤသို့လည်း ပြောဆိုနိုင်သည်မှာ 'အကယ်၍ (လောကတွင်) အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား လမ်းမှန်ပြသခဲ့သည်ရှိသော် ကျွန်ုပ်သည်လည်း ရှောင်ကြဉ်သူများတွင် ရှိမည် ဖြစ်သည်။ (သို့သော် 'ဟေဒါယသ်'လမ်းမှန်မှုမှပင် လက်မဲ့ဖြစ်ခဲ့ရာ ဤလျော့နည်းချွတ်ချော်မှုအားလုံးသည် ကျွန်ုပ်၌ အပြစ်မရှိပေ။') သို့မဟုတ် အချို့သူက 'အဇာဗ်'အပြစ်ဒဏ် မြင်တွေ့၍ ဤသို့ ပြောဆိုနိုင်သည်မှာ 'ကျွန်ုပ်အား (လောက၌) တစ်ဖန် သွားခွင့်ရလျှင် ကောင်းလေစွ။ တစ်ဖန် သွားခွင့်ရသော် ကျွန်ုပ်သည် သူမွန်သူမြတ်များထဲမှ ဖြစ်စေရမည်။'

(အခြားအဆိုတစ်ခုတွင် ဤသို့ ပြောဆိုခဲ့သည်မှာ အကယ်၍ ကျွန်ုပ်အား 'ဟေဒါယသ်'လမ်းမှန်ပြသခဲ့သည်ရှိသော် ကျွန်ုပ် ရှောင်ကြဉ်သူဖြစ်သွားမည်။ ရှေ့ဆက်၍ ၎င်းသူတို့ကို အဖြေပေးသောအနေဖြင့် မိန့်ဆိုထားသည်မှာ) စေကန်မှုချ အသင်တို့ထံ ငါအသျှင်မြတ်၏ အာယသ်တော်များ ရောက်ရှိခဲ့ရာ အသင်တို့သည် ထိုအာယသ်တော်များကို ငြင်းဆန်ခဲ့ကြသည်။ ထို့ပြင် (ငြင်းဆန်လိုက်ခြင်းသည်လည်း သံသယတစ်စုံတစ်ရာရှိခြင်းကြောင့် မဟုတ်ရုံသာမက) အသင်တို့ သည် မောက်မာခဲ့ကြသည်။ တစ်ချိန်ချိန်တွင် ပြန်လည် အသိတရားလည်း မရရှိရုံသာမက) ကာဖိရ် ငြင်းဆန်သူများအဖြစ်သာ (အမြဲ) ရှိနေခဲ့ကြ၏။ (ဤအတွက်ကြောင့် အသင်တို့ ကျွန်ုပ်တို့အား 'ဟေဒါယသ်'လမ်းမှန်မရရှိခဲ့ဟု ပြောဆိုခြင်းမှာ မှားသည်။) ၎င်းနောက် (ဆက်လက်၍ 'ကုဖ္ဖရ်' ပြုရာ၌ ခေါင်းမာသောသူ ခံစားရမည့် အပြစ်ဒဏ်နှင့် 'ကုဖ္ဖရ်'မှ 'သောင်ဗာဟ်'ပြု လူကောင်း ဖြစ်သွားသူ၏ အကျိုးစဝါးဇ်နှင့် ပတ်သက်ပြီး အကျဉ်းချုံး မိန့်ဆိုနေသည်မှာ အို၊ နဗီတမန်တော်) အသင် 'ကေယာမသ်' နေ့တွင် အသျှင်မြတ်အား ငြင်းဆန်သော သူများ၏ မျက်နှာများ နက်မှောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ (အသျှင်မြတ်ကို ငြင်းဆန်ခြင်းတွင် ပြုမူချက်ပုံစံနှစ်ခု ရှိသည်။ တစ်ခုမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်မဟုတ်သည်ကို အမိန့်ဟု (ဥပမာ- 'ရှရစ်ကဲ'စသည့် အရာများကို အသျှင်မြတ်က အမိန့်ရှိသည်ဟု) ပြောဆိုခြင်းနှင့် အသျှင်မြတ် မိန့်ဆိုထားသော (ဥပမာ) ကျမ်းမြတ်ကုရ်အာန်ကို အသျှင်မြတ်၏ မိန့်ဆိုချက်မဟုတ်ဟု ပြောဆိုခဲ့ကြရာ) ထိုကဲ့သို့သော မာနထောင်လွှားနေသူများ၏ ဌာနေသည် 'ဂျဟန္နမ်'ငရဲဘုံ မဟုတ်သလော။ (၎င်းတို့သည် ရန်ငြိုးထားကာ မာန်မာနထောင်လွှားလျက် ငြင်းဆန်ခဲ့ကြသည်။) ထို့ပြင် အကြင်သူများသည် (ကုဖ္ဖရ်၊ ရှရစ်ကဲမှ) ရှောင်ကြဉ်ခဲ့ရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူတို့ကို အောင်မြင်မှုနှင့်အတူ ('ဂျဟန္နမ်'ငရဲဘေးမှ) လွတ်မြောက်မှုပေးမည်ဖြစ်သည်။ ၎င်းသူတို့ကိုမူ (အနည်းငယ်မျှ) ဒုက္ခရောက်မည်မဟုတ်သည့်အပြင် ၎င်းတို့ကို ပူဆွေးသောကလည်း ရောက်မည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် 'ဂျန္နသ်'တွင် ပူဆွေးသောကဟူ၍ မရှိပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

قُلْ يٰعِبَادِيَ الَّذِيْنَ اَسْرَفُوْا

ဟဇရတ်စအီးဒ် ﷺ ဂျိုဘိုင်ရ် (ရဟ) သည် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ အချို့သူများသည် မတရားသတ်ဖြတ်ကြသည်။ မြောက်မြားစွာသော ဒုစရိုက်ပွားများသည်။ ကာမေသုမိစ္ဆာရက် ကျူးလွန်ပြီးနောက် ထပ်မံ မြောက်မြားစွာသော ကျူးလွန်မှုများ ပြုခဲ့သည်။ ၎င်းက ကိုယ်တော်မြတ် ﷺ ထံ မေးမြန်းလျှောက်ထားသည်မှာ 'အသင်တမန်တော် ဖိတ်ခေါ်မှုပြုနေသော သာသနာတော်သည် အလွန်ကောင်းမွန်သည်မှာ မှန်သည်။ သို့သော် ကျွန်ုပ် သောကရောက်နေသည့်အရာမှာ ကျွန်ုပ်ဤမျှ ကြီးလေးသော ဒုစရိုက်များကို ကျူးလွန်မိခဲ့ရာ အစ္စလာမ်သက်ဝင် ယုံကြည်လာပြီးသည့်နောက် ကျွန်ုပ်၏ 'သောင်ဗာဟ်' လက်ခံမှု ရရှိမည်လော။ ထိုသူ၏ မေးမြန်းချက်အပေါ် အလ္လာဟ်အသျှင်မြတ်သည် အထက်ပါအာယသ်တော်ကို ချပေးသနားတော်မူလိုက်သည်။ *[ကုရ်သုဗီးကျမ်း]*

ထို့ကြောင့် အာယသ်တော်၏ အနှစ်ချုပ်အလိုသဘောမှာ မသေမီအလျင် မည်မျှ ကြီးလေးသော 'ဂိုနာဟ်'ဖြစ်စေကာမူ၊ 'ကုဖွ်ရ်'ပင် ဖြစ်နေလင့်ကစား စစ်မှန်သော 'သောင်ဗာဟ်'ပြုခြင်းဖြင့် ပလပ်သွားနိုင်သည်။ ထို့ပြင် စစ်မှန်သော 'သောင်ဗာဟ်'ဖြင့် 'ဂိုနာဟ်'အကုသိုလ်ဟူသရွေ့ ပလပ်သွားပေသည်။ ထို့အတွက်ကြောင့်ပင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်မှ မျှော်လင့်ချက် မကင်းသင့်ပေ။

ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်က မိန့်ဆိုသည်မှာ ဤအာယသ်တော်သည် 'ဂိုနာဟ်' ကျူးလွန်သူများအတွက် အခြားအာယသ်တော်များအားလုံးထက် ပို၍ အသျှင်မြတ်ကသာ ပို၍ မက်ထားရန် ညွှန်ကြားထားသော အာယသ်တော်ဖြစ်သည်။ သို့သော် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ အသျှင်မြတ်ထံတော်တွင် မက်ထားရန် သာပို နှိုးဆော်ထားပေးသော အာယသ်တော်မှာ

اِنَّ رَبَّكَ لَذُوْ مَغْفِرَةٍ لِّلنَّاسِ عَلٰى ظُلْمِهِمْ ဖြစ်သည်။

وَاتَّبِعُوْا اَحْسَنَ مَا اُنْزِلَ اِلَيْكُمْ

တွင် اَحْسَنَ مَا اُنْزِلَ ၏ အလိုသဘောမှာ 'ကျမ်းမြတ်ကုရ်အာန်'ဖြစ်သည်။ ထို့ပြင် ကျမ်းမြတ်ကုရ်အာန်တစ်အုပ်လုံးသည် احسن (အကောင်းဆုံး) ပင် ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ကို

اَحْسَنَ مَا اُنْزِلَ

ဟု ခေါ်ဆိုရခြင်းမှာ အခြားအကြောင်းခံတစ်ခုလည်း ရှိပေသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကျရောက်ခဲ့သမျှသော 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'၊ 'ဇဘူးရ်'ကျမ်းတို့တွင် ကျမ်းမြတ်ကုရ်အာန်သည် အမြင့်မြတ်ဆုံးနှင့် အပြည့်စုံသော ကျမ်းဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

အာယသ်တော် اَنْ تَقُوْلَ نَفْسٌ يّٰحَسْرَتٰى မှ مِنَ الْمُحْسِنِيْنَ ထိရှိသော အာယသ်တော်သုံးခုစလုံးတွင် ထိုအကြောင်းနှင့် ပတ်သက်၍သာ အကျယ်ဖွင့်ဆိုထားပြီး လေးနက်စေခဲ့သည်။ ယင်းအာယသ်တော်ထက်အလျင် ရှိသော အာယသ်တော်သုံးပိုဒ်တွင် မိန့်ဆိုခဲ့သည့်အရာမှာ မည်မျှပင် ကြီးလေးသောအပြစ်ကို ကျူးလွန်ခဲ့သော ကာဖိရ်ဖြစ်စေ၊ ဖာဂျိရ်ဖြစ်စေ အလ္လာဟ်အသျှင်မြတ်၏ အသနားတော်မှ မျှော်လင့်ချက် မကင်းသင့်ပေ။ အကယ်၍ 'သောင်ဗာဟ်'ပြုလိုက်ပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ကျူးလွန်ခဲ့သော 'ဂိုနာဟ်'ဟူသရွေ့တို့ကို ခွင့်လွှတ်လိုက်ပေမည်။ اَنْ تَقُوْلَ نَفْسٌ မှစ၍ အာယသ်တော်သုံးပိုဒ်တွင် မိန့်ဆိုထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ဂိုနာဟ်'ဟူသရွေ့ကို 'ကုဖ္ဖရ်' နှင့် 'ရှရစ်က်'ပင်ဖြစ်လင့်ကစား 'သောင်ဗာဟ်'ပြုခြင်းဖြင့် ခွင့်လွှတ်တော်မူလေသည်။ သို့သော် မှတ်သားသင့်သည်မှာ မသေမီအလျင်၌သာ 'သောင်ဗာဟ်'ပြုရန် အချိန်ရှိသည်။ သေပြီးနောက် 'ကေယာမသ်'နေ့ ကျရောက်ချိန်မှ 'သောင်ဗာဟ်'ပြုမည်။ မိမိပြုကျင့်ခဲ့သော အရာများနှင့် ပတ်သက်ပြီး အရှက်ရမည်ဆိုလျှင် မည်သို့မျှ အကျိုးသက်ရောက်မည် မဟုတ်ပေ။

ပမာဆိုရသော် အချို့သော ကာဖိရ်၊ ဖွာဂျိရ်များသည် 'ကေယာမသ်'နေ့၌ အမျိုးမျိုး မျှော်လင့်ချက်များ ပြုကြလိမ့်မည်။ အချို့က မိမိသေးသိမ်ရှုံးနိမ့်ကြောင်းများကို ထုတ်ဖော်ပြောဆိုကြမည်မှာ ဝမ်းနည်းလေစွ။ မည်သည့်အတွက်ကြောင့် ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုပြုရာတွင် လျှော့နည်းခဲ့ရသနည်း။ အချို့က ထိုနေရာတွင် ကံကြမ္မာကို ပြစ်တင်ပြီး အလွတ်ရုန်း၍ ပြောဆိုမည်မှာ အကယ်၍ ကျွန်ုပ်ကို အလ္လာဟ်အသျှင်မြတ် လမ်းမှန်ပြသခဲ့ပါသော် ကျွန်ုပ်သည်လည်း ရှောက်ကြည်သူများတွင် ပါဝင်သွားမည်ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်ကိုယ်တိုင်က ကျွန်ုပ်ကို လမ်းမှန်မပြခဲ့ရာ ကျွန်ုပ်မည်သို့ လုပ်ဆောင်ရမည်နည်း။ အချို့က ဤသို့ မျှော်လင့်တောင့်တကြမည်မှာ 'ကျွန်ုပ်ကို တစ်ဖန် လောကသို့ ပြန်လည် စေလွှတ်လျှင် ကောင်းလေစွ။ ဤသို့ စေလွှတ်ခဲ့သည်ရှိသော် ကျွန်ုပ်သည် ပြည့်ဝ တိကျမှန်ကန်သော မွတ်စ္စလင်မ်ဖြစ်ကာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပြည့်ပြည့်ဝဝ လိုက်နာကျင့်သုံးမည်ဖြစ်သည်။ သို့သော် ထိုအချိန်ရောက်ကာမှ ဤသို့ ဝမ်းနည်းနေခြင်းနှင့် မျှော်လင့်နေခြင်းသည် မည်သူ့အတွက်မှ အသုံးဝင်မည်မဟုတ်ပေ။

ဤကဲ့သို့သော မျှော်လင့်ချက်ပုံစံသုံးမျိုးသည် လူတန်းစားအမျိုးမျိုးက ပြုကြမည်ဖြစ်နိုင်သကဲ့သို့ ကာဖိရ်အုပ်စုတစ်ခုတည်းက တစ်မျိုးပြီးတစ်မျိုး အစဉ်လိုက် မျှော်လင့်ချက်များ ပြုကြသည်လည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးပြောဆိုသည့် စကားတွင် ဒုန္နယာလောကသို့ လာရောက်ရန် ဆန္ဒပြုခြင်းဖြစ်သည်။ ထိုအကြောင်းအရာနှင့်အတူ အာယသ်တော်တွင် မိန့်ဆိုထားပေသည်။ ထိုကဲ့သို့ ပြောဆိုမှုများသည် 'အဇားဗ်'ပြစ်ဒဏ်များကို တွေ့မြင်ရပြီးမှ ဖြစ်မည်။ ထို့ကြောင့် သိရှိရသည်မှာ ပထမပြောဆိုသော စကားနှစ်ခွန်းသည် 'အဇားဗ်'ကို မတွေ့မီက ပြောဆိုသော စကားဖြစ်မည်။ ဆိုလိုသည်မှာ 'ကေယာမသ်'နေ့တွင် ဦးစွာပထမ မိမိ၏ 'အမလ်'ကျင့်ကြံမှု လျှော့နည်းခြင်းများကို သတိရ၍ ပြောဆိုမည်မှာ

يَاحَسۡرَتَاعَلٰى مَافَرَّطۡتُّ فِىۡ جَنۢبِ اللّٰهِ

ဟု ဖြစ်ပြီး တစ်ဖန် အကြောင်းပြ ဆင်ခြင်ပေးသောအနေဖြင့် ပြောဆိုမည်မှာ ကျွန်ုပ်တို့သည် မစွမ်းနိုင်သောသူများ ဖြစ်သည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သာ ကျွန်ုပ်တို့ကို 'ဟေဒါယသ်'လမ်းမှန် ပေးခဲ့သော် ကျွန်ုပ်တို့သည်လည်း အမိန့်နာခံသူ၊ ရှောင်ကြဉ်သောသူများ ဖြစ်သွားကြပေလိမ့်မည်။ သို့သော် ထိုအသျှင်မြတ်က 'ဟေဒါယသ်'မပေးခဲ့သည့်အတွက် ကျွန်ုပ်တို့တွင် မည်သို့ အပြစ်ရှိပါသနည်း။ ထို့နောက် တစ်ဖန် 'အဇာဗ်'ကို တွေ့မြင်ရသောခါ မျှော်လင့်တောင့်တမည်မှာ အကယ်၍ ဒွန္နယာလောကသို့ ပြန်လည် သွားခွင့်ပေးလျှင် ကောင်းလေစွ။ အလ္လာဟ်အသျှင်မြတ်သည် ထိုအာယသ်တော်သုံးပိုဒ်စလုံးတွင် ဖော်ပြပြီး ဖြစ်သည်မှာ အလ္လာဟ်အသျှင်မြတ်၏ ခွင့်လွှတ်ပလပ်ပေးမှုနှင့် သနားညှာတာမှု နယ်ပယ်သည် အလွန်ပင် ကြီးမားကျယ်ပြန့်လေသည်။ သို့သော်လည်း ယင်းကိုမူ မသေမီအလျင် 'သောင်ဗာဟ်'ပြုခြင်းဖြင့်သာ ရရှိနိုင်ပေသည်။ ထို့ကြောင့် ငါအသျှင်မြတ်သည် အသင်တို့ကို ယခုကတည်းက သေပြီးမှ နောင်တမရရှိ စေရန် တင်ပြလိုက်ပြီးဖြစ်၏။ ထို့ပြင် 'အာခေရသ်'၌ ထိုကဲ့သို့သော အကျိုးမဲ့ အချည်းအနှီး မျှော်လင့် တောင့်တမှုများ မပြုလုပ်စေရန်အတွက် ဖြစ်သည်။

بَلٰى قَدۡ جَآءَتۡكَ اٰيٰتِىۡ فَكَذَّبۡتَ بِهَا

ဤအာယသ်တော်တွင် ကာဖိရ်များ၏ ထိုစကားရပ်၏ အဖြေပါရှိနေပေသည်။ စကားရပ်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် 'ဟေဒါယသ်'ပေးခဲ့သော် ကျွန်ုပ်တို့ ရှောင်ကြဉ်သူ ဖြစ်သွားပေ လိမ့်မည်။ ဤအာယသ်တော်မှ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ပြည့်ဝသော 'ဟေဒါယသ်' လမ်းညွှန်မှု ပြုပြီးသည့်အပြင် မိမိ၏ ကျမ်းဂန်နှင့် အာယသ်တော်များကိုလည်း ချပေးသနားတော်မူခဲ့ရာ ၎င်းတို့ ဤသို့ အလ္လာဟ်အသျှင်မြတ်က ကျွန်ုပ်တို့ကို 'ဟေဒါယသ်'မပေးဟု ပြောဆိုနေခြင်းမှာ မှားယွင်း၍ အချည်းနှီးသာ ဖြစ်သည်။ ကေနံစင်စစ် 'ဟေဒါယသ်'ပြုပြီးသည့်နောက် ကောင်းမှုကျင့်ဆောင်ရန်နှင့် အမိန့်နာခံရန် အလ္လာဟ်အသျှင်မြတ်က မည်သူ့ကိုမျှ အတင်းအကြပ် မပြုလုပ်ခဲ့ပေ။ သို့သာမက ဗန္ဒာဟ် ကို ဤသည် မှန်ကန်သော လမ်းဖြစ်ရာ အသင် ရွေးချယ်နိုင်သည်။ သို့တည်းမဟုတ် ဤသည်မှာ မှားယွင်း သော လမ်းဖြစ်ရာ အသင် ရွေးချယ်လိုက ရွေးချယ်နိုင်သည်။ ဤသည်ပင် ဗန္ဒာဟ်လူသားအား စမ်းစစ် တော်မူခြင်း ဖြစ်သည်။ ထိုရွေးချယ်မှုအပေါ်တွင် လူသား၏ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းသည်မူ တည်နေခဲ့၏။ အကြင်သူသည် မိမိဆန္ဒအလျောက် လမ်းမှားကို ရွေးချယ်လျှောက်လှမ်းခဲ့လျှင် ထိုအပြစ်သည် ၎င်း၏ တာဝန်သာ ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَللّٰهُ خَالِقُ كُلِّ شَيْءٍ ۙ وَّهُوَ عَلٰى كُلِّ شَيْءٍ وَّكِيْلٌ ﴿٦٢﴾

၃၉ : ၆၂ ။ ။ အလ္လာဟ်အသျှင်မြတ်သည်ပင် အရာရာကို ဖန်ဆင်းတော်မူသော အသျှင်ဖြစ်တော်မူသည့်ပြင် ထိုအသျှင်မြတ်သည်ပင် အရာခပ်သိမ်းတို့အပေါ်ဝယ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင် ဖြစ်တော်မူ၏။

لَهٗ مَقَالِيْدُ السَّمٰوٰتِ وَالْاَرْضِ ۗ وَ
الَّذِيْنَ كَفَرُوْا بِاٰيٰتِ اللّٰهِ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿٦٣﴾

၃၉ : ၆၃ ။ ။ မိုးကောင်းကင်များ၊ ကမ္ဘာမြေ၏ သော့များသည် ထိုအသျှင်မြတ် (၏ လက်တော်တွင်း) ၌သာ ရှိကြကုန်၏။ သို့ပါလျက် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်အမိန့်တော်များကို ငြင်းပယ်ခဲ့ကြသည်ရှိသော် ထိုသူတို့သည်သာလျှင် ဆုံးရှုံးသောသူများ ဖြစ်ကြပေမည်။

قُلْ اَفَغَيْرَ اللّٰهِ تَاْمُرُوْٓنِّيْٓ اَعْبُدُ اَيُّهَا الْجٰهِلُوْنَ ﴿٦٤﴾

၃၉ : ၆၄ ။ ။ (အို, နဗီတမန်တော်) အသင်သည် (ဤသို့) ပြောဆို (မေးမြန်း) ပါလေ။ အို, အသိပညာကင်းမဲ့သူတို့၊ သို့ပါလျက် ငါသည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားအရာများကို ဆည်းကပ်ကိုးကွယ်ရန် အသင်တို့သည် ငါ့အား တိုက်တွန်း ကြလေသလော။

وَلَقَدْ اُوْحِيَ اِلَيْكَ وَاِلَى الَّذِيْنَ مِنْ قَبْلِكَ ۚ لَئِنْ اَشْرَكْتَ
لَيَحْبَطَنَّ عَمَلُكَ وَلَتَكُوْنَنَّ مِنَ الْخٰسِرِيْنَ ﴿٦٥﴾

၃၉ : ၆၅ ။ ။ အမှန်စင်စစ် အသင့်ထံသို့လည်းကောင်း၊ အသင့်အလျှင် (ပွင့်ခဲ့ကြလေသော နဗီတမန်တော်များ) ထံသို့လည်းကောင်း၊ မုချမလွဲ (ဤသို့) "ဝဟီ" အမိန့်တော်ထုတ်ပြန်ခြင်း ခံခဲ့ရလေ၏။ 'အမှန်ပင် အကယ်၍ အသင်သည် (တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့်) နှိုင်းယှဉ် တွဲဖက်ကိုးကွယ်မှုကို ကျူးလွန်မိခဲ့ပါလျှင် မုချစင်စစ် အသင်၏ ပြုမူကျင့်ဆောင်ချက်တို့သည် အချည်းနှီးဖြစ်သွားမည့်အပြင် ဧကန်မလွဲ အသင်သည် ဆုံးရှုံးကြကုန်သော သူတို့တွင်လည်း အပါ အဝင် ဖြစ်ချေမည်။

بَلِ اللّٰهَ فَاعْبُدْ وَكُنْ مِّنَ الشّٰكِرِيْنَ ﴿٦٦﴾

၃၉ : ၆၆ ။ ။ သို့ဖြစ်ပေရာ အသင်သည် ထိုသို့ အလျဉ်းမပြုဘဲ အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ကျေးဇူးတော်ကို သိတတ်သော သူတို့တွင် အပါအဝင် ဖြစ်ပါလေ။

وَمَا قَدَرُوا اللَّهَ حَقَّ
قَدْرِهِ وَالْأَرْضُ جَمِيعًا قَبْضَتُهُ يَوْمَ الْقِيَامَةِ وَالسَّمَاوَاتُ
مَطْوِيَّاتٌ بِيَمِينِهِ ۚ سُبْحَانَهُ وَتَعَالَىٰ عَمَّا يُشْرِكُونَ ﴿٦٧﴾

၃၉ : ၆၇ ॥ ॥ စင်စစ် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ကြည်ညိုလေးစားအပ်သည့် နည်းအတိုင်း ကြည်ညိုလေးစားခြင်း မပြုခဲ့ကြပေ။ စင်စစ် 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင် ကမ္ဘာမြေတစ်ခုလုံးမှာ ထိုအသျှင်မြတ်၏ လက်တစ်ဆုပ်စာပင် ရှိမည်သာမက၊ မိုးကောင်းကင်များမှာလည်း ထိုအသျှင်မြတ်၏ လက်ယာလက်တော်တွင်း၀ယ် လိပ်ထားလျက်ပင် ရှိကြပေမည်။ ထိုအသျှင်မြတ်မှာမူကား ၎င်းတို့ တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြသည်တို့မှ (လုံး၀) စင်ကြယ်သန့်ရှင်းတော်မူသည့်အပြင် ထိုအသျှင်မြတ်သည် (၎င်းအရာတို့ထက် အတိုင်းမရှိ) မြင့်မြတ်လှတော်မူပေသတည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သာလျှင် အရာရာကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပြီး အရာရာကို ထိုအသျှင်မြတ်သာလျှင် စောင့်ရှောက်တော်မူ၏။ မိုးမြေရှိ သော့ချက်ဟူသရွေ့သည် ထိုအသျှင်မြတ်၏ လက်တော်တွင်သာ ရှိ၏။ (ဆိုလိုသည်မှာ ထိုအရာအားလုံးကို တီထွင်ဖန်ဆင်းတော်မူသော အသျှင်မြတ်လည်း ဖြစ်သလို ထိုအရာများကို တည်တံ့စေတော်မူသော အသျှင်၊ ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။ وَكِيلٌ ဟူသော စာလုံး၏ အလိုသဘောမှာ ဤအတိုင်းပင် ဖြစ်သည်။ ထို့ပြင် ယင်းအဖန်ဆင်းခံ အရာအားလုံးတွင် ဆုံးဖြတ်ချက်ဟူသမျှနှင့် ပြောင်းလဲမှုဟူသရွေ့တို့သည် ထိုအသျှင်မြတ်၏ လုပ်ဆောင်ချက်သာ ဖြစ်တော်မူပေသည်။

لَهُ مَقَالِيدُ السَّمَاوَاتِ وَالْأَرْضِ

၏ အလိုသဘောမှာ ဤအတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကြင်သူ၏ လက်၀ယ်တွင် ဘဏ္ဍာတိုက်၏ သော့ရှိပါမူ ထိုသူသည်သာလျှင် များသောအားဖြင့် ဆုံးဖြတ်ပိုင်ခွင့် ရှိသောသူ ဖြစ်မည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် စကြ၀ဠာဟူသရွေ့ကို မည်သူမှ ရောယှက်ပါ၀င်ခြင်း မရှိဘဲ ဖန်ဆင်းတော်မူ၍ ထိန်းသိမ်းစောင့်ရှောက်တော်မူပြီး ဆုံးဖြတ်ချက်ဟူသရွေ့ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူရာ ထိုအသျှင်မြတ်ကိုသာ 'အေဗာဒသ်' ပြု ကိုးကွယ်ဆည်းကပ်သင့်သည်။ ထို့ပြင် စ၀ါးမ်ချီးမြှင့်ခြင်း၊ အပြစ်ပေးခြင်းသည်လည်း ထိုအသျှင်မြတ်သာလျှင် ပိုင်ဆိုင်သင့်သည်။ ဤအရာအားလုံးသည် 'သောင်ဟီဒ်' အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်း၏ အချုပ်ဖြစ်သည်။ သို့ရှိရာ ဤအရေးပါသော အရာများ

အားလုံးကို မုရှ်ရစ်က်များလည်း လက်ခံခဲ့ကြရာ ၎င်းတို့အပေါ် 'သောင်ဟီးဒ်'နှင့် ပတ်သက်ပြီး ယုံကြည်လက်ခံရန် အရေးကြီးလှပေသည်။ ထို့ကြောင့် မိန့်ဆိုထားသည်မှာ) အကြင်သူများသည် (ဤမျှ ပြောသော်လည်း) အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ ('သောင်ဟီးဒ်'တရားနှင့် အကျိုးစဝါးဖ်ပေးခြင်း၊ 'အဇားဗ်'အပြစ်ဒဏ် ချမှတ်ခြင်းများ ပါဝင်သော အာယသ်တော်များ) ကို လက်မခံခဲ့ကြပေ။ ထိုသူများသည် အလွန်သေးသိမ်ဆုံးရှုံးမှုတွင်သာ ရှိမည်။ (ထို့ပြင် ဤသူများသည် 'ကုဖ္ဖရ်'နှင့် 'ရှုရစ်က်'၌ ကိုယ်တိုင်လည်း နစ်မွန်းနေခဲ့ကြပြီးဖြစ်ရာ ယခု ၎င်းတို့၏ သတ္တိမှာ ဤမျှ များပြားလာကြသည်မှာ အသင်တမန်တော်ကိုလည်း မိမိတို့၏ လမ်းစဉ်အပေါ် လျှောက်လှမ်းရန် တောင်းခံ ပြောဆိုလာကြမည်ဖြစ်သည်။ သို့ရှိရာ) အသင်တမန်တော် ပြောကြားပါလေ။

အို့, ပညာမဲ့ မိုက်မဲသူတို့ (အထက်ဖော်ပြပါ အထောက်အထားများဖြင့် 'သောင်ဟီးဒ်'တရား၏ ပြည့်ဝသော အကြောင်းအရာများကို သိရှိပြီး 'ကုဖ္ဖရ်'နှင့် 'ရှုရစ်က်'၏ မှားယွင်းကြောင်း ပေါ်လွင်ပြီးသည့်နောက်) ထို့နောက်တွင်လည်း အသင်တို့ ငါကိုယ်တော်မြတ် ﷺ ကို အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ကိုးကွယ်ဆည်းကပ်ရန် ပြောဆိုနေကြသလော။ (ထို့ပြင် ကိုယ်တော်မြတ် ﷺ မှ 'ကုဖ္ဖရ်' နှင့် ရှုရစ်က်ဟူသော အပြစ်ကို ကျူးလွန်ရန် မည်သို့ ဖြစ်နိုင်မည်နည်း။ သို့ရှိရာ) အသင်တမန်တော်၏ ဘက်သို့လည်းကောင်း၊ ယခင်နဗီများအပေါ်သို့လည်းကောင်း ဤ 'ဝဟီ'ဗျာဒိတ်တော်ကို ပို့ချပေးခဲ့ပြီးဖြစ်သည်။ ယင်းကို (အွမှသ်တိုင်း) ကို ပို့ချလိုက်ပါလေ။ အကြောင်းမှာ အကယ်၍ အသင် ရှုရစ်က် တုဖက်မှုပြုသော် အသင် ပြုကျင့်ခဲ့သော ကောင်းမှုဟူသရွေ့ကို ဖျက်သိမ်းခြင်းခံရမည်ဖြစ်ပြီး အသင်သည် သေးသိမ်မှုနှင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။ (ဤအတွက်ကြောင့် အသင် မည်သည့်အခါမှ ရှုရစ်က်၏ အနီးနားသို့ပင် မချဉ်းကပ်လေနှင့်။) သို့သာမက အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်မှုပြုပြီး (ထိုအသျှင်မြတ်ကိုသာ) ကျေးဇူးဥပကာ ပြုနေပါ။ (ထို့ပြင် နဗီတမန်တော်များအားလုံး ထိုထဲတွင် ကိုယ်တော်မြတ် ﷺ လည်း ပါဝင်ခဲ့ရာ 'သောင်ဟီးဒ်'တရား၏ မှန်ကန်ခြင်းနှင့် 'ကုဖ္ဖရ်'နှင့် 'ရှုရစ်က်'၏ မှားယွင်းခြင်းကို 'ဝဟီ'၏ အကြောင်းခံဖြင့် သိစေခဲ့သည်။ ထို့ပြင် ၎င်းနဗီတမန်တော်များကို အခြားသူများထံသို့လည်း ဤယုံကြည်ချက်နှင့် ပတ်သက်၍ လမ်းညွှန်မှုပြုရန် စေလွှတ်ခဲ့သည်။ သို့ရှိရာ ၎င်းမုရှ်ရစ်က်များသည် ကိုယ်တော်မြတ် ﷺ 'ကုဖ္ဖရ်'နှင့် 'ရှုရစ်က်'ပြုလိမ့်မည်ဟု မျှော်လင့်နေခြင်းမှာ အသိဉာဏ်ခေါင်းပါး မိုက်မဲခြင်းမှအပ အခြားမရှိပေ။) ထို့ပြင် (ဝမ်းနည်းစရာကောင်းသည်မှာ) ၎င်းသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော် အနန္တထည်ဝါမှုကို သိသင့်သည့်အတိုင်း မသိခဲ့ပေ။ စင်စစ်မှာ မြေပထဝီတစ်ခုလုံးသည် အသျှင်မြတ်၏ လက်တော်တွင်သာ ရှိမည်ဖြစ်ပြီး 'ကေယာမသ်'နေ့တွင် မိုးကောင်းကင်တစ်ခုလုံးကို ထိုအသျှင် မြတ်၏ ညာဘက်လက်တော်တွင် ဆုပ်ကိုင်ထားမည်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ တုဖက်မှုပြုနေသော အရာများမှ သန့်ရှင်းစင်ကြယ် မြင့်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမ်မှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

لَهٗ مَقَالِيْدُ السَّمٰوٰتِ وَالْاَرْضِ

တွင် **مقاليد** သည် **مقلاد** (သို့မဟုတ်) **مقليد** ၏ အများကိန်းဖြစ်သည်။ ၎င်းကို 'သောက၏ သော့တံ'ဟု ဖွဲ့နွဲ့သုံးစွဲသည်။ ထို့ပြင် အချို့ပညာရှင်များက စင်စစ် ဤစာလုံးသည် ဖာရစီဘာသာမှ အာရဗီဘာသာပုံစံဖြင့် ကူးပြောင်းလာသည်ဟု ဆိုသည်။ ဖာရစီဘာသာတွင် သော့တံကို **كليد** ဟု ခေါ်သည်။ ၎င်းကို အာရဗီလုပ်၍ **اقليد** ဟု ပြုလိုက်သည်။ တစ်ဖန် ၎င်း၏ အများကိန်းကို **مقاليد** ဟု သုံးကြသည်။

[ရှုးဟွလ်မအာနီကျမ်း]

သော့တံများ တစ်ဦးတစ်ယောက်၏ လက်တွင် ရှိနေခြင်းသည်လည်း သုံးစွဲပိုင်ခွင့်ရှိခြင်းနှင့် ပိုင်ဆိုင်ခြင်း၏ လက္ခဏာ ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ မိုးကောင်းကင်နှင့် မြေပထဝီရှိ 'နေအ်မသ်'ရတနာသိုက်များ ဖုံးကွယ်လျက်ရှိရာ ထိုအရာအားလုံး၏ သော့တံများသည် အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်တွင် ရှိတော်မူသည်။ ထိုအရာအားလုံးကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ်ဖြစ်တော်မူပြီး ထိုအသျှင်မြတ်သာလျှင် နှစ်သက်သည့် ပုံစံအတိုင်း သုံးစွဲနိုင်တော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။ အသျှင်မြတ် လိုလားတော်မူသည့်အခါ လိုလားသူကို ကြိုက်နှစ်သက်သည်နှင့်အမျှ ချီးမြှင့်နိုင်ပြီး မလိုလားသူကို မချီးမြှင့်ပေ။

ထို့ပြင် အချို့ဟဒီးစ်ဆင့်ပြန်ချက်များတွင် တတိယ'ကလေမာဟ်'ကို

سُبْحَانَ اللهِ وَالْحَمْدُ لِلّٰهِ وَلَآ اِلٰهَ اِلَّا اللهُ وَاللهُ اَكْبَرُ وَلَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللهِ الْعَلِيِّ الْعَظِيْمِ

ကိုပင် مَقَالِيْدُ السَّمٰوٰتِ وَالْاَرْضِ ဟု ဆိုထားသည်။ ၎င်းမှ သိရှိရသည်မှာ အကြင်မည်သူမဆို နံနက်၊ ည ဤ 'ကလေမဟ်'တော်ကို ရွတ်ဖတ်ပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းကို မိုးမြေအတွင်းရှိ စည်းစိမ်ရတနာများကို ချီးမြှင့်တော်မူမည် ဖြစ်သည်။ ဤရေဝါယသ်ကို အိဗ်နေဂျောင်ဝ်ဇီ (ရဟ) သခင်က 'မောင်ဝ်ဇူအ်' ဟု ဆိုသော်လည်း အခြားဟဒီးစ် ပညာရှင်များကမူ ဤဟဒီးစ်တော်ကို 'ဇွအီးဖ်' (အားနည်း) သည်ဟု မိန့်ဆိုထားသည်။ ထိုကဲ့သို့သော ဟဒီးစ်မျိုးကို 'အမလ်'ကျင့်ဆောင်မှုနှင့် ပတ်သက်ပြီး အကျိုးကျေးဇူးများ တင်ပြရာ၌ သုံးနှုန်းနိုင်သည်။ *[ရှုးဟွလ်မအာနီကျမ်း]*

وَالْاَرْضُ جَمِيْعًا قَبْضَتُهٗ يَوْمَ الْقِيٰمَةِ وَالسَّمٰوٰتُ مَطْوِيّٰتٌ بِيَمِيْنِهٖ

'ကေယာမသ်'နေ့တွင် မြေပထဝီတစ်ခုလုံးသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်တွင်းဝယ် ရှိတော်မူခြင်းနှင့် မိုးကောင်းကင်ကို လိပ်ခေါက်၍ ထိုအသျှင်မြတ်၏ လက်ယာလက်တွင် ရှိတော်မူခြင်း

ဟူသည့် အလိုသဘောကို ရှေးယခင်ပညာရှင်ကြီးများက ထိုအတိုင်းပင် မှတ်ယူကြသည်။ သို့သော် အာယသ်တော်၏ အကြောင်းအရာ 'မိုသရှာဗေဟားသ်'ထဲမှ ဖြစ်ပြီး ယင်း၏ တိကျသော အလိုသဘောကို အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမှ မသိနိုင်ပေ။ ထို့ပြင် လူသားများကို ထိုအရာများ၏ ဇစ်မြစ်ကို သိရှိရန် ကြိုးစားခြင်းမှလည်း တားမြစ်ထားသည်။ သို့ရှိရာ ထိုအချက်များအပေါ် အီမာန်သက်ဝင်ယုံကြည်ရန်သာ ဖြစ်သည်။ ဆိုလိုသည်မှာ ထိုသို့ ပြောဆို၍ အလ္လာဟ်အသျှင်မြတ် ရည်ညွှန်းလိုသည့် အရာမှာ အမှန်ပင် ရှိသည်။ ထို့နောက် ဤအာယသ်တော်၏ အပေါ်ယံစာသားများအရ အလ္လာဟ်အသျှင်မြတ်၏ လက်တော်တွင်းနှင့် ယာဘက်လက်ရှိနေခြင်းကို သိရှိရသည်။ ထိုအရာများသည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများဖြစ်ရာ အလ္လာဟ်အသျှင်မြတ်သည် ခန္ဓာထုထည်မှ သန့်ပြန့်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ထိုအချက်ကို ရည်ညွှန်း၍ အာယသ်တော်အဆုံးပိုင်းတွင် سُبۡحَٰنَهُۥ وَتَعَٰلَىٰ عَمَّا يُشۡرِكُونَ ဟု တင်ပြထားပြီး ထိုစာလုံးများကို 'မိမိတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် နှိုင်းယှဉ်မှု မပြုလေနှင့်'ဟု ရည်ညွှန်းထားသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာအားလုံးမှ သန့်ပြန့်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

ထို့ပြင် နောက်ပိုင်းပညာရှင်များက ဤအာယသ်တော်ကို သဘောပေါက်စေရန် ပမာပေးမိန့်ဆိုထားသည်ဟူ၍ ပြောဆိုကြပြီး ယင်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြသည်မှာ အရာဝတ္ထုတစ်ခုသည် လက်ဆုပ်တွင်းရှိခြင်း၊ ထို့နောက် ညာဘက်လက်တွင် ရှိခြင်းဆိုသည့် ထိုအရာများအပေါ် ပြည့်ပြည့်ဝဝ ပိုင်ဆိုင်ခြင်းနှင့် တတ်စွမ်းနိုင်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သာလျှင် သန့်ရှင်းစင်ကြယ် မြင့်မြတ်တော်မူပြီး ထိုအသျှင်မြတ်သာလျှင် အသိတော်မူဆုံး ဖြစ်တော်မူပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَنُفِخَ فِي الصُّورِ فَصَعِقَ مَن فِي السَّمٰوٰتِ وَمَن فِي الْأَرْضِ
إِلَّا مَن شَاءَ اللّٰهُ ۖ ثُمَّ نُفِخَ فِيهِ أُخْرٰى فَإِذَا هُمْ قِيَامٌ يَنظُرُونَ ﴿٦٨﴾

၃၉ : ၆၈ ။ ။ ထို့ပြင် တံပိုးခရာမှုတ်သောအခါ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသောသူမှအပ မိုးကောင်းကင်များ၌ ရှိကြကုန်သော သူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိကြကုန်သောသူတို့သည်လည်းကောင်း သတိမေ့၍ သွားကြပေမည်။ ထို့နောက်တစ်ဖန် ယင်းတံပိုးကို မှုတ်ခဲ့ပြန်သော် ၎င်းတို့မှာ ရုတ်တရက် မတ်တပ်ရပ်လျက် ကြည့်နေကြပေမည်။

وَاَشۡرَقَتِ الۡاَرۡضُ بِنُوۡرِ رَبِّهَا وَوُضِعَ الۡكِتٰبُ وَجِاۡىۡٓءَ بِالنَّبِيّٖنَ
وَالشُّهَدَآءِ وَقُضِىَ بَيۡنَهُمۡ بِالۡحَـقِّ وَهُمۡ لَا يُظۡلَمُوۡنَ ﴿۶۹﴾

၃၉ : ၆၉ ။ ။ ၎င်းပြင် ပထဝီမြေမှာ ၎င်းကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရောင်ခြည်တော်ကြောင့် လင်းထိန်ချသွားပေမည်။ ထို့ပြင် မှတ်တမ်းစာအုပ်များသည် လည်း (အဆင်သင့်) ထားရှိပြီး ဖြစ်ကြပေမည်။ ထိုမှတစ်ပါး နဗီတမန်တော်တို့သည်လည်းကောင်း၊ 'ရှဟီးဒ်' (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ကျဆုံးခဲ့ကြရသောသူ) တို့သည်လည်းကောင်း၊ (ရှေ့တော်မှောက်သို့) ရောက်လာကြရပေမည်။ ထို့ပြင် ၎င်းတို့၏ အကြားဝယ် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီး ဖြစ်ချေမည်။ သို့ရာတွင် ၎င်းတို့မှာ (အနည်းငယ်စိုးစဉ်းမျှပင်) မတရားပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။

وَوُفِّيَتۡ كُلُّ نَفۡسٍ مَّا عَمِلَتۡ وَهُوَ اَعۡلَمُ بِمَا يَفۡعَلُوۡنَ ﴿۷۰﴾

၃၉ : ၇၀ ။ ။ ထို့ပြင် လူတိုင်းလူတိုင်းသည် မိမိတို့ ကျင့်မှုပြုလုပ်ခဲ့ကြသည်တို့၏ အစားကို အပြည့်အစုံ ပေးဆပ်ခြင်းကို ခံကြရပေမည်။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် ၎င်းတို့ပြုလုပ်သမျှတို့ကို အသိတော်မူဆုံးပင် ဖြစ်တော်မူပေသတည်း။

وَسِيۡقَ الَّذِيۡنَ كَفَرُوۡۤا اِلٰى جَهَنَّمَ زُمَرًا ‌ؕ حَتّٰٓى اِذَا جَآءُوۡهَا فُتِحَتۡ
اَبۡوَابُهَا وَقَالَ لَهُمۡ خَزَنَتُهَاۤ اَلَمۡ يَاۡتِكُمۡ رُسُلٌ مِّنۡكُمۡ
يَتۡلُوۡنَ عَلَيۡكُمۡ اٰيٰتِ رَبِّكُمۡ وَيُنۡذِرُوۡنَكُمۡ لِقَآءَ يَوۡمِكُمۡ
هٰذَا ‌ؕ قَالُوۡا بَلٰى وَلٰـكِنۡ حَقَّتۡ كَلِمَةُ الۡعَذَابِ عَلَى الۡكٰفِرِيۡنَ ﴿۷۱﴾

၃၉ : ၇၁ ။ ။ စင်စစ် 'ကာဖိရ်'သွေဖည် ငြင်းပယ်ခဲ့ကြကုန်သော သူတို့သည် 'ဂျဟန္နမ်'ငရဲဘုံသို့ အုပ်စုလိုက် မောင်းနှင်ခြင်းကို ခံကြရပေမည်။ နောက်ဆုံးတွင် ၎င်းတို့သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံသို့ ရောက်ရှိလာခဲ့ကြသောအခါ ယင်း 'ဂျဟန္နမ်'ငရဲဘုံ၏ တံခါးများသည် ဖွင့်ပေးခြင်းကို ခံကြရပေမည်။ ထိုမှတစ်ပါး ယင်း'ဂျဟန္နမ်'ငရဲဘုံကို စောင့်ကြပ်သူ (ကောင်းကင်တမန်) တို့က ၎င်းတို့အား 'အသင်တို့ထံ အသင်တို့အနက်မှပင် အကြင်ရစူလ်တမန်တော်များ ရောက်ရှိလာခဲ့ကြသည် မဟုတ်လော၊ ထိုရစူလ်တမန်တော်များသည် အသင်တို့ ရှေ့ဝယ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များကိုလည်း ဖတ်ကြားခဲ့ကြလေ၏။ ထိုမှတစ်ပါး အသင်တို့အား ဤနေ့နှင့် အသင်တို့ ဆုံစည်းကြရမည်ကိုလည်း သတိပေးနိုးဆော်ခဲ့ကြကုန်၏။'ဟု ပြောဆိုကြပေမည်။ (ထိုအခါ) ၎င်းတို့က 'ဟုတ်ပေသည်။ သို့ရာတွင် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အပေါ်၌ ပြစ်ဒဏ်၏ အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီ'ဟု ပြောဆို (ပြန်ကြား) ခဲ့ကြပေမည်။

قِيلَ ادْخُلُوٓا أَبْوَابَ جَهَنَّمَ خَٰلِدِينَ فِيهَا ۖ فَبِئْسَ مَثْوَى الْمُتَكَبِّرِينَ ﴿٧٢﴾

၃၉ : ၇၂ ။ ။ (ထိုအခါဝယ် ၎င်းတို့မှာ) အသင်တို့သည် 'ဂျဟန္နမ်ငရဲဘုံ၏ တံခါးများအတွင်းသို့ အမြဲထာဝစဉ် နေထိုင်ကြရမည့် သူများအဖြစ် ဝင်ရောက်ကြလေကုန်' ဟူ၍ ပြောဆိုခြင်းကို ခံကြရပေမည်။ စင်စစ် မာန်မာန ထောင်လွှားကြကုန်သော သူတို့၏ နေထိုင်ရာဌာနသည် လွန်စွာ ဆိုးရွားလှပေသတည်း။

وَسِيقَ الَّذِينَ اتَّقَوْا رَبَّهُمْ إِلَى الْجَنَّةِ زُمَرًا ۖ
حَتَّىٰٓ إِذَا جَآءُوهَا وَفُتِحَتْ أَبْوَٰبُهَا وَقَالَ لَهُمْ خَزَنَتُهَا
سَلَٰمٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوهَا خَٰلِدِينَ ﴿٧٣﴾

၃၉ : ၇၃ ။ ။ ထို့ပြင် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်သော သူတို့သည် 'ဂျန္နသ်' သုခဘုံ သို့ အုပ်စုလိုက်၊ အုပ်စုလိုက် ပို့ပေးခြင်းကို ခံကြရပေမည်။ နောက်ဆုံးတွင် ထိုသူတို့သည် ယင်း'ဂျန္နသ်' သုခဘုံသို့ ရောက်ရှိ လာခဲ့ကြပေမည်။ ယင်း 'ဂျန္နသ်' သုခဘုံ၏ တံခါးများသည် (ယခင်ကတည်းက) ပွင့်လျက်ရှိပေမည်။ ၎င်းနောက် ယင်း 'ဂျန္နသ်' သုခဘုံကို စောင့်ကြပ်သူ (ကောင်းကင်တမန်) တို့က ၎င်းတို့အား 'ချမ်းမြေ့သာယာမှုသည် အသင်တို့အပေါ်ဝယ် ကျရောက်ပါစေသတည်း။ အသင်တို့သည် စင်ကြယ်သန့်ရှင်းခဲ့ကြပြီး ဖြစ်ပေရာ ယင်း 'ဂျန္နသ်' သုခဘုံသို့ အမြဲထာဝစဉ် နေထိုင်ကြရမည့်သူများအဖြစ် ဝင်ရောက်ကြလေကုန်' ဟု ပြောဆိုခဲ့ကြပေမည်။

وَقَالُوا الْحَمْدُ لِلَّهِ الَّذِي صَدَقَنَا وَعْدَهُ وَأَوْرَثَنَا الْأَرْضَ
نَتَبَوَّأُ مِنَ الْجَنَّةِ حَيْثُ نَشَآءُ ۖ فَنِعْمَ أَجْرُ الْعَٰمِلِينَ ﴿٧٤﴾

၃၉ : ၇၄ ။ ။ (ထိုအခါဝယ်) ထို (သူတော်စင်) တို့က ချီးမွမ်းထောပနာအပေါင်းတို့သည် အကြင်အလ္လာဟ် အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထိုအသျှင်မြတ်သည် ကျွန်တော်မျိုးတို့နှင့် ပတ်သက်၍ မိမိထားရှိတော်မူခဲ့သော ကတိကို မှန်ကန်စေတော်မူခဲ့သည့်ပြင် ဤ ('ဂျန္နသ်' သုခဘုံ၏) မြေကို ကျွန်တော်မျိုးတို့အား အမွေအဖြစ် ပိုင်ဆိုင်စေတော်မူပြီးဖြစ်ရာ ကျွန်တော်မျိုးတို့မှာ 'ဂျန္နသ်' သုခဘုံတွင် မိမိတို့အလိုရှိရာ နေရာများ၌ နေထိုင်နိုင်ကြပေသည်' ဟု (ဝမ်းမြောက်စွာ) ပြောဆိုကြပေမည်။ စင်စစ် အားထုတ်သူတို့၏ အကျိုးကျေးဇူးသည် လွန်စွာ ကောင်းမြတ်လှပေသည်။

وَتَرَى الْمَلَٰٓئِكَةَ حَآفِّينَ مِنْ حَوْلِ الْعَرْشِ يُسَبِّحُونَ بِحَمْدِ
رَبِّهِمْ ۖ وَقُضِيَ بَيْنَهُم بِالْحَقِّ وَقِيلَ الْحَمْدُ لِلَّهِ رَبِّ الْعَٰلَمِينَ ﴿٧٥﴾

၃၉ : ၇၅ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် 'မလာအေကဟ်' ကောင်းကင်တမန်တို့အား 'အရ်ရှ်' ပလ္လင်တော်၏ ပတ်လည်၌ ဝန်းရံလျက် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်

တကွ (ထိုအသျှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက် ရှိကြသည်ကို တွေ့မြင်ရပေမည်။ ထို့ပြင် ၄င်း (လူသား) တို့၏ အကြား၀ယ် တိကျမှန်ကန်စွာ (စစ်ဆေး) စီရင်ဆုံးဖြတ်ပြီး ဖြစ်ပေမည်။ ထို့ပြင် 'ချီးမွမ်းထောပနာ အပေါင်းတို့သည် စကြာ၀ဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့်သာ သက်ဆိုင်သည်' ဟူ၍ ပြောဆို (ချီးကျူးဩဘာပေး) ခြင်းကို ကြားရပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းနောက် (အထက်တွင် တင်ပြခဲ့သည့်အတိုင်း 'ကေယာမသ်' နေ့တွင်) 'စူရ်' တံပိုးကို မှုတ်စေလိုက်မည်။ ထို 'စူရ်' တံပိုးမှုတ်ခြင်းကြောင့် မိုးမြေရှိ လူများအားလုံး မေ့မျောသွားကြမည် ဖြစ်သည်။ (သို့ရှိရာ ရှင်နေသောသူများသည် သေဆုံးသွားမည်ဖြစ်ပြီး၊ သေဆုံးပြီးသောသူများ၏ ၀ိညာဉ်များသည် သတိလစ်မေ့မျောသွားကြမည် ဖြစ်သည်။) သို့သော် အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသူ (မှာ ထိုသို့ မေ့မျောခြင်းနှင့် သေဆုံးခြင်းမှ ထိန်းသိမ်းခံရမည်ဖြစ်သည်။) တစ်ဖန် ထို (စူရ်တံပိုးကို) နောက်တစ်ကြိမ် မှုတ်မည်ဖြစ်ရာ ရုတ်တရက် အားလုံး (သတိ၀င်၍ ခန္ဓာ၀ိညာဉ်တွဲကာ 'ကဗုရ်' များမှ ထွက်၍) မတ်တတ်ရပ် ကြလိမ့်မည်။ (ထို့ပြင်) လေးဘက်စလုံးကို ကြည့်နေကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အံ့ဩဖွယ်ရာ အဖြစ်အပျက်ကို တွေ့မြင်ချိန်၌ လူသားတို့၏ သဘာ၀အလျောက် ဖြစ်တတ်သည့်အတိုင်း ဖြစ်သည်။) ထို့နောက် (တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် စာရင်းအင်းစစ်ဆေးမှုပြုရန် မိမိ၏ ဂုဏ်တော်အနန္တနှင့်အညီ မြေပထ၀ီသို့ ဆင်းသက်တော်မူပြီးသည့်နောက်) မြေပထ၀ီသည် မိမိအသျှင်မြတ်၏ 'နူးရ်' ရောင်ခြည်တော်ဖြင့် (အနှိုင်းမဲ့) လင်း၀င်းသွားမည် ဖြစ်သည်။ ထို့ပြင် (အားလုံးသောသူများ၏) ကောင်းမှု၊ မကောင်းမှု (ဟူသရွေ့ကို တစ်ဦးချင်း၏ ရှေ့တွင်) ချပေးလိုက်မည်ဖြစ်သည်။ ထို့နောက်တွင် နဗီတမန်တော်များနှင့် သက်သေများ ခေါ်ဆောင်လာမည် ဖြစ်သည်။ (သက်သေထွက်ဆိုမည့်သူဟု ဆိုရာတွင် နဗီတမန်တော်များ၊ ဖရစ်ရှ်သာဟ်များ၊ အွမ္မသ်သေ့မုဟမ္မဒီယာများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး အကျုံး၀င်သည်။ ယင်းနှင့် ပတ်သက်ပြီး အကျယ်ရှင်းလင်းချက်ကိုမူ သိမှတ်ဖွယ်ရာများအခန်းတွင် တင်ပြပေမည်။)

ထို့ပြင် (တာ၀န်ပေးခြင်းခံရသော) သူအားလုံးကို (ပြုကျင့်ခဲ့သည့်အတိုင်း) တိတိကျကျ ဆုံးဖြတ်ခြင်း ခံရမည်ဖြစ်သည်။ ၄င်းသူများအပေါ် မတရားပြုမူမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ စည်းစနစ်ကျနစွာ ပြုလုပ်ထားသော 'အမလ်' တစ်ခုခုကို ဖုံးကွယ်လိုက်မည်။ (သို့) မကောင်းပြုကျင့်ခဲ့သည်များကို ပိုတိုးလိုက်မည်ဟူ၍ ရှိမည်မဟုတ်ပေ။) ထို့နောက် လူတိုင်းကို ၄င်းတို့ ကျင့်ကြံခဲ့သည်များအား ပြည့်ပြည့်၀၀ အစားပေးမည်ဖြစ်သည်။ (ကောင်းမှုများအား ပြည့်ပြည့်၀၀ အစားပေးမည်ဟု ဆိုလိုခြင်းမှာ ထိုကောင်းမှု၏ အစားကို လျှော့ပေါ့ပစ်မည်မဟုတ်ဟု အဓိပ္ပာယ်ရသည်။ မကောင်းမှုများအား ပြည့်ပြည့်၀၀ အစားပေးမည်ဟု ဆိုလိုခြင်းမှာ ထိုမကောင်းမှု၏ အစားအား သာပိုစေမည်မဟုတ်ဟု အဓိပ္ပာယ်ရသည်။) ၄င်းနောက် ထိုအသျှင်မြတ်သည် လူတိုင်း၏ လုပ်ဆောင်ချက်ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ

ပေသည်။ (သို့ရှိရာ အလ္လာဟ်အသျှင်မြတ်အဖို့မှာ လူတိုင်းနှင့် ထိုက်တန်သည့် အစားပေးရန် ခက်ခဲမှု တစ်စုံတစ်ရာ မရှိပေ။) ထို့နောက် (ဆုံးဖြတ်ချက်ချပြီးနောက် ရရှိမည့် အစားနှင့် (ပတ်သက်ပြီး တင်ပြရလျှင်) ကာဖိရ်များကိုမူ အုပ်စုလိုက်အုပ်စုလိုက်ပြုကာ (တွန်းထိုးပြီး သေးသိမ်စွာ) 'ဂျဟန္နမ်'ငရဲဘုံဘက်သို့ မောင်းနှင် ခံရမည်ဖြစ်သည်။ (အုပ်စုလိုက်ဖြစ်သွားရခြင်းမှာ 'ကုဖွရ်'၏ အဆင့်နှင့် အမျိုးအစားများ မတူညီသော ကြောင့် ဖြစ်သည်။ သို့ရှိရာ 'ကုဖွရ်'အမျိုးအစားတစ်ခုတိုင်းသည် အုပ်စုတစ်ခုစီ ဖြစ်မည်။) မောင်းနှင်သွား လျှင် 'ဂျဟန္နမ်'၏ အနီးသို့ ရောက်ရှိသော (ထိုအခါ) ငရဲဘုံ၏ တံခါးများ ဖွင့်လိုက်မည် ဖြစ်သည်။ ထို့နောက် ၎င်းတို့ကို 'ဂျဟန္နမ်'ငရဲဘုံကို စောင့်သော (ဖရစ်ရှ်သာဟ်က ရှုတ်ချသောအနေဖြင့် ပြောဆိုမည် မှာ) အသင်တို့ထံ အသင်တို့၏ မျိုးနွယ်ဝင်ဖြစ်သော နဗီတမန်တော်များ (ထိုနဗီတမန်တော်များထံမှ အသင် တို့ အကျိုးအမြတ်ရယူရန် ခက်ခဲမှု မရှိခဲ့ပေ။) စေလွှတ်ခဲ့သည်မဟုတ်လော။ ထိုနဗီတမန်တော်များသည် အသင်တို့ကို အသင်တို့၏ အသျှင်မြတ် ချပေးတော်မူသော အာယသ်တော်များကို ဖတ်ရွတ်ပြကြပြီး အသင် တို့ကို ဤနေ့ ဆိုက်ရောက်မည့်အကြောင်းများ တင်ပြ၍ ခြိမ်းခြောက်ခဲ့ကြသည်။ ထိုအခါ ၎င်းကာဖိရ် များက ဖြေကြားမည်မှာ မှန်ပါသည်။ (ရစူလ်တမန်တော်များလည်း လာရောက်ခဲ့ကြပြီး ၎င်းတို့သည် ခြိမ်းခြောက်မှုလည်း ပြုခဲ့ကြပါသည်။)

သို့သော် ကာဖိရ်များကို 'အဇားဗ်'ပြစ်ဒဏ်ပေးမည်ဟူသည့် ကတိသစ္စာသည် (ထိုကတိသစ္စာတွင် ကျွန်ုပ်တို့လည်း ပါဝင်ပေသည်။) အကောင်အထည် ပေါ်ခဲ့ပေပြီ။ (ဤသို့ ပြောဆိုခြင်းမှာ အကြောင်းပြ ဆင်ခြင်ပေးနေခြင်း မဟုတ်ရဲသာမက ဝန်ခံနေခြင်းဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ပို့ချခဲ့ပါလျက် ကျွန်ုပ်တို့က ငြင်းဆန်ခဲ့ကြသည်။ ထို့ပြင် ကာဖိရ်များအား 'အဇားဗ်'ပေး မည်ဟူသော ကတိသစ္စာသည် ကျွန်ုပ်တို့ရှေ့သို့ ဆိုက်ရောက်လာပြီဖြစ်ရာ အမှန်ပင် ကျွန်ုပ်တို့သည် တရားခံ များဖြစ်ကြသည်။ တစ်ဖန် ၎င်းတို့အား) မိန့်ဆိုမည်မှာ (ဆိုလိုသည်မှာ ဖရစ်ရှ်သာဟ်များက ပြောဆိုကြ မည်။) 'ဂျဟန္နမ်'ငရဲဘုံ၏ တံခါးများတွင် ဝင်ကြကုန်။ (ထို့ပြင်) ယင်းငရဲဘုံအတွင်း အမြဲနေကြလေကုန်။ အချုပ်ဆိုရသော် (အသျှင်မြတ်၏ အမိန့်တော်များအား) မာန်မာန ထောင်လွှားသူများ၏ ဌာနသည် အလွန် ဆိုးရွားလှပေသည်။ (ထို့နောက် ၎င်းတို့ကို 'ဂျဟန္နမ်'တွင် ထည့်သွင်းလိုက်မည်ဖြစ်ပြီး တံခါးများကို ပိတ်မည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်မှ عَلَيْهِمْ نَارٌ مُّؤْصَدَةٌ ဟု မိန့်တော်မူသည့်အတိုင်းပင် ဖြစ်မည်။ ဤသည် ကာဖိရ်များ၏ အခြေအနေဖြစ်ပေသည်။)

ထို့ပြင် အကြင်သူများသည် မိမိအသျှင်မြတ်အား ကြောက်ရွံ့ခဲ့ပါသော် (၎င်းတို့၏ ပထမဦးဆုံးအဆင့် သည် အီမာန်သက်ဝင် ယုံကြည်ခြင်းဖြစ်ပြီး ဆက်လက်၍ အဆင့်အတန်းအမျိုးမျိုးရှိသည်။) ၎င်းတို့ကို အုပ်စုလိုက် ပြုလုပ်ကာ ('သက္ကဝါ'တရား ထားရှိကြသည့် အဆင့်အတန်းများနှင့်အညီ 'မွတ်သကီ'များအား တစ်နေ့တည်းတွင် စုရုံးလိုက်မည် ဖြစ်သည်။ ထို့နောက်) 'ဂျန္နသ်'သုခဘုံသို့ (မက်လုံးများပေး၍ အမြန်) ဝင်ရောက်စံမြန်းစေလိမ့်မည်။ ၎င်းတို့ သွားရောက်လျက် (ဂျန္နသ်) အနီးသို့ ရောက်ရှိသော သုခဘုံနန်း၏

တံခါးများသည် (ပထမကတည်းက) ဖွင့်ထားပြီး ဖြစ်သည်။ (မကြန့်ကြာစေရန်အတွက် ဖြစ်သည်။ ထို့ပြင် လေးစားထိုက်သူများအတွက် ဤကဲ့သို့သာ ပြုလေ့ရှိသည်။ ပမာဆိုရသော် ဧည့်သည်များအတွက်မှု ကြိုတင် တံခါးဖွင့်ထားပေးလေ့ ရှိသည်။ အလ္လာဟ်အသျှင်မြတ်မှ

مُفَتَّحَةً لَّهُمُ الْاَبْوَابُ

ဟု မိန့်တော်မူသည့်အတိုင်းပင် ဖြစ်သည်။) ထို့နောက် ယင်းသုခဘုံ၏ စောင့်ရှောက်သော (ဖရစ်ရှ်သာဟ်) က ၎င်းအား (ဂုဏ်ပေး ချီးမွမ်းသည့်အနေနှင့်) ပြောကြားမည်မှာ السلام عليكم ၊ 'အသင် အရာသာရှိစွာဖြင့် နေထိုင်လော့။' သို့ရှိရာ ဤ (ဂျန္နသ်) တွင် အမြဲတမ်းအတွက် ဝင်ရောက်စံမြန်းလော့။

(ထိုအခါ သုခဘုံထဲသို့ ဝင်ရောက်သွားကြမည်ဖြစ်သည်။) ထို့ပြင် (ဝင်ရောက်ပြီးသည့်နောက်) ပြောဆိုကြမည်မှာ အလ္လာဟ်အသျှင်မြတ်အား (ကုဋေကုဋာ) ကျေးဇူးဥပကာ ပြုပါ၏။ ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ် ပြုခဲ့သော ကတိတော်အား ပြည့်ဝစေခဲ့သည်။ ထို့ပြင် ကျွန်ုပ်တို့ကို ဤဌာန၏ ပိုင်ရှင် ဖြစ်စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် 'ဂျန္နသ်'သုခဘုံအတွင်း ကြိုက်နှစ်သက်သည့် နေရာတွင် နေထိုင်ခွင့်ရှိသည်။ (ဆိုလိုသည်မှာ လူတိုင်းကို အလွန်ကျယ်ပြန့်သော နေရာများ ရရှိမည် ဖြစ်ရာ အလွန် လွတ်လပ်စွာဖြင့် သွားလာနိုင်မည် ဖြစ်သည်။ အထိုင်အထ သွားလာနေထိုင်ခြင်းသည် မိမိ ကိုယ်ပိုင်နေရာ၌ ဖြစ်ပြီး လှည့်လည်သော အနေအဖြင့် အခြားဂျန္နသီများ၏ အဆင့်များသို့လည်း သွားရောက် နိုင်မည်ဖြစ်သည်။)

အချုပ်ဆိုရသော် (ကောင်းမှု) ကျင့်ကြံသူများအဖို့ ကောင်းသော အကျိုးရလဒ်များရှိသည်။ (ဤ စာသားသည် 'ဂျန္နသ်'သုခဘုံသားများ ပြောဆိုသော စကားလည်း ဖြစ်နိုင်သကဲ့သို့ အလ္လာဟ်အသျှင်မြတ် မိန့်ဆိုတော်မူသည်လည်း ဖြစ်နိုင်သည်။) ၎င်းနောက် (ဆက်လက်၍ နောက်ဆုံး ဆုံးဖြတ်ချက်ချသည် အထိ ထိုအကြောင်းအရာကို အတိုချုံးကာ အလွန်ထည်ဝါသော စာလုံးများဖြင့် လိုရင်း တိုရှင်း မိန့်ဆို သည်မှာ) အသင်တမန်တော် ဖရစ်ရှ်သာဟ်များကို တွေ့ရှိရမည်မှာ (စာရင်းအင်းစစ်ဆေးရန် ဆင်းသက် ချိန်၌) 'အရ်ရှ်'ပလ္လင်တော်၏ ဘေးပတ်ဝန်းကျင်တွင် ဝိုင်း၍ ထိုင်နေကြမည်ဖြစ်သည်။ (ထို့ပြင်) မိမိ အသျှင်မြတ်၏ ဘဝနာစီးဖြန်းမှု၊ ချီးကျူးမှုများ ပြုနေမည်ဖြစ်သည်။ ထို့နောက် လူသားများအားလုံးကို တိကျစွာ ဆုံးဖြတ်ချက် ချမှတ်တော်မူမည်။ ထို့ပြင် (ဤအမိန့်တော်၏ တိကျ မှန်ကန်မှုအပေါ် ဘက်ပေါင်း စုံမှ တတ်ကြွသည့် အသံများနှင့်အတူ ထောက်ခံမှု ပြုနေကြမည်ဖြစ်သည်။ ထို့နောက်) မိန့်ဆိုမည်မှာ ကောင်းခြင်းဟူသရွေ့တို့သည် အလ္လာဟ်နှင့်သာ လိုက်ဖက်တော်မူသည်။ ထိုအသျှင်မြတ်သည် စကြဝဠာ အားလုံးကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ဤကဲ့သို့သော အကောင်း ဆုံး ဆုံးဖြတ်ချက်ချသည့် အသျှင်မြတ် ဖြစ်တော်မူသည်ဟူသော မွန်မြတ်လှသည့် ကြွေးကြော်သံများ ပြုပြီးသည့်နောက် အခမ်းအနားကို ရုပ်သိမ်းတော်မူမည် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

فَصَعِقَ مَنْ فِي السَّمٰوٰتِ وَمَنْ فِي الْاَرْضِ اِلَّا مَنْ شَآءَ اللهُ

တွင် صَعِقَ ၏ လုံးကောက်အဓိပ္ပာယ်မှာ 'မေ့မျောခြင်း' ဖြစ်သည်။ ထို့ပြင် အလိုသဘောမှာ ပထမမေ့မျောသွားပြီးနောက် တစ်ဖန် အားလုံး သေဆုံးသွားမည်ဖြစ်သည်။ ထို့ပြင် ယခင်သေဆုံးပြီးသော သူများ၏ ဝိညာဉ်များသည် မေ့မျောသွားမည်ဖြစ်သည်။ (ဗယာနွလ်ကုရ်အာန်ကျမ်းတွင် စူရာဟ်နမလ်၌ တင်ပြထားပြီး အိဗ်နေကစီးရ်သည်လည်း ထိုအတိုင်းပင် တင်ပြထားသည်။)

اِلَّا مَنْ شَآءَ اللهُ တွင် ဒွရ်ရေမန်စူးရ်ကျမ်း၏ ဆင့်ပြန်ချက်အရ ဖရစ်ရှ်သာဟ်ကြီးလေးပါး (ဟဇရသ် ဂျိဗ်ရာအီးလ် عليه السلام ၊ မီကာအီးလ် عليه السلام ၊ အိဇ်ရာဖီးလ် عليه السلام နှင့် သေမင်းတမန်တို့ ဖြစ်သည်။ ထို့ပြင် အချို့ဆင့်ပြန်ချက်များတွင် 'အရ်ရှ်'တော်ကို ထမ်းထားသော ဖရစ်ရှ်သာဟ်များလည်း ထိုအထဲတွင် ပါဝင် ပေသည်။ ထိုဖရစ်ရှ်သာဟ်များ၏ မေ့မျောခြင်းဆိုသည့် အလိုသဘောမှာ 'စူရ်'တံပိုး၏ စူးရှမှုကြောင့် ၎င်းတို့ မသေဆုံးခဲ့ကြသော်လည်း ထို့နောက်တွင် ၎င်းတို့လည်း သေဆုံးကြမည်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမှ ထိုအချိန်တွင် အသက်ရှင်မည်မဟုတ်ပေ။ အိဗ်နေကစီးရ် သခင်ကလည်း ဤအဆိုကိုသာ ရွေးချယ်၍ မိန့်ဆိုသည်မှာ ထိုဖရစ်ရှ်သာဟ်များအားလုံးတွင်လည်း သေမင်း တမန်သည် နောက်ဆုံးကွယ်လွန်မည်ဖြစ်သည်။ စူရာဟ်နမလ်တွင်လည်း အာယသ်တော်တစ်ပိုဒ်သည် ဤ အတိုင်းပင် လာရှိပြီးဖြစ်သည်။ ထိုအာယသ်တော်တွင် صَعِقَ ဟူသော နေရာတွင် فَزِعَ ဟူသော စာလုံး လာရှိထားရာ ထိုနေရာတွင် ယင်းနှင့်ပတ်သက်ပြီး အကျယ်ဖွင့်ဆိုပြီးဖြစ်သည်။

وَجِايْٓءَ بِالنَّبِيّٖنَ وَ الشُّهَدَآءِ

ဆိုလိုသည်မှာ 'ဟရှရ်' ကွင်းပြင်၌ စစ်ဆေးမှုပြုမည့် အချိန်တွင် နဗီတမန်တော်များလည်း ရှိမည် ဖြစ်သည်။ ထို့ပြင် အခြားသက်သေများအားလုံးလည်း ရှိမည်ဖြစ်သည်။ ထိုသက်သေထွက်ဆိုမည့်သူများ တွင် ကျမ်းတော်မြတ်ကုရ်အာန်က وَجِئْنَا مِنْ كُلِّ اُمَّةٍ بِشَهِيْدٍ ဟု မိန့်ဆိုသည့်အတိုင်း နဗီတမန်တော် များလည်း ပါဝင်ပေသည်။

ထို့ပြင် ဖရစ်ရှ်သာဟ်များလည်း သက်သေထွက်ဆိုမည့်သူများတွင် ပါဝင်ပေသည်။ ကျမ်းတော် မြတ်တွင် مَعَهَا سَآئِقٌ وَّشَهِيْدٌ ဟု မိန့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

سَآئِقٌ နှင့် شَهِيْدٌ ၏ အလိုသဘောမှာ ဖရစ်ရှ်သာဟ်များဖြစ်ခြင်းဟူသည့် သဖ်စီးရ်သည် ဒွရ်ရေမန်စူရ်ကျမ်း စူရာဟ်'ကားဖ်'တွင် ပါရှိလေသည်။ ထို့ပြင် ယင်းသက်သေများတွင် အုမ္မသေ့မုဟမ္မဒီယာ များလည်း ပါဝင်ပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင်

وَتَكُونُوا شُهَدَآءَ عَلَى النَّاسِ

ဟု မိန့်ဆိုထားသည့်အတိုင်း ဖြစ်သည်။ ယင်းသက်သေထွက်ဆိုမည့် အရာများတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများလည်း ပါဝင်ပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင်

تُكَلِّمُنَا اَيْدِيهِمْ وَتَشْهَدُ اَرْجُلُهُمْ

ဟု မိန့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

نَتَبَوَّأُ مِنَ الْجَنَّةِ حَيْثُ نَشَاءُ

ဆိုလိုသည်မှာ သုခဘုံသားများအတွက်မူ မိမိတို့၏ ကိုယ်ပိုင် နေအိမ်၊ ရပ်ကွက်နှင့် ဥယျာဉ်များ ရှိမည်ဖြစ်ပြီး ၄င်းတို့ကို အခြားသုခဘုံသားများထံ သွားရောက်လည်ပတ် တွေ့ဆုံခွင့်လည်း ပြုမည်ဖြစ်သည်။

[သွစ်ရာနီကျမ်း]

ဟဇရသ်အာဘူနိုအိုင်းမ် (ရဟ) နှင့် ဟဇရသ်သွေဗ္ဗယ (ရဟ) သခင်တို့က ဟစန် အဆင့်ရှိ 'စနဒ်' ဖြင့် မိခင်ကြီး ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်သည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် ကိုယ်တော်မြတ် ﷺ ထံ ဝင်ရောက်ခစား၍ လျှောက်ထားသည်။ 'အို၊ ကိုယ်တော်၊ ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ ကို ဤမျှ ချစ်ပါသည်။ အိမ်သို့ ရောက်သောအခါ၌လည်း ကိုယ်တော်မြတ်ကိုသာ သတိရနေခဲ့ပြီး နောင်တစ်ကြိမ် မတွေ့ဆုံရလျှင် မနေနိုင်ခဲ့ပါ။ သို့သော ကျွန်ုပ်၏ သေဆုံးခြင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ 'ဝဖားသ်' ဖြစ်မည့်အကြောင်းကို စဉ်းစားမိလျှင် ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ က 'ဂျန္နသ်' တွင် နဗီများ၏ မြင့်မားသော အဆင့်တွင် ရှိနေမည်။ ထို့ပြင် အကယ်၍ ကျွန်ုပ်သည်လည်း 'ဂျန္နသ်'တွင် သွားခဲ့ရသည်ရှိသော် နိမ့်သောအဆင့်တွင် ရှိမည်ဟု ထင်နေမိသည်။ ကျွန်ုပ် ကိုယ်တော်မြတ် ﷺ အား မည်သို့ တွေ့ရမည်ကို သောကရောက်နေမိသည်။ ကိုယ်တော်မြတ် ﷺ က ၄င်း၏ စကားကို ကြား၍ မည်သည့်အဖြေမှ မပေးခဲ့ရာ ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ သည် ဤအာယသ်တော်

وَمَنْ يُّطِعِ اللهَ وَالرَّسُوْلَ فَاُولٰٓئِكَ مَعَ الَّذِيْنَ اَنْعَمَ اللهُ عَلَيْهِمْ
مِّنَ النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَ الشُّهَدَآءِ وَ الصّٰلِحِيْنَ وَحَسُنَ اُولٰٓئِكَ رَفِيْقًا

ကို ယူဆောင်လာကာ ရောက်ရှိလာသည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်နှင့် အသျှင်မြတ်၏ ရစူလ်တမန်တော်များ၏ အမိန့်ကို နာခံကျင့်သုံးခဲ့သော မွတ်စ္စလင်မ်များသည် နဗီတမန်တော်များ၊ ဆွစ်ဒီကီးန် အစရှိသူတို့နှင့်အတူ ရှိမည့်အကြောင်းကို တင်ပြထားသည်။ ထို့ပြင် အထက်ပါအာယသ်တော်တွင် ယင်းနှင့် ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး ဖြစ်သည်။ သို့ရှိရာ ၄င်းတို့ကို မြင့်မားသော အဆင့်များသို့လည်း သွားရောက်ခွင့်ပြုမည် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်မုအ်မင်န်

အီမာန်ယုံကြည်သူများကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၄၀ : ၁ ။ ။ ဟာ၊ မီမ်။

تَنۡزِيۡلُ الۡكِتٰبِ مِنَ اللّٰهِ الۡعَزِيۡزِ الۡعَلِيۡمِ ②

၄၀ : ၂ ။ ။ ဤသည် လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အလွန်တရာ အသိပညာနှင့် ပြည့်စုံတော်မူသော အလ္လာဟ် အသျှင်မြတ်ထံတော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ပင် ဖြစ်ပေသည်။

غَافِرِ الذَّنۡۢبِ وَقَابِلِ التَّوۡبِ شَدِيۡدِ الۡعِقَابِ

ذِى الطَّوۡلِ ؕ لَاۤ اِلٰهَ اِلَّا هُوَ ؕ اِلَيۡهِ الۡمَصِيۡرُ ③

၄၀ : ၃ ။ ။ (ထိုအသျှင်မြတ်သည်) ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အသျှင်၊ ဝန်ချတောင်းပန်ခြင်းကို သဘောတူလက်ခံတော်မူသော အသျှင်၊ ပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသော အသျှင်၊ စွမ်းရည်သတ္တိနှင့် ပြည့်စုံတော်မူသော (ရက်ရောစွာ ပေးကမ်းစွန့်ကြဲတော်မူသော) အသျှင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိပေ။ နောက်ဆုံး ပြန်လည်ရာစခန်းသည် ထိုအသျှင်မြတ်ထံတော်၌ပင် ဖြစ်ပေသတည်း။

مَا يُجَادِلُ فِىۡۤ اٰيٰتِ اللّٰهِ اِلَّا الَّذِيۡنَ كَفَرُوۡا فَلَا

يَغۡرُرۡكَ تَقَلُّبُهُمۡ فِى الۡبِلَادِ ④

၄၀ : ၄ ။ ။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (အာယသ်) များနှင့် စပ်လျဉ်း၍ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည်သာလျှင် အငြင်းအခုံ ပြုလေ့ရှိကြကုန်၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) တိုင်းပြည်နိုင်ငံများတွင် ၎င်းတို့၏ လှည့်ပတ်သွားလာ လှုပ်ရှားမှုသည် အသင့်အား ဖြားယောင်းခြင်း မရှိစေရ။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَ
الْأَحْزَابُ مِن بَعْدِهِمْ ۖ وَهَمَّتْ كُلُّ أُمَّةٍ بِرَسُولِهِمْ
لِيَأْخُذُوهُ ۖ وَجَادَلُوا بِالْبَاطِلِ لِيُدْحِضُوا بِهِ الْحَقَّ فَأَخَذْتُهُمْ ۖ
فَكَيْفَ كَانَ عِقَابِ ﴿٥﴾

၄၀ : ၅ ॥ ॥ ဤသူတို့အလျှင် (နဗီတမန်တော်) 'နူးဟ်' ၏အမျိုးသားတို့သည်လည်းကောင်း၊ ထို 'နူးဟ်' ၏ အမျိုးသားတို့၏ နောက်တွင် (ပေါက်ဖွားခဲ့သော) အုပ်စုများသည်လည်းကောင်း၊ (ရစူလ်တမန်တော်များအား) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ ထို့ပြင် အုပ်စုတိုင်းသည် မိမိတို့ (ထံ ပွင့်ရောက်ခဲ့သော) ရစူလ်တမန်တော်အား ဖမ်းဆီးရန် ကြံရွယ်ခဲ့ကြသည့်ပြင် ၄င်းတို့သည် အမှားကို လက်ကိုင်ထား၍ ယင်းအမှားဖြင့် အမှန်ကို တိမ်းပါးစေရန်အလို့ငှာ (ရစူလ်တမန်တော်များနှင့်) အငြင်းအခုံ ပြုခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၄င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့ပေသည်။ ထို့နောက် ငါအသျှင်မြတ်၏ အပြစ်ဒဏ်သည် မည်သို့ရှိခဲ့ဘိသနည်း။

وَكَذَٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِينَ كَفَرُوا أَنَّهُمْ أَصْحَابُ النَّارِ ﴿٦﴾

၄၀ : ၆ ॥ ॥ စင်စစ် ဤနည်းအတိုင်းပင် ကာဖိရ်သွေဖည်ငြင်းပယ်သူတို့နှင့်ပတ်သက်၍ 'ဧကန်အမှန် ၄င်းတို့သည် ငရဲသားများ ဖြစ်ကြသည်' ဟူသော အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (မိန့်ကြားတော်မူခဲ့သော) အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီတကား။

الَّذِينَ يَحْمِلُونَ الْعَرْشَ وَمَنْ
حَوْلَهُ يُسَبِّحُونَ بِحَمْدِ رَبِّهِمْ وَيُؤْمِنُونَ بِهِ وَيَسْتَغْفِرُونَ
لِلَّذِينَ آمَنُوا رَبَّنَا وَسِعْتَ كُلَّ شَيْءٍ رَّحْمَةً وَعِلْمًا فَاغْفِرْ
لِلَّذِينَ تَابُوا وَاتَّبَعُوا سَبِيلَكَ وَقِهِمْ عَذَابَ الْجَحِيمِ ﴿٧﴾

၄၀ : ၇ ॥ ॥ 'အရ်ရှ်' ပလ္လင်တော်ကို ထမ်းဆောင်လျက် ရှိကြကုန်သော ('မလာအေ့ကဟ်' ကောင်းကင်တမန်) တို့သည် လည်းကောင်း၊ ယင်း 'အရ်ရှ်' ပလ္လင်တော်၏ ပတ်လည်ဝန်းကျင်၌ရှိကြကုန်သော ('မလာအေကဟ်' ကောင်းကင်တမန်) တို့သည် လည်းကောင်း၊ မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအသျှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက် ရှိကြကုန်၏။ ထို့ပြင် ထိုကောင်းကင်တမန်တို့သည် ထိုအသျှင်မြတ်အား သက်ဝင်ယုံကြည်ကြကုန်၏။ ထိုမှတစ်ပါး ၄င်းတို့သည် မုအ်မင်န် သက်ဝင်ယုံကြည်သော သူတို့အဖို့ (ဤသို့) လွတ်ငြိမ်း

ချမ်းသာခွင့်ကို ပန်ကြားလျက်ရှိကြကုန်၏။ အို့, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကရုဏာတော်အားဖြင့်လည်းကောင်း၊ အသိပညာအားဖြင့်လည်းကောင်း ဝန်းခြုံလျက် ရှိတော်မူပါ၏။ သို့ဖြစ်လေရာ အသျှင်မြတ်သည် အကြင်သူတို့အား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။ ထိုသူတို့သည် ဝန်ချတောင်းပန်ခဲ့ကြကုန်၏။ ၄င်းပြင် ထိုသူတို့သည် အသျှင်မြတ်၏ လမ်းကိုလည်း လိုက်ကြကုန်၏။ ထို့ပြင် အသျှင်မြတ်သည် ၄င်းတို့အား 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်မှလည်း ကင်းလွတ်စေတော်မူပါ။'

رَبَّنَا وَأَدْخِلْهُمْ جَنّٰتِ عَدْنِ ٱلَّتِى وَعَدْتَّهُمْ وَمَن صَلَحَ
مِنْ ءَابَآئِهِمْ وَأَزْوَٰجِهِمْ وَذُرِّيّٰتِهِمْ ۚ إِنَّكَ أَنتَ ٱلْعَزِيزُ ٱلْحَكِيمُ ﴿٨﴾

၄၀ : ၈ ။ ။ အို့, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ၄င်းပြင် အသျှင်မြတ်သည် ထိုသူတို့အား အသျှင်မြတ် ၄င်းတို့အား ကတိပြုတော်မူခဲ့သည့် အမြဲထာဝရ နေထိုင်ရမည်ဖြစ်သော ဥယျာဉ်များသို့လည်း ဝင်ရောက်စေတော်မူပါ။ ထို့ပြင် ထိုသူတို့၏ ဖခင်တို့အနက်မှလည်းကောင်း၊ ထိုသူတို့၏ ဇနီးကြင်ယာတို့အနက်မှလည်းကောင်း၊ ထိုသူတို့၏ သား၊ မြေး၊ မြစ်တို့ အနက်မှလည်းကောင်း၊ (ဂျန္နသ်နှင့်) သင့်လျော်ကြကုန်သော သူတို့အားလည်း (ယင်း အမတ သုခဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပါ။) ဧကန်မလွဲ အသျှင်မြတ်သည်ပင် လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာ ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူပါ၏။

وَقِهِمُ ٱلسَّيِّـَٔاتِ ۚ وَمَن تَقِ ٱلسَّيِّـَٔاتِ يَوْمَئِذٍ
فَقَدْ رَحِمْتَهُۥ ۚ وَذَٰلِكَ هُوَ ٱلْفَوْزُ ٱلْعَظِيمُ ﴿٩﴾

၄၀ : ၉ ။ ။ ထို့ပြင် အသျှင်မြတ်သည် ၄င်းတို့အား ဘေးဒုက္ခတို့မှလည်း လွတ်ကင်းစေတော်မူပါ။ စင်စစ် အသျှင်မြတ်သည် ထိုနေ့တွင် အကြင်သူအား ဘေးဒုက္ခတို့မှ ကင်းလွတ်စေတော်မူခဲ့ပါလျှင် အသျှင်မြတ်သည် အမှန်စင်စစ် ထိုသူအား သနားကရုဏာ ပြုတော်မူခဲ့သည်သာ ဖြစ်၏။ စင်စစ် ဤသည်သာလျှင် ကြီးကျယ် မြင့်မြတ်လှစွာသော အောင်မြင်မှုပင် ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

حم (၏ အလိုသဘောကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူသည်။) ဤကျမ်းမြတ်သည် အရာရာကို သိတော်မူသော၊ မြင့်မြတ်လှသည့် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးတော်မူခဲ့သော ကျမ်းဖြစ်သည်။ ထိုအသျှင်မြတ်သည် ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်၊ ဝန်ချတောင်းပန်ခြင်းကို သဘောတူလက်ခံတော်မူသော အသျှင်၊ ပြင်းထန်သော 'အဇားဗ်' အပြစ်ဒဏ် ချမှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူရာ ထိုအသျှင်မြတ်မှအပ အခြားကိုးကွယ်ထိုက်သူ မရှိပေ။

ထိုအသျှင်မြတ်ဘက်တော်သို့သာ (အားလုံး) လှည့်ပြန်သွားရမည်ဖြစ်သည်။ (သို့ရှိရာ ကျမ်းတော်မြတ်ကုရ်အာန်နှင့် 'သောင်ဟီးဒ်'တရား၏ အဓိကတောင်းဆိုနေသော အချက်မှာ ထိုအရာနှင့်ပတ်သက်ပြီး ငြင်းဆန်ခြင်း၊ ပြဿနာရှာခြင်း မပြုလုပ်ရပေ။ သို့ရှိရာ) အလ္လာဟ်အသျှင်မြတ်၏ ထိုအာယသ်တော်များနှင့် စပ်လျဉ်း၍ (ကျမ်းတော်မြတ်ကုရ်အာန်တွင် 'သောင်ဟီးဒ်'တရားများ ပါရှိသည်တို့ကို) ထိုမတရား ငြင်းဆန်သူများသာ အငြင်းအခုံပြုလေ့ရှိသည်။ (ထို့နောက် ၎င်းတို့၏ ဆန့်ကျင်မှုကြောင့် အပြစ်ပေးသင့်သည်။ သို့သော် ချက်ချင်း အပြစ်မပေးခြင်းမှာ استدراجا ခေါ် ရက်အချို့ အခွင့်ပေးခြင်းသာဖြစ်သည်။)

သို့ရှိရာ ၎င်းတို့ တိုင်းပြည်နိုင်ငံများတွင် (အေးချမ်းစွာ လောကီဆောင်တာများ ပြုလုပ်ရန်အတွက်) လှည့်လည်သွားလာနေခြင်းက အသင်တမန်တော်အဖို့ ဖြားယောင်းမှု မဖြစ်စေနှင့်။ (အဘယ်ကြောင့်ဆိုသော် ဤနည်းအတိုင်း ၎င်းတို့ 'အဇားဗ်'အပြစ်ဒဏ်များမှ လွတ်မြောက်နေပြီး အေးချမ်းစွာ နေရမည်ဟု မထင်မှတ်လေနှင့်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ အား ရည်ညွှန်းမိန့်ဆိုနေခြင်းမှာ အခြားသူများကို မိန့်ဆိုရန် ရည်ရွယ်ချက်ဖြင့် ဖြစ်သည်။ အချုပ်ဆိုရသော် ၎င်းတို့ ဒွန္နယာလောက၌ဖြစ်စေ၊ နောင်တမလွန်၌ဖြစ်စေ အရေးယူမည်ဖြစ်သည်။ (သို့မဟုတ်) တမလွန်၌ အရေးယူအပြစ်ပေးမည်လည်း ဖြစ်နိုင်သည်။) ဤသူတို့ အလျင် ဟဇရသ်နူးဟ် عليه السلام ၏ အမျိုးသားများသည်လည်းကောင်း၊ ၎င်း၏ နောက် ပေါက်ဖွားလာသော အုပ်စုများသည်လည်းကောင်း (ပမာဆိုရသော် အားဒ်၊ ဆမူးဒ် အစရှိသည့် မျိုးနွယ်များသည် စစ်မှန်သော သာသနာတော်ကို) ငြင်းဆန်ခဲ့ကြသည်။ ထို့ပြင် အွမ္မသ်တိုင်း (မှ အီမာန်သက်ဝင် ယုံကြည်ခြင်းမရှိသူများသည်) မိမိတို့၏ ရစူလ်တမန်တော်များအား ဖမ်းဆီးရန် ကြံရွယ်ခဲ့ကြသည်။ (ဖမ်းဆီး၍ သတ်ရန်ဖြစ်သည်။) ထို့နောက် ၎င်းတို့သည် အမှားကို လက်ကိုင်ထား၍ ယင်းအမှားဖြင့် အမှန်တရားကို တိမ်းပါးစေရန်အလို့ငှာ ငြင်းခုံမှုများ ပြုလုပ်ကြသည်။ သို့ရှိရာ ငါအသျှင်မြတ်သည် (နောက်ဆုံး) ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ ထို့နောက် ငါအသျှင်မြတ်သည် (၎င်းတို့ကို) မည်သို့ အပြစ်ပေးခဲ့သည်ကို (ကြည့်ရှုကြကုန်။ ထို့ပြင် ၎င်းတို့ကို ဒွန္နယာလောကတွင် အပြစ်ပေးခြင်း ခံခဲ့ရသည်။)

ဤနည်းအတိုင်းပင် ကာဖိရ်များအပေါ် အသင် (တမန်တော်) အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်တော်မှ (နောင် 'အာခေရသ်'တွင်) 'ဂျဟန္နမ်'ငရဲသားများဖြစ်ကြောင်း သတ်မှတ်အတည်ပြုခဲ့ပြီး ဖြစ်၏။ (ဆိုလိုသည်မှာ ဤလောက၌လည်း 'အဇားဗ်'ပေးခြင်းခံရကာ နောင်တမလွန်တွင်လည်း ခံရမည်ဖြစ်သည်။ ဤအတိုင်းပင် 'ကုဖ္ဖရ်'ပြု သွေဖည်ငြင်းဆန်မှုကြောင့် လက်ရှိ ကာဖိရ်များကိုလည်း ကွပ်မျက် အပြစ်ပေးတော့မည်ဖြစ်သည်။ နှစ်ဌာနစလုံးတွင်ဖြစ်စေ၊ 'အာခေရသ်'၌ဖြစ်စေ ပြစ်ဒဏ်ပေးမည်ဖြစ်သည်။ ငြင်းဆန်သူများ၏ အခြေအနေမှာ ရှုတ်ချထိုက်သူနှင့် အပြစ်ပေးထိုက်သူသာ ဖြစ်ချေသည်။ ထို့ပြင် အကြင်သူများသည် 'သောင်ဟီးဒ်'တရားလက်ကိုင်ထား၍ မုအ်မင်န်ဖြစ်ခဲ့ပါမူ ၎င်းတို့အတွက် ဖရစ်ရှ်သာဟ်ကြီးများသည် ဆုမွန်များ တောင်းပေးနေပြီး 'အိစ်သဂ်ဖွာရ်' ပလပ်ခွင့်များ တောင်းခံပေးမှုတွင် ရှိနေမည်ဖြစ်သည်။ ဥပဒေရှိသည့်အတိုင်း

يَفْعَلُونَ مَا يُؤْمَرُونَ

မှာ ၄င်းတို့၏ အချင်းလက္ခဏာသာ ဖြစ်သည်။ ဆိုလိုသည်မှာ ၄င်းဖရစ်ရှ်သာဟ်များသည် အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ မုအ်မင်န်များအတွက် 'အိစ်သိဂ်ဖွာရ်' ပလပ်ခွင့် တောင်းခံပေးရန် အမိန့်ပေးခြင်း ခံရသူများဖြစ်သည်။ ၄င်းမှ မုအ်မင်န်များသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် နှစ်သက်မှု ရရှိမည့်သူများ ဖြစ်ကြောင်းကို သိရှိရသည်။ သို့ရှိရာ မိန့်တော်မူသည်မှာ) 'အရ်ရှ်'ပလ္လင်တော်ကို ထမ်းဆောင်လျက်ရှိသော ဖရစ်ရှ်သာဟ်များကလည်းကောင်း၊ ယင်း 'အရ်ရှ်'ပလ္လင်တော်၏ ပတ်လည်၌ရှိကြသော ဖရစ်ရှ်သာဟ်များ ကလည်းကောင်း မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ ထိုအသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်ကြောင်းကို မြွက်ဆိုလျက် ရှိကြသည်။ ထို့ပြင် အသျှင်မြတ်ကို သက်ဝင်ယုံကြည်ကြသည်။ ထို့နောက် ၄င်းတို့သည် မုအ်မင်န်များအဖို့ (ဤကဲ့သို့) လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပေးလျက်ရှိသည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင် မြတ်သည် အရာခပ်သိမ်းတို့ကို ကရုဏာတော်ဖြင့်လည်းကောင်း၊ ဉာဏ်တော်အနန္တဖြင့်လည်းကောင်း ဝန်းခြုံလျက် ရှိတော်မူပါ၏။' (သို့ရှိရာ အီမာန်ရှင်များကိုမူ သာပို၍ ကရုဏာသက်တော်မူမည် ဖြစ်ပြီး ၄င်းတို့၏ အီမာန်ပိုင်းဆိုင်ရာများနှင့် ပတ်သက်ပြီး အသျှင်မြတ် သိတော်မူပြီးဖြစ်သည်။)

'သို့ဖြစ်ပေရာ အသျှင်မြတ်သည် ထိုသူတို့အား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ အကြင်သူ တို့မှာမူ (မိမိတို့ ပြုကျင့်ခဲ့သည့် ရှရစ်ကန့်နှင့် ကုဖွရ်မှ) ဝန်ချတောင်းပန်မှု ပြုခဲ့ကြ၏။ ထို့ပြင် ၄င်းတို့သည် အသျှင်မြတ်၏ လမ်းတော်တွင် လျှောက်လှမ်းခဲ့ရာ ၄င်းတို့ကို 'ဂျဟန္နမ်'ငရဲဘေးမှ ကယ်တင်တော်မူပါ။ အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ၄င်းပြင် ('ဂျဟန္နမ်'ငရဲဘေးမှ လွတ်မြောက် စေ၍) ထိုသူများကို ၄င်းတို့နှင့် ကတိပြုတော်မူခဲ့သည့် အမြဲနေထိုင်ရမည့် ဉယျာဉ်များသို့ ဝင်ရောက်စေ တော်မူပါ။ ထို့ပြင် ၄င်းတို့၏ မိဘ၊ ဇနီးကြင်ယာများနှင့် သားသမီးများအနက်မှလည်း အကြင်သူများ သည် ('ဂျန္နသ်'နှင့်) ထိုက်တန်သော (ဆိုလိုသည်မှာ မုအ်မင်န်ဖြစ်လျှင် အဆင့်မီသော မုအ်မင်န်မဖြစ်လင့် ကစား) ၄င်းတို့ကိုလည်း ဝင်ရောက်စေတော်မူပါ။' ဧကန်မုချ အသျှင်မြတ်သည် လွန်စွာ နိုင်နင်းလွှမ်းမိုး တော်မူသော အသျှင်နှင့် ဆင်ခြင်တုံတရားဖြင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ဆိုလိုသည်မှာ ခွင့်လွှတ်နိုင်စွမ်းလည်း ရှိသည့်အပြင် လူတိုင်းကို သင့်လျော်သည့် အဆင့်အတန်း ပေးသနား တော်မူနိုင်သော အသျှင်မြတ် ဖြစ်တော်မူပေသည်။) ထို့ပြင် (၄င်းတို့ကို 'ဂျဟန္နမ်'၏ ကြီးလေးသော အပြစ်မှ လွတ်ကင်းရန် အသျှင်မြတ်၏ ထံတော်၌ ဒိုအာပြုခဲ့သကဲ့သို့ ဤသို့လည်း ဒိုအာပြုပါသည်။) ၄င်းတို့ကို ('ကေယာမသ်'နေ့၏ အမျိုးမျိုးသော) ဒုက္ခဘေးဘယာများမှ ကင်းလွတ်စေတော်မူပါ။ ('ဂျဟန္နမ် ငရဲ၏ ဘေးဒုက္ခထက် လျော့ပေါ့ပါသော်လည်း ဥပမာ- 'ကေယာမသ်'ကွင်းပြင်၏ ဒုက္ခ ပူဆွေးသောက များ) ထို့ပြင် အသျှင်မြတ်သည် ထိုနေ့တွင် အကြင်သူကို ဒုက္ခများမှ ကင်းလွတ်စေခဲ့သည်ရှိသော် ၄င်းသူ အပေါ် အသျှင်မြတ် (အလွန်) ကျေးဇူးကရုဏာတော် ပြုခဲ့သည်သာ ဖြစ်မည်။ ထို့ပြင် ဤသည် (အထက်

တင်ပြပါ 'မဂ်ဖွေရသ်'ပြု ခွင့်လွှတ်ခြင်း၊ အကြီးအငယ် အပြစ်များမှ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ထို့ပြင် 'ဂျန္နသ်'သို့ ဝင်ရောက်စေခြင်း) တို့သည် ကြီးမားသော အောင်မြင်မှုသာဖြစ်သည်။ (သို့ရှိရာ မိမိ၏ မုအ်မင်န် ဗန္ဒာဟ်များကို ထိုအရာများမှ လက်မဲ့မဖြစ်ပါစေနှင့်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ်မုအ်မင်န်၏ ထူးခြားချက်များနှင့် အကျိုးကျေးဇူး စသည်များအကြောင်း

ဤစူရာဟ်မှ စ၍ စူရာဟ်အဟ်ကားဖ်အထိ စူရာဟ် (၇) ပုဒ်သည် حٰمٓ ဖြင့် အစပြုခဲ့ရာ ယင်းတို့ကို آلحٰمٓ (သို့) حواميم ဟု ခေါ်ဆိုသည်။ ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ﷺ သခင်က آلحٰمٓ ကို ديباج القرآن ဟု မိန့်ဆိုထားသည်။ (ديباج) ဟူသည် ပိုးထည်ကို ခေါ်ဆိုပေသည်။ ယင်း၏ အလိုသဘောမှာ အလှတရားဖြစ်သည်။ ထို့ပြင် ဟဇသ်မက်စ်အရ်ဗင်န်ကေဒါမ် ﷺ သခင်က ယင်းတို့ကို عرائس ဟု ခေါ်ဆိုသည်။ အဓိပ္ပာယ်မှာ သတို့သမီးများ၊ ထို့ပြင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ အရာတိုင်းတွင် အနှစ်သာရတစ်ခု ရှိသည်။ ကုရ်အာန်၏ အနှစ်ချုပ်သည် آلحم (သို့) حواميم ဖြစ်သည်ဟု မိန့်ဆိုထားသည်။ ဤအဆိုအားလုံးကို အေမာမ်အဗူအိုဗိုင်းဒ်ကာစင်မ်ဗင်န် စလာမ် (ရဟ) က မိမိ၏ ဖွဇာအေ့လေ့ကုရ်အာန်မည်သော စာအုပ်တွင် ရေးသားထားလေသည်။

ထို့ပြင် ဟဇရသ်အဗ်ဒုလ္လာဟ် ﷺ သခင် မိန့်ဆိုသည်မှာ ကုရ်အာန်ကျမ်းမြတ်သည် ဤကဲ့သို့ ပမာတူသည်။ ဆိုလိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် မိမိအိမ်သူအိမ်သားများ နေထိုင်ရန် နေရာထိုင်ခင်း ရှာဖွေရန်အလို့ငှာ ထွက်ခဲ့၏။ သို့ရှိရာ စိမ်းလန်းစိုပြည်နေသော ကွင်းပြင်တစ်ခုကို တွေ့မြင်၍ ပျော်ရွှင်ဝမ်းမြောက်နေလျက် ဆက်လက်၍ အနည်းငယ် လျှောက်လှမ်းခဲ့ရာ ဥယျာဉ်၊ ဆိုလိုသည်မှာ ဤကဲ့သို့သော ဥယျာဉ်မျိုးကို တွေ့မြင်ရသည်မှာ မြေမှ သဘာဝပေါက်ပင် အများဆုံး ရှိသည်ကို တွေ့မြင်ရသောအခါ ပြောကြားသည်မှာ ကျွန်ုပ်သည် မိုးရေကြောင့် ပထမဦးဆုံး စိမ်းလန်းနေသည်များကို ကြည့်၍ အံ့သြနေမိသည်။ သို့ရှိရာ ဤသည် ထို့ထက်ပို၍ အံ့သြစရာကောင်းသည်။ ဤပမာကို ကြည့်၍ ပြောဆိုရလျှင် ပထမ စိမ်းလန်းစိုပြည်မှုဟူသည် ကုရ်အာန်နှင့် ပမာတူသည်။ ထို့ပြင် ဥယျာဉ်ဟူသည် ကျမ်းမြတ်ကုရ်အာန် အတွင်းရှိ آلحٰمٓ နှင့် ပမာတူသည်။ ထို့ကြောင့်ပင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်က မိန့်ဆိုသည်မှာ ကျွန်ုပ်သည် ကျမ်းမြတ်ကုရ်အာန်ကို 'သေလာဝသ်'လုပ်လျက် آلحم သို့ ရောက်ရှိလာသော် ထိုဥယျာဉ်အတွင်း ကောင်းကောင်းလည်ပတ်နေရသကဲ့သို့ ခံစားရသည်။

ဒုက္ခတိုင်းမှ ကာကွယ်မှု ရရှိစေရန်

ထို့ပြင် မတ်စ်နဒ်ဒေ့ဗ်ဇ်ဇာရ်ကျမ်းတွင် ကျမ်းရှင်က မိမိ၏ စနဒ်ဖြင့် ဟဇရသ်အာဗူဟူရိုင်ရာဟ် ﵁ သခင်ထံမှ ဆင့်ပြန်သည်။ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ နေ့၏ အစတွင် 'အာယာသွလ်ကုရ်စီ' နှင့် 'စူရာဟ်မုအ်မင်န်' (၏ ပထမသုံးအာယသ်တော် حٰمٓ မှစ၍ اِلَيۡهِ الۡمَصِيۡرُ အထိ) ဖတ်ပါ။ ထိုသူ့အဖို့ ယင်းနေ့သည် ဘေးဗလာများမှ အကာအကွယ် ရရှိပေမည်။ ဤရေဝါယသ်ကို သိရ်မေဇီကျမ်းရှင်ကလည်း ဆင့်ပြန်ခဲ့သည်။ ထိုဆင့်ပြန်ချက်ရှိ ဆင့်ပြန်သူတစ်ဦးနှင့် ပတ်သက်ပြီး အားနည်းချက်ရှိသည်ဟု သုံးသပ်ချက်များ ရှိထားသည်။ *[အိဗ်နေကဆီးရ်ကျမ်း၊ တွဲ-၄၊ စာ-၆၉။]*

ရန်သူများမှ အကာအကွယ်

အဗူဒါဝူးဒ်ကျမ်းနှင့် သိရ်မေဇီကျမ်းတွင် မှန်ကန်တိကျသော 'စနဒ်'ဖြင့် ဟဇရသ်မဟ်လဗ်ဗင်န် အဘီစွဖ်ရာဟ် ﵁ သခင်ထံမှ ဆင့်ပြန်ထားသည်။ ၎င်းက မိန့်ဆိုသည်မှာ ကျွန်ုပ်အား ကိုယ်တော်မြတ့်ထံတော်မှ တိုက်ရိုက် ကြားခဲ့သူက ဆင့်ပြန်နေသည်။ (စစ်ပွဲတစ်ခုတွင် ညအချိန် အကာအကွယ်ရရှိစေရန်) မိန့်ဆိုခဲ့သည်မှာ အကယ်၍ ညအချိန်တွင် အသင်တို့အပေါ် အလစ်ဝင်ရောက် ခြုံခိုတိုက်ခိုက်ခြင်း ခံရသော် အသင်တို့ حٰمٓ لَا يُنۡصَرُوۡنَ ဟု ဖတ်ရွတ်လိုက်ပါလေ။ ယင်း၏ အကျိုးရလဒ်မှာ حٰمٓ ဟူသော စာလုံးနှင့်အတူ 'ကျွန်ုပ်တို့၏ ရန်သူများကို လွှမ်းမိုးနိုင်စွမ်း မပေးပါနှင့်' ဟု ဒိုအာပြုကြကုန်။ ထို့ပြင် အချို့ ဆင့်ပြန်ချက်များတွင် حٰمٓ لَا يُنۡصَرُوۡا ဟု နောက်ဆုံးတွင် (နူးန်) အက္ခရာမပါဘဲ မိန့်ဆိုထားရာ ယင်း၏ အကျိုးထူးမှာ အသင်တို့ حٰمٓ ဟု ဆိုလိုက်လျှင် ရန်သူများ အောင်နိုင်တော့မည်မဟုတ်ပေ။ ၎င်းမှ သိရှိရသည်မှာ حٰمٓ သည် ရန်သူများ၏ ဘေးရန်မှ အကာအကွယ်ပေးသော မြို့ရိုးပမာဖြစ်သည်။

[အိဗ်နေကဆီးရ်ကျမ်း]

ထူးဆန်းသော ဖြစ်ရပ်တစ်ခုအကြောင်း

ဟဇရသ်ဇာဗစ်သ်ဘနာနီ (ရဟ) က မိန့်ဆိုသည်မှာ ကျွန်ုပ်သည် ဟဇရသ်မဆွ်အဘ်ဗင်န်ဇုဘိုင်ရ် ﵁ သခင်နှင့်အတူ ကူဖာနယ်တွင် ရှိခဲ့သည်။ ကျွန်ုပ်သည် ဥယျာဉ်တစ်ခုထဲသို့ နမာဇ်နှစ်ရကအသ် ဝတ်ပြုရန် ဝင်သွားခဲ့ရာ ကျွန်ုပ်သည် နမာဇ်ဝတ်မပြုမီအလျင် စူရာဟ်မုအ်မင်န်၏ အာယသ်တော်ဖြစ်သော

اِلَيۡهِ الۡمَصِيۡرُ အထိ ဖတ်ရွတ်လိုက်သည်။ ရုတ်တရက် ကျွန်ုပ်၏ အနောက်တွင် ယမနီအဝတ်ကို ဝတ်ဆင်ထားသော သူတစ်ဦးသည် လားအဖြူကို စီးနင်းလျက် အနောက်၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုပုဂ္ဂိုလ်က ကျွန်ုပ်အား 'အသင် غَافِرَ الذَّنْبِ ဟု ရွတ်ဆိုခြင်းနှင့်အတူ

يَاغَافِرَ الذَّنْبِ اِغْفِرْلِىْ

ဆိုလိုသည်မှာ 'အို၊ အပြစ် 'ဂိုနာဟ်'များကို ခွင့်လွှတ်တော်မူသော အသျှင်၊ ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ။ ထို့ပြင် အသင် قَابِلِ التَّوْبِ ကို ရွတ်ဆိုသည်နှင့်အတူ ဤဒိုအာ

وَيَاقَابِلَ التَّوْبِ اقْبَلْ تَوْ بَتِىْ

ဆိုလိုသည်မှာ 'အို၊ 'သောင်ဗာဟ်'လက်ခံတော်မူသော အသျှင်၊ ကျွန်ုပ်၏ 'သောင်ဗာဟ်'ကို လက်ခံတော်မူပါ' ဟု ရွတ်ဆိုပါလေ။ တစ်ဖန် شَدِيْدِ الْعِقَابِ သို့ ရောက်လျှင် ဤဒိုအာကို ရွတ်ဆိုပါလေ။

يَاشَدِيْدَ الْعِقَابِ لَاتُعَا قِبْنِىْ

ဆိုလိုသည်မှာ 'ပြင်းထန်စွာ 'အဇားဗ်'ပေးတော်မူသော အသျှင်၊ ကျွန်တော်မျိုးအား 'အဇားဗ်' အပြစ်ဒဏ် ပေးတော်မမူပါနှင့်။' ထို့ပြင် ذِى الطَّوْلِ ဟု ဖတ်လျှင် ဤဒိုအာ

يَاذَا الطَّوْلِ طُلْ عَلَىَّ بِخَيْرٍ

ဆိုလိုသည်မှာ (အို၊ ချီးမြှင့်ပေးကမ်းတော်မူသော အသျှင်၊ ကျွန်တော်မျိုးအား ချီးမြှင့်တော်မူပါ) ဟု ရွတ်ဆိုပါ'ဟု ပြောကြားခဲ့လေသည်။

ဟဇရတ်စာဘစ်သ်ဘနာနီ (ရဟ) မိန့်ဆိုသည်မှာ ဤဆုံးမသွန်သင်မှုကို ကြားရပြီး ထိုဘက်သို့ လှည့်ကြည့်လိုက်သောအခါ မည်သူမျှ မရှိခဲ့ပေ။ ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်အား ရှာဖွေရန် ဥယျာဉ်တံခါးပေါက်သို့ လာခဲ့သည်။ ထို့နောက် ထိုသူများအား 'ဤနေရာမှ ယမနီအထည် ဝတ်ဆင်ထားသော သူတစ်ဦး ဖြတ်သွားသည်ကို မြင်ပါသနည်း'ဟု မေးမြန်းလိုက်ရာ အားလုံးက မတွေ့ကြောင်း ဖြေသည်။ ဟဇရတ်စာဘစ်သ်ဘနာနီ (ရဟ) ၏ အခြားဆင့်ပြန်ချက်တစ်ခုတွင် လူများက 'အိလ်ယားစ် عليه السلام 'ဟု ထင်မှတ်ကြောင်း ဖြေသည်ဟု လာရှိထားပြီး အခြားရေဝါယတ်များတွင် ထိုအကြောင်း မပါရှိပေ။/ *အိဗ်နေကစီးရ်* /

စာရိတ္တပြုပြင်မှုဆိုင်ရာတွင် ဤအာယသ်တော်၏ ထိရောက်စူးရှမှုနှင့် ပြုပြင်လိုသူများအတွက် ဟဇရတ်အုမရ် رضي الله عنه သခင်၏ ကြီးမားသော ဆုံးမလမ်းညွှန်ချက်

အိဗ်နေကစီးရ် (ရဟ) သခင်က အိဗ်နေအဘီဟာသင်မ် (ရဟ) ၏ စနဒ်ဖြင့် ဆင့်ပြန်ထားသည်မှာ ဆီးရီးယားနိုင်ငံရှိ သိက္ခာရှင် အားအင်တောင့်တင်းသူတစ်ဦးသည် ဟဇရတ်အုမရ် رضي الله عنه သခင်ထံ လာလေ့ရှိခဲ့သည်။ ရက် အတန်ကြာ ၎င်းမလာသောကြောင့် ဟဇရတ်အုမရ် رضي الله عنه က လူတို့အား ၎င်း၏ အခြေအနေကို

မေးမြန်းသည်။ လူတို့က ဖြေကြားသည်မှာ 'ၝင်း၏ အခြေအနေကို မမေးလေနှင့်။ ၎င်းက အရက်သေစာ သောက်သုံးယစ်မူးနေသည်။' ထိုအခါ ဟဇရတ်အုမရ် ﷺ သခင်က မိမိ၏ စာရေးသူအား ခေါ်ယူ၍ ဤစာကို ရေးစေခဲ့သည်။

من عمر بن الخطاب الى فلان بن فلان ــ
سلام عليك فانى احمد اليك الله الذى لآاله الّا هو غَافِرَ الذَّنبِ
وَقَابِلَ التَّوْبِ شَدِيْدَ الْعِقَابِ ذَا الطّول لااله الاهو اليه المصير

"အုမရ်ဗင်နဲခတ္တ်ဗ်သားဗ်ဘက်မှ မည်သူမည်ဝါထံသို့ **سلام عليك** (အသင့်အပေါ် ငြိမ်းချမ်းသာယာမှု ခညောင်းပါစေ) ဟု မိတ်ဆက်စလာမ် ပြုပြီးသည့်နောက် ကျွန်ုပ် (အုမရ်သခင်) သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုပါ၏။ အကြင်အသျှင်မြတ်နှင့် တုဖက်ကိုးကွယ် ထိုက်သောသူဟူ၍ အလျဉ်းမရှိပေ။ ထိုအသျှင်မြတ်သည် 'ဂိုနာဟ်'များကို ခွင့်လွှတ် တော်မူသော အသျှင်၊ 'သောင်ဗာဟ်'ကို လက်ခံတော်မူသော အသျှင်၊ ပြင်းပြင်းထန်ထန် 'အဇာဗ်'ပေးတော်မူသော အသျှင်၊ အလွန်တရာ စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်ပြီး ထိုအသျှင်မြတ်မှအပ အခြားကိုးကွယ်ရာ မရှိ။ ထိုအသျှင်မြတ်ဘက်တော်သို့သာ လှည့်ပြန်သွားမည်ဖြစ်သည်။"

တစ်ဖန် ထိုင်ဝိုင်း၌ရှိသူများအား မိန့်ဆိုသည်မှာ အသင်တို့အားလုံး စုပေါင်း၍ ၎င်းအတွက် ဆုပန်ကြကုန်။ အကြောင်းအရာမှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ စိတ်ဓါတ်ကို ပြောင်းလဲပေးရန်နှင့် ၎င်း၏ 'သောင်ဗာဟ်'ကို လက်ခံမှုရရှိစေရန်အတွက် ဖြစ်သည်။ ဟဇရတ်အုမရ် ﷺ သခင်သည် ဤစာကို ပေးခိုက်လိုက်သော ကိုယ်စားလှယ်အား မှာကြားလိုက်သည်မှာ ဤစာကို ၎င်းယစ်မူးမှုမှ သတိမလည်လာမချင်း မပေးလေနှင့်။ ထို့ပြင် အခြားသူ၏ လက်ဝယ် မပေးလေနှင့်။ ၎င်းသူထံ ဟဇရတ်အုမရ် ﷺ သခင်၏ စာရောက်ရှိသွားသော် ၎င်းသည် ထိုစာသားများကို ကြိမ်ဖန်တလဲလဲ ဖတ်ကာ စဉ်းစားတွေးတောသည်။ ကျွန်ုပ်အား 'အဇာဗ်'အပြစ်ဒဏ်များမှ ခြိမ်းခြောက်မှုလည်း ပြုထားသည်။ ထို့ပြင် ခွင့်လွှတ်မည့် ကတိလည်း ပါရှိနေသည်။ ထို့နောက် ၎င်းသည် ငိုကြွေးကာ အရက်သေစာ သောက်သုံးခြင်းမှ ရှောင်ကြဉ်လိုက်လေသည်။ သို့ရှိရာ ဤကဲ့သို့သော 'သောင်ဗာဟ်'မျိုးကို ပြုလိုက်သည်မှာ နောင်မည်သည့်အခါမှ အရက်သေစာအနီးသို့ပင် မချဉ်းကပ်တော့ပေ။

ဟဇရတ်အုမရ် ﷺ သခင်ထံ ဤကဲ့သို့ စူးရှထိရောက်သွားကြောင်း သတင်းရောက်ရှိလာသောအခါ ဟဇရတ်အုမရ် ﷺ က မိန့်ဆိုသည်မှာ အသင်တို့အားလုံးကိုလည်း ဤကဲ့သို့သော အကြောင်းအရာများတွင် ဤသို့ပင် လုပ်ဆောင်သင့်သည်။ ဆိုလိုသည်မှာ မိမိနောင်တော်တစ်ဦး မှားယွင်းချွတ်ချော်မှုတစ်ခုခုတွင် နစ်မွန်းနေပါကမူ ၎င်းကို အစမ္မပြုပြင်ပေးရန် သောကမထားလေနှင့်။ ထို့ပြင် ၎င်းကို အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်ကို ယုံကြည်အားကိုးအားထားရန် ဆော်ဩပါ။ ၎င်းနောက် အသျှင်

မြတ်ထံတော်တွင် ၎င်းအတွက်-၎င်းမှ 'သောင်ဗာဟ်'ပြုနိုင်ရန် ဒိုအာပြုပေးကြကုန်။ ထို့ပြင် အသင်တို့သည် ၎င်းနှင့် ဆန့်ကျင်၍ ရှိက်သွာန်ကို ကူညီသူ မဖြစ်ပါစေနှင့်။ ဆိုလိုသည်မှာ ၎င်းကို ပြစ်တင်ရှုံ့ချ၍ ဖြစ်စေ၊ (သို့) ဒေါသထွက်စေပြီး သာသနာနှင့် ဝေးအောင် လုပ်လိုက်မည်ဆိုလျှင် ဤသည် ရှိက်သွာန်ကို ကူညီရာရောက်မည်။ *[အိဗ်နေကစီးရ်ကျမ်း]*

သတိပေးနှိုးဆော်ချက်

အကြင်သူများသည် စာရိတ္တပြုပြင်ရေးနှင့် 'ဒအ်ဝသ်သေသစ်လီးဂ်' ('သဗ်လီးဂ်'လုပ်ငန်း) တွင် ပါဝင်ဆောင်ရွက်နေပါမူ ၎င်းတို့အတွက် ဤအဖြစ်အပျက်တွင် ကြီးမားသော လမ်းညွှန်ချက် ပါရှိလေသည်။ ဆိုလိုသည်မှာ မိမိ ပြုပြင်ပေးလိုသူအတွက် မိမိကိုယ်တိုင်လည်း ဒိုအာလုပ်ပေးပြီး နူးညံ့သိမ်မွေ့သော ပုံစံနှင့် ၎င်းကို အမှန်တရားဘက်သို့ ဆွဲဆောင်ပါ။ ဒေါသထွက်အောင် မပြုလုပ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ၎င်းသူ အကျိုးမရမည့်အပြင် ရှိက်သွာန်ကို ကူညီရာရောက်နေမည်။ ထို့ပြင် ၎င်းသူ ပိုမို၍ လမ်းမှားမှုတွင် ဆိုက်ရောက်သွားစေနိုင်သည်။ (ရှေ့ဆက်၍ အာယသ်တော်၏ သဖ်စီးရ်ကို လေ့လာကြည့်ပါ)

حٰمٓ အချို့အကျယ်ဖွင့်ဆိုသော ပညာရှင်များက မိန့်ဆိုသည်မှာ ဤစာလုံးသည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြစ်သည်။ သို့သော် ယခင်ပညာရှင်ကြီးများကမူ ဤ **حروف مقطعات** အားလုံးကို **مُتَشَابِهَات** စာလုံးများဖြစ်ရာ 'ယင်း၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမှ မသိပေ'ဟု မိန့်ဆိုကြသည်။ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ ကြားရှိ လျှို့ဝှက်ချက်ဖြစ်သည်။

غَافِرِ الذَّنْبِ وَقَابِلِ التَّوْبِ

တွင် **غَافِرِ الذَّنْبِ** ၏ လုံးကောက်အဓိပ္ပာယ်မှာ ('ဂိုနာဟ်'အပြစ်များကို ဖုံးအုပ်ပေးသော အသျှင်) ဟူ၍ ဖြစ်ပြီး **قَابِلِ التَّوْبِ** ၏ အဓိပ္ပာယ်မှာ ('သောင်ဗာဟ်'ကို လက်ခံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်) ဟူ၍ ဖြစ်၏။ ဤစာသားနှစ်ခုကို သီးခြားသီးခြားစီ တင်ပြထားသော်လည်း စင်စစ် အဓိပ္ပာယ်အရ နီးစပ်သည်ကို သိနေရသည်။ သို့ရှိရာ သီးခြားသုံးနှုန်းထားရခြင်း အကြောင်းမှာ **غَافِرِ الذَّنْبِ** တွင် အလ္လာဟ်အသျှင်မြတ်သည် ဗန္ဒာဟ်တစ်ဦး၏ 'ဂိုနာဟ်'ကို 'သောင်ဗာဟ်'မပြုဘဲနှင့်လည်း ခွင့်လွှတ်နိုင်စွမ်းရှိကြောင်း ဖော်ညွှန်းနေသည်။ ထို့ပြင် 'သောင်ဗာဟ်'လုပ်သော သူများကို ခွင့်လွှတ်ခြင်းဆိုသည်မှာ သီးခြားဂုဏ်တော်တစ်ခုပင် ဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

ذِى الطَّوْلِ တွင် **طول** ၏ လုံးကောက်အဓိပ္ပာယ်မှာ ကြွယ်ဝချမ်းသာမှုဟူ၍ ဖြစ်သည်။ ထို့ပြင် စွမ်းဆောင်နိုင်ခြင်းဟူသည့် အဓိပ္ပာယ်လည်း ရသည်။ ထို့နောက် ကျေးဇူးပြုခြင်းဟုလည်း အဓိပ္ပာယ်ရသည်။ *[မဇ္ဇဟရီကျမ်း]*

مَايُجَادِلُ فِيْٓ اٰيٰتِ اللّٰهِ اِلَّا الَّذِيْنَ كَفَرُوْا

ဤအာယသ်တော်သည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ပတ်သက်ပြီး အငြင်းအခုံလုပ် ပြဿနာရှာသူများကို ကာဖိရ်ဟု မိန့်ဆိုထားသည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ မှ မိန့်တော်မူသည်မှာ-

اِنَّ جِدَالًا فِي الْقُرْاٰنِ كُفْرٌ

ဆိုလိုသည်မှာ ကေန်မုချ ကျမ်းတော်မြတ်ကုရ်အာန်နှင့် ပတ်သက်ပြီး အချို့သော အတိုက်အခံပြုခြင်းများမှာ 'ကုဖွရ်' ထိုက်စေ၏။ *[အဘူဒါဝူဒ်ကျမ်း၊ ဟာကင်မ်ကျမ်း၊ မဇ္ဇဟရီကျမ်း။]*

ထို့ပြင် ဟဒီးစ်တော်တွင် လာရှိသည်မှာ တစ်နေ့သောခါ ပုဂ္ဂိုလ်နှစ်ဦး ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်တစ်ပိုဒ်နှင့် ပတ်သက်ပြီး အငြင်းအခုံပြုနေသည်ကို ကြားရသောအခါ ကိုယ်တော်မြတ် ﷺ သည် စိတ်ဆိုးတော်မူကာ အပြင်သို့ ထွက်လာတော်မူခဲ့သည်။ ကိုယ်တော်မြတ် ﷺ ၏ ရွှေမျက်နှာတော်တွင် စိတ်ဆိုးနေသည့် လက္ခဏာကို တွေ့မြင်နေရသည်။ ထို့နောက် ကိုယ်တော်မှ မိန့်ဆိုသည်မှာ အသင်တို့အလျင် ရှိကြကုန်သော အုမ္မသ်များ ပျက်စီးခဲ့ရခြင်းမှာ အသျှင်မြတ်၏ ကျမ်းဂန်များနှင့် ပတ်သက်ပြီး အငြင်းအခုံလုပ် ပြဿနာဖြစ်သောကြောင့်ပင် ဖြစ်သည်။ (မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် အမရ်ဗင်န်ရှိအိုင်ဘ် ؓ သခင်ထံမှ ဆင့်ပြန်သည်။) *[မဇ္ဇဟရီကျမ်း]*

ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်တွင် 'ကာဖိရ်' ဟုဆုထားသော အငြင်းအခုံ၏ အလိုသဘောမှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များအပေါ် ရှုတ်ချပြစ်တင်ခြင်းနှင့် မလိုအပ်သော ဒွိဟဖြစ်စေမည့် အရာများကို ထုတ်၍ အငြင်းအခုံလုပ်ခြင်းကို ခေါ်ဆိုပေသည်။ သို့မဟုတ် ကျမ်းတော်မြတ်ကုရ်အာန်ရှိ အာယသ်တော်တစ်ခုခု၏ အဓိပ္ပာယ်ကို အခြားအာယသ်တော်များနှင့် ဟဒီးစ်တော်များနှင့် ဆန့်ကျင်သည့် ပုံစံဖြင့် ဖွင့်ဆိုခြင်းသည် ကျမ်းတော်မြတ်ကုရ်အာန်ကို ပြောင်းလဲရာ ရောက်သည်။ ထိုသို့မဟုတ်ဘဲ **مبهم** (မပေါ်လွင်သော စာသား) (သို့) **مجمل** (ရှင်းလင်းမှုမရှိသော) စာသားတစ်ခုခု၏ သုံးသပ်မှု (သို့) အာယသ်တော်တစ်ခုခုမှ ပညတ်ချက်တော်များကို ထုတ်နုတ်လျက် အချင်းချင်း အခြေအတင် ပြောဆိုမှု၊ သုံးသပ်မှုတို့သည် ထိုအမိန့်တော်၌ မပါရုံသာမက ကြီးမားသော စဝါးဗ်ရရှိမည် ဖြစ်သည်။

[ဘိုင်ဇွာဝီ၊ ကုရ်သုဗီ၊ မဇ္ဇဟရီ။]

فَلَا يَغْرُرْكَ تَقَلُّبُهُمْ فِي الْبِلَادِ

ကာဖိရ်ကုရိုက်ရှ်များသည် ဆောင်းရာသီ၌ ယမန်နိုင်ငံသို့လည်းကောင်း၊ နွေရာသီတွင် ဆီးရီးယားနိုင်ငံဘက်သို့လည်းကောင်း၊ ကုန်သွယ်မှု ပြုရန် ခရီးထွက်လေ့ ရှိသည်။ ထို့ပြင် ၎င်းတို့သည် 'ကအ်ဗာဟ်' ကျောင်းတော်ကို ကြည့်ရှုစောင့်ကြပ်မှု ပြုသောကြောင့် အာရဗ်လောကတွင် ဂုဏ်သရေရှိခဲ့ကြသည်။ ထို့ကြောင့် မိမိတို့ခရီးစဉ်တွင် လုံခြုံမှုရပြီး ရောင်းဝယ်ဖောက်ကားမှုမှ အကျိုးအမြတ်များ ရယူခဲ့ကြသည်။ ထိုသို့ ကုန်သွယ်မှုပြုခြင်းဖြင့် ၎င်းတို့၏ ကြွယ်ဝမှုနှင့် အုပ်ချုပ်မှုအာဏာ ရရှိခဲ့သည်။ အစ္စလာမ်သာသနာတော်နှင့် ကိုယ်တော်မြတ် ﷺ အား ဆန့်ကျင်နေပါလျက် ၎င်းတို့ ဤကဲ့သို့ အခြေအနေ ကောင်းနေခြင်းသည် ၎င်းတို့

အဖို့ မောက်မာနိုင်ရန် အကြောင်းခံ ဖြစ်ခဲ့လေသည်။ ဆိုလိုသည်မှာ အကယ်၍ ကျွန်ုပ်တို့သည် အလ္လာဟ် အသျှင်မြတ်၏ ထံတော်ပါးတွင် တရားခံများဖြစ်ပါမူ ဤ 'နေ့အံ့မသ်'တော်များ ရုတ်သိမ်းသွားမည် ဖြစ်သည်။ ထိုသို့ ပြောဆိုခြင်းဖြင့် အချို့သော မွတ်စ္စလင်မ်များအဖို့ ဒွိဟသံသယဝင်နိုင်စရာ အကြောင်းရှိသည်။ ထို့ကြောင့် ဤအာယသ်တော်တွင် မိန့်ဆိုထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိအသိဉာဏ်ပညာ တော်ဖြင့် ၄င်းတို့ ကို ဤကဲ့သို့ ရက်အချို့အတွက် အခွင့်အရေးပေးထားခြင်း ဖြစ်သည်။ ထိုအကြောင်းအရာ များကြောင့် အသင်တမန်တော် (သို့) မွတ်စ္စလင်မ်များသည် သံသယတစ်စုံတစ်ရာ မဖြစ်လေနှင့်။ ရက်အချို့ အခွင့်အရေး ပေးပြီးသည့်နောက် ၄င်းတို့အပေါ် 'အဇာဗ်'ကျရောက်တော့မည်ဖြစ်သည်။ ထို့ပြင် ဤအုပ်ချုပ် မှုသည်လည်း ပျက်စီးတော့မည်ဖြစ်သည်။ ထိုအချက်များသည် 'ဗဒရ်'စစ်ပွဲမှစ၍ မက္ကာဟ်မြို့အား အောင်နိုင် သည်အထိ (၆) နှစ်အတွင်းတွင် ပြည့်ဝစွာ ပေါ်လွင်ခဲ့လေသည်။

اَلَّذِيْنَ يَحْمِلُوْنَ الْعَرْشَ وَمَنْ حَوْلَهٗ

ယခု 'အရ်ရှ်'ပလ္လင်တော်ကို ထမ်းထားသော ဖရစ်ရှ်သာဟ်များမှာ လေးပါးရှိပြီး 'ကေယာမသ်' နေ့တွင် ရှစ်ပါးဖြစ်သွားမည်။ ထို့ပြင် 'အရ်ရှ်'ပလ္လင်တော်၏ ဘေးပတ်ဝန်းကျင်တွင် ရှိမည့် ဖရစ်ရှ်သာဟ်များ၏ အရေအတွက်ကိုမူ အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူပေသည်။ အချို့ဆင့်ပြန်ချက်များတွင် ဖရစ်ရှ်သာဟ်များ၏ လိုင်းအရေအတွက် သိန်းချီအထိ ရှိသည်ဟု ဖော်ပြထားပြီး 'ကရူဘီ'ဟု ခေါ်ဆိုသည်။ ဤဖရစ်ရှ်သာဟ်များသည် အသျှင်မြတ်နှင့် နီးစပ်ခွင့်ရသော ဖရစ်ရှ်သာဟ်များ ဖြစ်သည်။ ဤအာယသ်တော် တွင် ဖော်ပြထားသည်မှာ ထိုနီးကပ်ခွင့်ရသော ဖရစ်ရှ်သာဟ်များသည် အထူးသဖြင့် 'ဂိုနာဟ်'များမှ 'သောင်ဗာဟ်'ပြုသော မုအ်မင်များအတွက်လည်းကောင်း၊ ရှရီအသ်တရားတော်ကို လေ့လာလိုက်စားမှုများ အတွက်လည်းကောင်း ဒိုအာပြုပေးလေသည်။ (သို့မဟုတ်) အသျှင်မြတ်က ထိုအလုပ်အတွက် အမိန့်ပေးထား ခြင်းဖြစ်သည်။ (သို့) ၄င်းတို့၏ ပင်ကိုယ်ဗီဇကပင် ဤအတိုင်း ဖြစ်မည်။ ဆိုလိုသည်မှာ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကောင်းသော ဗန္ဒာဟ်များအတွက် ဒိုအာတောင်းပေးလေ့ရှိသည်။ ထို့ကြောင့် ဟဇရသ် မသ္ဗရဖ်ဗင်နံအဗ်ဒုလ္လာဟ်ဗင်နံရှက်ခ်ခီးရ်သခင်က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဗန္ဒာဟ်များတွင် မုအ်မင်နံများအတွက် အားလုံးထက်ပို၍ အကောင်းလိုလားသူမှာ အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်သာဟ် ကောင်းကင်တမန်များသာ ဖြစ်သည်။ ၄င်းတို့သည် မုအ်မင်နံအတွက် ပြုပေးသော ဒိုအာမှာ ၄င်းမုအ်မင်နံ များကို 'မဂ်ဖိရသ်'ပြုတော်မူပါ။ 'ဂျဟန္နမ်'ငရဲဘေးမှ လွတ်မြောက်စေတော်မူပါ။ ထို့ပြင် အစဉ်အမြဲ နေထိုင်ရမည့် 'ဂျန္နသ်'သုခဘုံနန်းအတွင်း ဝင်ရောက်စံမြန်းစေတော်မူပါ။ ထိုသို့ ဆုပန်ခြင်းနှင့်အတူ ဤဒိုအာ ကိုလည်း ပြုပေးသည်မှာ-

وَمَنْ صَلَحَ مِنْ اٰبَآئِهِمْ وَاَزْوَاجِهِمْ وَذُرِّيّٰتِهِمْ

ဆိုလိုသည်မှာ '၄င်းတို့၏ အဘ၊ ဘိုး အားလုံးတွင်လည်းကောင်း၊ ဇနီးကြင်ယာများတွင်လည်းကောင်း၊ သားသမီးများတွင်လည်းကောင်း 'မဂ်ဖိရသ်'လွတ်ငြိမ်းချမ်းသာခွင့် ရရှိနိုင်သည့် အဆင့်ရှိသူ၊ ဆိုလိုသည်

မှာ အကြင်သူများသည် အီမာန်နှင့်တကွ အသက်သေဆုံးခဲ့သည်ရှိသော် ၎င်းသူများအားလုံးကိုလည်း ဤသူများနှင့်အတူ 'ဂျန္နသ်'သုခဘုံတွင် ဝင်ရောက်စေတော်မူပါ'ဟူ၍ ဖြစ်သည်။

၎င်းမှ သိရှိရသည်မှာ လွတ်မြောက်မှုရစေရန် အဓိက စည်းကမ်းချက်မှာ အီမာန်ဖြစ်သည်။ အီမာန်ပြီးသည့်နောက် ကောင်းသော 'အမလ်' ကျင့်ဆောင်မှုများဖြစ်သည်။ 'ဂျန္နသီ'မွတ်စလင်မ်များနှင့် ပတ်သက်တော်စပ်နေကြသော အဖေ၊ အဖိုး၊ ဇနီး၊ သားသမီးများသည် အကယ်၍ ၎င်းထက် အဆင့်အတန်းနိမ့်နေသည်ရှိသော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် အဆင့်နိမ့်လင့်ကစား ထိုသူများနှင့်အတူ 'ဂျန္နသ်'တွင် စံမြန်းစေမည်ဖြစ်သည်။ ၎င်းတို့၏ ပျော်ရွှင်မှုသည် ပြည့်ပြည့်ဝဝ ရရှိသွားစေရန်ဖြစ်သည်။ ပမာဆိုရသော် ကျမ်းတော်မြတ်ကုရ်အာန်၏ အခြားအာယသ်တော်တစ်ပါးတွင် မိန့်တော်မူထားသည်မှာ-

وَاَلْحَقْنَابِهِمْ ذُرِّيَّتَهُمْ

ဟူ၍ဖြစ်သည်။ ဟဇရသ်စအီးဒ်ဗင်န်ဂျိုဘိုင်ရ် (ရဟ) သခင်က မိန့်ဆိုသည်မှာ မုအ်မင်န်တစ်ဦးသည် 'ဂျန္နသ်'သို့ ဝင်ရောက်သောအခါ 'မိမိ၏ ဖခင်၊ သားသမီးများနှင့် ညီအစ်ကိုမောင်နှမ စသည်တို့ အဘယ်မှာနည်း' ဟု မေးမြန်းမည် ဖြစ်သည်။ ၎င်းတို့ရှိသည့် နေရာကို ပြောပြလိုက်ပြီး မိန့်တော်မူမည်မှာ '၎င်းတို့သည် အသင့်ကဲ့သို့ 'အမလ်'မကျင့်ဆောင်ခဲ့ပေ။ (ထို့ကြောင့် ၎င်းတို့ ဤအဆင့်ကို မရောက်ရှိနိုင်ပေ။) ဤသူက လျှောက်ထားပြောဆိုမည်မှာ 'ကျွန်ုပ်သည် မိမိအတွက်သာ 'အမလ်'ကျင့်ဆောင်မှုပြုခဲ့ခြင်း မဟုတ်ရုံသာမက ၎င်းတို့အတွက်လည်း ပြုခဲ့သည်။' သို့ရှိရာ မိန့်တော်မူမည်မှာ 'ထိုသူများကိုလည်း 'ဂျန္နသ်'သို့ ဝင်ရောက် စံမြန်းခွင့်ပေးလိုက်ကုန်' ဟူ၍ ဖြစ်မည်။ *[အိဗ်နကဆီးရ်ကျမ်း]*

သဖ်စီးရ်မဇ္ဇဟီကျမ်းတွင် ဤဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီး မိန့်ဆိုထားသည်မှာ ဤသည် ဆွဟာဗာ၏ မိန့်ဆိုချက်ဖြစ်သော်လည်း 'မရ်ဖူအ်'တမန်တော်မြတ် ﷺ မှ ဆင့်ပြန်ထားသည့် ဟဒီးစ်အမိန့်အပေါ်ရှိနေသည်။ ထို့ပြင် ဤအကြောင်းနှင့်ပတ်သက်ပြီး ရှင်းလင်းနေသည်မှာ ဤအာယသ်တော်တွင် အဓိက စည်းကမ်းချက်အဖြစ် သတ်မှတ်ထားသော အရည်အချင်း၏ အလိုသဘောမှာ အီမာန်သာလျှင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الَّذِينَ كَفَرُوا يُنَادَوْنَ لَمَقْتُ اللَّهِ أَكْبَرُ مِن مَّقْتِكُمْ أَنفُسَكُمْ
إِذْ تُدْعَوْنَ إِلَى الْإِيمَانِ فَتَكْفُرُونَ ۝١٠

၄၀ : ၁၀ ။ ။ ဧကန်စင်စစ် ('ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင်) ကာဖိရ်သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့သည် (ဤသို့) ဟစ်ခေါ် (ပြောဆို) ခြင်းကို ခံကြရပေမည်။ 'အသင်တို့သည် (ယခု) မိမိတို့ကိုယ်ကို မုန်းတီးစက်ဆုပ်၍ နေကြသည်ထက် အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်မှုသို့ ဖိတ်ခေါ်ခြင်းကို ခံခဲ့ကြရစဉ် အသင်တို့ ငြင်းပယ်ခဲ့ကြသောအခါ၌ဝယ် အမှန်ပင် (အသင်တို့အား) အလ္လာဟ်အသျှင်မြတ်သည် သာပို၍ပင် မုန်းတီးစက်ဆုပ်တော်မူခဲ့၏။'

قَالُوْا رَبَّنَآ اَمَتَّنَا اثْنَتَيْنِ وَاَحْيَيْتَنَا اثْنَتَيْنِ
فَاعْتَرَفْنَا بِذُنُوْبِنَا فَهَلْ اِلٰى خُرُوْجٍ مِّنْ سَبِيْلٍ ﴿١١﴾

၄၀ း ၁၁ ။ ။ (ထိုအခါ) ၎င်းတို့သည် (ဤသို့) လျှောက်ထား ပန်ကြားကြပေမည်။ အို့၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား နှစ်ကြိမ်တိုင်တိုင် သူသေများအဖြစ်နှင့် ထားရှိတော်မူခဲ့ပါသည်။ ထိုနည်းတူစွာ အသျှင်မြတ်သည် နှစ်ကြိမ်တိုင်တိုင် ကျွန်တော်မျိုးတို့အား အသက်ရှင်စေတော်မူခဲ့ပါသည်။ ယခုသော်ကား ကျွန်တော်မျိုးသည် မိမိတို့၏ အပြစ်များကို ဝန်ခံကြပါပြီ။ သို့ဖြစ်ပါ၍ (ဤဒုက္ခမှ) လွတ်မြောက်ရန် နည်းလမ်း တစ်စုံတစ်ရာ ရှိပါ၏လော။

ذٰلِكُمْ بِاَنَّهٗٓ اِذَا دُعِيَ اللّٰهُ وَحْدَهٗ
كَفَرْتُمْ ۚ وَاِنْ يُّشْرَكْ بِهٖ تُؤْمِنُوْا ۗ فَالْحُكْمُ لِلّٰهِ الْعَلِيِّ الْكَبِيْرِ ﴿١٢﴾

၄၀ း ၁၂ ။ ။ ယင်း (ကဲ့သို့ ထာဝရ ပြစ်ဒဏ်ခံကြရခြင်း) ၏ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ် တစ်ဆူတည်းသာ လျှင် ဟစ်ခေါ်တမ်းတခြင်း ခံရတော်မူသောအခါ၊ အသင်တို့သည် ငြင်းပယ်လေ့ ရှိခဲ့ကြကုန်၏။ သို့ရာတွင် (တစ်စုံတစ်ရာ ကို) ထိုအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ပါသော် အသင်တို့သည် ယုံကြည်လက်ခံလေ့ ရှိကြကုန်၏။ သို့ဖြစ်ပေရာ (ယခု) စီရင်ဆုံးဖြတ်မှု (အာဏာ) သည် လွန်စွာ မြင့်မြတ်ကြီးကဲလှတော်မူသော အလ္လာဟ်အသျှင်မြတ်၌သာ ရှိချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူများသည် ငြင်းဆန်သူများဖြစ်ခဲ့ရာ (၎င်းတို့သည် 'ဂျဟန္နမ်'ငရဲဘုံ၌ ကျရောက်ပြီး မိမိတို့ပြုခဲ့သော 'ကုဖွရ်'၊ ရှရစ်ကနှင့် ပတ်သက်ပြီး ဝမ်းနည်းပူဆွေးကြသောအခါ ၎င်းတို့သည် မိမိကိုယ်ကို မိမိ ပြင်းပြင်းထန်ထန် ရွံရှာကြလိမ့်မည်ဖြစ်သည်။ ဒေါသထွက်လွန်း၍ မိမိလက်ချောင်းများကို ကိုက်စား ကြလိမ့်မည်။ ဒုရ်ရေမန်စူရ်ကျမ်းတွင် ဟဇရသ်ဟစန်သခင်၏ ဆင့်ပြန်ချက်၌ လာရှိသည့်အတိုင်း ဖြစ်သည်။ ထိုအခါ) ၎င်းတို့ကို ခေါ်ယူပြောဆိုမည်မှာ အသင်တို့ (ယခုအခါ) မိမိကိုယ်ကို အဘယ်မျှ မုန်းတီးရွံရှာ နေသည်ရှိသော် ထို့ထက်ပင် ပို၍ အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့ကို) ရွံရှာမုန်းတီးခဲ့လေသည်။ အသင်တို့ကို (ဒုနိယာလောက၌) အီမာန်ဘက် ဖိတ်ခေါ်မှုပြုခဲ့ရာ (ဖိတ်ခေါ်မှုပြုပြီးသည့်နောက်) အသင်တို့ လက်မခံခဲ့သည့်အခါက ဖြစ်သည်။ (ဤသို့ မိန့်ဆိုခြင်း၏ အဓိကရည်ရွယ်ချက်မှာ ၎င်းတို့ကို ပိုမို အရှက်ရ သေးသိမ်စေရန်ဖြစ်သည်။) ၎င်းတို့က ပြောဆိုကြသည်မှာ 'အို့၊ ကျွန်ုပ်တို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ (ကျွန်ုပ်တို့ တစ်ဖန် ရှင်ပြန်ထခြင်းနှင့် ပတ်သက်၍ ငြင်းဆိုခဲ့သည့် အမှားကို ယခု ကျွန်ုပ်တို့ တွေ့မြင်သိရှိသွားပြီးဖြစ်ရာ) အသျှင်မြတ်က ကျွန်ုပ်တို့ကို သူသေဘဝနှင့် နှစ်ကြိမ် ထားခဲ့သည်။ (တစ်ကြိမ်

မှာ မမွေးမီအလျှင် ကျွန်ုပ်တို့သည် သက်မဲ့ပုံစံနှင့် ရှိခဲ့သည်။ ဒုတိယတစ်ကြိမ်မှာ ဤလောကသို့ လာရောက်ပြီး အသက်ရှင်နေထိုင်လာပြီးသည့်နောက် သိသာစွာ သေခြင်းတရားကြောင့် သေခဲ့ရသည်။) ထို့ပြင် နှစ်ကြိမ် ရှင်စေခဲ့သည်။ (တစ်ကြိမ်မှာ လောကီ၏ သက်တမ်းဖြစ်ပြီး နောက်တစ်ကြိမ်မှာ တမလွန်၏ သက်တမ်းဖြစ်ခဲ့ရာ ဤသည့်အခြေအနေ လေးရပ်ဖြစ်သည်။ ထိုထဲတွင် တမလွန်သက်တမ်းတစ်ခုထဲကိုသာ ငြင်းဆိုခဲ့သည်။ သို့သော် ကျန်အခြေအနေသုံးခုကို လက်ခံလိုက်ရခြင်းမှာ ထိုအခြေအနေများသည် ဒွိဟ မရှိသောကြောင့် ဖြစ်သည်။ ယခု ဤစတုတ္ထအချက်ကို လက်ခံနေရခြင်း၏ ရည်ရွယ်ချက်မှာ ပထမသုံးချက်ကဲ့သို့ အမှန်ပင် တွေ့မြင်ရလိုက်သောကြောင့် ဖြစ်သည်။)

သို့ရှိရာ ကျွန်ုပ်တို့သည် မိမိတို့၏ အမှားကို (ယင်းအချက်များတွင် အဓိက သေပြီးနောက် ရှင်ပြန်ထခြင်းကို ငြင်းဆိုခဲ့လေသည်။ ကျန်အချက်များသည် ၎င်းမှ ခွဲထွက်လာသော အရာများဖြစ်ကြောင်း) ဝန်ခံလိုက်လျှင် (ဤမှ) လွတ်မြောက်ရန် နည်းလမ်း ရှိပါသနည်း။

(ဆိုလိုသည်မှာ တစ်ဖန် လောကသို့ သွား၍ ဤမှားယွင်းမှုများကို ပြုပြင်မည်ဖြစ်သည်။ ဖြေကြားလျက် မိန့်ဆိုမည်မှာ အသင်တို့အတွက် လွတ်မြောက်ရန် လမ်းကြောင်း ရှိမည်မဟုတ်ပေ။ သို့သာမက ဤနေရာတွင် အစဉ်အမြဲ နေထိုင်ရမည်ဖြစ်သည်။ ထို့ပြင်) ယင်း၏ အဓိကအကြောင်းခံမှာ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကိုသာ တသခဲ့သည် ('သောင်ဟီးဒ်' အကြောင်းသာ ပြောဆိုခဲ့သည်) ရှိသော် အသင်တို့ ငြင်းဆန်လေ့ရှိခဲ့ကြသည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အသျှင်မြတ်နှင့် အခြားအရာကို နှိုင်းယှဉ်ကာ ပြောဆိုခဲ့သည်ရှိသော် အသင်တို့ လက်ခံလိုက်ကြသည်။ ထို့ကြောင့် ဤအမိန့်သည် အလ္လာဟ်အသျှင်မြတ်၏ (သတ်မှတ်ပြီးသော အမိန့်) ဖြစ်သည်။ ထိုအသျှင်မြတ်သည် အလွန်မြင့်မြတ်၍ ကြီးကျယ်ထွတ်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကို ထောက်ရှုလိုက်လျှင် ဤအပြစ်သည် အလွန်ကြီးမားသော အပြစ်ဖြစ်သည်။ ထို့ကြောင့် အပြစ်ဒဏ် ချမှတ်ရာတွင်လည်း အကြီးမားဆုံးသော အပြစ် (ဆိုလိုသည်မှာ အမြဲတစေ 'ဂျဟန္နမ်' ငရဲဘုံ၌ နေထိုင်ရမည့် အပြစ်သာ) ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

هُوَ الَّذِىْ يُرِيْكُمْ اٰيٰتِهٖ وَيُنَزِّلُ لَكُمْ مِّنَ السَّمَآءِ رِزْقًا ۗ
وَمَا يَتَذَكَّرُ اِلَّا مَنْ يُّنِيْبُ ﴿١٣﴾

၄၀ : ၁၃ ။ ။ ထိုအသျှင်မြတ်သည်ပင် အသင်တို့အား မိမိ၏ သက်သေလက္ခဏာတော်များကို ပြသတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် အသင်တို့အဖို့ မိုးကောင်းကင်မှ စားနပ်ရိက္ခာကို ချပေးသနားတော်မူ၏။ သို့ရာတွင် (ထိုအသျှင်မြတ်ဘက်သို့) ပြန်လှည့်သော သူသည်သာလျှင် စဉ်းစားဆင်ခြင်တရား ရယူလေ့ရှိပေသည်။

فَادْعُوا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ وَلَوْ كَرِهَ الْكٰفِرُوْنَ ﴿١٤﴾

၄၀ : ၁၄ ။ ။ သို့ဖြစ်ပေရာ ကာဖိရ်သွေဖည်ငြင်းပယ် သောသူတို့သည် မနှစ်မြို့ကြသော်ငြားလည်း အသင်တို့သည် ဆည်းကပ်ကိုးကွယ်မှုကို အလ္လာဟ်အသျှင်မြတ်အတွက် သန့်သန့်ပြုကြလျက် ထိုအသျှင်မြတ်ကိုသာလျှင် တသကြလေကုန်။

رَفِيْعُ الدَّرَجٰتِ ذُو الْعَرْشِ ۚ يُلْقِي الرُّوْحَ مِنْ اَمْرِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖ لِيُنْذِرَ يَوْمَ التَّلَاقِ ﴿١٥﴾

၄၀ : ၁၅ ။ ။ (ထိုအသျှင်မြတ်သည်) ဂုဏ်ရည်အဆင့်အတန်းများကို မြှင့်ပေးတော်မူသော မြင့်မြတ်သော ဂုဏ်ရည် အဆင့်အတန်း များနှင့် ပြည့်စုံတော်မူသော 'အရ်ရှ်'ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် 'ဝဟီ'ထုတ်ပြန်ချက်တည်းဟူသော မိမိအမိန့်တော်ကို မိမိကျွန်တို့အနက်မှ မိမိအလိုရှိတော်မူသောသူ၏ အပေါ်ဝယ် ချပေးတော်မူ၏။ (ယင်းသို့ ချပေးတော်မူခြင်းမှာ) ထိုကျွန်သည် စုရုံးမည့်နေ့ (တစ်နည်း) 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့နှင့် စပ်လျဉ်း၍ (လူတို့အား) သတိပေးနှိုးဆော်ရန်အလို့ငှာ ဖြစ်ပေသည်။

يَوْمَ هُمْ بٰرِزُوْنَ ۚ لَا يَخْفٰى عَلَى اللّٰهِ مِنْهُمْ شَيْءٌ ۗ لِمَنِ الْمُلْكُ الْيَوْمَ ۗ لِلّٰهِ الْوَاحِدِ الْقَهَّارِ ﴿١٦﴾

၄၀ : ၁၆ ။ ။ အကြင်နေ့တွင် ၎င်းတို့သည် (မိမိတို့၏ သင်္ချိုင်းများအတွင်းမှ ထိုအသျှင်မြတ်၏) ရှေ့တော်မှောက်သို့ ထွက်လာကြရပေမည်။ (ထိုနေ့တွင်) ၎င်းတို့နှင့် ပတ်သက်၍ မည်သည့်တစ်စုံတစ်ရာမျှပင် အလ္လာဟ်အသျှင်မြတ်၌ ဖုံးကွယ်၍ နေမည်မဟုတ်ပေ။ (ထိုနေ့တွင် ထိုအသျှင်မြတ်က) 'စိုးမိုးအုပ်ချုပ်သည့် အာဏာသည် ယနေ့ မည်သူ့၌ ရှိချေသနည်း' (ဟု မိန့်ကြားတော်မူပေမည်။ တစ်ဖန် မိမိကိုယ်တော်တိုင်) တစ်ဆူတည်းဖြစ်တော်မူသော၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူ သော အလ္လာဟ်အသျှင်မြတ်၌သာ ရှိသည် (ဟု မိန့်ကြားတော်မူပေမည်။)

اَلْيَوْمَ تُجْزٰى كُلُّ نَفْسٍۢ بِمَا كَسَبَتْ ۗ لَا ظُلْمَ الْيَوْمَ ۗ اِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿١٧﴾

၄၀ : ၁၇ ။ ။ ယနေ့ လူတိုင်းလူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့သမျှနှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရ ပေမည်။ ယနေ့ မတရားပြုလုပ်မှုဟူ၍ အလျဉ်းမရှိပြီ။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် လျင်မြန်စွာ စာရင်းစစ်ဆေး တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَاَنْذِرْهُمْ يَوْمَ الْاٰزِفَةِ اِذِ الْقُلُوْبُ لَدَى
الْحَنَاجِرِ كٰظِمِيْنَ ۚ مَا لِلظّٰلِمِيْنَ مِنْ حَمِيْمٍ وَّلَا شَفِيْعٍ يُّطَاعُ ﴿١٨﴾

၄၀ : ၁၈ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား နီးကပ်၍လာမည်ဖြစ်သော (ကေယာမသ်) နေ့နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ ထိုအခါ စိတ်နှလုံးများမှာ လွန်စွာ ပူဆွေးသောကကို ချုပ်တည်းမျိုသိပ်လျက် လည်မျိုများသို့ ဆို့၍ လာကြပေမည်။ (ထိုနေ့တွင်) မတရားကျူးလွန်သူတို့၌ ရင်းနှီးသော မိတ်ဆွေဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။ ဩဇာညောင်းသော ကြားဝင်အသနားခံပေးမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။

يَعْلَمُ خَآئِنَةَ الْاَعْيُنِ وَمَا تُخْفِى الصُّدُوْرُ ⑲

၄၀ : ၁၉ ။ ။ ထိုအသျှင်မြတ်သည် မျက်စိများ၏ သစ္စာဖောက်မှု ခိုးဝှက်မှုကိုလည်းကောင်း၊ စိတ်နှလုံးများက လျှို့ဝှက်ထားရှိသည်တို့ကိုလည်းကောင်း၊ သိရှိတော်မူ၏။

وَاللّٰهُ يَقْضِىْ بِالْحَقِّ ۭ وَالَّذِيْنَ يَدْعُوْنَ مِنْ دُوْنِهٖ لَا
يَقْضُوْنَ بِشَىْءٍ ۭ اِنَّ اللّٰهَ هُوَ السَّمِيْعُ الْبَصِيْرُ ⑳

၄၀ : ၂၀ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူပေမည်။ သို့ရာတွင် ထိုအသျှင်မြတ်အား စွန့်၍လည်းကောင်း၊ (ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သောသူ) တို့ ဟစ်ခေါ်တသကြကုန်သည့် (၎င်းတို့၏) ကိုးကွယ်ရာတို့မှာမူ မည်သို့မျှပင် စီရင်ဆုံးဖြတ်နိုင်ကြမည် မဟုတ်ပေ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အရာ ခပ်သိမ်းတို့ကို အကြွင်းမဲ့ မြင်တော်မူသော အသျှင် ဖြစ်တော်မူပေသည်။

اَوَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ
كَانُوْا مِنْ قَبْلِهِمْ ۭ كَانُوْا هُمْ اَشَدَّ مِنْهُمْ قُوَّةً وَّاٰثَارًا فِى
الْاَرْضِ فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ ۭ وَمَا كَانَ لَهُمْ مِّنَ اللّٰهِ مِنْ وَّاقٍ ㉑

၄၀ : ၂၁ ။ ။ ထိုသူတို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာခြင်း မပြုခဲ့ကြလေသလော၊ ထိုသို့ ပြုခဲ့ကြပါလျှင်၊ ၎င်းတို့သည် မိမိတို့အလျှင် ရှိခဲ့ဘူးကြသော သူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို မြင်ကြရပေမည်။ ထိုရှေးသူဟောင်းတို့သည် ၎င်းသူတို့ထက်ပင် သူရသတ္တိ၊ ခွန်အားဗလအားဖြင့်လည်းကောင်း၊ ပထဝီမြေဝယ် ချန်ရစ်ခဲ့ကြသော ခြေရာလက်ရာ အားဖြင့်လည်းကောင်း၊ ပိုမို ထူးကဲသူများ ဖြစ်ခဲ့ကြပေသည်။ သို့တစေလည်း အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ ပြစ်မှုဒုစရိုက်တို့ကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ၎င်းတို့၌ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်မှ လွတ်မြောက် စေမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိခဲ့ပေ။

ذٰلِكَ بِاَنَّهُمْ كَانَتْ تَّاْتِيْهِمْ رُسُلُهُمْ بِالْبَيِّنٰتِ
فَكَفَرُوْا فَاَخَذَهُمُ اللّٰهُ ۭ اِنَّهٗ قَوِىٌّ شَدِيْدُ الْعِقَابِ ㉒

၄၀ : ၂၂ ။ ။ ထိုသို့ (ဖမ်းဆီးကွပ်မျက်ခြင်း ခံခဲ့ကြရသည်မှာ) ၎င်းတို့၏ ရစူလ်တမန်တော်များသည် ၎င်းတို့ထံ ထင်ရှားစွာသော သက်သေသာဓက အထောက်အထားများ ဆောင်ယူခဲ့လေ့ ရှိကြသော်လည်း ၎င်းတို့မှာမူ ငြင်းပယ်လျက်ပင် ရှိခဲ့ကြသောကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အလွန်တရာ ခွန်အားဗလနှင့် ပြည့်စုံတော်မူသော၊ ပြင်းထန်စွာ ပြစ်ဒဏ် စီရင်တော်မူသောအသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုအသျှင်မြတ်သည်သာလျှင် မိမိ ('ကွဒ်ရသ်'တန်ခိုးတော်) ၏ သက်သေလက္ခဏာတော်များကို အသင်တို့အား တင်ပြလျက်ရှိသည်။ (သို့မှသာ အသင်တို့သည် အဆိုပါလက္ခဏာတော်များဖြင့် တစ်ပါးတည်း တည်ရှိတော်မူခြင်းအား အထောက်အထားရယူနိုင်ရန် ဖြစ်သည်။) ၎င်းနောက် (ထိုအသျှင်မြတ်သည်သာလျှင်) မိုးကောင်းကင်မှ အသင်တို့အတွက် ရိဇိရိက္ခာ ပို့ပေးသနားတော်မူသည်။ (ဆိုလိုသည်မှာ မိုးရွာသွန်းစေပြီး အကြင်မိုးကြောင့် ရိဇိရိက္ခာများ ပေါ်ထွန်းစေသည်။ ဤသည်လည်း အထက်တင်ပြပါ သက်သေလက္ခဏာတော်များအနက်မှ တစ်ခုဖြစ်သည်။) ၎င်းနောက် (ထိုသက်သေလက္ခဏာတော်များဖြင့် အကြင်သူသည်သာ ဆုံးမသြဝါဒစကားများကို လက်ခံကြ၏။ ထိုသူတို့သည် (အလ္လာဟ်အသျှင်မြတ်) ဘက်တော်သို့ ဦးလှည့်ရန် (ရည်ရွယ်) ကြသည်။ (အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်ဘက်တော်သို့ ဦးလှည့်သော ရည်ရွယ်ချက်ဖြင့် စဉ်းစားတွေးခေါ်နိုင်သော အခွင့်အရေးကို ရရှိမည်ဖြစ်သည်။ ထိုအခွင့်အရေးဖြင့် အမှန်တရား၏ ပန်းတိုင်ဘက်သို့ ရောက်ရှိမည်ဖြစ်သည်။) သို့ရှိရာ ('သောင်ဟီးဒ်'တရားများနှင့် ပတ်သက်၍ အထောက်အထားများ ရရှိလာသောအခါ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းကိုသာ ယုံကြည်ကိုးစား၍ (ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တရား လက်ကိုင်ထား၍) တသကြကုန်။ (ထို့ပြင် မွတ်စ္စလင်မ်များ ဖြစ်သွားကြကုန်။) ကာဖိရ်များ မနှစ်သက်ကြသည့်တိုင် (၎င်းတို့ကို ဂရုစိုက် အလေးမထားလေနှင့်။ အဘယ်ကြောင့်ဆိုသော်) အသျှင်မြတ်သာလျှင် မြင့်မြတ်တော်မူသော အသျှင်၊ 'အရ်ရှ်'တော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည် မိမိဗန္ဒာဟ်များတွင် လိုလားသူအပေါ် 'ဝဟီ'ဗျာဒိတ်တော်များ (ဆိုလိုသည်မှာ အမိန့်တော်များ) ချပေးတော်မူသည်။ သို့မှသာ ထို ('ဝဟီ'ချပေးခြင်းခံရသူများအား လူများကို) စုရုံးမည့်နေ့ (ဆိုလိုသည်မှာ 'ကေယာမသ်'နေ့) ဖြင့် ခြိမ်းခြောက်ရန် ဖြစ်သည်။ အကြင်နေ့တွင် လူများအားလုံးသည် (အလ္လာဟ်အသျှင်မြတ်၏) ရှေ့တွင် လာရောက်ရမည်ဖြစ်သည်။

(အကြောင်းမှာ) ထိုသူများ၏ အကြောင်းသည် အသျှင်မြတ်၏ အရှေ့တွင် ဖုံးကွယ်နေမည် မဟုတ်ပေ။ ယနေ့ စိုးပိုင်မှုဟူသရွေ့သည် မည်သူ ပိုင်ဆိုင်မည်နည်း။ အားလုံးသည် အသျှင်မြတ်၏ ပိုင်ဆိုင်မှုတွင်သာရှိမည်။ အကြင်အသျှင်မြတ်သည် တစ်ပါးတည်း တည်ရှိတော်မူပြီး လွှမ်းမိုးတော်မူသော အသျှင် ဖြစ်တော်မူသည်။ ယနေ့ လူတိုင်းကိုမူ ၎င်းတို့ ပြုကျင့်ခဲ့သည့် (ကျင့်ဆောင်မှု) များ၏ အစားပေးမည်ဖြစ်သည်။ ယနေ့ (မည်သူ့အပေါ်မှ) မတရားမှု ဖြစ်မည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် အလွန် လျင်မြန်စွာ စာရင်းအင်းစစ်ဆေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ၎င်းနောက် (ဤအတွက်ကြောင့်သာ) အသင်တမန်တော် မကြာမီ ဆိုက်ရောက်တော့မည့် 'ကေယာမသ်'နေ့နှင့် ပတ်သက်၍ သတိပေးနှိုးဆော်ပါလေ။ ထိုအချိန်တွင် စိတ်နှလုံးများသည် (လွန်စွာ ပူဆွေးမှု) ကို ချုပ်တည်းမျိုသိပ်လျက် လည်မျိုသို့ဆို့၍ လာကြပေမည်။ (ထိုနေ့တွင်) မတရားကျူးလွန်သူ (ကာဖိရ်) တို့တွင် ရင်းနှီးသော မိတ်ဆွေဟူ၍လည်း

တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။ လက်ခံပေးနိုင်လောက်သည့် ကြားဝင် အသနားခံပေးမည့်သူ ဟူ၍လည်း ရှိလိမ့်မည်မဟုတ်ပေ။ (ထို့ပြင်) ထိုအသျှင်မြတ်သည် မျက်စိများ၏ သစ္စာဖောက်မှု၊ ခိုးဝှက်မှုကိုလည်းကောင်း၊ စိတ်နှလုံးများက လျှို့ဝှက်ထားသော (စကားများကို) လည်းကောင်း သိရှိတော်မူ၏။ (ထိုအရာများကိုမူ အခြားသူများ မသိရှိနိုင်ပေ။ ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် ဗန္ဒာဟ်လူသား၏ ပေါ်လွင်နေသော 'အမလ်'ကိုဖြစ်စေ၊ ဖုံးကွယ်နေသော ကျင့်ဆောင်မှုများကိုဖြစ်စေ သိတော်မူသည်။ ထို 'အမလ်'ကျင့်ဆောင်မှုများပေါ်တွင်သာ 'စဝါးဗ်' ပေးခြင်း၊ 'အဇားဗ်'ပေးခြင်းများ မူတည်နေသည်။) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် တိတိကျကျ စီရင်ဆုံးဖြတ်တော်မူပေမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်မှအပ ဤသူများ တသကြသည့် ကိုးကွယ်ရာတို့မှာ မည်သို့မျှပင် စီရင်ဆုံးဖြတ်နိုင်ကြမည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သာလျှင် အရာခပ်သိမ်းကို သိရှိတော်မူသော အသျှင်၊ အရာရာကို မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ဤအတိုင်းပင် အလ္လာဟ်အသျှင်မြတ်သည် ဂုဏ်တော်အနန္တအားလုံးနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပြီး အတုအပ ကိုးကွယ်ရာများ၏ တုဖက်ခြင်းမှ ကင်းစင်တော်မူသော အသျှင် ဖြစ်တော်မူပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမှ ဆုံးဖြတ်စီရင်နိုင်စွမ်း မရှိပေ။) ထို့ပြင် ဤသူများသည် ရှင်းလင်းသော အထောက်အထားများ သိရှိပြီးနောက်လည်း ငြင်းဆန်နေကြသည်ရှိသော်) ထိုသူများသည် အနယ်နယ်အရပ်ရပ်သို့ လည်၍ ယခင် လွန်ခဲ့ပြီးသော (ကာဖိရ်) များ၏ အခြေအနေကို (၎င်းတို့ 'ကုဖ္ဖရ်'ပြု ငြင်းဆန်ခြင်းကြောင့်) နောက်ဆုံး မည်သည့်အခြေအနေမျိုးသို့ ဆိုက်ရောက်ရသည်ကို မမြင်ကြလေသလော။ ၎င်းသူတို့သည် အားအင်အရလည်းကောင်း၊ မြေပထဝီဝယ် ချန်ရစ်ခဲ့ကြသည့် အရာများအရလည်းကောင်း (ဥပမာ- အဆောက်အဦးများနှင့် ဥယျာဉ်ခြံ အစရှိသည်များ) ဤ (မျက်မှောက်ခေတ်ရှိ သူများ) ထက် မြောက်မြားစွာ သာပိုခဲ့ရာ ၎င်းတို့၏ 'ဂိုနာဟ်'အကုသိုလ်များကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် ကွပ်မျက် အရေးယူတော်မူခဲ့သည်။ (ဆိုလိုသည်မှာ 'အဇားဗ်' ပြစ်ဒဏ်များ ချပေးခဲ့သည်။) ၎င်းနောက် ထိုသူများကို အလ္လာဟ်အသျှင်မြတ်၏ ကွပ်မျက်ခြင်းမှ ကယ်တင်နိုင်မည့်သူ မရှိခဲ့ပေ။ (ရှေ့ဆက်၍ ၎င်းတို့၏ 'ဂိုနာဟ်'များနှင့် ပတ်သက်သည့် အကျယ်ရှင်းလင်းချက်ဖြစ်သည်။) ဤကဲ့သို့ ဖမ်းဆီးကွပ်မျက်ရခြင်းမှာ ထိုသူတို့ထံ ၎င်းတို့၏ နဗီတမန်တော်များသည် ရှင်းလင်းသော အထောက်အထားများ (ဆိုလိုသည်မှာ 'နဗူဝသ်'၏ နိမိတ်လက္ခဏာများဖြစ်သော 'မုအ်ဂျေဇာဟ်' များ) ကို ယူဆောင်လာခဲ့ကြသည်။ တစ်ဖန် ၎င်းတို့က လက်မခံခဲ့ရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို စစ်ဆေးအရေးယူတော်မူခဲ့သည်။ ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ စွမ်းအားရှင်ဖြစ်တော်မူပြီး ပြင်းပြင်းထန်ထန် 'အဇားဗ်'ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (လက်ရှိ မျက်မှောက်ခေတ် ကာလရှိ ကာဖိရ်များတွင်လည်း ထို 'အဇားဗ်'ပေးထိုက်သည့် အရာများ အားလုံး စုရုံးနေသည်ရှိသော် မည်ကဲ့သို့ အရေးယူခံရခြင်းမှ လွတ်မြောက်နိုင်မည်နည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

رَفِيْعُ الدَّرَجَاتِ

درجات ၏ အလိုသဘောကို အချို့ပညာရှင်များက **صفات** ဂုဏ်တော်များဟု ဆိုသည်။ ထိုသို့ဖြင့် **رفيع الدرجات** ၏ အဓိပ္ပာယ်မှာ **رفيع الصفات** ဆိုလိုသည်မှာ ပြည့်ဝသော ဂုဏ်တော် အနန္တသည် အရာရာထက် သာပိုကြီးကျယ် မြင့်မြတ်လှပေသည်ဟူ၍ ဖြစ်သည်။ အိဗ်နေကစီးရ်ကျမ်းရှင်က အပေါ်ယံ စာသားကို ထောက်ရှု၍ အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်မှာ 'အရရှ်'ပလ္လင်တော်၏ ကြီးကျယ်မြင့်မြတ် မြင့်မားကြောင်းကို ဖော်ပြနေသည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ 'အရ်ရှ်'ပလ္လင်တော်သည် မိုးမြေပထဝီအား လွှမ်းခြုံထားပြီး ခေါင်ပမာ မြင့်မားသည်။ စူရာဟ်မအာရိဂ်၏ အာယသ်တော်

مِنَ اللهِ ذِى الْمَعَارِجِ تَعْرُجُ الْمَلٰئِكَةُ وَالرُّوْحُ اِلَيْهِ فِىْ يَوْمٍ كَانَ مِقْدَارُهٗ

خَمْسِيْنَ اَلْفَ سَنَةٍ

တွင် လာရှိထားသည့်အတိုင်း ဖြစ်သည်။ အိဗ်နေကစီးရ်ကျမ်းရှင်သည် ဤအာယသ်တော်နှင့် ပတ်သက်ပြီး ဤသို့လည်း သုံးသတ်ထားသည်မှာ ဤသည် မြေခုနစ်ထပ်မှ 'အရ်ရှ်'ပလ္လင်တော်ထိ ရှိသော နှစ်ပေါင်းငါးသောင်း ခရီးအကွာအဝေး ရှိသည့် နေရာကို ဆိုလိုပေသည်။ ထို့ပြင် ဤအဆိုကိုသာ ယခင်က ပညာရှင်များနှင့် နောက်ပိုင်းပညာ ရှင်ကြီးများက အသာပေးထားကြသည်။ ထို့နောက် တင်ပြထားသည်မှာ မြောက်မြားစွာသော အိုလမာပညာရှင်များထံတွင် 'အရ်ရှ်'ပလ္လင်တော်သည် 'ယာကူးသ်' (ကျောက်နီတစ်မျိုး) ဖြင့် ပြုလုပ်ထားသည်။ ယင်းပလ္လင်တော်၏ မျက်နှာပြင်ဧရိယာမှာ နှစ်ပေါင်းငါးသောင်း ခရီးအကွာအဝေး မျှ ကြီးမားကျယ်ပြန့်သည့်အတိုင်း မြင့်မားမှုမှာလည်း မြေခုနစ်ထပ်မှစ၍ နှစ်ပေါင်းငါးသောင်း ခရီးအကွာ အဝေးမျှ ရှိပေသည်။ ၄င်းနောက် အချို့အကျယ်ဖွင့်ဆိုသော ပညာရှင်များက မိန့်ဆိုကြသည်မှာ-

رَفِيْعُ الدَّرَجَاتِ

၏ အလိုသဘောမှာ **رَافِعُ الدَّرَجَاتِ** ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ရှောင်ကြဉ်သော မုအ်မင်န်များ၏ အဆင့်အတန်းများကို မြင့်မားစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်သည် ယင်းနှင့် ပတ်သက်ပြီး ထောက်ခံနေသကဲ့သို့ ဖြစ်သည်။

هُمْ دَرَجٰتٌ عِنْدَاللهِ နှင့် **نَرْفَعُ دَرَجٰتٍ مَّنْ نَّشَاءُ** ဟူသော အာယသ်တော်များဖြစ်သည်။

يَوْمَ هُمْ بَا رِزُوْنَ لَا يَخْفٰى عَلَى اللهِ مِنْهُمْ

بَارِزُوْنَ ၏ အလိုသဘောမှာ စင်စစ်တွင် 'ဟရှရ်' ကွင်းပြင်ကြီးအား ညီညာသော မျက်နှာပြင်အဖြစ် ဖန်ဆင်းထားခဲ့ရာ ထိုကွင်းပြင်ထဲတွင် တောင်တန်းများ၊ (သို့) ချောက်ကမ်းပါးများ၊ (သို့) အဆောက်အဦးများနှင့် သစ်ပင်များ အကာအကွယ်ယူနိုင်သည့် နေရာဟူ၍ ရှိမည်မဟုတ်ပေ။ ထို့ကြောင့် အားလုံးသည် ရှင်းလင်းသော ကွင်းပြင်ကျယ်ကြီးအတွင်း အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ရှိမည် ဖြစ်သည်။

لِمَنِ الْمُلْكُ الْيَوْمَ

ဤဝါကျသည် အထက်ပါအာယသ်တော်တွင် يَوْمَ هُمْ بَارِزُوْنَ နှင့် يَوْمَ التَّلَاقِ ၏ အနောက်တွင် လာရှိထားသည်။ ၎င်းနောက် ထင်ရှားနေသည်မှာ يَوْمَ التَّلَاقِ တွေ့ဆုံစုစည်းရမည့် နေ့သည် ဒုတိယစူရ်တံပိုး မှုတ်ပြီးသည့်နောက် ဖြစ်မည်။ ထိုနည်းတူစွာ يَوْمَ هُمْ بَارِزُوْنَ ဟူသော အခြေအနေသည်လည်း ဒုတိယစူရ်တံပိုးမှုတ်ပြီးသည့်နောက် မြေပထဝီကို အသစ်တစ်ဖန် မည်သည့်အကာအကွယ်ပေးမည့် တောင်တန်းများ မရှိသည့် ညီညာသော မြေမျက်နှာပြင်ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်းပြီးနောက်မှ ဖြစ်မည်။ ထို့နောက် ဤ 'ကလေမာဟ်'တော် لِمَنِ الْمُلْكُ ကို တင်ပြခြင်းဖြင့် ဤစာလုံးကို အလ္လာဟ်အသျှင်မြတ်သည် ဒုတိယစူရ်တံပိုး မှုတ်ပြီးသည့်နောက် အဖန်ဆင်းခံများကို ရှင်ပြန်ထစေပြီးမှ မိန့်ဆိုမည်ဟု အပေါ်ယံ ထင်မြင်ရသည်။ ၎င်းကို ပိုမိုလေးနက်စေရန် ကုရ်သုဗီကျမ်းရှင်က နိုဟားစ်၏ ကျမ်းကို ကိုးကား၍ ဟဒီးစ်တော်တစ်ပုဒ်မှ တင်ပြထားသည်။ ထိုဆင့်ပြန်ချက်ကို ဟဇရသ်အဘူဝါအိလ် ﷺ သခင်က ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။ ဆင့်ပြန်ချက်မှာ လူသားအားလုံးကို မြေတလင်းပြင်၌ စုရုံးလိုက်မည် ဖြစ်သည်။ ထိုမြေပေါ်၌ မည်သူမှ မည်သည့် 'ဂိုနာဟ်'ကိုမျှ ကျူးလွန်ထားမည်မဟုတ်။ ထိုအခါ ကြွေးကြော် ကြေညာမည့်သူအား အမိန့်ပေးလိုက်သောအခါ ၎င်းက ဤစာသားကို ကြေညာမည်ဖြစ်သည်။

لِمَنِ الْمُلْكُ الْيَوْمَ

ဆိုလိုသည်မှာ ယနေ့ စိုးပိုင်ခြင်းဟူသရွေ့ကို မည်သူ ပိုင်ဆိုင်သနည်း။ ထိုမေးမြန်းချက်အပေါ် အဖန်ဆင်းခံအရာအားလုံးကလည်းကောင်း၊ ကာဖိရ်များကလည်းကောင်း၊ မုအ်မင်န်များအားလုံးကလည်းကောင်း لِلّٰهِ الْوَاحِدِ الْقَهَّارِ (တစ်ဆူတည်း ဖြစ်တော်မူသော၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော) အလ္လာဟ်အသျှင်မြတ်၌သာ ရှိသည်ဟု အဖြေပေးကြမည်ဖြစ်သည်။ မုအ်မင်န်များသည် မိမိယုံကြည်ချက်နှင့်အညီ ပျော်ပျော်ရွှင်ရွှင် အရသာရှိရှိ ဖြေဆိုမည်ဖြစ်ပြီး ကာဖိရ်များမှာမူ မစွမ်းနိုင်သည့်အဆုံး ပူဆွေးသောကရောက်မှုနှင့်အတူ လက်ခံဖြေကြားရမည်ဖြစ်သည်။

သို့သော် အချို့ဆင့်ပြန်ချက်များမှ သိရှိရသည်မှာ ဤမိန့်ဆိုချက်ကို အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ထိုအချိန်၌ မိန့်တော်မူမည်ဖြစ်သည်။ အကြင်အခါဝယ် ပထမစူရ်တံပိုးကို မှုတ်ပြီး အဖန်ဆင်းခံများအားလုံး သေကြေပျက်စီးပြီးနောက် သီးသန့်ဖရစ်ရှ်သာဟ်ကြီးများဖြစ်သော ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၊ မီကာအီးလ် عليه السلام ၊ အီစ်ရာဖီးလ် عليه السلام နှင့် သေမင်းတမန်တို့သည်လည်း သေဆုံးသွားကြမည်ဖြစ်သည်။ ၎င်းနောက် အသျှင်မြတ်မှအပ အခြားသူတစ်ဦးမှ မရှိတော့သည့်အခါ၌ အလ္လာဟ်အသျှင်မြတ်က

لِمَنِ الْمُلْكُ الْيَوْمَ

ဟု မိန့်ဆိုမည်ဖြစ်ပြီး ထိုအချိန်၌ အဖြေပေးမည့်သူဟူ၍ မရှိရာ အသျှင်မြတ်ကိုယ်တော်တိုင်

لِلّٰهِ الْوَاحِدِ الْقَهَّارِ

ဟု ဖြေကြားတော်မူမည်ဖြစ်သည်။ ဟဇရသ်ဟစန်ဗစ္စရီ (ရဟ) က မိန့်ဆိုသည်မှာ ထိုနေရာတွင် မေးမြန်းတော်မူသော အသျှင်မြတ်နှင့် ဖြေကြားမည့်သူမှာလည်း အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ ဖြစ်သည်။ ဟဇရသ်မိုဟမ္မဒ်ဗင်န်ကအဘ်ကုရဇ္ဇီ (ရဟ) ၏ အဆိုသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ထို့ပြင် ၎င်း၏ ဆင့်ပြန်ချက်ကို ဟဇရသ်အဘူဟူရိုင်ရာဟ် رضي الله عنه နှင့် ဟဇရသ်အိဗ်နေအုမရ် رضي الله عنه ၏ ဆင့်ပြန်ချက်များက လေးနက်စေသည်။ ဟဒီးစ်တော်မှာ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီတစ်ခုလုံးကို လက်ဝဲလက်တွင်၊ ထို့နောက် ကောင်းကင်ကို ယာဘက်လက်တွင် ရစ်ပတ်ဆုတ်ကိုင်တော်မူ၍ မိန့်ဆိုမည်မှာ-

انا الملك اين الجبارون اين المتكبرون

ဆိုလိုသည်မှာ ငါအသျှင်မြတ်သာလျှင် အသျှင်သခင်ဖြစ်တော်မူ၍ စိုးပိုင်မှုအားလုံးကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ جبّارين မောက်မာနေသူများ၊ متكبرين မာန်မာနထောင်လွှားနေသူများ အဘယ်မှာနည်း။ သဖ်စီးရ်ဒွရ်ရေမန်စူးရ်ကျမ်းတွင် ဤကဲ့သို့သော ဆင့်ပြန်ချက်နှစ်မျိုးစလုံးကို တင်ပြ၍ မိန့်ဆိုထားသည်မှာ ဤသို့ နှစ်ကြိမ် မိန့်ဆိုခဲ့သည်မှာ ဖြစ်နိုင်သည်။ တစ်ကြိမ်မှာ ပထမစူရ်တံပိုးမှုတ်ပြီး လောကကြီး ပျက်စီးချိန်၌ဖြစ်ပြီး၊ နောက်တစ်ကြိမ်မှာ ဒုတိယစူရ်တံပိုးမှုတ်၍ အဖန်ဆင်းခံများအားလုံး ပြန်လည်ရှင်ပြန်ထသည့်အခါ၌ ဖြစ်မည်။ 'ဗယာနွလ်ကုရ်အာန်' ကျမ်းတွင် မိန့်ဆိုထားသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အကျယ်ဖွင့်ဆိုရန်အတွက် နှစ်ကြိမ်ဟု သတ်မှတ်ခြင်းအပေါ် မမူတည်ပေ။ သို့သာမက အထက်အာယသ်တော်ပါ အကြောင်းအရာသည် ပထမစူရ်တံပိုး မှုတ်ပြီးသည့်အချိန်၌လည်း ဖြစ်နိုင်သည်။ ထိုအချိန်၌ ၎င်းတို့ကို ရှေ့တော်မှောက်သို့ ရောက်ရှိစေပြီး မိန့်တော်မူခြင်းလည်း ဖြစ်နိုင်ပေသည်။ والله علم (အလ္လာဟ်အသျှင်မြတ်သာလျှင် အရာရာကို သိရှိတော်မူဆုံး ဖြစ်တော်မူသည်။)

يَعۡلَمُ خَآئِنَةَ الۡاَعۡيُنِ

ဆိုလိုသည်မှာ (**الخائنة الاعين** ပြစ်မှားသစ္စာဖောက်သော မျက်စိများ) ဟူ၍ ဖြစ်သည်။ မျက်စိများ၏ သစ္စာဖောက်မှုဟူသည့် အလိုသဘောမှာ တစ်ဦးတစ်ယောက်သည် ၎င်းအတွက် မပိုင်သော အရာများအား ခိုးကြည့်ခြင်းကို ဆိုပေသည်။ ပမာဆိုရသော် သူစိမ်းအမျိုးသမီးတစ်ဦးဦးက ယာဂစိတ်ဖြင့် ကြည့်ရှုခြင်းဖြစ်သည်။ ထို့ပြင် တစ်ဦးဦးကို တွေ့မြင်သွားသည်ရှိသော် အရှုကို ဖယ်လိုက်သည်။ (သို့) အခြားသူများကြည့်လျှင် မသိသာစေသော ပုံစံမျိုးဖြင့် ခိုးကြည့်ခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ဤအရာများအားလုံးသည် ပေါ်လွင်နေမည်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدۡ اَرۡسَلۡنَا مُوۡسٰى بِاٰيٰتِنَا وَسُلۡطٰنٍ مُّبِيۡنٍ ۝٢٣

၄၀ : ၂၃ ။ ။ ထို့ပြင် မလွဲဧကန် ငါအသျှင်မြတ်သည် မူစာအား ငါအသျှင်မြတ်၏ အမိန့်ပညတ်တော်များအပြင် ထင်ရှားစွာသော သက်သေလက္ခဏာတော်နှင့်တကွ စေလွှတ်တော်မူခဲ့၏။

اِلٰى فِرۡعَوۡنَ وَهَامٰنَ وَقَارُوۡنَ فَقَالُوۡا سٰحِرٌ كَذَّابٌ ۝٢٤

၄၀ : ၂၄ ။ ။ ဖိရ်အောင်န်၊ ဟာမာန်နှင့် ကာရူန်တို့ထံ (စေလွှတ်တော်မူခဲ့၏။) ထိုအခါ ၎င်းတို့က (ထိုမူစာသည်) ပဉ္စလက် (စုန်း) ဆရာတစ်ဦးသည်လည်းကောင်း၊ လွန်စွာ မုသားပြောဆိုသူ တစ်ဦးသည်လည်းကောင်း ဖြစ်သည်ဟု ပြောဆိုခဲ့ကြ၏။

فَلَمَّا جَآءَهُمۡ بِالۡحَقِّ مِنۡ عِنۡدِنَا قَالُوا اقۡتُلُوۡۤا اَبۡنَآءَ الَّذِيۡنَ اٰمَنُوۡا مَعَهٗ
وَاسۡتَحۡيُوۡا نِسَآءَهُمۡ ؕ وَمَا كَيۡدُ الۡكٰفِرِيۡنَ اِلَّا فِىۡ ضَلٰلٍ ۝٢٥

၄၀ : ၂၅ ။ ။ ထို့နောက် ထိုမူစာသည် ငါအသျှင်မြတ်ထံတော်မှ အမှန်တရားကို ဆောင်ယူ၍ ၎င်းတို့ထံ ရောက်ရှိလာသောအခါ ၎င်းတို့က 'အသင်တို့သည် ထိုမူစာနှင့်အတူ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်ကြ၍ ၎င်းတို့၏ သမီးမိန်းကလေးတို့ကိုမူ သတ်ဖြတ်ခြင်းမပြုဘဲ အသက်ရှင်စွာ ထားရှိကြလေကုန်' ဟု ပြောဆိုခဲ့ကြကုန်၏။ သို့တစေလည်း ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ အကြံအစည်မှာ လွဲမှားခဲ့သည်သာ (ဖြစ်၏။)

وَقَالَ فِرْعَوْنُ ذَرُوْنِيْٓ اَقْتُلْ مُوْسٰى وَلْيَدْعُ رَبَّهٗ ۚ اِنِّيْٓ
اَخَافُ اَنْ يُّبَدِّلَ دِيْنَكُمْ اَوْ اَنْ يُّظْهِرَ فِى الْاَرْضِ الْفَسَادَ ﴿٢٦﴾

၄၀ : ၂၆ ။ ။ ထို့ပြင် ဖိရ်အောင်နှ်သည် (ဤသို့) ပြောဆိုခဲ့လေ၏။ 'အသင်တို့သည် ငါ့အား မတားဆီးကြ ကုန်လင့်။ ငါသည် မူစာအား သတ်ဖြတ်ပေမည်။ ထို့ပြင် ထိုမူစာသည် ၎င်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ဟစ်ခေါ် (အကူအညီ တောင်းခံ) ပါစေ။' အမှန်စင်စစ် ထိုမူစာသည် အသင်တို့၏ သာသနာကို ပြောင်းလဲ (ဖျက်ဆီး) ပစ်မည်ကို သော်လည်းကောင်း၊ တိုင်းပြည်၌ ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်ပေါ်စေမည်ကိုသော်လည်းကောင်း ငါသည် စိုးရိမ်မိ၏။

وَقَالَ مُوْسٰٓى اِنِّيْ عُذْتُ بِرَبِّيْ وَرَبِّكُمْ
مِّنْ كُلِّ مُتَكَبِّرٍ لَّا يُؤْمِنُ بِيَوْمِ الْحِسَابِ ﴿٢٧﴾

၄၀ : ၂၇ ။ ။ သို့ရာတွင် မူစာသည် (ဤသို့) ပြောကြား ခဲ့လေ၏။ ကေန်စင်စစ် ငါသည် စာရင်း မေးမြန်းမည့် နေ့ကို သက်ဝင်ယုံကြည်ခြင်းမရှိသော ဘဝင်မြင့် မာန်မာန ထောင်လွှားသူတိုင်း(၏ ဘေးရန်ခပ်သိမ်းတို့) မှ (ကင်းလွတ်အံ့ သောငှာ) ငါ့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း၊ (အားလုံးတို့အား) ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံ တော်၌ အကာအကွယ်ယူထားပြီး ဖြစ်သည်။

وَقَالَ رَجُلٌ مُّؤْمِنٌ ۖ مِّنْ اٰلِ فِرْعَوْنَ يَكْتُمُ اِيْمَانَهٗٓ اَتَقْتُلُوْنَ رَجُلًا
اَنْ يَّقُوْلَ رَبِّيَ اللّٰهُ وَقَدْ جَآءَكُمْ بِالْبَيِّنٰتِ مِنْ رَّبِّكُمْ ۗ
وَاِنْ يَّكُ كَاذِبًا فَعَلَيْهِ كَذِبُهٗ ۚ وَاِنْ يَّكُ صَادِقًا يُّصِبْكُمْ
بَعْضُ الَّذِيْ يَعِدُكُمْ ۗ اِنَّ اللّٰهَ لَا يَهْدِيْ مَنْ هُوَ مُسْرِفٌ كَذَّابٌ ﴿٢٨﴾

၄၀ : ၂၈ ။ ။ ထို့ပြင် ဖိရ်အောင်နှ်၏ ဆွေမျိုးသားချင်းတို့အနက်မှ မိမိ အီမာန်ယုံကြည်မှုကို လျှို့ဝှက်၍ ထားရှိလေ သော မုအ်မင်နှ်ယောကျ်ားတစ်ဦးက (ဤသို့) ပြောဆိုခဲ့လေ၏။ 'အသင်တို့သည် လူတစ်ယောက်အား ထိုသူသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှာ အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်'ဟု ပြောဆိုမှုကြောင့် သတ်ဖြတ် ကြမည်လော၊ အမှန်စင်စစ် ထိုသူသည် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ထင်ရှားလှစွာသော သက်သေအထောက်အထားများကိုလည်း ယူဆောင်လာခဲ့လေ၏။ စင်စစ် အကယ်၍သာ ထိုသူသည် မုသားဝါဒီဖြစ်မူ ထိုသူ၏ မုသားဝါဒသည် ၎င်း၏ အပေါ်၌သာ ကျရောက်ပေမည်။ သို့ရာတွင် အကယ်၍ ထိုသူသည် သစ္စာ ဝါဒီဖြစ်ပါလျှင် အသင်တို့အား ထိုသူ ကြိုတင် အမိန့်ပေး ဟောကြားလျက် ရှိသည်တို့အနက် (ပြစ်ဒဏ်) တစိတ်တဒေသမှာ

အသင်တို့၌ သက်ရောက်မည် ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် စည်းကမ်းကျူးလွန်သော လွန်စွာ မုသားပြောဆိုသော သူအား တရားလမ်းမှန်ကို ညွှန်ပြတော်မူသည်မဟုတ်ပေ။

يَٰقَوْمِ لَكُمُ ٱلْمُلْكُ ٱلْيَوْمَ ظَٰهِرِينَ فِى ٱلْأَرْضِ
فَمَن يَنصُرُنَا مِنۢ بَأْسِ ٱللَّهِ إِن جَآءَنَا ۚ قَالَ فِرْعَوْنُ
مَآ أُرِيكُمْ إِلَّا مَآ أَرَىٰ وَمَآ أَهْدِيكُمْ إِلَّا سَبِيلَ ٱلرَّشَادِ ﴿٢٩﴾

၄၀ : ၂၉ ။ ။ (ငှင်းမှအ်မင်နိက) အို, ကျွန်ုပ်၏ အမျိုးသားတို့၊ ယနေ့ အသင်တို့၌ ဩဇာ၊ အာဏာစိုးမိုးအုပ်ချုပ်မှု ရှိနေ၍ အသင်တို့သည် တိုင်းပြည်အတွင်း လွှမ်းမိုးကြီးစိုးလျက် ရှိနေကြပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်မှ အကယ်၍ ယင်းပြစ်ဒဏ်သည် ကျွန်ုပ်တို့၌ ဆိုက်ရောက်လာခဲ့သည်ရှိသော် ကျွန်ုပ်တို့အား မည်သူလွတ်မြောက်စေပါမည်နည်း။ (ထိုအခါ) ဖိရ်အောင်နိက (အချင်းတို့၊) 'ငါသည် မိမိ ထင်မြင်ယူဆချက်ကိုသာ အသင်တို့အား အကြံပေးခြင်းဖြစ်သည်။ ထို့ပြင် ငါသည် အသင်တို့အား သင့်လျော်မှန်ကန်သော နည်းလမ်းမှအပ တခြားမည်သည်ကိုမှ ညွှန်ပြသည်မဟုတ်' ဟု ပြောဆိုခဲ့ပေသည်။

وَقَالَ ٱلَّذِىٓ ءَامَنَ يَٰقَوْمِ إِنِّىٓ أَخَافُ عَلَيْكُم مِّثْلَ يَوْمِ ٱلْأَحْزَابِ ﴿٣٠﴾

၄၀ : ၃၀ ။ ။ ထို့ပြင် (ထို) မုအ်မင်နိ သက်ဝင်ယုံကြည်သူသည် (ဤသို့) ပြောကြားခဲ့ပြန်လေ၏။ အို, ကျွန်ုပ် ၏ အမျိုးသားတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့အပေါ်၌ (ရှေးအတိတ်ကျော်ကာလက) ဘာသာဝင် အုပ်စုများ နည်းတူ (ဆိုးရွားသော) နေ့ (ဆိုက်ရောက်လာမည်) ကို စိုးရိမ်မိ၏။

مِثْلَ دَأْبِ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ
وَٱلَّذِينَ مِنۢ بَعْدِهِمْ ۚ وَمَا ٱللَّهُ يُرِيدُ ظُلْمًا لِّلْعِبَادِ ﴿٣١﴾

၄၀ : ၃၁ ။ ။ (နဗီတမန်တော်) နူးဟ်၏ အမျိုးသားတို့၏ အခြေအနေကဲ့သို့လည်းကောင်း၊ အာဒ်အမျိုးသားတို့၏ အခြေအနေကဲ့သို့လည်းကောင်း၊ ဆမူဒ်အမျိုးသားတို့၏ အခြေအနေကဲ့သို့လည်းကောင်း၊ ထိုသို့သော အမျိုးသားတို့၏ နောက်ရှိခဲ့ဘူးကြသောသူတို့၏ အခြေအနေကဲ့သို့လည်းကောင်း၊ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (မိမိ) ကျွန်တို့အပေါ်ဝယ် မည်သို့မျှ မတရား ပြုလုပ်တော်မူသည် မဟုတ်ပေ။

وَيَٰقَوْمِ إِنِّىٓ أَخَافُ عَلَيْكُمْ يَوْمَ ٱلتَّنَادِ ﴿٣٢﴾

၄၀ : ၃၂ ။ ။ ထို့ပြင် အို, ကျွန်ုပ်၏အမျိုးသားတို့၊ ဧကန်မလွဲ ကျွန်ုပ်သည် အသင်တို့နှင့်ပတ်သက်၍ ဟစ်အော်မည့် နေ့ (၏အပြစ်ဒဏ်) ကိုလည်း စိုးရိမ်၏။

يَوْمَ تُوَلُّونَ مُدْبِرِينَ ۚ مَا لَكُم مِّنَ اللَّهِ مِنْ عَاصِمٍ ۗ وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِنْ هَادٍ ﴿٣٣﴾

၄၀ : ၃၃ ။ ။ အကြင်နေ့တွင် အသင်တို့သည် ကျောခိုင်း၍ ထွက်ပြေးကြပေမည်။ (ထိုနေ့တွင်) အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်၍ ကာကွယ်စောင့်ရှောက်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် အသင်တို့၌ ရှိလိမ့်မည် မဟုတ်ပေ။ စင်စစ်မည်သူ့ကိုမဆို အလ္လာဟ်အသျှင်မြတ်သည် လမ်းမှား၌ (ဆက်လက်၍) ထားရှိတော်မူပါလျှင် ထိုသူ့အား လမ်းမှန်သို့ ပို့ပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ။

وَلَقَدْ جَاءَكُمْ يُوسُفُ مِن قَبْلُ
بِالْبَيِّنَاتِ فَمَا زِلْتُمْ فِي شَكٍّ مِّمَّا جَاءَكُم بِهِ ۖ حَتَّىٰ إِذَا هَلَكَ قُلْتُمْ
لَن يَبْعَثَ اللَّهُ مِن بَعْدِهِ رَسُولًا ۚ كَذَٰلِكَ يُضِلُّ اللَّهُ مَنْ هُوَ
مُسْرِفٌ مُّرْتَابٌ ﴿٣٤﴾

၄၀ : ၃၄ ။ ။ ထို့ပြင် ကေနမလွဲ (နဗီတမန်တော်) ယူစွဖ်သည် အသင်တို့ထံ ရှေးဦးမဆွက သက်သေ အထောက်အထားများ ယူဆောင်ခဲ့လေ၏။ သို့ရာတွင် အသင်တို့သည် ထို (နဗီတမန်တော်) ယူစွဖ် ယူဆောင်ခဲ့သည်တို့နှင့် စပ်လျဉ်း၍ သံသယ၌ပင် ရှိမြဲ ရှိနေခဲ့ကြကုန်၏။ နောက်ဆုံးတွင် အသင်တို့သည် ထို (နဗီတမန်တော်) ယူစွဖ် ကွယ်လွန်ခဲ့လေသော အခါ အလ္လာဟ်အသျှင်မြတ်သည် ထို(နဗီတမန်တော်)ယူစွဖ်၏ နောက်တွင် မည်သည့်ရစူလ်တမန်တော်တစ်ပါးကိုမျှပင် အလျှဉ်း စေလွှတ်တော်မူမည်မဟုတ်ဟု ပြောဆိုခဲ့ကြကုန်၏။ ဤနည်းအတိုင်းပင် အလ္လာဟ်အသျှင်မြတ်သည် စည်းကမ်းကျူးလွန်သူ၊ သံသယ၌ရှိနေသူအား လမ်းမှား၌ပင် ရှိနေစေတော်မူ၏။

الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ بِغَيْرِ سُلْطَانٍ
أَتَاهُمْ ۖ كَبُرَ مَقْتًا عِندَ اللَّهِ وَعِندَ الَّذِينَ آمَنُوا ۚ كَذَٰلِكَ يَطْبَعُ
اللَّهُ عَلَىٰ كُلِّ قَلْبِ مُتَكَبِّرٍ جَبَّارٍ ﴿٣٥﴾

၄၀ : ၃၅ ။ ။ အကြင် (စည်းကမ်းကျူးလွန်သူ၊ သံသယ၌ရှိနေ) သူတို့သည် မိမိတို့ထံ မည်သည့် သက်သေအထောက်အထား၊ အကြောင်းပြချက် တစ်စုံတစ်ရာမျှပင် ရောက်လာခဲ့သည် မရှိဘဲလျက် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့် စပ်လျဉ်း၍ အငြင်းအခုန် ပြုကြကုန်၏။ (ဤသည်) အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌လည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ ထံတော်၌လည်းကောင်း စက်ဆုပ်မှုအားဖြင့် လွန်စွာကြီးကျယ်လှ၏။ အလ္လာဟ်အသျှင်မြတ်သည် ဤနည်းအတိုင်းပင် ဘဝင်မြင့် မာန်မာန ထောင်လွှားသူ၊ လွန်စွာ ဆိုးသွမ်းသူ၏ စိတ်နှလုံး တစ်ခုလုံးပေါ်ဝယ် တံဆိပ်ခတ်နှိပ်တော်မူပေသည်။

وَقَالَ فِرْعَوْنُ يٰهَامٰنُ ابْنِ لِيْ صَرْحًا لَّعَلِّيْٓ اَبْلُغُ الْاَسْبَابَ ﴿٣٦﴾

၄၀ : ၃၆ ॥ ॥ ထို့နောက် ဖိရ်အောင်န်သည် (ဤသို့) ပြောဆိုခဲ့၏။ အို, ဟာမာန်၊ ငါသည် လမ်းများသို့ ရောက်ရှိရန် အလို့ငှာ အသင်သည် ငါ၏အဖို့ မြင့်စွင့်သော အဆောက်အအုံတစ်ခု တည်ဆောက်လော့။

اَسْبَابَ السَّمٰوٰتِ فَاَطَّلِعَ
اِلٰٓى اِلٰهِ مُوْسٰى وَاِنِّيْ لَاَظُنُّهٗ كَاذِبًا ۗ وَكَذٰلِكَ زُيِّنَ لِفِرْعَوْنَ سُوْۤءُ
عَمَلِهٖ وَصُدَّ عَنِ السَّبِيْلِ ۗ وَمَا كَيْدُ فِرْعَوْنَ اِلَّا فِيْ تَبَابٍ ﴿٣٧﴾

၄၀ : ၃၇ ॥ ॥ (ငါသည်) မိုးကောင်းကင် (ပေါ်ဝယ် တက်နိုင်ရန်) လမ်းများသို့ (ရောက်နိုင်ရန်အလို့ငှာ) ထိုသို့ (တက်ရောက်နိုင်ခဲ့) လျှင် ငါသည် မူစာ၏ ကိုးကွယ်ရာ အသျှင်မြတ်အား မြင်ပေမည်။ အမှန်စင်စစ် ငါသည် မူစာအား မုသားဝါဒီတစ်ဦး ဟုပင် ထင်မြင်ယူဆပေသည်။ စင်စစ် ထိုနည်းအတိုင်းပင် ဖိရ်အောင်န်၏ အမြင်၌ ၎င်း၏ မကောင်းမှုသည် လှပတင့်တယ်အောင် ပြုလုပ်ခြင်းခံခဲ့ရလေ၏။ ထို့ပြင် ၎င်းသည် (ဖြောင့်မတ်မှန်ကန်သော) လမ်းမှလည်း တားဆီးခြင်း ခံခဲ့ရလေ၏။ အမှန်စင်စစ် ဖိရ်အောင်န်၏ အကြံအစည်မှာ ပျက်စီးခဲ့သည်သာ (ဖြစ်၏။)

وَقَالَ الَّذِيْٓ اٰمَنَ يٰقَوْمِ اتَّبِعُوْنِ اَهْدِكُمْ سَبِيْلَ الرَّشَادِ ﴿٣٨﴾

၄၀ : ၃၈ ॥ ॥ ထို့ပြင် (ထို) မုအ်မင်နှိသက်ဝင်ယုံကြည်သူသည် (ဤသို့) ပြောဆိုခဲ့လေ၏။ အို, ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့သည် ကျွန်ုပ်၏ နောက်သို့ လိုက်ခဲ့ကြလေကုန်။ ကျွန်ုပ်သည် အသင်တို့အား တရားလမ်းမှန်သို့ ပို့ဆောင်အံ့။

يٰقَوْمِ اِنَّمَا هٰذِهِ الْحَيٰوةُ الدُّنْيَا مَتَاعٌ ۖ وَّاِنَّ الْاٰخِرَةَ هِيَ دَارُ الْقَرَارِ ﴿٣٩﴾

၄၀ : ၃၉ ॥ ॥ 'အို, ကျွန်ုပ်၏ အမျိုးသားတို့၊ ဤမျက်မှောက်လောကီဘဝသည် အနည်းငယ်မျှ အကျိုးကျေးဇူးခံစားမှုသာ ဖြစ်ပေသည်။ သို့ရာတွင် 'အာခိရတ်' တမလွန်ဘဝမှာမူ ယင်းသည်သာလျှင် ကေန်စင်စစ် အမြဲနေထိုင်ရန် ဌာန ဖြစ်၏။'

مَنْ عَمِلَ سَيِّئَةً فَلَا يُجْزٰٓى اِلَّا مِثْلَهَا ۚ وَمَنْ
عَمِلَ صَالِحًا مِّنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ مُؤْمِنٌ فَاُولٰۤىِٕكَ
يَدْخُلُوْنَ الْجَنَّةَ يُرْزَقُوْنَ فِيْهَا بِغَيْرِ حِسَابٍ ﴿٤٠﴾

၄၀ : ၄၀ ॥ ॥ မည်သူမဆို မကောင်းမှုဒုစရိုက် တစ်စုံတစ်ရာကို ကျူးလွန်ခဲ့လျှင် ယင်းမကောင်းမှုနှင့် ညီမျှသည့် (ပြစ်ဒဏ်) ကိုသာ အစားပေးခြင်း ခံရပေမည်။ သို့ရာတွင် မည်သူမဆို ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကောင်းမြတ်သော အကျင့်သီလ

ကို ကျင့်မှုဆောက်တည်ခဲ့ပါမူ ထို့ပြင် ထိုသူသည် မုအ်မင်န် သက်ဝင်ယုံကြည်သူလည်း ဖြစ်ပါမူ။ ထိုကဲ့သို့သော သူတို့မှာ ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြပေမည်။ ထိုသူတို့သည် ယင်း ဂျန္နသ်'သုခဘုံတွင် ရေတွက်ခြင်းမရှိဘဲ စားနပ်ရိက္ခာကို ချီးမြှင့်ကျွေးမွေးခြင်းကို ခံကြရပေလိမ့်မည်။

وَيٰقَوْمِ مَا لِيْٓ اَدْعُوْكُمْ اِلَى النَّجٰوةِ وَتَدْعُوْنَنِيْٓ اِلَى النَّارِ ﴿٤١﴾

၄၀ : ၄၁ ။ ။ ထို့ပြင် အို့, ကျွန်ုပ်၏ အမျိုးသားတို့၊ မည်သို့ပါနည်း၊ ကျွန်ုပ်သည် အသင်တို့အား (ငြစ်ဒဏ်မှ) ကင်းလွတ်ရာသို့ ဖိတ်ခေါ်နေပါသည်။ သို့သော် အသင်တို့သည်မူ ကျွန်ုပ်အား ငရဲမီးသို့ ဖိတ်ခေါ်နေကြပါသည်။

تَدْعُوْنَنِيْ لِاَكْفُرَ بِاللّٰهِ وَاُشْرِكَ بِهٖ مَا لَيْسَ لِيْ بِهٖ عِلْمٌ
وَّاَنَا اَدْعُوْكُمْ اِلَى الْعَزِيْزِ الْغَفَّارِ ﴿٤٢﴾

၄၀ : ၄၂ ။ ။ အသင်တို့သည် ကျွန်ုပ်အား ကျွန်ုပ် အလ္လာဟ်အသျှင်မြတ်အား သွေဖည်ငြင်းပယ်ရန်လည်းကောင်း၊ ကျွန်ုပ်တွင် မည်သည့်အသိပညာ၊ မည်သည့်သက်သေသာဓက တစ်စုံတစ်ရာမျှ မရှိသောအရာကို ကျွန်ုပ် ထိုအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်ရန်လည်းကောင်း ဖိတ်ခေါ်ကြကုန်၏။ အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အား လွန်စွာ နိုင်နင်း၊ လွှမ်းမိုးတော်မူသော၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသော အသျှင်မြတ်ထံတော်သို့ပင် ဖိတ်ခေါ်လျက်ရှိပေသည်။

لَا جَرَمَ اَنَّمَا تَدْعُوْنَنِيْٓ
اِلَيْهِ لَيْسَ لَهٗ دَعْوَةٌ فِي الدُّنْيَا وَلَا فِي الْاٰخِرَةِ وَاَنَّ مَرَدَّنَآ
اِلَى اللّٰهِ وَاَنَّ الْمُسْرِفِيْنَ هُمْ اَصْحٰبُ النَّارِ ﴿٤٣﴾

၄၀ : ၄၃ ။ ။ 'ကေန်မလွဲ ကျွန်ုပ်အား၊ အသင်တို့ ဖိတ်ခေါ်နေသော အရာသည် ဤပစ္စုပ္ပန်လောက၌လည်း ဟစ်ခေါ်တသရန်မထိုက်ပေ။ 'အာခိရသ်'တမလွန်ဘဝ၌လည်း ဟစ်ခေါ်တသရန်မထိုက်ပေ။ ထို့ပြင် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ပြန်လှည့်ကြရပေမည်။ ထို့ပြင် စည်းကမ်းကျူးလွန်သော သူတို့သည် ငရဲသားများပင် ဖြစ်ကြကုန်၏။'

فَسَتَذْكُرُوْنَ مَآ اَقُوْلُ لَكُمْ ۭ وَاُفَوِّضُ اَمْرِيْٓ اِلَى اللّٰهِ ۭ اِنَّ اللّٰهَ بَصِيْرٌۢ بِالْعِبَادِ ﴿٤٤﴾

၄၀ : ၄၄ ။ ။ စင်စစ် မကြာမီပင် အသင်တို့သည် ကျွန်ုပ် အသင်တို့အား ပြောဆိုသောစကားများကို ပြန်လည်၍ သတိရရှိကြပေမည်။ ထို့ပြင် ကျွန်ုပ်မူ မိမိ၏ အရေးကိစ္စကို အလ္လာဟ်အသျှင်မြတ်ထံတော်သို့ လွှဲအပ်လိုက်ပြီ။ ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏) ကျွန်တို့အား ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

فَوَقٰىهُ اللّٰهُ سَيِّاٰتِ مَا مَكَرُوْا وَحَاقَ بِاٰلِ فِرْعَوْنَ سُوْٓءُ الْعَذَابِ ﴿٤٥﴾

၄၀ : ၄၅ ။ ။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ထို (မုအ်မင်နှင်သက်ဝင်ယုံကြည်သူအား ၎င်းတို့ ကြံစည်ခဲ့ကြကုန်သော အကြံအစည်၏ ဘေးအန္တရာယ်တို့မှ ဖယ်ရှားပေးတော်မူခဲ့၏။ သို့ရာတွင် ဖိရ်အောင်န်၏ ခြွေရံသင်းပင်တို့ကိုမူ ဆိုးယုတ်သော ပြစ်ဒဏ်သည် ဝန်းဝိုင်းခဲ့ပေသည်။

اَلنَّارُ يُعْرَضُوْنَ عَلَيْهَا
غُدُوًّا وَّعَشِيًّا ۚ وَيَوْمَ تَقُوْمُ السَّاعَةُ ۗ اَدْخِلُوْٓا اٰلَ
فِرْعَوْنَ اَشَدَّ الْعَذَابِ ﴿٤٦﴾

၄၀ : ၄၆ ။ ။ ထိုသူတို့မှာ ('ကေယာမသ်'မဖြစ်မီ 'ဗရ်ဇခ်' ကြားကာလ၌ပင် နေ့စဉ်) နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း၊ ငရဲမီး၏ ရှေ့ဝယ် ထုတ်ဆောင်ပြသခြင်းကို ခံကြရကုန်၏။ ထို့ပြင် 'ကေယာမသ်'အချိန် ဆိုက်ရောက်၍လာသော နေ့၌မူ၊ အသင်တို့သည် ဖိရ်အောင်န်၏ ခြွေရံသင်းပင်းတို့အား ပြင်းထန်လှစွာသော ပြစ်ဒဏ်တွင် ဝင်ရောက်စေကြလေကုန် (ဟု အလ္လာဟ်အသျှင်မြတ်သည် 'မလာအေကဟ်'ကောင်းကင်တမန်တို့အား မိန့်တော်မူပေမည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ငါအသျှင်မြတ်သည် မူစာ عليه السلام အား မိမိ၏ အမိန့်တော်များအပြင် ထင်ရှားသော သက်သေလက္ခဏာတော် (ဆိုလိုသည်မှာ 'မုအ်ဂျေဇာဟ်') များပေး၍ ဖိရ်အောင်န်၊ ဟာမန်နှင့် ကာရူးန်တို့ထံ စေလွှတ်တော်မူခဲ့သည်။ ထိုအခါ ၎င်းတို့ (အနက်မှ အချို့သော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း) ပြောဆိုကြသည်မှာ (نَعُوْذُ بِاللّٰهِ အလ္လာဟ်ထိန်းသိမ်းတော်မူပါစေ။) ၎င်း(မူစာ عليه السلام) သည် ပဉ္စလက် မှော်ဆရာတစ်ဦး (နှင့်) လိမ်လည်သူတစ်ဦး ဖြစ်သည်။ ('မုအ်ဂျေဇာဟ်'များကို ကြည့်၍ မှော်ဆရာဟု ပြောဆိုကြပြီး 'နဗူဝသ်'နှင့် အသျှင်မြတ်၏ အမိန့်တော်များကို ကြွေးကြော်သည့်အတွက်ကြောင့် မုသားပြောဆိုလိမ်လည်သည်ဟု ပြောဆိုကြသည်။ ဤပြောဆိုမှုကို ဖိရ်အောင်န်၊ ဟာမန်နှင့် ကာရူန်တို့ သုံးဦးက ပြောဆိုသည်ဟု ဆိုသော်ငြားလည်း ကာရူန်သည် စင်စစ်၌ ဗနီအိစ်ရာအီးလ်ထဲမှ ဖြစ်ခဲ့ရာ အပေါ်ယံအားဖြင့် မူစာ عليه السلام အပေါ် အီမာန်သက်ဝင်ယုံကြည်ခဲ့သည်။ ၎င်းနောက် မှော်ဆရာဟု ပြောဆိုခြင်းမှာ အပေါ်ယံအားဖြင့် မဖြစ်နိုင်ချေ။ သို့သော် ၎င်းသည်လည်း ထိုအခါ၌ မုနာဖစ်က် (အရေခြုံ) ဖြစ်နိုင်သည်။ အပေါ်ယံအားဖြင့် မူစာ عليه السلام ကို သက်ဝင်ယုံကြည်သည်ဟု ကြွေးကြော်နေသော်လည်း စင်စစ်မှာမူ သက်ဝင်ယုံကြည်ခြင်းမရှိပေ။ ထို့ပြင် ဤပြောဆိုမှုကို ဖိရ်အောင်န်နှင့် ဟာမာန်ကသာ ပြုခဲ့သည်လည်း ဖြစ်နိုင်သည်။ ခြုံငုံ၍ သုံးဦးစလုံးကို ရည်ညွှန်းလိုက်ခြင်းလည်း ဖြစ်နိုင်သည်။) တစ်ဖန် (ထိုသို့ ပြောဆိုပြီးနောက်)

၄င်းမူစာ ﷺ သည် ငါအသျှင်မြတ်ဘက်တော်မှ မှန်ကန်သော သာသနာတော်ကို လူအများထံ ယူဆောင်လာသောအခါ (ထိုသို့ ယူဆောင်လာခြင်းအပေါ် အချို့မှာ မွတ်စ္စလင်မ် ဖြစ်သွားလေသည်။) ဤ (အထက်တင်ပြပါ) သူတို့က (တိုင်ပင်သည့်အနေဖြင့်) ပြောဆိုကြသည်မှာ ၄င်းနှင့်အတူ (ပူးပေါင်းကာ) အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့၏ သားယောကျ်ားကလေးများကို သတ်ပစ်လိုက်ကြကုန်။ (သို့မှသာ ၄င်းတို့၏ စုစည်းမှုနှင့် အင်အားတိုးလာနိုင်တော့မည် မဟုတ်ပေ။ ထိုသို့ ပြောဆိုခြင်းသည် အာဏာချုပ်ငြိမ်းသွားမည် ကို စိုးရိမ်၍ ဖြစ်သည်။) ထို့ပြင် (စင်စစ် အမျိုးသမီးများတွင် ဤသို့ စိုးရိမ်ဖွယ်ရာမရှိပေ။ ထို့ပြင် ကျွန်ုပ်တို့၏ အိမ်များ၌ အလုပ်အကျွေးမှု ပြုရန်အတွက် ၄င်းတို့ကို လိုအပ်ပေသည်။ ထို့ကြောင့်) ၄င်းတို့၏ မိန်းကလေးများကိုမူ (မသတ်ဘဲ) အရှင်ထားကြကုန်။

(အချုပ်ဆိုရသော် ၄င်းတို့က မူစာ ﷺ ၏ လွှမ်းမိုးမှုကို စိုးရိမ်၍ ဤကဲ့သို့ ပိတ်ဆို့ရန် ကြံရွယ်မှု ပြုခဲ့သည်။) ထို့နောက် ၄င်းကာဖိရ်များ၏ ကြံစည်မှုသည် ထိရောက်မှု မရှိခဲ့သည်သာ ဖြစ်သည်။ (နောက်ဆုံး ဟာရေသ်မူစာ ﷺ အောင်နိုင်မှု ရှိခဲ့သည်။ ပထမ ဖနီအိစ်ရာအီးလ်မျိုးနွယ်မှ မွေးဖွားလာသော မျိုးဆက်သစ်လူငယ်များကိုမူ ဟာရေသ်မူစာ ﷺ မမွေးဖွားမီက သတ်ခိုင်းခဲ့သည်။ ထို့ကြောင့် ဟာရေသ်မူစာ ﷺ မွေးဖွားလာသောအခါ မြစ်ထဲမျောရသည့် အခြေအနေဖြစ်လာရသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် မိမိတန်ခိုးတော်ဖြင့် ထိုကလေးငယ်ကို ဖိရ်အောင်နိ၏ အိမ်၌ ကြီးပြင်းစေခဲ့သည်။

ဤဒုတိယ သားယောကျ်ားကလေးများကို သတ်ခိုင်းသည့် အမိန့်ကို ဟာရေသ်မူစာ ﷺ မွေးဖွားပြီး၊ 'နဗူဝသ်'ရရှိပြီးသည့်နောက် မူစာ ﷺ ၏ 'မုအ်ဂျေဇာဟ်'တော်များကို ကြည့်၍ ဖိရ်အောင်နိ၏ အသင်းဝင်တို့က ၄င်းတို့မျိုးဆက် တိုးလာလျှင် ကျွန်ုပ်တို့၏ အုပ်ချုပ်မှုအာဏာ တည်တံ့မည် မဟုတ်ဟု စိုးရိမ်ကာ ချမှတ်ခဲ့သည်။ တစ်ဖန် ထိုအချိန်က ဤကဲ့သို့ ကလေးများကို သတ်ဖြတ်သည့် ဥပဒေသည် အတည်ပြုပြီးသလော။ (သို့) မပြုရသေးသလောနှင့် ပတ်သက်၍ ဆင့်ပြန်ချက် တစ်စုံတစ်ရာကိုမူ မတွေ့ရှိရပေ။ ထို့နောက် မူစာ ﷺ ကို စီရင်ရန် ပြောဆိုလာကြသည်။) ထို့ပြင် ဖိရ်အောင်နိက (အသင်းသားများကို) ပြောဆိုသည်မှာ အသင်တို့ ငါ့အား မတားဆီးကြကုန်လင့်။ ငါသည် မူစာ ﷺ အား သတ်ဖြတ်လိုက်မည်။ ထို့ပြင် ၄င်း (မူစာ) သည် ၄င်းကို ဖန်ဆင်းမွေးမြူသော အသျှင်မြတ်အား ဟစ်ကြွေး၍ (အကူအညီ တောင်းခံပါစေ။ အမှန်စင်စစ် ၄င်း (မူစာ) သည် အသင်တို့၏ သာသနာကို ပြောင်းလဲဖျက်ဆီးပစ်မည်ကိုလည်းကောင်း၊ တိုင်းပြည်၌ ပျက်စီးရာပျက်စီးကြောင်းများကို ဖြစ်ပေါ်စေမည်ကိုလည်းကောင်း ငါသည် စိုးရိမ်းနေမိသည်။ (ပျက်စီးဆုံးရှုံးမှုတစ်ခုမှာ သာသနာအတွက် ဖြစ်ပြီး၊ နောက်ပျက်စီးမှုတစ်ခုမှ လောကီရေးအတွက် ဖြစ်မည်။ ထို့ပြင် ဖိရ်အောင်နိက 'ငါ့အား မတားဆီးကြကုန်လင့်'ဟု ပြောခြင်းမှာ အသင်းသားများက သတ်ဖြတ်ရန် အကြံအရွယ်မပြုခဲ့ရခြင်းသည် အုပ်ချုပ်မှုအာဏာနှင့် လျော်ကန်မှု မရှိပေဟု ထင်ခဲ့သောကြောင့် ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် လူအများကြားတွင် သာမန် မည်သည့်စစ်အင်အား မရှိသောသူကို ကြောက်ရွံ့၍ ဤသို့ စစ်ဆင်နွှဲခြင်းဖြစ်သည်ဟု သတင်းပြန့်နှံ့သွားမည်ကို စိုးရိမ်၍ အကြံမပြုခဲ့သောကြောင့် ဖိရ်အောင်နိက ပြောဆိုခြင်းဖြစ်မည်။ (သို့မဟုတ်) ပရိယာယ်သုံးကာ

ဤသို့ ပြောဆိုခြင်း ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် ကြားရသူများအဖို့ ယခုအထိ ၄င်း (မူစာ عليه السلام) အား မသတ်ဘဲ ထားခဲ့ရခြင်းမှာ အကြံပေးပုဂ္ဂိုလ်များ၏ တားမြစ်ခြင်းကြောင့် ဖြစ်မည်ဟု ထင်မြင်စေရန် ဖြစ်သည်။

စင်စစ် ဖိရ်အောင်န်ကိုယ်တိုင်သည် သတ်ဖြတ်ရန် သတ္တိမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် စိတ်နှလုံးတွင်း၌ 'မုအ်ဂျိဇာဟ်'များကို ယုံကြည်ပြီးဖြစ်၏။ ထို့ကြောင့် ၄င်း (မူစာ) ကို သတ်လိုက်လျှင် ကောင်းကင်မှ 'အဇားဗ်'ပြစ်ဒဏ်များ ဘေးဗလာများ ကျရောက်လာမည်ကို စိုးရိမ်ခဲ့သည်။ သို့သော် မိမိအပြစ်ကို အသင်းသားများအပေါ် ပုံချရန်အလို့ငှာ ဤသို့ ပြောဆိုခဲ့သည်။

ထို့ပြင် ဤနည်းအတိုင်း وَلْيَدْعُ رَبَّهُ ဟု ပြောဆိုခြင်းများလည်း လူများကို မိမိ၏ ရဲစွမ်းသတ္တိကို ပြသရန်ဖြစ်သည်။ စင်စစ်မှာ စိတ်နှလုံး တုန်လှုပ်နေခဲ့သည်။) ထို့နောက် မူစာ عليه السلام (သည် ဤစကားကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်ဦးဦး၏ အကြောင်းခံဖြင့်သော်လည်းကောင်း ကြားခဲ့ရာ ဟဇရတ်မူစာ عليه السلام) က ပြောကြားသည်မှာ ကျွန်ုပ်သည် မိမိနှင့် အသင်တို့ (အားလုံး၏) အသျှင်သခင်ထံ ခိုလှုံပြီး ဖြစ်သည်။ ထိုခေါင်းမာသူများ၏ (ဘေးရန်ခပ်သိမ်းမှ) အကြင်သူတို့သည် စစ်ကြောမေးမြန်းမည့် နေ့ကို သက်ဝင်ယုံကြည်ခြင်း မရှိကြပေ။ (ထို့ကြောင့် အမှန်တရားနှင့် ဆန့်ကျင်ဘက် ပြုနေကြသည်။) ထို့နောက် (ယင်းတိုင်ပင်ဆွေးနွေးသည့် ညီလာခံတွင်) ဖိရ်အောင်န်မျိုးနွယ်စုမှ (ယခုတိုင်) တိတ်တဆိတ် အီမာန်သက်ဝင် ယုံကြည်ခဲ့သော မုအ်မင်န်တစ်ဦးက ပြောကြားသည်မှာ အသင်သည် ပုဂ္ဂိုလ်တစ်ဦးကို 'ကျွန်ုပ်၏ ဖန်ဆင်းရှင်သည် အလ္လာဟ်အသျှင်မြတ် ဖြစ်သည်' ဟု ပြောဆိုလိုက်ရုံဖြင့် အသင် သတ်လိုက်မည်လော။ စင်စစ်တွင် ၄င်းသည် အသင့်အား ဖန်ဆင်းသော အသျှင်မြတ်ဘက်တော်မှ (ဤကဲ့သို့ ကြွေးကြော်မှုနှင့် ပတ်သက်ပြီး) အထောက်အထားများကို (လည်း) ယူဆောင်လာခဲ့သည်။ (ဆိုလိုသည်မှာ 'မုအ်ဂျိဇာဟ်' များပြသခဲ့ရာ ယင်းသည် 'နဗူဝသ်'နှင့် ပတ်သက်ပြီး ၄င်းကြွေးကြော်နေသည်မှာ မှန်ကန်ကြောင်း အထောက်အထားဖြစ်နေသည်။ ထို့ပြင် အထောက်အထား အခိုင်အလုံရှိပါလျက် အထောက်အထားပြနိုင်သူနှင့် ဆန့်ကျင်ဘက်လုပ်ခြင်း၊ သတ်ဖြတ်သည်အထိ ရည်ရွယ်ကာ ဆန့်ကျင်ခြင်းသည် လုံး၀ မသင့်တော်ပေ။) ထို့ပြင် အကယ်၍ ၄င်းကို မုသားပြောဆိုသူဟု (မှတ်ယူလိုက်သည်ရှိသော်) ၄င်း၏ လိမ်လည်သော အပြစ်သည် ၄င်းအပေါ်၌ သက်ရောက်မည်ဖြစ်သည်။ (ထို့ပြင် ၄င်းသူကိုယ်တိုင် အသျှင်မြတ်ဘက်တော်မှ သေးသိမ်သွားမည်ဖြစ်သည်။ သတ်ဖြတ်ရန်လည်း မလိုအပ်ပေ။)

ထို့နောက် အကယ်၍ ၄င်းက မှန်ကန်ခဲ့သည်ရှိသော် ၄င်းကြိုတင်ပြောဆိုနေသည့် (အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိလျှင် ဤသို့ ဤသို့ 'အဇားဗ်'ပေးခြင်း ခံရမည်။) ထို့အနက်မှ အနည်းငယ်မျှမဆို အသင့်အား (ဧကန်မုချ) ထိရောက်မည်ဖြစ်သည်။ (သို့ရှိရာ ထိုကဲ့သို့သော အခြေအနေမျိုးတွင် သတ်ဖြတ်ခြင်းသည် သာပို၍ ကြီးမားသော ဒုက္ခကို မိမိခေါင်းပေါ် ထမ်းရွက်ရာရောက်မည်။ အချုပ်ဆိုရသော် ၄င်းကို မုသားပြောဆိုသူဟု ဆို၍ သတ်ဖြတ်လိုက်လျှင်လည်း အချည်းနှီး အကျိုးမဲ့လုပ်ရပ်ပင် ဖြစ်ပြီး၊

၄င်းသည် အကယ်၍ မှန်ကန်သူ ဖြစ်နေလျှင် သတ်ဖြတ်ခြင်းတွင် ဆိုးကျိုးသာရှိသည်။ သို့ရှိရာ ဤကဲ့သို့သော လုပ်ရပ်မျိုးကို မည်သည့်အတွက်ကြောင့် လုပ်ဆောင်ရမည်နည်း။ ထို့ပြင် မူသေဥပဒေတစ်ခု ရှိသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သောသူကို ရည်ရွယ်ချက်ပန်းတိုင်သို့ ပို့ဆောင်ပေးတော်မူလေ့ မရှိပေ။ အကြင်သူမှာ (မိမိ) စည်းဘောင်ကို ကျော်လွန်သွားသူ၊ အလွန်ပင် မုသားပြောဆိုသူဖြစ်သည်။ (ဆိုလိုသည်မှာ ၄င်း၏ အချို့ကြံရွယ်မှုများ အောင်မြင်သွားမည်မှာ ဖြစ်နိုင်သော်လည်း နောက်ဆုံး ၄င်းသည် မုချ ဆုံးရှုံးမည်သာ ဖြစ်သည်။ သို့ရှိရာ ဤမူသေဥပဒေကို ထောက်ရှုခြင်းဖြင့် အကယ်၍ မူစာ ﷺ ကို မုသားပြောဆိုသူဟု မှတ်ယူလိုက်သည်ရှိသော် ၄င်းလိမ်လည်၍ 'နဗူဝသ်'အား ကြွေးကြော်ခဲ့လျှင် အလွန်ကြီးသော 'ဂိုနာဟ်'ဖြစ်မည်။ ထို့ပြင် အလွန်ပင် အရဲစွန့်သူဖြစ်မည်။ အကယ်၍ ဤကဲ့သို့သော လိမ်လည်မုသား ပြောဆိုသူကိုလည်း ဖျက်ဆီးခြင်း၊ 'အဇာဗ်'ပေးခြင်း မရှိခဲ့သော် လူသားများကို ဒ္ဒိဟများနှင့် သံသယပွားမှုတွင် သွတ်သွင်းရာရောက်မည်။ ထို့ပြင် ဦးနှောက်ဖြင့် စဉ်းစားကြည့်လျှင် ဤသို့ အလ္လာဟ်အသျှင်မြတ် ပြုတော်မူမည် မဟုတ်ပေ။ ထို့ကြောင်း ၄င်းသည် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရ၍ သေးသိမ်မည်မှာ မလွဲဧကန်ဖြစ်သည်။ တစ်ဖန် သတ်ရန် မည်သို့ လိုအပ်တော့မည်နည်း။ ထို့နောက် အကယ်၍ ၄င်းမှန်ကန်သူဖြစ်ခဲ့လျှင် အသင်တို့သည် မုချ လိမ်လည်သူများဖြစ်ပြီး လိမ်လည်မှုတွင် အစွန်းရောက်သူများလည်း ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် ဖိရ်အောင်န်အား အလ္လာဟ်ဟု လက်ခံခဲ့ကြသူများလည်း ဖြစ်သည်။ ထို့ပြင် လိမ်လည်မှု၌ အစွန်းရောက်သူသည် အောင်မြင်မှု မရရှိနိုင်ပေ။ သို့ရှိရာ အသင်တို့ သတ်ဖြတ်မှုတွင် အောင်မြင်မည်မဟုတ်ပေ။ (သို့) စွမ်းဆောင်နိုင်မည်မဟုတ်ပေ။ (သို့) နောက်ဆုံးရလဒ် ဆိုးနှင့် ကြုံဆုံရမည်ဖြစ်သည်။ ထိုသို့ဖြင့် ပုံစံနှစ်မျိုးစလုံး၏ တောင်းဆိုချက်သည် ၄င်းကို မသတ်ဖြတ်ရန်သာ ဖြစ်သည်။ ထို့ပြင် ဤသို့ ပြောဆိုလိုက်ခြင်းဖြင့် မည်သည့်အခါမှ ပြဿနာပေါ်ထွန်းစေသူကို မသတ်ရဟူ၍ သံသယမပွားလေနှင့်။ အဖြေမှာ ဤအဆိုသည် မုသားပြောဆိုသူလော။ မှန်ကန်သူလောနှင့် ပတ်သက်ပြီး သံသယဖြစ်သောအခါ၌တွင်သာ အကျုံးဝင်သည်။ ထို့ပြင် 'မုအ်ဂျေဇာဟ်'များအရ အနိမ့်ဆုံး အဆင့်မှာ စင်စစ် လူမှန်သာ ဖြစ်နိုင်သည်။ ၄င်းနောက် ခိုင်လုံသော အထောက်အထားများအရ လိမ်လည်ကြောင်း တိကျသွားသောအခါ 'မှန်ကန်သူဖြစ်နိုင်မည်'ဟု ထင်နိုင်စရာ အကြောင်းမရှိတော့ပေ။

ထို့နောက် ၄င်းမုအ်မင်န်သည် မူစာ ﷺ မှန်ကန်ကြောင်းကို ပြည့်ပြည့်ဝဝ ယုံကြည်မှုရှိသော်လည်း ဤကဲ့သို့ စကားပြောဆိုနေခြင်းမှာ လူများ၏ အကျင့်၊ စိတ်ထားများကို ထောက်ထား၍သာ ဖြစ်သည်။ ဆိုလိုသည်မှာ ၄င်းတို့ တွေးခေါ်နိုင်ရန်အတွက် ဖြစ်သည်။ ရှေ့ဆက်၍လည်း ထိုသတ်ဖြတ်ခြင်းမှ တားမြစ်နေသည့် အကြောင်းကို တင်ပြနေသည်မှာ) အို၊ ကျွန်ုပ်၏ နောင်တော်တို့၊ ယနေ့ အသင်တို့၏ အုပ်ချုပ်မှု အာဏာ ရှိခဲ့ရာ အသင်တို့သည် မြေပထဝီဝယ် အုပ်ချုပ်သူများ ဖြစ်ကြသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ် 'အဇာဗ်'ပေးသောအခါ ကျွန်ုပ်တို့ကို မည်သူ ကူညီမည်နည်း။ အကယ်၍ (၄င်းကို သတ်လိုက်သောကြောင့်) ကျွန်ုပ်တို့အပေါ် ထို 'အဇာဗ်'ကျရောက်လာသည်ရှိသော် မည်သူ ကူညီမည်နည်း။ (ပမာဆိုရသော် ၄င်းသည် မှန်ကန်သူဖြစ်နေပါက ထိုသို့ ဖြစ်နိုင်ဖွယ်ရာ ရှိသည်။) ဖိရ်အောင်န်က (ဤပြောဆိုမှုကို

ကြား၍ အဖြေပေး) ပြောကြားလည်မှာ ငါသည် အသင်တို့ကိုယ် ကိုယ်တိုင် သဘောပေါက်နားလည်သော အကြံဉာဏ်ကိုသာ ပြမည်ဖြစ်သည်။ (ဆိုလိုသည်မှာ ၎င်းကို သတ်လိုက်ခြင်းသည် အသင့်လျော်ဆုံး ဖြစ်သည်။) ထို့နောက် ငါသည် အသင်တို့ကို လက်ရှိအခြေအနေနှင့် အကိုက်ညီဆုံးအကြောင်းတရားများကို တင်ပြမည်။ ၎င်းနောက် ထိုမုအ်မင်န်က (ဆိုဆုံးမမှုသည် နူးနူးညံ့ညံ့နှင့် ထောက်ထားပြီး ပြောဆိုနေခဲ့ရာ စူးရှမှု မဖြစ်သောကြောင့် ယခု သတိပေးခြိမ်းခြောက်သော ပုံစံဖြင့် တင်ပြခဲ့သည်မှာ ထို့နောက်) ပြောဆိုသည်မှာ မိတ်ဆွေတို့၊ ကျွန်ုပ်သည် အသင်တို့နှင့် ပတ်သက်ပြီး အခြားအွမ္မသ်များကဲ့သို့ အလွန်ဆိုးရွားမည့်နေ့နှင့် ပတ်သက်၍ စိုးရိမ်မိသည်။ ဥပမာ- နူးဟ် عليه السلام ၏ မျိုးနွယ်၊ ၎င်းနောက် 'အားဒ်'နှင့် 'စမူးဒ်'မျိုးနွယ်၊ ထိုမျိုးနွယ်စု၏ နောက်တွင် ပေါ်ထွန်းလာသည့်အုပ်စု (ဆိုလိုသည်မှာ လူးသ် عليه السلام ၏ အုပ်စု စသည်တို့၏) အခြေအနေ ဖြစ်ပေါ်ခဲ့သည့်ပမာ (ဖြစ်ရှိလာမည်ကို စိုးရိမ်မိသည်။)

၎င်းနောက် အလ္လာဟ် အသျှင်မြတ်သည် ဗန္ဒာဟ်များအပေါ် မည်သည့်ညှဉ်းပန်းမှုမျိုးမှ မပြုလိုပေ။ (သို့သော် အသင်တို့၏ လုပ်ရပ်များသည်ပင် ဤသို့ မကောင်းမည်ဆိုပါက မုချဧကန် မိမိတို့၏ ပြစ်ဒဏ်ကို ခံစားကြရမည် ဖြစ်သည်) ၎င်းနောက် (ဤခြိမ်းခြောက်မှုသည် ဒွန္နယာလောက၏ ပြစ်ဒဏ်နှင့် ပတ်သက်ပြီး ဖြစ်သည်။ ရှေ့တွင် ဆက်လက်၍ တမလွန်၏ ပြစ်ဒဏ်နှင့် ပတ်သက်ပြီး ခြိမ်းခြောက် ပြောဆိုသည်မှာ) 'ကျွန်ုပ်သည် အသင်တို့အား ထိုနေ့နှင့် ပတ်သက်ပြီး စိုးရိမ်မိသည်။ အကြင်နေ့တွင် အော်ဟစ်ခေါ်သံများ မြောက်မြားစွာ ကြားရမည်ဖြစ်သည်။ (ဆိုလိုသည်မှာ ထိုနေ့သည် ကြီးမားသော အဖြစ်အပျက်များ ဖြစ်ပေါ်မည့်နေ့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အော်ဟစ်ဆူညံသံများ များပြားမှုသည် ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အော်ဟစ်ခေါ်ဆိုကြခြင်းသည် ကြီးမားသော အဖြစ်အပျက်များ ဖြစ်ပေါ်ချိန်၌ ဖြစ်တတ်သည်။ သို့ရှိရာ ပထမဦးဆုံးသော အသံသည် စူးရ်ခရာသံဖြစ်မည်။ ထိုအသံကြောင့် ကွယ်လွန်ပြီးသူများ ပြန်လည် ရှင်ပြန်လာကြမည်။ ကျမ်းတော်မြတ်တွင် အသျှင်မြတ်က တင်ပြထားသည်။

يَوْمَ يُنَادِ الْمُنَادِ مِنْ مَّكَانٍ قَرِيْبٍ يَّوْمَ يَسْمَعُوْنَ الصَّيْحَةَ بِالْحَقِّ

အခြားအသံတစ်ခုမှာ စာရင်းအင်စစ်ဆေးရန် ဖြစ်သည်။ အသျှင်မြတ်က မိန့်တော်မူသည်မှာ-

يَوْمَ نَدْعُوْ كُلَّ اُنَاسٍ بِاِمَامِهِمْ

ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အော်ဟစ်ခေါ်ဆိုကြခြင်းသည် သုခဘုံသားများနှင့် ငရဲသားများ အကြားတွင် ဖြစ်လိမ့်မည်။

စူရာဟ်အဟ်ရာဖ်တွင် အသျှင်မြတ်က မိန့်တော်မူသည်မှာ وَنَادٰى اَصْحَابُ الْجَنَّةِ အဆုံးထိ၊ ၎င်းနောက် وَنَادٰى اَصْحَابُ النَّارِ အဆုံးထိ၊ ၎င်းနောက် وَنَادٰى اَصْحَابُ الْاَعْرَافِ အဆုံးထိ၊ အခြားဟစ်အော်သံတစ်ခုမှာ အဆုံးတွင် 'မော့က်သ်'သေခြင်းတရားဟူသော အရာကို သိုးသဏ္ဍာန်ပြုကာ လည်လှီးသည့်အချိန်၌ ဖြစ်လိမ့်မည်။ ဥပမာ- ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ-

ياأهل الجنّة خلودلاموت ويا أهل النارخلو د لاموت

ရှေ့တွင် ဆက်လက်၍ ထိုနေ့၏ အခြေအနေတစ်ရပ်ကို တင်ပြထားသည်မှာ) အကြင်နေ့တွင် (စာရင်းအင်းစစ်ဆေးသည့် နေရာမှ) လှည့်ကာ (ငရဲဘုံဘက်သို့) သွားကြရမည်။ (အေမာမ်ဘဂဝီ (ရဟ) က ဤသို့ပင် ဖွင့်ဆိုထားသည်။ ၎င်းနောက် ထိုအချိန်၌) အသင်တို့အား အလ္လာဟ်အသျှင်မြတ် (၏ 'အဇားဗ်'ပြစ်ဒဏ်) မှ ကယ်တင်မည့်သူ မည်သူမျှ ရှိမည်မဟုတ်ပေ။ (၎င်းနောက် ဤအကြောင်းအရာကို တင်ပြရခြင်းမှာ 'ဟေဒါယသ်'တရားလမ်းမှန်ကို လက်သင့်ခံရန် ဖြစ်သည်။ သို့သော်) အကြင်သူအား အလ္လာဟ်အသျှင်မြတ်ကပင် လမ်းလွဲစေပါလျှင် ထိုသူအား မည်သူမှ လမ်းမှန်ပြမည့်သူ ရှိမည်မဟုတ်ပေ။ ၎င်းနောက် (ရှေ့တွင် ဆက်လက်၍ ခြိမ်းခြောက်မှု၊ သတိပေးမှုများ တင်ပြထားသည်မှာ တမန်တော်မူစာ عليه السلام အလျှင် အခြားတမန်တော်တစ်ပါးကိုလည်း ၎င်းတို့သည် လိမ်လည်ခဲ့ကြသည်။ ဆိုလိုသည်မှာ) ဤအလျှင် အသင်တို့ထံသို့ ယူစွဖ် عليه السلام သည် (အသျှင်မြတ်တစ်ပါးတည်း တည်ရှိခြင်းနှင့် မိမိတမန်တော်ဖြစ်ခြင်း၏) အထောက်အထားများကို ယူဆောင်လာခဲ့သည်။ (ဆိုလိုသည်မှာ အသင်၏ မျိုးနွယ်စုသာဖြစ်သော ကိဗ်သွီမျိုးနွယ်စုထံသို့ပင် ၎င်းကို အသင်တို့၏ ဘိုးဘေးများလက်ထက်မှ အသင်တို့ထံ ဤအကြောင်း၏ သတင်းသည် အဆက်မပြတ် ရောက်ရှိလာခဲ့ပြီးဖြစ်သည်။) သို့ရှိရာ အသင်တို့သည် အသင်တို့ထံ ယူဆောင်လာခဲ့သည့် အရာတိုင်းကို စဉ်ဆက်မပြတ် ဒွိဟသံသယပွားမှု (နှင့် ငြင်းဆန်မှု) ပြု၍သာ လာခဲ့ကြသည်။ ၎င်း (နဗီများ) 'ဝဖားသ်'ဖြစ် ကွယ်လွန်သွားသည်ရှိသော် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ နဗီစေလွှတ်တော့မည်မဟုတ်ဟု ပြောဆိုနေကြသည်။ (ဤသို့ ပြောဆိုခြင်းသည် ဆိုးသွမ်းမိုက်မဲသည့် ပုံစံနှင့် ဖြစ်သည်။ ဆိုလိုရင်းမှာ ပထမယူစွဖ် عليه السلام သည်လည်း နဗီမဟုတ်ခဲ့ပေ။ ထို့ပြင် အကယ်၍ နဗီဖြစ်သည်ဟု မှတ်ယူလိုက်သည်ရှိသော် နဗီတစ်ပါးကို လက်မခံသောကြောင့် နောက်တစ်ပါး စေလွှတ်ပြီး မည်သို့ အကျိုးရှိမည်နည်းဟု အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူမည်ဖြစ်သည်။ သို့ရှိရာ ဤပြဿနာသည် အမြဲတမ်းအတွက် ချုပ်ငြိမ်းသွားလေသည်။ ထိုသို့ ပြောဆိုခြင်း၏ အဓိကရည်ရွယ်ချက်မှာ 'ရေစာလသ်'ကို ငြင်းဆန်ခြင်းနှင့် ပတ်သက်သော အချက်ကို တင်ပြရန်ဖြစ်သည်။ ပမာဆိုရသော် ရှေ့လာမည့်အဆိုဖြင့် သိရှိနေရသည်မှာ အသင်တို့ ဤကိစ္စရပ်တွင် မှားယွင်းခဲ့သည်။

ထိုနည်းတူစွာ အလ္လာဟ်အသျှင်မြတ်သည် ထိန်းမနိုင်သိမ်းမရဖြစ်သူ (၎င်းနောက်) သံသယများတွင် နစ်မွန်းနေသူများအား လမ်းမှားတွင်ပင် ထားရှိလေသည်။ အကြင်သူတို့သည် ၎င်းတို့ထံရှိ အထောက်အထားမဲ့သည့် စကားများဖြင့် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များတွင် အငြင်းပွားလေ့ရှိကြသည်။ ထို (လွဲမှားသော အငြင်းအခုံ) အား အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ စက်ဆုပ်ရွံရှာတော်မူသည်။ ၎င်းနောက် အီမာန်ရှင်များသည်လည်း စက်ဆုပ်ရွံရှာတော်မူသည်။ ၎င်းနောက် (အသင်တို့၏ နှလုံးသားများအပေါ် တံဆိတ်ခပ်နှိပ်ထားသကဲ့သို့) အလ္လာဟ်အသျှင်မြတ်သည် မောက်မား၍ ရက်စက်ကြမ်းကြုတ်သူဟူသမျှ၏ နှလုံးသားများအပေါ် တံဆိတ် ခပ်နှိတ်တော်မူသည်။ အကြောင်းမှာ ထိုနှလုံးသားတွင် အမှန်

တရားကို နားလည်သဘောပေါက်နိုင်သော အခွင့်အရေး လုံးလုံးလျားလျား ရှိမည်မဟုတ်တော့ပေ။ ဤသည် ထိုအီမာန်ရှင် သူတော်စင်၏ တင်ပြချက် များဖြစ်သည်။ ၎င်းသည် ဖိရ်အောင်န်၏ ဆွေမျိုးသားချင်းများ အနက်မှ ဖြစ်သည်။ ၎င်းနောက် ထိုအီမာန်ရှင်သည် ယခုအထိ မိမိအီမာန်ကို မထုတ်ဖော်ခဲ့ရာ ဤတင်ပြချက်ဖြင့် ထိုသူတော်စင်၏ အီမာန်အား လျှို့ဝှက်ထားမှုသည် ပပျောက်သွားလေတော့သည်။ ပထမတင်ပြချက်ဖြင့်သော်လည်းကောင်း၊ (သို့) ဒုတိယ တင်ပြချက်ဖြင့်သော်လည်းကောင်း ထိုဖုံးကွယ်မှုသည် ပပျောက်သွားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ-

يَاقَوْمِ إِنِّي أَخَافُ عَلَيْكُم مِّثْلَ يَوْمِ الْأَحْزَابِ

အပေါ်ယံအားဖြင့်မူ ပထမတင်ပြချက်ကြောင့် ပေါ်လွင်သွားသည်ဟု သိရှိရသည်။ ယင်းမှာ အာယသ်တော် **وَقَدْ جَاءَكُم بِالْبَيِّنَاتِ** အဆုံးထိပင် ဖြစ်သည်။) ၎င်းနောက် ဖိရ်အောင်န်က (အဖြေပေးမချေပနိုင်သော ဤတင်ပြချက်ကို ကြားနာကာ ထိုအီမာန်ရှင်အား မည်သည့်အဖြေမှ မပေးခဲ့ပေ။ မိမိ၏ ပညာမဲ့ မိုက်မဲမှုဟောင်းပေါ် ကိုယ်တိုင် ကိုးကားလိုသည့် ရည်ရွယ်ချက်ဖြင့် ဟာမာန်အား) ပြောကြားသည်မှာ အို့, ဟာမန်၊ ငါ့အတွက် မြင့်မားသော အဆောက်အဦးတစ်ခုကို ဆောက်လုပ်ပါ။ (ငါသည် ထိုမျှော်စင်ပေါ် တက်၍ ကြည့်မည်မှာ) ငါသည် မိုးကောင်းကင်သို့ သွားရောက်ရန် လမ်းစများအထိ ရောက်ကောင်း ရောက်နိုင်သည်။ တစ်ဖန် (ထိုနေရာသို့ သွား၍) မူစာ ﷺ ၏ အသျှင်မြတ်ကို ကြည့်မည်။ ထို့ပြင် ငါသည် မူစာ ﷺ ကို (၎င်းကြွေးကြော်နေသည်များကိုလည်း) မှားယွင်းသည်ဟု ယူဆသည်။ (ရှေ့ဆက်၍ ဖိရ်အောင်န်၏ (အခြား) မကောင်းပြုကျင့်မှုများကို (လည်း) ၎င်းတို့ကို အကောင်းထင်ရသည်။ ထို့နောက် (ဖြောင့်မတ်မှန်ကန်သော) လမ်းမှ လွဲဖယ်ပစ်လိုက်သည်။ ထို့ပြင် (မူစာ ﷺ နှင့် ယှဉ်ပြိုင်ဆန့်ကျင်ရန် စီမံကိန်းကြီးများကို ပြုလုပ်ခဲ့သော်လည်း) ဖိရ်အောင်န်၏ ကြံရွယ်မှုဟူသရွေ့သည် ပျက်သုဉ်းသွားရသည်။ (မည်သည့်အကြံရွယ်တွင်မှ မအောင်မြင်ခဲ့ပေ။) ၎င်းနောက် ထိုမုအ်မင်န်က (ဖိရ်အောင်န်သည် နိုင်လုံသော အဖြေမပေးနိုင်မှုကို တွေ့ရသောအခါ ထပ်မံပြီး ကြိမ်ဖန်ခါခါ) ပြောဆိုသည်မှာ အို့, နောင်တော်တို့၊ အသင်တို့သည် ကျွန်ုပ်၏ လမ်းစဉ်အတိုင်း လျှောက်လှမ်းကြကုန်။ ကျွန်ုပ် အသင်တို့ကို မှန်ကန်တိကျသော လမ်းကို ညွှန်ပြမည်။ (ဆိုလိုသည်မှာ ဖိရ်အောင်န်က ပြောဆိုသည်မှာ ငါသည် အသင်တို့အား မှန်ကန်သော လမ်းကို ညွှန်ပြနေသည်ဟု ဆိုရာ ၎င်းပြသော လမ်းသည် လုံးဝမှန်ကန်သော 'ဟေဒါယသ်' လမ်းစဉ်မဟုတ်ပေ။ သို့သာမက မှန်ကန်သောလမ်းဟူသည် ကျွန်ုပ်ပြသောလမ်း ဖြစ်သည်။)

အို့, နောင်တော်တို့၊ ဤလောကီသက်တမ်းသည် ခဏ္ဍအတွက်သာ ဖြစ်သည်။ ထို့နောက် (စင်စစ်) နေထိုင်ရမည့်ဌာနေသည် 'အာခိရသ်' နောင်တမလွန်ဖြစ်သည်။ (ထိုနေရာတွင် အစားပေးခြင်း၌ ဤသို့ ဥပဒေရှိသည်မှာ) အကြင်သူသည် 'ဂိုနာဟ်' ကျူးလွန်သည်ရှိသော် ၎င်းကျူးလွန်သည်နှင့်အညီ အစားရမည်ဖြစ်သည်။ ထို့ပြင် အကြင်သူသည် ကောင်းမှုကျင့်ကြံသော် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မုအ်မင်န်ဖြစ်ရန်သာ အရေး ကြီးသည်။ ဤကဲ့သို့သော သူများကိုမူ 'ဂျန္နသ်'သုခဘုံနန်း၌ ဝင်ရောက်စံမြန်း

ရမည်ဖြစ်သည်။ (ထို့ပြင်) ၎င်းတို့ကို ထိုသုခဘုံ၌ အတိုင်းမဲ့ ရိဇ်ရိက္ခာများ ရရှိပေမည်။ ထို့နောက် (ဤသို့ ပြောဆိုနေစဉ် ထိုဖိရ်အောင်နှမျိုးနွယ်ဝင် မုအ်မင်နက ဤသို့ ခံစားရသည်မှာ ၎င်းတို့သည် ကျွန်ုပ်၏ စကားရပ်များကို ကြား၍ အံ့ဩနေကြသည်။ ထို့ပြင် ကျွန်ုပ်၏ ပြောဆိုမှုကို လက်ခံရမည့်အစား ကျွန်ုပ်ကိုပါ မိမိတို့၏ 'ကုဖ္ဖရ်'လမ်းစဉ်သို့ ခေါ်ဆောင်လိုကြသည်။ ထို့ကြောင့် ဤစကားကိုလည်း ပြောဆိုခဲ့သည်မှာ) အို၊ ကျွန်ုပ်၏ နော်ငတော်တို့၊ ကျွန်ုပ်သည် အသင်တို့ကို (လွတ်မြောက်ရာ (လမ်းစဉ်) ဘက်သို့ ဖိတ်ခေါ်နေသော်လည်း အသင်တို့သည် ကျွန်ုပ်ကို 'ဂျဟန္နမ်'ငရဲသို့ လားမည့် (လမ်း) ဘက်သို့ အဘယ်ကြောင့် ခေါ်ဆောင်နေရသနည်း။ (ဆိုလိုသည်မှာ အသင်တို့သည် ကျွန်ုပ်အား ထို 'ဂျဟန္နမ်'ဘက်သို့ ဖိတ်ခေါ်မှု ပြုနေကြသည်။)

အကြင်စကားရပ်များကြောင့် (အလ္လာဟ်အသျှင်မြတ် ထိန်းသိမ်းတော်မူပါစေ။) ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ကို ငြင်းဆန်လိုက်ရမည်လော။ ထို့နောက် ဤကဲ့သို့သော အသျှင်မြတ်နှင့် တုဖက်မှုပြုရမည်လော။ အကြင်အသျှင်မြတ်နှင့် (တုဖက်ရာရှိသည်ဟု) ကျွန်ုပ်တွင် မည်သည့်ကိုးကားစရာမှ မရှိပေ။ ထို့ပြင် ကျွန်ုပ်သည် အသင်တို့ကို အလွန်တရာ ခွင့်လွတ်ပလပ်တော်မူသော အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်မှု ပြုနေသည်။ ဧကန်စင်စစ် အသင်တို့ ကျွန်ုပ်အား အကြင်အရာများ (ကို ကိုးကွယ်ခဝပ်မှု) ဘက်သို့ ဖိတ်ခေါ်ခဲ့ရာ ၎င်းတို့သည် လောက၌ပင် (လောကီ၏ လိုအပ်ချက် တစ်စုံတစ်ရာကြောင့်) တသရန် မထိုက်ပေ။ ထို့နောက် ('အဓားဗ်'မှ လွတ်ကင်းမှုရရှိရန်အတွက်လည်း) 'အာခိရသ်' နောင်တမလွန်တွင် တသထိုက်မည်မဟုတ်ပေ။ ထို့ပြင် (ဧကန်စင်စစ်) ကျွန်ုပ်တို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ သွားရောက်ရမည်ဖြစ်သည်။

၎င်းနောက် (ဒွိဟမရှိသည်မှာ) အကြင်သူများသည် (ကျေးကျွန်ပီသ ခြင်းဟူသော) နယ်နိမိတ်မှ အပြင်ထွက်သွားသော (ဥပမာ- အလ္လာဟ်မှအပ အခြားအရာများကို ကိုးကွယ်ဆည်းကပ်သော) သူများအားလုံးသည် 'ဂျဟန္နမ်မီ' ငရဲသားများသာ ဖြစ်မည်။ သို့ရှိရာ (ယခု ကျွန်ုပ် အသင်တို့ကို ပြောဆိုရန်ဆန္ဒမရှိတော့ပေ။ သို့သော်လည်း) ရှေ့ဆက်၍ အသင်တို့သည် ကျွန်ုပ်၏ စကားကို သတိရနေကြမည်ဖြစ်သည်။ ထို့နောက် (၎င်းမုအ်မင်နှသည် ပထမကတည်းက ဤသူများကို ဆိုဆုံးမမှုပြု၍ ကျွန်တော်နှင့် ရန်ဘက်ဖြစ်သွားနိုင်ပြီး၊ ရန်မှု ဒုက္ခပေးမည်ကို ထင်မှတ်ပြီးဖြစ်၏။ ထို့ပြင် အခြား ခြိမ်းခြောက်မှုများလည်း ထိုအချိန် ၎င်းကို ပြုခဲ့သည်လည်း ဖြစ်မည်။ ထို့ကြောင့် ဤစကားကိုလည်း ပြောဆိုခဲ့သည်။) ကျွန်ုပ်သည် မိမိနှင့် ပတ်သက်သည်များကို အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အပ်နှင်းတော်မူလိုက်ပြီးဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် (ကိုယ်တော်တိုင်) သည် ဗန္ဒာဟ်အားလုံးကို ကြည့်ရှု စောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ကျွန်ုပ် အသင်တို့ကို လုံးဝ မကြောက်ရွံ့ပါ) တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ၎င်း (မုအ်မင်နှ) ကို ထိုသူများ၏ အကြံဆိုးများမှ ထိန်းသိမ်းတော်မူခဲ့လေသည်။ (သို့ရှိရာ ၎င်းသည် ထိုသူများ၏ ဘေးမှ ထိန်းသိမ်းမှု ရရှိခဲ့ပြီး၊ ဟဇရသ်ကသာဒဟ် ﷺ သခင်၏ မိန့်ဆိုချက်အရ) ၎င်းကိုလည်း ဟဇရသ်မူစာ ﷺ နှင့်အတူ နစ်မြုပ်ခြင်းမှ လွတ်မြောက်စေခဲ့သည်။ (ဒုရ်ရေမန်စူးရ်ကျမ်းတွင် ပါရှိသည့်အတိုင်းဖြစ်သည်။)

ထို့ပြင် (ဖိရ်အောင်န်နှင့်အတူ) ၎င်းအသင်းသားများအပေါ် ဒုက္ခရောက်စေမည့် 'အဇားဗ်' ကျရောက်ခဲ့သည်။ (ယင်းအကြောင်းမှာ ဤသို့ဖြစ်သည်။) ထိုသူများကို နေ့၊ ည ('ဂျဟန္နမ်' ငရဲဘုံတွင်) မီးအရှေ့သို့ ခေါ်ဆောင်လာသည်။ (ထို့ပြင် ၎င်းတို့ကို အသင်တို့ 'ကေယာမသ်' နေ့ ဝင်ရောက်ရမည့်နေရာမှ ဤနေရာ ဖြစ်သည်ဟု ပြသသည်။) ထို့နောက် 'ကေယာမသ်' နေ့ ဆိုက်ရောက်လာလျှင် (မိန့်တော်မူမည်မှာ) ဖိရ်အောင်န်၏ အသင်းသားများကို (ဖိရ်အောင်န်နှင့်အတူ) အလွန် ပြင်းထန်သော 'အဇားဗ်' အပြစ်ဒဏ်အတွင်း ထည့်သွင်းကုန်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖိရ်အောင်န်မျိုးနွယ်စုမှ မုအ်မင်န်တစ်ဦးအကြောင်း

အထက်တွင် နေရာအနှံ့ 'သောင်ဟီးဒ်' နှင့် 'ရေစာလသ်' ကို ငြင်းပယ်သောသူများနှင့် ပတ်သက်ပြီး ခြိမ်းခြောက်ခြင်းများ တင်ပြခြင်းနှင့်အတူ ကာဖိရ်များ၏ ဆန့်ကျင်မှု၊ ရန်မူမှုများကိုလည်း ဖော်ပြခဲ့လေပြီ။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ သည် သဘာဝအလျောက် သောကများ ရောက်ခဲ့ရသည်။ ကိုယ်တော်မြတ် ﷺ ဖြေသိမ့်မှုရစေရန်အလို့ငှာ အထက်တွင် ရုကူအ်နှစ်ခုခန့်မှ ဟဇရသ်မူစာ (عليه السلام) နှင့် ဖိရ်အောင်န်၏ အကြောင်းကို ဖော်ပြခဲ့သည်။ ယင်းဖြစ်ရပ်တွင် ရှည်လျားသော ပြောဆိုမှုတစ်ခုကိုမူ ဖိရ်အောင်န်၊ ၎င်း၏ မျိုးနွယ်စုနှင့် ၎င်းသူတော်မွန်တစ်ဦးတို့အကြား အပြန်အလှန် ပြောဆိုမှု ပြုခဲ့ကြသည်။ ၎င်းသူတော်မွန်သည် ကိုယ်တိုင် ဖိရ်အောင်န်၏ မျိုးနွယ်စုမှ ဖြစ်လင့်ကစား ဟဇရသ်မူစာ (عليه السلام) ၏ 'မုအ်ဂျေဇာဟ်' တော်များကို တွေ့မြင်၍ အီမာန်သက်ဝင်လာခဲ့သည်။ သို့သော် အကြောင်းတရားများ ရှိနေသောကြောင့် ထိုအချိန်ထိတိုင် မိမိ၏ အီမာန်ကို ဖုံးကွယ်ထားခဲ့သည်။ ထိုစကားကို ပြောဆိုသောအခါ ၎င်း၏ အီမာန်သက်ဝင်ခြင်းသည်လည်း အတိအလင်း ပေါ်လွင်သွားလေတော့သည်။

သဖ်စီးရ်ပညာရှင်များအနက် အေမာမ်မကာသိလ် (ရဟ)၊ စွတ်ဒ်ဒီ (ရဟ) သခင်နှင့် ဟဇရသ်ဟာစန် (ရဟ) တို့က မိန့်ဆိုသည်မှာ ထိုသူတော်မွန်သည် ဖိရ်အောင်န်၏ ညီအစ်ကိုတစ်ဝမ်းကွဲဖြစ်သည်။ ကိဗ်သွီတစ်ဦး အသတ်ခံ ရသည့် အကြောင်းကိစ္စတွင် ၎င်း၏ အသေစား၊ အသေခံ စနစ်အရ မူစာ (عليه السلام) အား သတ်ဖြတ်ရန် ဖိရ်အောင်န်၏ နန်းတွင်းညီလာခံတွင် အကြံပြုနေသောအခါ ဤသူတော်မွန်ကသာလျှင် မြို့အစွန်တစ်နေရာမှ အပြေးလာပြီး ဟဇရသ်မူစာ (عليه السلام) အား သတင်းပေး၍ မြို့မှ တိမ်းရှောင်ရန် အကြံပြုခဲ့လေသည်။ ထိုအကြောင်းအရာကို စူရာဟ်ကစွာစ်၌ အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူထားသည်မှာ-

وَجَآءَ مِنْ اَقْصَى الْمَدِيْنَةِ رَجُلٌ يَّسْعٰى

ဟူ၍ ဖြစ်သည်။ အချို့ပညာရှင်များက ဤဖိရ်အောင်န်မျိုးနွယ်ဝင် မုအ်မင်န်၏ အမည်ကို 'ဟဘီးဘ်' ဟု မိန့်ဆိုကြသည်။ သို့သော် အမှန်မှာ 'ဟဘီးဘ်' ဆိုသူမှ စူရာဟ်ယာစီးန်ပါ အကြောင်းအရာရှိ ပုဂ္ဂိုလ်၏

အမည်ဖြစ်ပြီး ဤသူတော်မွန်၏ အမည်မှာ 'ရှမ်အာန်'ဖြစ်သည်။ ဆိုဟိုင်လီ (ရဟ) သခင်က ဤအမည်ကို မှန်ကန်ကြောင်း အတည်ပြုထားသည်။ ထို့ပြင် အခြားပညာရှင်များကလည်း ၎င်း၏ အမည်ကို 'ဟိဇ်ကီးလ်' ဟု ဆိုကြသည်။ ဟဇရတ်စအ်လဘီ (ရဟ) သခင်က ဟဇရတ်အိဗ်နေအဗ္ဗားစ်သခင်ထံမှ ဤအဆိုကိုသာ ဆင့်ပြန်ထားသည်။

ဟဒီးစ်တော်တစ်ပုဒ်တွင် ကိုယ်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ ' **صديقين** အချို့ ရှိသည်။ တစ်ဦးမှာ ဟဘီးဘ်နဂ်ဂျားရ် ၎င်း၏အကြောင်း စူရာယာစီးန်၌ ပါရှိ၏။ ဒုတိယပုဂ္ဂိုလ်တစ်ဦးမှာ ဖိရ်အောင်န် မျိုးနွယ်ဝင် မုအ်မင်န်တစ်ဦးဖြစ်ပြီး၊ တတိယပုဂ္ဂိုလ်မှာ အားလုံးအနက် အမွန်မြတ်ဆုံးသူမှာ အဘူဗကရ် သခင်ဖြစ်သည်' ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

يَكْتُمُ اِيْمَانَهٗ

မှ သိရှိရသည်မှာ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ အီမာန်ကို လူများရှေ့ ထုတ်ဖော်ခြင်းမရှိဘဲ စိတ်နှလုံးအတွင်း ခိုင်မာသည့် ယုံကြည်မှုရှိခဲ့ပါမူ ၎င်းသည် မုအ်မင်န် ဖြစ်သည်။ သို့သော် ရှင်းလင်းသော ခိုင်မာသည့် အထောက်အထားများမှ သိရှိရသည်မှာ အီမာန်သက်ဝင်ယုံကြည်မှု ရရှိစေရန် နှလုံးသား၏ ယုံကြည်ခြင်းနှင့်သာ မလုံလောက်ပေ။ သို့သာမက နှုတ်လျှာမှ မြွက်ဟာရွတ်ဆိုရန် အရေးကြီးသည်။ နှုတ်လျှာမှ ဝန်ခံမြွက်ဟာရွတ်ဆိုရန် အရေးကြီးသည်။ နှုတ်လျှာမှ ဝန်ခံမြွက်ဟာမှု မပြုသရွေ့ ကာလပတ်လုံး မုအ်မင်န် မဖြစ်နိုင်ပေ။ သို့ရှိသော်လည်း နှုတ်လျှာမှ ရွတ်ဆိုခြင်းသည် လူအများရှေ့ ကြေညာရွတ်ဆိုရန် အရေးမကြီးပေ။ ထုတ်ဖော်ကြေညာရန် ထိုအချိန်၌သာ လိုအပ်ပေမည်။ အကြင်အခါဝယ် ၎င်းအီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ပတ်သက်ပြီး လူများမသိ၍ မွတ်စ္စလင်မ်များနှင့် ညီတူ မဆက်ဆံမည် ကို သိရှိရချိန်၌သာ ထုတ်ဖော်ရန် လိုအပ်မည်။ *[ကုရ်သုဗီကျမ်း]*

مُؤْمِنُ اٰلِ فِرْعَوْنَ

ထိုပြောဆိုမှုတွင် ဖိရ်အောင်န်မျိုးနွယ်စုများနှင့် ဖိရ်အောင်န်ကို ပုံစံအမျိုးမျိုးဖြင့် တရားလမ်းမှန်နှင့် အီမာန်ဘက်သို့ ဖိတ်ခေါ်မှုပြုခဲ့သည်။ ထို့ပြင် ၎င်းသူတော်မွန်က ဟဇရတ်မူစာ عليه السلام ကို သတ်ဖြတ်ရန် လိုက်နေသောသူများမှ ဟဇရတ်မူစာ عليه السلام အား ရှောင်ဖယ်စေခဲ့သည်။

يٰقَوْمِ اِنِّىٓ اَخَافُ عَلَيْكُمْ يَوْمَ التَّنَادِ

တွင် **تَنَادِ** ('ဒါလ်'ကို 'ဇေရ်'နှင့်) **تَنَادِى** ၏ အဓိပ္ပာယ်မှာ 'အချင်းချင်း အသံပြုခေါ်ဝေါ်ခြင်း' ဖြစ်သည်။ 'ကေယာမသ်'နေ့ကို **يَوْمَ التَّنَادِ** ဟု ခေါ်ဝေါ်ရခြင်းမှာ ထိုနေ့တွင် ခေါ်ဝေါ်တသံသံများ၊ မြောက်မြားစွာ ရှိမည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်ပြီး အချို့တင်ပြချက်များသည် အနှစ်ချုပ်ရှင်းလင်း ချက်၌ လာရှိပြီး ဖြစ်၏။ ထို့ပြင် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် رضي الله عنه သခင်မှ ဆင့်ပြန်ထားသည်မှာ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်။ 'ကေယာမသ်'နေ့ ဆိုက်ရောက်လာသောအခါ အလ္လာဟ်အသျှင်မြတ်

ဘက်တော်မှ အသံပြုကြေညာသူတစ်ဦးမှ အသံပြုမည်မှာ 'အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်သောသူများ ထလော့။' ၄င်း၏ အလိုသဘောမှာ 'သက္ကဒီးရ်'ကို ငြင်းဆန်သောသူများ ဖြစ်သည်။ ထို့နောက်တစ်ဖန် 'ဂျုန္နသ်'သုခဘုံသားများသည် ငရဲသားများကိုလည်းကောင်း၊ ငရဲသားများက သုခဘုံသားများကိုလည်းကောင်း 'အအ်ရာဖ်'တံတိုင်းပေါ်ရှိ သူများသည်လည်း နှစ်ဘုံသားများ အားလုံးကိုလည်းကောင်း ခေါ်ဝေါ်ဟစ်ကြွေးကြပြီး မိမိတို့အကြောင်းများကို ပြောဆိုကြပေလိမ့်မည်ဖြစ်သည်။ ထို့ပြင် နဖူးစာကောင်းသူများနှင့် ကံဆိုးသူများအားလုံးကို ဖခင်အမည်ပါ ခေါ်ဝေါ်၍ ရလဒ်ကြေညာမည် ဖြစ်သည်။ ကြေညာမည့်ပုံစံမှာ 'မည်သူ၏သား မည်သူသည် ကောင်းမွန်သောသူစာရင်းတွင် ပါဝင်ပြီး အောင်မြင်သွားပြီးဖြစ်ရာ နောက်နောင် မည်သို့မှ ဆုတ်ယုတ်ရန်အကြောင်းမရှိပေ။' ထို့နောက် 'မည်သူ၏သား မည်သူသည် ဆိုးသွမ်းမိုက်မဲသွားပြီဖြစ်ရာ ယခုအခါတွင် ၄င်းကောင်းလာစေရန် အကြောင်းမရှိပေ။' *[မဇ္ဇဟရီကျမ်း]*

ထို့ပြင် ဟဇရသ်အဗူဟာဇင်မ်အအ်ရဂျ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်မှာ ၄င်းသည် မိမိကိုယ်ကိုမိမိ ရည်ညွှန်း၍ ပြောဆိုသည်မှာ 'အို၊ အအ်ရဂျ်၊ 'ကေယာမသ်'နေ့၌ ကြေညာမည်မှာ 'မည်သူသည် မည်သည့် 'ဂိုနာဟ်'ကျူးလွန်သောသူ ထလော့။' ထိုအခါ အသင်သည် ၄င်းတို့နှင့်အတူ ထမည်။ တစ်ဖန်ကြေညာမည်မှာ မည်သူမည်သည့် 'ဂိုနာဟ်'ကို ကျူးလွန်သောသူ ထလော့။ အသင်သည် ၄င်းတို့နှင့်လည်း အတူ ထမည်။ ထို့ပြင် ကျွန်ုပ်သည် 'ဂိုနာဟ်'ဟူသရွေ့ကို ကြေညာချိန်၌ အသင်သည် ၄င်းတို့နှင့်အတူ ထရမည်ဟု ထင်သည်။ (အဘယ်ကြောင့်ဆိုသော် အသင်သည် အမျိုးမျိုးအဖုံဖုံ အကုသိုလ်များကို စုဆောင်းထားသောကြောင့် ဖြစ်သည်။) *[မဇ္ဇဟရီကျမ်း]*

يَوْمَ تُوَلُّوْنَ مُدْبِرِيْنَ

ဆိုလိုသည်မှာ အကြင်အခါဝယ် အသင်တို့ ကျောခိုင်းသွားကြမည်။ အနှစ်ချုပ်ရှင်းလင်းချက်တွင် အေမာမ်ဘဂ်ဝီ (ရဟ) သခင်၏ အကိုးအကားဖြင့် ယင်း၏ အလိုသဘောကို တင်ပြပြီးဖြစ်သည်။ ဆိုလိုသည်မှာ ထိုအခြေအနေကို တင်ပြထားသည်။ အကြင်အခါ အပြစ်ကျူးလွန်သော တရားခံများကို စစ်ဆေးသည့် နေရာမှ 'ဂျဟန္နမ်'ငရဲဘုံဘက်သို့ ခေါ်ဆောင်သွားစေမည်ဖြစ်သည်။ ထိုအချက်မှ သိရှိရသည်မှာ ဦးစွာပထမ ဤကြေညာမှုများအကြောင်းကို အထက်တွင် يَوْمَ التَّنَادِ ၏ အကျယ်ဖွင့်ဆိုချက်တွင် တင်ပြပြီးဖြစ်ရာ ဤအချက်အားလုံး ဖြစ်သွားပြီးနောက်မှ ဤသူများကို စစ်ဆေးသည့်နေရာမှ 'ဂျဟန္နမ်'ငရဲဘုံဘက်သို့ ခေါ်ဆောင်သွားစေမည်ဖြစ်သည်။

ထို့ပြင် အချို့သော အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများက ဤအခြေအနေကို 'လောက၌ ပထမ 'စူရ်'တံပိုး မှုတ်မည့်အချိန်မှ' ဟု တင်ပြထားသည့် အကြောင်းမှာ ပထမ 'စူရ်'တံပိုး မှုတ်လိုက်သောအခါ မြေပထဝီကွဲသွားမည်ဖြစ်ပြီး ဤသူများသည် နေရာအနှံ့ ပြေးလွှားနေကြမည် ဖြစ်သော်လည်း ဘက်တိုင်းတွင် ဖရစ်ရှ်သာဟ်များ စောင့်ကြပ်နေသောကြောင့် ထွက်လမ်းရှိမည်မဟုတ်ပေ။ ထိုပညာရှင်ကြီးများထံတွင် يَوْمَ التَّنَادِ ၏ အလိုသဘောမှာလည်း ပထမ'စူရ်'တံပိုးမှုတ်မည့်အချိန်သာ ဖြစ်သည်။ ဆိုလိုသည်မှာ ထိုနေ့

တွင် အောက်ဘက်မှ အော်ဟစ်သံများ ကြားနေရမည်။ အာယသ်တော်၏ အခြား 'ကေရာအသ်'မှ ဤအချက်ကို လေးနက်စေသည်။ ထို 'ကေရာအသ်'ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်နှင့် ဟဇရသ်ဒွက်ဟာက် ﷺ သခင်တို့ထံမှာ ဆင့်ပြန်ထားသည်။ يوم التناد ရှိ ال دا ကို 'သရှ်ဒီးဒ်'ဖြင့် ဖတ်လျှင် نَدّ သော စာလုံးမှ ဆင်းသက်လာပြီး ယင်းစာလုံး၏ အဓိပ္ပာယ်မှာ 'ပြေးလွှားခြင်း' ဖြစ်သည်။ သို့ရှိရာ ဤရှင်းလင်းချက်ဖြင့် يَوْمَ التَّنَادْ ၏အဓိပ္ပာယ်သည်လည်း 'ပြေးလွှားသောနေ့'ဟူ၍ ဖြစ်မည်။ ထို့ပြင် تُوَلُّوْنَ مُدْبِرِيْنَ ဟူသော ဝါကျသည် ယင်း၏ ရှင်းလင်းချက်ဖြစ်မည်။

သဖ်စီးရ်ရေမဇ္ဖဟရီကျမ်းတွင် အိဗ်နေဂျရီးရ်၊ မွတ်စ်နဒ်အဗူယအ်လာ၊ ဗိုင်ဟာကီ၊ မုတ်စ်နဒ်အဗ်ဒ် ဗင်န်ဟမီးဒ် အစရှိသော အကိုးအကားများဖြင့် ဟဒီးစ်အရှည်တစ်ပုဒ်ကို ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်ထံမှ ဆင့်ပြန်တင်ပြထားသည်။ ထိုဆင့်ပြန်ချက်တွင် 'ကေယာမသ်'နေ့၌ 'စူရ်'တံပိုး သုံးကြိမ်မှုတ်မည့်အကြောင်း တင်ပြထားသည်။ ပထမ 'စူရ်'မှာ فزع၊ ဒုတိယ 'စူရ်'မှာ صعق၊ တတိယ'စူရ်'မှာ نشر ဖြစ်သည်။ فزع 'စူရ်' တံပိုးကြောင့် အဖန်ဆင်းခံများ ကြောက်ရွံ့သွားပြီး ကတုန်ကယင် ဖြစ်သွားမည်။ ဤ 'စူရ်'တံပိုးသည် အဆက်မပြတ် ကြာရှည်လာသောအခါ ဒုတိယ 'စူရ်' صعق ဖြစ်သွားပေမည်။ ထိုအသံကြောင့် အားလုံး မေ့မျောသွားကြပြီး တစ်ဖန် သေဆုံးသွားကြမည်။ များသောအားဖြင့် ဤတံပိုးသံနှစ်ခုစလုံးကို ပေါင်း၍ ပထမ 'စူရ်'တံပိုး မှုတ်သံဟု ခေါ်ဆိုသည်။ ယင်း၏ အကြောင်းမှာ ပေါ်လွင်နေသည်။ ဆိုလိုသည်မှာ တံပိုးသံတစ်ခုတည်းဖြင့် အခြေအနေနှစ်ရပ် ဖြစ်ပေါ်မည်။ ပထမ فزع၊ ဒုတိယ صعق ဖြစ်သည်။ ဤဟဒီးစ်တော်၌လည်း فزع 'စူရ်'တံပိုးမှုတ်သောအခါ လူများ နေရာအနှံ့ ပြေးမည့်အကြောင်း တင်ပြထား၍

وَهُوَ الَّذِى يَقُوْلُ اللّٰهُ يَوْمَ التَّنَادِ

(ဤသည် အလ္လာဟ်အသျှင်မြတ်မှ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် يوم التّناد တွင် တင်ပြထားသော နေ့ဖြစ်၏) ဟု မိန့်ဆိုထားသည်။ ၄င်းမှ သိရှိရသည်မှာ အာယသ်တော်ရှိ يوم التناد ၏ အလိုသဘောသည် ပထမ 'စူရ်'တံပိုး မှုတ်လိုက်သောအခါ လူများ အထိတ်တလန့် ဖြစ်ကာ နေရာအနှံ့ ပြေးနေမည်ကို ဆိုလိုပေမည်။

كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى كُلِّ قَلْبِ مُتَكَبِّرٍ جَبَّارٍ

ဆိုလိုသည်မှာ ဖိရ်အောင်န်နှင့် ဟာမာန်တို့၏ စိတ်နှလုံးသည် မူစာ عليه السلام နှင့် ဖိရ်အောင်န်မျိုးနွယ်ဝင် မုအ်မင်န်တစ်ဦး၏ ဆိုဆုံးမမှုမှ တစ်စုံတစ်ရာ စူးရှမှုမဖြစ်ခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်သည် မာန်မာနထောင်လွှားသူတိုင်း၏ နှလုံးသားတိုင်းကိုလည်း တံဆိတ်ခတ်နှိပ်လိုက်ပြီးဖြစ်သည်။ (متكبر ဆိုသည်မှာ

မာန်မာန ထောင်လွှားသူဖြစ်ပြီး جبّار ဆိုသည်မှာ မတရား ညှဉ်းပန်းသတ်ဖြတ်သူဖြစ်သည်။) ထိုသို့ ပြုခြင်း၏ အကျိုးဆက်ကြောင့် ၎င်းသူ၏ နှလုံးသားအတွင်း အီမာန်၏ 'နူးရ်'အလင်းရောင် မဝင်ရောက်နိုင်တော့ပေ။ ထို့ပြင် ၎င်းသည် ကောင်းခြင်း၊ မကောင်းခြင်းကို ခွဲခြားနိုင်စွမ်း မရှိတော့ပေ။ ဤအာယသ်တော်တွင် متكبر နှင့် جبّار ကို နှလုံးသား၏ စွမ်းရည်ဟု သတ်မှတ်ထားသည်။ သတ်မှတ်ရခြင်း၏ အကြောင်းမှာ စာရိတ္တဟူသရွေ့နှင့် ကျင့်ဆောင်မှုဟူသရွေ့၏ အရင်းခံသည် နှလုံးသားဖြစ်သည်။ ကောင်းမှု ဟူသရွေ့နှင့် မကောင်းမှုဟူသရွေ့တို့သည် နှလုံးသားတွင်သာ ပေါ်ထွက်ပေသည်။ ထို့ကြောင့် ဟဒီးစ်တော်တွင် တင်ပြထားသည်။ မနုဿလူသား၏ ခန္ဓာအတွင်း အသားတုံးတစ်တုံး (ဆိုလိုသည်မှာ နှလုံးသား) သည် ဤသို့ရှိသည်။ ၎င်းအသားတုံး ကောင်းမွန်နေလျှင် ခန္ဓာကိုယ်တစ်ခုလုံး ကောင်းမွန်နေပြီး ထိုအရာ ပျက်စီးနေသော် ခန္ဓာကိုယ်တစ်ခုလုံး ပျက်စီးသွားမည်ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

وَقَالَ فِرْعَوْنُ يَا هَامَنُ ابْنِ لِي صَرْحًا

صرح ၏ အလိုသဘောမှာ မြင့်မားသော အဆောက်အဦး ဆောက်လုပ်ခြင်းကို ဆိုလိုပေသည်။ ပေါ်လွင်နေသည့်အချက်မှာ ဖိရ်အောင်န်သည် မိမိ၏ ဝန်ကြီး ဟာမာန်ကို အမိန့်ပေးသည်မှာ ဤကဲ့သို့ မြင့်မားသော မျှော်စင်တစ်ခု ကောင်းကင်နှင့် ထိလုနီးပါးဆောက်လုပ်ပါလေ။ ထိုမျှော်စင်ပေါ် သွား၍ ငါသည် အလ္လာဟ်အသျှင်မြတ်ကို ချောင်းကြည့်မည်။ ဤကဲ့သို့သော အသိဉာဏ်ခေါင်းပါးသည့် အတွေးအခေါ်မျိုးကို သာမန်အသိဉာဏ်နည်းသော သူပင်လျှင် မတွေးခေါ်နိုင်ပေ။ စင်စစ် ဤပြောဆိုမှုသည် အီဂျစ်ထီးနန်းစိုးစံသော ဖိရ်အောင်န်ဘုရင်၏ အတိုင်းမဲ့ အသိဉာဏ်ခေါင်းပါးခြင်း၏ အထောက်အထားဖြစ်သည်။ ထို့ပြင် အကယ်၍ ဝန်ကြီးက ၎င်းအမိန့်အတိုင်း ဆောက်လုပ်ခဲ့သည်ရှိသော် အသိဉာဏ်ခေါင်းပါးသော အုပ်ချုပ်သူအပါးတွင် အသိဉာဏ်ခေါင်းပါးသော ဝန်ကြီးပင် ဖြစ်လိမ့်မည်။

သို့သော် တိုင်းပြည်အုပ်ချုပ်သူဘုရင်ထံမှ ဤကဲ့သို့ အသိဉာဏ်ခေါင်းပါးသည့် အတွေးအခေါ်မျိုး တွေးခေါ် မည်ဟု မထင်မှတ်နိုင်ပေ။ ထို့ကြောင့် အချို့သော အကျယ်ဖွင့်ပညာရှင်ကြီးများက မိန့်ဆိုသည်မှာ မည်သို့ပင် မြင့်မားစွာ ဆောက်လုပ်စေကာမူ မိုးကောင်းကင်အထိ မရောက်ရှိနိုင်သည်ဟူသော အချက်ကို ဖိရ်အောင်န်လည်း သိရှိသည်။ သို့သော် မိမိလက်အောက်ငယ်သားများကို လှည့်ဖြားရန်နှင့် ပြစားရန် ဤလုပ်ရပ်မျိုးကို လုပ်ခဲ့သည်။ တစ်ဖန် မည်သည့် မှန်ကန်တိကျသော ဆင့်ပြန်ချက်များမှလည်း ဤကဲ့သို့ မြင့်မားသည့် အဆောက်အဦး ဆောက်လုပ်ခဲ့သည်၊ မဆောက်လုပ်ခဲ့သည်နှင့် ပတ်သက်၍ တင်ပြထားသည်ကို မတွေ့ရှိရပေ။ ကုရ်သုဗီကျမ်းရှင်က ဆင့်ပြန်ထားသည်မှာ ဤမြင့်မားသော အဆောက်အဦးကို ဆောက်လုပ်စေခဲ့ရာ မြင့်မားမှုသို့ ရောက်ရှိသည်နှင့် ပြိုကျသွားခဲ့သည်။

ဒါရွလ်အုလူးမ်ဒီယူဗန်ဒ်ကျောင်းတော်ကြီး၏ ပထမဆုံးကျောင်းဆရာများ ကြီးကြပ်ရေးမှူး ဟဇရသ် မောင်လာနာမိုဟမ္မဒ် ယာအ်ကူဗ်ဆွာဟိဗ် (ရဟ) ၏ သီးသန့်တပည့်ဖြစ်သူ ကျွန်ုပ်၏ဖခင် မောင်လာနာ

မိုဟမ္မဒ်ယာစီးန် (ရဟ) က မိမိဆရာထံမှ ဆင့်ပြန်မိန့်ဆိုသည်မှာ ထိုမြင့်မားသော အဆောက်အဦး ပြိုကျပျက်စီးရန်အတွက် ကောင်းကင်မှ 'အဇားဗ်' ကျရန် မလိုအပ်ပေ။ သို့သာမက မြင့်မားသော အဆောက်အဦးဟူသရွေ့သည် ယင်း၏ အုတ်မြစ်အပေါ် မူတည်သည်။ ၄င်းသည် မည်မျှ နက်ရှိုင်းသော အုတ်မြစ်ကို ချခဲ့သည်ရှိသော်လည်း အတိုင်းအတာတစ်ခုအထိသာ နက်ရှိုင်းမည်ဖြစ်သည်။ ထိုအုတ်မြတ်အပေါ် ထပ်မံဆက်လက်၍ ဆောက်လုပ်သွားမည်ဆိုလျှင် အုတ်မြစ်၏ ခံနိုင်ရည် ကျော်လွန်သွားလျှင် ပြိုကျမည်မှာ အမှန်ပင် ဖြစ်သည်။ ဤသို့ဖြစ်ခြင်းဖြင့် ဖိရ်အောင်န်နှင့် ဟာမာန်၏ အခြားသော အသိဉာဏ်ခေါင်းပါးမှုတစ်ခုကိုလည်း သိရှိလိုက်ရပေသည်။

فَسَتَذْكُرُوْنَ مَااَقُوْلُ لَكُمْ وَاُفَوِّضُ اَمْرِىْٓ اِلَى اللهِ اِنَّ اللهَ بَصِيْرٌۢ بِالْعِبَادِ

ဤဝါကျသည် ဖိရ်အောင်န်မျိုးနွယ်ဝင် မုအ်မင်န်၏ နောက်ဆုံးစကားဖြစ်သည်။ ဤစကားကို မိမိ၏ မျိုးနွယ်စုအား အမှန်တရားဘက်သို့ ဖိတ်ခေါ်ရာ၌ ပြောဆိုခဲ့သည်။ ထိုထဲတွင် ထုတ်ဖော်ပြောဆိုထားသည်မှာ ယနေ့ အသင်တို့ ကျွန်ုပ်၏ စကားကို လက်မခံကြသော်လည်း အသင်တို့အား 'အဇားဗ်' အပြစ်ဒဏ် ဖမ်းဆီးလိုက်သောအခါ အသင်တို့ ကျွန်ုပ်၏ စကားကို သတိရကြမည်ဖြစ်သည်။ သို့သော်လည်း ထိုအခါတွင် သတိရမှုများသည် အချည်းနှီးပင်ဖြစ်သည်။ ထို့ပြင် ဤကဲ့သို့ ကြာရှည်စွာ ပြောဆိုမှုနှင့် ဆိုဆုံးမမှု၊ ဖိတ်ခေါ်မှု၏ အကြောင်းခံဖြင့် ၄င်းဖိရ်အောင်န်မျိုးနွယ်ဝင် မုအ်မင်န်၏ အီမာန်သက်ဝင် ယုံကြည်ခြင်းသည် လူအများရှေ့တွင် ပေါ်လွင်သွားခဲ့သည်။ သို့ရှိရာ ယခု ဤသူများနောက်မှ လိုက်၍ ရန်ပြုမည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် မိန့်ဆိုသည်မှာ ကျွန်ုပ်သည် မိမိနှင့် ပတ်သက်သည်များအားလုံး အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အပ်နှင်းပါသည်။ ထိုအသျှင်မြတ်သည် မိမိ၏ ဗန္ဒာဟ်များကို ကြည့်ရှုစောင့်ရှောက်ထိန်းသိမ်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ သဖ်စီးရ်ပညာရှင် အေမာမ်မကာသီလ် (ရဟ) သခင်က မိန့်ဆိုသည်မှာ ထိုမုအ်မင်န်၏ တင်ပြချက်အတိုင်း ဖိရ်အောင်န်၏ မျိုးနွယ်ဝင်များသည် ၄င်း၏ နောက်မှလိုက်၍ ရန်မူခဲ့ရာ တောင်တစ်လုံးဘက်သို့ ထွက်ပြေးခဲ့သည်။ ထို့ပြင် ၄င်းတို့ မဖမ်းဆီးနိုင်ခဲ့ခြင်းကို ရှေ့အာယသ်တော်တွင် ဤကဲ့သို့ တင်ပြထားသည်။

فَوَقٰهُ اللهُ سَيِّاٰتِ مَامَكَرُوْا وَحَاقَ بِاٰلِ فِرْعَوْنَ سُوْٓءَ الْعَذَابِ

ဆိုလိုသည်မှာ ၄င်းကို အလ္လာဟ်အသျှင်မြတ်သည် ဖိရ်အောင်န်မျိုးနွယ်စု၏ အကြံအစည်ဆိုးများ၏ ဘေးအန္တရာယ်မှ လွတ်မြောက်စေခဲ့သည်။ သို့သော်လည်း ဖိရ်အောင်န်မျိုးနွယ်စုများကို ပြင်းထန်သော 'အဇားဗ်' ဖြင့် ဖမ်းယူခဲ့သည်။ အလွန်တရာ သနားညှာတာတော်မူသော အသျှင်မြတ်သည် ဖိရ်အောင်န်မျိုးနွယ်များ၏ မကောင်းသော အကြံအစည်များမှ ကယ်တင်ခဲ့သည်။ ထိုအကြောင်း၏ ရှင်းလင်းချက်ကို ကျမ်းတော်မြတ်ကုရ်အာန်တွင် မတင်ပြထားပေ။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်၏ စာသားများဖြင့် ဤမျှသိရှိရသည်မှာ ၄င်းကို သတ်ဖြတ်ရန်နှင့် ဒုက္ခပေးရန်အတွက် ဖိရ်အောင်န်မျိုးနွယ်စုများက များမြောင်စွာ

ကြံစည်မှုများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက်တစ်ဖန် ဖိရ်အောင်န်မျိုးနွယ်စု နစ်မြုပ်ပျက်စီးသောအခါ၌ ထိုမုအ်မင်န်ကို ဟဇရတ်မူစာ ﷺ နှင့်အတူ လွတ်မြောက်မှုပေးခဲ့သည်။ ထို့ပြင် တမလွန်၏ လွတ်မြောက်မှု ပေါ်လွင်နေပြီး ဖြစ်သည်။

اَلنَّارُ يُعْرَضُوْنَ عَلَيْهَا غُدُوًّا وَّعَشِيًّا وَّيَوْمَ تَقُوْمُ السَّاعَةُ اَدْخِلُوْا اٰلَ فِرْعَوْنَ اَشَدَّ الْعَذَابِ

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် ﷺ သခင်က ဤအာယသ်တော်ကို အကျယ်ဖွင့်ဆိုရာတွင် (ဖိရ်အောင်န်မျိုးနွယ်စုများ၏ ဝိညာဉ်များကို အမည်းရောင်ငှက်များသဏ္ဌာန်ဖြင့် နေ့စဉ် မနက်၊ ညနေစ်ကြိမ် 'ဂျဟန္နမ်' ငရဲဘုံ အရှေ့သို့ ခေါ်ဆောင်လာပြီး 'ဂျဟန္နမ်'ကို ပြသကာ ၄င်းတို့ကို 'အသင်တို့ နေရမည့် ဌာနေဖြစ်သည်' ဟု ပြောဆိုမည်) ဟု အမိန့်ရှိခဲ့သည်။ *[မဇ္ဇဟာရီကျမ်း]*

ထို့ပြင် ဘုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အသင်တို့အနက်မှ အကြင်သူတစ်ဦးတစ်ယောက် သေဆုံးသွားသည်ရှိသော် 'ဗရ်ဇခ်'ကြားစခန်းတွင် 'ကေယာမသ်'နေ့၏ စာရင်းအင်းစစ်ဆေးပြီးနောက် ၄င်းနေထိုင်ရမည့် နေရာကို မနက်၊ ည ပြသမည်ဖြစ်သည်။ အကယ်၍ ဤသူသည် သုခဘုံသားများအနက်မှ ဖြစ်သော် ၄င်းနေထိုင်ရမည့် 'ဂျန္နသ်'ကို ပြသမည်ဖြစ်ပြီး၊ ငရဲဘုံသားအနက်မှဖြစ်နေလျှင် ၄င်းနေထိုင်ရမည့် 'ဂျဟန္နမ်' နေရာကို ပြသမည်ဖြစ်သည်ဟူ၍ ဖြစ်၏။

"ကဗရ်အဇားဗ်" အကြောင်း

ဤအာယသ်တော်သည် 'ကဗရ်အဇားဗ်'နှင့် ပတ်သက်၍ အထောက်အထားဖြစ်သည်။ ထို့ပြင် မြောက်မြားစွာသော 'ဟဒီးဇ်မုသဝါသစ်ရ်'များနှင့် 'အိဂျ်မာအ်အုမ္မသ်'တို့ကလည်း 'ကဗရ်အဇားဗ်'နှင့် ပတ်သက်၍ ခိုင်လုံသော သက်သေအထောက်အထားများ ဖြစ်သည်။ ၄င်းအကြောင်းအရာများကို ကျွန်ုပ် သေးသိမ်သူက السبر بعذاب القبر မည်သော စာအုပ်ငယ်လေးတွင် စုဆောင်းထားသည်။ အထက်ပါ အာယသ်တော်နှင့်အတူ ဤစာအုပ်ငယ်လေးသည် احكام القرآن ကျမ်း၏ ဆဋ္ဌမမြောက်အပိုင်း၏ အစိတ်အပိုင်းငယ်လေးတစ်ခုအဖြစ်နှင့် အာရဗီဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ يَتَحَاجُّونَ فِي النَّارِ
فَيَقُولُ الضُّعَفَاءُ لِلَّذِينَ اسْتَكْبَرُوا إِنَّا كُنَّا لَكُمْ
تَبَعًا فَهَلْ أَنْتُمْ مُغْنُونَ عَنَّا نَصِيبًا مِنَ النَّارِ ﴿٤٧﴾

၄၀ : ၄၇ ။ ။ ထို့ပြင် ပြန်လည်သတိရပါလေ။ ၎င်းတို့သည် ငရဲမီး၌ အငြင်းအခုံ ပြုလုပ်ကြသောအခါဝယ် လက်အောက်ငယ်သားတို့က အကြီးအကဲတို့အား 'စင်စစ် ကျွန်ုပ်တို့သည် အသင်တို့၏ နောက်လိုက်များပင် ဖြစ်ခဲ့ကြပေရာ၊ အသင်တို့သည် ကျွန်ုပ်တို့မှ ငရဲမီး တစ်စိတ်တစ်ဒေသကို ဖယ်ရှားပေးနိုင်ကြလေသလော' ဟု ပြောဆိုကြပေမည်။

قَالَ الَّذِينَ اسْتَكْبَرُوا إِنَّا كُلٌّ فِيهَا إِنَّ اللَّهَ قَدْ حَكَمَ بَيْنَ الْعِبَادِ ﴿٤٨﴾

၄၀ : ၄၈ ။ ။ (ထိုအခါ) အကြီးအကဲတို့က 'စင်စစ်ကျွန်ုပ်တို့အားလုံးတို့သည်ပင် ယင်းငရဲမီး၌ ရှိနေကြကုန်၏။ စင်စစ်မလွဲ အလ္လာဟ်အရှင်မြတ်သည် (မိမိ) ကျွန်တို့၏ အကြားဝယ် (ယတိပြတ်) စီရင် ဆုံးဖြတ်တော်မူလိုက်လေပြီ' ဟု ပြောဆို ဖြေကြား) ကြပေမည်။

وَقَالَ الَّذِينَ فِي النَّارِ لِخَزَنَةِ جَهَنَّمَ
ادْعُوا رَبَّكُمْ يُخَفِّفْ عَنَّا يَوْمًا مِنَ الْعَذَابِ ﴿٤٩﴾

၄၀ : ၄၉ ။ ။ ထို့နောက် ငရဲမီး၌ ရှိကြသူ (အားလုံး) တို့သည် 'ဂျဟန္နမ်' ငရဲဘုံကိုစောင့်ကြပ်သော ('မလာအေကဟ်' ကောင်းကင်တမန်) တို့အား 'အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် ဆုတောင်းပတ္ထနာ ပြုကြပါလျှင် ထိုအရှင်မြတ်သည် တစ်နေ့တစ်လေမျှပင် ပြစ်ဒဏ်ကို ကျွန်ုပ်တို့မှ ပေါ့လျော့စေတော်မူမည်' ဟု ပြောဆို (အသနားခံ) ကြပေမည်။

قَالُوا أَوَلَمْ تَكُ تَأْتِيكُمْ رُسُلُكُمْ بِالْبَيِّنَاتِ قَالُوا بَلَىٰ
قَالُوا فَادْعُوا وَمَا دُعَاءُ الْكَافِرِينَ إِلَّا فِي ضَلَالٍ ﴿٥٠﴾

၄၀ : ၅၀ ။ ။ (ထိုအခါ) ထိုအစောင့်အကြပ်တို့က 'အသင်တို့၏ ရစူလ်တမန်တော်များသည် အသင်တို့ထံ ထင်ရှားစွာသော သက်သေလက္ခဏာတော်များကို ယူဆောင်လာလေ့ ရှိခဲ့ကြသည် မဟုတ်လော' ဟု ပြောဆို (မေးမြန်း) လေသော်၊ ၎င်းတို့က 'အဘယ်ကြောင့် မဟုတ်ပါသနည်း။' (အမှန်ပင် ယူဆောင်ခဲ့ကြပေသည်) ဟု ပြောဆို (ဖြေကြား) ကြပေမည်။ (ထိုအခါ) ၎င်းအစောင့်အကြပ်တို့က 'သို့ဖြစ်လျှင် အသင်တို့ကိုယ်တိုင်ပင် ဆုတောင်းပတ္ထနာ ပြုကြကုန်လော့' ဟု ပြန်ကြားကြပေမည်။ စင်စစ် (နောင်တမလွန်ဘဝ၌) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏ ဆုတောင်းပတ္ထနာသည် အချည်းနှီးသာ ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (ထိုအချိန်ကာလကိုလည်း ရှေးရှုရန် ထိုက်ပေသည်။) အကြင်အခါဝယ် ငရဲဘုံသား ကာဖိရ်အချင်းချင်း ငရဲဘုံ၌ အငြင်းပွားရန်ဖြစ်ကြမည်။ သို့ရှိရာ အဆင့်အတန်းနိမ့်သောသူများ (ဆိုလိုသည်မှာ

နောက်လိုက်များ) က အဆင့်မြင့်သောသူများ (ဆိုလိုသည်မှာ လောကဌ် ၄င်းတို့နောက်လိုက်မှု ပြုခဲ့သော ခေါင်းဆောင်များ) ကို ပြောဆိုမည်မှာ ကျွန်ုပ်တို့သည် (လောကဌ်) အသင်တို့၏ နောက်လိုက်များ ဖြစ်ခဲ့ကြသည်။ သို့ရှိရာ အသင်တို့ ကျွန်ုပ်တို့ထံ မီးစအချို့ကို ဖယ်ရှားပေးနိုင်သလော။ (ဆိုလိုသည်မှာ လောကဌ်ရှိစဉ် အသင်တို့သည် ကျွန်ုပ်တို့ကို မိမိ၏ အမိန့်နာခံသူများအဖြစ် ပြုထားခဲ့ရာ ယနေ့ အသင်တို့အနေဖြင့် ကျွန်ုပ်တို့အား ကူညီသင့်သည်။) ထိုအကြီးအကဲများက ပြောဆိုမည်မှာ ကျွန်ုပ်တို့ကိုယ်တိုင်ပင် 'ဂျဟန္နမ်' ငရဲဘေး၌ ရှိနေသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် မိမိခံရသော 'အဇားဗ်'ကို မလျော့နိုင်စေခဲ့ရာ အသင်တို့အဖို့ မည်သို့ ဆောင်ရွက်ပေးနိုင်မည်နည်း။) အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏) ဗန္ဒာဟ်များအကြား (ယတိပြတ်) ဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်သည်။ (ယခုအခါမှ ၄င်းနှင့် ဆန့်ကျင်ဘက်ပြုရန် မည်သူပြုလုပ်ဝံ့မည်နည်း။) ထို့ပြင် (ဤသို့ စီရင်ဆုံးဖြတ်ပြီးနောက်) မည်မျှသော 'ဂျဟန္နမ်'ငရဲသားများ (ဆိုလိုသည်မှာ ကြီးငယ်၊ ခေါင်းဆောင်၊ နောက်လိုက်ဟူသရွေ့အားလုံး ပူးပေါင်းကာ) 'ဂျဟန္နမ်'တာဝန်ခံ ဖရစ်ရှ်သာဟ်များကို (လျှောက်ထားသည့်အနေဖြင့်) ပြောဆိုကြမည်မှာ အသင်တို့သည်သာလျှင် မိမိ၏ အသျှင်သခင်ထံမှ တစ်ရက်မဆို ကျွန်ုပ်တို့အား 'အဇားဗ်'လျှော့ပေါ့ပေးရန် ဒိုအာတောင်းခံပေးပါ။ (ဆိုလိုသည်မှာ လုံးဝ 'အဇားဗ်'ပယ်ဖျက်လိုက်ရန် (သို့) အမြဲတမ်းအတွက် လျှော့နည်းသွားရန်မှာ မမျှော်လင့်နိုင်ပေ။ အနည်းဆုံး တစ်ရက်မဆို အနည်းငယ် လျှော့နည်းသွားစေလိုသည်။) ဖရစ်ရှ်သာဟ်များက ပြောဆိုမည်မှာ (ဤအရာကို ပြောဆိုကြလော့။) အသင်တို့ထံ အသင်တို့၏ နဗီတမန်တော်များက 'မုအ်ဂျေဇာဟ်'တော်များ ယူဆောင်၍ လာခဲ့ခြင်းမရှိသလော။ (ထို့ပြင် 'ဂျဟန္နမ်'ငရဲဘေးမှ လွတ်မြောက်သည့် နည်းလမ်းများကို ပြသခဲ့ခြင်း မရှိသလော။) 'ဂျဟန္နမ်'ငရဲသားများက 'လာရောက်ခဲ့ခြင်းမှာ မှန်ပါ၏။ (သို့သော် ကျွန်ုပ်တို့သည် ၄င်းနဗီတမန်တော်များ၏ ပြောဆိုမှုများကို လက်မခံကြပေ'ဟု ပြောကြားကြပေမည်။

بَلٰى قَدْ جَآءَنَا نَذِيْرٌ فَكَذَّبْنَا

ဖရစ်ရှ်သာဟ်များက ပြောဆိုကြမည်မှာ ဤသို့ဆိုလျှင် (ကျွန်ုပ်တို့သည် အသင်တို့အတွက် ဒိုအာ မပြုပေးနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အတွက် ကာဖိရ်များကို ဒိုအာပြုပေးခွင့်မရှိပေ။ အသင်တို့ (အကယ်၍ စိတ်အလိုရှိပါက ကိုယ်တိုင်ပင်) ဒိုအာပြုလိုက်ပါလေ။ ထို့ပြင် (အသင် ဒိုအာပြုခဲ့သည်ရှိသော် မည်သို့မှ အကျိုးသက်ရောက်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုလျှင် ကာဖိရ်များ၏ ဒိုအာပြုခြင်းသည် (နောင်တမလွန်၌) အချည်းနှီးပင် ဖြစ်ချေမည်။ (အဘယ်ကြောင့်ဆိုသော် တမလွန်၌မူ အီမာန်မရှိဘဲ မည်သည့် တောင်းခံမှုမျိုးမှ လက်ခံမှု မရရှိနိုင်ပေ။ ထို့ပြင် အီမာန်သက်ဝင်ယုံကြည်ခြင်းသည် လောကဌ်သာ အကျုံးဝင်ခဲ့ရာ အသင်တို့ လက်လွတ်စပယ် ပြုခဲ့ပြီးဖြစ်၏။ ထို့နောက် 'အာခေရသ်'တမလွန်၌ ဤသို့ ပြောဆိုလိုက်ခြင်းဖြင့် အကျိုးထူးတစ်ခုမှာ လောကဌ်မူ ကာဖိရ်များ၏ တောင်းခံမှုသည်လည်း လက်ခံမှုရရှိနိုင်သည်။ ပမာဆိုရသော် အားလုံးထက် သာပိုကြီးမားသော ကာဖိရ်ကြီး အီဗ်လီးစ်၏ အလွန်ကြီးမားသော တောင်းခံမှု တစ်ခုဖြစ်သည့် 'ကေယာမသ်'နေ့တိုင် အသက်ရှင်သန်ခွင့်ကိုပင် လက်ခံခဲ့လေသည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّا لَنَنصُرُ رُسُلَنَا وَالَّذِينَ آمَنُوا فِي الْحَيَاةِ الدُّنْيَا وَيَوْمَ يَقُومُ الْأَشْهَادُ ﴿٥١﴾

၄၀ : ၅၁ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်တို့အားလည်းကောင်း၊ မုအ်မင်နံသက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ မျက်မှောက်လောကီဘဝ၌လည်း ကူညီစောင်မလျက် ရှိတော်မူ၏။ သက်သေများ ရပ်ကြမည့် ('ကေယာမသ်' ရှင်ပြန်ထမည့်) နေ့တွင်လည်း (ကူညီစောင်မတော်မူမည်။)

يَوْمَ لَا يَنفَعُ الظَّالِمِينَ مَعْذِرَتُهُمْ ۖ وَلَهُمُ اللَّعْنَةُ وَلَهُمْ سُوءُ الدَّارِ ﴿٥٢﴾

၄၀ : ၅၂ ။ ။ အကြင်နေ့တွင် ကျူးလွန်သူတို့အား ၎င်းတို့၏ အကြောင်းပြချက်သည် အကျိုးမပေးမည်သာမက၊ ၎င်းတို့၌ ကရုဏာတော်မှ ကင်းဝေးခြင်းသည်လည်း ရှိပေမည်။ ထို့ပြင် ၎င်းတို့၌ ဆိုးရွားလှသော ဌာနလည်း ရှိပေမည်။

وَلَقَدْ آتَيْنَا مُوسَى الْهُدَىٰ وَأَوْرَثْنَا بَنِي إِسْرَائِيلَ الْكِتَابَ ﴿٥٣﴾

၄၀ : ၅၃ ။ ။ ထို့ပြင် မလွဲဧကန် ငါအသျှင်မြတ်သည် မူစာအား တရားလမ်းညွှန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ပြီး ဖြစ်၏။ ထို့ပြင် ငါအသျှင်မြတ်သည် အိစ်ရာအီလီ အမျိုးသားတို့အား ကျမ်းဂန်ကို အမွေပေးတော်မူခဲ့၏။

هُدًى وَذِكْرَىٰ لِأُولِي الْأَلْبَابِ ﴿٥٤﴾

၄၀ : ၅၄ ။ ။ အသိဉာဏ်ရှိသူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ဆုံးမသြဝါဒအဖြစ်လည်းကောင်း။

فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ وَاسْتَغْفِرْ لِذَنبِكَ وَسَبِّحْ
بِحَمْدِ رَبِّكَ بِالْعَشِيِّ وَالْإِبْكَارِ ﴿٥٥﴾

၄၀ : ၅၅ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် သည်းခံပါလေ၊ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ ကတိပြုချက်သည် မှန်ကန်သော ကတိပြုချက်ပင် ဖြစ်၏။ ၎င်းပြင် အသင်သည် မိမိ၏ ချို့တဲ့မှုနှင့် စပ်လျဉ်း၍ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပါလေ။ ထို့ပြင် အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအသျှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ညနေချမ်း၌လည်းကောင်း၊ နံနက်ယံ၌လည်းကောင်း၊ မြွက်ဆိုပါလေ။

إِنَّ الَّذِينَ يُجَادِلُونَ فِي آيَاتِ
اللَّهِ بِغَيْرِ سُلْطَانٍ أَتَاهُمْ ۙ إِن فِي صُدُورِهِمْ إِلَّا كِبْرٌ
مَّا هُم بِبَالِغِيهِ ۚ فَاسْتَعِذْ بِاللَّهِ ۖ إِنَّهُ هُوَ السَّمِيعُ الْبَصِيرُ ﴿٥٦﴾

၄၀ : ၅၆ ။ ။ ဧကန်စင်စစ် မိမိတို့ထံ မည်သည့်သက်သေအထောက်အထား တစ်စုံတစ်ရာမျှ ရောက်လာခဲ့သည် မရှိဘဲလျက်ပင် အလ္လာဟ်အသျှင်မြတ်၏ အာယတ်တော်များ၌ အငြင်းပွားလျက် ရှိကြကုန်သော သူတို့၏ စိတ်နှလုံးများတွင်

မာန်မာနကြီးခြင်းမှအပ အခြားတစ်စုံတစ်ရာမျှ မရှိပေ။ (စင်စစ်) ၎င်းတို့သည် ယင်းမာန်မာနကြီးနိုင်သော အဆင့်အတန်းသို့ ရောက်ရှိနိုင်ကြမည့်သူများ မဟုတ်ပေ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ အကာအကွယ်ပေးမှုကို တောင်းခံပါလေ။ ဧကန်မလွဲ ထိုအသျှင်မြတ်သည်ပင် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ မြင်တော်မူသော အသျှင် ဖြစ်တော်မူပေသည်။

لَخَلْقُ السَّمٰوٰتِ وَالْاَرْضِ اَكْبَرُ مِنْ خَلْقِ
النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿٥٧﴾

၄၀ : ၅၇ ။ ။ အမှန်ပင် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းခြင်းသည် လူတို့အား ဖန်ဆင်းခြင်းထက် ပို၍ကြီးကျယ် (ခက်ခဲလှ) ပေသည်။ သို့ရာတွင် အများဆုံးသော သူတို့မှာမူ သိနားလည်ကြသည် မဟုတ်ပေ။

وَمَا يَسْتَوِى الْاَعْمٰى وَالْبَصِيْرُ ۙ وَالَّذِيْنَ اٰمَنُوْا وَ
عَمِلُوا الصّٰلِحٰتِ وَلَا الْمُسِىْٓءُ ۭ قَلِيْلًا مَّا تَتَذَكَّرُوْنَ ﴿٥٨﴾

၄၀ : ၅၈ ။ ။ ထို့ပြင် မျက်မမြင်နှင့် မျက်စိအလင်းရသော သူတို့သည် မတူကြပေ။ ထိုနည်းတူစွာ အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသောသူတို့နှင့် မကောင်းမှုကို ကျူးလွန်သောသူတို့သည်လည်း မတူကြပေ။ (စင်စစ်) အသင်တို့သည် အနည်းငယ်မျှသာ ဆင်ခြင်ကြပေသည်။

اِنَّ السَّاعَةَ لَاٰتِيَةٌ لَّا رَيْبَ فِيْهَا وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ﴿٥٩﴾

၄၀ : ၅၉ ။ ။ ဧကန်မလွဲ 'ကေယာမသ်' ရှင်ပြုထမည့် (အချိန်ကာလ) သည် မုချ ဆိုက်ရောက်လာတော့မည်သာဖြစ်၏။ ယင်း 'ကေယာမသ်' နှင့် စပ်လျဉ်း၍ ဒွိဟသံသယ အလျဉ်းမရှိ။ သို့ရာတွင် မြောက်မြားစွာသော သူတို့ကား သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ။

وَقَالَ رَبُّكُمُ ادْعُوْنِىْٓ اَسْتَجِبْ لَكُمْ ۭ
اِنَّ الَّذِيْنَ يَسْتَكْبِرُوْنَ عَنْ عِبَادَتِىْ سَيَدْخُلُوْنَ جَهَنَّمَ دٰخِرِيْنَ ﴿٦٠﴾

၄၀ : ၆၀ ။ ။ ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအသျှင်မြတ်ထံတော်တွင် ဆုတောင်းပတ္ထနာ ပြုကြလေကုန်။ ငါအသျှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကို လက်ခံတော်မူမည်။ ဧကန်စင်စစ် ငါအသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှ မောက်မာကြကုန်သော သူတို့မှာမူကား မကြာမီ ဂုဏ်အသရေယုတ်ညံ့စွာနှင့် 'ဂျဟန္နမ်' ငရဲဘုံသို့ ဝင်ရောက်ကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ငါအသျှင်မြတ်၏ နဗီတမန်တော်များနှင့် အီမာန်သက်ဝင်ယုံကြည်သူများကိုမူ လောကီသက်တမ်း၌လည်း ကူညီစောင်မတော်မူသည်။ (ပမာဆိုရသော် အထက်၌ တင်ပြခဲ့ပြီးဖြစ်သော မူစာ ﷺ ၏ အကြောင်းအရာများမှ သိရှိခဲ့ပြီးဖြစ်သည်။) ထို့ပြင် ယင်းနေ့၌လည်း သက်သေထွက်ဆိုမည့်သူများ (အကောင်းအဆိုး ပြုကျင့်မှုဟူသမျှကို ရေးမှတ်သော ဖရစ်ရှ်သာဟ်များသည် 'ကေယာမသ်' တရားခွင်နေ့တွင် ထိုစကားရပ်နှင့် ပတ်သက်ပြီး သက်သေထွက်ဆိုမည်မှာ ရစူလ်တမန်တော်များသည် ပို့ချသည့် တာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ ကာဖိရ်များကမူ လိမ်လည်မှုကို ပြုခဲ့ကြသည်။ အချုပ်ဆိုရသော် ၎င်းဖရစ်ရှ်သာဟ်များသည် သက်သေထွက်ဆိုရန်အတွက်) ထကြမည် ဖြစ်သည်။ ဆိုလိုသည်မှာ ('ကေယာမသ်'နေ့ဖြစ်သည်။ ထိုနေ့၌ ကူညီခြင်းခံရမည့် အခြေအနေကိုမူ ယခု ကာဖိရ်များ 'အဇားဗ်'ပေး ထိုက်ခြင်းကို တင်ပြလိုက်ခြင်းဖြင့် သိရှိလိုက်ရပြီးဖြစ်သည်။ ရှေ့ဆက်၍ ထိုနေ့အကြောင်းကို တင်ပြနေ သည်။) အကြင်နေ့တွင် မတရားသောသူများ (ဆိုလိုသည်မှာ ကာဖိရ်များ) ကိုမူ ၎င်းတို့၏ အကြောင်းပြ ဆင်ခြင်ပေးခြင်းမှာ မည်သို့မှ အကျိုးပေးမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ ၎င်းတို့၏ အကြောင်းပြချက် များသည်လည်း ခိုင်လုံသော အကြောင်းပြချက်မဟုတ်သောကြောင့် ဖြစ်သည်။ ၎င်းနောက် အကယ်၍ မရမက ခိုင်လုံသည့် ပုံသဏ္ဌာန်ပြုလျှင်လည်း အကျိုးရှိမည် မဟုတ်ပေ။)

ထို့ပြင် ၎င်းတို့အတွက် 'လအ်နသ်' (ကရုဏာတော်မှ ကင်းဝေးခြင်း) သာ ရှိမည်။ ထို့ပြင် ၎င်းတို့အတွက် ထိုလောက၌ ဆိုးရွားလှသော ဌာနေလည်း ရှိပေမည်။ (သို့ရှိရာ ဤကဲ့သို့ အသင်တမန် တော်နှင့် အသင်၏ နောက်လိုက်သောသူများအားလုံးသည် အကူအညီရရှိမည်ဖြစ်ပြီး ဆန့်ကျင်ငြင်းဆန် သူများသည် သေးသိမ်၍ အသျှင်မြတ်၏ အပြစ်ပေးခြင်းခံရမည်ဖြစ်ရာ အသင်တမန်တော် ဖြေသိမ့်မှု ရယူပါ လေ။) ထို့ပြင် (အသင်တမန်တော်ထက်အလျင်) ငါအသျှင်မြတ်သည် မူစာ ﷺ အား တရားလမ်းညွှန် (ဆိုလိုသည်မှာ 'သောင်ရားသ်'ကျမ်း) ချီးမြှင့်ပေးသနားတော်မူခဲ့ပြီးဖြစ်၏။ ထို့နောက် (တစ်ဖန်) ငါ အသျှင်မြတ်သည် ဗနီအီစ်ရာအီးလ်များအား ထိုကျမ်းဂန်ကို ချပေးတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် တရားလမ်းညွှန်ဖြစ်ပြီး အဆုံးအမများ ပါရှိသော (ကျမ်းဂန်) ဖြစ်ပြီး အသိဉာဏ်ရှိသူများအဖို့ ဖြစ်သည်။ (ထိုမှအပ အသိဉာဏ်မရှိသူတို့မှာ ၎င်းဖြင့် အကျိုးမဖြစ်ထွန်းနိုင်ခဲ့ပေ။ ထိုနည်းတူစွာ အသင် တမန်တော်သည်လည်း မူစာ ﷺ ကဲ့သို့ 'နဗူဝသ်' ရရှိသူဖြစ်ပြီး 'ဝဟီ'ချပေးခြင်းခံရသူလည်း ဖြစ်သည်။ ထို့ပြင် ထိုနည်းအတိုင်း 'ဗနီအီစ်ရာအီးလ်'များကဲ့သို့ အသင်တမန်တော်၏ နောက်လိုက်များသည်လည်း အသင်တမန်တော် ယူဆောင်လာသော ကျမ်းကို ထိန်းသိမ်းကြလိမ့်မည်။ ထို့ပြင် ၎င်းတို့ထဲတွင် အသိဉာဏ် ရှိသော သူများသည် လက်ခံ၍ နောက်လိုက်မှုပြုခဲ့ကြပြီး၊ ဉာဏ်တရား ကင်းမဲ့သူတို့သည်လည်း ဆန့်ကျင် ငြင်းဆန် ခဲ့ကြသည့်နည်းတူ အသင်တမန်တော်၏ အွမ္မသ်သားများအထဲ၌လည်း လူတန်းစားနှစ်မျိုးစလုံး ရှိမည်ဖြစ်သည်။)

သို့ရှိရာ (၎င်းတို့နှင့် ပတ်သက်၍လည်း) အသင်တမန်တော်သည် (ဖြေသိမ့်မှုရယူပါ။ ထို့ပြင် ကာဖိရ်များ၏ ညှဉ်းပန်းဒုက္ခပေးမှုများအပေါ်) သည်းခံတရားထားရှိပါလေ။ ကေန်မုချ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် (ယင်းနှင့် စပ်လျဉ်းပြီး အထက်တွင် لَنَنصُرُ الخ ၌ ဖော်ပြပြီးဖြစ်ရာ လုံး၀) မှန်ကန်တိကျပေသည်။ ၎င်းနောက် အကယ်၍ ရှရီအသ်တရားတော်အရ ခွင့်လွှတ်သော ခန္တီသည်းခံတရား ပြည့်၀မှုတွင် လျော့နည်းမှုရှိလျှင်လည်း၊ သို့သော် ဤသို့ ဖြစ်ခြင်းသည် တမန်တော်မြတ် ﷺ ၏ မြင့်မားလှသော အဆင့်အတန်းအားဖြင့် ထိုအဆင့်သို့ ရောက်ရှိရန် အရေးကြီးသောကြောင့် ထိုအရည်အချင်း မပြည့်၀လျှင် အပြစ်ရှိသည့်ပမာ ဖြစ်ချေသည်။ ထို့ကြောင့် ထိုအဆင့်အတန်းပြည့်၀ရန် ကြိုးပမ်းလေကုန်။ ထိုကြိုးပမ်းမှုမှာ) မိမိ၏ (ထို) ချို့တဲ့မှုနှင့် စပ်လျဉ်း၍ (ယင်းကို တမန်တော်မြတ် ﷺ ၏ မြင့်မားသော အဆင့်အတန်းအရ 'ဂိုနာဟ်' အကုသိုလ်ဟု သုံးနှုန်းထားခြင်းဖြစ်သည်။) လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါလေ။ ထို့ပြင် (ဤကဲ့သို့သော အရာများ၌ နစ်မွန်း၍ နေပါလေ။ ထိုသို့ နစ်မွန်းလုပ်ဆောင်နေခြင်းဖြင့် ပူဆွေးသောက ရောက်စေမည့်ဘက်သို့ အတွေးပင် မရောက်ရှိနိုင်ပေ။ နစ်မွန်းနေရမည်မှာ) နေ့၊ ည (ဆိုလိုသည်မှာ အဆက်မပြတ်) မိမိအား မွေးမြူတော်မူသော အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်ကြောင်းများနှင့် ချီးမွမ်းထောပနာများကို မွက်ဟနေပါလေ။ (ဤအကြောင်းထိ ကိုယ်တော်မြတ်၏ စိတ်ဖြေသိမ့်မှုနှင့် ပတ်သက်ပြီး တင်ပြခဲ့ပြီးဖြစ်ရာ ဆက်လက်၍ ဆန့်ကျင်ငြင်းဆန်သူများအပေါ် ခြိမ်းခြောက်မှုနှင့် ပယ်ဖျက်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ) အငြင်းသူများသည် မိမိတို့ထံ အထောက်အထားတစ်စုံတစ်ရာမျှ မရှိဘဲ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ၌ အငြင်းပွားခဲ့ကြသည်။

(၎င်းတို့ အငြင်းပွားနိုင်စေရန် အကြောင်းခံဖြစ်စေမည့် မည်သည့် သံသယဖြစ်ပေါ်စေနိုင်သည့် အကြောင်းခံမှ မရှိပေ။ သို့သာမက) ၎င်းတို့၏ နှလုံးသားများတွင် မာန်မာနများသာ ရှိသည်။ ၎င်းတို့သည် ယင်းမာန်မာန ကြီးနိုင်သော အဆင့်အတန်းသို့ ရောက်ရှိနိုင်သူများ မဟုတ်ပေ။ (ထို့ပြင် ယင်းမာန်မာန ထောင်လွှား မှုသည် စစ်ဖြစ်ပွားရန် အကြောင်းခံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မိမိကိုယ်တိုင် စိတ်ကြီး၀င်၍ နောက်လိုက်အနွံအတာခံရန် အဟန့်အတားများ ဖြစ်နေခဲ့သည်။ သို့ရှိရာ ၎င်းတို့သည် အခြားသူများကိုသာ မိမိတို့နောက်လိုက်အဖြစ် ပြုရန်သာ တပ်မက်နေကြသည်။ သို့သော် ၎င်းတို့ကို ဤမာန်မာနကြီးနိုင်သော အဆင့်ရရှိမည်မဟုတ်ပေ။ သို့သာမက မကြာမီပင် အရှက်ကွဲ သေးသိမ်းရမည်သာ ဖြစ်သည်။ သို့ရှိရာ 'ဗဒရ်'စသည့် စစ်ပွဲများတွင်မူ မွတ်စ္စလင်မ်များ အောင်နိုင်လွှမ်းမိုးခဲ့သည်။) သို့ရာတွင် (ဤသူများကိုယ်တိုင်ပင် စိတ်ကြီး၀င်နေခဲ့ရာ အသင်တမန်တော်အား ၀န်တိုရန်လိုမှုဟူသရွေ့ကို ပြုလုပ်မည်ဖြစ်သော်လည်း) အသင်တမန်တော် (စိုးရိမ်မှု မပြုလေနှင့်။ သို့သာမက ၎င်းတို့၏ ဘေးရန်အပေါင်းမှ) အသျှင်မြတ်ထံတော်မှ ခိုလှုံခွင့်တောင်းခံပါလေ။ ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သာလျှင် အရာရာကို ကြားသိတော်မူသော အသျှင်၊ မြင်တွေ့တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (သို့ရှိရာ အသျှင်မြတ်သည် မိမိ၏ ပြည့်၀သော ဂုဏ်တော်အနန္တဖြင့် မိမိထံ ခိုလှုံရန် ရောက်ရှိလာသူများအားလုံးကို ထိန်းသိမ်းတော်မူမည်

ဖြစ်သည်။ ဤသို့ ထိုးနှက်တိုက်ခိုက်ခြင်းသည် အသင်တမန်တော်ကို ရစူလ်ဖြစ်ခြင်းနှင့် ပတ်သက်ပြီး ယုံကြည်ရမည့်အတွက်ကြောင့် ဖြစ်ခဲ့သည်။ ဆက်လက်၍ ၄င်းတို့၏ 'ကေယာမသ်'နေ့နှင့် စပ်လျဉ်း၍ ဆန့်ကျင်ငြင်းဆိုမှုအကြောင်းကို ၄င်း၏ အဖြေနှင့်အတူ တင်ပြထားသည်။ ဆိုလိုသည်မှာ ၄င်းတို့သည် လူများ ပြန်လည် ရှင်ပြန်ထရမည်ကို ငြင်းဆန်ခဲ့ရာ အသိဉာဏ်နည်းသူများပင် ဖြစ်ချေသည်။ ဤအတွက်ကြောင့်) ကေန်စင်စစ် မိုးကောင်းကင်နှင့် မြေပထဝီကို (စတင်) ဖန်ဆင်းခြင်းသည် လူသားများကို (တစ်ဖန်) ရှင်ပြန်ထစေခြင်းနှင့်ယှဉ်လျှင် ပို၍ ကြီးလေးသော အလုပ်ဖြစ်သည်။

(ကြီးမားသော အရာကို လုပ်ဆောင်နိုင်စွမ်း ထင်ပေါ်ခဲ့ရာ သေးငယ်သော အရာကိုမူ ပို၍ လုပ်ဆောင်နိုင်မည်မှာ ပေါ်လွင်ပေသည်။ ထို့ပြင် သက်သေပြရန် ဤအထောက်အထားများပင် လုံလောက်ပေသည်) သို့သော်လည်း လူအများစုသည် (ဤမျှ စကားကိုပင်) သဘောမပေါက်ကြပေ။ (အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် တွေးခေါ်ကြံစည်မှု မပြုကြပေ။ ထို့ပြင် အချို့သောသူများမှာမူ တွေးခေါ်ကြံစည်မှု ပြု၍ နားလည် သဘောပေါက်ကြပြီး လက်ခံမှုလည်း ပြုကြသည်။ ဤသို့ဖြင့် ကျမ်းတော်မြတ်ကုရ်အာန်ကို နားထောင်ကြသူများမှာ နှစ်မျိုးနှစ်စား ဖြစ်သွားသည်။ တစ်မျိုးသောသူများမှာ ကျမ်းတော်မြတ်ကို နားလည်သဘောပေါက်ကြပြီး လက်ခံကာ အမြင်ကျယ်သူများ ဖြစ်သွားသည့်အပြင် အီမာန်ရှင်လည်း ဖြစ်ပေသည်။ အခြားတစ်မျိုးမှာ နားလည်မှု၊ လက်ခံမှု မရှိရာ ၄င်းတို့သည် မျက်မမြင်၊ မကောင်းမှုပြုကျင့်သူနှင့် ပမာတူသည်။) ထို့ပြင် (၄င်းပုဂ္ဂိုလ်နှစ်ဦးစလုံး ဆိုလိုသည်မှာ တစ်ဦးသည်) မျက်မြင်သူ (နောက်တစ်ဦးသည်) မျက်မမြင် ဒုက္ခိတဖြစ်ပြီး (ပထမ) ထိုသူများသည် အီမာန်သက်ဝင်ကြပြီး ကောင်းမှုများကို ပြုကြသည်။ ၄င်းနောက် (ဒုတိယသူမှာ) မကောင်းမှုဒုစရိုက် ပြုကျင့်သူဖြစ်ရာ ၄င်းသူနှစ်ဦး မည်သို့မျှ မတူညီနိုင်ပေ။ (ဤသို့ မိန့်ဆိုခြင်းဖြင့် ကိုယ်တော်မြတ် ﷺ အားလည်း ဖြေသိမ့်မှုရရှိနိုင်သည်မှာ လူတန်းစားအမျိုးမျိုးရှိရာ အားလုံး မည်သို့ နားလည်နိုင်ပါအံ့နည်း။ ထို့ပြင် ငြင်းဆန်သူများအဖို့ 'ကေယာမသ်'နေ့၌ 'အဇာဗ်'ပြစ်ဒဏ် ခံရမည့် ခြိမ်းခြောက်မှုလည်း ပါရှိသည်။ ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် အားလုံးကို တန်းတူထား ဆက်ဆံ မည်မဟုတ်ပေ။ ဆက်လက်၍ ငြင်းဆန်သူများ ဆိုလိုသည်မှာ ၄င်းမျက်မမြင်၊ မကောင်းမှု ပြုကျင့်သူများနှင့် တူသောသူများကို သတိပေးသည့်အနေဖြင့် ခြိမ်းခြောက်မိန့်ဆိုသည်မှာ) အသင်တို့သည် အလွန် အသိတရားနည်းပါးသူများ ဖြစ်ကြသည်။ (သို့မဟုတ်လျှင်) မျက်ကန်းဘဝနှင့် မကောင်းမှုပြုကျင့်သူ ဖြစ်မည် မဟုတ်ပေ။ ထို့ပြင် 'ကေယာမသ်'နေ့နှင့် ပတ်သက်၍ ငြင်းခုံနေမှုကို အဖြေပေး၍ ထိုနေ့ ဆိုက်ရောက်လာမည့်အကြောင်း အသိပေးနေသည်မှာ) 'ကေယာမသ်'နေ့ဟူသည် မလွဲဧကန် ဆိုက်ရောက်၍သာ လာပေမည်။

ထိုနေ့ (ဆိုက်ရောက်လာခြင်း) တွင် မည်သို့မျှ သံသယဖြစ်ဖွယ်ရာ မရှိပေ။ သို့သော်လည်း လူအများစုသည် (သက်သေ အထောက်အထားများကို စဉ်းစားတွေးတောခြင်း မရှိသောကြောင့် ထိုနေ့ကို) လက်မခံကြပေ။ ထို့နောက် (၄င်းတို့၏ ဆန့်ကျင်မှုတစ်ခုသည် 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်း) တရားနှင့် ပတ်သက်ပြီး ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်မှု

ပြုကြသည်။ ရှေ့တွင် ဆက်လက်၍ ၄င်းနှင့် ပတ်သက်ပြီး မိန့်ဆိုထားသည်မှာ) အသင်တို့၏ အသျှင်သခင်က မိန့်ဆိုပြီးဖြစ်သည်မှာ (လိုအပ်သည့်အခါ အခြားသူများကို တသမှု မပြုလေနှင့်။ သို့သာမက) ငါအသျှင်မြတ်ကိုသာ တသကြလေကုန်။ ငါအသျှင်မြတ် (မသင့်လျော်သော အရာများမှအပ) အသင်တို့၏ တောင်းခံမှု (များအားလုံး) ကို လက်ခံတော်မူလိုက်မည်။ (ဒိုအာနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်

فَيَكْشِفُ مَاتَدْعُوْنَ اِلَيْهِ اِنْ شَآءَ

သည် ဤအလိုသဘောကိုသာ ဆောင်နေသည်။ ဆိုလိုသည်မှာ မသင့်လျော်သော တောင်းတမှုများနှင့် ဒိုအာများကို ပယ်ဖျက်ခြင်း ခံရမည်ဖြစ်သည်။) အကြင်သူများသည် (သီးသန့်) ငါအသျှင်မြတ်၏ ခဝပ်မှုမှ (ထိုထဲတွင် ငါအသျှင်မြတ်ထံတော်မှ ဒိုအာတောင်းခံခြင်းလည်း ပါဝင်ပြီး) ပုန်ကန်ခဲ့ကြသည်။ (ထို့နောက် အခြားသူများကို တသပြီး ထိုအရာများကို ကိုးကွယ်မှုပြုခဲ့ကြသည်။ သိရှိရသည်မှာ အကြင်သူများသည် 'သောင်ဟီးဒ်'တရားကို ငြင်းဆို၍ ရှုရစ်က်ပြုခဲ့ကြရာ) ထိုသူများ မကြာမီ (သေဆုံးသည်နှင့် တစ်ပြိုင်နက်) အရှက်တကွဲ အကျိုးနည်းကာ 'ဂျဟန္နမ်'ငရဲဘုံသို့ ဝင်ရပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

اِنَّا لَنَنْصُرُ رُسُلَنَا وَالَّذِيْنَ اٰمَنُوْا فِى الْحَيٰوةِ الدُّنْيَا

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ် ကတိတော်ပြုထားသည်မှာ အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်များနှင့် မုအ်မင်န်များကို လောကီ၌လည်းကောင်း၊ 'အာခေရသ်' နောင်တမလွန်၌လည်းကောင်း ကူညီတော်မူသည်။ ထို့ပြင် ပေါ်လွင်နေသည်မှာ ဤကဲ့သို့ ကူညီနေခြင်းမှာ ဆန့်ကျင်သူများ၊ ရန်သူများနှင့် ယှဉ်ပြိုင်ရင်ဆိုင်နိုင်ရန်အတွက်သာ ဖြစ်သည်။ မြောက်မြားစွာသော နဗီတမန်တော်များတွင်မူ ထိုကူညီမှု ရရှိခြင်းက ပေါ်လွင်နေသော်လည်း အချို့သော နဗီတမန်တော်များ ပမာဆိုရသော် ဟဇရသ်ယဟ်ယာ ﷺ ၊ ဟဇရသ်ဇကေရိယာ ﷺ နှင့် ဟဇရသ်ရှိအိုင်ဗ် ﷺ တို့ကိုမူ ရန်သူများက 'ရှဟီးဒ်' ပြုခဲ့ကြသည်။ သို့တည်းမဟုတ်ကလည်း အချို့နဗီများမှာမူ မွေးရပ်ဌာနေကို စွန့်ကာ အခြားနေရာဒေသများဘက်သို့ 'ဟီဂျ်ရသ်'ပြု ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ပမာဆိုရသော် ဟဇရသ်အီဗ်ရာဟီးမ် ﷺ နှင့် နောက်ဆုံး နဗီတမန်တော်ကြီး ကိုယ်တော်မြတ် ﷺ နှင့် ပတ်သက်၍ ထိုအကူအညီ ရရှိမှုအပေါ် သံသယဖြစ်နိုင်သည်။

အိဗ်နေကစီးရ် (ရဟ) သခင်က အိဗ်နေဂျရီးရ် (ရဟ) ၏ အကိုးအကားဖြင့် ထိုအချက်ကို အဖြေပေးထားသည်မှာ အာယသ်တော်ရှိ **نصرت** (အကူအညီပြုမှု) ဟူသည့် အလိုသဘောမှာ ကူညီပံ့ပိုးပေးခြင်းနှင့် ရန်သူများထံမှ လက်စားယူခြင်းဖြစ်သည်။ ဤသို့ အစားယူခြင်းသည် နဗီတမန်တော်များ ရှိနေ

စဉ် ၄င်းတို့၏ လက်တော်ဖြင့်လည်းကောင်း၊ ၄င်းနဗီတမန်တော်များ 'ဝဖားသ်'ဖြစ် ကွယ်လွန်ပြီးသည့်နောက်လည်းကောင်း ဖြစ်နိုင်သည်။ ဤအလိုသဘောသည် နဗီတမန်တော်များအားလုံးနှင့် မုအ်မင်န်များအားလုံးအပေါ် ချွင်းချက်မရှိ ဖြစ်နိုင်သည်။ အကြွင်သူများသည် မိမိတို့၏ နဗီတမန်တော်များကို သတ်ခဲ့သည်ရှိရာ ၄င်းတို့သည်လည်း မည်ကဲ့သို့သော 'အဇာဗ်'များဖြင့် ကွပ်မျက်ခံရပြီး သေးသိမ်ခဲ့ရသနည်း။ ထိုအကြောင်းအရာများသည် သမိုင်းတွင် ပြည့်နှက်လျက် ရှိသည်။ ဟဇရသ်ယဟ်ယာ ﷺ ၊ ဟဇရသ်ဇကရိယာ ﷺ နှင့် ဟဇရသ်ရှိုအိုင်ဗ် ﷺ တို့ကို 'ရှဟီးဒ်'လုပ်ခဲ့သော သူများအပေါ်တွင် ၄င်းတို့၏ ရန်သူများကို လွှမ်းမိုးစေခဲ့ရာ ထိုရန်သူများက ၄င်းလူသတ်သမားများကို အရှက်ကွဲအကျိုးနည်းပြုကာ သတ်ဖြတ်ခဲ့ကြသည်။ နမရူးဒ်သူယုတ်မာကိုမူ အလ္လာဟ်အသျှင်မြတ်က မည်ကဲ့သို့ 'အဇာဗ်'တွင် ကွပ်မျက်ခဲ့သည်။ ဟဇရသ်အီစာ ﷺ ၏ ရန်သူများအပေါ် အလ္လာဟ်အသျှင်မြတ်က 'ရူးမ်'အီတလီသားများကို လွှမ်းမိုးစေခဲ့သည်။ ၄င်းတို့သည် ထိုသူများကို အရှက်ကွဲသေးသိမ်စေခဲ့သည်။ ထို့ပြင် တစ်ဖန် 'ကေယာမသ်' နေ့မတိုင်မီအလျင် အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အီစာ ﷺ ကို ရန်သူများအပေါ် အောင်နိုင်လွှမ်းမိုးမှု ချီးမြှင့်ပေမည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ ရန်သူများကိုမူ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များ၏ လက်ဖြင့်သာ အောက်တန်းကျစေခဲ့သည်။ ၄င်းတို့၏ မိုက်မဲရန်းကားသော ခေါင်းဆောင်များ အသတ်ခံလိုက်ရသည်။ အချို့ကိုမူ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်။ ကျန်ရှိသူများကိုလည်း မက္ကာဟ်မြို့ အောင်နိုင်ချိန်၌ ဖမ်းဆီးခေါ်ဆောင်လာသည်။ ၄င်းတို့ကို ကိုယ်တော်မြတ် ﷺ က သူကောင်းပြု လွှတ်မြောက်ပေးတော်မူခဲ့ပေသည်။ ကိုယ်တော်မြတ် ﷺ ၏ ဖိတ်ခေါ်သံသည် လောကကမ္ဘာဝယ် မြင့်တက်လာသည်။ ထို့ပြင် ထိုအချိန်မှစ၍ မြို့ရွာအားလုံးကို အောင်နိုင်ခဲ့ရာ ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ၌ပင် အာရဗ်ကျွန်းဆွယ်တစ်ခုလုံးတွင် အစ္စလာမ့်အုပ်ချုပ်မှု စတင်ခဲ့သည်။

يَوْمَ يَقُوْمُ الْاَ شْهَادُ

ဆိုလိုသည်မှာ သက်သေများ ထ၍ သက်သေထုသောနေ့ (အလိုသဘောမှာ 'ကေယာမသ်' နေ့) ဖြစ်သည်။ ထိုနေရာတွင်မူ နဗီတမန်တော်များနှင့် မုအ်မင်န်များအတွက် အလ္လာဟ်အသျှင်မြတ်၏ အကူအညီရမှုများသည် အထူးပေါ်လွင်ပေလိမ့်မည်။

اِنْ فِيْ صُدُوْرِهِمْ اِلَّا كِبْرٌ مَّاهُمْ بِبَالِغِيْهِ

ဆိုလိုသည်မှာ အကြွင်သူများသည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များနှင့် ပတ်သက်ပြီး အထောက်အထားမဲ့ ငြင်းခုံကြသည်။ ထို့ပြင် ဤသို့ပြုခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဤသာသနာတော်ကို ငြင်းဆန်ခြင်းသာ ဖြစ်သည်။ ယင်း၏ အကြောင်းခံမှာ ၄င်းတို့၏ နှလုံးသားအတွင်း မာနရှိခြင်းမှအပ အခြားမရှိပေ။ ဤသူများသည် မိမိကိုယ်ကို ကြီးလိုစိတ်ရှိကြသည်။ ထို့ပြင် မိမိတို့၏ ဉာဏ်မဲ့မှုဖြင့် ဤကြီးကျယ်မှုသည် 'ငါတို့ မိမိတို့၏ သာသနာတော်အပေါ် ရပ်တည်နေခြင်းကြောင့် ရရှိနေသည်'ဟု

ထင်နေကြသည်။ ထိုအရာကို စွန့်ကာ အစ္စလာမ်လက်ခံလိုက်လျှင် ငါတို့၏ အုပ်ချုပ်မှုအာဏာ မတည်နိုင်တော့ပေ။ ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူထားသည်မှာ-

مَاهُمْ بِبَالِغِيْهِ

ဆိုလိုသည်မှာ ဤသူများသည် မိမိတို့၏ အရှိန်အဝါ၊ ကြီးကျယ်မှုနှင့် အုပ်ချုပ်မှုကို အစ္စလာမ်သက်ဝင်ခြင်းမရှိဘဲ ရရှိနိုင်မည်မဟုတ်ပေ။ သို့ရှိရာ အစ္စလာမ်သက်ဝင်ခဲ့လျှင် သိက္ခာနှင့် ကြီးကျယ်မြင့်မြတ်မှုသည် ၎င်းတို့နှင့်အတူ ရှိမည်ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

စစ်မှန်သော ဆုမွန်ဒိုအာနှင့် ယင်း၏ အကျိုးကျေးဇူးများ၊ အဆင့်အတန်းများ၊ လက်သင့်ခံမည့် စည်းကမ်းချက်များအကြောင်း

وَقَالَ رَبُّكُمْ ادْعُوْنِيْ اَسْتَجِبْ لَكُمْ اِنَّ الَّذِيْنَ يَسْتَكْبِرُوْنَ عَنْ عِبَادَتِيْ سَيَدْخُلُوْنَ جَهَنَّمَ دَاخِرِيْنَ

ဒိုအာ၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ တသခြင်းဖြစ်သည်။ များသောအားဖြင့် ဤစာသားကို လိုအပ်ချက်တစ်စုံတစ်ရာအတွက် တမ်းတတောင်းခံရာတွင် သုံးစွဲလေ့ရှိသည်။ တစ်ခါတစ်ရံ မည်သည့် 'ဇိကိရ်'တော်ကိုမဆို ဒိုအာဟု သုံးလေ့ရှိသည်။ ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ ၏ အွမ္မသ်သူအွမ္မသ်သားများအတွက် အထူးချီးမြှင့်ခြင်းခံရသော အခွင့်အရေးတစ်ခု ဖြစ်သည်။ ၎င်းတို့ကို ဒိုအာတောင်းဆိုရန် မိန့်ဆိုထားခြင်း ဖြစ်သည်။ ထို့နောက် တောင်းဆိုသည့် ဒိုအာကိုလည်း လက်သင့်ခံမည်ဟု ကတိပြုထားသည်။ ၎င်းနောက် ဒိုအာမတောင်းဆိုသူများအတွက် 'အဇာဗ်'အပြစ်ဒဏ်ရှိသည်ဟူ၍လည်း မိန့်ဆိုထားပေသည်။

ဟဇရသ်ကသာဒဟ် (ရဟ) သခင်သည် ဟဇရသ်ကအဗ်အဟ်ဘာရ် (ရဟ) သခင်ထံမှ ဆင့်ပြန်ထားသည်မှာ ဤအခွင့်ထူးသည် ရှေးယခင်ခေတ်ကာလများတွင် နဗီတမန်တော်များအတွက် ဖြစ်ခဲ့ပြီး ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဆုမွန်ဒိုအာတောင်းခံရန်နှင့် ထိုဆုမွန်ကို လက်သင့်ခံမည့်အကြောင်း မိန့်တော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺ ၏ အွမ္မသ်သူအွမ္မသ်သားများအတွက် အခွင့်ထူးတစ်ရပ်အနေနှင့် ဤပညတ်ချက်အား အွမ္မသ်သူအွမ္မသ်သားအားလုံးအတွက် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

[အိဗ်နေကစီးရ်ကျမ်း]

ဟဇရသ်နို့အ်မာန်ဗင်နဘရှီးရ် ﷺ သခင်သည် အထက်ပါအာယသ်တော်၏ သဖ်စီးရ်အား ဖွင့်ဆိုရာတွင် ဤဟဒီးစ်တော်ကို ဆင့်ပြန်ခဲ့သည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ သခင်က မိန့်တော်မူခဲ့သည်။

ان الدعاء هو العبادة

ဆိုလိုသည်မှာ ဒိုအာဆုမွန်သည် 'အေဗာဒသ်'သာလျှင် ဖြစ်သည်။ တစ်ဖန် တမန်တော်မြတ် ﷺ သည် အထောက်အထားအဖြစ် ဤအာယသ်တော်အား ရွတ်ဆိုခဲ့သည်။

اِنَّ الَّذِيْنَ يَسْتَكْبِرُوْنَ عَنْ عِبَادَتِىْ

[အေမာမ်အဟ်မဒ်၊ အဘူဒါဝူဒ်၊ သိရ်မေဇီ၊ နစာအီ၊ အိဗ်နေမာဂျဟ်ကျမ်း။]

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် တင်ပြထားသည်မှာ-

ان الدعاء هو العبادة

ဟူသော ဝါကျတွင် အာရဗီသဒ္ဒါအရ **مسند اليه** အပေါ် **مسند** အား **قصر** လုပ်လျှင် ဒိုအာသည် 'အေဗာဒသ်'၏ အမည်သာလျှင် ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။ ဆိုလိုသည်မှာ ဒိုအာ တောင်းဆုတိုင်းသည် 'အေဗာဒသ်'ခဝပ်မှုသာ ဖြစ်သည်။ ထို့ပြင် (**مسند** အပေါ် **مسند اليه** အား **قصر** လုပ်လျှင်) 'အေဗာဒသ်' တိုင်းသည်သာလျှင် ဒိုအာဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံး ဖြစ်နိုင်ချေရှိသည်။ ထို့ပြင် ဤနေရာတွင် တင်ပြလိုသည့် အလိုသဘောမှာ ဒိုအာနှင့် 'အေဗာဒသ်'သည် လုံးချင်းကြည့်သော် သီးခြားစီဖြစ်နေသော်လည်း အလိုသဘောအရ အတူတူပင် ဖြစ်သည်။ ဆိုလိုသည်မှာ ဒိုအာတိုင်းသည် 'အေဗာဒသ်'ဖြစ်သည်။ 'အေဗာဒသ်'တိုင်းသည်လည်း ဒိုအာဖြစ်သည်။ အကြောင်းမှာ 'အေဗာဒသ်' ဟူသည် တစ်ဦးတစ်ယောက်၏ ရှေ့တွင် အတိုင်းထက်အလွန် ရိုကျိုးလုပ်ဆောင်ခြင်းကို ခေါ်ဆိုသည်။ ထို့နောက် ပေါ်လွင်သည်မှာ မိမိကိုယ်ကို အခြားသူရှေ့တွင် လိုအပ်ချက်များရှိနေသူဟု မှတ်ယူကာ ၎င်း၏ ရှေ့ဝယ် တောင်းခံမှုပြုရန် လက်ဖြန့်နေခြင်းသည် ပိုမို ရိုကျိုးရာရောက်သည်။ ဤအလိုသဘောသည်ပင်လျှင် 'အေဗာဒသ်'၏ အလိုသဘောဖြစ်သည်။ ထိုနည်းတူစွာ 'အေဗာဒသ်'တိုင်း၏ ရလဒ်သည်လည်း အလ္လာဟ်အသျှင်မြတ်ထံတော်မှ 'မဂ်ဖေရသ်'၊ 'ဂျန္နသ်'နှင့် လောကီ၊ လောကုတ္တရာ၏ သက်သာရာ တောင်းခံခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် 'ဟဒီးစ်ကုဒုစီ'တွင် လာရှိသည်မှာ 'အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ အကြင်သူသည် မိမိ၏ လိုအပ်ချက်များကို တောင်းခံရန်ပင် မအားလပ်ရလောက်အောင် ငါအသျှင်မြတ်ကို ချီးမွမ်းထောပနာပြုမှု၌ နစ်မွန်းနေခဲ့ပါမူ ငါအသျှင်မြတ်သည် ၎င်းသူကို တောင်းခံသူများထက်ပင်လျှင် ပိုမို ချီးမြှင့်ပေးသနားတော်မူမည် ဖြစ်သည်။ (ဆိုလိုသည်မှာ ၎င်းသူ၏ လိုအပ်ချက်များကို ပြည့်ဝစေမည်။) ဤအကြောင်းကို 'နေဟာယာ'ကျမ်းတွင် ဂျဇ်ရီ (ရဟ) က ဆင့်ပြန်ထားလေသည်။ ၎င်းနောက် သိရ်မေဇီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတွင် ဤသို့သော စာသားများဖြင့် လာရှိထားသည်။

من شغله القر ان عن ذكرى ومسئلتى اعطيته افضل ما اعطى السائلين

အလိုသဘောမှာ အကြင်သူသည် မိမိ၏ လိုအပ်ချက်များကို တောင်းခံရန်ပင် မအားလပ်ရလောက်အောင် ကျမ်းတော်မြတ်ကုရ်အာန်၏ 'သေလာဝသ်'ဖတ်ရွတ်ခြင်းတွင် နစ်မွန်းနေခဲ့ပါမူ ငါအသျှင်မြတ်သည်

ငှင်းသူကို တောင်းခံသူများထက်ပင်လျှင် ပိုမိုချီးမြှင့်ပေးသနားတော်မူမည်ဖြစ်သည်။ ဤသည်မှ 'အေဗာဒသ်' တိုင်းသည် ဒိုအာကဲ့သို့ပင် အကျိုးပေးသည်ကို သိရှိရသည်။

ထို့ပြင် 'အရ်ဖားသ်'နှင့် ပတ်သက်သည့် ဟဒီးစ်တော်တွင် လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်။ 'အရ်ဖားသ်'ကွင်းပြင်တွင် ငါကိုယ်တော်မြတ် ﷺ နှင့် ငါကိုယ်တော်ထက်အလျှင် နဗီတမန်တော်များ၏ ဒိုအာမှာ (ဤ 'ကလေမာဟ်'တော်ဖြစ်သည်။)

لَآ اِلٰهَ اِلَّا اللّٰهُ وَحْدَهُ لَا شَرِيْكَ لَهٗ لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ

[မဇ္ဇ္ဟာရီကျမ်း]

ဤဟဒီးစ်တော်တွင် 'အေဗာဒသ်'နှင့် 'ဇိကိရ်ရွလ္လာဟ်' ကို ဒိုအာဟု မိန့်ဆိုထားသည်။ ထို့ပြင် ဤအာယသ်တော်တွင် 'အေဗာဒသ်'၏ ဆိုလိုရင်းမှာ ဒိုအာပြုခြင်းကို စွန့်လွှတ်သူနှင့် ပတ်သက်ပြီး 'ဂျဟန္နမ်'ငရဲ ကျရောက်မည့် ခြိမ်းခြောက်မှုသည် မာနထောင်လွှားသော ပုံစံဖြင့် မတောင်းခံသည့် အခြေအနေမျိုးတွင် ဖြစ်သည်။ ဆိုလိုသည်မှာ အကြင်သူသည် မာနထောင်လွှားသည့်အနေနှင့် မိမိကိုယ်ကို မိမိ ဒိုအာတောင်းခံရန် မလိုဟု ထင်မြင်ယူဆကာ ဒိုအာတောင်းခြင်းကို စွန့်လွှတ်လိုက်ပါမူ ဤသည် 'ကုဖွရ်' ၏ နမိတ်လက္ခဏာပင် ဖြစ်ချေသည်။ ထို့ကြောင့် 'ဂျဟန္နမ်'သို့ ကျမည့် ခြိမ်းခြောက်မှုနှင့် ခံထိုက်သူ ဖြစ်သွားသည်။ သို့မဟုတ်ပါက ဒိုအာများသည် စင်စစ်တွင် 'ဖွရ်ဇ်'၊ 'ဝါဂျိဗ်'ဟူ၍ မရှိပေ။ ထိုဒိုအာများကို စွန့်လွှတ်ခြင်းသည် 'ဂိုနာဟ်' ဖြစ်စေသော အရာမဟုတ်ပေ။ သို့ရှိရာ အိုလမာပညာရှင်များအားလုံး၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်သည် 'မွတ်စ်သဟဗ်'နှင့် ကောင်းမြတ်သော လုပ်ရပ်တစ်ခုသာ ဖြစ်သည်။ *[မဇ္ဇ္ဟာရီကျမ်း]*

ထို့ပြင် ဟဒီးစ်တော်များ၏ တင်ပြမှုအရ 'ဗရ်ကသ်'ရရှိစေမည့် အကြောင်းခံ ဖြစ်ပေသည်။

ဒိုအာတောင်းခံခြင်း၏ ထွတ်မြတ်မှုအကျိုးများ

(၁) ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင် ဆင့်ပြန်ထားလေသည်။ ကိုယ်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ဒိုအာထက် ပို၍ မြတ်သော အရာဟူ၍ မရှိပေ။ *[သိရ်မေဇီကျမ်း၊ အိဗ်နေမာဂျာဟင်ကင်မ်ကျမ်း။]*

(၂) ဟဇရသ်အနတ်စ် ﷺ သခင် ဆင့်ပြန်ထားသည်။ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اَلدُّعَاءُ مُخُّ الْعِبَادَةِ

ဆိုလိုသည်မှာ ဒိုအာပြုခြင်းသည် 'အေဗာဒသ်'၏ အရင်းအမြစ်ဖြစ်သည်။ *[သိရ်မေဇီကျမ်း]*

(၃) အိဗ်နေမတ်စ်အူးဒ် ﷺ သခင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်မှ အသနားတော်ကို တောင်းခံကြကုန်။ အဘယ်ကြောင့်ဆိုသော်

စဉ် ၎င်းတို့၏ လက်တော်ဖြင့်လည်းကောင်း၊ ၎င်းနဗီတမန်တော်များ 'ဝဖားသ်'ဖြစ် ကွယ်လွန်ပြီးသည့်နောက်လည်းကောင်း ဖြစ်နိုင်သည်။ ဤအလိုသဘောသည် နဗီတမန်တော်များအားလုံးနှင့် မုအ်မင်န်များအားလုံးအပေါ် ချွင်းချက်မရှိ ဖြစ်နိုင်သည်။ အကြွင်းသူများသည် မိမိတို့၏ နဗီတမန်တော်များကို သတ်ခဲ့သည်ရှိရာ ၎င်းတို့သည်လည်း မည်ကဲ့သို့သော 'အဇားဗ်'များဖြင့် ကွပ်မျက်ခံရပြီး သေးသိမ်ခဲ့ရသနည်း။ ထိုအကြောင်းအရာများသည် သမိုင်းတွင် ပြည့်နှက်လျက် ရှိသည်။ ဟဇရသ်ယဟ်ယာ ﷺ ၊ ဟဇရသ်ဇကရိယာ ﷺ နှင့် ဟဇရသ်ရှိအိုင်ဗ် ﷺ တို့ကို 'ရှဟီးဒ်'လုပ်ခဲ့သော သူများအပေါ်တွင် ၎င်းတို့၏ ရန်သူများကို လွှမ်းမိုးစေခဲ့ရာ ထိုရန်သူများက ၎င်းလူသတ်သမားများကို အရှက်ကွဲအကျိုးနည်းပြုကာ သတ်ဖြတ်ခဲ့ကြသည်။ နမရူးဒ်သူယုတ်မာကိုမူ အလ္လာဟ်အသျှင်မြတ်က မည်ကဲ့သို့ 'အဇားဗ်'တွင် ကွပ်မျက်ခဲ့သည်။ ဟဇရသ်အီစာ ﷺ ၏ ရန်သူများအပေါ် အလ္လာဟ်အသျှင်မြတ်က 'ရူးမ်'အီတလီသားများကို လွှမ်းမိုးစေခဲ့သည်။ ၎င်းတို့သည် ထိုသူများကို အရှက်ကွဲသေးသိမ်စေခဲ့သည်။ ထို့ပြင် တစ်ဖန် 'ကေယာမသ်' နေ့မတိုင်မီအလျင် အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အီစာ ﷺ ကို ရန်သူများအပေါ် အောင်နိုင်လွှမ်းမိုးမှု ချီးမြှင့်ပေမည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ ရန်သူများကိုမူ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များ၏ လက်ဖြင့်သာ အောက်တန်းကျစေခဲ့သည်။ ၎င်းတို့၏ မိုက်မဲရန်းကားသော ခေါင်းဆောင်များ အသတ်ခံလိုက်ရသည်။ အချို့ကိုမူ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်။ ကျန်ရှိသူများကိုလည်း မက္ကာဟ်မြို့ အောင်နိုင်ချိန်၌ ဖမ်းဆီးခေါ်ဆောင်လာသည်။ ၎င်းတို့ကို ကိုယ်တော်မြတ် ﷺ က သူကောင်းပြု လွတ်မြောက်ပေးတော်မူခဲ့ပေသည်။ ကိုယ်တော်မြတ် ﷺ ၏ ဖိတ်ခေါ်သံသည် လောကကမ္ဘာဝယ် မြင့်တက်လာသည်။ ထို့ပြင် ထိုအချိန်မှစ၍ မြို့ရွာအားလုံးကို အောင်နိုင်ခဲ့ရာ ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ၌ပင် အာရဗ်ကျွန်းဆွယ်တစ်ခုလုံးတွင် အစ္စလာမ့်အုပ်ချုပ်မှု စတင်ခဲ့သည်။

يَوْمَ يَقُوْمُ الاَ شْهَادُ

ဆိုလိုသည်မှာ သက်သေများ ထ၍ သက်သေထူသောနေ့ (အလိုသဘောမှာ 'ကေယာမသ်' နေ့) ဖြစ်သည်။ ထိုနေရာတွင်မူ နဗီတမန်တော်များနှင့် မုအ်မင်န်များအတွက် အလ္လာဟ်အသျှင်မြတ်၏ အကူအညီရမှုများသည် အထူးပေါ်လွင်ပေလိမ့်မည်။

اِنْ فِى صُدُوْرِهِمْ اِلَّا كِبْرٌ مَّاهُمْ بِبَالِغِيْهِ

ဆိုလိုသည်မှာ အကြွင်းသူများသည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များနှင့် ပတ်သက်ပြီး အထောက်အထားမဲ့ ငြင်းခုံကြသည်။ ထို့ပြင် ဤသို့ပြုခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဤသာသနာတော်ကို ငြင်းဆန်ခြင်းသာ ဖြစ်သည်။ ယင်း၏ အကြောင်းခံမှာ ၎င်းတို့၏ နှလုံးသားအတွင်း မာနရှိခြင်းမှအပ အခြားမရှိပေ။ ဤသူများသည် မိမိကိုယ်ကို ကြီးလိုစိတ်ရှိကြသည်။ ထို့ပြင် မိမိတို့၏ ဉာဏ်မဲ့မှုဖြင့် ဤကြီးကျယ်မှုသည် 'ငါတို့ မိမိတို့၏ သာသနာတော်အပေါ် ရပ်တည်နေခြင်းကြောင့် ရရှိနေသည်'ဟု

ထင်နေကြသည်။ ထိုအရာကို စွန့်ကာ အစ္စလာမ်လက်ခံလိုက်လျှင် ငါတို့၏ အုပ်ချုပ်မှုအာဏာ မတည်နိုင်တော့ပေ။ ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူထားသည်မှာ-

مَاهُمْ بِبَالِغِيْهِ

ဆိုလိုသည်မှာ ဤသူများသည် မိမိတို့၏ အရှိန်အဝါ၊ ကြီးကျယ်မှုနှင့် အုပ်ချုပ်မှုကို အစ္စလာမ်သက်ဝင်ခြင်းမရှိဘဲ ရရှိနိုင်မည်မဟုတ်ပေ။ သို့ရှိရာ အစ္စလာမ်သက်ဝင်ခဲ့လျှင် သိက္ခာနှင့် ကြီးကျယ်မြင့်မြတ်မှုသည် ၎င်းတို့နှင့်အတူ ရှိမည်ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

စစ်မှန်သော ဆုမွန်ဒိုအာနှင့် ယင်း၏ အကျိုးကျေးဇူးများ၊ အဆင့်အတန်းများ၊ လက်သင့်ခံမည့် စည်းကမ်းချက်များအကြောင်း

وَقَالَ رَبُّكُمْ اُدْعُوْنِىْ اَسْتَجِبْ لَكُمْ اِنَّ الَّذِيْنَ يَسْتَكْبِرُوْنَ

عَنْ عِبَادَتِىْ سَيَدْخُلُوْنَ جَهَنَّمَ دَاخِرِيْنَ

ဒိုအာ၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ တသခြင်းဖြစ်သည်။ များသောအားဖြင့် ဤစာသားကို လိုအပ်ချက်တစ်စုံတစ်ရာအတွက် တမ်းတတောင်းခံရာတွင် သုံးစွဲလေ့ရှိသည်။ တစ်ခါတစ်ရံ မည်သည့် 'ဇိကိရ်'တော်ကိုမဆို ဒိုအာဟု သုံးလေ့ရှိသည်။ ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ ၏ အွမ္မသ်သူအွမ္မသ်သားများအတွက် အထူးချီးမြှင့်ခြင်းခံရသော အခွင့်အရေးတစ်ခု ဖြစ်သည်။ ၎င်းတို့ကို ဒိုအာတောင်းဆိုရန် မိန့်ဆိုထားခြင်း ဖြစ်သည်။ ထို့နောက် တောင်းဆိုသည့် ဒိုအာကိုလည်း လက်သင့်ခံမည်ဟု ကတိပြုထားသည်။ ၎င်းနောက် ဒိုအာမတောင်းဆိုသူများအတွက် 'အဇားဗ်'အပြစ်ဒဏ်ရှိသည်ဟူ၍လည်း မိန့်ဆိုထားပေသည်။

ဟဇရသ်ကသာဒဟ် (ရဟ) သခင်သည် ဟဇရသ်ကအဗ်အဟ်ဘာရ် (ရဟ) သခင်ထံမှ ဆင့်ပြန်ထားသည်မှာ ဤအခွင့်ထူးသည် ရှေးယခင်ခေတ်ကာလများတွင် နဗီတမန်တော်များအတွက် ဖြစ်ခဲ့ပြီး ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဆုမွန်ဒိုအာတောင်းခံရန်နှင့် ထိုဆုမွန်ကို လက်သင့်ခံမည့်အကြောင်း မိန့်တော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺ ၏ အွမ္မသ်သူအွမ္မသ်သားများအတွက် အခွင့်ထူးတစ်ရပ်အနေနှင့် ဤပညတ်ချက်အား အွမ္မသ်သူအွမ္မသ်သားအားလုံးအတွက် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

[အိဗ်နေကစီးရ်ကျမ်း]

ဟဇရသ်နို့အ်မာန်ဗင်န်ဘရှီးရ် ﷺ သခင်သည် အထက်ပါအာယသ်တော်၏ သဖ်စီးရ်အား ဖွင့်ဆိုရာတွင် ဤဟဒီးစ်တော်ကို ဆင့်ပြန်ခဲ့သည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ သခင်က မိန့်တော်မူခဲ့သည်။

အလ္လာဟ်အသျှင်မြတ်သည် တောင်းခံခြင်းနှင့် လိုအပ်ချက်များ တောင်းဆိုခြင်းကို နှစ်သက်တော်မူသည်။ ထို့ပြင် အကြီးမားဆုံးသော 'အေဗာဒသ်' မှာ လူသားသည် ကြပ်တည်းမှုနှင့် ရင်ဆိုင်နေရလျှင် ကျယ်ဝန်းမှုကို စောင့်ဆိုင်းခြင်းပင် ဖြစ်သည်။ *[သိရ်မေဇီကျမ်း]*

(၄) ကိုယ်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အကြင်သူသည် မိမိ၏ လိုအပ်ချက်များကို အသျှင်မြတ်ထံတော်တွင် တောင်းခံမှု မပြုပါမူ အသျှင်မြတ်၏ အမျက်ဒေါသသည် ၎င်းသူအပေါ်တွင် ရှိသည်။ *[သိရ်မေဇီကျမ်း၊ အိဗ်နေမာဇ်ဗာန်နှင့်ဟာကင်မ်ကျမ်း။]*

ဤဆင့်ပြန်ချက်အားလုံးကို သဖ်စီးရ်မဇွဟရီကျမ်းရှင်က ဆင့်ပြန်ပြီးနောက် မိန့်ဆိုသည်မှာ ဒိုအာ မတောင်းသူအပေါ် အလ္လာဟ်အသျှင်မြတ်၏ အမျက်ဒေါသ ရှိသည်ဟူသော ခြိမ်းခြောက်မှုသည် မာန ထောင်လွှားသော ပုံစံဖြင့် တောင်းခံခြင်းမပြုသော အခြေအနေမျိုးကို ဆိုပေသည်။

ထို့ပြင် မိမိကိုယ်ကို လိုအပ်ချက်မရှိသူဟု ထင်မြင်မှုသာ ဖြစ်သည်။ ပမာဆိုရသော် ၎င်းကို အထက်ပါအာယသ်တော် إِنَّ ٱلَّذِينَ يَسْتَكْبِرُونَ ရှိ စာသားများမှ သိရှိရသည်။

(၅) ဟဇရသ်အနတ်စ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ ဒိုအာတောင်းခံခြင်းမှ လက်မလျှော့ကြကုန်နှင့်။ အဘယ်ကြောင့်ဆိုသော် ဒိုအာပြုခြင်းနှင့် အတူ ပျက်စီးသွားသူဟူ၍ မရှိပေ။ *[အိဗ်နေမာဇ်ဗာန်နှင့်ဟာကင်မ်ကျမ်း]*

(၆) ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော် မူသည်မှာ ဒိုအာပြုခြင်းသည် မုအ်မင်န်၏ လက်နက်ဖြစ်သည်။ ထို့ပြင် ဒီန်သာသနာတော်၏ မဏ္ဍိုင်ဖြစ်ပြီး၊ မိုးမြေပထဝီဝင်၏ 'နူးရ်' ဖြစ်သည်။ *[မွတ်စ်သဒရက်ဟာကင်မ်ကျမ်း၊]*

(၇) အိဗ်နေအုမရ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထား သည်မှာ အကြင်သူအဖို့ ဒိုအာဆုမွန်တောင်းခံသည့် လမ်းစ ဖွင့်ပေးလိုက်သည်ဆိုလျှင် ၎င်းသူအတွက် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်တံခါး ပွင့်သွားလေပြီ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် လူသား၏ မိမိအတွက် عافية 'အာဖိယသ်' အေးချမ်းသာယာမှုကို တောင်းခံခြင်းထက် သာပို၍ နှစ်သက်သော အရာဟူ၍ မရှိပေ။ *[သိရ်မေဇီကျမ်း၊ ဟာကင်မ်ကျမ်း။]*

عافية 'အာဖိယသ်' ဟူသော စာလုံးသည် အလွန်အဓိပ္ပာယ် လေးနက်ပြည့်ဝသော စာလုံးဖြစ်သည်။ ထိုစာသားတွင် ဘေးဗလာများမှ ထိန်းသိမ်းစောင့်ရှောက်မှုရရန်နှင့် လိုအပ်ချက်များအားလုံး ပြည့်ဝစေရန် ဟူသည့် အဓိပ္ပာယ်များ ပါဝင်ပေသည်။

ဓမ္မသတ် ။ ။ 'ဂိုနာဟ်'အကုသိုလ် တစ်စုံတစ်ခု ကျူးလွန်ရန် (သို့) ဆွေမျိုးအဆက်ဖြတ်ရန် ဒိုအာ တောင်းခံခြင်းသည် 'ဟရာမ်'ဖြစ်သည်။ ဤသို့သော တောင်းခံမှုမျိုးကို အလ္လာဟ်အသျှင်မြတ်၏ ထံတော် ပါးတွင် လက်သင့်ခံလေ့ မရှိပေ။ ဟဇရသ်အဗူစအီးဒ်ခွဒ်ရီ ﷺ သခင်၏ ဟဒီးစ်တော်တွင် လာရှိထားပြီး အတိုင်း ဖြစ်သည်။

ဒိုအာဆုမွန်ကို လက်သင့်ခံမည့် ကတိတော်အကြောင်း

အထက်ပါအာယသ်တော်တွင် ကတိပြု မိန့်ဆိုထားသည်မှာ ဗန္ဒာဟ်ကျေးကျွန်တောင်းခံသည့် ဒိုအာ ကို အလ္လာဟ်အသျှင်မြတ် လက်သင့်ခံမည်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ လူသားများတောင်းခံသည့် ဒိုအာများ လက်သင့်မခံသည်ကိုလည်း တွေ့ရှိရပေသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး အဘူစအီးဒ် ခွဒ်ရီ ﷺ သခင်က ဆင့်ပြန်ထားသော ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကြင် မွတ်စ္စလင်မ်သည် အလ္လာဟ်အသျှင်မြတ်ထံတော် တစ်စုံတစ်ရာကို တောင်းခံပါမူ အလ္လာဟ်အသျှင်မြတ် ပေးသနားတော်မူပေသည်။ သို့သော် အရေးကြီးသည်မှာ ထိုတောင်းခံမှုတွင် ပြစ်မှုတစ်စုံတစ်ခု ကျူးလွန်ရန်နှင့် ဆွေမျိုးအဆက်ဖြစ်သည့် ဒိုအာမဖြစ်စေရ။ ထို့ပြင် လက်ခံမှုပုံစံ သုံးခုအနက်မှ ပုံစံတစ်ခုခုဖြင့် လက်ခံမှု ပြုသည်။ ပုံစံတစ်ခုမှာ တောင်းခံသည့်အရာ ရရှိသွား ခြင်း၊ ဒုတိယပုံစံတစ်ခုမှာ ၄င်းတောင်းခံသည့် အရာအစား 'အာခေရသ်'၌ အကျိုး'စဝါးဗ်' သတ်မှတ်ပေး လိုက်သည်။ တတိယပုံစံမှာ တောင်းခံသည့် အရာ မရရှိသော်လည်း ၄င်းအပေါ် ကျရောက်ရန်ရှိသော ဘေး ဗလာတစ်ခုခုကို ဖယ်ရှားပေးလိုက်သည်။

[မွတ်စ်နဒ်အဟ်မဒ်၊ မဇ္ဇဟရီကျမ်း။]

ဒိုအာလက်ခံမှုရရှိစေရန် စည်းကမ်းချက်များ

အထက်ပါအာယသ်တော်တွင် အပေါ်ယံအားဖြင့် ကြည့်လျှင် မည်သည့်စည်းကမ်းချက်မှ မရှိပေ။ မွတ်စ္စလင်မ်ဖြစ်ရန်ပင်လျှင် ဒိုအာလက်ခံမှု ရရှိစေမည့် စည်းကမ်းချက်အတွင်း မပါဝင်ပေ။ ကာဖိရ်များ၏ ဒိုအာကိုပင်လျှင် အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူသည်။ အဘယ်မျှအထိဆိုသော် အီဗ်လီးစ်၏ 'ကေယာမသ်'တိုင် အသက်ရှင်နေစေရန် တောင်းခံခဲ့သော ဒိုအာကိုပင်လျှင် လက်သင့်ခံခဲ့သည်။ ဒိုအာ အတွက်မူ အချိန်ကာလသည်လည်းကောင်း၊ သန့်ရှင်းသန့်ပြန့်ခြင်းသည်လည်းကောင်း၊ ဝိဇူရှိခြင်းသည်လည်း ကောင်း တစ်စုံတစ်ခုမျှ အရေးမကြီးပေ။ သို့သော်လည်း ခိုင်လုံသော ဟဒီးစ်တော်များတွင် အချို့သော အရာများကို ဒိုအာလက်ခံရန် အဟန့်အတားအဖြစ် သတ်မှတ်မိန့်ဆိုထားသည်ကို တွေ့ရှိရသည်။ ထိုအချက်များမှ ရှောင်ကြဉ်ရန် အရေးကြီးလှပေသည်။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အချို့သောသူများသည် ခရီးအမြောက်အမြား သွားလေ့ရှိသည်။ ထို့နောက် ကောင်းကင်ဘက်သို့ လက်မြှောက်ကာ 'အို၊ အသျှင်၊

အား ကလေးသူငယ်များအဖြစ် ထွက်စေတော်မူ၏။ ထို့နောက် အသင်တို့သည် မိမိတို့၏ လူလားမြောက် အရွယ်ရောက်သော အချိန်ကာလတိုင်အောင် ရောက်ရှိကြရန်အလို့ငှာ (အသက်ရှင်စေတော်မူ၏)။ ထို့ နောက်တစ်ဖန် အသင်တို့သည် ဇရာအိုများ အရွယ်သို့ ရောက်ရှိကြရန်အလို့ငှာ (အသက်ရှင်စေတော်မူ၏။) ၎င်းပြင် အသင်တို့အနက် (လူလားမြောက်ခြင်း အရွယ်သို့ လည်းကောင်း၊ ဇရာအိုအရွယ်သို့လည်းကောင်း မရောက်မီ) ရှေးဦးမဆွဲ့ပင် သေဆုံးကြရသူများလည်း ရှိကြပေသည်။ ထို့ပြင် အသင်တို့သည် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ရောက်ရှိအံ့သောငှာလည်းကောင်း၊ အသင်တို့သည် သိနားလည်ကြအံ့သောငှာလည်းကောင်း၊ (ထိုအသျှင်မြတ်သည် အသင်တို့အား ရှေ့ဆိုင်းထားတော်မူ၏။)

هُوَ الَّذِي يُحْيِ وَيُمِيتُ ۖ فَإِذَا قَضَىٰ أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ ﴿٦٨﴾

၄၀ : ၆၈ ။ ။ ထိုအသျှင်မြတ်သည်ပင် အသက်ရှင်စေတော်မူ၏။ အသက်သေစေတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် အရေးကိစ္စတစ်စုံတစ်ရာကို ပြဋ္ဌာန်းလိုတော်မူသောအခါ 'ဖြစ်စေ' ဟု မိန့်ကြားတော်မူရုံဖြင့် ယင်းအရေးကိစ္စမှာ (ချက်ချင်း) ဖြစ်ပေါ်လာလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသင်တို့၏ (အကျိုးအမြတ်ရရှိရန်) အလို့ငှာ ညဉ့်ကို ဖန်ဆင်းထားသည်။ အသင်တို့ ထိုညဉ့်အချိန်တွင် အနားယူရန်ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်သည်သာလျှင် နေ့တာကို (ကြည့်ရှုနိုင်ရန်) လင်းဝင်းစေတော်မူသည်။ (သို့မှသာ အခက်အခဲမရှိ စားနပ်ရိက္ခာ ရှာဖွေနိုင်မည်ဖြစ်သည်။) မုချဧကန် လူသားများအပေါ် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားသော ကျေးဇူးတော်များ ရှိသည်။ (အကြောင်းမှာ လူသားများ၏ မြောက်မြားစွာသော အကျိုးအကြောင်းများကို ထောက်ထားတော်မူသည်။) သို့သော် မြောက်မြားစွာသော သူတို့သည် (ထို 'နေ့အိမ်မသ်' တော်များ၏) ကျေးဇူးတရားအား မသိတတ်ကြပေ။ (သို့သာမက ဆန့်ကျင်၍ တုဖက်နှိုင်းယှဉ်မှုများ ပြုကြသည်။) ဤအသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အထက်တင်ပြပါ အသျှင်မြတ်သည်သာ ဖန်ဆင်းရှင် ဖြစ်တော်မူပေသည်။ အသင်တို့ တီထွင်ထားသော အရာများသည် ဖန်ဆင်းရှင်မဟုတ်ပေ။) ထိုအသျှင်မြတ်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်မှအပ အခြားမည်သည့်ခဝပ်ကိုးကွယ်ရာ အရှင် မရှိ။ သို့ရှိရာ (ထိုအသျှင်မြတ်တစ်ပါးတည်း တည်ရှိခြင်းသည် အတည်ဖြစ်ပြီးနောက်) အသင်တို့သည် မည်သို့ (တုဖက်နှိုင်းယှဉ်ကာ) နောက်ပြန်လှည့်သွားနေကြသနည်း။ (ဤမေးခွန်းသည် တမန်တော်မြတ် ﷺ ၏ ခေတ်ရှိ ကာဖိရ်များနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ၎င်းတို့အနေနှင့် ဝါဒဆွဲမှု၊ ရန်ငြိုးထားမှုများကြောင့် နောက်ပြန်လှည့်သွားနေကြသကဲ့သို့) ထိုနည်းတူစွာ ထို (ယခင်) ပုဂ္ဂိုလ်များသည်လည်း နောက်ပြန်လှည့်သွားခဲ့ကြပြီး ဖြစ်သည်။

အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ (ဖန်ဆင်းမှုများနှင့် ပညတ်ချက်) လက္ခဏာများအား ငြင်းဆန်ခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မြေပထဝီအား (အဖန်ဆင်းခံများအတွက်) ရပ်တည်ရာနေရာအဖြစ် ဖန်ဆင်းထားတော်မူသည်။ ၎င်းနောက် မိုးကောင်းကင်အား (အပေါ်၌) အမိုး (ပမာ) ဖန်ဆင်းထားတော်မူသည်။ ၎င်းနောက် အသင်တို့၏ ပုံပန်းသဏ္ဍာန်များ ဖန်ဆင်းတော်မူသည်။ တစ်ဖန် ထိုပုံပန်းသဏ္ဍာန်အား လှပသေသပ်သော ပုံပန်းသဏ္ဍာန်အဖြစ် ဖန်ဆင်းထားတော်မူသည်။ (သို့ရှိရာ လူသား၏ ကိုယ်ခန္ဓာအစိတ်အပိုင်းကဲ့သို့ မည်သည့်သက်ရှိ သတ္တဝါ၏ အစိတ်အပိုင်းမျှ လှပတင့်တယ်သည်ဟူ၍ မရှိ။ ၎င်းနောက် ဤအချက်သည် မငြင်းဆန်နိုင်သည့် အထောက်အထားတစ်ရပ် ဖြစ်သည်။) ၎င်းနောက် အသင်တို့အား ကောင်းမွန်သော စားသောက်ဖွယ်ရာများ ချီးမြှင့်တော်မူသည်။ ထိုအသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ကြီးမားမြင့်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ စကြဝဠာအားလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည်သာလျှင် (ရှေးယခင်ကသော်လည်းကောင်း၊ နောင်တွင်လည်း အမြဲ) ရှင်သန် (နေတော်မူသော) အသျှင်မြတ် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်မှအပ အခြားမည်သူမှ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ မရှိ။ သို့ရှိရာ အသင်တို့ (အားလုံး) စစ်မှန်သော ယုံပုံအားကိုးမှုဖြင့် ထိုအသျှင်မြတ်ကို တသကြကုန်။ (ထို့ပြင် တုဖက်ကိုးကွယ်ခြင်း မပြုလေနှင့်။) ကောင်းခြင်းဟူသမျှသည် ထိုအသျှင်မြတ်အတွက်သာ ဖြစ်သည်။ ထိုအသျှင်မြတ်သည်သာလျှင် စကြဝဠာအားလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ အသင်တမန်တော် (၎င်းမုရှရစ်ကဲ်များ သိရှိရစေရန်) ပြောကြားပါလေ။ ငါကိုယ်တော်ကိုမူ ထို (တုဖက်နှိုင်းယှဉ်ရာများအား ခဝပ်မှုပြုခြင်းမှ) တားမြစ်ထားလေသည်။ အကြင်အရာများကို အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ တသကြွေးကြော်ကြလေသည်။ ကျွန်ုပ်ထံတွင်မူကား ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ နိမိတ်လက္ခဏာတော်များ ရောက်ရှိပြီးဖြစ်လေသည်။ (ဆိုလိုသည်မှာ အသိဉာဏ်နှင့် ချိန်ထိုးနှိုင်းယှဉ်၍ ရသော အထောက်အထားများနှင့် ဆင့်ပြန်ချက်အရ လာရှိသော အထောက်အထားများ ဖြစ်သည်။ အလိုသဘောမှာ ကျွန်ုပ်အား တုဖက်နှိုင်းယှဉ်မှုပြုခြင်းမှ တားမြစ်ထားသည်။)

၎င်းနောက် ကျွန်ုပ်အား မိန့်တော်မူသည်မှာ ကျွန်ုပ်သည် စကြဝဠာအပေါင်းကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်၌ (သာလျှင်) မိမိဦးခေါင်းကို (ခဝပ်) ရိုကျိုးရမည်။ (အလိုသဘောမှာ ကျွန်ုပ်အား အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်းကို ကြွေးကြော်ရန် အမိန့်တော်မူထားလေသည်။) ထိုအသျှင်မြတ်သည်သာလျှင် အသင်တို့အား (ဆိုလိုသည်မှာ အသင်တို့၏ ဖခင်ကြီးအား) မြေကြီးဖြင့် ဖန်ဆင်းထားတော်မူသည်။ တစ်ဖန် (၎င်း၏ သားစဉ်မြေးဆက်အား) ကာလလရေကြည်ဖြင့်လည်းကောင်း၊ တစ်ဖန် သွေးတုံးသွေးခဲအဖြစ်လည်းကောင်း၊ (စူရာဟ်ဟဂ်ျတွင် တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။) တစ်ဖန် အသင်တို့အား လူမမယ်ကလေးအဖြစ်နှင့် (မိခင်ဝမ်းဗိုက်မှ) ထွက်စေခဲ့သည်။ တစ်ဖန် (အသင်တို့အား ရှင်သန်စေခဲ့သည်။) အသင်တို့ အရွယ်ရောက် လူလားမြောက်နိုင်ရန် ဖြစ်သည်။ တစ်ဖန်

(အသင်တို့အား ဆက်လက် ရှင်သန်စေခဲ့သည်။) အသင်တို့ သက်ကြီးရွယ်အိုဘဝသို့ မရောက်မီအလျင် သေဆုံးကွယ်လွန်သွားကြသည်။ (ဤသည် အသင်တို့၏ သီးခြားအခြေအနေများ ဖြစ်ကြသည်။ အချို့သည် အရွယ်ရောက်သည်အထိ ရှင်သန်ကြရပြီး အချို့သည် မရှင်သန်ကြပေ။ အချို့သည် သက်ကြီးရွယ်အိုဘဝ အထိ ရှင်သန်ကြပြီး အချို့သည် မရှင်သန်ကြပေ။) ၎င်းနောက် (ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်၏ ဤအမိန့်တော်သည် အသင်တို့အားလုံးနှင့် ညီတူညီမျှ သက်ဆိုင်နေသည်မှာ အသင်တို့အနက် လူတိုင်းလူတိုင်းကို သီးသန့် သက်တမ်းတစ်ခု ချီးမြှင့်ထားသည်။) သို့မှသာ အသင်တို့အားလုံး (မိမိတို့၏ ကိုယ်ပိုင်) သတ်မှတ်ချိန်သို့ ရောက်ရှိရန်ဖြစ်သည်။ (သို့ရှိရာ ဤအမိန့်တော်သည် အားလုံးနှင့် သက်ဆိုင်နေသည့်အတွက်ကြောင့် မတူညီသော အစိတ်အပိုင်းများအားလုံး၏ အမိန့်သည်လည်း ထိုအားလုံးနှင့် သက်ဆိုင်သည့် အမိန့်တော်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။) ၎င်းနောက် (ဤကဲ့သို့ သတ်မှတ်ရခြင်း၏ အကြောင်းမှာ) အသင်တို့ (ထိုအရာများကို တွေးတောခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းကို) နားလည်စေရန်ဖြစ်သည်။ အကြင်အသျှင်မြတ်သည် ရှင်စေ၊ သေစေတော်မူသည်။ တစ်ဖန် ထိုအသျှင်မြတ်သည် အရာဝတ္ထုတစ်ခုအား (ချက်ချင်း) ပြည့်ဝစေလိုတော်မူသော် ထိုအရာအား 'ဖြစ်စေ' (မျှသာ) အမိန့်ပေးရုံးဖြင့် ဖြစ်သွားလေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုများနှင့် ပြည့်ဝသော စွမ်းဆောင်နိုင်မှုတို့ကို ပုံဖော်တင်ပြပြီး 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း) တရားဘက်သို့ ဖိတ်ခေါ်မှု ပြုခဲ့လေသည်။

جَعَلَ لَكُمُ الَّيْلَ لِتَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا

စဉ်းစားသုံးသပ်ကြည့်ပါက မည်မျှ ကြီးမားသော 'နေအ်မသ်'တော် ဖြစ်ချေသနည်း။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အလွှာအသီးသီးမှ လူတန်းစားပေါင်းစုံကိုသာမက တိရစ္ဆာန်များအတွက် သဘာဝအတိုင်း အိပ်စက်ရန် အချိန်တစ်ခု သတ်မှတ်ပေးထားပေသည်။ ထို့ပြင် ယင်းအချိန်ကို မှောင်စေကာ အိပ်စက်ရန် အသင့်လျော်ဆုံး ပြုပေးထားတော်မူသည်။ ၎င်းနောက် အားလုံး၏ အကျင့်ဓလေ့၊ သဘာဝတရားနှင့် စီလျော်စေကာ ထိုအချိန်၌သာ ဆိုလိုသည်မှာ ညအချိန်၌သာ အိပ်စက်ကြသည်။ သို့တည်းမဟုတ် လူသားတို့သည် မိမိတို့၏ လုပ်ငန်းများ အလိုကျ၊ လွယ်ကူသလို အချိန်များ သတ်မှတ်လုပ်ဆောင်ကြသကဲ့သို့ အကယ်၍ အိပ်စက်ခြင်းကိုလည်း ၎င်းတို့အလိုအတိုင်း ပြုခွင့်ပေးလိုက်သည်ရှိသော်၊ ထို့ပြင် မိမိတို့၏ အိပ်စက်မှုအစီအစဉ်များကို အချိန်အမျိုးမျိုး သတ်မှတ်လိုက်ကြသည်ရှိသော် အိပ်စက်သူများကိုလည်း အိပ်စက်ခြင်း၏ အရသာနှင့် သက်သာရာရမည်မဟုတ်ပေ။ သို့သာမက နိုးကြားနေသူများ၏ လုပ်ငန်းဆောင်တာ စိမ်မှုများသည်လည်း မမှန်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လူသားများ၏ လိုအပ်ချက်များသည် အချင်းချင်း

တစ်ဦးနှင့်တစ်ဦး ပတ်သက် လိုအပ်နေကြသည်။ အကယ်၍ အိပ်စက်ချိန်များ ကွဲပြားနေပါမှ နိုးကြားနေသူ၏ ထိုလုပ်ငန်းများတွင် အနှောင့်အယှက်ဖြစ်စေမည်ဖြစ်သည်။ အကြင်လုပ်ငန်းများကို လုပ်ဆောင်ရန် အိပ်နေသောသူနှင့် ပတ်သက်နေသည်။ ထို့ပြင် နိုးကြားနေသူနှင့် ဆက်စပ်၍ လုပ်ဆောင်ရမည့် အိပ်စက်နေသူ လုပ်ငန်းများသည်လည်း ပျက်ပြယ်သွားမည်သာဖြစ်သည်။ ၎င်းနောက် အကယ်၍ လူများ၏ အိပ်စက်ချိန်ကိုသာ သတ်မှတ်ထားပြီး တိရစ္ဆာန်များ၏ အိပ်စက်ချိန်သည် အခြားအချိန်ဖြစ်နေလျှင်လည်း လူသားတို့၏ လုပ်ငန်းများသည်လည်း အစီအစဉ်တကျ မဖြစ်နိုင်ပေ။

وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ

လူသား၏ ရုပ်ဆင်းသဏ္ဍာန်ကိုမူ အလ္လာဟ်အသျှင်မြတ်သည် အခြားသတ္တဝါအားလုံးနှင့်မတူ တမူထူးခြားသော၊ မြင့်မြတ်သော ပုံပန်းသဏ္ဍာန်ဖြင့် ဖန်ဆင်းတော်မူထားသည်။ ၎င်းလူသားများကိုမူ စဉ်းစားဆင်ခြင်နိုင်သော အသိဉာဏ်ချီးမြှင့်ထားသည်။ ၎င်းတို့၏ ခြေလက်များကို ဤကဲ့သို့ ပြုလုပ်ပေး သနားတော်မူခဲ့သည်မှာ ၎င်းတို့သည် ယင်းဖြင့် မိမိတို့ သက်သာရာရရှိစေရန် အရာဝတ္ထုများ ပြုလုပ်ကြသည်။ ၎င်းတို့၏ အစာအဟာရများသည်လည်း အခြားသတ္တဝါများနှင့်မတူ ထူးခြားလေသည်။ ယင်းတိရစ္ဆာန်များမှာမူ မိမိတို့၏ ပါးစပ်ဖြင့် ကျက်စားကြပြီး သောက်သုံးကြသည်။ ဤလူသားမူကား လက်ဖြင့် လုပ်ဆောင်ရသည်။ များသောအားဖြင့် တိရစ္ဆာန်များသည် အစာတစ်မျိုးတည်း စားလေ့ရှိသည်။ အချို့မှ အသားစားပြီး၊ အချို့မှာ မြက်နှင့် အရွက်များ စားကြသည်။ ထို့ပြင် မြက်နှင့် အရွက်ပင် သီးသန့်တစ်မျိုးတည်း စားကြပြီး လူသားများနှင့်မတူသည်မှာ လူသားများသည် မိမိတို့၏ အစားအစာများကို အရာအမျိုးမျိုး၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အသားငါးများနှင့် မဆလာသုံးကာ အရသာရှိရှိ၊ အစားဝင်မြိန်စေရန် ချက်ပြုတ်စားသောက်ကြသည်။ သစ်သီးတစ်မျိုးတည်းဖြင့် အမျိုးမျိုးသော ဟင်းလျာများ၊ သနပ်များ၊ ယိုများ၊ ကျတ်နီများ ပြုလုပ်စားသုံးကြသည်။

فَتَبَارَكَ اللَّهُ أَحْسَنُ الْخَالِقِينَ

သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် အကောင်းဆုံးသော ဖန်ဆင်းနိုင်တော်မူသော အသျှင်မြတ်ဖြစ်တော်မူပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَلَمْ تَرَ إِلَى الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ أَنَّىٰ يُصْرَفُونَ ۝٦٩

၄၀ : ၆၉ ။ ။ (အို, နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ၌ အငြင်းပွားလျက်ရှိကြသော သူတို့အား မမြင်လေသလော။ ၎င်းတို့သည် အဘယ်သို့ ပြန်လှည့်သွားနေကြသနည်း။

الَّذِينَ كَذَّبُوا بِالْكِتَابِ وَبِمَا أَرْسَلْنَا بِهِ رُسُلَنَا ۖ فَسَوْفَ يَعْلَمُونَ ﴿٧٠﴾

၄၀ : ၇၀ ။ ။ အကြင်သူတို့သည် (ဤကုရ်အာန်) ကျမ်းတော်မြတ်ကိုလည်းကောင်း၊ ငါအသျှင်မြတ် မိမိ၏ ရစူလ်တမန်တော်များအား ပေး၍ စေလွှတ်တော်မူသော (အယူဝါဒ အမိန့်ပညတ်တော် စသည်တို့) ကိုလည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မကြာမီပင် ၎င်းတို့သည် သိရှိကြရပေမည်။

إِذِ الْأَغْلَالُ فِي أَعْنَاقِهِمْ وَالسَّلَاسِلُ يُسْحَبُونَ ﴿٧١﴾

၄၀ : ၇၁ ။ ။ အကြင်အခါဝယ် ထိုသူတို့၏ လည်ကုပ်များ၌ လည်ကွင်းများနှင့် သံကြိုးများသည် ရှိနေကြပေမည်။ (ထို့ပြင်) ၎င်းတို့သည် ဒရွတ်တိုက်ဆွဲချခြင်းကို ခံကြရပေမည်၊

فِي الْحَمِيمِ ثُمَّ فِي النَّارِ يُسْجَرُونَ ﴿٧٢﴾

၄၀ : ၇၂ ။ ။ ကျိုက်ကျိုက်ဆူလျက်ရှိသော ရေနွေးပူ၌ [ဆွဲချခြင်းကို ခံရပေမည်။] ထို့နောက် ၎င်းတို့သည် ငရဲမီးထဲသို့ တွန်းထိုးခြင်းကို ခံကြရပေမည်။

ثُمَّ قِيلَ لَهُمْ أَيْنَ مَا كُنْتُمْ تُشْرِكُونَ ﴿٧٣﴾

၄၀ : ၇၃ ။ ။ ထို့နောက် ၎င်းတို့သည် (ဤသို့) ပြောဆို (မေးမြန်း) ခြင်းကို ခံကြရပေမည်။ အသင်တို့ တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) လေ့ရှိကြသော အရာများသည် အဘယ်မှာနည်း။

مِنْ دُونِ اللَّهِ ۖ قَالُوا ضَلُّوا عَنَّا بَلْ لَمْ نَكُنْ نَدْعُو مِنْ
قَبْلُ شَيْئًا ۚ كَذَٰلِكَ يُضِلُّ اللَّهُ الْكَافِرِينَ ﴿٧٤﴾

၄၀ : ၇၄ ။ ။ အလ္လာဟ်အသျှင်မြတ်နှင့်အတူ၊ ၎င်းတို့က လျှောက်ထားကြပေမည်။ ၎င်းတို့မှာ ကျွန်တော်မျိုးတို့ထံမှ ပျောက်သွားကြပါပြီ။ ထိုသို့ အလျဉ်းမဟုတ်၊ စင်စစ်မှာကား ကျွန်တော်မျိုးသည် ယခင်က မည်သည့်တစ်စုံတစ်ရာမျှပင် ဟစ်ခေါ်တသ (ဆည်းကပ်ကိုးကွယ်) ခြင်း မပြုခဲ့ကြပါ။ အလ္လာဟ်အသျှင်မြတ်သည် ထိုနည်းအတိုင်းပင် ကာဖိရ်သွေဖည်ငြင်းပယ်ကြသော သူတို့အား လမ်းမှား၌ပင် နေမြဲနေစေတော်မူ၏။

ذَٰلِكُمْ بِمَا كُنْتُمْ تَفْرَحُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنْتُمْ تَمْرَحُونَ ﴿٧٥﴾

၄၀ : ၇၅ ။ ။ ထို (ပြစ်ဒဏ်ကို ခံစားကြရခြင်း) မှာ အသင်တို့သည် ကမ္ဘာလောက၌ မတရားသဖြင့် ရွှင်မြူးလျက်ရှိခဲ့ကြသောကြောင့်လည်းကောင်း၊ ဝင့်ကြွားလျက် ရှိခဲ့ကြသောကြောင့်လည်းကောင်း (ခံစားကြရခြင်း) ဖြစ်၏။

ادْخُلُوا أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا ۖ فَبِئْسَ مَثْوَى الْمُتَكَبِّرِينَ ﴿٧٦﴾

၄၀ : ၇၆ ။ ။ (ယခုမူ) အသင်တို့သည် 'ဂျဟန္နမ်'ငရဲဘုံ၏ တံခါးပေါက်များသို့ ယင်းဂျဟန္နမ်ငရဲဘုံ၌ အမြဲထာဝရ နေထိုင်ကြသူတို့အဖြစ် ဝင်ရောက်ကြကုန်လော့။ စင်စစ် ဘဝင်မြင့် မာန်မာနထောင်လွှားကြကုန်သော သူတို့၏ နေထိုင်ရာ ဌာနမှာမူ လွန်စွာ ဆိုးရွားလှပေသည်။

فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ ۚ فَإِمَّا نُرِيَنَّكَ
بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا يُرْجَعُونَ ﴿٧٧﴾

၄၀ : ၇၇ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် သည်းခံပါလေ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ ကတိပြုတော်မူချက်သည် မှန်ကန်သော ကတိပြုချက်ပင် ဖြစ်၏။ ထို့နောက် အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား ငါအသျှင်မြတ် ချိန်းချက်တော်မူသည်များအနက် အချို့ကို အသင့်အား ပြသတော်မူသည် ဖြစ်စေ၊ အသင့်အား သေဆုံးစေတော်မူသည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ၊ ၎င်းတို့မှာမူ ငါအသျှင်မြတ်ထံတော်သို့ ပြန်လာကြရမည်သာ (ဖြစ်၏။)

وَلَقَدْ أَرْسَلْنَا رُسُلًا مِّن قَبْلِكَ مِنْهُم مَّن قَصَصْنَا عَلَيْكَ
وَمِنْهُم مَّن لَّمْ نَقْصُصْ عَلَيْكَ ۗ وَمَا كَانَ لِرَسُولٍ أَن يَأْتِيَ
بِآيَةٍ إِلَّا بِإِذْنِ اللَّهِ ۚ فَإِذَا جَاءَ أَمْرُ اللَّهِ قُضِيَ بِالْحَقِّ وَخَسِرَ
هُنَالِكَ الْمُبْطِلُونَ ﴿٧٨﴾

၄၀ : ၇၈ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင့်အလျင် (မြောက်မြားစွာသော) ရစူလ်တမန်တော်များအား စေလွှတ်တော်မူခဲ့၏။ ၎င်းတို့အနက် အချို့သော ရစူလ်တမန်တော်များ၏ အတ္ထုပ္ပတ္တိကို ငါအသျှင်မြတ်သည် အသင့်အား ပြောပြတော်မူခဲ့၍ အချို့၏ အတ္ထုပ္ပတ္တိကို ငါအသျှင်မြတ်သည် အသင့်အား ပြောပြတော်မူခဲ့သည်မရှိချေ။ စင်စစ် မည်သည့် ရစူလ်တမန်တော်တစ်ပါးအဖို့မျှပင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်မရှိဘဲ တန်ခိုးတော် တစ်စုံတစ်ရာကိုမျှ ပြနိုင်စွမ်းမရှိပြီ။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် ရောက်ရှိ၍ လာသောအခါ၌မူ တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီးသည့်အပြင် အမှားကို လိုက်စားသော သူတို့သည် ထိုနေရာ၌ပင် ပျက်စီးဆုံးရှုံးခဲ့ကြရပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော် ထိုသူများ (၏ အခြေအနေ) ကို မမြင်သလော။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များနှင့် ပတ်သက်ပြီး ငြင်းခုံမှုပြုခဲ့ကြသည်။ (အမှန်တရားမှ လွဲဖယ်လျက်) မည်သည့်

ဘက်သို့ သွားနေကြသနည်း။ အကြင်သူများသည် ဤကျမ်းမြတ် (ဆိုလိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်) ကို ငြင်းဆိုနေကြပြီး၊ ငါအသျှင်မြတ်သည် မိမိနဗီတမန်တော်များကို အတူပေး စေလွှတ်လိုက်သည့် အရာများကိုလည်း ငြင်းဆိုခဲ့ကြသည်။ ထိုအရာများတွင် ကျမ်းဂန်များ၊ အမိန့်ပညတ်ချက်များ၊ 'မုအ်ဂျေဇာဟ်' (သဘာဝလွန်ဖြစ်ရပ်များ) အားလုံး ပါဝင်လေသည်။ အဘယ်ကြောင့်ဆိုသော် အာရဗ်ရှိ မုရှ်ရစ်ကဲ့များသည် အခြားမည်သည့်တမန်တော်ကိုမျှ လက်မခံခဲ့ကြပေ။) သို့ရှိရာ ၎င်းတို့ကိုလည်း ယခု (မကြာမီလာမည့် 'ကေယာမသ်'နေ့တွင်) လည်ဂုတ်များတွင် ကြိုးကွင်းစွပ်လိုက်လျှင် သိရှိနားလည်သွားပေမည်။ ထို့ပြင် (ယင်းကြိုးကွင်းများတွင်) သံကြိုးများ (ချိတ်တွဲထားမည်ဖြစ်သည်။ ယင်းသံကြိုး၏ အဖျားတစ်စသည် ဖရစ်ရှ်သာဟ်၏ လက်တွင်ရှိမည်။ ထို့နောက် ယင်းသံကြိုးများဖြင့်) ၎င်းတို့ကို တရွတ်တိုက်ဆွဲကာ ဆူပွက်နေသော ရေပူများ အတွင်းသို့ ပစ်ချမည်ဖြစ်သည်။ တစ်ဖန် ဤသူများကို မီးတောက်အတွင်း ချကာ မီးရှို့မည်ဖြစ်သည်။ ထို့နောက် ၎င်းတို့ကို မေးမြန်းမည်မှာ အလ္လာဟ်အသျှင်မြတ်မှအပ (အသင်တို့ ဆည်းကပ်ကိုးကွယ်ခဲ့သော အရာများ) ရုပ်တုများ အဘယ်မှာနည်း။ ၎င်းတို့ကိုမူ အသင်တို့သည် (အသျှင်မြတ်နှင့်) တုဖက်ကိုးကွယ်ရာအဖြစ် ပြုခဲ့ကြသည်။ (ဆိုလိုသည်မှာ အသင်တို့ကို မည်သည့်အတွက်ကြောင့် မကူညီသနည်း။)

ထိုအခါ ၎င်းတို့က ပြောဆိုကြမည်မှာ ထိုအရာများအားလုံး ကျွန်ုပ်တို့အရှေ့မှ ပျောက်ကွယ်ကုန်ပြီ။ သို့သာမက (အမှန်စကားကို ဆိုရလျှင်) ကျွန်ုပ်တို့သည် ဤထက်အလျင် (လောက၌ ရုပ်တုများကို ကိုးကွယ်ခဲ့ရာ ယခု ထင်နေရသည်မှာ) မည်သူ့ကိုမျှ ကိုးကွယ်ခဲ့ခြင်းမရှိပေ။ (သိရှိရသည်မှာ ၎င်းတို့သည် မည်သည့်အရာတစ်ခုအဖြစ်မျှပင် မရှိခဲ့ပေ။ ဤကဲ့သို့သော စကားမျိုးကိုမူ မှားယွင်းမှု ပေါ်လွင်သွားသောအခါ၌ သုံးနှုန်းလေ့ရှိသည်။ ပမာဆိုရသော် ပုဂ္ဂိုလ်တစ်ဦးသည် ရောင်းဝယ်ဖောက်ကားမှုပြုရာတွင် အရှုံးနှင့် ရင်ဆိုင်ရပြီး တစ်ဦးတစ်ယောက်က '၎င်းကို အသင် မည်သည့်ပစ္စည်း ရောင်းဝယ်မှု ပြုပါသနည်း' ဟု မေးလျှင် ၎င်းသည် 'မည်သည့်ရောင်းဝယ်မှုမှ မလုပ်ပါ'ဟု ဖြေသည်။ ဆိုလိုသည်မှာ အရာဝတ္ထုတစ်ခုအား လုပ်ဆောင်၍ အကျိုးမဖြစ်ထွန်းလာသော ထိုအရာပင် မဖြစ်ဟု မှတ်ယူရမည်။ ရှေ့ဆက်၍ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ဤနည်းအတိုင်း ကာဖိရ်များကို လမ်းမှားမှု၌သာ ထားရှိတော်မူသည်။ (ဆိုလိုသည်မှာ ထိုနေရာတွင် အကြင်အရာများကို အရာတစ်ခုအဖြစ်မျှပင် မရှိခဲ့ပေ။ အကျိုးသက်ရောက်မှု မပေးနိုင်ဟု ကိုယ်တိုင်ဝန်ခံမည်။ ယနေ့ ဤနေရာတွင်မူ ၎င်းတို့၏ ခဝပ်မှုပြုခြင်း၌ နစ်မွန်းလျက်ရှိသည်။ မိန့်ဆိုမည်မှာ) ဤ (ပြစ်ဒဏ်) သည် အသင်တို့ လောက၌ မတရား ပျော်မြူးခဲ့သော အရာများ၏ အစားပင် ဖြစ်သည်။ ထို့ပြင် အသင်တို့ မောက်မာခဲ့သည်များ၏ အစားပင် ဖြစ်သည်။

(၎င်းနောက် ထို့ထက်အလျင် ၎င်းတို့ကို မိန့်ဆိုမည်မှာ) 'ဂျဟန္နမ်'ငရဲဘုံ၏ တံခါးပေါက်များထဲသို့ ဝင်ကြလေကုန်။ (ထို့ပြင်) အမြဲတမ်း ထိုထဲ၌ နေကြကုန်။ သို့ရှိရာ (အသျှင်မြတ်၏ နိမိတ်လက္ခဏာတော်

များမှ မျက်နှာလွှဲ) မာန်မာနထောင်လွှားသူတို့အတွက် ထိုနေရာသည် ဆိုးရွားသော ဌာနေဖြစ်ချေသည်။ (ထို့နောက် ၎င်းတို့ထံမှ ဤသို့ အစားယူမည် ဖြစ်သည်။) သို့ရှိရာ အသင်တမန်တော် (ခေတ္တ) 'ဆွဗရ်' သည်းခံတရား ထားရှိပါလေ။ ဧကန်မုချ အလ္လာဟ်အသျှင်မြတ်၏ တိကျမှန်ကန်သော ကတိတော်ဖြစ်သည်။ တစ်ဖန် အကြင် ('အဇားဗ်'အပြစ်ဒဏ်) နှင့်ပတ်သက်ပြီး (ချွင်းချက်မရှိ။) ငါအသျှင်မြတ်သည် ၎င်းတို့နှင့် ကတိပြု တော်မူထားသည်။ (ဆိုလိုသည်မှာ 'ကုဖွ်ရ်'ပြု ငြင်းပယ်ခြင်းသည် 'အဇားဗ်' ရရှိမည့်အကြောင်း ခံသာ ဖြစ်သည်။) ဆိုထဲမှ အနည်းငယ်မျှသော ('အဇားဗ်'ကိုပင်) အကယ်၍ ငါအသျှင်မြတ် အသင် တမန်တော်ကို ပြသလိုက်လျှင်သော်လည်းကောင်း (ဆိုလိုသည်မှာ အသင်တမန်တော် သက်ရှိထင်ရှား ရှိနေချိန်၌ပင် ၎င်းတို့အပေါ် ချပေးလိုက်မည်။) သို့မဟုတ် (၎င်းတို့အပေါ် မချပေးမီအလျင်) ငါအသျှင် မြတ်သည် အသင့်အား 'ဝဖားသ်'ပြုပေးတော်မူလိုက်လျှင်လည်း (ထို့နောက်တစ်ဖန် ကျရောက်ခြင်းသည် လည်းကောင်း၊ မကျရောက်ခြင်းသည်လည်းကောင်း နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ ယင်းအနက်မှ ကဏ္ဍာ တစ်စုံတစ်ခု ဖြစ်ပေါ်လာရန် အရေးမကြီးပေ။ သို့သော် အခြေအနေတိုင်းတွင်) မည်သည့်နည်းနှင့်မဆို ၎င်းတို့ကို ငါအသျှင်မြတ် ဘက်တော်သို့သာ လှည့်လာရမည်ဖြစ်သည်။

၎င်းနောက် (ထိုအချိန်အခါမျိုးတွင် ဧကန်မလွဲ ၎င်းတို့အပေါ် 'အဇားဗ်'ကျရောက်မည်ဖြစ်သည်) (ထိုအချင်းအရာကို အမှတ်ရ၍လည်း ဖြေသိမ့်ပါလေ။ အကြောင်းမှာ) ငါအသျှင်မြတ်သည် အသင်တမန် တော်အလျင် မြောက်မြားစွာသော စေတမန်များ စေလွှတ်ခဲ့သည်။ ၎င်းစေတမန်များအနက်မှ အချို့စေတမန် များ၏ အကြောင်းအရာများကို ငါအသျှင်မြတ်သည် အသင့်အား (အကျဉ်းချုံး၍သော်လည်းကောင်း၊ အကျယ် တဝင့်သော်လည်းကောင်း) တင်ပြခဲ့ပြီးဖြစ်သည်။ ထို့နောက် အချို့တမန်တော်များနှင့် ပတ်သက်၍ကား အသင့်အား မတင်ပြခဲ့ပေ။ ၎င်းနောက် (စေတမန်များအားလုံးနှင့် ပတ်သက်ပြီး တူညီသည့် အချက် တစ်ချက်မှာ) မည်သည့်စေတမန်မဆို အလ္လာဟ်အသျှင်မြတ်၏ အမိန့်မရှိဘဲနှင့် 'မုအ်ဂျိဇာဟ်'တော်တစ်ခုခု ကို ထုတ်ဖော်ပြသခဲ့သည်ဟူ၍ မရှိခဲ့ပေ။ (၎င်းနောက် မိမိတို့၏ အွမ္မသ်သားများ၏ တောင်းဆိုချက်တိုင်း ကို ဖြည့်ဆည်းပေးခဲ့သည်ဟူ၍ မရှိပေ။ ဤအတွက်ကြောင့်ပင် အချို့သည် ထိုတမန်တော်များအား ငြင်းပယ် ခဲ့ကြသည်။ ထိုနည်းတူစွာ ဤသူ့တို့သည်လည်း အသင်တမန်တော်အား ငြင်းပယ်နေကြသည်။ သို့ရှိရာ အသင်သည် ဖြေသိမ့်ပါလေ။ ၎င်းနောက် ခန္တီတရား ထားရှိပါလေ။) တစ်ဖန် အကြင်အခါ အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော်သည် ('အဇားဗ်'အပြစ်ဒဏ် ချမှတ်ရန်အတွက်) ရောက်ရှိလာလျှင် (ဒွန္နယာ လောကတွင်ဖြစ်စေ၊ (သို့) နောင်တမလွန်တွင်ဖြစ်စေ

فَإِمَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ

ဟူသော အာယသ်တော်အရ) တိကျမှန်ကန်စွာ ဆုံးဖြတ်ချက် ချမှတ်တော်မူပေလိမ့်မည်။ ၎င်းနောက် ထိုအခါ လမ်းမှားသူများသည် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يُسْحَبُوْنَ فِى الْحَمِيْمِ ثُمَّ فِى النَّارِ يُسْجَرُوْنَ

حميم 'ဟမီးမ်'ဆိုသည်မှာ 'ဆူပွက်နေသော ရေပူ'ဖြစ်သည်။ ဤအာယသ်တော်၏ အလိုသဘောမှာ ငရဲဘုံသားများကို ဦးစွာပထမ 'ဟမီးမ်'တွင် ထည့်လိမ့်မည်။ ထို့နောက် **جحيم** 'ဂျဟီးမ်' (ဆိုလိုသည်မှာ 'ဂျဟန္နမ်') တွင် ထည့်လိမ့်မည်။ ဤအာယသ်တော်၏ အပေါ်ယံအဓိပ္ပာယ်အရ 'ဟမီးမ်'ဟူသည့် 'ဂျဟန္နမ်'၏ အပြင်ဘက်တစ်နေရာရာတွင် ရှိမည်ဖြစ်သည်။ စူရာဟ်စွာဖွားသ်၏ အာယသ်တော်ဖြစ်သော

ثُمَّ اِنَّ مَرْجِعَهُمْ لَا اِلَى الْجَحِيْمِ

အရလည်း ဤသို့ပင် အဓိပ္ပာယ်သက်ရောက်သည်။ အကြောင်းမှာ 'ဟမီးမ်'သည် 'ဂျဟန္နမ်'၏ အပြင်ဘက်တစ်နေရာတွင် ရှိမည်။ ငရဲသားများကို ထို 'ဟမီးမ်'၏ ရေတိုက်ကျွေးရန်အတွက် ခေါ်ဆောင်လာပြီး၊ တစ်ဖန် 'ဂျဟန္နမ်'သို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သည်။ ထို့နောက် အချို့အာယသ်တော်များအရ သိရှိရသည်မှာ 'ဟမီးမ်'သည်လည်း 'ဂျဟီးမ်' ('ဂျဟန္နမ်'အတွင်း၌) သာလျှင် ရှိမည်။ ဥပမာ-

هٰذِهٖ جَهَنَّمُ الَّتِىْ يُكَذِّبُ بِهَا الْمُجْرِمُوْنَ يَطُوْفُوْنَ بَيْنَهَا وَبَيْنَ حَمِيْمٍ اٰنٍ

ဤအာယသ်တော်တွင် 'ဟမီးမ်'သည်လည်း 'ဂျဟန္နမ်'၏ အတွင်းတွင် ရှိကြောင်း ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။

စဉ်းစားတွေးခေါ်ကြည့်လျှင် သိရှိနိုင်သည်မှာ ဤအဆိုနှစ်ရပ်စလုံးတွင် မည်သည့်ကွဲလွဲမှုမှ မရှိပေ။ 'ဂျဟန္နမ်'ငရဲဘုံတွင် မြောက်မြားစွာသော အဆင့်များရှိမည်။ ထိုအဆင့်များတွင် အမျိုးမျိုးအဖုံဖုံသော 'အဇားဗ်'အပြစ်ဒဏ်များ ရှိမည်။ ထိုအဆင့်များတွင် 'ဟမီးမ်'သည်လည်း အဆင့်တစ်ဆင့်ဖြစ်နိုင်ဖွယ်ရှိသည်။ ထိုအဆင့်သည် ထူးခြားသည့်အတွက် ၎င်းနောက် သီးခြားဖြစ်သည့်အတွက် 'ဂျဟန္နမ်'၏ အပြင်ဘက်တွင် ရှိသည်ဟူ၍လည်း ဆိုနိုင်ပေသည်။ ၎င်းနောက် ဤအဆင့်သည် 'ဂျဟန္နမ်'၏ အဆင့်တစ်ဆင့်ဖြစ်သည့်အတွက် ယင်းကိုလည်း 'ဂျဟန္နမ်'ဟု ဆိုနိုင်ပေသည်။ အိဗ်နေကဆီးရ် (ရဟ) က မိန့်ဆိုသည်မှာ ငရဲဘုံသားများကို သံကြိုးများဖြင့် ချီနှောင်ကာ တစ်ခါတစ်ရံ 'ဟမီးမ်'ထဲသို့ ဆွဲချမည်ဖြစ်ပြီး၊ တစ်ခါတစ်ရံ 'ဂျဟီးမ်'ထဲသို့ ဆွဲချမည် ဖြစ်သည်။

قَالُوْا ضَلُّوْا عَنَّا

ဆိုလိုသည်မှာ မုရှ်ရစ်က်များသည် 'ဂျဟန္နမ်'ငရဲဘုံသို့ ကျရောက်ပြီးနောက် ပြောဆိုကြမည်မှာ ကျွန်ုပ်တို့ ကိုးကွယ်ခဲ့သော ထိုရုပ်တုများနှင့် ရှိက်သွာန်များသည် ယနေ့ ကျွန်ုပ်တို့အပါးမှ ပျောက်ကွယ်ကုန်ကြပြီ။ အလိုသဘောမှာ ကျွန်ုပ်တို့သည် ၎င်းတို့အား မတွေ့မြင်ရပေ။ ကေန်စင်စစ် ထိုအရာများသည်လည်း

ငရဲဘုံ၏ တစ်နေရာတွင် ရောက်ရှိနေကြမည်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏ အခြားအာယသ်တော် တစ်ပိုဒ်ဖြစ်သော

اِنَّكُمْ وَمَا تَعْبُدُوْنَ مِنْ دُوْنِ اللهِ حَصَبُ جَهَنَّمَ

တွင် ယင်းတို့၏ 'ဂျဟန္နမ်'တွင်းသို့ သက်ရောက်ရမည့်အကြောင်း တင်ပြထားသည်။

بِمَاكُنْتُمْ تَفْرَحُوْنَ فِى الْاَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنْتُمْ تَمْرَحُوْنَ

تَفْرَحُوْنَ ဟူသော စာသားသည် فَرَحَ မှ ဆင်းသက်လာခြင်းဖြစ်သည်။ 'ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း' အဓိပ္ပာယ်ရသည်။ ၎င်းနောက် تَمْرَحُوْنَ ဟူသော စာသားသည် مَرَحَ မှ ဆင်းသက်လာသော စာသားဖြစ်သည်။ မောက်မာခြင်း၊ ၎င်းနောက် ဥစ္စာဓနအပေါ် ဂုဏ်မောက်ကာ အခြားသူများ၏ ရပိုင်ခွင့်များအား ချိုးဖောက်ခြင်းဟု အဓိပ္ပာယ်ရသည်။ مرح ဟူသော လုပ်ရပ်သည် လုံး၀ 'ဟရာမ်' ဖြစ်သည်။ ၎င်းနောက် فَرَح ပျော်ရွှင်ခြင်းနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းချက်ရှိသည်။ အကြောင်းမှာ ဥစ္စာဓနတွင် ယစ်မူးကာ အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့ပြီး မကောင်းမှုဒုစရိုက်များဖြင့် အရသာခံယူခြင်း၊ ၎င်းနောက် ထိုအပေါ် ပျော်ရွှင်လျက်ရှိနေခြင်းသည် 'ဟရာမ်'မပြုပိုင်သော အရာဖြစ်သည်။ ဤအာယသ်တော်တွင် فرح ၏ အလိုသဘောမှာ တင်ပြပါအတိုင်းဖြစ်သည်။ ဥပမာ- ကာရူးန်၏ အကြောင်းအရာတွင်လည်း فرح ဟူသော စာသားသည် ဤအဓိပ္ပာယ်အတိုင်းပင် ဖြစ်သည်။

لَاتَفْرَحْ اِنَّ اللهَ لَا يُحِبُّ الْفَرِحِيْنَ

ဆိုလိုသည်မှာ အလွန်အမင်း မပျော်ရွှင်လေနှင့်။ အလ္လာဟ်အသျှင်မြတ်သည် ပျော်ရွှင်နေသူများကို မနှစ်မြို့ပေ။ ၎င်းနောက် فرح ၏ ဒုတိယအဆင့်မှာ ဒုန္နယာလောက၏ 'နေအ်မသ်'စည်းစိမ်များကို အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များဟု မှတ်ယူကာ ဝမ်းမြောက်ပျော်ရွှင်မှုကို ထုတ်ဖော်ခြင်း၊ ဤအချက်သည် ပြုပိုင်သည်သာမက 'မွတ်စ်သဟဗ်'ဖြစ်၍ ပြုရမည့်အချက် ဖြစ်သည်။ ဤသို့သော فرح နှင့် ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူထားသည်မှာ-

فَبِذٰلِكَ فَلْيَفْرَحُوْا

ဆိုလိုသည်မှာ ထို 'နေအ်မသ်'တော်များအပေါ် ပျော်ရွှင်သင့်ပေသည်။ အထက်ပါအာယသ်တော်တွင် مرح နှင့် ပတ်သက်၍ မည်သည့်သတ်မှတ်ချက်မှ မရှိပေ။ ယင်းသည် လုံးလုံးလျားလျား 'အဇာဗ်' ၏ အကြောင်းခံတစ်ခု ဖြစ်သည်။ ၎င်းနောက် فرح နှင့် ပတ်သက်၍မူ အမှန်တရားမှဟူသော သတ်မှတ်ချက်ကို သတ်မှတ်ကာ ပြဋ္ဌာန်းထားသည်မှာ မမှန်ကန်၊ မပြုပိုင်သော ခံစားမှုများအပေါ် ပျော်ရွှင်ခြင်း

သည် 'ဟရာမ်'ဖြစ်၍ မှန်ကန်၊ ပြုပိုင်သော 'နေအ်မသ်'တော်များအပေါ် ကျေးဇူးတင်ရှိသည့်အနေဖြင့် ပျော်ရွှင်ခြင်းသည် 'အေဗာဒသ်'ဖြစ်ပြီး အကျိုး 'စဝါးဗ်' ရရှိမည်ဖြစ်သည်။

فَاصْبِرْ اِنَّ وَعْدَ اللهِ حَقٌّ فَاِمَّا نُرِيَنَّكَ ــ الاٰية

ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ ကိုယ်တော်မြတ် ﷺ သည် ကာဖိရ်များအပေါ် 'အဇားဗ်' ကျရောက်မည်ကို ပျော်ရွှင်မှုနှင့်အတူ စောင့်မျှော်နေခဲ့သည်။ ထို့ကြောင့်ပင် ကိုယ်တော်မြတ် ﷺ အား ဖြေသိမ့်ရန်အတွက် ဤအာယသ်တော်တွင် မိန့်ဆိုထားသည်မှာ အသင်ကိုယ်တော် အနည်းငယ် 'ဆွဗရ်'သည်းခံမှု ပြုပါလေ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို 'အဇားဗ်'ပေးမည့် ကတိတော်သည် ကေန်အမှန် ဖြစ်ရှိမည်။ ကိုယ်တော်မြတ် ﷺ ၏ အသက်ထင်ရှားရှိနေချိန်၌ဖြစ်စေ၊ 'ဝဖားသ်'ဖြစ်ပြီးနောက်ဖြစ်စေ ကျရောက်မည် ဖြစ်သည်။ ကာဖိရ်များအပေါ် 'အဇားဗ်'ကျရောက်လာမည်ကို စောင့်မျှော်နေခြင်းသည် အပေါ်ယံအားဖြင့် **رحمة للعالمين** ဟူသော ဂုဏ်ပုဒ်နှင့် ဆန့်ကျင်နေသည်။ သို့သော်လည်း ညှဉ်းပန်း၊ မတရားသမှု ပြုခံခဲ့ရသော အပြစ်မဲ့ မုအ်မင်န်များကို ဖြောင့်ဖျရန်အတွက်မူ အပြစ်ရှိသူများကို အပြစ်ပေးခြင်းသည် သနားညှာတာခြင်းနှင့် မဆန့်ကျင်ပေ။ တရားခံတစ်ဦးကို အပြစ်ပေးခြင်းသည် မည်သူ့ထံတွင်မှ သနားညှာတာမှု ကင်းမဲ့ခြင်းမမည်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَللّٰهُ الَّذِىْ جَعَلَ لَكُمُ الْاَنْعَامَ لِتَرْكَبُوْا مِنْهَا وَمِنْهَا تَاْكُلُوْنَ ۝٧٩

၄၀ : ၇၉ ။　　။ အလ္လာဟ်အသျှင်မြတ်သည်ပင် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန် (များဖြစ်သော ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်) တို့ကို ဖန်ဆင်းတော်မူခဲ့၏။ အသင်တို့သည် ၎င်းတို့အနက် အချို့ကို စီးနင်းကြကုန်၏။ ထို့ပြင် အသင်တို့သည် ၎င်းတို့အနက် အချို့ကို စားသုံးကြကုန်၏။

وَلَكُمْ فِيْهَا مَنَافِعُ وَلِتَبْلُغُوْا عَلَيْهَا حَاجَةً
فِىْ صُدُوْرِكُمْ وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُوْنَ ۝٨٠

၄၀ : ၈၀ ။　　။ ထို့ပြင် အသင်တို့အဖို့ ယင်းတိရစ္ဆာန်များ၌ များစွာသော အကျိုးကျေးဇူးများသည်လည်း ရှိကုန်၏။ ထို့ပြင် အသင်တို့သည် ယင်းတိရစ္ဆာန်ပေါ်၌ (စီးနင်းလျက်) မိမိတို့၏ စိတ်တွင်းဝယ် အလိုရှိရာသို့ ရောက်ရှိနိုင်ကြရန် အလို့ငှာ (ဖန်ဆင်းတော်မူခဲ့၏။) ထို့ပြင် အသင်တို့သည် ယင်းတိရစ္ဆာန်များပေါ်၌လည်းကောင်း၊ သင်္ဘောများပေါ်၌ လည်းကောင်း တင်ဆောင်ခြင်းကို ခံကြရကုန်၏။

وَيُرِيكُمْ ءَايَٰتِهِۦ فَأَىَّ ءَايَٰتِ ٱللَّهِ تُنكِرُونَ ﴿٨١﴾

၄၀ : ၈၁ ။ ။ စင်စစ် ထိုအသျှင်မြတ်သည် အသင်တို့အား မိမိ၏ သက်သေ လက္ခဏာတော်များကို ပြသတော် မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ မည်သည့်သက်သေလက္ခဏာတော်များကို ငြင်းပယ်ကြမည်နည်း။

أَفَلَمْ يَسِيرُوا۟ فِى ٱلْأَرْضِ فَيَنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ
ٱلَّذِينَ مِن قَبْلِهِمْ ۚ كَانُوٓا۟ أَكْثَرَ مِنْهُمْ وَأَشَدَّ قُوَّةً وَ
ءَاثَارًا فِى ٱلْأَرْضِ فَمَآ أَغْنَىٰ عَنْهُم مَّا كَانُوا۟ يَكْسِبُونَ ﴿٨٢﴾

၄၀ : ၈၂ ။ ။ သို့ဖြစ်ပေရာ (၄င်းတို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာခြင်း မပြုခဲ့ကြလေသလော။ ထို့သို့ ပြုခဲ့ကြလျှင် ၄င်းတို့သည် မိမိတို့အလျှင် ရှိခဲ့ဘူးကြသော သူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို တွေ့မြင်ကြပေမည်။ ထိုရှေးသူဟောင်းတို့သည် ထိုသူတို့ထက်ပင် လူဦးရေများခဲ့ကြသည့်ပြင် သူရသတ္တိ၊ ခွန်အားဗလအားဖြင့်လည်းကောင်း၊ ပထဝီမြေဝယ် ချန်ရစ်ခဲ့သော ခြေရာလက်ရာများအားဖြင့်လည်းကောင်း၊ ပိုမို ထူးကဲသူများ ဖြစ်ခဲ့ကြကုန်၏။ သို့တစေလည်း ၄င်းတို့အဖို့ ၄င်းတို့ ဆည်းပူးခဲ့ကြသည်တို့သည် အသုံးမဝင် အကျိုးပေးသည် မဟုတ်ပေ။

فَلَمَّا جَآءَتْهُمْ رُسُلُهُم بِٱلْبَيِّنَٰتِ فَرِحُوا۟ بِمَا عِندَهُم مِّنَ ٱلْعِلْمِ
وَحَاقَ بِهِم مَّا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ ﴿٨٣﴾

၄၀ : ၈၃ ။ ။ စင်စစ် ၄င်းတို့၏ ရစူလ်တမန်တော်များ ၄င်းတို့ထံ ထင်ရှားစွာသော သက်သေလက္ခဏာ တော်များကို ယူဆောင်၍ လာခဲ့ကြသောအခါ ၄င်းတို့သည် မိမိတို့ထံ ရှိလေသော (လောကီ) ပညာနှင့် စပ်လျဉ်း၍ မြူးတူး ရွှင်ပျော်၊ မော်ကြွားခဲ့ကြကုန်၏။ သို့ရာတွင် ၄င်းတို့ ပျက်ချော်၊ ပြောင်လှောင်လျက် ရှိခဲ့ကြသော (ပြစ်ဒဏ်) မှာ ၄င်းတို့အား ဝန်းဝိုင်းခဲ့လေ၏။

فَلَمَّا رَأَوْا۟ بَأْسَنَا قَالُوٓا۟ ءَامَنَّا بِٱللَّهِ وَحْدَهُۥ وَكَفَرْنَا بِمَا كُنَّا بِهِۦ مُشْرِكِينَ ﴿٨٤﴾

၄၀ : ၈၄ ။ ။ ထို့နောက် ၄င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို မြင်ခဲ့ကြသောအခါ 'ကျွန်တော်မျိုးတို့သည် အလ္လာဟ်အသျှင်မြတ် တစ်ဆူတည်းကိုသာ သက်ဝင်ယုံကြည်ပါပြီ။ ၄င်းပြင် ကျွန်တော်မျိုးတို့သည် မိမိတို့ ထိုအသျှင်မြတ်နှင့် တွဲဖက်နိူင်းယှဉ် ကိုးကွယ်လျက် ရှိခဲ့ကြသည်တို့ကို ငြင်းပယ်ကြပါပြီ' ဟု ပြောဆိုခဲ့ကြကုန်၏။

فَلَمْ يَكُ يَنفَعُهُمْ إِيمَٰنُهُمْ لَمَّا رَأَوْا۟ بَأْسَنَا ۖ سُنَّتَ ٱللَّهِ
ٱلَّتِى قَدْ خَلَتْ فِى عِبَادِهِۦ ۖ وَخَسِرَ هُنَالِكَ ٱلْكَٰفِرُونَ ﴿٨٥﴾

၄၀ : ၈၅ ။ ။ သို့တစေလည်း ၄င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို မြင်တွေ့ခဲ့ကြပြီးဖြစ်ရာ ၄င်းတို့၏ အီမာန် သက်ဝင်ယုံကြည်မှုသည် ၄င်းတို့အား အကျိုးပေးခဲ့သည် မဟုတ်ပေ။ (ဤသည်) အလ္လာဟ်အသျှင်မြတ်၏ အကြင်စည်းကမ်း

အတိုင်းဖြစ်၏။ ထိုစည်းကမ်းသည် ထိုအသျှင်မြတ်၏ ကျွန်တို့နှင့်ပတ်သက်၍ လွန်လေပြီး ဖြစ်၏။ ထို့ပြင် ကာဖိရ်သွေဖည် ငြင်းပယ်သော သူတို့သည် ထိုနေရာ၌ပင် ပျက်စီးဆုံးရှုံးခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသင်တို့အတွက် တိရစ္ဆာန်များကို ဖန်ဆင်းပေးခဲ့သည်။ သို့မှသာ ယင်းထဲမှ အချို့ကို စီးနင်းကြပြီး၊ ထိုထဲမှ အချို့ ('သဏ္ဍဝါ' များကိုမူ) စားသုံးကြသည်။ ထို့ပြင် ယင်းသတ္တဝါ များတွင် အသင်တို့တွက် မြောက်မြားစွာ အကျိုးတရားများရှိသည်။ (ဆိုလိုသည်မှာ ၎င်းတို့၏ အမွေးအမျှင် များနှင့် သိုးမွေးများအဖြစ် အသုံးဝင်သည်။) ၎င်းနောက် (ဤအတွက်ကြောင့် ဖန်ဆင်းထားသည်မှာ) အသင်တို့ ယင်းတို့ကို (စီးနင်း၍) မိမိတို့ စိတ်ဆန္ဒရှိသည့်အတိုင်း လိုရာအရပ်သို့ ရောက်ရှိနိုင်ရန်အတွက် ဖြစ်သည်။ (ဥပမာ- တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံရန် သွားခြင်း၊ ရောင်းဝယ်ဖောက်ကားမှုအတွက် သွားခြင်း စသည်တို့ဖြစ်သည်။) ထို့ပြင် (စီးနင်းရာတွင် တိရစ္ဆာန်များသာ သီးသန့် အသုံးဝင်သည် မဟုတ်ဘဲ) ၎င်းတို့အပေါ်၌ (လည်းကောင်း) ထို့ပြင် လှေသင်္ဘောများအပေါ် (တွင်လည်းကောင်း) စီးနင်းလိုက်ပါကြသည်။ ထို့ပြင် (ယင်းအရာများမှအပ) အသင်တို့ကို မိမိ ('ကွဒ်ရသ်' တန်ခိုးတော်၏) အခြားသော နိမိတ်လက္ခဏာ တော်များကိုလည်း ပြသလျက်ရှိသည်။ (သို့ရှိရာ အရာရာတိုင်းပေါ်တွင် ထိုအသျှင်မြတ်၏ စွမ်းဆောင်မှု လက္ခဏာတော်တစ်ခု ရှိပေသည်။)

သို့ရှိရာ အသင်တို့ အလ္လာဟ်အသျှင်မြတ်၏ မည်သည့်လက္ခဏာတော်များကို ပုန်ကန်ငြင်းဆန်ကြ မည်နည်း။ (ထို့ပြင် ဤသူများသည် ခိုင်လုံသော အထောက်အထားများ ရှိနေပါလျက် 'သောင်ဟီးဒ်' တရားကို ငြင်းဆန်နေခဲ့ရာ ၎င်းတို့ 'ရှရစ်က်' ပြု တုဖက်ခြင်း၏ ဆိုးရွားမှုကို မသိကြကုန်သလော။ ၎င်းနောက်) ထိုသူများသည် နိုင်ငံတကာ လှည့်လည်ကြည့်ရှုမှု မပြုကြသလော။ အဘယ်ကြောင့်ဆိုသော် အကြင် (မုရှ်ရစ်က်) များသည် ၎င်းတို့အလျှင် ရှိခဲ့ကြသည်။ (ထိုတုဖက်မှု၏ အကျိုးကြောင့်) ၎င်းတို့ မည်သည့်အခြေ အနေနှင့် ရင်ဆိုင်ရခဲ့သနည်း (ဆိုသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ စင်စစ်တွင်) ထိုသူများသည် ၎င်းတို့ထက် (အရေအတွက်အားဖြင့်လည်းကောင်း) သူရသတ္တိ၊ ခွန်အားဗလအားဖြင့်လည်းကောင်း၊ ပထဝီမြေဝယ် ချန်စ် ခဲ့သော ခြေရာလက်ရာများ (အဆောက်အဦ စသည်များ) အားဖြင့်လည်းကောင်း ပိုမိုများပြားသူများ ဖြစ်ကြကုန်၏။ သို့သော်လည်း ၎င်းတို့၏ ဆည်းပူးခဲ့ကြသည်တို့သည် ၎င်းတို့အဖို့ အသုံးမဝင်၊ အကျိုးမပေး ခဲ့ပေ။ (အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်မှ မကယ်တင်နိုင်ခဲ့ပေ။ အချုပ်ဆိုရသော်) ၎င်းတို့၏ ရစူလ်တမန်တော်များသည် ၎င်းတို့ထံ ထင်ရှားလှစွာသော သက်သေလက္ခဏာများ ယူဆောင်လာခဲ့ကြသော အခါ ၎င်းတို့သည် မိမိတို့ထံတွင်ရှိသော (လောကီ၏ ရှာဖွေမှု) အတတ်ပညာအပေါ် မြူတူးပျော်ရွှင်မော်ကြွား ခဲ့ကြကုန်၏။ အလိုသဘောမှာ ရှာဖွေမှုအတတ်ပညာကိုသာ အဓိကအရာ၊ ပညာဟု နားလည်သတ်မှတ်၍ ယင်းအတတ်ပညာ၌ ကျွမ်းကျင်ပြီး အရည်အချင်းရှိခြင်းတို့ကို ၎င်းတို့ ရရှိထားသည်ဖြစ်ရာ ထိုအပေါ်တွင်

ပျော်ရွှင်မဆုံး ဖြစ်နေကြသည်။ နောက်ဆုံး ပြန်လျှည့်ရမည့် စခန်း 'အာခေရဲသ်'ကို ငြင်း၍ ၄င်းကို ရှာဖွေခြင်းကိုပင် ရူးသွပ်မှုဟူ၍လည်းကောင်း၊ ထို 'အာခေရဲသ်'နောင်တမလွန်ကို ငြင်းပယ်ခြင်းအပေါ် လာရှိထားသော ခြိမ်းခြောက်ချက် 'ဝအီးဒ်'များကို ပြောင်လှောင်ပျက်ရယ် ပြုခဲ့ကြသည်။) ၄င်းနောက် (၄င်း၏ ရလဒ် အပြစ်ဒဏ်အဖြစ်) ၄င်းတို့ ပြောင်လှောင်ပျက်ရယ်ပြုခဲ့သော ထိုပြစ်ဒဏ်မှာ ၄င်းတို့အပေါ် ကျရောက်ခဲ့လေသည်။ ထို့နောက် ၄င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို မြင်ခဲ့ကြသောအခါ (ယခု) 'ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိခြင်းကိုသာ သက်ဝင်ယုံကြည်ကြပါပြီ။ ၄င်းအပြင် ကျွန်တော်မျိုးတို့သည် ကျွန်ုပ်တို့၏ အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်လျက် ရှိခဲ့ကြသည်တို့ကို ငြင်းပယ်ကြပါပြီ'ဟု ပြောဆိုကြပေမည်။ သို့သော်လည်း ၄င်းတို့၏ ထိုအီမာန်ယူလာမှုသည် ၄င်းတို့အတွက် အကျိုးဖြစ်ထွန်းပေမည်မဟုတ်။ ၄င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို မြင်တွေ့ခဲ့ကြပြီးမှ အီမာန် ယူလာ၍ ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် ယခု ထိုအီမာန်ယူလာခြင်းသည် မသက်သာသည့်အဆုံး ပုံစံဖြင့် ဖြစ်သည်။ လူသားမှာမူ မိမိဆန္ဒ ရွေးချယ်ဆုံးဖြတ်ချက်နှင့် အီမာန်ယူရန် တာဝန်ပေးခံထားရသူ ဖြစ်၏) ဤသည် အလ္လာဟ်အသျှင်မြတ်၏ မိမိ၏ ကျေးကျွန်တို့နှင့် ပတ်သက်၍ သတ်မှတ်အတည်ပြု ခဲ့ပြီးဖြစ်သော လုပ်ရိုးလုပ်စဉ် စည်းကမ်းပင် ဖြစ်သည်။ ထို့ပြင် (ဆိုလိုသည်မှာ အီမာန်ယူမှု အကျိုးမဖြစ်ထွန်း စေသောကြောင့်) ကာဖိရ် (သွေဖည်ငြင်းပယ်သောသူတို့သည် ပျက်စီးဆုံးရှုံးမှု၌ပင် ရှိခဲ့ကြကုန်သည်။ (သို့ရှိရာ ဤမုရှိရစ်ကတ်တို့မှာလည်း ငါတို့အတွက် ဤသို့ ဖြစ်နိုင်၏။ ပြန်လည်ဖာထေးနိုင်ခွင့်ပင် မရနိုင် သော အခြေအနေမျိုး ဖြစ်နိုင်ပါသလား'ဟူ၍ ကြောက်ရွံ့သင့်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَرِحُوا بِمَا عِندَهُم مِّنَ الْعِلْمِ

ဆိုလိုသည်မှာ အမြော်အမြင်မရှိ၍ နောက်ဆုံးရလဒ်ကို မသိနားမလည်နိုင်ကြသော ငြင်းဆိုကြ သူတို့ထံသို့ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်များသည် 'သောင်ဟီးဒ်'တရားနှင့် အီမာန်နှင့် ပတ်သက်၍ ပေါ်လွင်ထင်ရှားသော သက်သေအထောက်အထားများ ယူဆောင်၍ လာခဲ့ကြသော်လည်း ၄င်းတို့သည် မိမိတို့၏ ပညာအသိတရားကို နဗီတမန်တော်များ၏ ပညာအသိတရားနှင့် ပိုမိုကောင်းမွန်၊ မှန်ကန်သည်ဟု ထင်မြင်၍ နဗီတမန်တော်များ၏ ပြောကြားချက်များကို ငြင်းပယ်၊ ငြင်းဆိုလျက် ရှိခဲ့ ကြကုန်သည်။ ၄င်းကာဖိရ်များ ပျော်ရွှင်မြူးတူး ဘဝင်မြင့်လျက်ရှိသော ပညာ၊ ၄င်းပညာဖြင့် နဗီတမန် တော်များ၏ ပညာ ပြောကြားချက်များကို ငြင်းဆိုလျက် ရှိကြကုန်သည်။ ဤသည်မှာ ၄င်းတို့၏ လွန်စွာ ပညာမဲ့မှုကြောင့် ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် အမှားကို အမှန်ဟု ထင်နေခဲ့ကြသည်။ ဤသည် ယူနန် ရှေးယခင် အတွေးအခေါ်ပညာရှင်များ၏ အလ္လာဟ် (ကိုးကွယ်ရာအရှင်သခင်) နှင့် ပတ်သက်၍ စူးစမ်းလေ့လာ သုံးသပ်ချက်များနည်းတူ ဖြစ်၏။ ယင်းစူးစမ်းလေ့လာ သုံးသပ်ချက်များအတွက် အထောက် အထားတစ်စုံတစ်ရာမျှပင် မရှိချေ။ ယင်းကို အလွန်တရာ ပညာမဲ့မှုဟုသာ ပြောဆိုနိုင်သည်။ ယင်းကို ပညာရပ်ဟု မှည့်ခေါ်ခြင်းသည်ပင် ပညာသိက္ခာကျစေသည်။

သို့မဟုတ် ၎င်းတို့၏ ပညာဟုဆိုရာ ထိုပညာသည် လောကီရောင်းဝယ် ဖောက်ကားမှုနှင့် စီးပွားရေး အစရှိသည့် ပညာဖြစ်သည်။ ဤပညာရပ်များတွင် ထိုသူများ စင်စစ် ကျွမ်းကျင်ကြသည်။ ထို့ပြင် ကျမ်းတော်မြတ်ကုရ်အာန်က ၎င်းတို့၏ ဤပညာအကြောင်းကို စူရာဟ်ရူးမ်၏ အာယသ်တော်တွင် ဤသို့ မိန့်ခြွေထားသည်။

يَعْلَمُوْنَ ظَاهِرًامِّنَ الْحَيٰوةِ الدُّنْيَا وَهُمْ عَنِ الْاٰخِرَةِ هُمْ غٰفِلُوْنَ

ဆိုလိုသည်မှာ ဤသူများသည် လောကီအပေါ်ယံဘဝသက်တမ်း အကျိုးဖြစ်ထွန်းစေမည့် အချို့အရာများကို သိရှိနားလည်းကြသည်။ သို့သော် ထာဝစဉ်နေထိုင်ရမည့် အမြဲမပျက် သက်သာချမ်းမြေ့မည့် နောင်တမလွန် 'အာခေရသ်' နှင့် ပတ်သက်၍ လုံးဝ အသိတရားမရှိ မေ့လျော့နေကြသည်။ ဤအာယသ်တော်တွင်လည်း အကယ်၍ ဤအပေါ်ယံ လောကီ၏ ပညာရပ်ဟုသာ အဓိပ္ပာယ်ကောက်ယူလိုက်လျှင် ယင်း၏ အလိုသဘောမှာ ဤသူများသည် စင်စစ်တွင် 'ကေယာမသ်' နှင့် 'အာခေရသ်' ကို ငြင်းဆန်သူများ ဖြစ်ပြီး ထိုထာဝစဉ် သာယာပျော်ရွှင်မှုကို မသိမေ့လျော့နေသူများဖြစ်သောကြောင့် မိမိတို့ထံရှိ အပေါ်ယံ သိကျွမ်းနားလည်မှုများအပေါ် ပျော်ရွှင်နေခဲ့ပြီး နဗီတမန်တော်များ၏ ပညာရပ်များဘက်သို့ ဂရုမမူခဲ့ကြပေ ဟူ၍ ဖြစ်မည်။ *[မဇ္ဇဟရီကျမ်း]*

فَلَمْ يَكُ يَنْفَعُهُمْ اِيْمَانُهُمْ

ဆိုလိုသည်မှာ 'အဇားဗ်' ရှေ့ ရောက်ရှိလာပြီးမှ ဤသူများ အီမာန်သက်ဝင်လာကြသော်လည်း ထိုကဲ့သို့သော အခါမျိုးတွင် ၎င်းတို့ အီမာန်သက်ဝင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် အတည်ပြု လက်ခံမည်မဟုတ်ပေ။ ဟဒီးစ်တော်တွင် လာရှိသည်မှာ-

يقبل الله توبة العبدمالم يغرغر

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လူသား၏ 'သောင်ဗာဟ်' ကို ၎င်းသူ သေဆုံး ကွယ်လွန် ခါနီး လည်ပင်းအထိ အသက်မရောက်မီအလျှင်အထိ လက်ခံတော်မူသည်။ *[အိဗ်နေကဗီးရ်ကျမ်း]*

ထိုနည်းတူစွာ ကောင်းကင်မှ 'အဇားဗ်' အပြစ်ဒဏ် ကျရောက်ပြီးနောက် မည်သူ၏ 'သောင်ဗာဟ်' ပြုခြင်းနှင့် အီမာန်ယူခြင်းကို လက်ခံမည်မဟုတ်ပေ။

اَللّٰهُمَّ اِنَّانسئلك العفو والعافية و التوبة قبل الموت واليسر
والمعافاة عند الموت والمغفرة والرّحمة بعد الموت ببركة
الٰحٓم وصلى الله تعالىٰعلى النبى الكريم ؁

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဟာမီမ်စဂျ်ဒဟ်

ဟာမီမ်စဂျ်ဒဟ်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၄၁ : ၁။ ။ ဟာ၊ မီမ်။

تَنْزِيْلٌ مِّنَ الرَّحْمٰنِ الرَّحِيْمِ ②

၄၁ : ၂။ ။ (ဤအာယသ်တော်သည်) အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင်၏ ထံတော်မှ ချပေးတော်မူခြင်းဖြစ်၏။

كِتٰبٌ فُصِّلَتْ اٰيٰتُهٗ قُرْاٰنًا عَرَبِيًّا لِّقَوْمٍ يَّعْلَمُوْنَ ③

၄၁ : ၃။ ။ (ဤသည်) အကြင်ကျမ်းဂန်ပင်ဖြစ်၏။ ယင်းကျမ်းဂန်၏ အာယသ်တော်များသည် သိနားလည်ကြသည့် အမျိုးသားတို့အဖို့ ရှင်းလင်းစွာ ဖော်ပြထားတော်မူသော (သို့) အရဗီဘာသာစကားဖြင့် ထုတ်ပြန်ထားသော) 'ကုရ်အာန်' ကျမ်းတော်မြတ်ပင် ဖြစ်သည်။

بَشِيْرًا وَّنَذِيْرًا ۚ فَاَعْرَضَ اَكْثَرُهُمْ فَهُمْ لَا يَسْمَعُوْنَ ④

၄၁ : ၄။ ။ သတင်းကောင်း ပြောကြားသည်၊ သတိပေးနှိုးဆော်သည်။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသော သူတို့မှာ မျက်နှာလွှဲခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် နားထောင်ကြသည်ပင် မဟုတ်ပေ။

وَقَالُوْا قُلُوْبُنَا فِيْٓ اَكِنَّةٍ مِّمَّا تَدْعُوْنَآ اِلَيْهِ وَفِيْٓ
اٰذَانِنَا وَقْرٌ وَّمِنْۢ بَيْنِنَا وَبَيْنِكَ حِجَابٌ فَاعْمَلْ اِنَّنَا عٰمِلُوْنَ ⑤

၄၁ : ၅။ ။ ထို့ပြင် ၎င်းတို့က ပြောဆိုခဲ့ကြကုန်၏။ ကျွန်ုပ်တို့၏ 'စိတ်နှလုံးများမှာ အသင် ဖိတ်ခေါ်လျက် ရှိသော တရားကို (နားလည်ခြင်း) မှ ဖုံးအုပ်လျက် ရှိကြပေသည်။ ထို့ပြင် ကျွန်ုပ်တို့၏ နားများသည်လည်း ပင်းလျက် ရှိကြသည်။ ထို့ပြင် ကျွန်ုပ်တို့နှင့် အသင်၏ အကြားဝယ် အကွယ်အကာတစ်ခု ရှိနေပေသည်။ သို့ဖြစ်ပေရာ အသင်သည် (မိမိအလုပ်ကို) လုပ်ကိုင်ပါလေ။ စင်စစ် ကျွန်ုပ်တို့သည် (မိမိတို့အလုပ်ကို) လုပ်ကိုင်နေသူများပင် ဖြစ်ကြကုန်သည်။'

قُلْ اِنَّمَاۤ اَنَا بَشَرٌ مِّثْلُكُمْ يُوْحٰۤى اِلَيَّ اَنَّمَاۤ اِلٰهُكُمْ اِلٰهٌ وَّاحِدٌ فَاسْتَقِيْمُوْۤا اِلَيْهِ وَاسْتَغْفِرُوْهُ ؕ وَوَيْلٌ لِّلْمُشْرِكِيْنَ ۙ﴿٦﴾

၄၁ : ၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာလျှင် ဖြစ်ပေသည်။ [ငါ၏ ထူခြားချက်မှာ] အသင်တို့၏ ကိုးကွယ်ရာ အသျှင်မြတ်သည် တစ်ဆူတည်းသော ကိုးကွယ်ရာ အသျှင်မြတ်သာလျှင် ဖြစ်တော်မူကြောင်း ငါ့ထံသို့ 'ဝဟီ' အမိန့်တော် ကျရောက်လာ [ခြင်းသည်သာလျှင် ငါ၏ ထူးခြားချက်ဖြစ်၏။] သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်ဘက်သို့သာလျှင် ဖြောင့်မတ်စွာ လှည့်ကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်အထံတော်၌သာလျှင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြား အသနားခံကြလေကုန်။ စင်စစ်မှာမူ မုရှရစ်က် (တစ်စုံတစ်ရာကို ထိုအသျှင်မြတ်နှင့်) တွဲဖက် နှိုင်းယှဉ် (ကိုးကွယ်) သူတို့၌ (ကြီးစွာသော) ပျက်စီးခြင်းသည် ရှိပေသည်။

الَّذِيْنَ لَا يُؤْتُوْنَ الزَّكٰوةَ وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ﴿٧﴾

၄၁ : ၇ ။ ။ အကြင်သူတို့သည် 'ဇကားသ်' ပေးဆောင်ကြသည် မဟုတ်ပေ။ ထို့ပြင် ၄င်းတို့သည်ပင်လျှင် 'အာခိရသ်' တမလွန်ဘဝကို ငြင်းပယ်သူများ ဖြစ်ကြကုန်၏။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ ﴿٨﴾

၄၁ : ၈ ။ ။ စင်စစ်မလွဲ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည့်အပြင် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူ ဆောက်တည်ခဲ့ကြကုန်သော သူတို့အဖို့မှာ ကုန်ခန်းခြင်းမရှိသော အကျိုးသည် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

حٰمٓ (ဤစာလုံး၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူပေသည်။) ဤကျမ်းတော်မြတ်သည် رحمٰن နှင့် رحيم ဘက်မှ ချပေးသနားတော်မူသော ကျမ်းမြတ် ဖြစ်တော်မူပေသည်။ ဤသည် ကျမ်းတော်တစ်ဆူ ဖြစ်သည်။ အကြင်ကျမ်း၏ အာယသ်တော်များကို ရှင်းလင်းစွာ တင်ပြထားလေသည်။ အလိုသဘောမှာ ဤကဲ့သို့သော ကုရ်အာန်ဖြစ်လေသည်။ ထိုကုရ်အာန်သည် အာရဗီဘာသာစကားဖြင့် ကျရောက်လာလေသည်။ (သို့မှသာ တိုက်ရိုက်ရည်ညွှန်းခံရသည့် ဆိုလိုသည်မှာ အာရပ်လူမျိုးများသည် ထိုကုရ်အာန်ကို လွယ်ကူစွာဖြင့် သဘောပေါက် နားလည်နိုင်ရန် ဖြစ်သည်။) အသိဉာဏ်ရှိသော သူများအတွက် (အကျိုး) ဖြစ်လေသည်။ (စင်စစ် ကုရ်အာန်၏ အမိန့်တော်များသည် အားလုံးအတွက် ဖြစ်သော်လည်း အကျိုးအမြတ် ခံစားနိုင်သူများမှာ အသိဉာဏ်ရှိသောသူများသာ ဖြစ်သည်။ ကုရ်အာန်သည်

ဤကဲ့သို့သော လူများကို) သတင်းကောင်းပေးသော ကျမ်းမြတ်ဖြစ်သည်။ ၎င်းနောက် (မနာခံသူများ အတွက်) ခြိမ်းခြောက်သော ကျမ်းမြတ် ဖြစ်သည်။ သို့ရှိရာ (ကုရ်အာန်၏ တောင်းဆိုချက်မှာ လူသား အားလုံး ကုရ်အာန်အပေါ် အီမာန်ယူလာကြရန် ဖြစ်လေသည်။ သို့သော်) လူအများသည် (ထိုကျမ်းတော်မြတ်မှ) မျက်နှာလွှဲငြင်းပယ်ကြလေသည်။ ထို့နောက် နားပင် မထောင်ကြပေ။ ၎င်းနောက် (ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အား တင်ပြချိန်၌) ၎င်းတို့က ဤသို့ ပြောဆိုကြသည်။ အသင် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေသည့် အကြောင်းအရာဘက်သို့ ကျွန်ုပ်တို့၏ နှလုံးသားများသည် ကန့်လန့်ကာ ကျလျက်ရှိသည်။ (ဆိုလိုသည် မှာ အသင်တမန်တော်၏ စကားများအား ကျွန်ုပ်တို့ သဘောမပေါက်ပေ။)

၎င်းနောက် ကျွန်ုပ်တို့၏ နားများ လေးလံနေသည်။ ၎င်းနောက် ကျွန်ုပ်တို့နှင့် အသင်၏ ကြားတွင် အတားအဆီးတစ်ခု ရှိနေသည်။ သို့ရှိရာ အသင်တမန်တော်သည် မိမိအလုပ် မိမိလုပ်ပါ။ ကျွန်ုပ်တို့သည် မိမိအလုပ်မိမိ လုပ်နေကြသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့ လက်ခံလာမည်ဟူ၍ မျှော်လင့် မထားလေနှင့်။ ကျွန်ုပ်တို့သည် မိမိတို့၏ လမ်းစဉ်အား စွန့်လွှတ်မည်မဟုတ်ပေ။) အသင်တမန်တော် ဤသို့ ပြောကြားပါလေ။ (အသင်တို့အား အီမာန်လက်ခံလာရန် အတင်းအကြပ် လုပ်ဆောင်ခြင်းသည် ကျွန်ုပ် စွမ်းဆောင်နိုင်သည်ကိစ္စ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ကျွန်ုပ်သည်လည်း အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးပင် ဖြစ်သည်။ (နှလုံးသားများအား ခြယ်လှယ်နိုင်သော ဖန်ဆင်းရှင်မဟုတ်ပေ။ သို့သော်လည်း အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား ဤသို့သော ခြားနားမှုတစ်ခု ချီးမြှင့်ထားလေသည်။) အသင်တို့၏ ကိုးကွယ်ရာအသျှင်မြတ်သည် တစ်ပါးတည်းသာလျှင် ရှိကြောင်း၊ ကျွန်ုပ်အပေါ် 'ဝဟီ' ကျရောက်ခဲ့သည်။ (၎င်းနောက် ထို 'ဝဟီ' သည် လူသားတိုင်း စဉ်းစားကြည့်ရုံဖြင့် ထိုအကြောင်းအရာများမှာ မှန်ကန်ကြောင်းနှင့် လက်ခံသင့်စရာများ ဖြစ်ကြောင်း သဘောပေါက်နားလည်နိုင်သော 'ဝဟီ' မျိုးဖြစ်သည်။ ၎င်းနောက် ကျွန်ုပ်၏ 'နဗူဝသ်' နှင့် 'ဝဟီ' ရခြင်းကို 'မုအ်ဂျေဇာဟ်' များ၏ အကြောင်းခံဖြင့် အတည်ဖြစ်သွားခဲ့ပြီးဖြစ်ရာ ကျွန်ုပ်၏ စကားအား အခြေအနေတိုင်း၌ နာခံရန် အားလုံးအပေါ်၌ 'ဖွရ်ဇ်' တာဝန်ဖြစ်သည်။ အသင်တို့ လက်မခံနိုင်ရန် မည်သည့် အကြောင်းမှ မရှိပေ။ အလေးအနက်ထား လက်ခံကြလေကုန်။) ထို (ကိုးကွယ်ထိုက်သော အသျှင်) ၏ ဘက်သို့ ဖြောင့်မတ်စွာ သွားကြကုန်။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ ခဝပ်ကိုးကွယ် ရန် မရည်ရွယ်ကြလေနှင့်။)

၎င်းနောက် ထိုအသျှင်မြတ်၏ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံကြလေကုန်။ (ဆိုလိုသည် မှာ အတိတ်ကာလ၏ 'ရှရစ်က်' လုပ်ရပ်များမှ 'သောင်ဗာဟ်' ပြု အမှားဝန်ခံကာ မိမိ၏ အမှားများအား လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါလေ။) ၎င်းနောက် ဤကဲ့သို့သော မုရှရစ်က်များအတွက် ကြီးမား သော ဆုံးရှုံးမှုရှိလေသည်။ အကြင်သူများသည် (နဗီဖြစ်ခြင်း၏ အထောက်အထားများနှင့် 'သောင်ဟီးဒ်' ၏ အထောက်အထားများကို မြင်တွေ့ကြားသိကြပါလျက် မိမိ၏ မှားယွင်းသော လမ်းစဉ်ကို မစွန့်လွှတ် ကြပေ။ ၎င်းနောက်) 'ဇကားသ်' မပေးဆောင်ကြပေ။ ၎င်းနောက် ထိုသူများသည် တမလွန် 'အာခိရသ်'

အား အမြဲပြင်းဆန်လျက် ရှိသည်။ (ထိုသူများနှင့် ဆန့်ကျင်စွာ) အကြင်သူများသည် အီမာန်လက်ခံကြသည်။ ကောင်းမှုများ လုပ်ဆောင်ကြသည်။ ထိုသူများအတွက် (အာခိရသ်တွင်) ရပ်တန့်ကုန်ဆုံးသွားခြင်း မရှိမည့် ဆုလာဘ်တော်များ ရရှိမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

حٰمٓ ဖြင့် အစပြုထားသော စူရာဟ် (၇) ပုဒ်ရှိသည်။ ၎င်းစူရာဟ်များအား الحٰمٓ (သို့) حواميم ဟု ခေါ်ဆိုသည်။ ထို حٰمٓ များ၌ ခွဲခြားနိုင်စေရန် حٰمٓ ဆိုသည့် စာလုံးနှင့်အတူ အခြားစာလုံး တစ်ခုလည်း တွဲထည့်ပေးလိုက်လေသည်။ ဥပမာ- စူရာဟ်မုအ်မေနူးန် ၏ حٰمٓ ကို حٰمٓ المؤمن ဟု ခေါ်ဆိုသည်။ ဤစူရာဟ်၏ حٰمٓ ကို حٰمٓ سجدة (သို့) حٰمٓ فصلت ဟူ၍ ခေါ်ဆိုသည်။ ၎င်းနောက် ဤစူရာဟ်၏ ဤအမည်နာမ حٰمٓ سجدة နှင့် حٰمٓ فصلت နှစ်ခုစလုံး ကျော်ကြားလေသည်။

ဤစူရာဟ်ဖြင့် ပထမဦးစွာ ရည်ညွှန်းခြင်းခံရသော ပုဂ္ဂိုလ်များမှာ အာရဗ်၏ ကိုရိုက်ရှ်မျိုးနွယ်များ ဖြစ်သည်။ ထိုသူများ၏ ရှေ့မှောက်၌ပင် ဤကုရ်အာန်ကျမ်းမြတ် ကျရောက်ခဲ့သည်။ ၎င်းတို့၏ ဘာသာစကားဖြင့်သာ ကုရ်အာန်ကျရောက်ခဲ့လေသည်။ ၎င်းတို့သည် ကုရ်အာန်ကျမ်းမြတ်အား တုမရနိုင်ကြောင်း၊ လက်တွေ့ သိမြင်ခဲ့ရလေသည်။ ထို့ပြင် တမန်တော်မြတ် ﷺ ၏ မြောက်မြားစွာသော 'မုအ်ဂျေဇာဟ်'များအား တွေ့မြင်ကြပါလျက် ကုရ်အာန်မှ မျက်နှာလွှဲဖယ်ကြလေသည်။ လက်ခံရန်မှာ ဝေးလံစွာ နားထောင်ရန်ပင် မနှစ်သက်ကြပေ။ တမန်တော်မြတ် ﷺ ၏ ကရုဏာလွှမ်းမိုးသော ဩဝါဒများအား ကြားသိရသောအခါ နောက်ဆုံး ဤသို့ အဖြေပေးကာ နေလိုက်ကြလေသည်။ အသင်တမန်တော်၏ စကားများအား ကျွန်ုပ်တို့ နားမလည်ပေ။ ကျွန်ုပ်တို့၏ နှလုံးသားများသည်လည်း ထိုစကားရပ်များအား လက်မခံကြပေ။ ကျွန်ုပ်တို့၏ နားများသည်လည်း ထိုစကားများအား နားမထောင်လိုကြပေ။ ကျွန်ုပ်တို့နှင့် အသင်၏ကြားတွင် နှစ်ထပ်ကန့်လန့်ကာများ ဖြစ်ရှိနေလေသည်။ သို့ဖြစ်ပေရာ ယခု အသင်တမန်တော်သည် မိမိအလုပ် မိမိလုပ်ဆောင်ကာ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ အခြေအနေအပေါ်၌သာလျှင် လွှတ်ထားပါလေ။

ဤသည် ဤစူရာဟ်၏ အစ (၅) အာယသ်တော်၏ အလိုသဘောပင် ဖြစ်လေသည်။ ဤအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် ကိုရိုက်ရှ်များအား သီးသန့်ရည်ညွှန်းလျက် မိန့်ဆိုထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်အား အာရဗီဘာသာစကားဖြင့် အသင်တို့အတွက် ချပေးခဲ့သည်။ သို့မှသာ အသင်တို့သည် ထိုကျမ်းမြတ်၏ ဆိုလိုချက်များအား သဘောပေါက်နားလည်ရာတွင် မခက်ခဲရန် ဖြစ်သည်။ ထို့ပြင် ကျမ်းမြတ်ကုရ်အာန်၏ ဂုဏ်ပုဒ် (၃) ခုကို တင်ပြထားလေသည်။ ပထမဂုဏ်ပုဒ်မှာ فُصِّلَتْ اٰيٰتُهٗ ဖြစ်လေသည်။ فُصِّلَتْ သည် تفصيل ဟူသော စာလုံးမှဖြစ်ပေါ်လာသည်။ ၎င်း၏ မူရင်းအဓိပ္ပာယ်မှာ

အကြောင်းအရာများအား ကဏ္ဍများအလိုက် ခွဲခြားတင်ပြခြင်းဖြစ်သည်။ အလိုသဘောမှာ ရှင်းလင်းပွင့်လင်းစွာ တင်ပြခြင်းကို ဆိုလိုပေသည်။ ထိုရှင်းလင်းတင်ပြမှုသည် ကဏ္ဍပေါင်းစုံ၌ ဖြစ်ပါစေ။ (သို့) ကဏ္ဍတစ်ခုထဲ၌ တင်ပြခြင်းဖြစ်ပါစေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များတွင် **احكام** ၊ အမိန့်ပညတ်ချက်များ၊ **قصص** အဖြစ်အပျက်များ၊ **عقائد** ယုံကြည်မှုများ အယူဝါဒလွဲမှားနေသော သူများအား တုန့်ပြန်အဖြေပေးခြင်း အစရှိသော အကြောင်းအရာမျိုးစုံကို သီးခြားစီ တင်ပြထားလေသည်။ ၎င်းနောက် အကြောင်းအရာတိုင်းကို သာဓကများဖြင့် ရှင်းပြကာ သဘောပေါက်နားလည်စေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဒုတိယဂုဏ်ပုဒ်နှင့် တတိယဂုဏ်ပုဒ်မှာ **بشير** နှင့် **نذير** ဖြစ်ကြောင်း ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ ထိုကျမ်းမြတ်အား လက်ခံသူများကို အမြဲတစေ ခံစားရမည့် စည်းစိမ်များ၏ သတင်းကောင်းပေးခြင်းနှင့် ငြင်းပယ်သူများအား အမြဲတစေ ခံစားရမည့် 'အဇားဗ်' ပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်ထားလေသည်။

၎င်းနောက် ထို 'ဆွေဖာသ်'ဂုဏ်တော်များအားလုံးကို တင်ပြကာ နောက်ဆုံး၌ မိန့်ဆိုထားသည်မှာ **لِقَوۡمٍ يَّعۡلَمُوۡنَ** ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များသည် အာရဗီဘာသာရပ်နှင့်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်ခြင်း၊ သတင်းကောင်းပေးခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပါဝင်ရောနှောနေခြင်း စသည်တို့သည် ဤသို့သော လူများအတွက်သာ အကျိုးဖြစ်ထွန်းနိုင်သည်။ အကြင်သူတို့သည် စဉ်းစားရန်နှင့် သဘောပေါက်နားလည်ရန် ဆန္ဒလည်း ထားရှိသူများဖြစ်သည်။

يَعۡلَمُوۡنَ ဟူသော စာလုံးမှာ ဤနေရာ၌ စဉ်းစားနားလည် သဘောပေါက်နိုင်သည့် အရည်အချင်းရှိသူများဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့်သာလျှင် ဖွင့်ဆိုချက်အနှစ်ချုပ်၌ **يَعۡلَمُوۡنَ** ၏ အဓိပ္ပာယ်ကို အသိဉာဏ် အမြော်အမြင်ရှိသူများဟူ၍ ဖွင့်ဆိုထားလေသည်။ သို့သော်လည်း အာရပ်လူမျိုးများနှင့် ကိုရိုက်ရှ်တို့သည် ထိုအကြောင်းအရာများအားလုံး ရှိနေပါလျက် မျက်နှာလွှဲ ငြင်းပယ်ကြလေသည်။ လက်ခံရန်မှာဝေးလေစွ။ နားထောင်ရန်ပင် မနှစ်သက်ကြပေ။ ၎င်းတို့၏ အကြောင်းကို ထိုစူရာဟ်၏ အာယသ်များတွင် **فَاَعۡرَضَ اَكۡثَرُهُمۡ** ဟူသော စာသားဖြင့် မိန့်ဆိုထားလေသည်။

တမန်တော်မြတ် ﷺ ထံတော်ပါးသို့ မက္ကာဟ်မြို့ရှိ ကာဖိရ်များဘက်မှ လျှောက်ထားမှုတစ်ခု

ဤစူရာဟ်၏ တိုက်ရိုက် ရည်ညွှန်းခြင်းခံရသော ကိုရိုက်ရှ်လူမျိုး ကာဖိရ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ပြီးသည့်နောက် အစ္စလာမ်၏ အစကနဦးပိုင်း၌ အင်အားဖြင့် အစ္စလာမ်၏ လှုပ်ရှားမှုအား ဖိနှိပ်ရန်နှင့် တမန်တော်မြတ် ﷺ အပါအဝင် ကိုယ်တော်မြတ် ﷺ အပေါ်သို့ အီမာန်ယူထားကြသော သူများအား အမျိုးမျိုးသော ဒုက္ခများပေး၍ ကြောက်ရွံ့စေရန် အလွန်ကြိုးပမ်းအားထုတ်မှုများ ပြုလေသည်။ သို့သော် အစ္စလာမ်သာသနာသည် ၎င်းတို့ မနှစ်မြို့သည့် ကြားကပင် တိုးပွား အင်အားကြီးမားလာသည်။

အစပိုင်း၌ ဟဇရတ်အုမရ် رضي الله عنه သခင်ကဲ့သို့ အင်အားကြီးမားသူများနှင့် ရဲရင့်သူများ အစ္စလာမ်လက်ခံလာခဲ့ကြပေသည်။ ထို့နောက် ကိုရိုက်ရှ်လူမျိုးအားလုံး တစ်ညီတစ်ညွတ်တည်း လက်ခံထားသော ခေါင်းဆောင်တစ်ဦးဖြစ်သူ ဟဇရတ်ဟမ်ဇာဟ် رضي الله عنه သည်လည်း အစ္စလာမ်ကို လက်ခံလာခဲ့သည်။ ထိုအချိန်၌ မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်များသည် ခြိမ်းခြောက် သွေးလန့်စေသည့် နည်းလမ်းကို စွန့်လွှတ်ကာ လှုံ့ဆော်စည်းရုံးရေးနှင့် လောဘ မက်လုံးပေးခြင်းအကြောင်းခံဖြင့် အစ္စလာမ်သာသနာ၏ ကျယ်ပြန့်လာမှုအား တားမြစ်ရန် အစီအစဉ်များကို စတင် စဉ်းစားကြလေသည်။ ထိုကာလ အတွင်း၌ ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်တစ်ခု ရှိခဲ့သည်။ ထိုဖြစ်ရပ်ကို ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) က မွတ်စ်နဒေဗဇ်ဇားရ် ကျမ်း၊ အဗူယာအ်လာကျမ်းနှင့် ဗဂ်ဝီကျမ်း၏ ဆင့်ပြန်ချက်များမှ ကောက်နုတ်ဆင့်ပြန်ထားလေသည်။ ထိုဆင့်ပြန်ချက်များအားလုံးတွင် ကွဲပြားခြားနားမှု အနည်းငယ် ရှိလေသည်။ ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) သည် ထိုဆင့်ပြန်ချက်များတွင် ဗဂ်ဝီကျမ်း၏ ဆင့်ပြန်ချက်အား အနီးစပ်ဆုံး အလျော်ကန်ဆုံးဟူ၍ သတ်မှတ်ထားလေသည်။ ၎င်းနောက် ထိုဆင့်ပြန်ချက်များအားလုံး၏ နောက် မိုဟမ္မဒ်ဗင်န်အိစ်ဟားက် (ရဟ) ၏ ကျမ်းဖြစ်သော ကိသာဗွတ်စ်စီယရဟ်မှ ထိုဖြစ်ရပ်အား ဆင့်ပြန်ကာ ၎င်းဆင့်ပြန်ချက်အား အထက်ရှိ ဆင့်ပြန်ချက်များ အားလုံးထက် အသာပေးထားလေသည်။ ဤအတွက်ကြောင့်သာလျှင် ဤဖြစ်စဉ်ကို ဤနေရာ၌ အိဗ်နေအိစ်ဟားက် (ရဟ) ၏ ဆင့်ပြန်ချက်အတိုင်းသာလျှင် ကောက်နုတ်တင်ပြအပ်ပေသည်။

မိုဟမ္မဒ်ဗင်န်အိစ်ဟားက်က တင်ပြထားသည်မှာ မိုဟမ္မဒ်ဗင်န်ကအဗ်ကုရ်ဇီ (ရဟ) က အမိန့်ရှိခဲ့သည်မှာ ကျွန်ုပ်ထံသို့ ဤဆင့်ပြန်ချက်အား ဆင့်ပြန်ခြင်းခံခဲ့ရလေသည်။ ကုရိုက်ရှ်ခေါင်းဆောင်ကြီးဟု မှတ်ယူရသော အွတ်ဗဟ်ဗင်န်ရဗီးအာ ဆိုသူသည် တစ်နေ့၌ ကုရိုက်ရှ်အုပ်စုတစ်စုနှင့်အတူ 'မတ်စ်ဂျိဒ်ဒွေဟရာမ်' ၌ ထိုင်နေခဲ့လေသည်။ ဟရာမ်ကျောင်းတော်၏ အခြားတစ်ထောင့်တွင် တမန်တော်မြတ် ﷺ တစ်ပါးတည်း ထိုင်နေလျက်ရှိသည်။ ကုရိုက်ရှ်ခေါင်းဆောင်ဖြစ်သူ အွတ်ဗာဟ်က မိမိ၏ မျိုးနွယ်စုအား ပြောကြားသည်မှာ 'အကယ်၍ အသင်တို့ သဘောတူပါက ကျွန်ုပ်သည် တမန်တော်မြတ် ﷺ နှင့် စကားပြောလိုပေသည်။ တမန်တော်မြတ် ﷺ ၏ ရှေ့၌ လှုံ့ဆော်ဆွဲဆောင်သော ပစ္စည်းအချို့ ထားရှိလိုက်မည်။ အကယ်၍ ၎င်းသည် ထိုပစ္စည်းများအနက်မှ တစ်စုံတစ်ခုအား လက်ခံလိုက်သည်ရှိသော် ကျွန်ုပ်သည် ၎င်းအား ထိုပစ္စည်းများ ပေးအပ်လိုက်မည်။ သို့မှသာ ၎င်းမိုဟမ္မဒ် ﷺ သည် ကျွန်ုပ်တို့၏ သာသနာနှင့် ဆန့်ကျင်သည့် သာသနာပို့ချမှုအား စွန့်လွှတ်လိုက်ပေမည်။' ဤဖြစ်ရပ်သည် ဟဇရတ်ဟမ်ဇာဟ် رضي الله عنه သခင် မွတ်စ္စလင်မ်ဖြစ်ပြီးချိန်နှင့် မွတ်စ္စလင်မ်များ၏ အင်အားမှာ တစ်နေ့တစ်ခြား တိုးပွားလျက်ရှိသော အချိန်ကာလ၌ ဖြစ်ပေါ်ခဲ့သည်။ 'အွတ်ဗာဟ်' မျိုးနွယ်စုများအားလုံးက တစ်ပြိုင်တည်း ပြောကြားသည်မှာ 'အို၊ အဗွလ်ဝလီဒ်၊ (ဤသည် 'အွတ်ဗာဟ်' ၏ အထူးပြုနာမ်တစ်ခု ဖြစ်သည်။) ဤကဲ့သို့ပင် မုချ ပြုမူဆောင်ရွက်ပါလေ။ ၎င်းနောက် တမန်တော်မြတ် ﷺ အား စကားပြောဆိုလိုက်ပါလေ။'

အွတ်ဗာဟ်သည် မိမိနေရာမှ ထကာ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိသွားပြီး ဤကဲ့သို့ စတင်ပြောဆိုလေသည်။ 'အို၊ ကျွန်ုပ်၏ တူတော်မောင်၊ ကျွန်ုပ်တို့၏ ကိုရိုက်ရှ်မျိုးနွယ်စုတွင်

အသင်သည် မျိုးရိုးမြင့်သူတစ်ယောက်ဖြစ်ကြောင်းနှင့် သိက္ခာမြင့်သူတစ်ယောက်ဖြစ်ကြောင်းကိုလည်း အသင် အသိပင် ဖြစ်သည်။ အသင်၏ မျိုးနွယ်သည် မြင့်မားပြီး ကျွန်ုပ်တို့အားလုံး၏ ရှေ့မှောက်တွင် ဂုဏ်ပေး လေးစားခြင်းခံရသော မျိုးနွယ်တစ်ခုဖြစ်သည်။ သို့သော်လည်း အသင်သည် မိမိ၏ မျိုးနွယ်စုအား ကြီးမား သော ဒုက္ခတစ်စုံတစ်ရာ၌ နစ်မွန်းစေခဲ့သည်။ အသင်သည် ဤကဲ့သို့သော ဖိတ်ခေါ်မှုအား ယူဆောင်လာ သည်။ အကြင်ဖိတ်ခေါ်မှုသည် ကျွန်ုပ်တို့၏ အုပ်စုများတွင် ကွဲပြားခြားနားမှုများအား ဖြစ်ပေါ်လာစေသည်။ ထို့ပြင် မျိုးနွယ်စုများအား အသိဉာဏ်ကင်းမဲ့သူများအဖြစ် ပြုလုပ်ပစ်လိုက်လေသည်။ မျိုးနွယ်စုများ၏ ကိုးကွယ်ရာများနှင့် ၎င်းတို့၏ သာသနာအား အပြစ်ရှာလိုက်လေသည်။ ၎င်းနောက် ထိုမျိုးနွယ်စု၏ ကွယ်လွန် သေဆုံးသွားကြသော ဘိုးဘေးများအား ကာဖိရ်များအဖြစ် သတ်မှတ်လိုက်လေသည်။ ထို့ကြောင့် အသင် သည် ကျွန်ုပ်၏ စကားအား နားထောင်ပါလေ။ ကျွန်ုပ်သည် အသင်၏ ရှေ့၌ ပစ္စည်းအချို့အား ပြသပါမည်။ သို့မှသာ အသင်သည် ထိုပစ္စည်းများအနက်မှ တစ်စုံတစ်ခုကို ရွေးချယ်လက်ခံလိုက်ပါလေ။' တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'အို၊ အဗွလ်ဝလီဒ်၊ အသင်ပြောကြားလိုသည်များကို ပြောကြားပါလေ။ ကျွန်ုပ် နားထောင်နေပါသည်။'

အုတ်ဗာဟ်အဗွလ်ဝလီဒ်က ပြောကြားသည်မှာ 'အို၊ တူတော်မောင်၊ အသင်သည် ပစ္စည်းဥစ္စာများ စုဆောင်း ရန်အတွက် ဤလှုပ်ရှားအုံကြွမှုအား လှုံ့ဆော်ခဲ့သည်ရှိသော် ကျွန်ုပ် ကတိပြုပါသည်။ အသင့်အတွက် ဤမျှ ပစ္စည်းများ စုဆောင်းပေးလိုက်ပါမည်။ အသင်သည် ထိုဥစ္စာများဖြင့် မျိုးနွယ်စုအားလုံးထက် ချမ်းသာ ကြွယ်ဝသူဖြစ်ရှိသွားပေမည်။ အကယ်၍ အသင်၏ လှုံ့ဆော်မှုရည်ရွယ်ချက်သည် အာဏာရရှိရန်အတွက် ဖြစ်သော် ကျွန်ုပ်တို့သည် အသင့်အား ကိုရိုက်ရှ်အားလုံးတို့၏ ခေါင်းဆောင်အဖြစ် လက်ခံမှတ်ယူကြပေမည်။ အသင်၏ အမိန့်မရဘဲ မည်သည့်အလုပ်ကိုမှ လုပ်ဆောင်မည်မဟုတ်ပေ။ ၎င်းနောက် အကယ်၍ အသင် ဘုရင်ဖြစ်လိုပါက ကျွန်ုပ်တို့သည် အသင့်အား မိမိတို့၏ ဘုရင်အဖြစ် လက်ခံမှတ်ယူကြပေမည်။ အကယ်၍ အသင့်အား ထိုလှုံ့ဆော်မှုများပြုလုပ်ရန် 'ဂျင်န်' (သို့) ရိုက်သွာန်က အတင်းအကြပ် လာရောက်စေခိုင်းသည်ကို အသင့်အနေနှင့် ၎င်းတို့အား ငြင်းပယ်တုန့်ပြန်ရန် မတတ်စွမ်းသည်ရှိသော် ကုသပေးသူတစ်ဦးအား ခေါ်ဆောင် ပေးမည်။ ၎င်းသည် အသင့်အား ထိုဒုက္ခမှ ကယ်တင်ပေးနိုင်မည်။ ၎င်းအား ခေါ်ယူရန်အတွက် ကျွန်ုပ်တို့ သည် မိမိတို့၏ ဥစ္စာပစ္စည်းများအား သုံးစွဲကြပေမည်။ အဘယ်ကြောင့်ဆိုသော် အချို့သောအချိန်များ၌ 'ဂျင်န်'သည် လူသားအပေါ်၌ လွှမ်းမိုးလာသည်ရှိသော် ၎င်းအား ကုသရသည်ကို ကျွန်ုပ်တို့ နားလည်သိရှိ ထားပေသည်။' အုတ်ဗာဟ်သည် ဤသို့ ရှည်လျားစွာ စကားပြောဆိုလျက်ရှိပြီး တမန်တော်မြတ် ﷺ သည် နားထောင်လျက် ရှိတော်မူသည်။

ထို့နောက် တမန်တော်မြတ် ﷺ က အဗွလ်ဝလီဒ်အား မိန့်တော်မူသည်မှာ 'အို၊ အဗွလ်ဝလီဒ်၊ အသင် ပြောကြားလိုသည့်စကားများ ပြည့်စုံစွာ ပြောကြားပြီး၏လော။' ၎င်းက 'ပြောကြားပြီးလေပြီ'ဟု ဖြေဆိုလေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ယခု ကျွန်ုပ်၏ စကားများကို နားထောင်လော့။ ထိုအခါ အဗွလ်ဝလီဒ်က 'ကောင်းအမှန် ကျွန်ုပ် နားထောင်ပေးမည်' ဟု ပြောဆိုလေသည်။

တမန်တော်မြတ် ﷺ သည် မိမိဘက်မှ အဖြေတစ်ခု ပေးရမည့်အစား ဤစူရာဟ် **فصّلت** အား စတင် ရွတ်ဖတ်လိုက်လေသည်။

بسم الله الرحمن الرحيم حٰمٓ ـ تَنْزِيْلٌ مِّنَ الرَّحْمٰنِ الرَّحِيْمِ ـ
كِتٰبٌ فُصِّلَتْ اٰيٰتُهٗ قُرْاٰنًا عَرَبِيًّا لِّقَوْمٍ يَّعْلَمُوْنَ

ဗဲဟဲရ်ကျမ်းနှင့် ဗဂ်ဝီကျမ်း၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ သည် ထိုစူရာဟ်၏ အာယသ်တော်များ ဖတ်ရွတ်နေစဉ်

فَاِنْ اَعْرَضُوْا فَقُلْ اَنْذَرْتُكُمْ صٰعِقَةً مِّثْلَ صٰعِقَةِ عَادٍ وَّ ثَمُوْدَ

ဟူသော အာယသ်တော်သို့ ရောက်ရှိသောအခါ အွသ်ဗာဟ်သည် တမန်တော်မြတ် ﷺ ၏ ရွှေနှုတ်တော်ပေါ်သို့ မိမိ၏လက်ကို ထားလိုက်ကာ ဖတ်ရွတ်မှုအား ရပ်တန့်စေလျက် မိမိမျိုးနွယ်နှင့် မျိုးရိုး၏ ကစမ်၊ ကျိန်ဆိုကာ ပြောကြားသည်မှာ 'ငှင်းတို့အား သနားကြင်နာပါလေ။ ရှေ့ဆက်၍ မည်သို့မျှ မိန့်တော်မမူလေနှင့်'ဟူ၍ ဖြစ်သည်။ ၄င်းနောက် အိဗ်နေအိစ်ဟားက် (ရဟ) ၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်များ စတင်ဖတ်ရွတ်လေသောအခါ တိတ်ဆိတ်စွာဖြင့် နားထောင်နေခဲ့သည်။ မိမိ၏ လက်များကိုလည်း ကျောအနောက်သို့ ထောက်ကာ အမှီပြုလျက် ရှိနေပေသည်။ သို့မှသာ ကိုယ်တော်မြတ် ﷺ ၏ မိန့်ခွန်းချက်များအား စိတ်ပါဝင်စားစွာဖြင့် နားထောင်နိုင်ရန် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ ဖတ်ရွတ်မှုသည် ဤစူရာဟ်၏ 'စဂ်ျဒဟ်'အာယသ်တော်သို့ ရောက်ရှိသောအခါ ကိုယ်တော်မြတ် ﷺ သည် 'စဂ်ျဒဟ်'ပြုလိုက်လေသည်။ ၄င်းနောက် အွတ်သ်ဗာဟ်အား ရည်ရွယ်ကာ မိန့်တော်မူလိုက်သည်မှာ 'အို, အဗွလ်ဝလီဒ်၊ ကျွန်ုပ် ဖတ်ရွတ်ခဲ့သည်များကို အသင် ကြားသိပြီးဖြစ်ပေရာ ယခု အသင် လုပ်ဆောင်လိုရာ လုပ်ဆောင်ပါလေ။' အွတ်သ်ဗာဟ်သည် ကိုယ်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းမှ ထ၍ မိမိမျိုးနွယ်စုများရှိရာ ထိုင်ဝိုင်းဘက်သို့ လျှောက်သွားလေသည်။ လျှောက်လှမ်းလာသော အွတ်သ်ဗာဟ်အား အဝေးမှ မြင်တွေ့ပြီး မျိုးနွယ်စုများက အချင်းချင်း ပြောဆိုနေကြသည်မှာ ဖန်ဆင်းရှင်၏ ကစမ်၊ အဗွလ်ဝလီးဒ်၏ မျက်နှာပျက်လျက် ရှိသည်။ ဤနေရာမှ ထသွားချိန်တွင် ထိုကဲ့သို့သော မျက်နှာထားမျိုး မဟုတ်ပေ။ အွတ်သ်ဗာဟ်သည် မိမိမျိုးနွယ်စုရှိရာ ထိုင်ဝိုင်းသို့ ရောက်ရှိလာသောအခါ မျိုးနွယ်စုများက မေးမြန်းကြသည်မှာ 'အို, အဗွလ်ဝလီးဒ်၊ အသင်သည် မည်သည့်သတင်း ဆောင်ကြဉ်းလာသည်ကို ပြောဆိုပါလေ။' ထိုအခါ အွတ်သ်ဗာဟ် (အဗွလ်ဝလီးဒ်) က ပြောကြားသည်မှာ 'ကျွန်ုပ်ဆောင်ကြဉ်းလာခဲ့သော သတင်းမှာ ဤသို့ ဖြစ်သည်။'

انى سمعت قولا والله ما سمعت مثله قط والله ما هو بالسحر ولا بالشعر ولا بالكهانة
يامعشر قريش اطيعونى واجعلوها لى خلّوا بين الرجل وبين ما هو فيه فاعتزلوه

فوالله ليكونن لقوله الذى سمعت نباء فان تصبه العرب فقد كفيتموه بغيركم
وان يظهر على العرب فملكه ملككم وعزّه عزّ كم وكنتم اسعد الناس به

အဓိပ္ပာယ် ။ ။ ကျွန်ုပ်သည် ဤကဲ့သို့သော စကားရပ်အား ကြားနာခဲ့ရသည်။ ဖန်ဆင်းရှင်၏ ကစမ်၊ ဤအလျှင် ထိုကဲ့သို့သော စကားရပ်ကို လုံးဝ မကြားဖူးခဲ့ပေ။ ဖန်ဆင်းရှင်၏ ကစမ်၊ ဤစကားရပ်သည် ပယောဂ ဂျာဒူဆရာများ၏ စကားရပ်သည် မဟုတ်ပေ။ ကဗျာဆရာများနှင့် ဂျိုက်သွာန်များထံမှ သတင်း ရယူထားသော ဗေဒင်ဆရာများ၏ စကားရပ်လည်း မဟုတ်ပေ။ အို, ကျွန်ုပ်၏ မျိုးနွယ်ကိုရိုက်ရှ်လူမျိုးတို့၊ အသင်တို့သည် ကျွန်ုပ်၏ စကားကို နာခံကြလေကုန်။ ၄င်းနောက် ထိုကိစ္စရပ်အား ကျွန်ုပ်ကို အပ်နှင်းကာ တာဝန်ပေးလေကုန်။ ကျွန်ုပ် သင့်တော်မည်ထင်သည့် နည်းလမ်းမှာ အသင်တို့ ၄င်းနှင့် ယှဉ်ပြိုင်ခြင်းနှင့် ဒုက္ခပေးခြင်းများမှ ရှောင်ကြဉ်ကြလေကုန်။ ထို့နောက် ၄င်းအား ၄င်း၏ လုပ်ရပ်အတိုင်းသာလျှင် လွှတ်ထား ကြလေကုန်။ အဘယ်ကြောင့်ဆိုသော် ၄င်းပြောဆိုသော ထိုစကားရပ်၏ သီးသန့်ဖြစ်စဉ်တစ်ခု ပေါ်လွင် မည်မှာ ကေန်အမှန်ဖြစ်သည်။ အသင်တို့သည်လည်း စောင့်ဆိုင်းနေကြလေကုန်။ အခြားသော အာရဗ်လူမျိုး များ၏ လုပ်ဆောင်ချက်များအား ကြည့်ရှု၍ နေကြလေကုန်။ အကယ်၍ ကိုရှိုက်ရှ်မျိုးနွယ်မှအပ အခြားသော အာရဗ်လူမျိုးများက ၄င်း (မိုဟမ္မဒ်) အား ရှုံးနိမ့်စေခဲ့သော် အသင်တို့၏ ကြိုးပမ်းမှုမပါဘဲ အသင်တို့၏ ရည်ရွယ်ချက်ဆန္ဒများ ပြည့်ဝသွားပေမည်။ အကယ်၍ ၄င်း (မိုဟမ္မဒ်) သည် အာရဗ်များအပေါ်၌ လွှမ်းမိုး အောင်နိုင်သည်ရှိသော် ၄င်း၏ အုပ်ချုပ်မှုသာလျှင် အသင်တို့၏ အုပ်ချုပ်မှုဖြစ်ရှိသွားပေမည်။ ၄င်းသိက္ခာ ရှိမှုဖြင့် အသင်တို့သည်လည်း သိက္ခာရှိမည်ဖြစ်သည်။ ထိုအချိန်၌ အသင်တို့သည် ၄င်း၏ အောင်မြင်မှု၌ ပါဝင်သူများ ဖြစ်သွားကြပေမည်။ *[အိဗ်နေကာစီးရ်ကျမ်း၊ တွဲ-၄၊ စာ-၉၁။]*

အွတ်သ်ဗဟ်၏ မိတ်ဆွေများဖြစ်ကြသော ကိုရိုက်ရှ်လူမျိုးများက ထိုစကားများအား ကြားပြီး ပြောဆိုကြသည်မှာ 'အို, အဗွလ်ဝလီးဒ်၊ မိုဟမ္မဒ် ﷺ သည် မိမိ၏ နှုတ်လျှာဖြင့် အသင့်အား ပယောဂ ထည့် ပြုစားလိုက်ပေပြီ။' အွတ်သ်ဗဟ်က ပြန်လည် ပြောကြားသည်မှာ ကျွန်ုပ် ပြောဆိုတင်ပြခဲ့သည် များသာလျှင် ကျွန်ုပ်၏ သင့်တော်မည်ထင်သော စကားရပ်များဖြစ်သည်။ ရှေ့ဆက်၍ အသင်တို့ ဆန္ဒရှိရာ ကိုသာ လုပ်ဆောင်ကြလော့။

وَقَالُوا قُلُوبُنَا فِيٓ أَكِنَّةٍ

ဤနေရာတွင် ကိုရိုက်ရှ်လူမျိုး ကာဖိရ်တို့၏ အဆို (၃) ခုကို ဆင့်ပြန်ထားလေသည်။

ပထမအဆိုမှာ အသင်တမန်တော်၏ စကားရပ်များအား နာခံရန် ကျွန်ုပ်တို့၏ နှလုံးသားများ၌ 'ပရ်ဒဟ်' အကာအကွယ်များ အတားအဆီးအဖြစ် ရှိနေခဲ့သည်။ အသင်တမန်တော်၏ ပြောဆိုသည်များကို ကျွန်ုပ်တို့ နားမလည်ကြပေ။ (လက်မခံလိုကြပေ။)

ဒုတိယအဆိုမှာ အသင်တမန်တော်၏ စကားရပ်များမှ ကျွန်ုပ်တို့၏ နားများ ပင်းနေခဲ့သည်။ (နား မထောင်လိုကြပေ။)

တတိယအဆိုမှာ အသင်တမန်တော်နှင့် ကျွန်ုပ်တို့၏ ကြား၌ 'ပရ်ဒဟ်'များ အတားအဆီး ဖြစ်နေခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ ထိုအဆိုကို ရှု့ချသော ပုံစံဖြင့် တင်ပြ ဖော်ပြထားပေသည်။ ထိုမှ သိရှိရသည်မှာ ၄င်းတို့၏ ပြောဆိုမှုများ မှားယွင်းလေသည်။ သို့သော် ကျမ်းမြတ်ကုရ်အာန်၏ အခြား တစ်နေရာ၌ ၄င်းတို့၏ ဤကဲ့သို့သော အခြေအနေကို ဖော်ပြထားလေသည်။ စူရာဟ်အင်န်အားမ်၏ အာယသ်တော်များ၌ ဖြစ်သည်။

وَجَعَلۡنَا عَلٰى قُلُوۡبِهِمۡ اَكِنَّةً اَنۡ يَّفۡقَهُوۡهُ وَفِىۡۤ اٰذَانِهِمۡ وَقۡرًا

ထိုအာယသ်တော်များကဲ့သို့ပင် စူရာဟ်ဗနီအီစ်ရာအီးလ်နှင့် စူရာဟ်ကဟဖ်၌လည်း ဖော်ပြထားသည်။

ထိုအရာ၏ အဖြေမှာ ဤသို့ဖြစ်သည်။ ကာဖိရ်များ ထိုသို့ ပြောဆိုကြခြင်း၏ အလိုသဘောမှာ ကျွန်ုပ်တို့သည် မတတ်စွမ်းနိုင်သူများနှင့် ခြွင်းချက်ရှိသူများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ နှလုံးသားများတွင် 'ပရ်ဒဟ်'အကာအကွယ်များ ရှိနေသည်။ ကျွန်ုပ်တို့၏ နားများတွင် ပိတ်ဆို့မှု (နားထောင်ရန် ဝန်လေးခြင်း) ရှိနေသည်။ သို့ရှိရာ ကျွန်ုပ်တို့သည် အသင်တမန်တော်၏ စကားများကို မည်သို့ နားထောင် လက်ခံနိုင်မည်နည်း။ မိမိတို့ကိုယ်ကို အကြပ်တွေ့အောင် လုပ်သကဲ့သို့ ဖြစ်နေမည်။ ၄င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်တွင် ၄င်းတို့၏ ဤသို့သော အခြေအနေအား တင်ပြထားပေသည်။ ထိုတင်ပြမှုတွင် ၄င်းတို့အား အခက်တွေ့ အကြပ်ရိုက်နေသူများအဖြစ် မသတ်မှတ်ထားပေ။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်ပါ တင်ပြမှု၏ အလိုသဘောမှာ ၄င်းတို့၌ အလ္လာဟ်မြတ်၏ အာယသ်တော်များကို နားထောင်နိုင်ခြင်းနှင့် သဘောပေါက်နိုင်သည့် အရည်အချင်းများ ပြည့်ဝစွာ ရှိသည်။ သို့သော်လည်း ၄င်းတို့သည် ထိုအာယသ်တော်များဘက်သို့ နားသောတဆင်ရန် လုံးဝ နားမစွင့်ကြဘဲ သဘောပေါက်နားလည်ရန်ပင် မရည်ရွယ်ခဲ့ကြရာ ပြစ်ဒဏ်ပေးသည့်သဘောဖြင့် ၄င်းတို့အပေါ် မေ့လျော့ခြင်းနှင့် ပညာမဲ့ခြင်းအား လွှမ်းမိုးကျရောက်စေလိုက်သည်။ သို့သော်လည်း ၄င်းတို့ ရွေးချယ်ခွင့် အလျှဉ်းမရှိလောက်အောင် လွှမ်းမိုးကျရောက်စေလိုက်ခြင်းမျိုးမဟုတ်ပေ။ သို့သာမက ယခုလည်း ဆန္ဒပြုရည်ရွယ်ပါက တစ်ဖန် နားထောင်နိုင်ခြင်းနှင့် သဘောပေါက်နားလည်နိုင်ခြင်း၏ အရည်အချင်းများ ပြန်လည် ရရှိနိုင်ပေသည်။ *[ဗယာနွလ်ကုရ်အာန်]*

သွေဖည်သူများ၏ ငြင်းပယ်ခြင်းနှင့် လှောင်ပြောင်ခြင်းအပေါ် စေတမန်ဆန်သော အဖြေပေးချက်

ကာဖိရ်များသည် မိမိတို့၏ နှလုံးသားများတွင် 'ပရ်ဒဟ်'အကာများ ရှိနေခြင်းနှင့် နားများတွင် အတားအဆီးများ ရှိနေသည်ကို ဝန်ခံကြလေသည်။ ဤသို့ ဝန်ခံခြင်းမှာ ၄င်းတို့သည် အသိဉာဏ်မရှိသူများနှင့် နားပင်းသူများ ဖြစ်သည်ဟူသော အလိုသဘောမျိုး မဟုတ်ဘဲ ပုံစံတစ်မျိုးဖြင့် လှောင်ပြောင်နေခြင်း ဖြစ်သည်မှာ ပေါ်လွင်ပေသည်။ သို့သော်လည်း ထိုမတရားသော လှောင်ပြောင်မှုနှင့် အရဲတင်းခြင်းများအပေါ် ပေးရမည့်အဖြေအား တမန်တော်မြတ် ﷺ ကို အသိပေးခြင်းခံခဲ့ရသည်။ ထိုအဖြေမှာ ၄င်းတို့အား အဖြေပေး

ရာတွင် ခက်ထန်သော စကားမျိုးမပြောဆိုဘဲ မိမိ၏ ရိုကျိုးမှုအား ဖော်ထုတ်ကာ ပြောဆိုပါလေ။ ကျွန်ုပ်သည် အရာတိုင်းကို လွှမ်းမိုးခြယ်လှယ်နိုင်သော ဖန်ဆင်းရှင်မဟုတ်ပေ။ သို့သော်လည်း အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးဖြစ်ပေသည်။ အသင်တို့နှင့် ကျွန်ုပ်၌ ခြားနားချက်မှာ ဤမျှသာလျှင် ဖြစ်ပေသည်။ ကျွန်ုပ်အား ကျွန်ုပ်၏ အသျှင်သခင်သည် 'ဝဟီ'ပို့ချကာ 'ဟေဒါယသ်'လမ်းမှန်ပေါ်သို့ ရောက်ရှိစေသည်။ ထိုအချက်များ၌ သာပိုလေးနက်စေရန် ကျွန်ုပ်အား 'မုအ်ဂျေဇာဟ်'တော်များ ချီးမြှင့်လေသည်။ ယင်း၏ တန်ပြန်ထိရောက်မှုမှာ ဤသို့ ဖြစ်သင့်ပေသည်။ အသင်တို့အားလုံးသည် ကျွန်ုပ်အပေါ် အီမာန်ယူလာကြရပေမည်။ငင်းနောက် ယခုလည်း ကျွန်ုပ် အသင်တို့အား ဤသို့ပင် မှာကြားလိုပေသည်။ အသင်တို့ 'အေဗာဒသ်'ပြုမှုနှင့် နာခံမှုဘက်သို့ လှည့်လိုပါက အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းဘက်သို့သာ လှည့်ကြပါလေ။ ငင်းနောက် ကျူးလွန်မိခဲ့သော 'ဂိုနာဟ်'အပြစ်များမှလည်း 'သောင်ဗာဟ်'ပြု အမှားဝန်ခံကြလေကုန်။

နောက်ဆုံးတွင် ရည်ညွှန်းမိန့်ဆိုရာ၌ ကုရ်အာန်ကျမ်းတော်မြတ်ပါ သတင်းကောင်းပေးခြင်းနှင့် ခြိမ်းခြောက်ခြင်းရှုထောင့်နှစ်ခုစလုံးအား ငင်းတို့ရှေ့မှောက်၌ တင်ပြကြားနာစေသည်။ ယင်းမှာ 'ရှရစ်က်'ပြု တုပကိုးကွယ်သူများအတွက် ကြီးမားသော ဆုံးရှုံးမှုရှိပြီး အီမာန်ရှင်များအတွက် အမြဲရရှိနေမည့် အကျိုးစဝါးဗ်များအား ဖော်ပြထားပေသည်။ အာယသ်တော်၌ ရှရစ်က်ပြုသူများအား ဆုံးရှုံးမှုတင်ပြရခြင်း၏ အကြောင်းအရင်းကို ဤသို့ တင်ပြထားပေသည်။

لَا يُؤْتُوْنَ الزَّكٰوةَ

ဆိုလိုသည်မှာ ငင်းတို့သည် 'ဇကားသ်'ဆင်းရဲသားဓါနကြေးအား မပေးဆောင်ခြင်းကြောင့်ဟူ၍ ဖြစ်သည်။ ဤနေရာ၌ မေးခွန်းတစ်ချို့ ပေါ်ပေါက်လာလေသည်။

ပထမမေးခွန်းမှာ ဤအာယသ်တော်များသည် မက္ကာဟ်မြို့တော်၌ ကျရောက်ခဲ့သည်။ ငင်းနောက် 'ဇကားသ်'၏ 'ဖွရဇ်'ဖြစ်ခြင်းမှာ မဒီနာဟ်မြို့တော်၌ ကျရောက်ခဲ့သည်ဖြစ်ရာ 'ဖွရဇ်'တာဝန်မထိုက်မီကတည်းက ငင်းတို့အပေါ်၌ 'ဇကားသ်' ပေးဆောင်ခြင်း မရှိဟူ၍ စွပ်စွဲခြင်းမှာ မည်သို့ မှန်ကန်နိုင်ပေမည်နည်း။

ယင်း၏ အဖြေကို အိဗ်နေကဆီးရ် (ရဟ) က ဤသို့ ဖြေကြားပေးခဲ့သည်။ စင်စစ်တွင် 'ဇကားသ်'သည်လည်း အစ္စလာမ်၏ အစကနဦးပိုင်း၌ နမာဇ်နှင့်အတူ 'ဖွရဇ်'ဖြစ်ခဲ့ပြီးဖြစ်သည်။ ထို 'ဖွရဇ်'ဖြစ်ခြင်းအား စူရာဟ်'မုဇမ်မိလ်'၏ အာယသ်တော်များ၌ ဖော်ပြထားပေသည်။ သို့သော်လည်း 'ဇကားသ်'ပေးရန် တာဝန်ရှိသည့် သတ်မှတ်ချက် အတိုင်းအတာများ၏ ရှင်းလင်းချက် ပေါ်လွင်မှုများနှင့် ကောက်ခံရယူခြင်း၏ အစီအစဉ်များ ပြုခြင်းမှာ မဒီနာမြို့တော်၌ ဖြစ်ခဲ့လေသည်။ ထို့ကြောင့် မက္ကာဟ်မြို့၌ 'ဇကားသ်ဖွရဇ်' မဖြစ်ခဲ့ပေဟူ၍ မပြောဆိုနိုင်ပေ။

ကာဖိရ်များသည် အီမာန်၏ အခက်အလက် "အမလ်"ကျင့်ဆောင်မှုများအား ကျင့်ဆောင်ရန် အမိန့်ပညတ်ခြင်း ခံရပါ၏လော။

ဒုတိယမေးခွန်းမှာ ဖေကာဟ်ပညာရှင်အများစုထံ၌ ကာဖိရ်များသည် အီမာန်၏ အခက်အလက် 'အမလ်' ကျင့်ဆောင်မှုများအား ကျင့်ဆောင်ရန် အမိန့်ပညတ်ခြင်း မခံရပေဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ကာဖိရ် များအပေါ်၌ နမာဇ်၊ ရိုဇာဟ်၊ ဇကားသ်၊ ဟဂျ် ၏ အမိန့်များ ချမှတ်ပညတ်ခဲ့ခြင်း မရှိပေ။ ၄င်းတို့အပေါ်၌ အမိန့်ချမတ်ခဲ့သည်မှာ ဦးစွာပထမ အီမာန်လက်ခံပါလေ။ အီမာန်လက်ခံပြီးသည့်နောက် ဤနမာဇ်၊ ရိုဇာဟ် စသည့် 'ဖွရ်ဇ်'တာဝန်များသည် ၄င်းတို့အပေါ် အမိန့်ချမှတ်ပြီး ဖြစ်သွားပေသည်။

သို့ရှိရာ ၄င်းတို့အပေါ်၌ 'ဇကားသ်ဖွရ်ဇ်' အမိန့် မချမှတ်မီအလျှင် (အာယသ်တော်၌) 'ဇကားသ်' မပေးဆောင်သည့်အပေါ် အပြစ်ဖြစ်သည်ဟူ၍ မိန့်ဆိုထားခြင်းမှာ မည်သို့နည်း။

အဖြေမှာ 'အေမာမ်ကြီးများနှင့် ဖေကာဟ်ပညာရှင် အများစုထံ၌ ကာဖိရ်များသည်လည်း အီမာန်၏ အခက်အလက် ကျင့်ဆောင်မှုများအား ကျင့်ဆောင်ရန် အမိန့်ချမှတ်ခြင်း ခံရသည်'ဟူ၍ ဖြစ်သည်။ ဤ အဆိုအရ စောဒကတက်ဖွယ်ရာပင် မရှိတော့ပေ။ ၄င်းနောက် ကာဖိရ်များအား အီမာန်၏ အခက်အလက် ကျင့်ဆောင်မှုများအား ကျင့်ဆောင်ရန် အမိန့်ချမှတ်ခြင်းမခံရပေဟု ဆိုသော သူများသည် ဤသို့ ပြောဆိုနိုင်ပေသည်။ အာယသ်တော်တွင် 'ဇကားသ်'မပေးဆောင်သည့်အပေါ် အဓိကရှုတ်ချတ်ထားခြင်းမဟုတ်ဘဲ ၄င်းတို့ 'ဇကားသ်' မပေးဆောင်ခြင်းသည် 'ကုဖွရ်'ပြု ငြင်းဆန်သောကြောင့် ဖြစ်သည့်အတွက် ရှုတ်ချထားခြင်း ဖြစ်သည်။ ၄င်းနောက် 'ဇကားသ်'မပေးဆောင်ခြင်းသည် 'ကုဖွရ်'၏ နိမိတ်လက္ခဏာ ဖြစ်ပေသည်။ ထို့ကြောင့် ၄င်းတို့အား အပြစ်တင် အမျက်ရှသော ပုံစံဖြင့် ပြောဆိုသည်မှာ အသင်တို့သည် မုအ်မင်န်များဖြစ်ပါက 'ဇကားသ်'အား အတိအကျ ပေးဆောင်ကြပေမည်။ အီမာန်မယူလာကြခြင်းသည် သာလျှင် အသင်တို့၏ အပြစ်၊ အမှားအယွင်းတစ်ခု ဖြစ်လေသည်။ *[ဗယာန္နလ်ကုရ်အာန်ကျမ်း]*

၄င်းနောက် ကာဖိရ်များသည် အီမာန်၏ အခက်အလက် 'အမလ်'ကျင့်ဆောင်မှုများအား ကျင့်ဆောင်ရန် အမိန့်ပေးခြင်း ခံရသည်။ (သို့) အမိန့်ပေးခြင်း မခံခဲ့ရ စသည်တို့အား လေးနက်တိကျစွာ သိလိုသော် ကျွန်ုပ် သေးသိမ်သော စာရေးသူ၏ စာအုပ်ဖြစ်သည့် 'အဟ်ကားမ်မေကုရ်အာန်'ကျမ်း၌ ရှိလေသည်။ ကြည့်ရှုပါလေ။ ၄င်းကို အာရဗီဘာသာရပ်ဖြင့် ဖြန့်ဝေပြီးဖြစ်သည်။

တတိယမေးခွန်းမှာ အစ္စလာမ်၏ အမိန့်ပညတ်ချက်များတွင် အားလုံးထက် ပထမဦးဆုံးသော အမိန့်ပညတ်ချက်မှာ နမာဇ်ဖြစ်ပေသည်။ ဤနေရာ၌ နမာဇ်၏ အကြောင်းကို တင်ပြထားခြင်းမရှိဘဲ 'ဇကားသ်'အကြောင်းကိုသာလျှင် သီးသန့် တင်ပြထားခြင်းမှာ မည်သို့နည်း။

ကုရ်သုဗီကျမ်း စသည်တို့၌ အဖြေပေးထားသည်မှာ 'အာရဗ်လူမျိုးကိုရိုက်ရှ်တို့သည် ချမ်းသာကြွယ်ဝကြသော လူများ ဖြစ်ကြသည်။ ၄င်းနောက် 'ဆွဒ်ကာဟ်' အလှူဒါနများ ပြုခြင်းနှင့် ဆင်းရဲသားများအား ကူညီခြင်း စသည်တို့သည် ၄င်းတို့၏ သီးခြားဂုဏ်ပုဒ်တစ်ရပ် ဖြစ်သည်။ သို့သော်လည်း အာရဗ်

များထဲမှ မွတ်စလင်မ်ဖြစ်သွားကြသူများအား အာရဗ်လူမျိုးတို့သည် မျိုးရိုးတော်စပ်ခြင်းကြောင့် ကူညီရခြင်း နှင့် လူမှုရေးအရ အကူအညီပေးရခြင်းတို့မှ လက်မဲ့ဖြစ်စေကာ မကူညီကြပေ။ ထိုလုပ်ရပ်အား ရှုတ်ချပြစ်တင်ရန် ရည်ရွယ်လေသည်။ ထို့ကြောင့် 'ဇကားသ်' အား သီးသန့်တင်ပြရခြင်းဖြစ်သည်။

لَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ

ممنون ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'ပြတ်တောက်ရပ်တန့်ခြင်း' ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ အီမာန်နှင့် 'အအ်မာလေဆွာလေဟာတ်' (ကောင်းမြတ်သော လုပ်ရပ်များ) အား မြဲမြံစွာ ကျင့်ကြံလက်ကိုင်ထားသူများအား တမလွန်၌ ပေးခြင်းခံရမည့် အကျိုးများမှာ ရပ်တန့်ခြင်းမရှိဘဲ ပေးအပ်ခြင်းခံရမည်။ အမြဲတစေ ရရှိနေမည့် အကျိုးများဖြစ်သည်။ ၎င်းနောက် အချို့သော သဖ်စီးရ်ပညာရှင်များက ၎င်း **ممنون** ၏ အလိုသဘောအား ဤသို့ သတ်မှတ်ကြလေသည်။ မုအ်မင်န်သည် အကြင် 'အအ်မာလေဆွာလေဟာတ်' များအား ပြုကျင့်သည့် အကျင့်ရှိပြီး တစ်ခါတစ်ရံ ရောဂါကြောင့်သော်လည်းကောင်း၊ (သို့) ခရီးကြောင့်သော်လည်းကောင်း၊ (သို့) အခြား ခြွင်းချက်တစ်စုံတစ်ခုကြောင့်သော်လည်းကောင်း အမြဲကျင့်ကြံလေ့ရှိသည့် 'အမလ်' အား လွတ်ခဲ့သည်ရှိသော်လည်း ထို 'အမလ်' ၏ အကျိုး 'စဝါးဗ်' မှာ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက် ရရှိနေပေမည်။ သို့သာမက အလ္လာဟ်အသျှင်မြတ်က ဖရစ်ရှ်သာဟ်များအား အမိန့်ပေးတော်မူသည်မှာ ငါအသျှင်မြတ်၏ ဗန္ဒာဟ်သည် အကြင် 'အမလ်' အား မိမိ၏ ကျန်းမာနေချိန်နှင့် အခွင့်သာချိန်တို့၌ မြဲမြံစွာ ကျင့်ဆောင်ခဲ့ပေရာ ၎င်း၏ ခြွင်းချက်ရှိသော အခြေအနေ၌လည်း ထို 'အမလ်' များအား မကျင့်ဆောင်ဘဲနှင့်ပင် ၎င်း၏ စာရင်းစာအုပ်တွင် အကျိုး 'စဝါးဗ်' များအား ရေးမှတ်ကြကုန်လော့။ ဤအကြောင်းအရာပါ ဟဒီးစ်တော်များအား ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အဗူမူစာအရှ်အရီ ﷺ သခင်မှ ဆင့်ပြန်ထားပြီးနောက် ရှရဟွတ်စ်စွန္နဟ်ဗဂ်ဝီ ကျမ်းတွင် ဟဇရသ်အဗ်နေအုမရ် ﷺ သခင်နှင့် ဟဇရသ်အနတ်စ် ﷺ သခင်မှ ဆင့်ပြန်ထားပေသည်။ ၎င်းနောက် ရဇီးန် (ရဟ) သည် ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်နမတ်စ်အူးဒ် ﷺ သခင်မှ ဆင့်ပြန်ထားလေသည်။ *[မဇှ်ဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قُلْ اَئِنَّكُمْ لَتَكْفُرُوْنَ بِالَّذِىْ خَلَقَ الْاَرْضَ فِىْ يَوْمَيْنِ وَتَجْعَلُوْنَ لَهٗٓ اَنْدَادًا ۭ ذٰلِكَ رَبُّ الْعٰلَمِيْنَ ۝

၄၁ : ၉ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ၊ (အချင်းတို့) အသင်တို့သည် ကမ္ဘာမြေကို နှစ်ရက်နှင့် ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်အား သွေဖည်ငြင်းပယ်ကြလေသလော။ ထို့ပြင် အသင်တို့သည် အသျှင်မြတ်နှင့် ဂုဏ်ရည်တူများကို ပြုလုပ်ထားကြလေသလော။ ထိုအသျှင်မြတ်သည်ပင် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَجَعَلَ فِيهَا رَوَاسِيَ مِن فَوْقِهَا
وَبَارَكَ فِيهَا وَقَدَّرَ فِيهَا أَقْوَاتَهَا فِي أَرْبَعَةِ أَيَّامٍ سَوَاءً لِّلسَّائِلِينَ ﴿١٠﴾

၄၁ : ၁၀ ॥ ॥ ၄င်းပြင် ထိုအသျှင်မြတ်သည် ယင်းပထဝီမြေဝယ် တည်ငြိမ် ကြံ့ခိုင်သော တောင်များကို ယင်းပထဝီမြေ၏ထက်ဝယ် ပြုလုပ်ထားတော်မူခဲ့၏။ ထို့ပြင် ယင်းပထဝီမြေ၌ အကျိုးကျေးဇူးများကို ပွားများစေတော်မူခဲ့၏။ ထို့ပြင် ယင်းပထဝီမြေ၌ပင် ၄င်းမှ ထွက်သော အစာအဟာရများကို တိုင်းတာချင့်ချိန် သတ်မှတ်ထားတော်မူခဲ့၏။ (ယင်းအမှုကိစ္စ အလုံးစုံတို့မှာ) လေးရက်နှင့် (ပြီးမြောက်ခဲ့၏။ ဤသည်) မေးမြန်းသူတို့အဖို့ ညီမျှ (သော အဖြေ) ဖြစ်၏။

[အသျှင်မြတ်သည် စကြဝဠာအား ဖန်ဆင်းတော်မူရာတွင် ကမ္ဘာမြေကြီးကို နှစ်ရက်၊ ကမ္ဘာမြေကြီးနှင့် သက်ဆိုင်ရာများကို နှစ်ရက်၊ မိုးကောင်းကင်များကို နှစ်ရက်၊ စုစုပေါင်း ခြောက်ရက် ကြာမြင့်တော်မူခဲ့၏။]

ثُمَّ اسْتَوَىٰ إِلَى السَّمَاءِ وَهِيَ دُخَانٌ فَقَالَ
لَهَا وَلِلْأَرْضِ ائْتِيَا طَوْعًا أَوْ كَرْهًا قَالَتَا أَتَيْنَا طَائِعِينَ ﴿١١﴾

၄၁ : ၁၁ ॥ ॥ ထို့နောက် ထိုအသျှင်မြတ်သည် မိုးကောင်းကင်ဘက်သို့ လှည့်တော်မူခဲ့၏။ ထိုအချိန်တွင် ယင်း မိုးကောင်းကင်သည် မီးခိုးအခိုးအငွေ့သာ ဖြစ်နေခဲ့၏။ ထိုအခါ အသျှင်မြတ်သည် ယင်းမိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ 'အသင်တို့ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ၊ လာကြလေကုန်' ဟု မိန့်ကြားတော်မူခဲ့ရာ ယင်း မိုးကောင်းကင်နှင့် ပထဝီမြေတို့က 'ကျွန်တော်မျိုးတို့သည် ကျေနပ်စွာ လာခဲ့ကြပါပြီ' ဟု လျှောက်ထားခဲ့ကြလေ၏။

فَقَضَاهُنَّ سَبْعَ سَمَاوَاتٍ فِي يَوْمَيْنِ وَأَوْحَىٰ فِي كُلِّ سَمَاءٍ أَمْرَهَا
وَزَيَّنَّا السَّمَاءَ الدُّنْيَا بِمَصَابِيحَ وَحِفْظًا ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ ﴿١٢﴾

၄၁ : ၁၂ ॥ ॥ ထို့နောက် ထိုအသျှင်မြတ်သည် ယင်းမိုးကောင်းကင်ကို နှစ်ရက်နှင့် မိုးခုနစ်ထပ် ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် မိုးကောင်းကင်အသီးသီး၌ ၄င်းနှင့် သက်ဆိုင် သင့်မြတ်သော အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် အနီးဆုံး (ဖြစ်သော အောက်ဆုံး) မိုးထပ်ကို ကြယ်နက္ခတ်တာရာဖြင့် တင့်တယ်စွာ တန်ဆာဆင်ယင်တော်မူခဲ့ပြီး ထိန်းသိမ်းတော်မူခဲ့၏။ ဤသည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်၏ စီမံခန့်ခွဲ သတ်မှတ်ပြဋ္ဌာန်းခြင်းပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော် (ထိုသူများအား) ပြောကြားပါလေ။ အသင်တို့သည် ဤသို့သော ဖန်ဆင်းရှင်အား ငြင်းပယ်နေကြလေသလော။ ထိုအသျှင်မြတ်သည် မြေပထဝီအား (အလွန်ကျယ်ပြန့်လျက်ရှိနေပါသော်

လည်း) နှစ်ရက်တာ (ကာလ) အတွင်း ဖန်ဆင်းတော်မူပေသည်။ ၎င်းနောက် အသင်တို့သည် ထိုအသျှင်မြတ်နှင့် တုပန္နိုင်းယှဉ် ကိုးကွယ်ကြသည်။ ထို (အသျှင်မြတ်၏ တန်ခိုးတော်အား သိရှိပြီးဖြစ်သည်။) အသျှင်မြတ်သည်သာလျှင် လောကအပေါင်း၏ အရှင်သခင် ဖြစ်တော်မူပေသည်။ ၎င်းနောက် ထိုအသျှင်မြတ်သည် မြေပထဝီပေါ်တွင် တောင်များအား ဖန်ဆင်းတော်မူလိုက်ပေသည်။ ၎င်းနောက် ထို (မြေပထဝီ) တွင် အကျိုးဖြစ်စေသည့် အရာများအား (ဥပမာ- သစ်ပင်များနှင့် တိရစ္ဆာန်များ စသည်တို့အား) ထားရှိတော်မူလိုက်ပေသည်။ ၎င်းနောက် ထို (မြေပထဝီ) တွင် (နေထိုင်သူများ) အတွက် စားဖွယ်ရာများအား သတ်မှတ်ရွေးချယ်ပေးတော်မူပေသည်။ (ဥပမာဆိုရသော် မြေပထဝီအစိတ်အပိုင်းတိုင်း၌ နေထိုင်ကြသူများအတွက် သီးခြားစီ သင့်တော်သည်များ ရှိနေသည်ကို လက်တွေ့ မြင်နိုင်ပေသည်။ ဆိုလိုသည်မှာ မြေပထဝီပေါ်၌ အမျိုးမျိုးသော အသီးအနှံများအား ပေါက်ရောက်စေတော်မူသည်။ တစ်နေရာ၌ အသီးအနှံ အချို့ ပေါက်ရောက်စေကာ အခြားနေရာများ၌လည်း အသီးအနှံအချို့ ပေါက်ရောက်စေလေသည်။ ယင်းတို့အား ဆက်လက်ပေါက်ရောက်စေလျက် ရှိသည်။ ဤအရာအားလုံးသည်) လေးရက်တာကာလတွင် ဖြစ်ပေါ်ခဲ့သည်။ နှစ်ရက်တာကာလတွင် မြေပထဝီအား ဖန်ဆင်းတော်မူပြီး နှစ်ရက်တာကာလတွင် တောင် စသည်တို့အား ဖန်ဆင်းတော်မူသည်။ ထိုအရာများ ရေတွက်ရာတွင်) မေးမြန်းသောသူများအတွက် ပြည့်စုံလေသည်။ (ဆိုလိုသည်မှာ ဤသို့သော သူများအတွက် ပြည့်စုံလုံလောက်သွားပေသည်။ ၎င်းတို့သည် စကြဝဠာကြီးအား ဖန်ဆင်းသည့် ပုံသဏ္ဌာန်နှင့် ရက်အတိုင်းအတာ မည်မျှခန့် ကြာသည်နှင့် ပတ်သက်ပြီး တမန်တော်မြတ် ﷺ အား မေးခွန်းများ မေးမြန်းကြလေသည်။ ဥပမာ- ယဟူဒီများသည် တမန်တော်မြတ် ﷺ အား

خَلَقَ السَّمٰوٰتِ وَالْاَرْضِ

နှင့် ပတ်သက်ပြီး မေးမြန်းကြလေသည်။ ဤကဲ့သို့ပင် ဒွရ်ရေမန်စူးရ်ကျမ်း၌လည်း တင်ပြထားပေသည်။) တစ်ဖန် (ဤအရာများအားလုံးကို ဖန်ဆင်းတော်မူပြီး) မိုးကောင်းကင် (အား ဖန်ဆင်းမှု) ဘက်သို့ အာရုံပြုတော်မူပေသည်။ ၎င်းနောက် ထိုမိုးကောင်းကင်သည် ထိုအချိန်၌ မီးခိုးငွေ့ပမာ ဖြစ်သည်။ (ဆိုလိုသည်မှာ မိုးကောင်းကင်၏ ဇစ်မြစ်သည် မြေပထဝီ၏ ဇစ်မြစ်၏နောက် မြေပထဝီ၏ ယခုလက်ရှိပုံစံ၏ အလျင် ဖြစ်ရှိခဲ့ပြီးဖြစ်သည်။ ထိုဇစ်မြစ်သည် မီးခိုးငွေ့သဏ္ဌာန်တွင် ရှိနေသည်။) သို့ရှိရာ ထိုမိုးကောင်းကင်နှင့် မြေပထဝီအား အမိန့်ရှိသည်မှာ အသင်တို့နှစ်ဦးစလုံး (သည် ငါအသျှင်မြတ်၏ အမိန့်နာခံမှုဘက်သို့သာ ဇကန်အမှန် လာရမည်ဖြစ်ပေရာ ယခု အသင်တို့၌ ရွေးချယ်ခွင့် ရှိလေသည်။) ပျော်ရွှင်ကျေနပ်စွာဖြင့် လာကြမည်လော။ (သို့) အတင်းအကြပ်ပုံစံဖြင့် လာကြမည်လော။ (ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ သတ်မှတ်ထားသော 'သက္ကဒီ' အမိန့်ပညတ်ချက်များသည် အသင်တို့နှစ်ဦးအပေါ်၌ဖြစ်လျက်ပင် ရှိနေပေမည်။ ထိုသို့ ဖြစ်လျက် ရှိနေခြင်းမှာ အသင်တို့နှစ်ဦး၏ ရွေးချယ်ခွင့်၌ မရှိပေ။ ထိုအရာများသည်ကား ဖြစ်လျက်ပင် ရှိနေပေမည်။ သို့သော်လည်း အသင်တို့အား ငါအသျှင်မြတ် ချီးမြှင့်ထားသည့် အသိဉာဏ်နှင့် အသိတရားအရ ဤသို့လည်း ဖြစ်နိုင်ပေသည်။ အသင်တို့သည် ငါအသျှင်မြတ် သတ်မှတ်ပညတ်ထားသော အမိန့်များ

အား မိမိတို့၏ ပျော်ရွှင်ကျေနပ်မှုဖြင့် လက်ခံပါ။ (သို့) ထိုအမိန့်များအား စိတ်ထဲမှ မနှစ်မြို့၍ အသင်တို့၌ အတင်းအဓမ္မပုံစံဖြင့် အမိန့်ပေးခိုင်းစေမည်။ (ဥပမာ- လူသားများအတွက် ရောဂါဝေဒနာနှင့် သေခြင်းတရား ကိစ္စသည် သတ်မှတ်ပညတ်ထားသော အမိန့်များဖြစ်သည်။ ထိုအရာများကို လူသားသည် အဟန့်အတား ပြုနိုင်မည်မဟုတ်ပေ။ သို့သော် အမြော်အမြင်ကြီးသူတစ်ဦးက ထိုသေခြင်းတရားနှင့် ထိုရောဂါဝေဒနာအား ပျော်ရွှင်ကျေနပ်စွာဖြင့် လက်ခံ၍ သည်းခံမှုနှင့် ကျေးဇူးတင်ခြင်း၏ အကျိုးရလဒ်များအား ရယူခံစားကြသည်။ အချို့က မနှစ်မြို့ မကျေနပ် ဆုံးရှုံးစွာဖြင့် သေဆုံးကြလေသည်။

သို့ရှိရာ ယခု အသင်သည် ဤသို့ သုံးသပ်ကြည့်ပါက ကျွန်ုပ်တို့ ထိုအမိန့်ပညတ်ချက်များအပေါ် ကျေနပ်နှစ်မြို့ကြမည်လော။ (သို့) မနှစ်မြို့ဘဲ နေကြမည်လော။ မိုးကောင်းကင်နှင့် မြေပထဝီ၌ ဖြစ်ပေါ်လျက်ရှိသော သတ်မှတ်ထားသည့် အမိန့်ပညတ်ချက်ဆိုသည်မှာ ဤသို့ဖြစ်သည်။ ယခု မိုးကောင်းကင်၏ မူလပုံစံသည် မီးခိုးပမာသာ ရှိခဲ့သည်။ ထိုမီးခိုးပုံစံကို မိုးကောင်းကင်ခုနှစ်ထပ်ဖြစ်ခြင်းသည် သတ်မှတ်ထားသော အမိန့်ဖြစ်သည်။ ၎င်းနောက် မြေပထဝီသည် ပြီးစီးသွားခဲ့ပြီဖြစ်သော်လည်း ထိုမြေပထဝီ၌ ထောင်ပေါင်းများစွာသော ပြောင်းလဲဆန်းသစ်မှုများမှာ 'ကေယာမသ်'နေ့ထိတိုင် ဖြစ်လျက် ရှိနေမည်။) မိုးကောင်းကင်နှင့် မြေပထဝီက လျှောက်ထားသည်မှာ ကျွန်ုပ်တို့သည် ကြည်ဖြူကျေနပ်စွာဖြင့် (ထိုအမိန့်ပညတ်ချက်များအား) နာခံရန် အသင့်ရှိကြသည်။ သို့ရှိရာ နှစ်ရက်တာကာလ၌ပင် မိုးကောင်းကင်ခုနှစ်ထပ်ကို ဖြစ်ရှိစေသည်။ ၎င်းနောက် (မိုးကောင်းကင်ခုနှစ်ထပ်ကို ဖရစ်ရှ်သာဟ်များဖြင့် စည်ကားသိုက်မြိုစေခြင်းဖြင့်) မိုးကောင်းကင်တိုင်းတွင် ၎င်းနှင့် ကိုက်ညီသော မိမိ၏ အမိန့်ပညတ်ချက်များအား (ဖရစ်ရှ်သာဟ်များကို) တာဝန်ပေးခဲ့လေသည်။ (ဆိုလိုသည်မှာ အကြင်ဖရစ်ရှ်သာဟ်များအား ခိုင်းရန်ရှိသော အလုပ်များကို ၎င်းတို့အား ပြသပေးသည်။) ၎င်းနောက် ငါအသျှင်မြတ်သည် ထိုအနီးဆုံးသော မိုးကောင်းကင်ကို ကြယ်တာရာများဖြင့် ခြယ်သထားသည်။ ၎င်းနောက် (ရှိုက်သွာန်များအား မိုးကောင်းကင်သတင်းများ ခိုးယူခြင်းမှ တားမြစ်ရန်အတွက်) ဤသတင်းများ ခိုးယူခြင်းကို ကြယ်တာရာများအား ဖန်ဆင်းခြင်းဖြင့် ကာကွယ်ခဲ့သည်။ ဤအစီအမံများသည် တစ်လောကလုံးအား စိုးပိုင်တော်မူသော အသျှင်မြတ်၏ ဘက်တော်မှ ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ထိုအာယသ်တော်များ၌ အဓိကရည်ရွယ်ချက်မှာ 'သောင်ဟီးဒ်'အား ငြင်းပယ်သော မုရှ်ရစ်က်များကို ၎င်းတို့၏ 'ကုဖွ်ရ်'ပြုမှုနှင့် 'ရှရစ်က်'ပြုမှုအား ဤသို့ ထိရောက်စူးရှစေသော ပုံစံဖြင့် သတိပေးတင်ပြထားခြင်းဖြစ်သည်။ ထိုအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းခြင်းဆိုသည့် ဂုဏ်ပုဒ်နှင့် မိုးကောင်းကင်နှင့် မြေပထဝီကဲ့သို့ ကြီးမားသော အဖန်ဆင်းခံများအား ဖန်ဆင်းရခြင်း၏ မရေမတွက်နိုင်သော အမြော်အမြင်များနှင့် ထိုမိုးကောင်းကင်နှင့် မြေပထဝီကို ခြိမ်းခြောက်သတိပေးသော ပုံစံဖြင့် မိန့်ဆိုသည်ကို ဤသို့ တင်ပြထားသည်။ အသင်တို့သည် ဤမျှ ကြီးကျယ်တော်မူသော အလုံးစုံ

အား စွမ်းနိုင်တော်မူသည့် ဖန်ဆင်းရှင်နှင့်အတူ အခြားအရာများကို တုပကိုးကွယ်ရာအသျှင်အဖြစ် သတ်မှတ်ကြရလောက်အောင် အသင်တို့သည် အသိဉာဏ်ကင်းမဲ့နေကြလေပြီလော။ ဤသို့ ခြိမ်းခြောက်သတိပေးမှုနှင့် အကျယ်တဝင့် တင်ပြထားမှုများမှာ စူရာဟ်ဗကရာဟ်၏ တတိယရုကူအ်တွင် လာရှိထားပြီးဖြစ်သည်။ ၎င်းအာယသ်တော်များမှာ-

كَيْفَ تَكْفُرُوْنَ بِاللّٰهِ وَكُنْتُمْ اَمْوَاتًا فَاَحْيٰكُمْ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ

ثُمَّ اِلَيْهِ تُرْجَعُوْنَ هُوَالَّذِىْ خَلَقَ لَكُمْ مَّافِى الْاَرْضِ جَمِيْعًا ثُمَّ اسْتَوٰى

اِلَى السَّمَآءِ فَسَوّٰهُنَّ سَبْعَ سَمٰوٰتٍ وَّهُوَ بِكُلِّ شَىْءٍ عَلِيْمٌ ○

တို့ပင် ဖြစ်သည်။ စူရာဟ်ဗကရာဟ်၏ အာယသ်တော်များတွင် ဖန်ဆင်းသည့် ရက်အရေအတွက်နှင့် အကျယ်တဝင့် ရှင်းလင်းချက်များ မပါရှိပေ။ စူရာဟ်ဖွတ်စ်စီလသ်၏ အထက်ပါအာယသ်တော်များ၌မူ ထိုရက်အရေအတွက်များအကြောင်းလည်း တင်ပြထားပေသည်။

မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းရာ၌ အစဉ်လိုက်နှင့် ဖန်ဆင်းသည့် ရက်များ သတ်မှတ်ခြင်း

ဗယာနွလ်ကုရ်အာန်၌ ကျွန်ုပ်၏ ဆရာသခင် ဟဇရသ်ဟာကီမွလ်အွမ္မသ် (ရဟ) က ဤသို့ အမိန့်ရှိသည်မှာ မိုးကောင်းကင်နှင့် မြေထဝီ၏ ဖန်ဆင်းခြင်းအကြောင်းသည်ကား အနည်းအများ ကုရ်အာန်ကျမ်းတော်မြတ်တွင် နေရာပေါင်းမြောက်မြားစွာ၌ တင်ပြထားပေသည်။ သို့သော် ထိုအာယသ်တော်များတွင် 'သန်သီးဗ်' မည်သည့်အရာကို အလျင်ဖန်ဆင်း၍ မည်သည့်အရာအား နောက်မှ ဖန်ဆင်းသည့်အကြောင်းကိုကား (၃) အာယသ်တော်၌သာလျှင် လာရှိပေသည်။

ပထမအာယသ်တော်မှာ စူရာဟ် 'ဟာမီးမ်စဂ်ျဒဟ်'၏ အာယသ်တော် ဖြစ်သည်။

ဒုတိယအာယသ်တော်မှာ စူရာဟ် 'ဗကရာဟ်'၏ ဖော်ပြပါအာယသ်တော် ဖြစ်သည်။

တတိယအာယသ်တော်မှာ စူရာဟ် 'နာဇေအားသ်'၏ ဤအာယသ်တော်များ ဖြစ်သည်။

ءَاَنْتُمْ اَشَدُّ خَلْقًا اَمِ السَّمَآءُ بَنٰهَا رَفَعَ سَمْكَهَا فَسَوّٰهَا

وَاَغْطَشَ لَيْلَهَا وَاَخْرَجَ ضُحٰهَا وَالْاَرْضَ بَعْدَ ذٰلِكَ دَحٰهَا

اَخْرَجَ مِنْهَا مَآءَهَا وَمَرْعٰهَا وَالْجِبَالَ اَرْسٰهَا

၎င်းနောက် အပေါ်ယံကြည့်ခြင်းဖြင့် ထိုအကြောင်းအရာများအားလုံး၌ အကွဲအလွဲ အနည်းငယ်ရှိကြောင်း သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် စူရာဟ် 'ဗကရာဟ်'နှင့် စူရာဟ် 'ဟာမီးမ်စဂ်ျဒဟ်'

၏ အာယသ်တော်များမှ မိုးကောင်းကင်၏အလျင် မြေပထဝီအား ဖန်ဆင်းထားကြောင်း သိရှိရသည်။ ၎င်းနောက် စူရာဟ် 'နာဇေအားသ်'၏ အာယသ်တော်မှ မိုးကောင်းကင်အား မြေပထဝီ၏ အလျင် ဖန်ဆင်းထားကြောင့် အထက်ဖော်ပြပါ အာယသ်တော်များနှင့် ဆန့်ကျင်နေသည်ကို သိရှိရသည်။ ဟာဇရသ်ဟာကီမွလ်အွမ္မသ် (ရဟ) က အမိန့်ရှိသည်မှာ အာယသ်တော်များအားလုံးကို လေးနက်စွာ စဉ်းစားခြင်းဖြင့် ကျွန်ုပ်ဤသို့ တွေးခေါ်မိလေသည်။ ဦးစွာပထမ မြေပထဝီ၏ ဇစ်မြစ်အား ဖန်ဆင်းထားသည်။ ၎င်းနောက် ယင်း၏ ယခုလက်ရှိ အခြေအနေပုံစံသို့ မရောက်သေးမီအလျင် မီးခိုးသဏ္ဍာန်၌ ရှိသော မိုးကောင်းကင်၏ ဇစ်မြစ်အား ဖန်ဆင်းလေသည်။ ထို့နောက် မြေပထဝီအား လက်ရှိပုံစံအနေအထားအဖြစ် ဖန်ဆင်းလိုက်လေသည်။ တစ်ဖန် ထိုမြေပထဝီအပေါ်၌ တောင်များနှင့် သစ်ပင်များ စသည်တို့ကို ဖန်ဆင်းခဲ့သည်။ တစ်ဖန် မိုး ကောင်းကင်၏ ဇစ်မြစ်၊ မီးခိုးငွေ့တန်းအား မိုးခုနစ်လွှာအဖြစ် ဖန်ဆင်းပေးခဲ့သည်။ အာယသ်တော်များအားလုံး ဤရှင်းလင်းမိန့်ဆိုချက်အရ ဆန့်ကျင်ခြင်းမရှိတော့ပါဟု မျှော်လင့်ပေသည်။ ရှေ့ဆက်၍ အခြေအနေအစစ်အမှန်အား အလ္လာဟ်အသျှင်မြတ် ကောင်းစွာ သိရှိတော်မူပေသည်။

[ဗယာနွလ်ကုရ်အာန်၊ စူရာဟ်ဗကရာဟ်၊ ရှုကူအ်-၃။]

ဆွဟီဟ်ဘိုခါရီကျမ်းတွင် ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်မှ ထိုအာယသ်တော်၏ အောက်၌ မေးခွန်းအချို့နှင့် အဖြေအချို့ တင်ပြထားလေသည်။ ထိုထဲ၌ ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင် ရှင်းလင်းတင်ပြခဲ့သော ဖွင့်ဆိုမှုများသည်လည်း ဤသို့ပင် ဖြစ်ဟန်တူသည်။ ထိုအရာများကို ဟာဇရသ်ဟာကီမွလ်အွမ္မသ် (ရဟ) က အာယသ်တော်များကြား၌ ဆက်စပ်မှုရှိကြောင်းပြရန် တင်ပြထားပေသည်။ ယင်းတင်ပြချက်များအား အိဗ်နေကစီးရ် (ရဟ) က ထိုအာယသ်တော်များ၏ အောက်၌ ဆင့်ပြန်ရေးသားထားသည်မှာ-

وخلق الارض في يو مين ثم خلق السماء ثم اَستوى الى السَّمَاء فسوّهنّ في
يو مين اٰخرين ثم دحى الارض ودحيها ان اخرج منها الماء والمرعى وخلق
الحبال والرمال والجماد والاٰكام ومابينهما في يومين اٰخرين
فذالك قوله تعالى ــ دحاها

၎င်းနောက် ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) သခင်သည် ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်မှ အိဗ်နေဂျရီးရ် (ရဟ) က ဆင့်ပြန်ထားသည့် စူရာဟ်'ဟာမီးမ်စဂျ်ဒဟ်'၏ အာယသ်တော်၏ သဖ်စီးရ်၌ ဤဆင့်ပြန်ချက်အားလည်း ကောက်နုတ်ဆင့်ပြန်ထားပေသည်။ ယင်းမှာ မဒီနာမြို့ရှိ ယဟူဒီများသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိလာကာ မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းမှုနှင့် ပတ်သက်သည်များကို မေးမြန်းကြလေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီအား တနင်္ဂနွေနေ့နှင့် တနင်္လာနေ့၌ ဖန်ဆင်းတော်မူပေသည်။ ၎င်းနောက် တောင်များနှင့်

၄င်းအတွင်းရှိ ရတနာ သိုက် စသည်တို့အား အင်္ဂါနေ့၌ ဖန်ဆင်းပြီး၊ သစ်ပင်များ၊ မြစ်ချောင်းများ၊ မြို့များ၊ အဆောက်အအုံများ နှင့် ကွင်းပြင်များအား ဗုဒ္ဓဟူးနေ့၌ ဖန်ဆင်းတော်မူပေသည်။ ဤအရာများအားလုံး ဖန်ဆင်းရာ၌ လေးရက် တာကာလ ကြာမြင့်ခဲ့သည်။ ပမာဆိုရသော် ဤအာယသ်တော်၌ ပါရှိပေသည်။

ءَ اِنَّكُمْ لَتَكْفُرُوْنَ بِالَّذِىْ خَلَقَ الْاَرْضَ فِىْ يَوْمَيْنِ وَ تَجْعَلُوْنَ لَهٗۤ اَنْدَادًا ذٰلِكَ رَبُّ الْعٰلَمِيْنَ ○ وَجَعَلَ فِيْهَا رَوَاسِىَ مِنْ فَوْقِهَا وَبٰرَكَ فِيْهَا وَقَدَّرَ فِيْهَاۤ اَقْوَاتَهَا فِىْۤ اَرْبَعَةِ اَيَّامٍ ؕ سَوَآءً لِّلسَّآئِلِيْنَ ○

ဆိုလိုသည်မှာ ထိုသူများအတွက် ဖြစ်သည်။ ၄င်းတို့သည် ဤဖန်ဆင်းမှုနှင့် စပ်လျဥ်းပြီး မေးမြန်းကြလေသည်။ တစ်ဖန် အမိန့်ရှိသည်မှာ ကြာသပတေးနေ့၌ မိုးကောင်းကင်အား ဖန်ဆင်းတော်မူသည်။ ၄င်းနောက် သောကြာနေ့၌ ကြယ်တာရာများ၊ နေ နှင့် လ၊ ဖရစ်ရှိသာဟ် ကောင်းကင်တမန်တော်များအား ဖန်ဆင်းတော်မူသည်။ ထိုအရာများအားလုံး ဖန်ဆင်းပြီးချိန်၌ သောကြာနေ့၌ အချိန်သုံးချိန် ကျန်ရှိနေသေးပေသည်။ ထိုအချိန်များထဲမှ ဒုတိယအချိန်တွင် အရာတိုင်းအပေါ်သို့ ကျရောက်ဖြစ်ရှိမည့် ဘေးဗလာများ နှင့် ဒုက္ခများအား ဖန်ဆင်းတော်မူပေသည်။ ၄င်းနောက် တတိယအချိန်၌ အာဒမ် عليه السلام အား ဖန်ဆင်းတော်မူသည်။ ထို့နောက် ၄င်းအား 'ဂျန္နသ်'၌ စံမြန်းစေသည်။ ၄င်းနောက် အီဗ်လီးစ်အား အာဒမ် عليه السلام ကို 'စဂျ်ဒဟ်'ပြု ဦးချရန် အမိန့်ပေးတော်မူလေသည်။ အီဗ်လီးစ်သည် 'စဂျ်ဒဟ်'ပြုရန် ငြင်းပယ်သောကြောင့် 'ဂျန္နသ်'မှ နှင်ထုတ်ခြင်း ခံရပေသည်။ ဤအဖြစ်အပျက်များအားလုံးသည် တတိယအချိန် ကုန်သည်အထိ ဖြစ်ရှိခဲ့သည်။ *[အိဗ်နေကစီးရ်]*

အိဗ်နေကစီးရ် (ရဟ) က ဤရေဝါယသ်အား ဆင့်ပြန်၍ မိန့်ဆိုသည်မှာ-

هٰذا الحديث فيه غرابة

၄င်းနောက် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ မှ ဆင့်ပြန်ထားသော ဟဒီးစ် တစ်ပုဒ်တွင် စကြဝဠာကြီးအား စတင်ဖန်ဆင်းသည့် ရက်ကို **يوم السبت** ဆိုလိုသည်မှာ စနေနေ့ဟူ၍ ဖော်ပြထားပေသည်။ ထိုဆင့်ပြန်ချက်အရ မိုးကောင်းကင်နှင့် မြေပထဝီအား ရက်သတ္တပတ် (၇) ရက်တွင် ဖန်ဆင်းခဲ့ကြောင်း သိရှိရပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအနှံ့၌ ဤဖန်ဆင်းမှုသည် (၆) ရက်တာကာလတွင် ဖြစ်ရှိခဲ့ကြောင်း တိုက်ရိုက် ဖော်ပြမိန့်ဆိုထားပေသည်။

وَالْاَرْضَ وَمَا بَيْنَهُمَا فِىْ سِتَّةِ اَيَّامٍ وَّمَا مَسَّنَا مِنْ لُّغُوْبٍ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် မိုးကောင်းကင်၊ မြေပထဝီနှင့် ၄င်းတို့အတွင်းရှိ အရာများအား (၆) ရက်တာကာလတွင် ဖန်ဆင်းတော်မူခဲ့သည်။ ၄င်းနောက် ငါအသျှင်မြတ်အား မောပန်းသည်ဟူ၍

မရှိခဲ့ပေ။ ထို့ကြောင့် အဆုံး၌ စနဒ်အရ ဟဒီးစ်ပညာရှင်ကြီးများက ထိုဆင့်ပြန်ချက်များအား အားနည်းချက်ရှိသော ဆင့်ပြန်ချက်များဟု သတ်မှတ်လိုက်ကြသည်။ အိဗ်နေကစီးရ် (ရဟ) က ထိုဆင့်ပြန်ချက်အား မွတ်စ္စလင်မ်ကျမ်းနှင့် နစာအီကျမ်းအား ကျမ်းကိုးပေးလျက် ဆင့်ပြန်မိန့်ဆိုသည်မှာ-

وهو — غرائب الصحيح المسلم كمافىزادالمسير — لابن جوزى

ဆိုလိုသည်မှာ ဤဟဒီးစ်တော်သည် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၏ ထူးခြားအံ့ဖွယ် အချက်များထဲမှ တစ်ခုအပါအဝင် ဖြစ်ပေသည်။ ၎င်းနောက် အိဗ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ အေမာမ်ဘိုခါရီ (ရဟ) သခင်ကြီးသည် မိမိ၏ကျမ်းဖြစ်သော သာရီခေကဗီးရ်၌ ဤရေဝါယသ်အား အားနည်းချက်ရှိသည်ဟု ဆိုထားသည်။ ၎င်းနောက် အချို့သော ပညာရှင်များက ဤဆင့်ပြန်ချက်ကို ဟဇရသ်ကအ်ဗ်အဟ်ဗားရ် ﷺ သခင်ထံမှ ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်က ဆင့်ပြန်ထားသော ဆင့်ပြန်ချက်အတိုင်း ဆင့်ပြန်ထားလေသည်။ တမန်တော်မြတ် ﷺ ၏ မိန့်ခြွေချက်မဟုတ်ပေ။ ၎င်းနောက် အိဗ်နေကစီးရ် (ရဟ) က အမိန့်ရှိသည်မှာ ဤသည်ပင် အမှန်ကန်ဆုံး (အဆွဟ်) ဖြစ်သည်။ *[အိဗ်နေကစီးရ်၊ စာ-၉၄။ တွဲ-၄။]*

ဤကဲ့သို့ပင် အိဗ်နေမဒီနီ (ရဟ) နှင့် ဗိုင်ဟကီ (ရဟ) စသည့် ဟဒီးစ်များစွာ ကျက်မှတ်ထားကြသော (ဟွမ်ဖာဇေဟဒီးစ်) ပညာရှင်များကလည်း ထိုရေဝါယသ်ကို ကအ်ဗ်ဗင်န်အဟ်ဗားရ်၏ အဆိုစကားပင်ဖြစ်ကြောင်း သတ်မှတ်ကြပေသည်။ *[ဟာရှီယဟ်ဒွလ်မစီးရ်လီအိဗ်နေကျောင်ဇီ၊ စာ-၂၇၃၊ တွဲ-၇။]*

ပဌမရေဝါယသ်အား အိဗ်နေဂျရီရ် (ရဟ) က ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့လေသည်။ အိဗ်နေကစီးရ် (ရဟ) ၏ ဆုံးဖြတ်ချက်အရ ထိုရေဝါယသ်တွင်လည်း 'ဂရာဗသ်'(ချွင်းချက်) ရှိလေသည်။ 'ဂရာဗသ်'ဖြစ်ရခြင်း၏ အကြောင်းတစ်ခုမှာ ဤသို့ဖြစ်သည်။ ထိုရေဝါယသ်တွင် တမန်တော်အာဒမ် عليه السلام အား ဖန်ဆင်းမှု၊ မိုးကောင်းကင်များအား ဖန်ဆင်းမှုနှင့်အတူ နောက်ဆုံးနေ့ 'ဂျုမုအာဟ်'၏ နောက်ဆုံးအချိန်တွင် ဖြစ်ခဲ့သည်။ ထိုအချိန်၌ပင် 'စဂျ်ဒဟ်'လုပ်ရန်နှင့် အီဗ်လီးစ်အား 'ဂျန္နသ်'မှ မောင်းထုတ်ခံရမှုကို ဖော်ပြခြင်း ဖြစ်လေသည်။

စင်စစ် ကျမ်းတော်မြတ်ကုရ်အာန်၏ မြောက်မြားစွာသော အာယသ်တော်များ၌ တမန်တော် အာဒမ် عليه السلام အား ဖန်ဆင်းမှု၊ 'စဂျ်ဒဟ်'၏ အမိန့်နှင့် အီဗ်လီးစ်အား မောင်းထုတ်ခံရမှုအကြောင်းကို ဖော်ပြထားပေသည်။ ယင်းအာယသ်တော်များ၏ စာသားအသွားအလာ (စေယားက်) ဖြင့် တမန်တော်အာဒမ် عليه السلام ၏ ဝါကေအဟ်သည် မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းမှု၏ ကာလများစွာ ကြာပြီးနောက်မှ ဖြစ်ခဲ့သည်ကို ရှင်းလင်းစွာ သိရှိရပေသည်။ မြေပထဝီတွင် ၎င်း၏ လိုအပ်ချက်များ ပြည့်စုံသွားပြီးနောက် 'ဂျင်န်'များနှင့် ရှိက်သွာန်များကို မြေပထဝီ၌ နေထိုင်ကြပြီးနောက်တွင်မှ မြင့်မြတ်တော်မူသော အလ္လာဟ် အသျှင်မြတ်က

اِنِّى جَاعِلٌ فِى الْاَرْضِ خَلِيْفَةً

ဟူ၍ မိန့်တော်မူသည်။ (ဤအတိုင်းပင် မဇ္ဇဟရီကျမ်း၌ မိန့်ဆိုထားပေသည်။)

အချုပ်ဆိုရသော် အကြင်ဟဒီးစ်တော်၏ ရေ၀ါယသ်များ၌ မြေပထဝီနှင့် မိုးကောင်းကင်အား ဖန်ဆင်းသည့်အချိန်နှင့် နေ့ရက်၊ ယင်းအရာများ၏ အစဉ်လိုက် ဖန်ဆင်းမှုကို ဖော်ပြထားပေသည်။ ထိုဆင့်ပြန်ချက်များ၌ မည်သည့်ဆင့်ပြန်ချက်မှ ကျမ်းတော်မြတ်ကုရ်အာန်ကဲ့သို့ 'ကွသ္ဝ်အီးယကီနီး' (အတိအကျ အခိုင်အမာ) ဟု ဆို၍ မရရှိနိုင်ပေ။ ထိုဆင့်ပြန်ချက်များသည် 'မရ်ဖူးအ်အဟာဒီးစ်'များ မဟုတ်ဘဲ အီစ်ရာအီးလ်ဆင့်ပြန်ချက်များ ပို၍ ဖြစ်နိုင်ချေရှိသည်။ ပမာအားဖြင့် အိဗ်နေကစီးရ် (ရဟ) က မွတ်စ္စလင်မ်၊ နစာအီ၏ ဟဒီးစ်နှင့် ပတ်သက်၍ ထိုအရာ (အီစ်ရာအီးလ်ဆင့်ပြန်ချက်) ဖြစ်ခြင်းကို ရှင်းလင်းစွာ မိန့်ဆို ထားပေသည်။ ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များကိုသာလျှင် 'အဆွလ်'မူရင်းဟု သတ်မှတ်၍ အဓိက လိုရင်းအဓိပ္ပာယ် သတ်မှတ်ရန် ထိုက်သင့်ပေသည်။

ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များကို စုစည်း၍ ထောက်ရှုကြည့်ခြင်းဖြင့် မိုးကောင်းကင်နှင့် မြေပထဝီ၊ ၎င်းပြင် မြေပထဝီ၌ ရှိသော အရာအားလုံးကို (၆) ရက်တာအတွင်း၌သာလျှင် ဖန်ဆင်းခဲ့သည်ဟူသော အချက်ကို အခိုင်အမာ သိရှိရပေသည်။

ဒုတိယအချက်မှာ 'ဟာမီးမ်စဂ်ျဒဟ်'၏ အာယသ်တော်ဖြင့် ဤသို့ သိရှိရလေသည်။ မြေပထဝီနှင့် ၎င်းရှိ တောင်များ၊ သစ်ပင်များ စသည်တို့၏ ဖန်ဆင်းမှု၌ လေးရက်တာကာလ ကြာမြင့်ခဲ့သည်ကို သိရှိရပေသည်။

တတိယအချက်မှာ မိုးကောင်းကင်များ၏ ဖန်ဆင်းမှု၌ နှစ်ရက်တာအချိန် သုံးစွဲခဲ့ကြောင်း၊ သို့သော်လည်း နှစ်ရက်အပြည့် ကြာမြင့်ခဲ့သည်ဟု ရှင်းလင်းသော တင်ပြချက်များ မလာရှိပါ။ သို့သာမက ညွှန်ပြချက်တစ်ချို့ဖြင့် ဤနှစ်ရက်ကို အပြည့်အဝ သုံးစွဲခဲ့သည်မဟုတ်ဘဲ နောက်ဆုံးနေ့ 'ဂျုမုအာဟ်'၏ အချို့အချိန် ကျန်နေကြောင်းကို သိရှိရပေသည်။ ဤအာယသ်တော်များ၏ အပေါ်ယံအားဖြင့် (၆) ရက်အနက် ပထမလေးရက်ကို မြေပထဝီ၏ ဖန်ဆင်းမှု၌ ကျန်နှစ်ရက်အား မိုးကောင်းကင်များ၏ ဖန်ဆင်းမှု၌ အသုံးပြုတော်မူခဲ့သည်ဟု သိရှိရပေသည်။ ထို့ပြင် မြေပထဝီ၏ ဖန်ဆင်းမှုသည် မိုးကောင်းကင်၏ ဖန်ဆင်းမှုထက်အလျှင် ဖြစ်ခဲ့သည်။ သို့သော် စူရာဟ် 'နာဇေအားသ်'၏ အာယသ်တော်တွင် မြေပထဝီအား ဖြန့်ခင်းမှုနှင့် ပြီးပြည့်စုံစေမှုကို မိုးကောင်းကင်အား ဖန်ဆင်းမှု၏နောက်တွင် ဖြစ်ကြောင်း ရှင်းလင်းစွာ မိန့်မြွက်ထားပေသည်။ ထို့ကြောင့် အထက်တွင် ဗယာန္ဝလ်ကုရ်အာန်၏ ကျမ်းကိုးဖြင့် တင်ပြခဲ့သော မြေပထဝီ၏ ဖန်ဆင်းမှုသည် နှစ်ပိုင်းခွဲခြင်းခံရသည် ဟူသော ပုံစံသည် များစွာ မဝေးလှပေ။ အကြောင်းမူ ပထမနှစ်ရက်တွင် မြေပထဝီနှင့် ၎င်း၏အပေါ်မှ တောင်များ စသည်တို့၏ ဖစ်မြစ်ကို အသင့်စီရင် ပေးတော်မူခဲ့သည်။ ထို့နောက် ကျန်နှစ်ရက်တာကာလတွင် မိုးကောင်းကင်ခုနှစ်ထပ်အား ဖန်ဆင်းတော်မူသည်။ ထို့နောက် နှစ်ရက်တွင် မြေပထဝီအား ဖြန့်ခင်းမှုနှင့် ၎င်းမြေပထဝီတွင် တောင်များ၊ သစ်ပင်များ၊ ချောင်းများ၊ စိမ့်စမ်းအိုင်များ စသည်တို့ကို ပြီးပြည့်စုံစွာ ဖန်ဆင်းတော်မူသည်။ ဤပုံစံဖြင့် မြေပထဝီအား ဖန်ဆင်းသည့် လေးရက်သည် တစ်ဆက်တည်း မဟုတ်ပေ။ ထို့ပြင် 'ဟာမီးမ်စဂ်ျဒဟ်'၏ အာယသ်တော်ဖြင့် ဖော်ပြခြင်းခံရသော အစဉ်မှာ ဤသို့ ဖြစ်သည်။ ဦးစွာပထမ မြေပထဝီအား နှစ်ရက်တွင် ဖန်ဆင်းခဲ့ကြောင်း မိန့်တော်မူထားသည်။

خَلَقَ الْاَرْضَ فِيْ يَوْمَيْنِ

ထို့နောက်တွင် မှန်ရက်များကို သတိပေးထားပေသည်။ ထို့နောက်တစ်ဖန် သီးခြားမိန့်တော်မူသည်မှာ-

وَجَعَلَ فِيهَا رَوَاسِيَ مِنْ فَوْقِهَا وَبَارَكَ فِيهَا وَقَدَّرَ فِيهَا أَقْوَاتَهَا فِي أَرْبَعَةِ أَيَّامٍ

ဟူ၍ ဖြစ်သည်။ ထိုအာယသ်တော်တွင် ဤလေးရက်သည် ပထမဖော်ပြခဲ့သည့် နှစ်ရက်ပါ ပါဝင်ကြောင်းနှင့် ပတ်သက်ပြီး သဖ်စီးရ်ပညာရှင်များအားလုံး၏ အဆို သဘောတူညီကြပေသည်။ ဤအာယသ်တော်ဖြင့် သီးခြားလေးရက်ကို ဆိုလိုခြင်းမဟုတ်ပေ။ သို့မဟုတ်ပါက စုစုပေါင်း ရှစ်ရက်ဖြစ်ရှိသွားပေမည်။ ယင်းအချက်သည် ကျမ်းတော်မြတ်ကုရ်အာန်မှ ရှင်းလင်းစွာ တင်ပြထားချက်နှင့် ဆန့်ကျင်ပေသည်။

ယခု ဤနေရာတွင် နေရာ၏ လိုလားတောင်းဆိုချက်ကို အပေါ်ယံအားဖြင့် စဉ်းစား၍ ဤသို့ သိရှိရပါသည်။

خَلَقَ الْاَرْضَ فِيْ يَوْ مَيْنِ

ဟု မိန့်တော်မူပြီးနောက် တောင်များ စသော အရာများ၏ ဖန်ဆင်းမှုကိုလည်း فِيْ يَوْمَيْنِ ဟူသော စကားလုံးဖြင့် ထုတ်ဖော်ထားခြင်း ခံရပေသည်။ သို့ပါ၍ ယင်းရက်အရေအတွက်၏ စုစုပေါင်းမှာ လေးရက်ဖြစ်ကြောင်း အလိုအလျောက် သိရှိသွားရပေသည်။ သို့သော်လည်း ကျမ်းတော်မြတ်ကုရ်အာန်၏ ထုတ်ဖော်မိန့်ဆိုမှု ပုံစံသည် ထိုသို့မဟုတ်ပါ။ မြေပထဝီ၏ ဖန်ဆင်းမှုများအနက် ကျန်သော အရာများကို တင်ပြပြီးနောက်မှ ဤသည် စုစုပေါင်းလေးရက်ဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။ ထိုအချက်ဖြင့် ဤလေးရက်သည် တစ်ဆက်တည်းမဟုတ်ကြောင်း၊ ထို့ပြင်မက နှစ်ပိုင်းခွဲခြင်းခံရကြောင်း ထင်ရှားစွာ ညွှန်ပြနေမှု ထွက်ပေါ်လာပေသည်။ နှစ်ရက်သည် မိုးကောင်းကင်များကို ဖန်ဆင်းခြင်းထက်အလျင် ဖြစ်ပြီး၊ ကျန်နှစ်ရက်သည် ၄င်း၏ နောက်၌ ဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင်

خَلَقَ فِيهَا رَوَاسِيَ مِنْ فَوْقِهَا

အား ဖော်ပြထားမှုသည် မိုးကောင်းကင်များကို ဖန်ဆင်းခြင်း၏နောက်မှ အကြောင်းအား တင်ပြခြင်းဖြစ်သည်။

وَجَعَلَ فِيهَا رَوَاسِيَ مِنْ فَوْقِهَا

မြေပထဝီတွင် တောင်များသည် မြေပထဝီ၏ အလေးချိန်ကို မှန်ကန်ညီမျှစွာ ထားရှိရန်အတွက် ဖန်ဆင်းခြင်း ခံရပေသည်။ ပမာအားဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ မြောက်မြားစွာသော အာယသ်တော်များတွင် ထိုအကြောင်းအား ရှင်းလင်းစွာ မိန့်မြွက်ချက် လာရှိထားပေသည်။ ထိုအချက်အတွက် ဤသို့ တောင်များကို မြေမျက်နှာပြင်ပေါ်တွင် မြင့်မြင့်မားမား ထားရှိရန် အရေးမကြီးပေ။ မြေပထဝီအတွင်း၌လည်း ထားရှိခြင်း ခံရနိုင်ပေသည်။ သို့သော် မြေမျက်နှာပြင်ပေါ်တွင် ထားခြင်းနှင့် ယင်းတောင်များ၏ အမြင့်

ပိုင်းအား လူအများနှင့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားမှုတို့မှ ဝေးစွာ ထားရှိခြင်းတွင် မြေပထဝီ၌ နေထိုင်ကြကုန်သော သူတို့အတွက် ထောင်ပေါင်းများစွာမက မရေမတွက်နိုင်သည့် အကျိုးကျေးဇူးများ ရှိပေသည်။ ထို့ကြောင့် ဤအာယသ်တော်တွင် **مِنْ فَوْقِهَا** ဟူသော စကားလုံးဖြင့် သီးခြားချီးမြှင့်မှု 'နေ့အိမ်သ'အား ညွှန်ပြထားခြင်း ဖြစ်ပေသည်။

وَقَدَّرَ فِيْهَا اَقْوَاتَهَا فِىْ اَرْبَعَةِ اَيَّامٍ سَوَآءً لِّلسَّٓائِلِيْنَ

اَقْوَاتٌ သည် **قُوْتٌ** ၏ အများကိန်းဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ရိဇိရိက္ခာ' ဖြစ်သည်။ ရိက္ခာဟုဆိုရာတွင် လူသား၏ လိုအပ်ချက်အလုံးစုံ ပါဝင်ပေသည်။ ဤကဲ့သို့ပင် အဗူအိုဗိုက်ဒ် (ရဟ) က ပြောကြားခဲ့သည်။ *[ဇာဒုလ်မစီရ်လီအိဗ်နေကျောင်ဇီ]*

ဟဇရသ်ဟစန် (ရဟ) နှင့် ဟဇရသ်စုဒ္ဒီ (ရဟ) တို့က ထိုအာယသ်တော်၏ အကျယ်ဖွင့်ဆိုချက်တွင် မိန့်ဆိုထားသည်မှာ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီ၏ နေရာဒေသတိုင်းတွင် ထိုဒေသ၌ နေထိုင်သူများ၏ အဆင်ပြေစေမှုနှင့်အညီ စားနပ်ရိက္ခာကို သတ်မှတ်ပေးတော်မူသည်။ စားနပ်ရိက္ခာ သတ်မှတ်ပေးသည်ဟူသော အလိုသဘောမှာ ထိုနယ်ပယ်ဒေသတွင် မည်သို့သော အရာများသည် မည်မျှအတိုင်းအတာ ဖြစ်ပေါ် ပေါက်ရောက်စေရမည်ဟူသော အမိန့်အား သက်ရောက်စီးဆင်းနေစေခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဤသတ်မှတ်ချက်ကြောင့် မြေပထဝီ၏ နေရာဒေသတိုင်းတွင် အချို့အချို့သော ထူးခြားချက်များ ရှိပေသည်။ နေရာတိုင်းတွင် အမျိုးမျိုးသော ရတနာသိုက်များ၊ အမျိုးမျိုးသော ပေါက်ပင်များ၊ သစ်ပင်များနှင့် တိရစ္ဆာန်များ၊ ထိုနယ်ပယ်၏ လိုအပ်ချက်များသည် ၎င်းတို့၏ အကျင့်ဓလေ့၊ နှစ်သက်လိုလားမှုနှင့်အညီ ပေါ်ပေါက်စေတော်မူပေသည်။

ထို့ကြောင့်ပင် နေရာဒေသတိုင်း၏ လုပ်ငန်းများနှင့် အဝတ်အစားများသည် ကွဲပြားခြားနားသွားပေသည်။ ယမန်နိုင်ငံတွင် အဆွစ်၊ စာဗူးရ်တွင် စာဗူရီ၊ ရိုင်းတွင် သွယာလစပ်၊ ဒေသတစ်ခုတွင် ဂျုံ၊ အခြားဒေသတစ်ခုတွင် ဆန်နှင့် အခြားသော ကောက်ပဲသီးနှံများ၊ အချို့နေရာတွင် မှို့၊ အချို့နေရာတွင် ဝါ၊ အချို့နေရာတွင် ပန်းသီးနှင့် စပျစ်သီး (ပေါ်ထွက်ပြီး (သို့) သုံးစွဲပြီး) အချို့နေရာတွင် သရက်သီး (စသည်ဖြင့် ထွက်ပေါ်လေသည်။) ဤအရာဝတ္ထုများ၏ ကွဲပြားမှု၌ နယ်ပယ်ဒေသတိုင်း၏ ဓလေ့စရိုက်နှင့် ကိုက်ညီမှုလည်း ရှိပေသည်။ ထို့ပြင် ဟဇရသ်အိက်ရမဟ် (ရဟ) သခင်နှင့် ဟဇရသ်ဒွဟာက် (ရဟ) သခင်၏ မိန့်ဆိုချက်နှင့်အညီ (ဆိုပါလျှင်) လောက၏ နယ်ပယ်ဒေသအားလုံးနှင့် နိုင်ငံများတွင် အချင်းချင်း အပြန်အလှန် ကူးသန်းရောင်းဝယ်မှုနှင့် အချင်းချင်း ကူညီရိုင်းပင်းမှု၏ လမ်းများ ပွင့်သွားသည်ဟူသော ဤအကျိုးကိုလည်း ရရှိပေသည်။ မည်သည့်နယ်ပယ်ဒေသခံမှ နောက်တစ်နယ်၏ (အကူအညီ မလိုဘဲ) ကုံလုံပြည့်စုံသည်ဟူ၍ မရှိပါ။ အပြန်အလှန် လိုအပ်နေမှုဟူသော အချက်အပေါ်၌ပင် အချင်းချင်း ကူညီရိုင်းပင်းမှု၏ ခိုင်မာသော အဆောက်အအုံ ဖြစ်ရှိနိုင်ပေသည်။ ဟဇရသ်အိက်ရမဟ် ﷺ မိန့်ဆိုသည်မှာ အချို့သော ဒေသများတွင် ဆားကို ရွှေနှင့် အညီ ချိန်၍ ရောင်းချကြပေသည်။

ပမာဆိုရသော် မြေပထဝီအားဖြင့် မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်က ယင်းမြေပထဝီပေါ်၌ နေထိုင်ကျက်စားသော လူများနှင့် သတ္တဝါများ၏ အလုံးစုံသော လိုအပ်ချက်များ၊ စားနပ်ရိက္ခာ၊ နေရာထိုင်ခင်း၊ အဝတ်အစား စသည်တို့၏ ကြီးကျယ်ခမ်းနား ထည်ဝါသော ဂိုဒေါင်တစ်ခု ဖန်ဆင်းပေးထားတော်မူသည်။ ယင်းမြေပထဝီတွင် 'ကေယာမသ်'နေ့အထိ ရောက်ရှိလာပြီး နေထိုင်ကျက်စားကြမည်ဖြစ်သော မြောက်မြားစွာသော လူသားများနှင့် မရေမတွက်နိုင်သော သတ္တဝါများ၏ လိုအပ်မည့် အရာများအားလုံး အားထားရှိထားပေသည်။ ၎င်းအရာများသည် မြေပထဝီ၏ ဝမ်းဗိုက်၌ ပြည့်နှက်စွာ ရှိနေပြီး လိုအပ်သလောက်သာလျှင် 'ကေယာမသ်'နေ့အထိ ထွက်ပေါ်နေမည်ဖြစ်သည်။ လူသားသည် မိမိလိုအပ်သည်များကို မြေပထဝီမှ ထုတ်ယူ၍ လိုအပ်သည်နှင့်အညီ အသုံးပြုရန်သာလျှင် လူသား၏ အလုပ်ဖြစ်ပေသည်။ ရှေ့၌ လာသည့် အာယသ်တော်တွင် سَوَآءً لِّلسَّآئِلِينَ ဟူ၍ မိန့်တော်မူထားပေသည်။

ဤဝါကျသည် (အထက်ပါ) လေးရက်တာကာလနှင့် ပတ်သက်ဆက်စပ်မှုရှိကြောင်း သဖ်စီးရ်ပညာရှင်အများစုက သတ်မှတ်ထားပေသည်။ အလိုသဘောမှာ ဤကြီးကျယ်ခမ်းနားသော ဖန်ဆင်းမှုများသည် လေးရက်အတိတွင် ပြီးဆုံးသွားလေသည်။ လူ့အသိုင်းအဝိုင်း၌ 'လေး'ဟု ပြောဆိုခြင်းခံရသော အရာသည် တစ်ခါတစ်ရံ လေးထက် အနည်းငယ် နည်းနေတတ်ပေသည်။ တစ်ခါတစ်ရံ ပိုနေတတ်သည်လည်း ရှိပေသည်။ သို့သော် ကျိုးပဲ့ မတိကျမှုကို ဖြုတ်ချ၍ ယင်းအရာအား လေးဟုသာလျှင် ပြောဆိုကြပေသည်။ အာယသ်တော်တွင် ဤနေရာ၌ سَوَاءً ဟူသော စကားလုံးကို တိုး၍ ထိုဖြစ်နိုင်ချေအား ဖြတ်တောက်လိုက်ပေသည်။ ဤဖန်ဆင်းခြင်းအလုပ်သည် လေးရက်အတိတွင် မှန်ကန်စွာ ပြီးမြောက်ခဲ့ကြောင်း ဖော်ပြနေပေသည်။ لِّلسَّآئِلِينَ ၏ အဓိပ္ပာယ်မှာ အကြင်သူများသည် မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းခြင်းအကြောင်းနှင့် ပတ်သက်၍ အသင်တမန်တော်အား မေးမြန်းမှုများ ပြုနေကြပေသည်။ ပမာအားဖြင့် ယဟူဒီများက မေးမြန်းကြလေသည်။ သဖ်စီးရ်အိဗ်နေကစီးရ်နှင့် ဒွရ်ရေမန်စူးရ်တွင် ထိုမေးမြန်းမှု ပြုနေသူများကို ဤဖန်ဆင်းမှုများအားလုံးသည် လေးရက်အတိတွင် မှန်ကန်စွာ ပြီးမြောက်ကြောင်း အဖြေပေး ဖော်ပြခြင်းခံရသည်ဟု ဆင့်ပြန်ထားပေသည်။ *[အိဗ်နေကစီးရ်၊ ကုရ်သုဗီး၊ ရူးဟ်။]*

အချို့သော သဖ်စီးရ်ပညာရှင်များဖြစ်သော အိဗ်နေဇိုက်ဒ် (ရဟ) စသည်တို့က لِّلسَّآئِلِينَ ၏ ပတ်သက် ဆက်စပ်မှုသည် قَدَّرَ فِيهَا أَقْوَاتَهَا ဟူသော ဝါကျနှင့်ဖြစ်ကြောင်း သတ်မှတ်ကြပေသည်။ سائلين ၏ အဓိပ္ပာယ်မှာ ရှာဖွေကြသူများ၊ လိုအပ်ကြသူများဟူ၍ ဖြစ်သည်။ ထိုပုံစံတွင် အလိုသဘောမှာ ဤသို့ ဖြစ်ပေမည်။ မြေပထဝီတွင် မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က ကွဲပြားခြားနားသော ရိဇ္ဇိရိက္ခာ အမျိုးမျိုးနှင့် လိုအပ်မည့် အရာအမျိုးမျိုးကို ဖန်ဆင်းပေးထားတော်မူသည်။ ဤအရာများသည် ၎င်းတို့အား ရှာဖွေနေသူများ လိုအပ်နေသူများ၏ အကျိုးအတွက် ဖြစ်ပေသည်။ အကြောင်းမူ ရှာဖွေ

နေသူ၊ လိုအပ်နေသူသည် သဘာဝအရ တောင်းခံမှုပြုပေသည်။ ထို့ကြောင့် ၄င်းတို့အား **سائلين** ဟူသော စကားလုံးဖြင့် ထုတ်ဖော် ဖွင့်ဆိုထားခြင်း ဖြစ်သည်။ *[ဖဲဟ်ရေမုဟီးသ္ဂ်]*

အိဗ်နေကစီးရ် (ရဟ) က ဤသဖ်စီးရ် ရှင်းလင်းချက်ကို တင်ပြပြီးနောက် ဤ (**سائلين**) သည် ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူထားသော

اَعۡطٰكُمۡ مِّنۡ كُلِّ مَا سَاَلۡتُمُوۡهُ

မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က အသင်တို့ တောင်းဆိုသည်ကို ပေးကမ်းချီးမြှင့်တော်မူ) သကဲ့သို့ပင် ဖြစ်သည်ဟု ဆိုသည်။ အကြောင်းမူ ဤနေရာတွင်လည်း တောင်းခံခြင်း (ဟူသော စကားလုံး) ဖြင့် ၄င်းတို့၏ လိုအပ်ချက်ရှိသူဖြစ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ် ပေးကမ်းရန်အတွက်) တောင်းခံမှုပြုရန်သည် စည်းကမ်းသတ်မှတ်ချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်က ဤအရာများအား မတောင်းခံသူများကိုလည်း ပေးကမ်းချီးမြှင့်တော်မူသောကြောင့် ဖြစ်သည်။

فَقَالَ لَهَا وَلِلۡاَرۡضِ ائۡتِيَا طَوۡعًا اَوۡ كَرۡهًا قَالَتَاۤ اَتَيۡنَا طَآئِعِيۡنَ

ဤမိုးကောင်းကင်နှင့် မြေပထဝီအား ဦးတည်၍ အမိန့်ပေးခြင်းနှင့် ၄င်းမိုးကောင်းကင်နှင့် မြေပထဝီက အမိန့်နာခံ ရိုကျိုးစွာဖြင့် အဖြေပေးခြင်းသည် အချို့သော သဖ်စီးရ်ပညာရှင်များ၏ ထံတွင် မြေပထဝီနှင့် မိုးကောင်းကင်က မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်း အသင့်ဖြစ်နေမှု၏ 'မဂျားဇ်' (သွယ်ဝိုက်သုံးနှုန်းခြင်း) ဖြစ်သည်။ သို့သော်လည်း အိဗ်နေအသ္ဂိယဟ် (ရဟ) နှင့် အခြားသော သဖ်စီးရ်သုတေသီများက ထိုအချက်တွင် မည်သည့် 'မဂျားဇ်' (သွယ်ဝိုက်သုံးနှုန်းခြင်း) မှ မရှိပါဟု ဆိုသည်။ အားလုံးသည် မိမိ၏ မူရင်းဇစ်မြစ်အတိုင်းသာ ရှိသည်။ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က မိုးကောင်းကင်နှင့် မြေပထဝီ၌ နားလည်သဘောပေါက်စေမှု၊ ရည်ရွယ်ပြောဆို ခြင်းအား နားလည်မှုကို ထည့်သွင်းဖန်ဆင်းပေးတော်မူပြီး ၄င်းတို့ကို ပြောဆိုနိုင်သည့် အင်အားလည်း အဖြေပေးရန်အတွက် ပေးအပ်ချီးမြှင့်တော်မူလိုက်သည်။ သဖ်စီးရ်ဖဲဟ်ရေမုဟီးသ္ဂ်ကျမ်းတွင် ဤရှင်းလင်းချက်ကို တင်ပြပြီးနောက် ဤသဖ်စီးရ် ရှင်းလင်းချက်သည်သာလျှင် အကောင်းဆုံးဖြစ်သည်ဟု မိန့်ဆိုထားပေသည်။ အိဗ်နေကစီးရ် (ရဟ) က ဤသဖ်စီးရ်အား တင်ပြပြီးနောက် အချို့ပညာရှင်များ၏ မြေပထဝီက ဤသို့ အဖြေပေးခြင်းသည် ယင်းမြေပထဝီအပေါ်တွင် 'ဗိုင်သွလ်လာဟ်' ဆောက်လုပ်မည့် အစိတ်အပိုင်းမှ အဖြေပေးခဲ့ခြင်းဖြစ်ပြီး မိုးကောင်းကင်၌ 'ဗိုင်သွလ်လာဟ်' နှင့် တည့်တည့်တွင် ရှိသော နေရာက အဖြေပေးခဲ့ခြင်း ဖြစ်သည်။ (ထိုနေရာကို 'ဗိုင်သွလ်မအ်မူးရ်' ဟု ခေါ်ဆိုသည်) ဟူသော အဆိုအား တင်ပြထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَإِنْ أَعْرَضُوا فَقُلْ أَنذَرْتُكُمْ صَاعِقَةً مِّثْلَ صَاعِقَةِ عَادٍ وَثَمُودَ ﴿١٣﴾

၄၁ : ၁၃ ။ ။ သို့ပါလျက် (အို, နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် မျက်နှာလွှဲသွားခဲ့ကြလျှင် အသင်သည် ၎င်းတို့အား (ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့အား 'အာဒ်'အမျိုးသားတို့ (၌ ဆိုက်ရောက်ခဲ့သော) ပြစ်ဒဏ်မျိုးနှင့် စပ်လျဉ်း၍လည်းကောင်း၊ 'ဆမူဒ်'အမျိုးသား (တို့၌ ဆိုက်ရောက်ခဲ့သော) ပြစ်ဒဏ်မျိုးနှင့် စပ်လျဉ်း၍လည်းကောင်း၊ သတိပေး နိူးဆော်၏။

إِذْ جَاءَتْهُمُ الرُّسُلُ مِن بَيْنِ أَيْدِيهِمْ وَمِنْ
خَلْفِهِمْ أَلَّا تَعْبُدُوا إِلَّا اللَّهَ ۖ قَالُوا لَوْ شَاءَ رَبُّنَا لَأَنزَلَ مَلَائِكَةً
فَإِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ ﴿١٤﴾

၄၁ : ၁၄ ။ ။ အကြင်အခါဝယ် ၎င်း ('အာဒ်'နှင့် 'ဆမူဒ်'အမျိုးသား) တို့ထံ ၎င်းတို့၏ ရှေ့နောက် (ဝဲယာ) မှ ရစူလ်တမန်တော်များ ရောက်ရှိလာပြီးလျှင် 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကိုမျှ ဆည်းကပ် ကိုးကွယ်ခြင်း မပြုကြကုန်နှင့် (ဟု ဟောကြားခဲ့ကြကုန်၏။ ထိုအခါ) ၎င်းတို့က 'ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူ သော အသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အမှန်ပင် 'မလာအေကဟ်' ကောင်းကင်တမန်များအား စေလွှတ်တော်မူခဲ့ ပေမည်။ သို့ဖြစ်ပေရာ ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်တို့အား (ပေး၍) စေလွှတ်ခြင်းခံခဲ့ရသော အကြောင်းအရာတို့ကို ငြင်းပယ်ကြသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

فَأَمَّا عَادٌ فَاسْتَكْبَرُوا فِي
الْأَرْضِ بِغَيْرِ الْحَقِّ وَقَالُوا مَنْ أَشَدُّ مِنَّا قُوَّةً ۖ أَوَلَمْ يَرَوْا أَنَّ اللَّهَ
الَّذِي خَلَقَهُمْ هُوَ أَشَدُّ مِنْهُمْ قُوَّةً ۖ وَكَانُوا بِآيَاتِنَا يَجْحَدُونَ ﴿١٥﴾

၄၁ : ၁၅ ။ ။ မည်သို့ပင် ဖြစ်စေ၊ 'အာဒ်'အမျိုးသားတို့မှာမူကား တိုင်းပြည်တွင် မတရားသဖြင့် ဘဝင်မြင့် မောက်မာ ပလွှားခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့ထက် သူရသတ္တိ ခွန်အားဗလကြီးမားသူ မည်သူရှိသနည်း' ဟု ပြောဆို (ဝင့်ကြွား) ခဲ့ကြကုန်၏။ ဧကန်မလွဲ ၎င်းတို့အား ဖန်ဆင်းတော်မူခဲ့သော အလ္လာဟ်အသျှင်အမြတ်သည် ၎င်းတို့ထက် ခွန်အား ဗလ ကြီးမားတော်မူသည်ကို ၎င်းတို့သည် မဆင်ခြင် မစဉ်းစား မမြင်ခဲ့ကြလေသလော။ ထို့ပြင် ၎င်းတို့သည် ငါအသျှင် မြတ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်လျက်ပင် ရှိခဲ့ကြကုန်၏။

فَأَرْسَلْنَا عَلَيْهِمْ رِيحًا صَرْصَرًا فِي أَيَّامٍ نَّحِسَاتٍ لِّنُذِيقَهُمْ
عَذَابَ الْخِزْيِ فِي الْحَيَاةِ الدُّنْيَا ۖ وَلَعَذَابُ الْآخِرَةِ أَخْزَىٰ ۖ وَهُمْ لَا يُنصَرُونَ ﴿١٦﴾

၄၁ : ၁၆ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (၎င်းတို့အဖို့) ကျက်သရေ မင်္ဂလာကင်းမဲ့သော နေ့ရက်များတွင် ကြမ်းတမ်းလှစွာသော လေမုန်တိုင်းကို ၎င်းတို့အပေါ်၌ စေလွှတ်တော်မူခဲ့၏။ (ယင်းသို့ လေမုန်တိုင်းကို စေလွှတ်တော်မူ

ခြင်းမှာ) ငါအသျှင်မြတ်သည် ၎င်းတို့အား ဤမျက်မှောက်လောကီဘဝ၌ပင် ဂုဏ်အသရေနိမ့်ကျစေသော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူရန်အလို့ငှာ (စေလွှတ်တော်မူခြင်း) ဖြစ်၏။ ထို့ပြင် 'အာခေရသ်' တမလွန်ဘဝ၏ ပြစ်ဒဏ်မှာ သာ၍ပင် ဂုဏ်အသရေ နိမ့်ကျစေသော ပြစ်ဒဏ်ဖြစ်မည်။ ထိုအခါ ၎င်းတို့မှာ ကူညီစောင်မခြင်း ခံကြရမည်လည်း မဟုတ်ပေ။

وَأَمَّا ثَمُودُ فَهَدَيْنَٰهُمْ فَٱسْتَحَبُّوا۟ ٱلْعَمَىٰ عَلَى ٱلْهُدَىٰ
فَأَخَذَتْهُمْ صَٰعِقَةُ ٱلْعَذَابِ ٱلْهُونِ بِمَا كَانُوا۟ يَكْسِبُونَ ﴿١٧﴾

၄၁ : ၁၇ ။ ။ ထို့ပြင် 'ဆမူဒ်'အမျိုးသားတို့မှာမူ အမှန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား တရားလမ်းမှန် ကို ညွှန်ပြတော်မူခဲ့သော်လည်း ၎င်းတို့မှာ တရားလမ်းမှန်ကို မြင်ခြင်းထက် မျက်စိကန်းခြင်းကိုသာ နှစ်သက်မြတ်နိုးခဲ့ကြ ကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့အား ၎င်းတို့၏ ဆည်းပူးခဲ့ကြသည်များကြောင့် ဂုဏ်အသရေ ပျက်ပြားနိမ့်ကျစေသော ပြစ်ဒဏ် ၏ လောင်မီးသည် ဖမ်းဆီးကွပ်မျက်ခဲ့လေ၏။

وَنَجَّيْنَا ٱلَّذِينَ ءَامَنُوا۟ وَكَانُوا۟ يَتَّقُونَ ﴿١٨﴾

၄၁ : ၁၈ ။ ။ သို့ရာတွင် ငါအသျှင်မြတ်သည် သက်ဝင်ယုံကြည်၍ (ငါအသျှင်မြတ်အား) ကြောက်ရွံ့လျက် ရှိခဲ့ကြ ကုန်သော သူတို့ကိုမူ လွတ်မြောက်စေတော်မူခဲ့ပေသည်။

وَيَوْمَ يُحْشَرُ أَعْدَآءُ ٱللَّهِ إِلَى ٱلنَّارِ فَهُمْ يُوزَعُونَ ﴿١٩﴾

၄၁ : ၁၉ ။ ။ ထို့ပြင် (အို, နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား ထိုနေ့ကို သတိရစေပါလေ။) အကြင်နေ့တွင် အလ္လာဟ်အသျှင်မြတ်၏ ရန်သူများသည် 'ဂျဟန္နမ်'ငရဲမီး၏ (စစ်ဆေးမေးမြန်းရာဌာန) အနီးသို့ စုရုံးခေါ်ဆောင်ခြင်းခံကြရပေမည်။ ထို့နောက် ၎င်းတို့သည် (စုပေါင်းမိရန်အတွက် လမ်းတွင် ခေတ္တဆိုင်းငံ့) တားဆီးခြင်းကို ခံကြရပေမည်။

حَتَّىٰٓ إِذَا مَا جَآءُوهَا شَهِدَ
عَلَيْهِمْ سَمْعُهُمْ وَأَبْصَٰرُهُمْ وَجُلُودُهُم بِمَا كَانُوا۟ يَعْمَلُونَ ﴿٢٠﴾

၄၁ : ၂၀ ။ ။ နောက်ဆုံးတွင် ထိုသူတို့သည် ယင်းငရဲမီး၏ အနီးရောက်ရှိကြသောအခါ ထိုသူတို့၏ နားများသည် လည်းကောင်း၊ ထိုသူတို့၏ မျက်စိများသည်လည်း ကောင်း၊ ထိုသူတို့၏ သားရေများသည်လည်းကောင်း၊ ထိုသူတို့နှင့် ဆန့်ကျင်ကာ ထိုသူတို့ကျင့်မူလျက် ရှိခဲ့ကြသည်တို့နှင့် စပ်လျဉ်း၍ သက်သေခံကြပေမည်။

وَقَالُوا۟ لِجُلُودِهِمْ لِمَ شَهِدتُّمْ عَلَيْنَا ۖ قَالُوٓا۟ أَنطَقَنَا ٱللَّهُ
ٱلَّذِىٓ أَنطَقَ كُلَّ شَىْءٍ وَهُوَ خَلَقَكُمْ أَوَّلَ مَرَّةٍ وَإِلَيْهِ تُرْجَعُونَ ﴿٢١﴾

၄၁ : ၂၁ ။ ။ (ထိုအခါ) ၎င်းတို့က မိမိတို့၏ (အသား) အရေများကို 'အသင်တို့သည် ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ အဘယ်ကြောင့် သက်သေထွက်ဆိုကြသနည်း'ဟု ပြောဆိုကြပေမည်။ (ထိုအခါ) ယင်း (နား၊ မျက်စိနှင့် သားရေ) တို့က

(ဤသို့) ပြောဆို (ပြန်ကြား) ကြပေမည်။ ကျွန်ုပ်တို့အား အကြင် အလ္လာဟ်အသျှင်မြတ်သည်ပင် စကားပြောဆိုစေတော်မူ၏။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စကားပြောဆိုစေတော်မူခဲ့၏။ စင်စစ် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့၏။ ထို့အပြင် အသင်တို့သည် ထိုအသျှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်စေခြင်းကို ခံကြရလေသည်။

وَمَا كُنتُمْ تَسْتَتِرُونَ أَن يَشْهَدَ عَلَيْكُمْ
سَمْعُكُمْ وَلَا أَبْصَارُكُمْ وَلَا جُلُودُكُمْ وَلَٰكِن ظَنَنتُمْ أَنَّ اللَّهَ
لَا يَعْلَمُ كَثِيرًا مِّمَّا تَعْمَلُونَ ﴿٢٢﴾

၄၁ : ၂၂॥ ။ စင်စစ် မိမိတို့၏ နားများသည်လည်းကောင်း၊ မိမိတို့၏ မျက်စိများသည်လည်းကောင်း၊ မိမိတို့၏ (အသား) အရေများသည်လည်းကောင်း မိမိတို့နှင့် ဆန့်ကျင်၍ သက်သေခံကြမည်ကို စိုးရိမ်ကာ သက်သေမခံနိုင်ကြရန် အသင်တို့ ဖုံးကွယ်နိုင်ကြသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည် မိမိတို့ ကျင့်မူကြသည်တို့အနက် များစွာတို့ကို အလ္လာဟ်အသျှင်မြတ် သိတော်မူသည်မဟုတ်ဟု ထင်မှတ်ခဲ့ကြကုန်၏။

وَذَٰلِكُمْ ظَنُّكُمُ الَّذِي
ظَنَنتُم بِرَبِّكُمْ أَرْدَاكُمْ فَأَصْبَحْتُم مِّنَ الْخَاسِرِينَ ﴿٢٣﴾

၄၁ : ၂၃॥ ။ စင်စစ် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် ပတ်သက်၍ ထင်မြင်ယူဆခဲ့ကြသော ထိုထင်မြင်ယူဆချက်သည်ပင်လျှင် အသင်တို့အား ဖျက်ဆီးခဲ့လေ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ပျက်စီးဆုံးရှုံးသူများပင် ဖြစ်ခဲ့ကြပေသည်။

فَإِن يَصْبِرُوا فَالنَّارُ مَثْوًى لَّهُمْ ۖ وَإِن يَسْتَعْتِبُوا فَمَا هُم مِّنَ الْمُعْتَبِينَ ﴿٢٤﴾

၄၁ : ၂၄॥ ။ သို့ဖြစ်ရာ အကယ်၍ ၎င်းတို့သည် (ဤသည့် ပျက်စီးဆုံးရှုံးမှုအပေါ်၌) သည်းခံနေကြလျှင်လည်း ငရဲမီးသည် ၎င်းတို့၏ နေထိုင်ရာဌာနပင် ဖြစ်၏။ ထိုနည်းတူစွာ အကယ်၍ ၎င်းတို့သည် နှစ်သက်မှုကို ရယူလိုသော်ငြားလည်း ၎င်းတို့သည် နှစ်သက်မှုကို ရရှိကြမည်မဟုတ်ပေ။

وَقَيَّضْنَا لَهُمْ قُرَنَاءَ فَزَيَّنُوا لَهُم مَّا بَيْنَ
أَيْدِيهِمْ وَمَا خَلْفَهُمْ وَحَقَّ عَلَيْهِمُ الْقَوْلُ فِي أُمَمٍ
قَدْ خَلَتْ مِن قَبْلِهِم مِّنَ الْجِنِّ وَالْإِنسِ ۖ إِنَّهُمْ كَانُوا خَاسِرِينَ ﴿٢٥﴾

၄၁ : ၂၅॥ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အဖို့ အပေါင်းအဖော်များ ပြုလုပ်တော်မူခဲ့ရာ ထိုအပေါင်းအဖော်တို့သည် ၎င်းတို့၏ ရှေ့နောက် အပြုအမူများကို ၎င်းတို့အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ခဲ့ကြပေသည်။ ထို့ပြင်

(အလ္လာဟ်အသျှင်မြတ်၏) အမိန့်တော်သည် 'ဂျင်န်' သတ္တဝါများအနက်မှလည်းကောင်း၊ လူသားတို့အနက်မှ လည်းကောင်း၊ ရှေးလွန်လေပြီးသော အမျိုးသားတို့နှင့်အတူ ၎င်းတို့နှင့် ပတ်သက်၍လည်း အမှန်ဖြစ်ခဲ့ပြီ။ ဧကန်စင်စစ် ၎င်းတို့ (အားလုံး) သည် ဆုံးရှုံးပျက်စီးသူများပင် ဖြစ်ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ('သောင်ဟီးဒ်'အထောက်အထားများကို နားထောင်ပြီးနောက်လည်း) အကယ်၍ ဤသူများသည် ('သောင်ဟီးဒ်'မှ) ကျောခိုင်းကြသည်ဆိုပါလျှင် အသင်တမန်တော်၊ ပြောကြားပါလေ။ ငါတမန်တော်သည် အသင်တို့အား ဤသို့သော ပျက်စီးမှု၊ ဒုက္ခမှ ခြိမ်းခြောက်နှိုးဆော်ပေသည်။ ပမာအားဖြင့် 'အားဒ်'မျိုးနွယ်နှင့် 'စမူးဒ်'မျိုးနွယ်၏ အပေါ် (ရှရစ်ကန့်င့် 'ကုဖွရ်'လုပ်ခြင်းကြောင့်) ပျက်စီးမှုဒုက္ခ ကျရောက်ခဲ့သည်။ (ဆိုလိုသည်မှာ 'အဇာဗ်'အပြစ်ဒဏ်ပေး၍ ပျက်စီးစေခဲ့ခြင်းဖြစ်သည်။ ပမာအားဖြင့် မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်မျိုးနွယ်များ၏ ခေါင်းဆောင်သည် 'ဗဒရ်'တိုက်ပွဲတွင် ရှုံးနိမ့်၍ ဖမ်းဆီးခြင်းခံရပေသည်။ ထို့ပြင် ဤ 'အားဒ်'မျိုးနွယ်နှင့် 'စမူးဒ်'မျိုးနွယ်၏ အဖြစ်အပျက်သည်) ၎င်းတို့ထံသို့ ၎င်းတို့၏ အရှေ့မှလည်းကောင်း၊ အနောက်မှသော်လည်းကောင်း နဗီတမန်တော်များ ရောက်ရှိခဲ့ပြီးသည့်အချိန်တွင် ဖြစ်သည်။ (ဆိုလိုသည်မှာ အကြင်နဗီတမန်တော်အား ၎င်းတို့ထံသို့ စေလွှတ်ခြင်းခံရပြီး ၎င်းတို့အား သဘောပေါက်အောင် နားချရာတွင် အသက်စွန့်၍ ကြိုးစားခဲ့ကြသည်။ လူတစ်ဦးသည် မိမိ၏ ချစ်ခင်သူအား ဒုက္ခပျက်စီးမှုတစ်စုံတစ်ခုဘက်သို့ သွားနေသည်ကို မြင်ပါက ယင်းသူသည် တစ်ခါတစ်ရံ အရှေ့မှလာ၍ သော်လည်းကောင်း၊ တစ်ခါတစ်ရံ အနောက်မှ ဆွဲ၍သော်လည်းကောင်း တားမြစ်သကဲ့သို့ပင် ဖြစ်သည်။ ၎င်း၏ ပမာမှာ ကျမ်းတော်မြတ်ကုရ်အာန်၌ လာရှိသော အီဗ်လီးစ်၏ ဤအဆိုအတိုင်းပင် ဖြစ်သည်။

لَاٰتِيَنَّهُمْ مِنْ بَيْنِ اَيْدِيْهِمْ وَمِنْ خَلْفِهِمْ

ဆိုလိုသည်မှာ ကျွန်ုပ် အီဗ်လီးစ်) သည် အာဒမ် عليه السلام ၏ သားသမီးများကို လမ်းမှားစေရန်အတွက် အရှေ့မှသော်လည်းကောင်း၊ အနောက်မှသော်လည်းကောင်း လာရောက်ပေမည်။ ထို့ပြင် အထက်ပါနဗီတမန်တော်များကလည်း) အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားမည်သည့်အရာကိုမှ ခဝပ်ကိုးကွယ်မှု မပြုကြကုန်နှင့် ဟူ၍သာ မိန့်ဆိုကြသည်။ ၎င်းတို့က အဖြေပေးကြသည်မှာ (အသင်သည် အကြင်အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လာရန်နှင့် 'သောင်ဟီးဒ်'ဘက်သို့ ဖိတ်ခေါ်သည်ဟူ၍ ကြွေးကြော်နေပေသည်။ ဤကြွေးကြော်ခြင်းသည်ပင် မှားယွင်းလေသည်။ အကြောင်းမှာ) အကယ်၍ ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် (ဤ) အစီအစဉ်၏ (တစ်ဦးဦးအား နဗီအဖြစ် ဖန်ဆင်း၍ စေလွှတ်ခြင်းပြုရန်) ရှိပါက ဖရစ်ရှ်သာဟ်များကို စေလွှတ်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထို (သောင်ဟီးဒ်) မှလည်း ငြင်းဆန်ကြပေသည်။ ယင်းအား ပေးအပ်၍ (အသင်၏ ကြွေးကြော်ချက်အရ) အသင့်အား (နဗီတမန်တော်

အဖြစ်) စေလွှတ်ခြင်းခံရသည်။ ထို့နောက် (ထိုရောယုက်နေသော အဆို၏နောက်တွင် လူမျိုးစုတိုင်းနှင့် ပတ်သက်သော သီးသန့်ရှင်းလင်းချက်မှာ ဤသို့ ဖြစ်သည်။) ထိုအကြင် 'အားဒ်' မျိုးနွယ်မှ လူတို့သည် လောကတွင် မထိုက်တန်စွာ ဂုဏ်မောက်နေကြပေသည်။ ၎င်းပြင် ('အဇာဗ်' ၏ ခြိမ်းခြောက်မှု ပြစ်ဒဏ်ကို ကြားသည့်အခါ) ကျွန်ုပ်တို့ထက် သာပို၍ အင်အားပိုကြီးသူ မည်သူရှိသနည်းဟူ၍ ပြောဆိုကြပေသည်။ (ထိုသူသည် ကျွန်ုပ်တို့ ထွင်းဖောက်လွတ်မြောက်ရန် မစွမ်းနိုင်သော ပြစ်ဒဏ်တွင် ကျွန်ုပ်တို့အား နစ်မွန်းအောင် လုပ်နိုင်ပါမည်လော။ အရှေ့၌ ၎င်း၏အဖြေ လာရှိသည်မှာ) ထိုသူများအား မည်သည့်အရှင်က ဖန်ဆင်းခဲ့သည်ကို ၎င်းတို့ မတွေ့ကြလေသလော။ ယင်းအသျှင်မြတ်သည် ၎င်းတို့ထက် များစွာ သာပို၍ အင်အား ရှိတော်မူပေသည်။ (ထိုသို့ ဖြစ်သော်ငြားလည်း ၎င်းတို့သည် အီမာန်မယူလာကြပေ။) ထို့ပြင် ငါအသျှင်မြတ်၏ အာယသ်တော်များအား ငြင်းဆန်ကြပေသည်။

သို့ပါ၍ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်တွင် ခက်ထန်ကြမ်းတမ်းသော လေတစ်မျိုးအား ဤသို့သော ရက်များတွင် စေလွှတ်တော်မူသည်။ ယင်းရက်များသည် (အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်ကျရောက်စေခြင်းကြောင့် ၎င်းတို့အတွက်) အမင်္ဂလာဖြစ်ပေသည်။ သို့မှသာ ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဤလောကရှင်သန်မှု သက်တမ်း၌ပင်လျှင် သေးသိမ်စေမည့် ပြစ်ဒဏ်၏ အရသာအား မြည်းစမ်းစေရာ ကျပေသည်။ ၎င်းပြင် နောင်တမလွန်၏ ပြစ်ဒဏ်သည် သာပို၍ပင် သေးသိမ်စေမည့်အကြောင်းခံ ဖြစ်သည်။ ထို့ပြင် (ယင်း 'အဇာဗ်' ကျရောက်နေချိန် မည်သည့်ဘက်မှလည်း) ၎င်းတို့အား အကူအညီ မရောက်ရှိလာပေ။ ထို့ပြင် အကြင် 'စမူဒ်' မျိုးနွယ်များ ရှိပေသည်။ သို့ရှိရာ (၎င်းတို့၏ အခြေအနေမှာ ဤသို့ ဖြစ်သည်။) ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား (နဗီတမန်တော်၏ အကြောင်းခံဖြင့်) လမ်းပြခဲ့ပေသည်။ ၎င်းတို့သည် လမ်းမှန်၏ အစား လမ်းမှားကို နှစ်သက်ရွေးချယ်ခဲ့ကြပေသည်။ သို့ပါ၍ ၎င်းတို့၏ မကောင်းမှုလုပ်ရပ်များကြောင့် ၎င်းတို့အား လုံးဝ သေးသိမ်စေသော ပြစ်ဒဏ်၏ ပျက်စီးမှုဒုက္ခက ဖမ်းဆီးဝါးမျိုးလိုက်ပေသည်။ ထို့ပြင် ငါအလ္လာဟ်အသျှင်မြတ်သည် (ထိုပြစ်ဒဏ်မှ) ၎င်းသူများအား လွတ်မြောက်အောင်မြင်မှု ပေးခဲ့သည်။ ယင်းတို့သည် အီမာန်ယူလာကြပြီး ငါအလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြပေသည်။ (ယခု ဤနေရာအထိသည် လောကပြစ်ဒဏ်များနှင့် ပတ်သက်၍ တင်ပြထားပေသည်။) ထို့ပြင် (၎င်းသူတို့အား အကြင်နေ့ကိုလည်း သတိရစေတော်မူမည်။) ယင်းနေ့တွင် မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရန်သူများ (ကာဖိရ်များ) ကို 'ဂျဟန္နမ်' ဘက်သို့ စုရုံးရန် (အတွက် စာရင်းစစ်ဆေးသည့်နေရာသို့) ခေါ်ဆောင်လာခြင်း ခံရပေမည်။ ထို့နောက် (လမ်းတွင် ၎င်းတို့၏ များပြားမှုကြောင့် ပြန့်နှံ့မှုမရှိစေဘဲ စုစည်းနေစေရန်အတွက်) ၎င်းတို့သည် တားမြစ်ခြင်းခံကြရပေမည်။ (သို့မှသာ အနောက်တွင် ရှိသူများနှင့် အတူတကွ ဖြစ်သွားပေမည်။

ပမာအားဖြင့် ဟဇရသ်စိုလိုင်မာန် ﷺ ၏ အဖြစ်အပျက်တွင် စစ်တပ်များအားလုံးကို စုစည်းရန်အတွက် فَهُمْ يُوزَعُونَ ဟူ၍ မိန့်တော်မူပေသည်။ ဆိုလိုသည်မှာ ၎င်းတို့အား တားမြစ်ခြင်း ခံရပေမည်

ဟူ၍ ဖြစ်သည်) မည်မျှဆိုပါလျှင် ထိုသူများ (အားလုံး စုရုံး၍) ယင်း (ဂျဟန္နမ်) ၏ အနီးသို့ ရောက်ရှိသွားကြပေမည်။ (ဆိုလိုသည်မှာ စာရင်းစစ်ဆေးမည့်နေရာသို့ ရောက်ရှိသွားကြမည်ဖြစ်သည်။ ယင်းနေရာနှင့် 'ဂျဟန္နမ်'ငရဲဘုံအား နီးကပ်စွာပင် တွေ့မြင်ရမည်။ ပမာအားဖြင့် ဟဒီးစ်တော်တွင် လာရှိသည်မှာ 'ဂျဟန္နမ်'ငရဲဘုံအား စာရင်းစစ်ဆေးမည့် နေရာတွင် အသင့်ရှိနေသကဲ့သို့ ပြုလုပ်ထားပေမည်။ ထို့ပြင် ဤကာဖိရ်များသည် မိမိတို့၏ လေးဘက်လေးရံတွင် မီးများကိုသာ မြင်ရပေမည်။ ဆိုလိုချက်မှာ စာရင်းစစ်ဆေးမည့်နေရာသို့ ရောက်ရှိလာကြပြီး စာရင်းစတင် စစ်ဆေးသည့်အခါတွင်) ၎င်းတို့၏ နားများ၊ မျက်လုံးများ၊ အရေပြားများသည် ၎င်းတို့နှင့် ဆန့်ကျင်ပြီး ၎င်းတို့၏ လုပ်ရပ်များနှင့် ပတ်သက်၍ သက်သေပေးကြပေမည်။ ထို့ပြင် (ထိုအချိန်တွင်) ထိုသူများသည် (အံ့သြစွာဖြင့်) မိမိတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအား 'အသင်တို့သည် ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ အဘယ်ကြောင့် သက်သေပေးကြပါသနည်း' ဟု မေးမြန်းပြောဆိုကြပေမည်။ (ကျွန်ုပ်တို့သည် လောကတွင် အသင်တို့ အေးချမ်းသက်သာစေရန်သာ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ ပမာအားဖြင့် ဟဒီးစ်တော်တွင် ဟဇရတ်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်ချက်၌ ၎င်းတို့၏

فعنكن كنت افاضل رواه مسلم

ဤအဆိုအား ဆင့်ပြန်ထားပေသည်။ ဆိုလိုသည်မှာ ကျွန်ုပ်သည် အသင်တို့အတွက်သာလျှင် ကြိုးစားရုန်းကန်မှု ပြုခဲ့သည်။) ထို (ကိုယ်ခန္ဓာအစိတ်အပိုင်းများက) အဖြေပေးကြမည်မှာ ကျွန်ုပ်တို့အား ထို (အတိုင်းအတာမဲ့ စွမ်းနိုင်တော်မူသော) အလ္လာဟ်အသျှင်မြတ်က စကားပြောဆိုနိုင်ခွင့် ပေးတော်မူသည်။ ယင်းအသျှင်မြတ်က (စကားပြောဆိုသော) အရာတိုင်းအား စကားပြောဆိုနိုင်စွမ်း ပေးတော်မူသည်။ ယင်းသို့ စကားပြောဆိုနိုင်ခွင့် ပေးခြင်းကြောင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌ပင် ထိုအသျှင်မြတ်၏ တန်ခိုးတော်အားလက်တွေ့သိမြင်ပြီးဖြစ်သည်။) ထို့ပြင် ၎င်းအသျှင်မြတ်က အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သည်။ ၎င်းအသျှင်မြတ် ထံတော်သို့သာလျှင် တစ်ဖန် (နောက်တစ်ကြိမ် ရှင်သန်စေ၍) ခေါ်ယူတော်မူခြင်း ခံရပေမည်။ (သို့ပါ၍ ကျွန်ုပ်တို့သည် ဤသို့ ကြီးကျယ်မြင့်မြတ်မားသော တန်ခိုးတော်အသျှင်၏ မေးမြန်းမှုအပေါ်တွင် အဖြစ်မှန်အား မည်သို့ ဖုံးကွယ်နိုင်အံ့နည်း။ ထို့ကြောင့် သက်သေပေးရခြင်း ဖြစ်သည်) ထို့ပြင် (အရှေ့တွင် မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်က ငြင်းဆန်သူများအား ဦးတည်ရည်ရွယ်၍ မိန့်တော်မူသည်မှာ) အသင်တို့သည် (လောကတွင် ဤကိစ္စမှ) မိမိကိုယ်ကို (မည်သည့်ပုံစံနှင့်မျှ) ဖုံးကွယ်မှု (ရှောင်ဖယ်မှု) လုံးဝ ပြုနိုင်မည်မဟုတ်ပေ။ အကြောင်းမူ အသင်တို့သည် နားများ၊ မျက်လုံးများနှင့် အရေပြားများသည် အသင်တို့နှင့် ဆန့်ကျင်လျက် သက်သေပေးကြမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ (အကြောင်းမူ မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ အတိုင်းအတာမဲ့ စွမ်းနိုင်မှုနှင့် အရာအားလုံးအား ဝိုင်းရံထားသော အသိသည် လက်တွေ့စင်စစ်တွင် အတည်ဖြစ်ပေသည်။ ယင်း၏ တောင်းဆိုလိုလားချက်မှာ မကောင်းသော လုပ်ရပ်များမှ ရှောင်ကြဉ်ရန် ဖြစ်သည်။) သို့သော် အသင်တို့သည် မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က အသင်တို့၏ မြောက်မြားစွာသော လုပ်ရပ်များနှင့်

ပတ်သက်၍ သတင်းမျှပင် မသိပေဟူ၍ ထင်မှတ်သောကြောင့် (မရှောင်ကြဉ်ကြပေ။) အသင်တို့၏ မိမိတို့ အသျှင်မြတ်နှင့် ပတ်သက်၍ ထင်မှတ်သော အထင်ကပင်လျှင် အသင်တို့အား ပျက်စီးစေပေသည်။

(အကြောင်းမူ ထိုအထင်ကြောင့် 'ကုဖွ်ရ်' လုပ်ရပ်များ ကျူးလွန်မိလေသည်။ ထိုသို့ ကျူးလွန်မိခြင်းသည် မလွဲမသွေ ပျက်စီးစေမည့်အရာ ဖြစ်သည်။) ထို့ပြင် အသင်တို့အား (အမြဲတမ်း) ပျက်စီးဆုံးရှုံးမှုတွင် ကျရောက်စေသည်။ သို့ရှိရာ (ထိုအခြေအနေ၌) အကယ်၍ ဤသူတို့သည် (ထိုပျက်စီးဆုံးရှုံးမှုအပေါ်တွင်) သည်းခံကြမည်။ ထို့ပြင် သတ်မှတ်ထားသည့်အတိုင်း နေထိုင်ကြမည်။ ဆင်ခြေအကြောင်းပြချက်မပေးကြဘဲ နေထိုင်ကြမည်) ဆိုပါကလည်း 'ဂျဟန္နမ်' ငရဲဘုံသည်ပင် ၎င်းတို့၏ နေရာဌာနဖြစ်သည်။ (၎င်းတို့၏ သည်းခံမှုသည် လောကတွင် အများဆုံး ဖြစ်လေ့ဖြစ်ထရှိသကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ သနားကြင်နာမှုရရန် အကြောင်းခံ မဖြစ်နိုင်ပေ။) ထို့ပြင် အကယ်၍ ထိုသူတို့သည် အကြောင်းပြချက်ပေးလိုပါကလည်း လက်ခံခြင်းခံရမည်မဟုတ်ပေ။ ထို့ပြင် ငါအလ္လာဟ်အသျှင်မြတ်သည် (လောကတွင်) ထိုသူ (ကာဖိရ်များ) အတွက် ဤသို့သော အတူနေ နောက်လိုက်သူ (ရှိုက်သွာန်) များ သတ်မှတ်ပေးထားပေသည်။ သို့ပါ၍ ၎င်းရှိုက်သွာန်က ယင်းသူတို့၏ အရှေ့အနောက် 'အအ်မာလ်' လုပ်ရပ်များအား ၎င်းတို့၏ အမြင်တွင် လှပကောင်းမွန်သော အရာအဖြစ် သတ်မှတ်စေလေသည်။ (ထို့ကြောင့် ၎င်းလုပ်ရပ်များအပေါ်တွင် အတင်းအဓမ္မ တွယ်ကပ်နေကြပေသည်) ၎င်းပြင် ('ကုဖွ်ရ်' အပေါ် အတင်းအဓမ္မ တွယ်ကပ်နေသောကြောင့်) ဂျင်န်များ၊ ရှိုက်သွာန်များ နှင့် အတူတကွ ၎င်းတို့နှင့် ပတ်သက်၍ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ မိန့်ခွန်းတော် (ဆိုလိုသည်မှာ 'အဇာဗ်' ၏ ကတိတော်) မှာ အပြည့်အဝ အတည်ဖြစ်လျက်ရှိပေသည်။ ကေန်မုချ ထိုသူများသည်လည်း ပျက်စီးဆုံးရှုံးမှု၌ ရှိပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَاَرْسَلْنَا عَلَيْهِمْ رِيْحًا صَرْصَرًا

ဤအာယသ်တော်သည် ရှေ့တွင် တင်ပြခဲ့ပြီးဖြစ်သော 'အားဒ်' မျိုးနွယ်နှင့် 'ဇမူးဒ်' မျိုးနွယ်များ၏ လေပြင်းမုန်တိုင်းခေါင်းစဉ်ဖြင့် တင်ပြခဲ့သော အာယသ်တော်၏ ရှင်းလင်းချက်ဖြစ်သည်။ **صاعقه** ၏ မူရင်း အဓိပ္ပာယ်မှာ သတိကင်းမဲ့စေသော အရာဟူ၍ ဖြစ်သည်။ ထို့ကြောင့် မိုးကြိုးပစ်ခြင်းကိုလည်း **صاعقه** ဟု ခေါ်ဆိုကြပေသည်။ ရုတ်တရက် ကျရောက်သော ဘေးဒုက္ခကိုလည်း ဤစကားလုံးဖြင့်သာ အသုံးပြုလေသည်။ 'အားဒ်' မျိုးနွယ်စုအပေါ်သို့ ကျရောက်ခဲ့သော လေပြင်းမုန်တိုင်းသည်လည်း **ريح صرصر** ဟူသော အမည်ဖြင့် တင်ပြခြင်းခံရသော **صاعقه** ၏ **فرد** အစိတ်အပိုင်းတစ်ခုဖြစ်သည်။ **ريح صرصر** ဆိုသည်မှာ ခက်ထန်ကြမ်းတမ်းသော လေပြင်းမုန်တိုင်းကို ခေါ်ဆိုသည်။ ယင်းမုန်တိုင်းတွင် ခက်ထန်ကြမ်းတမ်းမှုနှင့်အတူ စူးရှကျယ်လောင်သော အသံလည်း ပါဝင်ပေသည်။ *[ကုရ်သုဗီး]*

ဒ္ဓဟားက် رضي الله عنه သခင်က မိန့်ဆိုသည်မှာ ဤသူများပေါ်တွင် မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က သုံးနှစ်တိုင်တိုင် မိုးခေါင်စေခဲ့သည်။ ၎င်းနောက် ခက်ထန်ကြမ်းတမ်း ခြောက်သွေ့လှသော လေများ တိုက်ခတ်စေခဲ့သည်။ ထို့ပြင် (၈) ရက် (၇) ည တိုင်တိုင် ပြင်းထန်သော မုန်တိုင်း တိုက်ခတ်စေခဲ့သည်။ အချို့သော ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ရှောင်ဝလ်လ အဆုံးပိုင်း၊ ဗုဒ္ဓဟူးနေ့တစ်နေ့မှ စတင် တိုက်ခတ်ပြီးနောက် ဗုဒ္ဓဟူးနေ့အထိ တိုက်ခတ်သည်။ ထို့ပြင် မည်သည့်မျိုးနွယ်စုပေါ်တွင်မဆို 'အဇာဗ်' ပြစ်ဒဏ်ကျရောက်သည်ရှိသော် ဗုဒ္ဓဟူးနေ့တွင်သာ ကျရောက်လေသည်။ *[ကုရ်သုဗီး၊ မဇ္ဇ်ဟရီ]*

ဟဇရက်ဂျာဗီရ်ဗင်နိအဗ်ဒွလ္လာဟ် رضي الله عنه သခင်က မိန့်ဆိုသည်မှာ မြင့်မြတ်တော်မူသော အလ္လာဟ် အသျှင်မြတ်က မျိုးနွယ်စုအစုစု၏ အကောင်းကို လိုလားသည်ဆိုပါလျှင် ၎င်းမျိုးနွယ်စုပေါ်၌ မိုးရွာသွန်း စေတော်မူသည်။ အလွန်ပြင်းထန်သော လေများကို တားဆီးရပ်တန့်ပေးထားသည်။ ထို့ပြင် မျိုးနွယ်စု တစ်စုစုအား ဒုက္ခပျက်စီးမှုများ၌ နစ်မွန်းစေလိုလျှင် ၎င်းတို့၏အပေါ်တွင် မိုးခေါင်စေသည်။ ပြင်းထန်သော လေများကို တိုက်ခတ်စေသည်။

فِيْٓ اَيَّامٍ نَّحِسَاتٍ

အစ္စလာမ်၏ အရင်းခံဥပဒေများနှင့် တမန်တော်မြတ် ﷺ ၏ သြဝါဒတော်များဖြင့် မည်သည့်နေ့ (သို့) မည်သည့်မှု ပင်ကိုယ်အမင်္ဂလာမဖြစ်ပါဟူသော အချက်သည် အတည်ဖြစ်ပေသည်။ 'အားဒ်'မျိုးနွယ်စု အပေါ်တွင် လေပြင်းမုန်တိုင်း တိုက်ခတ်ခဲ့သော နေ့များအား **نَحِسَات** ဟု မိန့်တော်မူရခြင်းမှာ ထိုနေ့များ သည် ယင်း 'အားဒ်'မျိုးနွယ်စုအတွက် မိမိတို့၏ မကောင်းသော လုပ်ရပ်များကြောင့် အမင်္ဂလာဖြစ်သွား သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုအချက်ကြောင့် ယင်းနေ့သည် အားလုံးသော သူများအတွက် အမင်္ဂလာ ဖြစ်ရန် အရေးမကြီး မထိုက်သက်ပေ။ *[မဇ္ဇ်ဟရီ၊ ဗယာနွလ်ကုရ်အာန်ကျမ်း။]*

တစ်စုံတစ်ရာသည် မိမိ၏ ပင်ကိုယ်အရ အမင်္ဂလာဖြစ်၊ မဖြစ်နှင့် ပတ်သက်သော ဓမ္မသတ်၏ စီစစ်မှုအပြည့်အဝအား ကျွန်ုပ် စာရေးသူ၏ 'အဟ်ကာမွလ်ကုရ်အာန်' ကျမ်းတွင် တင်ပြထားလေသည်။ ယင်းစာအုပ်သည် အာရဗီဘာသာဖြင့် ထွက်ရှိပြီး ဖြစ်သည်။

فَهُمْ يُوْزَعُوْنَ

ဤစကားလုံးသည် وَزَعٌ မှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ တားမြစ်ပိတ်ပင် ခြင်းဟူ၍ လာရှိသည်။ ၎င်းအဓိပ္ပာယ်နှင့်အညီ ဖော်ပြပါဖွင့်ဆိုချက်အနှစ်ချုပ်တွင် ၎င်း၏ အဓိပ္ပာယ်အား တားမြစ် ပိတ်ပင်ခြင်းဟူ၍ ဖွင့်ဆိုခဲ့သည်။ ထို့ပြင် များစွာသော သဖ်စီးရ်ပညာရှင်များက များစွာသော 'ဂျဟန္နမ်' ငရဲဘုံသားများအား 'ဟရှ်ရ်'ကွင်းပြင်တွင် စာရင်းစစ်ဆေးမည့်နေရာသို့ ခေါ်ဆောင်သွားသည့် အချိန်တွင် ပြန့်နှံ့နေခြင်း မရှိစေရန်အတွက် ပထမအဖွဲ့ကို အနောက်မှ လူများကလည်း မှီလာစေရန်အတွက် အနည်းငယ် တားဆီးပိတ်ပင်ခြင်း ခံရမည်ဟူသော အဓိပ္ပာယ်ကိုသာ မှတ်ယူကြသည်။ အချို့သော သဖ်စီးရ်ပညာရှင်

များက يُوزَعُونَ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား يُدْفَعُونَ ، يُسَاقُونَ ဟူ၍ ဖွင့်ဆိုကြသည်။ ယင်း၏ အဓိပ္ပာယ်မှာ ထိုသူများ ('ဂျဟန္နမ်'ငရဲဘုံသားများ) အား စာရင်းစစ်ဆေးမည့် နေရာသို့ အနောက်မှ တွန်းထိုး၍ မောင်းနှင်ခြင်း ခံရပေမည်ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီး]*

وَمَاكُنتُمْ تَسْتَتِرُونَ اَنْ يَّشْهَدَ عَلَيْكُمْ سَمْعُكُمْ ـــ الاٰية

ယင်းအာယသ်တော်၏ အဓိပ္ပာယ်အလိုသဘောမှာ လူသားသည် တိတ်တဆိတ် ဖုံးကွယ်၍ 'ဂိုနာဟ်' ဖြစ်မှုတစ်စုံတစ်ရာ ကျူးလွန်နေပါက အခြားသူများအား ဖုံးကွယ်ထားနိုင်သော်လည်း မိမိကိုယ်တိုင်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအား မည်သို့ ဖုံးကွယ်နိုင်မည်နည်းဟူ၍ ဖြစ်သည်။ ကျွန်ုပ်တို့၏ နား၊ မျက်လုံး၊ လက်၊ ခြေထောက်နှင့် ခန္ဓာကိုယ်အရေပြား၊ အမွေးအမျှင် စသည်တို့အားလုံးတို့သည် ကျွန်ုပ်တို့ဘက်မှ မဟုတ်ဘဲ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ သက်သေဖြစ်မည်။ ၎င်းအရာများအား ကျွန်ုပ်တို့၏ 'အအ်မာလ်'လုပ်ရပ်များနှင့် ပတ်သက်၍ မေးမြန်းခြင်းခံရသည့်အခါတွင် မှန်ကန်စွာ အဖြေပေးမည်ဟူသော အချက်ကို သိရှိပြီးနောက်တွင် ဖုံးကွယ်သို့ဝှက်၍ 'ဂိုနာဟ်'ပြစ်မှုတစ်စုံတစ်ရာ လုပ်ရန် မည်သည့် လမ်းမျှပင် မရှိတော့ပေ။ ထိုသေးသိမ် အရှက်ကွဲမှုမှ လွတ်မြောက်စေရန် ကုသနည်းမှာ 'ဂိုနာဟ်'ပြစ်မှုအား စွန့်လွှတ်ရှောင်ကြဉ်ခြင်းမှ လွဲ၍ အခြားမရှိပေ။ သို့သော် အကြင် 'သောင်ဟီးဒ်'နှင့် 'ရိစာလသ်' အား ငြင်းသူတို့သည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများသည်လည်း ပြောဆိုနိုင်ကြပေမည်။ ထို့ပြင် မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ သက်သေပေးကြမည့် အကြောင်းကို တွေးပင် မတွေးမိကြပေ။ သို့သော် မြင့်မြတ်တော်မူသော အကြင်အသျှင်မြတ်က ကျွန်ုပ်တို့အား သေးသိမ်သောအရာမှ ပေါက်ဖွားစေပြီး ကြားနိုင်သော၊ မြင်နိုင်သော လူသားအဖြစ် ပြုလုပ်ဖန်ဆင်းပေးသည်။ ဖျို့ရှယ်စေခဲ့သည်ဟူသော အချက်မျှလောက်ကိုမူ အသိဉာဏ်ရှိသူတိုင်း နားလည် သဘောပေါက်နိုင်ပေသည်။ ထိုသို့သော အသျှင်မြတ်၏ အသိတော်သည် ကျွန်ုပ်တို့၏ 'အအ်မာလ်'လုပ်ရပ်များနှင့် အခြေအနေများအား ခြုံငုံသိရှိနေသည် မဟုတ်ပါ၏လော။ သို့သော် အသင်တို့သည် ဤပေါ်လွင်ထင်ရှားသော အရာနှင့် ဆန့်ကျင်၍ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ မြောက်မြားစွာသော လုပ်ရပ်များနှင့် ပတ်သက်ပြီး သတင်းမရှိ။ သိတော်မမူပေဟု ထင်မြင်မှတ်ယူနေကြပေသည်။ ထိုထင်မြင်ချက်ကြောင့်ပင် အသင်တို့သည် ရှရစ်ကိလုပ်ရန်၊ 'ကုဖွ်ရ်'လုပ်ရန်၊ ရဲတင်းနေကြခြင်း ဖြစ်သည်။

وَذٰلِكُمْ ظَنُّكُمُ الَّذِىْ ظَنَنْتُمْ بِرَبِّكُمْ اَرْدٰكُمْ

ဆိုလိုသည်မှာ အသင်တို့၏ ဤမကောင်းသော ထင်မြင်ချက်သည်ပင် အသင်တို့အား နစ်နာဆုံးရှုံး ပျက်ပြုန်းစေလေသည်။

"ဟရှရ်"ကွင်းပြင်တွင် လူသား၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများက သက်သေပေးခြင်း

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အနတ်စ် ﷺ ထံမှ ဆင့်ပြန်ချက်လာရှိသည်မှာ တစ်နေ့၌ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ နှင့်အတူ ရှိနေခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ပြုံးတော်မူလာပြီး 'အသင်တို့သည် ငါတမန်တော် အဘယ်ကြောင့် ပြုံးသည်ကို သိကြပါသလော'ဟု မေးတော်မူ၏။ ကျွန်ုပ်တို့က 'အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်သာလျှင် သိတော်မူပါသည်'ဟု ဖြေလျှောက်ရာ တမန်တော်မြတ် ﷺ က အကြင် 'ဟရှရ်'ကွင်းပြင်နှင့် စာရင်းစစ်ဆေးမည့်နေရာတွင် ဗန္ဒာဟ်လူသားက မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်အား လျှောက်ထားသည့် စကားရပ်နှင့် ပတ်သက်၍ ပြုံးတော်မူခြင်းဖြစ်သည်ဟု မိန့်တော်မူ၏။ (ဗန္ဒာဟ်လူသားက) 'အို့၊ ကျွန်တော်မျိုးအား ဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ခိုလှုံခွင့်ပေးတော်မူပါမည်လော'ဟု လျှောက်ထားတော်မူရာ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က 'ကေန်မုချ ခိုလှုံခွင့်ပေးတော်မူမည်'ဟု မိန့်တော်မူလေသည်။ ထိုအခါ ဗန္ဒာဟ်လူသားက အကယ်၍ ဤသို့ ဆိုပါလျှင် ကျွန်တော်မျိုးသည် မိမိ၏ စာရင်းနှင့် ပတ်သက်၍ ကျွန်တော်မျိုး ရှိနေချိန် တည်ရှိရပ်တည်နေသော သက်သေမှလွဲ၍ အခြားမည်သည့်သက်သေကိုမှ ကျေနပ်မည်မဟုတ်ပါ'ဟု လျှောက်ထားပေမည်။ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က

كَفٰى بِنَفْسِكَ الْيَوْمَ عَلَيْكَ حَسِيْبًا

ဆိုလိုသည်မှာ 'အသင်ကိုယ်တိုင် မိမိ၏ စာရင်းအား တွက်ချက်မှုပြုလော့'ဟူ၍ မိန့်တော်မူမည်။ ထို့နောက် ၎င်း၏ နှုတ်လျှာအား တံဆိပ်ခတ် (နှုတ်ပိတ်) ခြင်း ခံရပေမည်။ ထို့နောက် ၎င်း၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအား အသင်တို့သည် ယင်းသူ၏ လုပ်ရပ်များအား ထုတ်ဖော်ကြကုန်ဟု မိန့်တော်မူပေမည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတိုင်းက ထုတ်ဖော်ပြောဆိုကြပေမည်။ မှန်ကန်သော သက်သေထွက်ဆိုကြပေမည်။ ထို့နောက်တွင် ၎င်း၏ နှုတ်လျှာအား ဖွင့်ပေးခြင်း (ပြောဆိုခွင့်ပေးခြင်း) ခံရသည့်အခါတွင် ၎င်းသူက မိမိ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအား မကျေနပ်စွာဖြင့်

بعدا لكن وسحقا فعنكن افاضل

ဆိုလိုသည်မှာ အသင်တို့ သေးသိမ်ပျက်စီးကြပါစေ။ ကျွန်ုပ်သည် လောကတွင် ပြုမူခဲ့သည်တို့သည် အသင်တို့ အေးချမ်းသက်သာစေရန်အတွက်သာ ပြုမူခဲ့ခြင်းဖြစ်သည်။ (ယခု အသင်တို့သည်ပင် ကျွန်ုပ်နှင့် ဆန့်ကျင်သက်သေပေးနေကြပေသည်) ဟု ပြောဆိုပေမည်။

ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ၎င်းသူ၏ နှုတ်လျှာအား တံဆိပ်ခတ် (နှုတ်ပိတ်) လိုက်ပြီး ၎င်း၏ ပေါင်အား 'အသင်ပြောဆိုပါ။ ၎င်း၏ လုပ်ရပ်များအား ထုတ်ဖော်တင်ပြပါ'ဟု မိန့်တော်မူပေမည်။ ထိုအခါ လူသား၏ ပေါင်၊ အသားနှင့် အရိုးအားလုံးတို့သည် ၎င်း၏ လုပ်ရပ်များနှင့် ပတ်သက်ပြီး သက်သေပေးကြပေမည်။ *[မွတ်စ္စလင်မ်ကျမ်း၊ မဇ္ဇဟရီကျမ်း။]*

ဟဇရတ်မအ်ကလ်ဗင်န်ယစားရ် ﷺ သခင်ထံမှ ဆင့်ပြန်ချက် လာရှိပေသည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ ရောက်ရှိလာသည့်နေ့ (နေ့သစ်) တိုင်းက 'ကျွန်ုပ်သည် နေ့သစ်ဖြစ်သည်။ အသင်တို့သည် ကျွန်ုပ်အတွင်း၌ တစ်စုံတစ်ရာ ပြုလုပ်သည်ဆိုပါက 'ကေယာမတ်'နေ့တွင် ထိုလုပ်ရပ်အား ကျွန်ုပ်က သက်သေပေးရပေမည်။ ထို့ကြောင့် အသင်တို့သည် ကျွန်ုပ် မကုန်ဆုံးမီအလျင်ပင် ကောင်းမှုတစ်စုံတစ်ရာ ပြုကြကုန်။ သို့မှသာ ကျွန်ုပ်သည် ထိုကောင်းမှုအား သက်သေပေးနိုင်ပေမည်။ အကယ်၍ ကျွန်ုပ် ကုန်ဆုံးပြီးသွားပါက အသင်တို့ထံ မည်သည့်အခါမှ ပြန်လာမည်မဟုတ်ပေဟု ပြောဆိုနေပေသည်။ ဤနည်းအတိုင်း ညတိုင်းညတိုင်းကလည်း ဤကဲ့သို့ပင် လူသားအား ပြောဆိုနေပေသည်။ *[ကုရ်သုဗီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَقَالَ الَّذِينَ كَفَرُوا لَا تَسْمَعُوا لِهَٰذَا الْقُرْآنِ
وَالْغَوْا فِيهِ لَعَلَّكُمْ تَغْلِبُونَ ﴿٢٦﴾

၄၁ : ၂၆ ။ ။ စင်စစ် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့က 'အသင်တို့သည် ဤကုရ်အာန်ကို နားပင် မထောင်ကြကုန်လင့်။ ထို့ပြင် အသင်တို့သည် ယင်း ကုရ်အာန် (ဖတ်ကြားနေသောအချိန်) စပ်ကြားတွင် ဆူညံကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် (မိမိတို့ အသံများဖြင့် မုဟမ္မဒ်၏အသံကို) လွှမ်းမိုး နိုင်ကြမည်ဖြစ်၏' ဟု ပြောဆိုခဲ့လေ၏။

فَلَنُذِيقَنَّ الَّذِينَ
كَفَرُوا عَذَابًا شَدِيدًا وَلَنَجْزِيَنَّهُمْ أَسْوَأَ الَّذِي كَانُوا يَعْمَلُونَ ﴿٢٧﴾

၄၁ : ၂၇ ။ ။ သို့ဖြစ်ပေရာ အမှန်စင်စစ် ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား ပြင်းထန်လှစွာသော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူပေမည်။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ကျင့်မူလျက် ရှိခဲ့ကြသော အဆိုးဆုံးသော ကျင့်မူချက်များ၏ မကောင်းကျိုးကို ပေးတော်မူမည်ဖြစ်၏။

ذَٰلِكَ جَزَاءُ أَعْدَاءِ اللَّهِ النَّارُ ۖ لَهُمْ فِيهَا
دَارُ الْخُلْدِ ۖ جَزَاءً بِمَا كَانُوا بِآيَاتِنَا يَجْحَدُونَ ﴿٢٨﴾

၄၁ : ၂၈ ။ ။ ထိုသည် (တစ်နည်း) ငရဲမီးသည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူတို့၏ ဆိုးကျိုးပင် ဖြစ်၏။ ၎င်းတို့အဖို့ ငရဲမီး၌ အစဉ်ထာဝရ နေထိုင်ရာဌာနသည် ရှိပေသည်။ (ဤသည်) ငါအသျှင်မြတ်၏ အာယတ်တော်များကို ၎င်းတို့ ငြင်းပယ်လေ့ ရှိခဲ့ကြသောကြောင့် အစားပေးခြင်းပင် ဖြစ်ပေသည်။

وَقَالَ الَّذِينَ كَفَرُوا رَبَّنَا أَرِنَا الَّذَيْنِ أَضَلَّانَا مِنَ الْجِنِّ
وَالْإِنسِ نَجْعَلْهُمَا تَحْتَ أَقْدَامِنَا لِيَكُونَا مِنَ الْأَسْفَلِينَ ﴿٢٩﴾

၄၁ : ၂၉ ။ ။ ထိုအခါ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က လျှောက်ထားကြပေမည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ 'ဂျင်န်'သတ္တဝါတို့အနက်မှလည်းကောင်း၊ လူသားတို့အနက်မှလည်းကောင်း၊ ကျွန်တော်မျိုးတို့အား လမ်းလွဲစေခဲ့ကြသူ နှစ်ဦးလုံးကို အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ပြသတော်မူပါ။ ၎င်းတို့သည် ဂုဏ်အသရေ အညံ့ဆုံးသောသူများ (ငရဲမီးတွင်) အောက်ဆုံး၌ ရှိသူများ ဖြစ်ကြစေရန် ၎င်းတို့နှစ်ဦးအား ကျွန်တော်မျိုးတို့၏ ခြေများအောက်တွင် ထားရှိကြပါမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ဤကာဖိရ်များသည် (အချင်းချင်းတွင်) ဤသို့ ပြောဆိုခဲ့ကြပေသည်။ ထိုကျမ်းမြတ်ကုရ်အာန်ကို နားထောင်မှုပင် မပြုလေနှင့်။ ထို့ပြင် (အကယ်၍ နဗီတမန်တော်မြတ်က ဖတ်ရွတ်ပြပါကလည်း) ၎င်းကုရ်အာန် ဖတ်ကြားနေသော အချိန်ဝယ် ကြားတွင် ဆူညံစွာ အော်ဟစ်ကြကုန်။ (ဤအစီအစဉ်ဖြင့်) အသင်တို့သည်ပင် လွှမ်းမိုးအနိုင်ရကောင်း ရပေမည်။ (ထို့ပြင် နဗီတမန်တော်သည် စိတ်ပျက်နှုတ်ဆိတ်သွားပေလိမ့်မည်။) သို့ပါ၍ (၎င်းတို့၏ ထိုညစ်ညမ်းသော ရည်ရွယ်ချက်၊ ဆုံးဖြတ်ချက်၏ အစားအဖြစ်) ငါအလ္လာဟ်အသျှင်မြတ်က ၎င်းကာဖိရ်များအား ပြင်းထန်သော ပြစ်ဒဏ်၏ အရသာကို မြည်းစမ်းစေတော်မူမည်။ ထို့ပြင် ၎င်းတို့အား မိမိတို့၏ မကောင်းမှုလုပ်ရပ်များ၏ အစားပေးတော်မူမည်။ ငရဲမီးသည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူတို့အတွက် အစားပင် ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ၊ နိမိတ်လက္ခဏာတော်များအား ငြင်းပယ်ကြမှု၏ အစားမှာ 'ဂျဟန္နမ်'ငရဲဘုံသည် ၎င်းတို့ အမြဲနေထိုင်ရမည့် နေရာဖြစ်ခြင်းပင် ဖြစ်ပေသည်။ ၎င်းနောက် ပြစ်ဒဏ်၌ နစ်မွန်းကြရသောအခါတွင် 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်တော်မျိုးတို့သည် မိမိတို့အား လမ်းမှားစေခဲ့သော ရှိုက်သွာန်နှင့် လူသားကို ခြေထောက်အောက်တွင် နင်းချေ၍ သိက္ခာချရန် ၎င်းတို့နှစ်ဦးစလုံးအား ပြသတော်မူပါ' ဟု လျှောက်ထားကြပေမည်။ (ဆိုလိုသည်မှာ ထိုသူတို့သည် လောက၌ မိမိတို့အား လှည့်စားခဲ့သူများ လူသားပင် ဖြစ်စေ၊ ရှိုက်သွာန်ပင် ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ၊ အမြောက်အမြားပင်ဖြစ်စေ ၎င်းတို့အား ထိုအချိန်တွင် အမျက်ဒေါသ ထွက်ကြပေမည်။ ဤလမ်းမှားစေသူများသည်လည်း 'ဂျဟန္နမ်'၌ပင် ရှိမည်ဖြစ်သည်။ သို့သော်လည်း ထိုစကားပြောသည့် အချိန်တွင် ၎င်းတို့၏ ရှေ့၌ ရှိမနေပေ။ ထို့ကြောင့် မိမိတို့၏ ရှေ့သို့ ပို့ဆောင်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။ ၎င်းတို့၏ တောင်းဆိုချက်အား လက်ခံခြင်း ခံရမည်၊ မခံမည်နှင့် ပတ်သက်၍ မည်သည့် အာယသ်တော်တစ်ခုခုတွင် (သို့) ဆင့်ပြန်ချက်တစ်ခုခုတွင် ဖော်ပြထားသည်ကို မတွေ့ရှိရပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိဆုံးဖြစ်တော်မူသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

لَاتَسْمَعُوْا لِهٰذَا الْقُرْاٰنِ وَالْغَوْافِيْهِ

ကာဖိရ်များသည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ရင်ဆိုင်ယှဉ်ပြိုင်ရန် မစွမ်းနိုင်သောအခါ ထိုပြင် ထိုကျမ်းတော်မြတ်ကုရ်အာန်၏ ဆန့်ကျင်ဘက် ၎င်းတို့၏ အစီအစဉ်များအားလုံး အသုံးမဝင်သည့်အချိန်တွင် ၎င်းတို့က ဤလှုပ်ရှားမှုအား စတင်လေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်တော်မူသည်မှာ အဗူဂျဟလ်က လူတို့အား 'မိုဟမ္မဒ် ﷺ ကုရ်အာန်ဖတ်ရွတ်သည့်အခါတွင် အသင်တို့သည် ၎င်း၏ ရှေ့သို့သွား၍ ဆူညံအော်ဟစ်နေကြကုန်။ သို့မှသာ လူများသည် ၎င်းမည်သည့်အရာ မိန့်ဆိုနေသည်ကို သိရှိနိုင်မည် မဟုတ်ပေ'ဟု တိုက်တွန်းစေခိုင်းပေသည်။ အချို့ပညာရှင်များက ခရာများ၊ လက်ခုတ်များ တီး၍ သော်လည်းကောင်း၊ ကြား၌ အမျိုးမျိုးသော အသံများထုတ်၍သော်လည်းကောင်း လူတို့အား ကျမ်းမြတ်ကုရ်အာန်နားထောင်ခြင်းမှ တားမြစ်ရန် ပြင်ဆင်ကြပေသည်'ဟု ဆိုကြပေသည်။ *[ကုရ်သုဗီကျမ်း]*

ကျမ်းတော်မြတ်ကုရ်အာန် ဖတ်ရွတ်နေသည့်အချိန်တွင် တိတ်ဆိတ်စွာ နားထောင်ရန်မှာ "ဝါဂျိဗ်"တာဝန်ဖြစ်ပြီး တိတ်ဆိတ် စွာ မနေခြင်းသည် ကာဖိရ်များ၏ ဗီဇစရိုက်ဖြစ်ခြင်း

အထက်ပါအာယသ်တော်ဖြင့် ကျမ်းတော်မြတ်ကုရ်အာန် ဖတ်ရွတ်နေမှုတွင် အနှောင့်အယှက်ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ဆူညံအော်ဟစ်ခြင်းသည် 'ကုဖ္ဖရ်'၏ နိမိတ်လက္ခဏာဖြစ်သည်ဟု သိရှိရသည်။ နှုတ်ဆိတ်၍ နားထောင်ရန် 'ဝါဂျိဗ်'ဖြစ်ကြောင်းနှင့် ဤသို့ နားထောင်ခြင်းသည် အီမာန်၏ လက္ခာဖြစ်ကြောင်းကိုလည်း ဤအာယသ်တော်ဖြင့် သိရှိရပေသည်။ ယနေ့မျက်မှောက်ခေတ်တွင် ပရိယာယ်များနှင့် လူစုလူဝေးနေရာများတွင် ရေဒီယိုဖွင့်ကြပေးသည်။ ယင်းရေဒီယိုမှ ကုရ်အာန်ဖတ်ရွတ်မှု အသံလွှင့်နေပြီး ဟိုတယ်ဝန်ထမ်းများကလည်း မိမိအလုပ်တွင် မိမိရှိနေကြ၍ စားသောက်သူများကလည်း မိမိအလုပ်၌ မိမိ ရှိကြပေသည်။ ထိုအခြေအနေတွင် ဖြစ်ရှိသွားသော ပုံစံသည် 'ကုဖ္ဖရ်'၏ နိမိတ်လက္ခဏာဖြစ်သည်။ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်က မွတ်စ္စလင်မ်များအား ဤကိစ္စနှင့် ပတ်သက်၍ 'ဟေဒါယသ်' လမ်းမှန် ပြပေးသနားတော်မူပါစေ။ ဤသို့သော နေရာများတွင် ရေဒီယို (မှ 'ကေရာအသ်'အသံလွှင့်မှုအား ဖမ်းယူ) ဖွင့်မည်။ 'ဗရ်ကသ်'ရယူလိုသည်ဆိုပါက မိနစ်အနည်းငယ် အလုပ်အားလုံးအား ရပ်ဆိုင်းထားပြီး မိမိကိုယ်တိုင်လည်း ယင်း 'ကေရာအသ်'ဖတ်ရွတ်မှုအား နားထောင်ပြီး အခြားသူများအားလည်း နားထောင်ခွင့် ပေးရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الَّذِينَ قَالُوا رَبُّنَا اللَّهُ ثُمَّ اسْتَقَامُوا تَتَنَزَّلُ عَلَيْهِمُ
الْمَلَائِكَةُ أَلَّا تَخَافُوا وَلَا تَحْزَنُوا وَأَبْشِرُوا بِالْجَنَّةِ الَّتِي كُنتُمْ تُوعَدُونَ ﴿٣٠﴾

၄၁ : ၃၀ ။ ။ စေကန်အမှန် အကြင်သူတို့သည် 'ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်မှာ အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်' ဟု ပြောဆိုခဲ့ကြပြီးနောက် (ယင်းယုံကြည်ချက်ပေါ်၌ပင်) ဖြောင့်မတ်ကြံ့ခိုင်စွာ တည်ရှိနေခဲ့ကြကုန်၏။ 'မလာအေကဟ်'ကောင်းကင်တမန်များသည် ထိုသူတို့ထံ ဆင်းသက်လာ၍ ဤသို့ ပြောဆိုနှစ်သိမ့်စေကြပေမည်။ 'အသင်တို့သည် စိုးရိမ်ခြင်းလည်း မရှိကြကုန်လင့်။ ပူဆွေးခြင်းလည်း မရှိကြကုန်လင့်။ ထို့ပြင် အသင်တို့သည် မိမိတို့ ကတိပေးခြင်း ခံခဲ့ကြသော 'ဂျန္နသ်'သုခဘုံရရှိသည့်အတွက် ဝမ်းမြောက်ကြလေကုန်။

نَحْنُ أَوْلِيَاؤُكُمْ فِي الْحَيَاةِ الدُّنْيَا وَفِي الْآخِرَةِ
وَلَكُمْ فِيهَا مَا تَشْتَهِي أَنفُسُكُمْ وَلَكُمْ فِيهَا مَا تَدَّعُونَ ﴿٣١﴾

၄၁ : ၃၁ ။ ။ ကျွန်ုပ်တို့သည် လောကီဘဝ၌တွင်လည်း အသင်တို့၏ အဆွေခင်ပွန်းများပင် ဖြစ်ခဲ့ကြကုန်၏။ ထိုနည်းတူစွာ 'အာခိရသ်'တမလွန်ဘဝ၌လည်း အသင်တို့၏ အဆွေခင်ပွန်းများ ဖြစ်ကြပေမည်။ ထို့ပြင် အသင်တို့အဖို့ ယင်း 'ဂျန္နသ်'သုခဘုံ၌ အသင်တို့ အလိုဆန္ဒရှိသော အရာဟူသမျှ ရှိကြမည့်အပြင် အသင်တို့အဖို့ ယင်း 'ဂျန္နသ်'သုခဘုံ၌ အသင်တို့ တောင်းဆိုသော အရာဟူသမျှတို့သည်လည်း ရှိကြပေမည်။

نُزُلًا مِّنْ غَفُورٍ رَّحِيمٍ ﴿٣٢﴾

၄၁ : ၃၂ ။ ။ (ဤသည်) အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော၊ လွန်စွာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ထံတော်မှ ဧည့်ခံတော်မူခြင်းပင် ဖြစ်ပေသည်။

وَمَنْ أَحْسَنُ قَوْلًا مِّمَّن دَعَا إِلَى اللَّهِ وَعَمِلَ صَالِحًا وَقَالَ إِنَّنِي مِنَ الْمُسْلِمِينَ ﴿٣٣﴾

၄၁ : ၃၃ ။ ။ စင်စစ် အကြင်သူထက် စကားအရာ၌ ကောင်းမြတ်သူကား အဘယ်သူနည်း။ ထိုသူသည် (သူတစ်ပါးတို့အား) အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သည့်အပြင် (မိမိကိုယ်တိုင်လည်း) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်၏။ ထို့ပြင် စေကန်မလွဲ ကျွန်ုပ်သည် (မုစ်လင်မ်) အမိန့်တော်ကို နာခံသောသူတစ်ဦးဖြစ်သည်ဟု ပြောလေ၏။

وَلَا تَسْتَوِي الْحَسَنَةُ وَلَا السَّيِّئَةُ ادْفَعْ بِالَّتِي هِيَ أَحْسَنُ
فَإِذَا الَّذِي بَيْنَكَ وَبَيْنَهُ عَدَاوَةٌ كَأَنَّهُ وَلِيٌّ حَمِيمٌ ﴿٣٤﴾

၄၁ : ၃၄ ။ ။ အမှန်စင်စစ် ကောင်းမှုနှင့် မကောင်းမှုတို့မှာ တူညီကြသည်မဟုတ်ပေ၊ (သို့ဖြစ်ပေရာ) အသင်သည် (မကောင်းမှုကို) ကောင်းမှုဖြင့် ခုခံတွန်းလှန်ပါလေ။ ထိုသို့ဖြစ်လျှင် အကြင်သူနှင့် အသင်၏ အကြား၌ ရန်ငြိုးရှိ၏။ ထိုသူသည် မိတ်ဆွေအရင်းကဲ့သို့ ဖြစ်လာပေမည်။

وَمَا يُلَقّٰهَآ اِلَّا الَّذِيْنَ صَبَرُوْاۚ وَمَا يُلَقّٰهَآ اِلَّا ذُوْ حَظٍّ عَظِيْمٍ ۝٣٥

၄၁ : ၃၅ ။ ။ သို့တစေလည်း ယင်းကောင်းမြတ်သောနည်းဟူသည် သည်းခံသောသူတို့သာလျှင် ပေးသနားခြင်း ခံကြရပေသည်။ ထိုနည်းတူစွာ ယင်းကောင်းမြတ်သော နည်းဟူသည် ကြီးကျယ်စွာသော ဝေစုဝေပုံကို ပိုင်ဆိုင်သော သူသည်သာ ပေးသနားခြင်းကို ခံရလေသည်။

وَاِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ نَزْغٌ فَاسْتَعِذْ بِاللّٰهِ ۗ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ۝٣٦

၄၁ : ၃၆ ။ ။ ၎င်းပြင် အကယ်၍ အသင့်အား ရှိက်သွာန်ဘက်မှ တစ်စုံတစ်ရာ နှောင့်ယှက်ဖျက်ဆီးခြင်း ရှိပါလျှင်၊ အသင်သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ အကာအကွယ်ကို တောင်းခံပါလေ။ ကေန်မလွဲ ထိုအသျှင်မြတ်သည်သာလျှင် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူများသည် (နှလုံးသားဖြင့်) လက်ခံလိုက်သည်မှာ ကျွန်ုပ်တို့၏ မွေးမြူတော်မူသော အသျှင်မြတ်မှာ (စစ်မှန်သော တစ်ပါးတည်းသော အသျှင်) အလ္လာဟ်အသျှင်မြတ် (သာ) ဖြစ်သည်။ (အလိုသဘောမှာ 'ရှရစ်က်'ပြု တုဖက်ခြင်းများကို စွန့်ကာ တစ်ပါးတည်းသော အသျှင်မြတ်ကို ရွေးချယ်လက်ခံလိုက်သည်။) တစ်ဖန် (ယင်းယုံကြည်မှုအပေါ်) မြဲမြံခဲ့သည်။ (ဆိုလိုသည်မှာ ၎င်းကို လက်မလွှတ်ခဲ့ပေ။) ၎င်းသူများအပေါ် (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ရဟ်မသ်'တော်နှင့် ကောင်းချီးမင်္ဂလာသတင်းများ ယူဆောင်လာသော) ဖရစ်ရှ်သာဟ်များ ဆင်းသက်လိမ့်မည်။ (ဦးစွာပထမ အနိစ္စရောက်ချိန်၌လည်းကောင်း၊ တစ်ဖန် 'ကဗရ်'တွင်း၌လည်းကောင်း၊ တစ်ဖန် 'ကေယာမသ်'နေ့၌လည်းကောင်း ဆင်းသက်မည်ဖြစ်သည်။ ဒွ်ရ်ရေမန်စူးရ်ကျမ်းတွင် ဟဇရသ်ဇိုင်ဒ်ဗင်န်အက်စ်လမ် ﷺ သခင်၏ ဆင့်ပြန်ချက်မှ သိရှိရသည့်အတိုင်း ဖြစ်သည်။ ထို့နောက် ပြောကြားမည်မှာ) အသင် ('အာခေရသ်'၏ အခြေအနေများနှင့် ပတ်သက်ပြီး) စိုးရိမ်မှု မပြုလေနှင့်။ ထို့ပြင် (လောကကို စွန့်ခွာရခြင်းအပေါ်) ပူဆွေးမှု မဖြစ်လေနှင့်။ (အဘယ်ကြောင့် ဆိုသော် ရှေ့တွင် ဆက်လက်၍ အသင်တို့အတွက် ယင်း၏ အကောင်းဆုံးသော အစား 'နေ့အ်မသ်'တော်များနှင့် သာယာဝပြောမှုများသာ ရှိသည်။) ထို့နောက် အသင်တို့ 'ဂျန္နသ်' (ရရှိခြင်း) အပေါ် ပျော်ရွှင်ကြကုန်။ ယင်း 'ဂျန္နသ်'နှင့် ပတ်သက်ပြီး အသင်တို့ကို ကတိများ ပြုခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် လောကီသက်တမ်း၌လည်း အသင်တို့၏ မိတ်ဆွေ အဖော်ဖြစ်ခဲ့ရာ နောင်တမလွန်တွင်လည်း အဖော်အဖြစ် ရှိနေမည်။

(လောက၌ ဖရစ်ရှ်သာဟ်များ အဖော် ဖြစ်ခြင်းဟူသည် ၎င်းတို့ လူသား၏ စိတ်တွင် ကောင်းမှုပြုရန် လှုံ့ဆော်ပေးလေသည်။ ထို့ပြင် အခက်အခဲ ဒုက္ခတစ်စုံတစ်ခု ဆိုက်ရောက်လာလျှင် ယင်းဒုက္ခအပေါ် သည်းခံမြဲသိပ်နိုင်ခြင်းနှင့် စိတ်တည်ငြိမ်မှု ရရှိခြင်းတို့သည် ဖရစ်ရှ်သာဟ်များ အတူရှိခြင်း၏ အကျိုး

သက်ရောက်မှုသာ ဖြစ်သည်။ 'အာခေရသ်'၌ အဖော်ဖြစ်ခြင်းဟူသည် ရှေ့မျက်နှာချင်းဆိုင် တွေ့မြင်ရ၍ ဖြစ်မည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူထားသည့်အတိုင်း وَتَتَلَقَّٰهُمُ ٱلْمَلَٰٓئِكَةُ နှင့် ဒုတိယ အာယသ်တော်တွင် يَدْخُلُونَ عَلَيْهِم مِّن كُلِّ بَابٍ စသည်တို့ ဖြစ်သည်။)

ထို့နောက် အသင်တို့အတွက် ဤ (ဂျန္နသ်) တွင် မည်သည့်အရာကို အသင်တို့ စိတ်ကူးရှိသနည်း။ ထိုအရာရှိသည်။ ထို့ပြင် အသင်တို့အတွက် ထိုထဲတွင် တောင်းခံလိုသည့် အရာအတိုင်း ရှိပေသည်။ (ဆိုလိုသည်မှာ အကြင်အရာကို နှုတ်လျှာမှ ဖွင့်ဟတောင်းခံသော် ရရှိမည်သာဖြစ်သည်။ သို့သာမက တောင်းရန်ပင် လိုမည်မဟုတ်ပေ။ အကြင်အရာကို အသင်စိတ်ကူးလိုက်လျှင် အသင့် ရောက်ရှိလာမည်ဖြစ်သည်။) ခွင့်လွှတ်တော်မူသော အသနားတော်မူသည့် အသျှင်မြတ်ဘက်တော်မှ တည့်ခင်းဧည့်ခံခြင်း ဖြစ်မည်။ (ဆိုလိုသည်မှာ ဤ 'နေ့အ်မသ်'တော်များသည် ဧည့်သည်များအား ဂုဏ်ပေးလေးစားသည့်အနေဖြင့် ချီးမြှင့်မည့် ပုံသဏ္ဍာန်မျိုး ဖြစ်လိမ့်မည်။ ဤတွင် ကောင်းမွန်သည့် အခြေအနေအား တင်ပြပြီးနောက် ဆက်လက်၍ ကောင်းမွန်သည့် စကားများနှင့် ကျင့်ကြံမှုများကို တင်ပြထားလေသည်။) ၎င်းနောက် ထိုသူတို့၏ စကားထက် ပို၍ ကောင်းမွန်သည့်စကား အဘယ်မှာ ရှိအံ့နည်း။ အကြင်သူတို့သည် (လူအများအား) အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ကြသည်။ ၎င်းနောက် (ကိုယ်တိုင်လည်း) ကောင်းသော ကျင့်ကြံမှုများ ပြုကြသည်။ ၎င်းနောက် (အမိန့်နာခံခြင်းကို ထုတ်ဖော်သည့်အနေဖြင့်) ပြောဆိုကြမည်မှာ ကျွန်ုပ်သည် အမိန့်နာခံသူများအနက်မှ ဖြစ်သည်။ (ဆိုလိုသည်မှာ အသျှင်မြတ်၏ ကျေးကျွန်ဖြစ်ရခြင်းကို ဂုဏ်ယူလျက်ရှိပြီး ငြင်းဆန်သူများကဲ့သို့ ထိုကျေးကျွန်ဖြစ်ရခြင်းအား ဝန်မလေးကြပေ။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သူများ၊ ထို့နောက် အဖန်ဆင်းခံများအား ပြုပြင်ရန် ရည်ရွယ်ကြသောသူများကို အများအားဖြင့် 'ဂျာဟိလ်'ပညာမဲ့များဘက်မှ ဒုက္ခသုခများ ကြုံတွေ့ရလေ့ ရှိသည်။ ထို့ကြောင့် ရှေ့တွင် ၎င်းတို့အား ညှဉ်းပန်းမှုအစားကို တရားမျှတမှုဖြင့်သော်လည်းကောင်း၊ မကောင်းမှုအစားကို ကောင်းမှုဖြင့်သော်လည်းကောင်း တုန့်ပြန်ရန် မိန့်တော်မူလျက် ရှိသည်။ ၎င်းနောက် အတွေ့အကြုံများအရလည်း သိရှိရသည်မှာ 'ဒါအ်ဝသ်' ဖိတ်ခေါ်မှုဟူသည် ဤနည်းဖြင့်သာ ထိရောက် အောင်မြင်လေ့ ရှိသည်။ အကြောင်းမှာ ဆန့်ကျင်သူတို့၏ ရန်မူမှုများအပေါ် သည်းခံတရားထားကာ ၎င်းတို့ အား ကောင်းမွန်ပြေပြစ်စွာ ဆက်ဆံရမည်ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ အား မိန့်တော်မူသည်မှာ ထိုမိန့်ခြွေမှုတွင် မွတ်စ္စလင်မ်များအားလုံးလည်း အကျုံးဝင်ပေသည်။)

ကောင်းမှုနှင့် မကောင်းမှုဟူသည် မတူညီပေ။ (သို့သာမက ထိုအရာနှစ်ခု၏ သက်ရောက်မှုသည် သီးခြားစီဖြစ်သည်။ ၎င်းနောက် ဤအချက်အား သိရှိရပြီဆိုလျှင် ယခု) အသင်တမန်တော်သည် (မိမိ၏ နောက်လိုက်များနှင့်အတူ) ကောင်းမွန်ပြေပြစ်သော ဆက်ဆံမှုဖြင့် (မကောင်းမှုကို) ဖယ်ရှားပါလေ။ တစ်ဖန် ရုတ်တရက် (အသင်တမန်တော် မြင်တွေ့ရမည်မှာ) အသင်နှင့် ရန်ငြိုးထားရှိသူတို့အကြား စိတ်ထားဖြူစင်သည့် မိတ်ဆွေများပမာ ဖြစ်ရှိသွားကြလိမ့်မည်။ (ဆိုလိုသည်မှာ မကောင်းမှုကို မကောင်းမှုဖြင့်သာ လက်တုန့်

ပြန်လျှင် ရန်ငြိုးများ တိုးပွားရန်သာ ရှိသည်။ ၄င်းနောက် စိတ်ထားဖြူစင်စွာ ကောင်းမှုဖြင့် လက်တုန့်ပြန်လျှင် ရန်သူတို့၏ ရန်ငြိုးသည် လျော့နည်းသွားလေ့ ရှိသည်။ အများအားဖြင့် ရန်ငြိုးများ လုံးလုံးလျားလျား ပပျောက်သွားလေ့ ရှိသည်။ ၄င်းနောက် တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် စိတ်မပါလင့်ကစား မိတ်ဆွေများပမာ ဖြစ်ရှိသွားတတ်ကြသည်။) ၄င်းနောက် ဤအချက်သည် ထိုသူများသာလျှင် ရရှိနိုင်သည်။ အကြင်သူတို့သည် (စာရိတ္တပိုင်းဆိုင်ရာ) လွန်စွာ ထူးခြားသော (စိတ်ဓါတ်ရှင်များ) ဖြစ်ကြသည်။ ၄င်းနောက် ဤအချက်သည် ထိုသူများသာ ရရှိနိုင်သည်။ အကြင်သူတို့သည် (အကျိုးကုသိုလ်အရ) လွန်စွာ နဖူးစာကောင်းသူများ ဖြစ်သည်။ ၄င်းနောက် အကယ်၍ (ထိုအချိန်တွင်) အသင်တမန်တော်အား ရှိုက်သွာန်ဘက်မှ (ဒေါသဖြစ်စေမည့်) အနှောင့်အယှက်များ ဝင်ရောက်လာလျှင် (ချက်ချင်း) အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးဝယ် ခိုလှုံလိုက်ပါလေ။ မုချဧကန် ထိုအသျှင်မြတ်သည် ကောင်းစွာ ကြားနာတော်မူသော အသျှင်၊ ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (စိတ်ထားဖြူစင်စွာဖြင့်ဟူသော စည်းကမ်းချက်အား သတ်မှတ်ခြင်းဖြင့် တစ်ခါတစ်ရံ ဆိုးသွမ်းသူတို့အား နူးညံ့ပျော့ပျောင်းစွာ ဆက်ဆံခြင်းဖြင့် အကျိုးသက်ရောက်မှု ဆန့်ကျင်စွာ ဖြစ်ပေါ်တတ်သည်ဟူသော စောဒကလည်း ကင်းဝေးသွားလေသည်။ အဘယ်ကြောင့်ဆိုသော် ဤအချင်းအရာသည် စိတ်နေသဘောထား မှန်ကန်မှုမရှိသူများအပေါ်၌သာ သက်ရောက်လေ့ ရှိသည်။ သို့သော် ဤကဲ့သို့သော သူများမှာ အလွန်ပင် ရှားပါးလေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ဤစူရာဟ်၏ အစမှ ဤနေရာအထိ ကျမ်းမြတ်ကုရ်အာန်အား ငြင်းဆိုသူများနှင့် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်းနှင့် တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်'ကို ငြင်းဆန်ကြသူများအား မိန့်ကြားနေခြင်း ဖြစ်သည်။ ထိုသူများအား အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူသော တန်ခိုးတော်၏ လက္ခဏာတော်များ ပြသကာ အသျှင်မြတ် တစ်ပါးတည်း တည်ရှိတော်မူကြောင်းကို 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်ခဲ့ပြီး ငြင်းဆန်သူများ၏ ရလဒ်နှင့် တမလွန်တွင် ပြစ်ဒဏ်ခံရမည့်အကြောင်းများ၊ 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့် တင်ပြလာခဲ့ပြီး ဖြစ်သည်။ ဤနေရာမှ စ၍ အီမာန်ရှင်များနှင့် ပြီးပြည့်စုံသူများ၏ အခြေအနေများ၊ ၄င်းနောက် လောကီလောကုတ္တရာတွင် ၄င်းတို့သည် ဂုဏ်ပေးလေးစား ခံရမည့်အကြောင်းများ၊ ထို့နောက် ၄င်းတို့အား သီးခြားလမ်းညွှန်မှုများကို တင်ပြထားသည်။ အီမာန်ရှင်များနှင့် ပြည့်စုံသူများ ဆိုသည်မှာ အကြင်သူတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့၏ ကျင့်ကြံမှုများနှင့် စာရိတ္တပိုင်းဆိုင်ရာတို့တွင် မြဲမြံကြသူများ ဖြစ်သည်။ ရှရီအသ်တရားတော်နှင့် ပတ်သက်၍လည်း အတိုးအလျော့မရှိ၊ အတိအကျ လိုက်နာကြသူများ ဖြစ်သည်။ ၄င်းနောက် အခြားသူများကိုလည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်သူများ၊ ၄င်းတို့အား ပြုပြင်မှုရရန် သောကထားကြသူများ ဖြစ်သည်။ ၄င်းနှင့် တစ်ဆက်တည်းပင် အစ္စလာမ်သာသနာဘက်သို့ 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်သူများအား သည်းခံတရား ထားရှိရန်နှင့် မကောင်းမှုအား ကောင်းမှုဖြင့်သာ လက်တုန့်ပြန်ရန် မိန့်မှာ ညွှန်ကြားထားသည်။

"အစ်သေကာမသ်" (မြဲမြံစွာ ရပ်တည်ခြင်း) ၏ အဓိပ္ပာယ်

ပဌမအရည်အချင်းကို **استقامت** (မြဲမြံစွာ ရပ်တည်ခြင်း) ဟူ၍ သုံးနှုန်းကာ မိန့်တော်မူသည်မှာ-

اِنَّ الَّذِيْنَ قَالُوْا رَبُّنَا اللّٰهُ ثُمَّ اسْتَقَامُوْا

အကြင်သူတို့သည် မှန်ကန်သော စိတ်ဓါတ်ဖြင့် အလ္လာဟ်အသျှင်မြတ်အား မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အဖြစ် ယုံကြည်သက်ဝင်ကာ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ကတိဝန်ခံမှုလည်း ပြုကြသည်။ ဤအချက်သည်ပင် အီမာန်၏ ဇစ်မြစ်ဖြစ်သည်။ ဆက်လက်၍ ၎င်းတို့သည် ဤအချက်အပေါ် မြဲမြံမှု ရှိကြသည်။ ဤသည် 'အမလ်လေ့ဆွာလေ့ဟ်' ကောင်းသော ကျင့်ကြံမှုဖြစ်သည်။ ဤသို့ဖြင့် အီမာန်နှင့် 'အမလ်လေ့ဆွာလေ့ဟ်' တို့သည် ပေါင်းစပ်မိကြသည်။ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြခဲ့သည့် 'အစ်သေကာမသ်'ဟူသော စာသား၏ သဖ်စီးရ်မှာ အီမာန်နှင့် 'သောင်ဟီးဒ်'တရားအပေါ် မြဲမြံစွာ ရပ်တည်ကြသည်။ ယင်းကို လက်မလွှတ်ကြပေ။ ဤအကျယ်ဖွင့်ဆိုချက်ကို ဟဇရသ်အဗူဘကရ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။ ထို့ပြင် ဤဖွင့်ဆိုချက်နီးနီး ဖွင့်ဆိုမှုတစ်ခုကို ဟဇရသ်အွတ်စ်မာန် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။ ၎င်းက **استقامت** ၏ သဖ်စီးရ်ကို 'အမလ်'ကျင့်ကြံရာ၌ စိတ်စေတနာဖြူစင်ခြင်းဟု မိန့်တော်မူထားသည်။ ၎င်းနောက် ဟဇရသ်အုမရ် ﷺ သခင်က မိန့်ဆိုသည်မှာ-

الا ستقامة ان تستقيم على الامروالنهى ولاتروغ روغان الثعالب

استقامت ဟူသည် အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များအားလုံး၊ စေခိုင်းမှုများအားလုံးနှင့် တားမြစ်မှုဟူသရွေ့တို့အပေါ် မြဲမြံစွာ ရပ်တည်ခြင်း၊ ထိုလမ်းစဉ်မှ မြေခွေးများကဲ့သို့ ပြေးထွက်ရာလမ်းမရှာဖွေခြင်းကို ခေါ်ဆိုပေသည်။

ထို့ကြောင့် အိုလမာပညာရှင်များက မိန့်ဆိုသည်မှာ **استقامت** ဟူသည် တိုတောင်းသော စာလုံးလေးတစ်ခုဖြစ်သော်လည်း အစ္စလာမ်သာသနာရှိ ကဏ္ဍများအားလုံးကို ခြုံထားသည်။ ယင်းစာလုံးငယ်လေးအတွင်း အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်စေခိုင်းမှုများအပေါ် ကျင့်ဆောက်တည်ခြင်းနှင့် 'ဟရာမ်'၊ 'မက္ကရူးဟ်' ဖြစ်စေမည့် အရာတိုင်းမှ အမြဲတမ်း ရှောင်ကြဉ်ခြင်းတို့သည် ပါရှိနေသည်။ သဖ်စီးရ်ကရ်ဘီရ်ကျမ်းတွင် ပါရှိသည်မှာ လူသား၏ **رَبُّنَااللّٰه** ဟု ခေါ်ဆိုခြင်းသည် ၎င်းစိတ်နှလုံးမှ ယုံ၍ ခေါ်မှသာ မှန်ကန်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အခြေအနေတိုင်းတွင်လည်းကောင်း၊ ခြေလှမ်းတိုင်းတွင်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ သွန်သင်ကွပ်ကဲမှု၌သာ ရှိပါ၏။ ကျွန်ုပ်သည် ထိုအသျှင်မြတ်၏ 'ရဟ်မသ်'တော်မရှိလျှင် အသက်တစ်ကြိမ်မျှကိုပင် ရှူရှိုက်နိုင်မည် မဟုတ်ပေ။ ထို့ပြင် ၎င်းကတောင်းဆိုသည့်အချက်မှာ လူသားသည် 'အေဗာဒသ်'ခဝပ်မှုလမ်းစဉ်တွင် အစဉ် မြဲမြံနေရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ နှလုံးသားနှင့် ပုံဆောင်မှုနှစ်ခုစလုံးသည် ထိုအသျှင်မြတ်၏ ခဝပ်မှုမှ ဆံချည်မျှင်မျှပင် အတိမ်းအစောင်းမပြုခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် ကိုယ်တော်မြတ် ﷺ အား ဟဇရသ်စွဖ်ယာန်ဗင်န်အဗ်ဒုလ္လာဟ်စကဖွီ (ရဇွ) က ဤသို့ မေးမြန်းသည်မှာ 'အို, ကိုယ်တော်၊ ကျွန်ုပ်အား အစ္စလာမ်သာသနာတော်၏ ဤကဲ့သို့သော ပြီးပြည့်စုံသည့်အချက်ကို တင်ပြပါ။' ယင်းကို ကြားနာပြီးနောက် အခြားမည်သူ့ထံမှ မည်သည့်အရာကိုမျှ မေးမြန်းစရာမလိုရန် ဖြစ်သည်။ ထိုအခါ ကိုယ်တော်မှ မိန့်တော်မူသည်မှာ-

قُلْ اٰمَنْتُ بِاللّٰهِ ثُمَّ ا سْتَقِمْ

ဆိုလိုသည်မှာ အသင်သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်သည်ဟု ဝန်ခံမှု ပြုပါလေ။ ထိုပြင် ယင်းအချက်အပေါ် မြဲမြံစွာ နေပါလေ။ *[မွတ်စ္စလင်မ်ကျမ်း]*

မြဲမြံစွာ နေခြင်း၏ ပေါ်လွင်နေသော အလိုသဘောမှာ အီမာန်အပေါ်၌လည်း ခိုင်ခိုင်မာမာ ရပ်တည်၍ ယင်း၏ တောင်းဆိုချက်များဖြစ်သော ကောင်းမှုကျင့်ကြံမှုများကိုလည်း မြဲမြံစွာ ဆောက်တည်နေရမည်သာ ဖြစ်သည်။

ဤအတွက်ကြောင့်ပင် ဟဇရသ်အလီ ؓ သခင်နှင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်တို့က 'အစ်သေကာမသ်' ၏ အဓိပ္ပာယ်ကို 'ဖွရဒ်'တာဝန်များ ကျေပွန်ခြင်းဟု မိန့်တော်မူထားသည်။ ထို့ပြင် ဟဇရသ်ဟစန်ဗစ္စရီ (ရဟ) သခင်က မိန့်ဆိုသည်မှာ **استقامت** ဟူသည် ကျင့်ဆောင်မှုတိုင်းတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ရှေးရှုလိုက်နာခြင်း၊ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန်ခြင်းမှ ရှောင်ရှားခြင်းသာ ဖြစ်သည်။ ၎င်းမှ သိရှိရသည်မှာ **استقامت** ၏ ပြီးပြည့်စုံသော အလိုသဘောမှာ ဟဇရသ်အုမရ် ؓ သခင်၏ ဆင့်ပြန်မိန့်ဆိုမှုသာဖြစ်ပြီး ၎င်း၏ အဆိုဘက်သို့ ဟဇရသ်အဘူဗကရ် ؓ သခင်နှင့် ဟဇရသ်အွတ်စ်မာန် ؓ သခင်တို့၏ အဆိုသည် အားပြုပေးနေသည်။ ထိုမိန့်ဆိုချက်တွင် 'အမလ်' ကျင့်ဆောက်တည်မှုနှင့်အတူ 'အိခ်လားစ်'စိတ်စေတနာဖြူစင်မှုရရှိရန် တိုက်တွန်းချက် ပါရှိသည်။

[မဇ္ဇဟရီကျမ်း]

ဂျခွဲဆွာခွဲ (ရဟ) နှင့် အိဗ်နေဂျရီးရ် (ရဟ) တို့သည်လည်း အထက်ပါ သဖ်စီးရ်ဖွင့်ဆိုချက်ကို အဘွလ်အာလီယဟ် (ရဟ) ထံမှ ဆင့်ပြန်၍ ရွေးချယ်တင်ပြထားသည်။

تَتَنَزَّلُ عَلَيۡهِمُ الۡمَلٰٓئِكَةُ

ဤအာယသ်တော်၌ တင်ပြထားသော ဖရစ်ရှ်သာဟ်များ၏ ပြောဆိုမှုနှင့် ဖရစ်ရှ်သာဟ်များ ဆင်းသက်ခြင်းနှင့်ပတ်သက်၍ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်က မိန့်ဆိုသည်မှာ သေဆုံးကွယ်လွန်သော အခါ၌ ဖြစ်မည်။ ထို့ပြင် ဟဇရသ်ကသာဒါ (ရဟ) သခင်မှ မိန့်ဆိုသည်မှာ 'ဟရှရ်'ကွင်းပြင်၌ 'ကဗရ်' တွင်းများမှ ထွက်သောအခါ၌ ဖြစ်မည်။ ထို့ပြင် ဟဇရသ်ဝကီးအ်ဗင်န်ဂျရာဟ် (ရဟ) က မိန့်ဆိုသည်မှာ အချိန်သုံးချိန်၌ ဖြစ်မည်။ ပထမအကြိမ် ကွယ်လွန်သည့်အခါ၌လည်းကောင်း၊ တစ်ဖန် 'ကဗရ်'အတွင်း၌လည်းကောင်း တစ်ဖန် 'ဟရှရ်' ကွင်းပြင်၌ 'ကဗရ်' များမှ ထသောအခါ၌လည်းကောင်း ဖြစ်မည်။

၎င်းနောက် အဘူဟိုင်ယာန် (ရဟ) သခင်က ဘဟရ်ရေမုဟီးသွ်ကျမ်းတွင် မိန့်ဆိုထားသည်မှာ ကျွန်ုပ်ပြောလိုသည်မှာ မုအ်မင်န်များအပေါ်မူ နေ့စဉ် ဖရစ်ရှိသာဟ် များ ဆင်းသက်လေ့ ရှိသည်။ ၎င်း၏ ထိရောက်စူးရှမှုများနှင့် 'ဘရ်ကသ်'များကိုမူ ၎င်း၏ ကျင့်ဆောင်မှု များတွင် တွေ့ရှိရသည်။ သို့သော် ၎င်းဖရစ်ရှိသာဟ်များကို မြင်တွေ့ရခြင်းနှင့် ၎င်းတို့၏ ပြောဆိုသံများကို ကြားရခြင်းများသည် ထိုအထက်ဖော်ပြပါ အချိန်များ၌သာ ဖြစ်မည်။

ထို့နောက် အဘူနိုအိုင်မ် (ရဟ) သခင်က ဟဇရသ်စာဗိသ်ဘနာနီ (ရဟ) ထံမှ ဆင့်ပြန်ထားသည်မှာ သခင်ကြီးက စူရာဟ် 'ဟာမင်မ်စဂျ်ဒဟ်'ကို ဖတ်ရွတ်နေလျက်

تَتَنَزَّلُ عَلَيۡهِمُ الۡمَلٰٓئِكَةُ

ဟူသော အာယသ်တော်သို့ ရောက်ရှိသောအခါ မိန့်ဆိုသည်မှာ ကျွန်ုပ်ထံ ဤဟဒီးစ် ဆင့်ပြန်ချက်ရောက်ရှိခဲ့သည်။ ၎င်းမှာ မုအ်မင်န်တစ်ဦး မိမိ၏ 'ကဗရ်'အတွင်းမှ ရှင်ပြန်ထသောအခါ လောက၌ ၎င်းနှင့်အတူ ရှိခဲ့သော ဖရစ်ရှိသာဟ်နှစ်ပါးက တွေ့ဆုံ၍ ပြောကြားမည်မှာ အသင် ကြောက်ရွံ့စိုးရိမ်မှု မပြုလေနှင့်။ ထိုမျှမက 'ဂျန္နသ်'သုခဘုံနန်းစံရမည့် သတင်းကောင်းကို နားထောင်ပါလေ။ ယင်းသုခဘုံနှင့် ပတ်သက်ပြီး အသင့်အား ကတိပြုခဲ့လေသည်။ ၎င်းဖရစ်ရှိသာဟ်များ၏ ပြောဆိုမှုဖြင့် မုအ်မင်န်များသည် စိတ်အေးချမ်းသွားကြမည်ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

لَكُمۡ فِيۡهَا مَاتَشۡتَهِىۡۤ اَنۡفُسُكُمۡ وَلَكُمۡ فِيۡهَامَا تَدَّعُوۡنَ نُزُ لًامِّنۡ غَفُوۡرٍرَّحِيۡمٍ

ဖရစ်ရှိသာဟ်များက မုအ်မင်န်များနှင့် မွတ်စ္စလင်မ် သီးသန့်ဗန္ဒာဟ်များကို ပြောကြားမည်မှာ အသင်တို့ကို 'ဂျန္နသ်'၌ အသင်တို့ စိတ်အလိုရှိသည့် အရာတိုင်း ရရှိမည်ဖြစ်သည်။ ထို့ပြင် အသင်တို့ တောင်းဆိုလိုသည့် အရာတိုင်းရှိမည်ဖြစ်သည်။ ၎င်းကို ရရှိခြင်းမှာ အသင်၏ လိုအင်ဆန္ဒများအားလုံး ဖြည့်ဆည်းပေးမည် ဖြစ်သည်။ အသင် တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ ရရှိပေမည်။ ဆက်လက်၍ نُزُلًا အဓိပ္ပာယ်မှာ 'ဧည့်ခံမှု'ဟု မိန့်ဆို၍ ထိုဘက်သို့လည်း ညွှန်ပြလိုက်သည်မှာ မြောက်မြားစွာသော 'နေ့အ်မသ်'တော်များ ယင်း 'နေ့အ်မသ်'တော်များနှင့် ပတ်သက်ပြီး စိတ်ကူးပင် မပေါ်ခဲ့သည်များအားလုံး ရရှိမည် ဖြစ်သည်။ ပမာဆိုရသော် ဧည့်သည်၏ အရှေ့တွင် ၎င်းစိတ်ကူးပင် မရှိလှသော မြောက်မြားစွာသော အရာများ ရောက်ရှိလာသည့်အတိုင်း ဖြစ်သည်။ အထူးသဖြင့် လူကြီးသူကောင်းများ၏ ဧည့်သည်ဖြစ်သောအခါ၌ တွေ့မြင်ရလေ့ရှိသည်။ *[မဇ္ဇဟရီကျမ်း]*

ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ဂျန္နသ်'တွင် ငှက်တစ်ကောင် ပျံနေသည်ကို တွေ့ရှိ၍ အသင့်၏စိတ်တွင် ယင်း၏ အသားကို စားရန် ဆန္ဒပေါ်လာမည်။ ထိုအခါ၌ပင် ယင်းသည် ကြော်ပြီး၊ ကင်ပြီး အသင့်အနေအထားဖြင့် အသင်၏အရှေ့သို့ ကျရောက်လာမည်။ အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ၎င်းသည် မီးနှင့် ထိပြီးသားလည်း မဟုတ်။ မီးခိုးလည်း ထိထားမည် မဟုတ်ပေ။ အလိုအလျောက် ကျက်ကာ အရှေ့သို့ ရောက်လာလိမ့်မည်။ *[မဇ္ဇဟရီကျမ်း]*

ထို့ပြင် ဟဒီးစ်တော်တွင် လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ မုအ်မင်န်များသည် အကယ်၍ 'ဂျန္နသ်'၌ မိမိအိမ်အတွင်း ကလေးမွေးဖွားလိုသော် ၄င်းကိုယ်ဝန်၊ မီးဖွားခြင်း၊ နို့လွတ်ခြင်း၊ ပျို့ရွယ်ခြင်းအားလုံးတို့သည် အချိန်တစ်ခုထဲ၌ ဖြစ်သွားမည်။ *[သိရ်မေဇီ၊ ဘိုင်ဟကီမ်၊ မဇ္ဇ်ဟရီကျမ်း။]*

وَمَنْ اَحْسَنُ قَوْ لًا مِمَّنْ دَعَآ اِلَى اللهِ

ဤသည် ပြည့်ဝသော မုအ်မင်န်များ၏ ဒုတိယလုပ်ဆောင်ရမည့် အစိတ်အပိုင်းဖြစ်သည်။ ၄င်းတို့သည် မိမိတို့၏ အီမာန်နှင့် 'အမလ်'ပေါ်၌သာ မတင်းတိမ်လိုက်ကြပေ။ သို့သာမက အခြားသူများကိုလည်း ယင်းနှင့် ပတ်သက်ပြီး ဖိတ်ခေါ်မှုပြုကြသည်။ ၄င်းနောက် မိန့်တော်မူသည်မှာ ထိုသူ၏ အဆိုထက် သာပို ကောင်းမွန်သော အဆိုသည် အဘယ်မှာ ရှိအံ့နည်း။ အကြင်သူသည် လူအများအား အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ခဲ့သည်။ ထို့ကြောင့် သိရှိရသည်မှာ လူသားတို့၏ ပြောဆိုမှုများအနက် အကောင်းဆုံးနှင့် အမြင့်မြတ်ဆုံးသော ပြောဆိုမှုသည် အခြားသူများအား အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းပင် ဖြစ်သည်။ ထိုဖိတ်ခေါ်မှုဆိုရာ၌ 'ဒါအ်ဝသ်အေလလ္လာဟ်'၏ ပုံသဏ္ဍာန်အားလုံးပါဝင်ပေသည်။ နှုတ်လျှာဖြင့်ဖြစ်စေ၊ ရေးသား၍ ဖြစ်စေ၊ (သို့) အခြားခေါင်းစဉ်တစ်ခုဖြင့် ဖြစ်စေ၊ 'အဇာန်'ပေးသူ အစ အားလုံး ဤဖိတ်ခေါ်မှုတွင် ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'အဇာန်'ပေးသူသည် အခြားသူများကို နမာဇ် ဝတ်ပြုရာဘက်သို့ ဖိတ်ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဟဇရသ်အာအေရှာဟ်ဆိဒ္ဒီကာ ﵂ သခင်မက မိန့်ဆိုသည်မှာ ဤအာယသ်တော်သည် မုအ်ဇင်န်များနှင့် ပတ်သက်ပြီး ကျရောက်ခဲ့ခြင်းဖြစ်သည်။ ၄င်းနောက် دَعَا اِلَى اللهِ ဟူသော စာသား၏နောက်တွင် عَمِلَ صَالِحًا ဟူသော စာသား လာရှိသည်။ ယင်း၏ အလိုသဘောမှာ 'အဇာန်'နှင့် 'အေကာမသ်'အကြား 'နဖိလ်'နမာဇ် နှစ်ရကအသ် ဝတ်ပြုခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ဟဒီးစ်တော်တစ်ရပ်တွင် ဂုဏ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အဇာန်'နှင့် 'အေကာမသ်'အကြား တောင်းခံသည့် ဆုမွန်ဒိုအာကို ပစ်ပယ်သည်ဟူ၍ မရှိပေ။ *[အဘူဒါဝူးဒ်၊ သိရ်မေဇီကျမ်း။]*

မြောက်မြားစွာသော ဆွဟီးဟ်ဟဒီးစ်တော်များတွင် 'အဇာန်'နှင့် 'အဇာန်'သံ ကြားသောအခါ ပြန်လည်ဖြေကြားခြင်းနှင့် ပတ်သက်ပြီး ကြီးမားသော အကျိုးကျေးဇူးများနှင့် 'ဗရ်ကသ်'မင်္ဂလာများ ရရှိမည့်အကြောင်း တင်ပြထားသည်။ သို့သော် စိတ်ထားဖြူစင်စွာဖြင့် အလ္လာဟ်အသျှင်မြတ်အတွက် 'အဇာန်' ပေးခြင်း ဖြစ်ရမည်။ အခကြေးငွေ ရလိုသည့် 'နီယသ်'ဖြင့် မဆိုရပေ။ ဤအကြောင်းအရာနှင့် ပတ်သက်၍ မြောက်မြားစွာသော ဟဒီးစ်တော်များကို သဖ်စီးရ်မဇ္ဇ်ဟရီကျမ်းတွင် ဤနေရာ၌ပင် တင်ပြထားပေသည်။

وَلَا تَسْتَوِى الْحَسَنَةُ وَلَاالسَّيِّئَةُ

ဤအာယသ်တော်တွင် 'ဒါအ်ဝသ်အေလလ္လာဟ်' (အလ္လာဟ့်လမ်းဘက် ဖိတ်ခေါ်ခြင်း) တာဝန်ကို ထမ်းဆောင်နေကြသူများအတွက် အထူးညွှန်ကြားချက်များကို တင်ပြထားပေသည်။ ယင်း၏ အနှစ်ချုပ်မှာ

ထိုသူတို့သည် မကောင်းမှုအား မကောင်းမှုဖြင့် လက်တုန့်ပြန်ခြင်း မပြုရပေ။ သည်းခံတရား ကျေးဇူးတရား များကို ရှေးရှုရမည်။

اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ

ဆိုလိုသည်မှာ အမှန်တရား သာသနာဘက်သို့ ဖိတ်ခေါ်သူများ၏ စာရိတ္တသည် ဤသို့ ရှိရမည်။ ၎င်းတို့သည် လူအများ၏ မကောင်းမှုဒုစရိုက်များကို ကောင်းမွန်သည့်နည်းလမ်းဖြင့် ချေပရမည်။ ယင်းမှာ မကောင်းမှု အား မကောင်းမှုဖြင့် လက်တုန့်မပြန်ခြင်း ဖြစ်သည်။ ခွင့်လွှတ်လိုက်ခြင်းဖြစ်သည်။ ၎င်းနောက် သာပို၍ ကောင်းသော လုပ်ရပ်မှာ အသင့်အား ဆိုးရွားစွာ ဆက်ဆံသူကို ခွင့်လွှတ်လိုက်ရမည့်အပြင် ထပ်မံ၍ ကျေးဇူးပြုရမည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ ဤအာယသ်တော်တွင် ပါရှိသော ပညတ်ချက်သည် တစ်ဦးတစ်ယောက်က အသင့်အား ဒေါသအမျက်ထွက်သည့်ပုံစံ ပြသလျှင် အသင်သည် ၎င်းအား 'ဆွဗရ်' သည်းခံတရားနှင့် ဆက်ဆံပါလေ။ တစ်ဦးတစ်ယောက်သည် အသင့်အား ပညာမဲ့ပုံစံနှင့် ဆက်ဆံလျှင် အသင်သည် ၎င်းအား သဘောထားကြီးမားစွာဖြင့် ဆက်ဆံပါလေ။ ထို့နောက် တစ်ဦးတစ်ယောက်က အသင့်အား ဒုက္ခပေးလျှင် ၎င်းအား ခွင့်လွှတ်ပါလေ။ *[မဇ္ဇဟရီကျမ်း]*

အချို့ဆင့်ပြန်ချက်များတွင် တင်ပြထားသည်မှာ ဟဇရတ်အဘူဘကရ်ဆွိဒ်ဒီးက် ﷺ သခင်အား လူတစ်ဦးက ဆဲရေးတိုင်းထွာခဲ့ရာ (သို့) မကောင်းပြောဆိုခဲ့ရာ သခင်ကြီးသည် ၎င်းအား ဤသို့ အဖြေပေးခဲ့သည်။ အကယ်၍ အသင်၏ စကားသည် မှန်ကန်ခဲ့ပါလျှင် ကျွန်ုပ်သည် အပြစ်ရှိသောသူတစ်ဦး ဖြစ်သည့်အတွက်ကြောင့် အလ္လာဟ်အသျှင်မြတ် ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါစေ။ အကယ်၍ အသင်သည် လိမ်လည်ခဲ့ပါမူ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူပါစေ။ *[ကုရ်သုဗီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمِنْ اٰيٰتِهِ الَّيْلُ وَالنَّهَارُ
وَالشَّمْسُ وَالْقَمَرُ لَا تَسْجُدُوْا لِلشَّمْسِ وَلَا لِلْقَمَرِ وَاسْجُدُوْا لِلّٰهِ
الَّذِيْ خَلَقَهُنَّ اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ ﴿٣٧﴾

၄၁ : ၃၇ ။ ။ အမှန်စင်စစ် 'ညဉ့်' သည်လည်းကောင်း၊ 'နေ့' သည်လည်းကောင်း၊ 'နေ' သည်လည်းကောင်း၊ 'လ' သည် လည်းကောင်း၊ ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်တို့အနက်မှ ဖြစ်ကုန်၏။ (သို့ဖြစ်ပေရာ) အသင်တို့သည် 'နေ' ကိုလည်း 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချ (ပူဇော်ဆည်းကပ်) ခြင်း မပြုကြကုန်လင့်။ ထိုနည်းတူစွာ အသင်တို့သည် 'လ' ကိုလည်း 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချ (ပူဇော်ဆည်းကပ်) ခြင်း မပြုကြကုန်လင့်။ သို့ရာတွင် ယင်းသက်သေလက္ခဏာတော် (လေးပါး) ကို ဖန်ဆင်း

တော်မူသော အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ('စဂျ်ဒဟ်' ပျပ်ဝပ် ဦးချလေကုန်။) အကယ်စင်စစ် အသင်တို့သည် ထိုအသျှင်မြတ်ကိုသာ ဆည်းကပ်ကိုးကွယ်သူများ ဖြစ်ကြပါမူ [အခြားအရာများကို ဦးချခြင်းမပြုဘဲ အလ္လာဟ်အသျှင်မြတ်ကိုသာ] 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလေကုန်။'

فَإِنِ اسْتَكْبَرُوا فَالَّذِينَ
عِندَ رَبِّكَ يُسَبِّحُونَ لَهُ بِاللَّيْلِ وَالنَّهَارِ وَهُمْ لَا يَسْأَمُونَ ۩ ﴿٣٨﴾

၄၁ : ၃၈ ။ ။ သို့ရာတွင် အကယ်၍ ၄င်းတို့သည် (ဤအမိန့်တော်ကို လိုက်နာကျင့်သုံးခြင်းမရှိဘဲ) မာန်မာန ထောင်လွှားခဲ့ကြလျှင်၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်ပါး၌ ရှိကြသည့် 'မလာအေကဟ်' ကောင်းကင်တမန်တို့မှု နေ့ရောညဉ့်ပါ ထိုအသျှင်မြတ်စင်ကြယ် သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။ ထို့ပြင် ၄င်းတို့သည် ငြီးငွေ့ကြသည်ပင် မရှိပေ။

وَمِنْ آيَاتِهِ أَنَّكَ تَرَى الْأَرْضَ خَاشِعَةً فَإِذَا أَنزَلْنَا عَلَيْهَا الْمَاءَ
اهْتَزَّتْ وَرَبَتْ ۚ إِنَّ الَّذِي أَحْيَاهَا لَمُحْيِي الْمَوْتَىٰ ۚ إِنَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٣٩﴾

၄၁ : ၃၉ ။ ။ ထို့ပြင် (ဤသည်လည်း) ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်တို့အနက်မှပင် ဖြစ်၏။ အသင်သည် ပထဝီမြေကို အခြေအနေညှိုးဖျင်းစွာ တွေ့မြင်ရ၏။ ထို့နောက် ငါအသျှင်မြတ်သည် ပထဝီမြေ၏ အပေါ်၌ မိုးရေကို ရွာသွန်းစေတော်မူသောအခါ၊ ယင်းပထဝီမြေမှာ တိုးတက်ထွန်းကား စိမ်းစို၍ လည်းကောင်း၊ (သစ်ပင် အစရှိသည်တို့) ပေါက်ရောက်ဖွံ့ဖြိုး၍လည်းကောင်း လာလေသည်။ (သို့ဖြစ်ပေရာ) ကေန်မလွဲ ယင်းပထဝီမြေကို ရှင်စေတော်မူသော အသျှင်မြတ်သည်ပင်လျှင် ကေန်အမှန် သူသေတို့အား ရှင်စေတော်မူမည့်အရှင် ဖြစ်တော်မူ၏။ ကေန်စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ထိုအသျှင်မြတ်၏ ('ကွသ်ရသ်' တန်ခိုးတော်များနှင့် 'သောင်ဟီးဒ်' တရားတော်၏) လက္ခဏာများတွင် ညဉ့်လည်း ရှိသည်။ ထို့နောက် နေမင်းသည်လည်းကောင်း၊ စန္ဒာလမင်းသည်လည်းကောင်း ရှိသည်။ (သို့ရှိရာ) အသင်တို့ နေနှင့် လတို့ကို 'စဂျ်ဒဟ်' (ဦးချခြင်း) မပြုလုပ်လေနှင့်။ (ဆွာအီဘီးန်များ ကြယ်တာရာများကို 'အေဗာဒသ်' ပြုလုပ်ခဲ့ကြသည့် ပုံစံမျိုးဖြစ်သည်။ 'ကရ်ရှားဖ်' ကျမ်းတွင် လာရှိသည့်အတိုင်း ဖြစ်သည်။) ၄င်းနောက် (သီးသန့်) ထိုအသျှင်မြတ်ကို 'စဂျ်ဒဟ်' ဦးချကြကုန်။ အကြင်အသျှင်မြတ်သည် ထိုလက္ခဏာ (အရပ်ရပ်) ကို ဖန်ဆင်းတော်မူထားပေသည်။ အကယ်၍ အသင်တို့ အလ္လာဟ်အသျှင်မြတ်၏ ခဝပ်မှုကို ပြုလိုကြလျှင် ဖြစ်သည်။ (ဆိုလိုသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်လိုသည်ဆိုလျှင် အခြားအရာများကို ထိုအသျှင်မြတ်နှင့်အတူ 'အေဗာဒသ်' မပြု

မှသာ ရရှိနိုင်သည်။ မှရှ်ရစ်က်များကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'ပြုခြင်းနှင့်အတူ အခြားအရာများကိုလည်း 'အေဗာဒသ်'ပြုရာ၌ တဖက်လိုက်သည်ရှိသော်၊ ထိုအရာသည် အလ္လာဟ်အသျှင်မြတ်အတွက် 'အေဗာဒသ်'ပြုရာ မရောက်တော့ပေ။)

တစ်ဖန် အကယ်၍ ဤသူများသည် (တစ်ပါးတည်းသော အသျှင်မြတ်၏ ကိုးကွယ်မှု ရွေးချယ်ခြင်းကိုသော်လည်းကောင်း၊ မိမိတို့၏ မိရိုးဖလာ ဓလေ့များကို စွန့်လွှတ်ရန်သော်လည်းကောင်း ရက်ကြောက်ပြီး) ထပ်မံ မာနထောင်နေမည်ဆိုလျှင် (၎င်းတို့၏ အမြော်အမြင်ကင်း မိုက်မဲမှုသာ ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော်) အသင်တမန်တော်၏ အသျှင်သခင်ထံမှ အထူးသတ်မှတ်ခြင်း ခံထားသော ဖရစ်ရှ်သာဟ်များသည် နေ့၊ ည ထိုအသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုများ မြွက်ဟလျက် ရှိသည်။ ထို့ပြင် ၎င်းတို့သည် (ဤသို့ မြွက်ဟခြင်းမှ အနည်းငယ်ပင်) မညည်းညူကြပေ။ (အလ္လာဟ်အသျှင်မြတ်၏ နီးကပ်မှုရသော ဖရစ်ရှ်သာဟ်များသည် ၎င်းတို့ထက် အစပေါင်း သိန်းပေါင်းများစွာ မြင့်မြတ်ကြရာ ၎င်းဖရစ်ရှ်သာဟ်များအတွက် အဟန့်အတားမဖြစ်ဟု ဆိုလျှင် ထိုငတုံးများအတွက် အဟန့်အတားဖြစ် ရက်စရာအခွင့်အခါ အဘယ်မှာလျှင် ရှိပါအံ့နည်း။)

၎င်းနောက် ထိုအသျှင်မြတ်၏ ('ကွသ်ရသ်'တန်ခိုးတော်နှင့် တစ်ပါးတည်း တည်ရှိတော်မူခြင်းနှင့် ပတ်သက်သည့် သက်သေလက္ခဏာတော်များအနက်မှ တစ်ခုကို အသင်မြေပထဝီဝင်အား ပြားဝပ်နေသည့် ပုံသဏ္ဍာန်ဖြင့် တွေ့မြင်နိုင်သည်။ ထို့ပြင် အကြင်အခါ၌ ငါအသျှင်မြတ်သည် ယင်းမြေကြီးပေါ် မိုးရွာချပေးလိုက်သည်ရှိသော် ယင်းသည် ဖူးပွင့်ဝေဆာလာသည်။ (၎င်းမှ 'သောင်ဟီးဒ်'တရားပေါ် သက်သေပြနေပြီး بعث ခေါ် ပြန်လည်ရှင်ပြန်ထစေခြင်းအပေါ်၌လည်း သက်သေပြနေသည်။ အဘယ်ကြောင့်ဆိုသော်) အကြင်အသျှင်မြတ်သည် မြေပထဝီကို (၎င်းနှင့် သင့်လျော်သည့်အတိုင်း) ရှင်သန်စေလိုက်သည်ရှိရာ ထိုအသျှင်မြတ်သာလျှင် သေသူများကိုလည်း (၎င်းတို့နှင့် သင့်လျော်ကိုက်ညီသည့် ပုံစံဖြင့်) ရှင်ပြန်ထစေမည်။ ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် အရာရာပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ 'စဂျ်ဒဟ်' ပြု ဦးချခြင်းမပိုင်၊

لَا تَسْجُدُوْا لِلشَّمْسِ وَلَا لِلْقَمَرِ وَاسْجُدُوْا لِلّٰهِ الَّذِىْ خَلَقَهُنَّ

ဤအာယသ်တော်မှ သိရှိရသည်မှာ 'စဂျ်ဒဟ်'ပြုခြင်းသည် စကြဝဠာအားလုံးကို ဖန်ဆင်းသိရှိတော်မူသော အသျှင်မြတ်အတွက်သာ ပိုင်သည်။ ထိုအသျှင်မြတ်မှအပ အခြားကြယ်တာရာများ (သို့) လူအစရှိသည်တို့ကို 'စဂျ်ဒဟ်'ပြုခြင်းမှာ 'ဟရာမ်'မပြုပိုင်သောအရာ ဖြစ်သည်။ ထိုသို့ ပြုခြင်းသည်

'အေဗာဒသ်'၏ နီယသ်ဖြင့်လည်းကောင်း၊ (သို့) ဂုဏ်ပေးရန်သာလည်းကောင်း ပုံစံနှစ်မျိုးစလုံးတွင် အွမ္မသ် တစ်ခုလုံး၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်မှာ 'ဟရာမ်'ဖြစ်သည်။ ကွာခြားမှု ဤမျှသာ ရှိသည်။ 'အေဗာဒသ်'၏ နီယသ်ဖြင့် တစ်ဦးတစ်ယောက်ကို 'စဂျ်ဒဟ်'ပြုလျှင် ကာဖိရ်ဖြစ်သွားမည်။ ထို့ပြင် အကြင်သူသည် ဂုဏ်ပေးရန်သာ 'စဂျ်ဒဟ်'ပြုခဲ့သော် ၎င်းကို ကာဖိရ်ဟု မခေါ်ဆိုနိုင်သော်လည်း 'ဟရာမ်' အပြစ်ကို ကျူးလွန်သူနှင့် 'ဖွာစစ်က်'ဟု ခေါ်ဆိုပေမည်။

'အေဗာဒသ်'ပုံစံဖြင့် ပြုသော 'စဂျ်ဒဟ်'ကိုမူ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ မည်သည့်အွမ္မသ်နှင့် ရှရီအသ်တွင်မှ 'ဟလာလ်'ပြုပိုင်သော အရာအဖြစ် မထားခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းသည် ရှရစ်က်တုဖက်မှု၌ ပါဝင်ပေသည်။ ထို့ပြင် ရှရစ်က်ပြုခြင်းသည် နဗီတမန်တော်တိုင်း၏ ရှရီအသ် များတွင် 'ဟရာမ်'အဖြစ်သာ ရှိခဲ့သည်။ သို့ရာတွင် တစ်ဦးတစ်ယောက်ကို အရိုအသေပေး ဂုဏ်ပြုသော အနေနှင့် 'စဂျ်ဒဟ်'ပြုခြင်းကိုမူ ယခင်ရှရီအသ်များတွင် ပြုပိုင်ခဲ့သည်။ လောက၌ မလာမီအလျှင် ဟဇရသ် အာဒမ် ﷺ အား ဖရစ်ရှ်သာဟ်များကို 'စဂျ်ဒဟ်'ပြုလုပ်ရန် အမိန့်ပေးခဲ့သည်။ ယူစွဖ် ﷺ ကို ၎င်း၏ ဖခင်နှင့် ညီအစ်ကိုများက 'စဂျ်ဒဟ်'ပြုခဲ့သည့်အကြောင်း ကျမ်းတော်မြတ်ကုရ်အာန်တွင် ပါရှိသည်။ သို့သော် ဖေကာဟ်ပညာရှင်များအားလုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားသည်မှာ ဤအမိန့်သည် ယခင် ရှရီအသ် များတွင်သာ ရှိခဲ့သည်။ အစ္စလာမ်သာသနာတော်က ဖျက်သိမ်းခဲ့လေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ် မှအပ အခြားအရာများကို 'စဂျ်ဒဟ်'ပြုခြင်းအား လုံးဝ ချွင်းချက်မရှိ 'ဟရာမ်'ဟု သတ်မှတ်လိုက်သည်။ ဤဓမ္မသတ်နှင့် ပတ်သက်သည့် အကျယ်တဝင့် ရေးသားထားမှုကို ကျွန်ုပ်၏ ရေးသားထားသော

المقا لة المرضيه فى حكم سجدة التحية

မည်သော စာအုပ်တွင် ပါရှိသည်။ ယင်းမှာ အာရဗီဘာသာနှင့်ဖြစ်ပြီး အူရ်ဒူဘာသာပြန် စာအုပ်လည်း ထုတ်ဝေဖြန့်ချိပြီးဖြစ်သည်။

وَهُمْ لَا يَسْئَمُوْنَ

ဤစူရာဟ်တွင် 'စဂျ်ဒဟ်သေလာဝသ်' ပါရှိကြောင်းနှင့် ပတ်သက်၍ အကွဲအလွဲမရှိပေ။ သို့သော် 'စဂျ်ဒဟ်'ပြုရသည့် နေရာနှင့် ပတ်သက်ပြီး အိုလမာသာသနာ့ပညာရှင်များအကြား အကွဲအလွဲရှိသည်။ ကာဇီအဗူဘကရ်အိဗ်နေအရ်ဗီ (ရဟ) သခင်က 'အဟ်ကာမွလ်ကုရ်အာန်'ကျမ်းတွင် ရေးသားထားသည်မှာ ဟဇရသ်အလီ ﷺ သခင်နှင့် ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ﷺ သခင်တို့က ပထမအာယသ်တော်၏ အဆုံး

اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ

တွင် 'စဂျ်ဒဟ်'ပြုကြသည်။ ထိုအဆိုကို အေမာမ်မာလစ်က် (ရဟ) သခင်က အတည်ပြုထားသည်။ ထို့ပြင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က ဒုတိယအာယသ်တော်၏အဆုံး لَا يَسْئَمُوْنَ တွင် 'စဂျ်ဒဟ်'ပြုခဲ့ သည်။ ၎င်းနောက် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ကလည်း ဒုတိယအာယသ်တော်၏အဆုံးတွင်

'စက်ျဒဟ်'ပြုရန် မိန့်ဆိုခဲ့သည်။ မတ်စ်ရူးက် (ရဟ)၊ အဗူအဗ်ဒွရ်ရဟ်မာန်စလ်မီ (ရဟ)၊ အိဗ်ရာဟီးမ်နခ်အီ (ရဟ)၊ အိဗ်နေစီးရီးန် (ရဟ)၊ ကသာဒဟ် (ရဟ) စသည်တို့နှင့် ပညာရှင်အများစုကမူ **لَا يَسْـَٔمُوْنَ** ၌သာ 'စက်ျဒဟ်'ပြုကြသည်။ အေမာမ်အဘူဘကရ်ဂျဆ်ဆွာဆ် (ရဟ) သခင်က အဟ်ကာမွလ်ကုရ်အာန်ကျမ်းတွင် မိန့်ဆိုထားသည်မှာ ဟာနဖီပညာရှင်များအားလုံး၏ အဆိုသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ထို့နောက် မိန့်ဆိုသည်မှာ ကွဲလွဲမှုကို ထောက်ထားပြီး ရှောင်ကြဉ်သောအနေဖြင့်လည်း ဒုတိယအာယသ်တော်၏ နောက်ဆုံးတွင် 'စက်ျဒဟ်'ပြုရမည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ 'စက်ျဒဟ်'သည် ပထမအာယသ်တော်ကတည်းက 'ဝါဂျိဗ်' ဖြစ်နေပါမူ ယခု တာဝန်ကျေသွားမည်ဖြစ်သည်။ ထို့ပြင် အကယ်၍ ထိုဒုတိယအာယသ်တော်၌ 'ဝါဂျိဗ်'ဖြစ်သည်ဆိုလျှင် တာဝန်ကျေခြင်းမှာ ပို၍ပင် ပေါ်လွင်နေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الَّذِينَ يُلْحِدُونَ فِي آيَاتِنَا لَا يَخْفَوْنَ عَلَيْنَا ۗ
أَفَمَن يُلْقَىٰ فِي النَّارِ خَيْرٌ أَم مَّن يَأْتِي آمِنًا يَوْمَ الْقِيَامَةِ ۚ اعْمَلُوا مَا
شِئْتُمْ ۖ إِنَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٤٠﴾

၄၁ : ၄၀ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်၏ အာယသ်တော်များနှင့်စပ်လျဉ်း၍ မူရင်းအဓိပ္ပာယ်မှ သွေဖည်ကာ အမှားမှားအယွင်းယွင်း ကောက်ယူကြသောသူတို့မှာ ငါအသျှင်မြတ်အပေါ်၌ ဖုံးကွယ်၍ နေကြသည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ငရဲမီးထဲ၌ ပစ်ချခြင်းခံရမည့် သူသည် ပို၍ မြင့်မြတ်လေသလော။ သို့တည်းမဟုတ် 'ကေယာမသ်' ရှင်ပြန်ထမည့် နေ့တွင် ပူပင်သောက ကင်းစွာ လာရောက်မည့်သူသည် ပို၍ မြင့်မြတ်လေသလော။ အသင်တို့သည် မိမိတို့ အလိုရှိရာကို ကျင့်မူကြလေကုန်။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှကို အကြွင်းမဲ့ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

إِنَّ الَّذِينَ كَفَرُوا بِالذِّكْرِ لَمَّا جَاءَهُمْ ۖ وَإِنَّهُ لَكِتَابٌ عَزِيزٌ ﴿٤١﴾

၄၁ : ၄၁ ။ ။ ဧကန်စင်စစ် အကြင်သူတို့သည် (ဤ) အဆုံးအမတရားတော် (ကျမ်း) ကို ယင်းအဆုံးအမတရားတော် (ကျမ်း) သည် ၎င်းတို့ထံ ရောက်ရှိလာသောအခါ ငြင်းပယ်ကြကုန်၏။ (ငါအသျှင်မြတ်သည် ၎င်းတို့အား အပြစ်ပေးတော်မူမည်။) အမှန်စင်စစ် ယင်းသည် မြင့်မြတ်လှစွာသော ကျမ်းဂန်ပင် ဖြစ်ပေသည်။

لَّا يَأْتِيهِ الْبَاطِلُ مِن بَيْنِ يَدَيْهِ وَلَا مِنْ خَلْفِهِ ۖ تَنزِيلٌ مِّنْ حَكِيمٍ حَمِيدٍ ﴿٤٢﴾

၄၁ : ၄၂ ။ ။ အမှားသည် ယင်းကျမ်းမြတ်တွင် ၎င်း၏ရှေ့မှလည်း လာရောက်စွက်ဖက်နိုင်ခြင်း မရှိချေ။ ၎င်း၏နောက်မှလည်း လာရောက်စွက်ဖက်နိုင်ခြင်း မရှိပေ။ ဤကျမ်းမြတ်မှာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော ချီးမွမ်းထောပနာကို ခံယူထိုက်တော်မူသော အသျှင်မြတ်ထံတော်မှ ချပေးတော်မူသော ကျမ်းမြတ်ပင် ဖြစ်ပေသည်။

مَا يُقَالُ لَكَ إِلَّا مَا
قَدْ قِيلَ لِلرُّسُلِ مِنْ قَبْلِكَ ۚ إِنَّ رَبَّكَ لَذُو مَغْفِرَةٍ وَذُو عِقَابٍ أَلِيمٍ ﴿٤٣﴾

၄၁ : ၄၃ ။ ။ အသင့်အလျှင် ပွင့်ကြလေကုန်သော ရစူလ်တမန်တော်များ ပြောဆို (စွပ်စွဲ) ခြင်း ခံခဲ့ကြရသည့်အတိုင်းပင် အသင်လည်း ပြောဆို (စွပ်စွဲ) ခြင်းကို ခံရ၏။ ကေန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အမှန်ပင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပိုင်ဆိုင်တော်မူသော အသျှင်၊ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلَوْ جَعَلْنٰهُ قُرْاٰنًا أَعْجَمِيًّا لَّقَالُوا لَوْلَا فُصِّلَتْ اٰيٰتُهُ ۖ
ءَاَعْجَمِيٌّ وَّعَرَبِيٌّ ۗ قُلْ هُوَ لِلَّذِينَ اٰمَنُوا هُدًى وَّشِفَاءٌ ۖ وَ
الَّذِينَ لَا يُؤْمِنُونَ فِي اٰذَانِهِمْ وَقْرٌ وَّهُوَ عَلَيْهِمْ عَمًى ۚ أُولٰئِكَ
يُنَادَوْنَ مِنْ مَّكَانٍ بَعِيدٍ ﴿٤٤﴾

၄၁ : ၄၄ ။ ။ စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် ယင်းကျမ်းမြတ်ကို အရဗီဘာသာစကား မဟုတ်သော လူမျိုးခြား ဘာသာစကားဖြင့် (ကျရောက်သည့်) ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် ထုတ်ပြန်တော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့က 'ယင်းကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များသည် မည်သည့်အတွက်ကြောင့် ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါသနည်း။ ရစူလ်တမန်တော်သည် အရဗ်အမျိုးသားဖြစ်ပြီး (ကုရ်အာန်ကျမ်းတော်မြတ်သည်) လူမျိုးခြား ဘာသာစကားဖြင့် ကျရောက်လာသည်လော' ဟူ၍ ပြောဆိုခဲ့ကြမည်သာ ဖြစ်၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်နှင့် ရောဂါဝေဒနာ ပျောက်ကင်းစေသော ဆေးပင် ဖြစ်ပေသည်။ သို့ရာတွင် သက်ဝင်ယုံကြည်ခြင်း မရှိကြသော သူတို့၏ နားများ၌မူ နားပင်းမှု ဝေဒနာသည် ရှိနေပေရာ ယင်းကုရ်အာန်ကျမ်းတော်မြတ်မှာလည်း ၎င်းတို့နှင့်ပတ်သက်၍ မျက်မမြင် (မမြင်ဖွယ်ရာ မထင်မရှား) ဖြစ်နေချေသည်။ ၎င်းတို့မှာ ရပ်ဝေးမှ ဟစ်ခေါ်ခြင်း ခံကြရသူများပင် ဖြစ်ကြကုန်၏။

وَلَقَدْ اٰتَيْنَا مُوسَى الْكِتٰبَ
فَاخْتُلِفَ فِيهِ ۗ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ
بَيْنَهُمْ ۚ وَإِنَّهُمْ لَفِي شَكٍّ مِّنْهُ مُرِيبٍ ﴿٤٥﴾

၄၁ : ၄၅ ။ ။ ထို့ပြင် မလွဲဧကန် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာအားလည်း ကျမ်းဂန်ဒေသနာ တော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့တစေလည်း ယင်းကျမ်းဂန်နှင့် စပ်လျဉ်း၍လည်း သဘောကွဲလွဲမှု ဖြစ်ခဲ့ရလေသည်။ အမှန်စင်စစ် အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ အမိန့်တော်တစ်ရပ်သည် ရှိနှင့်ပြီး မဖြစ်ခဲ့ပါလျှင်

အမှန်ပင် ၎င်းတို့၏ အကြား၌ စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့မည်သာ ဖြစ်၏။ ထို့ပြင် ကေန်အမှန် ၎င်းတို့သည် ယင်း အဆုံးအဖြတ် (တစ်နည်း) ချိန်းချက်ထားသော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ စိတ်နှစ်ခွဖြစ်စေသော သံသယ၌ပင် ရှိနေကြကုန်သည်။

مَنْ عَمِلَ صَالِحًا فَلِنَفْسِهِۦ ۖ وَمَنْ أَسَآءَ فَعَلَيْهَا ۗ وَمَا رَبُّكَ بِظَلَّٰمٍ لِّلْعَبِيدِ ۝٤٦

၄၁ : ၄၆ ॥ ॥ မည်သူမဆို ကောင်းမြတ်သော အကျင့်သီလကို ကျင့်မှုဆောက်တည်ပါလျှင် မိမိအကျိုးငှာ ကျင့်မှုဆောက်တည်ခြင်းပင် ဖြစ်ပေသည်။ ထိုနည်းတူစွာ မည်သူမဆို မကောင်းမှုကို ပြုလုပ်သည်ရှိသော် (ယင်းမကောင်းမှု၏ ဆိုးကျိုးမှာ) ၎င်း၏ အပေါ်၌သာ ကျရောက်မည်ဖြစ်၏။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်တို့အပေါ်ဝယ် နှိပ်စက်ကလူ ပြုတော်မူသော အသျှင် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မုချ အကြင်သူများသည် ငါအသျှင်မြတ်၏ မိန့်တော်မူထားသော အမိန့်ပညတ်ချက်များကို ကပြောင်းကပြန် ပြုခဲ့ကြသည်။ (ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ အာယသ်တော်များမှ မိန့်မှာလိုသည့် အချက်မှာ ၎င်းတို့ အီမာန်သက်ဝင်ယုံကြည်လာရန်နှင့် ၎င်းအပေါ် မြဲမြံစွာ နေထိုင်ရန်သာ ဖြစ်သည်။ ယင်းအမိန့်ကို လွှတ်၍ ဆန့်ကျင်ငြင်းဆန်မှုပြုခဲ့ကြသည်။ ဒုရ်ရေမန်စူးရ်ကျမ်းတွင် ဟဇရသ်ကသာဒါဟ် (ရဟ) ထံမှ ဆင့်ပြန်ထားသည့်အတိုင်း ဖြစ်သည်။) ထိုသူများသည် ငါအသျှင်မြတ်ထံတော်တွင် ပျောက်ကွယ်နေသည်ဟူ၍ မရှိ။ (ငါအသျှင်မြတ်သည် ၎င်းတို့ကို 'ဂျဟန္နမ်'၏ 'အဇာဗ်'ပေးမည်။) သို့ရှိရာ (ကာဖိရ်များကဲ့သို့) 'ဂျဟန္နမ်'အပယ်ငရဲအတွင်း ထည့်သွင်းခံရမည့်သူက ကောင်းသလော။ (သို့မဟုတ်) 'ကေယာမသ်' နေ့တွင် အေးချမ်းတည်ငြိမ်စွာဖြင့် ('ဂျန္နသ်'သုခဘုံသို့) ရောက်ရှိလာမည့်သူက ကောင်းသလော။

(ဆက်လက်၍ ၎င်းတို့ကို ခြိမ်းခြောက်ရန်အတွက် မိန့်ဆိုသည်မှာ) အသင်တို့ စိတ်ကြိုက် ပြုလုပ်လိုရာကို (အပြည့်အဝ) ပြုလုပ်လိုက်ပါလေ။ ထိုအသျှင်မြတ်သည် အသင်တို့ ပြုမူနေမှုဟူသရွေ့ကို ကြည့်နေတော်မူသည်။ (တစ်ခါတည်း 'အဇာဗ်'ပေးမည်ဖြစ်သည်။) အကြင်သူများသည် ဤကျမ်းတော်မြတ်ကုရ်အာန် ၎င်းတို့ထံ ရောက်ရှိလာသောခါ ငြင်းဆန်လိုက်ကြသည်။ (၎င်းတို့ကိုယ်တိုင် စဉ်းစားဆင်ခြင်တုံတရားနည်း၍ ဖြစ်သည်။)

ထို့ပြင် (ကျမ်းတော်မြတ်ကုရ်အာန်တွင်မူ မည်သည့်လျော့နည်းချက်မှ အလျဉ်းမရှိပေ။ အဘယ်ကြောင့်ဆိုသော်) ဤ (ကျမ်းတော်မြတ်ကုရ်အာန်) သည် အလွန်ပင် ထည်ဝါလှသော ကျမ်းတစ်ဆူဖြစ်သည်။ ထိုကျမ်းတော်မြတ်တွင် မမှန်ကန်သည့် စကားရပ်များ အရှေ့ဘက်တွင်လည်း မပါရှိနိုင်သကဲ့သို့ အနောက်ဘက်တွင်လည်း မပါရှိနိုင်ပေ။ (ဆိုလိုသည်မှာ ဤကျမ်းမြတ်ကုရ်အာန်သည် မည်သည့်ရှုထောင့်ကပင် ကြည့်လင့်ကစား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကျရောက်လာသည့် ကျမ်းတစ်ဆူ မဖြစ်နိုင်ဟူသည်ကို တွေ့ရှိရမည်မဟုတ်ပေ။ ၎င်းနောက် အသျှင်မြတ်ဘက်တော်မှ ကျရောက်လာခြင်းမဟုတ်သော အရာကို

အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးခဲ့သော အရာဟု အမှန်တကယ် ဖြစ်ရပ်နှင့် ဆန့်ကျင်သော အကြောင်းအရာများလည်း မပါရှိပေ။ ကာဖိရ်များသည် တမန်တော်မြတ် ﷺ အား ဤပုံသဏ္ဍာန်ဖြင့်ပင် သံသယပြုခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် အခြေခံကျသော ဥပဒေသတစ်ခုဖြင့် ဤသံသယအား ချေပခဲ့သည်မှာ ကျမ်းမြတ်သည် 'အေ့အ်ဂျားဇ်'မည်သူမျှ ဤကျမ်းမြတ်ကဲ့သို့ ရေးသားသီကုံးရန် မစွမ်းနိုင်ဟူသည့် အချက်သည် အားလုံးက လက်ခံထားသော အချက်တစ်ချက်ဖြစ်သည်။ ထို့ကြောင့် ဤကျမ်းမြတ်သည် အသျှင်မြတ်ဘက်တော်မှ ချပေးတော်မူသော ကျမ်းတော်မြတ်ဖြစ်ကြောင်း လက်သင့်ခံရမည်ဖြစ်သည်။)

ဤကျမ်းမြတ်သည် 'ဟစ်က်မသ်'အမြော်အမြင်နှင့် ပြည့်စုံတော်မူသော (ဇာတိတော် ဂုဏ်တော်များဖြင့်) ချီးမွမ်းခံထိုက်တော်မူသော အသျှင်မြတ်ဘက်တော်မှ ချပေးသနားတော်မူခြင်း ဖြစ်သည်။ (၎င်းနောက် ထိုသူတို့သည် အသင်တမန်တော်အား ငြင်းဆန်နေလင့်ကစား အထက်ပါစကားရပ်ကို စွဲမက်ယုံကြည်ကာ ဖြေသိမ့်ပါလေ။) အသင်တမန်တော်မြတ်အား ထို (ငြင်းဆန်မှုနှင့် အနှောင့်အယှက်များ) ကိုသာ ပြုနေကြခြင်းဖြစ်သည်။ အကြင်အရာများနှင့် ပတ်သက်၍ အသင်တမန်တော်အလျှင် ပွင့်တော်မူခဲ့သော တမန်တော်များလည်း ပြုကျင့်ခံခဲ့ရသည်။ (၎င်းတမန်တော်များသည် ခန္တီတရား ထားရှိခဲ့ကြသည်။ အသင်တမန်တော်သည်လည်း ခန္တီတရား ထားရှိပါလေ။ ၎င်းနောက် ထိုစကားအပေါ်၌လည်း ဖြေသိမ့်နေပါလေ။) အကြောင်းမှာ အသင်တမန်တော်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် လွန်စွာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသော အသျှင်မြတ်နှင့် ကြောက်မက်ဖွယ်ကောင်းသော ပြစ်ဒဏ်ကို ပေးတော်မူသောအသျှင်မြတ် ဖြစ်တော်မူပေသည်။ (အကယ်၍ ဤဆန့်ကျင်သူများသည် ဆန့်ကျင်မှုများကို ရပ်တန့်ပြီး ခွင့်လွှတ်ခြင်းခံထိုက်သူများ မဖြစ်ခဲ့ပါက ၎င်းတို့အား အပြစ်လည်း ပေးတော်မူမည်။ ထို့ကြောင့် အသင်တမန်တော် အဘယ်ကြောင့် သောကရောက်နေရသနည်း။)

၎င်းနောက် (ထိုသူတို့သည် ကျမ်းမြတ်ကုရ်အာန်၏ အချို့အစိတ်အပိုင်းသည် 'အဂျမီ' အာရဗီစာပေဖြင့် မရေးသားဘဲ အခြားစာပေဖြင့် ရေးသားထားသင့်သည်ဟူ၍ သံသယတစ်ခုကိုလည်း ပြုခဲ့ကြသည်။ သဖ်စီရ်ဒ္ဒုရ်ရေမန်ဇူးရ်ကျမ်းတွင် ကိုရိုက်ရ်တို့၏ ဤသို့သော အဆိုကို ဟဇရတ်စအီးဒ်ဗင်နဂျူဘိုင် ؓ သခင်ထံမှ ဆင့်ပြန်လာရှိသည့် အကြောင်းမှာ ဤသို့ပြုခြင်းဖြင့် ကျမ်းမြတ်ကုရ်အာန်၏ 'အေ့အ်ဂျားဇ်'ဖြစ်ကြောင်းမှာ ကောင်းစွာ ပေါ်လွင်လာမည်ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် 'အဂျမီ' ဘာသာစကားကို မတတ်ကျွမ်းဘဲ 'အဂျမီ' ဘာသာစကားဖြင့် ပြောဆိုခဲ့လျှင် ကျမ်းမြတ်ကုရ်အာန်သည် သာပို၍ 'အေ့အ်ဂျားဇ်' ဖြစ်လိမ့်မည်ဟု ဆိုကြသည်။ ဇကန်စင်စစ်) အကယ်၍ ငါအသျှင်မြတ်သည် ဤကျမ်းမြတ်ကို (တစ်ဆူလုံးကိုသော်လည်းကောင်း၊ အချို့အစိတ်အပိုင်းကိုသော်လည်းကောင်း) 'အဂျမီ' (ဘာသာဖြင့်) ကုရ်အာန်ကျမ်းတော်မြတ်ဟု ပြုပေးခဲ့သည် (ရှိသော် ဤသူများ လက်ခံနိုင်ရန် လုံးဝ မဖြစ်နိုင်ပေ။ သို့သာမက ယင်းနှင့်ပတ်သက်ပြီး နောက်ထပ် အငြင်းပွားစရာတစ်ခု ထုတ်ကြမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ခံသဘောပေါက်ရန် ဆန္ဒမရှိသူသည် သတ်မှတ်ချက်အတိုင်းအပေါ် တစ်ခုမဟုတ် တစ်ခု အတွန့်တက်ကြ

မည်သာ ဖြစ်သည်။ သို့ရှိရာ အကယ်၍ ဤသို့ ဖြစ်ခဲ့သည်) ရှိသော် ပြောဆိုကြမည်မှာ ထိုအသျှင်မြတ်၏ အာယသ်တော်များသည် (ဤသို့) ရှင်းရှင်းလင်းလင်း အဘာယ်ကြောင့် မတင်ပြရသနည်း။ (ကျွန်ုပ်တို့ နားလည်စေရန် ဖြစ်သည်။ ဆိုလိုသည်မှာ အာရဗီဘာသာဖြင့် အဘာယ်ကြောင့် မကျရောက်ခဲ့သနည်း။ အကယ်၍ အချို့အစိတ်အပိုင်းများ 'အဂျမီ' ဘာသာဖြင့် ဖြစ်လျှင်လည်း ပြောဆိုကြမည်မှာ အာရဗီဘာသာ ဖြင့် အဘာယ်ကြောင့် မဖြစ်သနည်း။ ထို့ပြင် ဤသို့ ပြောဆိုကြမည်မှာ) 'အဂျမီ' ကျမ်းနှင့် အာရဗီရစူလ် ဟူသည် မည်သို့ပါနည်း။

(အချုပ်ဆိုရသော် ယခု ကျမ်းတော်မြတ်ကုရ်အာန်သည် အာရဗီဘာသာဖြင့် ဖြစ်နေရာ 'အဂျမီ' အဘာယ်ကြောင့် မဖြစ်ရသနည်း' ဟု ဆိုနေကြရာ 'အဂျမီ' နှင့်ဖြစ်လျှင် အာရဗီ အဘာယ်ကြောင့် မဖြစ်သနည်း ဟု ပြောဆိုကြမည်။ မည်သည့်ပုံစံနှင့်မျှ ၄င်းတို့ တည်ငြိမ်မှု မရရှိကြပေ။ တစ်ဖန် 'အဂျမီ' ဘာသာဖြင့် ဖြစ်လျှင် မည်သို့ အကျိုးရှိပါအံ့နည်း။ ရှေ့ဆက်၍ ဤစာသားဖြင့် အဖြေပေးရန် မိန့်ခြွေနေသည်မှာ အို၊ နဗီတမန်တော်) အသင် ပြောကြားလိုက်ပါလေ။ ဤကျမ်းတော်မြတ်ကုရ်အာန်သည် အီမာန်သက်ဝင် ယုံကြည် သူများအဖို့ (ကောင်းကျိုးရေးရာများကို ညွှန်ကြားရာတွင်) လမ်းပြကျမ်း တစ်ဆူဖြစ်သည်။ ထို့ပြင် (မကောင်း မှုပြကျင့်မိသောကြောင့် နှလုံးသားအတွင်း ဖြစ်ပေါ်လာသည့် ရောဂါများသည် ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်မှု 'အမလ်' လုပ်လိုက်လျှင်) ဆေးဝါးတစ်လက် ဖြစ်သည်။ (စင်စစ်တွင် အီမာန်သက်ဝင်ယုံကြည် သူများတွင် စဉ်းစားတွေးတောနိုင်စွမ်းနှင့် အမှန်တရားကို လိုလားခြင်းအစွမ်းများ မနည်းခဲ့ပေ။ ၄င်းတို့ အတွက်မူ ကျမ်းတော်မြတ်ကုရ်အာန်သည် မိမိ၏ မှန်ကန်တိကျမှု အကြောင်းခံဖြင့် အကျိုးရှိသော ကျမ်း ဖြစ်လာခဲ့သည်။)

၄င်းနောက် အကြင်သူများသည် (မှန်ကန်မှုများ ပေါ်လွင်နေပါလျက် ရန်လိုသည့်ပုံစံဖြင့်) အီမာန် သက်ဝင် ယုံကြည်ခဲ့ခြင်းမရှိခဲ့ရာ ၄င်းတို့၏ နားတွင် ဝန်ထုပ်တစ်ခု ဖြစ်နေခဲ့သည်။ (ထိုနားဖြင့် အမှန်တရား ကို မှုတစွာ စဉ်းစားသုံးသပ်၍ မကြားနာခဲ့ပေ။ ဤသာလျှင် အားနည်းချက် ဖြစ်သည်။) ထို့ပြင် (ဤအားနည်း ချက်ကြောင့်) ထိုသူများသည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ပတ်သက်၍ မျက်မမြင်များ ဖြစ်ခဲ့ကြသည်။ (စဉ်းစားတွေးခေါ်မှု နည်းပါးခြင်းနှင့်၊ မှုတသော အမြင်နည်းပါးခြင်းသည် **تعصب** 'ဂိုဏ်းဃနဝါဒ' အစွဲကို တိုးပွားစေသည်။ ထို့ပြင် **تعصب** 'ဂိုဏ်းဃနဝါဒအစွဲ' သည် 'ဟေဒါယသ်' လမ်းမှန်တရားကို လက်ခံခြင်းမှ တားမြစ်သည်။ သို့သာမက သာပိုလမ်းမှားစေရန် အကြောင်းခံဖြစ်ခြင်းသည် ဤအတွက် ကြောင့် ဖြစ်သည်။ ပမာဆိုရသော် နေမင်းသည် လောကကြီးအား လင်းဝင်းစေပြီး လင်းနို့ကိုမူ ကန်းစေ သည်။ ထို့ပြင်) ဤသူများသည် (အမှန်တရားကို ကြားသိပါလျက် လက်မဲ့ဖြစ်နေကြသည်။ ပမာအားဖြင့် ဆိုရသော်) အဝေးတစ်နေရာမှ အခေါ်ခံနေရသည်။ (အလိုသဘောမှာ အသံကြားနေရသော်လည်း သဘော မပေါက်ပေ။) ထို့နောက် (ကိုယ်တော်မြတ် ﷺ ကို ဖြေသိမ့်မှုရရှိစေရန် အထက်တွင် နဗီတမန်တော်များ အကြောင်းကို ခြုံငုံတင်ပြခဲ့သည့်အတိုင်း ယခု မူစာ عليه السلام အကြောင်းကို သီးသန့် တင်ပြနေသည်မှာ) ငါအသျှင်မြတ်သည် မူစာ عليه السلام ကိုလည်း ကျမ်းပေးခဲ့သည်။ သို့ရှိရာ ၄င်းအွမ္မသ်များတွင်လည်း ကွဲလွဲခဲ့

ကြသည်။ (အချို့က လက်ခံခဲ့ကြပြီး အချို့မှာ လက်မခံကြပေ။ ဤသည် အသင်တမန်တော်အတွက်သာ အသစ်ဖြစ်ပေါ်လာသည်မဟုတ်။ သို့ရှိရာ အသင် တမန်တော်ပူဆွေးမှု မပြုလေနှင့်။)

ထို့ပြင် (ဤငြင်းဆန်သူများသည် 'အဇားဗ်'ပေးရန် ဤသို့ ထိုက်တန်သည်မှာ) အကယ်၍ အသျှင်မြတ်ဘက်တော်မှ ယခင်ကတည်းက စကားရပ်တစ်ခု သတ်မှတ်ခဲ့ပြီးမဟုတ်လျှင် (ဆိုလိုသည်မှာ ၎င်းတို့ကို နှောင်တမလွှန်၌ ပြည့်ဝစွာ 'အဇားဗ်'ပေးမည်။ သို့ရှိရာ) ထိုအသျှင်မြတ်၏ (ယတိပျက်) ဆုံးဖြတ်ချက်ကို (ဒွန္နယာလောက၌ပင်) ဖြစ်ပေါ်စေပြီးဖြစ်မည်။ ထို့ပြင် ဤသူတို့သည် (ထင်ရှားသော အထောက်အထားများ ရှိပါလျက်) ယခုတိုင် ထို (ဆုံးဖြတ်ချက် ဆိုလိုသည်မှာ အသင့်ပြုပြီးသော 'အဇားဗ်'ပြစ်ဒဏ်) အရာဘက်သို့ ယင်းကပင် ၎င်းတို့ကို သံသယဖြစ်အောင် ပြုလုပ်ထားသကဲ့သို့ ဒွိဟပွားမှုတွင် ရှိနေကြသည်။ (ဆိုလိုသည်မှာ ၎င်းတို့သည် 'အဇားဗ်'ကိုပင် မယုံကြည်ကြပေ။ စင်စစ်မှာမူ ဆုံးဖြတ်ချက်များသည် ကေန်ဖြစ်ပေါ်ပေမည်။ ထို့ပြင် ယင်းဆုံးဖြတ်ချက်၏ အဆုံးရလဒ်မှာ) ၎င်းနောက် အကြင်သူများ ကောင်းမှုပြုကျင့်သည်ရှိသော် ၎င်းတို့သည် မိမိအကျိုးရရှိရန်အတွက်သာ ဖြစ်သည်။ (ဆိုလိုသည်မှာ တမလွန်တွင် ယင်း၏ အကျိုးစဝါးဗ်များ ရရှိပေမည်။) ထို့ပြင် အကြင်သူများသည် မကောင်းမှု အကုသိုလ်များကို ကျူးလွန်ခဲ့ရာ ယင်း၏ အဆိုးသက်ရောက်မှု (ဆိုလိုသည်မှာ ကေန်မုချ 'အဇားဗ်'ပြစ်ဒဏ်) သည် ၎င်းအပေါ်၌သာ ကျရောက်ပေမည်။ ထို့ပြင် အသင်၏ အသျှင်မြတ်သည် မည်သည့်ဗန္ဒာဟ်အပေါ်မှ မတရားပြုသော အသျှင်မြတ် မဟုတ်ပေ။ (ဆိုလိုသည်မှာ စည်းစနစ်ကျနစွာ ပြုကျင့်ထားသော 'အမလ်'ကို မရေတွက်ခြင်း (သို့) မကောင်းမှုများကို ပိုမိုရေတွက်ခြင်းများကို ပြုမည်မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

"ကုဖ္ဖရ်"၏ သီးသန့်အမျိုးအစားတစ်ခုဖြစ်သော "အိလ်ဟား‌ဒ်"၏ အလိုသဘောနှင့် ပညတ်ချက်များ

إِنَّ الَّذِينَ يُلْحِدُونَ فِي آيَاتِنَا

ဤအာယသ်တော်၏ အလျှင်အာယသ်တော်တွင် ထို 'သောင်ဟီးဒ်'တရားနှင့် 'ရိစာလသ်'ကို ငြင်းဆန်သူများအား သတိပေးခြိမ်းခြောက်ခြင်းနှင့် ၎င်းတို့ကိုပေးမည့် 'အဇားဗ်'အပြစ်ဒဏ်အကြောင်း တင်ပြခဲ့သည်။ ၎င်းတို့သည် 'သောင်ဟီးဒ်'နှင့် 'ရိစာလသ်'ကို ပေါ်လွင်စွာ ငြင်းဆန်ခဲ့ကြသည်။ ဤမှစ၍ ငြင်းဆန်ခြင်း၏ သီးသန့်အမျိုးအစားတစ်ခုကို တင်ပြသွားမည်။ ယင်း၏အမည်မှာ إلحاد 'အိလ်ဟား‌ဒ်' ဖြစ်သည်။ لحد နှင့် إلحاد ၏ အဘိဓါန်အဓိပ္ပာယ်မှာ တစ်ဘက်သို့ ယိမ်းယိုင်ခြင်းဟူ၍ ဖြစ်သည်။ 'ကဗရ်'တွင်းကို لحد ဟု ခေါ်ဆိုရခြင်းမှာလည်း၎င်းသည် တစ်ဖက်သို့ ယိမ်းနေသောကြောင့် ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန် နှင့် ဟဒီးစ်တော်၏ ဝေါဟာရတွင် ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များမှ ပြောင်းလွဲခြင်း၊ လွဲဖယ်သွားခြင်းကို إلحاد ဟု သုံးနှုန်းသည်။ အဘိဓါန်အားဖြင့် ကြည့်လျှင် ခြုံ

သည့် သဘောဆောင်နေသည်။ ပေါ်လွင်စွာ ငြင်းဆန်ခြင်းနှင့် လွှဲဖယ်ခြင်းပြုသည်။ (သို့) မပိုင်သော နည်းလမ်းဖြင့် လှည့်ဖြားအကြောင်းပြကာ လွှဲဖယ်ခဲ့သည်။ သို့သော် များသောအားဖြင့် **الحاد** ဟူသည် ဤကဲ့သို့သော လွှဲဖယ်မှုမျိုးကို ခေါ်ဆိုသည်။ အပေါ်ယံတွင် ကျမ်းတော်မြတ်ကုရ်အာန်နှင့် အာယသ်တော်များအပေါ် အီမာန်သက်ဝင်ယုံကြည် ထောက်ခံသည်ဟု ကြွေးကြော်ကြသော်လည်း ယင်းအာယသ်တော်များ၏ အဓိပ္ပာယ်ကို ကိုယ်နည်းကိုယ့်ဟန်ဖြင့် ကုရ်အာန်ဟဒီးစ်နှင့် အွမ္မသ်အများစု လက်ခံထားသည့် အလိုသဘောများကို ဆန့်ကျင်၍ လုပ်ကြံဖွင့်ဆိုကြသည်။ ထို့ပြင် ဤကဲ့သို့ လုပ်ကြံဖွင့်ဆိုခြင်းဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ ရည်ရွယ်ချက်မှာ ကပြောင်းကပြန် ဖြစ်သွားပေမည်။ ဤအာယသ်တော်၏ သဖ်စီးရ်တွင် **الحاد** ၏ အလိုသဘောကို ဟဇရသ်အဗ္ဗားစ် ﷺ သခင်ထံမှ ဤသို့ပင် ဆင့်ပြန်ချက် လာရှိထားသည်။ သခင်ကြီးက မိန့်ဆိုသည်မှာ-

الالحادهو وضع الكلام على غيرموضعه

(**الحاد** ဆိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အလိုသဘောကို ၎င်း၏ အလိုသဘောနှင့် ဆန့်ကျင် တင်ပြခြင်းကို ခေါ်ဆိုသည်။) ထို့ပြင် အထက်ပါအာယသ်တော်တွင် မိန့်ဆိုထားသည့် **لَا يَخْفَوْنَ عَلَيْنَا** သည်လည်း ယင်းကိုသာ သွယ်ဝိုက်ဆိုလိုထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ **الحاد** ဟူသည် ဤကဲ့သို့သော 'ကုဖ္ဖရ်' မျိုးဖြစ်သည်။ ယင်းကို ၎င်းတို့ ဖုံးကွယ်လိုနေကြသောကြောင့် အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ ဤသူများ ငါအသျှင်မြတ်အား မိမိတို့ 'ကုဖ္ဖရ်' ပြုမှုကို မဖုံးကွယ်နိုင်ကြပေ။

ထို့ပြင် အထက်ပါအာယသ်တော်မှ ပြတ်ပြတ်သားသား ဖော်ပြနေသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များကို ငြင်းဆန်ခြင်းနှင့် လွှဲဖယ်ခြင်းတို့သည် ပေါ်လွင်စွာဖြစ်စေ၊ (သို့) အဓိပ္ပာယ်များကို မှားယွင်းသော နည်းလမ်းဖြင့် ကောက်ယူ၍ ကျမ်းတော်မြတ်ကုရ်အာန်၏ အမိန့်ပညတ်ချက်တော်များကို ပြောင်းလဲရန် ကြိုးစားခြင်းဖြစ်စေ ဤအရာအားလုံးသည် 'ကုဖ္ဖရ်' နှင့် 'ဒွလာလ်' လမ်းမှားမှုသာ ဖြစ်ချေမည်။

အချုပ်ဆိုရသော် **الحاد** ဟူသည် 'ကုဖ္ဖရ်နှင့် 'နေဖာက်' ၏ အမျိုးအစားတစ်ခု ဖြစ်သည်။ ဆိုလိုသည်မှာ အပေါ်ယံကျမ်းတော်မြတ်ကုရ်အာန်နှင့် အာယသ်တော်များကို လက်ခံသည်ဟု ဝန်ခံကြွေးကြော်နေသော်လည်း ကျမ်းတော်မြတ်ကုရ်အာန်ရှိ အာယသ်တော်များ၏ အလိုသဘောကိုမူ ကုရ်အာန်၊ ဟဒီးစ်နှင့် အစ္စလာမ်ဓမ္မသတ်ဥပဒေများနှင့် ဆန့်ကျင်သည့်ပုံစံဖြင့် ဖွင့်ဆိုနေကြသည်။ အေမာမ်အဘူယူစွဖ်သခင်က 'ကိသာဗုလ် ခေရားဂျ်' ကျမ်းတွင် မိန့်ဆိုထားသည်မှာ-

كذ الك الزنادقة الذّين يلحدون وقدكانوايظهرون الاسلام

ဤကဲ့သို့ပင် ထိုကဲ့သို့ ဘာသာပျက်သူများလည်း ရှိသည်။ ၎င်းတို့သည် **الحاد** ပြုခဲ့ကြသည်။ အပေါ်ယံအားဖြင့်မူ အစ္စလာမ်ဖြစ်သည်ဟု ကြွေးကြော်နေကြသည်။

၎င်းမှ သိရှိရသည်မှာ **ملحد** နှင့် ‘ဇင်နီဒီးက် (ဘာသာမဲ့) နှစ်ခုစလုံး အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။ ဤကဲ့သို့သော ကာဖိရ်မျိုးကို ခေါ်ဆိုပေသည်။ ၎င်းတို့သည် အပေါ်ယံ အစ္စလာမ်ဘာသာဝင်ဟု ကြွေးကြော်နေသော်လည်း စင်စစ်တွင် ယင်းသာသနာ၏ အမိန့်တော်များကို ကျင့်ဆောက်တည်ရာတွင် လှည့်ဖြား၊ ဆင်ခြင်ပေးကြသည်။ ဆိုလိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အလိုသဘောများကို အာယသ်တော်များနှင့် ဆန့်ကျင်၍သော်လည်းကောင်း၊ ‘အိဂ်ျမာအေအွမ္မသ်’ နှင့် ဆန့်ကျင်၍သော်လည်းကောင်း လုပ်ကြံဖွင့်ဆိုကြသည်။

မှားယွင်းမှုတစ်ခုအား ချေပခြင်း

‘အကာအိဒ်’ ယုံကြည်ချက်ပိုင်းဆိုင်ရာ စာအုပ်များတွင် ဥပဒေတစ်ခုကို ဤသို့ တင်ပြထားသည်မှာ လွဲမှားသော အဓိပ္ပာယ်ကောက်ယူသူကို ကာဖိရ်ဟု မဆိုသင့်ပေ။ ဆိုလိုသည်မှာ အကြင်သူသည် မှားယွင်းသော ယုံကြည်ချက်များနှင့် ‘ကုဖ္ဖရ်’ ဖြစ်စေမည့် စကားများကို လွဲမှားသော ပုံစံတစ်ခုခုဖြင့် လွဲမှားသော အဓိပ္ပာယ်ကောက်ယူပါမူ ၎င်းကာဖိရ် မဖြစ်ပေ။ သို့သော် ဤဥပဒေ၏ အလိုသဘောကို အကယ်၍ ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူလိုက်ပါမူ မည်သည့်ခိုင်မာသော အမိန့်တော်များတွင် လွဲမှားသော အဓိပ္ပာယ်ကောက်ယူသည်ဖြစ်စေ၊ ထို့ပြင် မည်မျှပင် မှားယွင်းသော အဓိပ္ပာယ်ကောက်ယူသည်ဖြစ်စေ၊ ထိုသူ ကာဖိရ်မဖြစ်ပေ။ သို့ရှိရာ ဤသို့ဆိုလိုက်လျှင် ယင်း၏ အကျိုးသက်ရောက်မှုသည် ဤကဲ့သို့ ဖြစ်လာမည်မှာ ကေန်ပင် ဖြစ်သည်။ လောကတွင် မည်သည့်မုရှ်ရစ်က်၊ မည်သည့်ရုပ်တုများကို ကိုးကွယ်သူများနှင့် ယဟူးဒ်နစ္စာရာများထဲမှ မည်သူ့ကိုမျှ ကာဖိရ်ဟု မဆိုနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ရုပ်တုများကိုးကွယ်သော မုရှ်ရစ်က်များ၏ လွဲမှားစွာ ဆင်ခြင်အကြောင်းပြမှု အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ပါရှိသည်။

مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْنَآ اِلَى اللّٰهِ زُلْفٰى

ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ရုပ်တုများကို ‘အေဗာဒသ်’ တိုက်ရိုက်ပြုနေခြင်း မဟုတ်။ သို့သာမက ၎င်းတို့သည် အသနားခံပေးရန် အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်အောင် ပြုလုပ်ပေးစေရန်အတွက် ဖြစ်သည်။ သို့ရှိရာ စင်စစ်တွင် ‘အေဗာဒသ်’ ပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်သည်။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်က ၎င်းတို့ ဤသို့ ဆင်ခြင်ပေး အကြောင်းပြလင့်ကစား ကာဖိရ်ဟု ဆိုထားသည်။ ယဟူးဒ်နှင့် နစ္စာရာများ၏ လိမ်လည်အကြောင်းပြမှုများအကြောင်းသည် ကျော်ကြားပြီးဖြစ်သည်။ ထိုသို့ အကြောင်းများ ပြလင့်ကစား ကျမ်းတော်မြတ်ကုရ်အာန်က ၎င်းတို့ကို ကာဖိရ်ဟု ဆိုထားသည်။ ၎င်းမှ သိရှိရသည်မှာ လှည့်ဖြားဆင်ခြင်ပေးသူအား ကာဖိရ်မပြောဆိုရဟူသည့် အလိုသဘောမှာ ခြုံငုံ၍ မဟုတ်ပေ။

ထို့ကြောင့် ပညာရှင်ကြီးများက ရှင်းလင်းထားသည်မှာ ဤကဲ့သို့ အဓိပ္ပာယ်ကောက်ယူခြင်းဖြင့် ကာဖိရ်မဖြစ်စေရန် စည်းကမ်းချက်တစ်ခု ရှိသည်မှာ ဤသို့ ပြုခြင်းသည် သာသနာတော်၏ အရေးပါသော

အရာများတွင် ယင်း၏ စစ်မှန်သော အလိုသဘောနှင့် မဆန့်ကျင်ရ။ သာသနာတော်၏ အရေးပါသော အချက်ဟူသည် အမိန့်ပညတ်ချက်များ ဖြစ်သည်။ ထိုအချက်သည် အစ္စလာမ်သာသနာဝင်များအကြား ဤသို့ အဆက်မပြတ် ကြော်ကြားနေရမည်မှာ စာပေမတတ်ကျွမ်းသူများလည်း ယင်းအချက်များကို သိရှိပြီး ဖြစ်ရမည်။ ပမာဆိုရသော် နမာဇ်ငါးကြိမ် 'ဖွရဇ်'ဖြစ်ခြင်း၊ 'ဖွဂျရ်'တွင် နှစ်ရကအသ်၊ 'ဇိုဟုရ်'တွင် လေးရကအသ် 'ဖွရဇ်'ဖြစ်ခြင်း၊ လမြတ်ရမ်သွာန်တွင် 'ရိုဇာဟ်ဖွရဇ်'ဖြစ်ခြင်း၊ အဝိုး (လာဘ်)၊ အရက်၊ ဝက်များ၏ 'ဟရာမ်'ဖြစ်ခြင်း စသည်တို့ဖြစ်သည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် ဤဓမ္မသတ်နှင့် ပတ်သက်သည့် အာယသ်တော်များတွင် မွတ်စ္စလင်မ်များအကြား အဆက်မပြတ် ကျော်ကြားခဲ့သော အလို သဘောနှင့် ဆန့်ကျင်ပြောင်းလဲ မှားယွင်းသော အဓိပ္ပာယ်ကို ကောက်ယူခဲ့ပါမူ ၎င်းသူသည် ဒီဟမရှိ အွမ္မသ်အများ၏ ဆုံးဖြတ်ချက်အရ ကာဖိရ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် စင်စစ်တွင် တမန်တော်မြတ် ﷺ ၏ သင်ကြားလမ်းညွှန်မှုကို ငြင်းဆန်သူဖြစ်သည်။ ထို့ပြင် အီမာန်၏ အလိုသဘောကို အွမ္မသ်ရှိ ပညာရှင်အများစုက ဤသို့ ဖွင့်ဆိုထားသည်မှာ-

تَصْدِيق النبىﷺ فيماعلم مجيئه به ضرورة

ဆိုလိုသည်မှာ ထိုကိစ္စရပ်များနှင့် ပတ်သက်ပြီး တမန်တော်မြတ် ﷺ အား ထောက်ခံခြင်း၊ ၎င်းကိစ္စ ရပ်များကို အိုလမာပညာရှင်များအပြင် သာမန်အရပ်သားများသည်လည်း လွယ်လင့်တကူ သိရှိနိုင်သည့် ခိုင်မာ တိကျသော ပညတ်ချက်များ ဖြစ်သည်။

ထို့ကြောင့် ယင်းနှင့် ဆန့်ကျင်လျက် 'ကုဖွရ်'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဤသို့ ဖြစ်မည်။ တမန် တော်မြတ် ﷺ အနေနှင့် အကြင်ကိစ္စများကို တင်ပြရန် အရေးကြီးပြီး တိကျခိုင်မာစွာ တင်ပြထားသည်များ ကို ငြင်းဆန်ခြင်းသည် 'ကုဖွရ်'ဖြစ်မည်။

သို့ရှိရာ အကြင်သူသည် ဤကဲ့သို့သော သာသနာတော်၏ အဓိကကျသော အရာများတွင် မှားယွင်း စွာ အဓိပ္ပာယ်ကောက်ပြီး အမိန့်တော်များကို ပြောင်းလဲမည်ဆိုလျှင် ၎င်းသည် တမန်တော်မြတ် ﷺ ယူဆောင် လာသည်ကို ငြင်းဆန်ခြင်းသာ ဖြစ်မည်။

ယခုမျက်မှောက်ခေတ်တွင် "ကုဖွရ်"နှင့် "အီလ်ဟားဒ်"များ ပေါ်ပေါက်လာပုံ

ယခုခေတ် သမယတွင် တစ်ဖက်မှ ဒီနီးသာသနာရေးရာများနှင့် သာသနာ့ပညာတော်များနှင့် အလှမ်း ဝေး အသိမဲ့မှုများ၊ မေ့လျော့ပေါ့ဆမှုများသည် အဆုံးထိတိုင် ရောက်နေခဲ့လေပြီ။ အဘယ်ကြောင့်ဆိုသော် ခေတ်သစ်ပညာရှင်များပင်လျှင် သာသနာတော်၏ အရေးပါသော အချက်များကိုလည်း မသိကြတော့ပေ။ အခြားတစ်ဖက်တွင် ခေတ်သစ်သာသနာမဲ့ ပညာရပ်များ အကြင်ပညာရပ်များသည် ရုပ်ဝတ္ထုနောက်လိုက် ခြင်းပေါ်သာ မူတည်နေသည်။ ၎င်း၏ အကျိုးသက်ရောက်မှုများကြောင့်လည်းကောင်း၊ ထို့ထက် ပိုပြီး ဥရောပအရှေ့ပိုင်းအတွေးအခေါ် ပညာရပ်များ တွင်ကျယ်လာမှုသည်လည်းကောင်း၊ အစ္စလာမ်သာသနာ့

ပညာချက်တော်များနှင့် ပတ်သက်ပြီး စောဒကများ ပွားများစေခဲ့သည်။ စင်စစ်တွင် ထိုအရာများသည် အစ္စလာမ့်ယုံကြည်ချက်များနှင့် ပညတ်ချက်များ၊ ကုရ်အာန်ဟဒီးစ်၏ ပညာရပ်များနှင့် မည်သို့မျှ မသက်ဆိုင်ပေ။

၎င်းတို့ အစ္စလာမ်နှင့် ပတ်သက်သည့် အရာများကို သိကျွမ်းမှုအချို့ ရရှိသားသည်ဆိုလျှင်လည်း ဥရောပသားများ အစ္စလာမ့်ရန်သူများထံမှသာ ရရှိခဲ့သည်ဖြစ်မည်။ ဤကဲ့သို့သော လူများသည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များတွင် အမျိုးမျိုးလွဲမှားသော အဓိပ္ပာယ်ကောက်ယူမှုများ ပြု၍ အစ္စလာမ်တရားတော်၏ အများလက်ခံထားသော အမိန့်တော်များနှင့် ကုရ်အာန်၊ ဟဒီးစ်မှ သိရှိရသော အမိန့်ပညတ်ချက်များကို ပြောင်းလဲပြုပြင်ခြင်းကိုပင် အစ္စလာမ်သာသနာ့အကျိုးပြုနေသည်ဟု ထင်နေကြသည်။ ၎င်းတို့ကို ဤအရာများသည် ရှင်းလင်းသော 'ကုဖ္ဖရ်'ပြုမှုသာ ဖြစ်သည်ဟု ပြောဆိုလျှင် ၎င်းတို့က ကျော်ကြားပြီးဖြစ်သော ဥပဒေကို အမှီသဟဲပြုကြသည်။ ပြောဆိုကြသည်မှာ ကျွန်ုပ်တို့သည် ထိုအမိန့်တော်ကို ငြင်းဆိုနေကြခြင်း မဟုတ်ရုံသာမက ကျွန်ုပ်တို့ပုံစံတစ်မျိုးဖြင့် အဓိပ္ပာယ်ကောက်ယူခြင်းသာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အပေါ်တွင် 'ကုဖ္ဖရ်'ဟု မသတ်မှတ်နိုင်ပေ။

ဤအတွက်ကြောင့်ပင် ခေတ်ကာလ၏ လိုအပ်ချက်များကို ရှေးရှု၍ ကျွန်ုပ်၏ ဆရာသခင်ကြီး ဟွတ်ဂျသွလ်အစ္စလာမ် ဟဇရသ်မောင်လာနာစိုင်ယသ်မိုဟမ္မဒ်အန်ဝရ်ရှားဟ်ကရှ်မီရီ (ရဟ) က ဤခေါင်းစဉ်ကို သုံးသပ်လေ့လာနိုင်ရန်အတွက် သီးသန့်စာအုပ်တစ်စောင် ပြုစုထားပြီး ယင်း၏အမည်မှာ-

اكفار الملحدين والمتأولين فی شیئ من ضروريات الدين

ဖြစ်သည်။ ထိုစာအုပ်တွင် ခေတ်တိုင်းခေတ်တိုင်းရှိ 'မဇ်ဟဗ်'တိုင်း၏ ဖေကာဟ်ပညာရှင်များက ရှင်းလင်းစွာဖြင့် အတည်ပြုထားသည်မှာ သာသနာ၏ အဓိကကိစ္စရပ်များ၌ မည်သူတစ်ဦးတစ်ယောက်၏ 'သအ်ဝီလ်'လုပ်ခြင်းကိုမှ လက်ခံစရာမလိုပေ။ ၎င်းနောက် ဤ'သအ်ဝီးလ်'လုပ်ခြင်းသည် ထိုသူ့ကို ကာဖိရ်ဖြစ်ခြင်းမှ တားမြစ်နိုင်ခြင်း မရှိပေ။ ဤစာအုပ်သည် အာရဗီဘာသာဖြင့် ရေးသားဖြန့်ချီခဲ့ခြင်း ဖြစ်သည်။ သေးသိမ်သူ ကျွန်ုပ်သည် ထိုစာအုပ်၏ အနှစ်ချုပ်ကို 'ကုဖ်ရိအစ္စလာမ်ကုရ်အာန်ကီရောင်ရှ်နီမေး'ဟူသော အမည်ဖြင့် အူရ်ဒူဘာသာနှင့် ရေးသားဖြန့်ချီခဲ့သည်။ ၎င်းနောက် 'အဟ်ကာမေ့ကုရ်အာန်'ကျမ်း၊ အတွဲ-၅ ၌လည်း ထိုအရာ၏ အနှစ်ချုပ်ကို အာရဗီဘာသာဖြင့် ရှင်းလင်းခဲ့သည်။ ထိုအရာများကို ပြန်လည်ကြည့်ရှုနိုင်ပါသည်။ ဤနေရာ၌ ၎င်း၏ အနှစ်ချုပ်ကို ဟဇရသ်ရှားဟ်အဗ်ဒွလ်အဇီးဇ်မုဟက်ဒစ်ဒှေဟ်လဝီ (ရဟ) သခင်၏ ရေးသားဆင့်ပြန်မှုတစ်ခုပေါ်တွင်သာ အတိုချုံး၍ ရေးသားဖော်ပြမည်။

ဟဇရသ်ရှားဟ်အဗ်ဒွလ်အဇီးဇ် (ရဟ) သခင်က အမိန့်ရှိသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၌ **الحاد** ဟု ဖော်ပြထားသော ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များတွင် မှားယွင်းသော အဓိပ္ပာယ်ကောက် (သအ်ဝီးလ်) လုပ်ခြင်းသည် နှစ်မျိုးရှိသည်။

ပထမအမျိုးမှာ ကွင်းဆက်မပြတ် လာရှိထားသော ခိုင်မာသည့် အထောက်အထား (သို့) ခိုင်မာလှသည့် 'အိဂ်ျမာအ်'အဆိုနှင့် ဆန့်ကျင်နေသော မှားယွင်းသည့် 'သအ်ဝီးလ်' လုပ်ခြင်းဖြင့်မူ ဒွိဟသံသယမရှိ ကာဖိရ်ဖြစ်သည်။

ဒုတိယတစ်မျိုးမှာ ခိုင်မာမှုနီးပါးအဆင့်ရှိသော 'ဇွမ်နီ'အထောက်အထား (သို့) 'အိဂ်ျမာအ်အူရ်ဖီ' နှင့် ဆန့်ကျင်မှုဖြစ်နေသော မှားယွင်းသည့် 'သအ်ဝီလ်'လုပ်ခြင်းဖြင့်မူ လမ်းမှားခြင်းနှင့် 'ဖစ်က်'ဖြစ်မည်။ 'ကုဖွရ်'တော့ မဖြစ်ပေ။

ထို 'သအ်ဝီလ်'နှစ်မျိုးမှအပ အကြောင်ကုရ်အာန်နှင့် ဟဒီးစ်စာသားများ၌ အမျိုးမျိုးသော ထင်မြင်ယူဆချက်များ ရှိနေသောကြောင့် ပြုလုပ်ထားရသော ကျန်ရှိသည့် 'သအ်ဝီလ်'များသည် အွမ္မသ်ရှိ ဖေကာဟ်ပညာရှင်အများစု၏ 'အစ်ဂ်ျသေဟာဒ်'ပြုရသည့် နေရာများဖြစ်သည်။ အကြောင်အချက်ကို ဟဒီးစ်၌ အခြေအနေတိုင်းတွင် အကျိုးစဝါးမ်ရရှိမည့်အလုပ်ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။

اِنَّ الَّذِيْنَ كَفَرُوْا بِالذِّكْرِ لَمَّا جَآءَهُمْ وَ اِنَّهٗ لَكِتٰبٌ عَزِيْزٌ

لَّا يَاْتِيْهِ الْبَاطِلُ مِنْۢ بَيْنِ يَدَيْهِ وَلَا مِنْ خَلْفِهٖ

သဖ်စီးရ်ပညာရှင်အများစုက မိန့်ဆိုသည်မှာ ဤနေရာ၌ **ذكر** ၏ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်သည်။ ၎င်းနောက်

اِنَّ الَّذِيْنَ كَفَرُوْا بِالذِّكْرِ

ဟူသော ဝါကျသည် ကျော်လွန်ခဲ့သော ဝါကျဖြစ်သည့်

اِنَّ الَّذِيْنَ يُلْحِدُوْنَ

၏ **بدل** ဖြစ်သည်။ ထို့နောက် အာရဗီသဒ္ဒနည်းအရ **بدل** နှင့် **مبدل منه** သည် အဓိပ္ပာယ်တစ်ခုတည်းဖြစ်သည်။ ထို့ကြောင့် ၎င်း၏ အချုပ်မှာ ဤသူများသည် ငါအသျှင်မြတ်ထံမှ ပပျောက်ကွယ်သွားနိုင်ခြင်း မရှိ။ ထို့ကြောင့်ပင် 'အဇားဗ်'မှလည်း မလွတ်နိုင်ပေ။ ရှေ့တွင် ဆက်လက်၍ ကုရ်အာန်ကျမ်းတော်မြတ်ကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို တင်ပြထားသည်။

اِنَّهٗ لَكِتٰبٌ عَزِيْزٌ

ဆိုလိုသည်မှာ ဤကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် မွန်မြတ်၍ ဂုဏ်သိက္ခာရှိသော ကျမ်းဖြစ်သည်။ မည်သည့်မှားယွင်းမှုမှ ထိုကျမ်းတော်ထဲသို့ ဝင်ရောက်ရန် လမ်းမရှိပေ။ (ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည့်အတိုင်း ဖြစ်သည်။) *[မဇ္ဇဟရီကျမ်း]*

لَا يَاتِيهِ الْبَاطِلُ مِنْ بَيْنِ يَدَيْهِ وَلَا مِنْ خَلْفِهِ

ရှေ့ဆက်လက်၍ ထိုကျမ်းတော်မြတ်ကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို တင်ပြထားသည်။ ကသာဒါဟ် (ရဟ) သခင်နှင့် စုဒ္ဒီ (ရဟ) သခင်တို့က باطل ၏ အလိုသဘောမှာ ရှိုက်သွာန်ဖြစ်သည်ဟု အမိန့်ရှိထားသည်။

مِنْ بَيْنِ يَدَيْهِ وَلَا مِنْ خَلْفِهِ

ဆိုလိုသည်မှာ အရှေ့ဘက်မှလည်း လာနိုင်ခြင်းမရှိ။ အနောက်ဘက်မှလည်း လာနိုင်ခြင်းမရှိ။ ၎င်း၏ အလိုသဘောမှာ ဘက်အားလုံးကို ဆိုလိုခြင်းဖြစ်သည်။ အချုပ်ဆိုရလျှင် ရှိုက်သွာန်သည် ဤကျမ်းတော်မြတ်တွင်း၌ အပြောင်းအလဲ (သို့) အတိုးအလျှော့ပြုလုပ်မည့် မည်သည့်စီမံခန့်ခွဲမှုကိုမှ ဤကျမ်းတော်တွင် ထည့်သွင်းနိုင်မည်မဟုတ်ပေ။

သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ ထိုအချက်ကို ဆင့်ပြန်၍ အမိန့်ရှိသည်မှာ ဤနေရာ၌ ရှိုက်သွာန်ဟုဆိုရာတွင် 'ဂျင်န်'များထဲမှလည်း ဖြစ်နိုင်သကဲ့သို့ လူသားထဲကလည်း ဖြစ်နိုင်သည်။ မည်သူတစ်ဦးတစ်ယောက်မှ ကုရ်အာန်ကျမ်းတော်မြတ်ကို ပြောင်းလဲနိုင်ခြင်း မရှိပေ။ ပမာဆိုရသော် အချို့သော 'ရဝါဖစ်ဇ်' များက ကျမ်းတော်မြတ်ကုရ်အာန်တွင် (၁၀) ပါရာ၊ အချို့က သီးသန့်အာယသ်တော်များကို တိုးရန်အလိုရှိကြသော်လည်း မည်သူမျှ မအောင်မြင်နိုင်ခဲ့ပေ။

အဘူဟိုင်ယာန် (ရဟ) သခင်က မုဟီးသွ်ကျမ်းတွင် မိန့်ဆိုထားသည်မှာ باطل ဟူသော စာလုံးသည် မိမိ အဓိပ္ပာယ်ကို ဖော်ညွှန်းရာ၌ ရှိုက်သွာန်နှင့် သီးသန့်မဟုတ်ပေ။ باطل များယွင်းမှုဟူသရွေ့နှင့် مبطل များယွင်းစေသူဟူသရွေ့သည် ရှိုက်သွာန်ဘက်မှဖြစ်စေ၊ (သို့) အခြားမည်သည့်အရာဘက်မှမဆိုဖြစ်စေ ကျမ်းတော်မြတ်ကုရ်အာန်တွင် မသက်ရောက်နိုင်ပေ။ တစ်ဖန် သွဗ်ရီကျမ်းကို ကိုးကား၍ ဤအာယသ်တော်၏ အလိုသဘောကို ဤသို့ ဖွင့်ဆိုတင်ပြထားသည်မှာ မည်သည့် باطل အုပ်စုကိုမှ ရှေ့တင် ပေါ်လွင်စွာ ရပ်၍ ကျမ်းတော်မြတ်ကုရ်အာန်ကို ပြောင်းလဲမှုတစ်စုံတစ်ရာပြုရန် သတ္တိမရှိပေ။ သို့သာမက ၎င်းတို့တွင် နောက်မှ ပုံးကွယ်၍လည်း ကျမ်းတော်မြတ်၏ အလိုသဘောများကို ပြောင်းလဲ 'အိလ်ဟားဒ်'လုပ်ရန် သတ္တိမရှိပေ။

သွဗ်ရီကျမ်း၏ ဖွင့်ဆိုချက်သည် ဤနေရာ၌ အလွန်ပင် ကိုက်ညီမှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်ကုရ်အာန်တွင် 'အိလ်ဟားဒ်' ပြုပြောင်းလဲခြင်းသည် ပုံစံနှစ်မျိုး၌သာ ဖြစ်နိုင်သည်။

ပထမတစ်မျိုးမှာ باطل အုပ်စုသည် ပေါ်လွင်စွာ ကျမ်းတော်မြတ်ကုရ်အာန်အတွင်း မည်သို့ပင် အတိုးအလျှော့ ပြုလုပ်လိုသည်ကို مِنْ بَيْنِ يَدَيْهِ ဟူသော စာသားဖြင့် ဖော်ညွှန်းမိန့်ဆိုထားသည်။

ဒုတိယပုံစံမှာ ပုဂ္ဂိုလ်တစ်ဦးသည် အပေါ်ယံအဓိပ္ပာယ်ရှင်ဟု ကြွေးကြော်နေသော်လည်း တိတ်တခိုးများယွင်းစွာ အဓိပ္ပာယ် ကောက်ယူသော နည်းလမ်းဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အလိုသဘောများကို ပြောင်းလဲမှုပြုနေခဲ့ရာ ၎င်းကို مِنْ خَلْفِهِ ဟူသော စာသားဖြင့် ဖော်ညွှန်းထားသည်။

အချုပ်ဆိုရလျှင် ဤကျမ်းမြတ်သည် အလ္လာဟ် အသျှင်မြတ်ထံတော်ပါးတွင် ဤမျှ ဂုဏ်သိက္ခာရှိပြီး မြင့်မြတ်လှသည်မှာ ယင်း၏ စာသားများတွင်လည်း မည်သူမှ အပြောင်းအလဲ၊ အတိုးအလျှော့ ပြုနိုင်စွမ်း မရှိပေ။ ထို့ပြင် ကျမ်းတော်မြတ်၏ အဓိပ္ပာယ်များကို ပြောင်းလဲကာ ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များကို ပြောင်းလဲပစ်ရန်လည်း မည်သူမှ မငဲ့ရဲပေ။ မည်သည့် အခါတွင်မဆို ယုတ်ညံ့သော အောက်တန်းကျသူများက ထိုအရာကို ပြုရန် ရွယ်ခဲ့သည်ရှိသော် သေးသိမ်မှုနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ကျမ်းတော်မြတ်ကုရ်အာန်သည် ၎င်းတို့၏ ညစ်ညမ်းသော စီမံမှုများမှ အမြဲသန့်စင်ခဲ့သည်။ စာသားများတွင် မပြောင်းလဲနိုင်ခြင်းကိုမူ လူတိုင်း မြင်တွေ့ကြပြီး သဘောပေါက်နိုင်ကြသည်။ ဆိုလိုသည်မှာ နှစ်ပေါင်းတစ်ထောင့်လေးရာကျော်ကတည်းက လောကတစ်ခုလုံးက ဖတ်ရွတ်ခဲ့ကြသည်။ သိန်းပေါင်းများစွာသောသူတို့၏ နှလုံးသားအတွင်း ကျက်မှတ်ခဲ့ပြီး 'ဇဗရ်'၊ 'ဇေရ်' သရတစ်ခုမျှပင် မှားယွင်းသွားလျှင် ယင်း၏ အမှားကို ဖမ်းရန်၊ ထောက်ပြရန် အဘိုးအိုမှစ၍ ကလေးငယ်အထိ၊ အာလင်မ်များမှ အသင့်ဖြစ်သွားသည်။ ၎င်းနှင့် အတူ مِنْ خَلْفِهِ ဟူသော စာသားဖြင့် ညွှန်ပြလိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်ကို ထိန်းသိမ်းရန် အလ္လာဟ်အသျှင်မြတ်က တာဝန်ယူတော်မူထားသည်။

إِنَّا لَهُ لَحَافِظُونَ

သည် စာလုံးများနှင့်သာ သီးသန့် မဟုတ်ရုံသာမက ယင်းကျမ်းမြတ်၏ အလိုသဘောများကိုလည်း ထိန်းသိမ်းရန် အလ္လာဟ်အသျှင်မြတ်သာ တာဝန်ယူတော်မူထားပေသည်။ ထိုအသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်မြတ် ﷺ ၏ တိုက်ရိုက်တပည့်များဖြစ်သော ဆွဟာဗာသာဝကကြီးများ၏ အကြောင်းခံနှင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အနက်အဓိပ္ပာယ်များနှင့် ကျမ်းတော်မြတ်၏ အမိန့်ပညတ်တော်များကို ဤကဲ့သို့ ထိန်းသိမ်းပေးခဲ့သည်။ ဆိုလိုသည်မှာ မည်သည့်မွတ်စ္စလင်မ်သာသနာဒိဋ္ဌိများမှ ယင်းကျမ်းတွင် မှားယွင်းသော ပုံစံများဖြင့် အဓိပ္ပာယ်များ ကောက်ယူပြီး ပြောင်းလဲရန်ဆန္ဒပင်ပြုသည်ရှိသော် နေရာတိုင်း၊ ခေတ်တိုင်း၌ မြောက်မြားစွာသော ပညာရှင်များသည် ၎င်းတို့ကို တိုက်ဖျက်ရန် အသင့်ဖြစ်သွားကြသည်။ ထို့ပြင် ၎င်းတို့သည် ဆုံးရှုံးမှု၊ သေးသိမ်မှုနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ၎င်းနောက်အဓိကအချက်မှာ အာယသ်တော်ရှိ إِنَّا لَهُ لَحَافِظُونَ တွင် ပါရှိသော لَهُ ၌ပါ နမ်စားသည် ကျမ်းတော်မြတ်ကုရ်အာန်ကို ရည်ညွှန်းနေသည်။ ထို့ပြင် ကျမ်းတော်မြတ်ကုရ်အာန်ဟူသည် စာသားများကိုသာ ခေါ်ဆိုခြင်းမဟုတ်ဘဲ စာသားပါ အနက်အဓိပ္ပာယ်နှစ်မျိုးလုံး စုပေါင်းထားခြင်းကို ခေါ်ဆိုသည်။

အထက်ပါ အာယသ်တော်၏ အချုပ်ပြောဆိုလိုသည့် အချက်မှာ အကြင်သူများသည် အပေါ်ယံ မွတ်စ္စလင်မ်များဖြစ်သောကြောင့် ကျမ်းတော်မြတ်ကုရ်အာန်ကို ပေါ်လွင်စွာ လူသိထင်ရှား မငြင်းဆိုကြသော်လည်း ကျမ်းတော်မြတ်ကုရ်အာန်ရှိ အာယသ်တော်များကို မှားယွင်းစွာ အဓိပ္ပာယ်ကောက်ယူမှုဖြင့် အသုံးချကာ အလိုသဘောများကို ကျမ်းတော်မြတ်ကုရ်အာန်နှင့် ကိုယ်တော်မြတ် ﷺ ၏ ပြတ်ပြတ်သားသား ရှင်းပြထားသည့် အရာများနှင့် ဆန့်ကျင်၍ ဖွင့်ဆိုမှုပြုကြသည်။ ၎င်းတို့၏ ဤကဲ့သို့သော ပြောင်းလဲမှုဟူသရွေ့မှလည်း အလ္လာဟ်အသျှင်မြတ်က မိမိ၏ ကျမ်းတော်မြတ်ကို ထိန်းသိမ်းတော်မူခဲ့သည်။ ဤတွင် ထိုကြံ့စည့်ဖွင့်ဆိုမှုများသည် မည်သူ့ထံမှ အသုံးမဝင်ခဲ့ပေ။ ကျမ်းတော်မြတ်ကုရ်အာန်ဖြင့်လည်းကောင်း၊ ဟဒီးစ်တော်များနှင့် အခြားခိုင်မာသည့် အထောက်အထားများဖြင့်လည်းကောင်း အွမ္မသ်ရှိ အိုလမာ ပညာရှင်များက ၎င်းတို့၏ အယောင်ဆောင်ဖွဲ့ဆိုမှုများကို ထုတ်ဖော်ခဲ့သည်။ ထို့ပြင် ခိုင်မာသော ဟဒီးစ်တော်များမှ သိရှိရသည်မှာ 'ကေယာမသ်'နေ့ထိတိုင် မွတ်စ္စလင်မ်များ၏ 'ဂျမာအသ်'တစ်ခုသည် ဤသို့ ရပ်တည်ရှိနေမည်။ အကြင်မည်သူမဆို ပြောင်းလဲမှုပြုခဲ့ပါသော် ၎င်းတို့၏ ပြောင်းလဲမှုများကို ဖော်ထုတ်ကာ စစ်မှန်သော အလိုသဘောများကို ထုတ်ဖော်ပြသမည်။ ထို့ပြင် ၎င်းတို့သည် လောက၌ မိမိတို့၏ 'ကုဖွရ်' ပြုမှုကို မည်မျှပင် ဖုံးကွယ်ပါစေ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ကြံစည်မှုများကို အကြွင်းမဲ့ သိရှိတော်မူသည်ဖြစ်ရာ ၎င်းတို့ ပြစ်ဒဏ်ခံရရန်လည်း ဧကန်အမှန်ပင် ဖြစ်သည်။

ءَاَعْجَمِىٌّ وَّعَرَبِىٌّ

အာရဗ်ကမ္ဘာမှလွဲ၍ ကျန်ရှိလောက၌ရှိသော မည်သည့်မျိုးနွယ်ကိုမဆို 'အဂျမ်'ဟု ခေါ်ဆိုသည်။ ထို့ပြင် ယင်းစာလုံးအပေါ်၌ 'ဟမ်ဇာ'ကို တိုးကာ **اعجم** ဟု ဆိုလိုက်လျှင် ယင်း၏ အလိုသဘောမှာ နည်းဥပဒေမကျသော စာကို ခေါ်ဆိုသည်။ ထို့ကြောင့် **عجمى** ဆိုသည်မှာ အာရဗီမဟုတ်သူကို ခေါ်ဆိုပေသည်။ ၎င်းသည် နည်းဥပဒေကျစွာ စကားပြောဆိုလင့်ကစား **عجمى** သာ ဖြစ်မည်။ ထို့ပြင် **اعجمى** ဟူသည် နည်းဥပဒေကျစွာ စကားမပြောဆိုတတ်သူကို ခေါ်ဆိုသည်။ *[ကုရ်သုဗီးကျမ်း]*

အထက်ပါအာယသ်တော်တွင် **اَعجمى** ဟု မိန့်ဆိုထားရာ ယင်း၏ အလိုသဘောမှာ (အကယ်၍ ငါအသျှင်မြတ်သည် ကျမ်းတော်မြတ်ကုရ်အာန်ကို အာရဗီဘာသာမှအပ အခြားဘာသာစကားဖြင့် ချပေးခဲ့သည်ရှိသော် ကျမ်းတော်မြတ်ကုရ်အာန်၏ ပထမဆုံး ရည်ညွှန်းမိန့်ဆိုနေသူများ ဖြစ်သည့် ကိုရိုက်ရှ်များသည် 'ဤကျမ်းတော်ကို ကျွန်ုပ်တို့ သဘောမပေါက်ပေ'ဟု စောဒကတက်နိုင်သည်။ ထို့ပြင် အံ့ဩ၍ ပြောဆိုကြမည်မှာ 'နဗီက အာရဗီဖြစ်၍ ကျမ်းကမူ နည်းဥပဒေမပြည့်ဝသော 'အဂျ်မီ'ဘာသာဖြင့် ဖြစ်သည်) ဟု ဖြစ်သည်။

قُلْ هُوَ لِلَّذِيْنَ اٰمَنُوْا هُدًى وَّشِفَاءٌ

ဤတွင် ကျမ်းတော်မြတ်ကုရ်အာန်၏ ဂုဏ်ဒြပ်နှစ်ခုကို တင်ပြထားသည်။ တစ်ခုမှာ ထိုကျမ်းတော်သည် 'ဟေဒါယသ်'လမ်းညွှန်ပြသသော ကျမ်းတော်မြတ် ဖြစ်သည်။ ဘဝသက်တမ်း၏ ရှုထောင့်တိုင်း

အတွက် လူသားကို ဤကဲ့သို့သာ လမ်းညွှန်သည်မှာ ၎င်းအဖို့ အကျိုးအမြတ်သာလျှင် ရှိစေရမည်။ ဒုတိယ ဂုဏ်ရည်မှာ ယင်းသည် 'ရှေဖွာအ်'ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်သည် အတွင်းပိုင်းရောဂါများ ဖြစ်သော 'ကုဖွ်ရ်'၊ 'ရှုရစ်က်'၊ ကစ်ဘ်ရ်'(မာန)၊ 'ဟစက်ဒ်' (ဝန်တိုမှု)၊ လောဘရမ္မက်ကြီးခြင်း စသည် များအတွက် ဆေးဝါးတစ်လက်ဖြစ်ကြောင်းမှာ ပေါ်လွင်နေသည်။ အပြင်ပိုင်း၊ ပြင်ပခန္ဓာ ရောဂါများအတွက် ဆေးဝါးဖြစ်ခြင်းလည်း ယင်းထဲတွင် ပါဝင်လျက် ရှိသည်။ ပမာဆိုရသော် လက်တွေ့ပင် ဖြစ်သည်မှာ မြောက်မြားစွာသော ခန္ဓာရောဂါများကိုမူ ကျမ်းတော်မြတ်၏ ဒိုအာများဖြင့် ကုသမှုပြုပြီး အောင်မြင်နေ ကြသည်။

اُولٰٓئِكَ يُنَادَوْنَ مِنْ مَّكَانٍ بَعِيْدٍ

ဤသည် စကားနားလည်သူများအဖို့ သာဓကတစ်ခု ဖြစ်လေသည်။ အာရဗ်များသည် ထိုသို့ နားလည်သူကို

اَنْتَ تَسْمَعُ مِنْ قَرِيْبٍ

ဆိုလိုသည်မှာ 'အသင်သည် အနီးနားမှ ကြားနေရသူ ဖြစ်သည်' ဟု ခေါ်ဆိုကြပြီး၊
စကားနားမလည်သူကိုမူ

اَنْتَ تُنَادٰى مِنْ بَعِيْدٍ

ဆိုလိုသည်မှာ 'အသင်သည် အဝေးမှ အသံပေးခြင်း ခံနေရသည်' ဟု ဆိုကြသည်။

[ကုရ်သုဗီကျမ်း]

အလိုသဘောမှာ ဤသူများသည် စင်စစ်တွင် ကျမ်းတော်မြတ်ကုရ်အာန်၏ လမ်းညွှန်ချက်များကို နာခံရန်နှင့် သဘောပေါက်လိုစိတ် မရှိကြပေ။ ထို့ကြောင့် ပြောဆိုရလျှင် ၎င်းတို့၏ နားသည် ပင်းနေဟန် ရှိသည်။ ထို့ပြင် မျက်စိများသည်လည်း ကန်းနေလေသည်။ ၎င်းတို့အား 'ဟေဒါယသ်' ဆိုင်ရာ သင်ခန်းစာ များ သင်ပေးမှုသည် အလွန်ဝေးလံသော နေရာမှ လူတစ်ဦးကို ခေါ်ဆိုနေသည့်ပမာဖြစ်ရာ ၎င်း၏ နားအထိ အသံ မရောက်ရှိနေသကဲ့သို့ ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၄]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။''